www.dhammaransi.com

# ဒေဝဒတ်နှင့်အဇာတသတ်

ဒဂုန်ဦးဝန်းမွေ

www.dhammaransi.com


ဘာသာရေး ဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၁၁၃၅၆)

အဖုံးခွင့်ပြုချက် အမှတ် (၃၂၀)

ပထမအကြိမ်

၁၉၇၉-ဇူလိုင်လ

အုပ်ရေ-၂၅၀၀

တန်ဘိုး-၁၂ကျပ်

အဖုံးရိုက်-ကာလာမောင်ဝင်း

စာအုပ်ချုပ်-မျိုးမြန်မာ

ထုတ်ဝေသူ .... ဦးတင်မောင် ( ၀၂၂၃ ) ဝင်းမော်ဦး
စာပေ၊ အမှတ်-၅၀၁၊ ကုန်သည်လမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ .... ဦးခင်ငင်း (၀၁၄၁၅) သူရိန်ပုံနှိပ်တိုက်၊
အမှတ် ၁၃၊ ဝတ်ကျောင်းလမ်း၊
..ကျေ..၊ ရန်ကုန်မြို့။

www.dhammaransi.com

# ဒဂုန်ဦးစန်းငွေ

www.dhammaransi.com

# ဩချင်းချက်

ဤစာအုပ်သည် ပါဠိတော်အဋ္ဌကထာ ကျမ်းစာအတိုင်း အတိအကျ မဟုတ်ဘဲ အခြေခံအချက်အလက်များကိုသာယူ၍ ဇာတ်လမ်း ဇာတ်အိမ်ဖွဲ့၍ ရေးခြင်း မျှသာ ဖြစ်ပါသည်။

www.dhammaransi.com

# နိဒါန်း

*လူလိမ္မာနှင့် လူမိုက်ကိုတစုံ၊

*လူကောင်းနှင့် လူဆိုးကိုတစုံ၊

*သူတော်ကောင်းနှင့် သူယုတ်မာကိုတစုံ၊

ဤသို့ ဒွန်တွဲကာ တွဲကာ လူကို နှစ်မျိုးနှစ်စား၊ ကတ္တား ခြား၍ ဆိုလေ့ရှိကုန်၏။ လူလိမ္မာပိုင်းတွင် တောက်လျှောက် လိမ္မာလာသူပင် ဆိုစေဦးတော့။ ဘုရားပစ္စေကဗုဒ္ဓ၊ ရဟန္တာ၊ အရိယာ ပုဂ္ဂိုလ်ကြီးများမှတပါး ရာသက်ပန် သက်တမ်းကုန် ဆုံးသွားသည်အထိ လူလိမ္မာအဖြစ်ဖြင့် အရိုးထုပ်သွားလိမ့်မည် ဟု မဆိုနိုင်။ လူမိုက်ပိုင်းတွင်လည်း ထို့အတူပင်တည်း။ တသက် လုံး မိုက်ခဲကြီးဘဝနှင့် ဇာတ်သိမ်းသွားလိမ့်မည်ဟု ဆိုရန်ခက် ၏။ အကြောင်းမူကား ပုထုဇဉ်ဖြစ်သောကြောင့် ဖြစ်၏။

မှန်၏။ ပုထုဇနေ ဥမ္မတ္တကောဟုဆိုသည်တချက်၊ လူ့စိတ်ကို မျောက်စိတ်နှင့်နှိုင်း၍ ရောက်ရက်ခတ်ပြောင်းလဲတတ်သည်ဟုဆို

www.dhammaransi.com



သည့်တချက်။ ယင်းအချက်များကို ထောက်ခြင်းအားဖြင့် ပုထုဇဉ်တို့၏ စိတ်မှာ တည်ငြိမ်မှုမရှိကြောင်း ခုတမျိုး ခုတမျိုး အမျိုးမျိုးအပြောင်းအလဲ ရှိတတ်ကြောင်း ကောင်းစွာထင်ရှားပေသည်။

ယနေ့ လိမ္မာနေသော်လည်း မနက်ဖန်တွင် လူမိုက်ကြီးဖြစ်ချင် ဖြစ်သွားနိုင်သည်။ မနေ့ကမိုက်တုံး မိုက်ခဲကြီး ဖြစ်နေလင့်ကစား ယနေ့ လူလိမ္မာ ဖြစ်ချင်ဖြစ်လာနိုင်သည်။ ဤဖြစ်ရပ်မျိုးကို ရှေးဟောင်း ဇာတ်နိပါတ်တော်များတွင် များစွာပင် တွေ့နိုင်ပေ၏။ မုဒုလက္ခဏဇာတ်ကိုကြည့်လျှင် မနေ့ကကောင်းကင်ယံတွင် ဈာန်ပျံရသေ့ကြီး။ ယနေ့ကျသော် မြေကြီးပေါ်တွင် ဖခြေတင်လျက် ကျောင်းသို့အရောက် ခြေလျှင်လျှောက်၍ ပြန်ရပုံများ အထင်အရှားပင် ပါရှိချေသည်။

လူဆိုးကြီး အင်္ဂုလိမာလကို ကြည့်ပြန်လျှင်လည်း မနေ့ကလူသတ်သမား။ ဓားကြီးတဝင့်ဝင့်နှင့် ယနေ့ဘုရားနှင့် တွေ့သောအခါ ရဟန္တာဖြစ်၍ တဝင်းဝင်း။ ဤသို့သော ပြောင်းလဲပုံတို့သည် များစွာရှိကုန်၏။

ဤ၌ဆိုလိုသည်ကားအဇာတသတ်နှင့်ဒေဝဒတ်၏အကြောင်းဖြစ်၏။ ပုထုဇဉ်တို့၏ သဘာဝအရ သူတို့၌လည်း အပြောင်းအလဲရှိပုံများကိုတွေ့ရ၏။ "**ဒေဝဒတ်**"အနေဖြင့်ဘုရားသခင်ကို လုပ်ကြံရန် အမျိုးမျိုး ကြံစည်အားထုတ်ခဲ့ပုံ။ "**အဇာတသတ်**" မင်းမှာလည်း ခမည်းတော်ကြီး အရင်းခေါက်ခေါက် ကိုပင် အသက်ပျောက်သွားသည်အထိ လုပ်ကြံ သတ်ဖြတ်ပစ်လိုက်သည့် သာတက၊ ဘုရားသခင်ကို လုပ်ကြံရာတွင်လည်း ဒေဝဒတ်နှင့်ကြံ

www.dhammaransi.com

# နိဒါန်း

ရာပါ ဖြစ်ခဲ့ပုံတို့မှာ ကမ္ဘာတုန် ကမ်းကုန်အောင် မိုက်တွင်းနက်လှသော လူမိုက်ကြီးများပင်တည်း။

သို့သော် သူတို့၏စိတ်မိုက် စိတ်ရိုင်းများသည် သေသည်အထိ ပါမသွားချေ။ ဘဝစက္ကန့်တွင် အပြောင်းအလဲများတွေ့လာရ၏။ ဒေဝဒတ်သည် သေအန်၍ သေအံ့ဆဲဆဲတွင် စိတ်ဓာတ်ပြောင်းလဲသွား၏။ "ငါ့ကို ဗုဒ္ဓထံ လိုက်ပို့ပေးကြစမ်း"ဟု ဆိုလေပြီ။တပည့်များက–

"ဗုဒ္ဓကို ဆန့်ကျင်လာခဲ့သူဖြစ်လျှက် ဘောက်မဲ့ ကြောင့် သွားမည်နည်း မသွားအပ်"ဟု ပို့ပေးရန် ငြင်းဆန်နေကုန်၏။

ထိုအခါ "ငါကသာ ဗုဒ္ဓကိုဆန့်ကျင်သည်။ ဗုဒ္ဓကငါ့ကိုဆန့်ကျင်သည်မဟုတ်။ ဗုဒ္ဓသည် ငါနှင့်တကွ သူခပ်သိမ်းတို့အပေါ်တွင် ရာဟုလာနှင့်မခြား သဘောထားတော်မူသည်။ ဗုဒ္ဓထံရောက်အောင်သာငါ့ကိုပို့ပေးကြဟု"အတင်းပို့ခိုင်းလေသည်။

ဤသည်ကား ဗုဒ္ဓအပေါ်၌ စိတ်ကောင်း စိတ်ဓာတ်များပြောင်းလဲလာသော ဒေဝဒတ်၏ဘဝဇာတ်သိမ်း နောက်ဆုံးကျူးရင့်သွားသည့် အမြင်မှန်ရ ဥဒါန်းသံပင်တည်း။

အဇာတသတ်မှာလည်း ထိုနည်းရင်းပင်တည်း။ ဒေဝဒတ်ကိုမြေမျိုသွားကြောင်း သိရသည်နှင့် တပြိုက်နက် ချက်ချင်းပင်အရှင်လတ်လတ် ငရဲကျရတော့မလောက် တုန်လှုပ်ချောက်ချားသွားလေသည်။

ဤသည်ကအစ စိတ်ဓာတ်များ ပြောင်းလဲကာ ဇီဝက၏အကူအညီကိုယူ၍ ဘုရားသခင်ထံ ဆည်းကပ်လေသည်။ နောက်ပိုင်းတွင် သာသနာ့ဒါယကာ မင်းတရားကြီး ဖြစ်လာသတည်း။

www.dhammaransi.com

# နိဒါန်း

ယင်း ဒေဝဒတ်နှင့် အဇာတသတ်တို့၏ အတ္ထုပ္ပတ္တိများမှာ ပိဋကတော်ထဲတွင် နေရာအနှံ့အပြား၌ပင် ရှိချေ၏။ ယင်းတို့၏ ဖြစ်ရပ် အတ္ထုပ္ပတ်များကို ငုံမိသလောက် ခြုံငုံစုစည်း၍ တင်ပြ ထားရာတွင် သူတို့၏ စိတ်နေစိတ်ထားနှင့် သူတို့၏ လှုပ်ရှားမှု ဘဝသရုပ်များ ရုပ်လုံးပေါ်စေရန် ရုပ်ရှင်ဝတ္ထုဇာတ်ညွှန်းဆန် ဆန် သရုပ်ဖေါ်ထားသည် ဖြစ်သောကြောင့် နိဿယ ဘာသာ ပြန် ရှုဒေါင့်မျိုးမှ မကြည့်ဘဲ ဝတ္ထုရှုဒေါင့်အနေဖြင့်သာ ရှု စားကြရာသည်။

ဤသို့ ရုပ်လုံးပေါ်အောင် ပုံဖေါ်ယူရာ၌ "**မှာန်လည်ဆရာ တော် ဘုရားကြီးသည်** မင်းကုသ ဇာတ်၊ ပဒုမဇာတ်၊ **အသဒိသ** ဇာတ်"စသည်တို့၌ခေတ်သုံးစကားဖြင့်အများနားလည်လွယ်စေ ရန် ဇာတ်ကောင်များ၏ စိတ်နေသဘောထားနှင့် ဘဝသရုပ် လှုပ်ရှားမှုများ ပေါ်လွင်အောင် ပုံဖေါ်သွားပုံ များကိုလည်း ကောင်း "စလေဦးပုည"သည်လည်းအဋ္ဌကနိပါတ် ဂင်္ဂမာလ ဇာတ်ကို အခြေခံလျက်"ရေသည့်ပြဇာတ်"ဟူသော အမည်ဖြင့် ရေးသားရာတွင် ဆင်းရဲသား လင်မယားတို့၏ မည်မျှဆင်းရဲ ကြောင်း သရုပ်ပေါ်အောင် ဖေါ်သွားပုံကို လည်းကောင်း မှီ ငြမ်းပြု၍ တင်ပြထားခြင်း ဖြစ်သဖြင့် အထက်၌ဆိုခဲ့သောအတိုင်း ဤ"**အဇာတသတ်-ဒေဝဒတ်**"တို့၏ ဖြစ်ရပ်ကို နိဿယရှုဒေါင့် ပါဠိရာပါဠိဆယ်ရှုဒေါင့် ဓမ္မပဒရှုဒေါင့်မှ မကြည့်ဘဲ ရာဇဝင် ဝတ္ထုရှုဒေါင့်မှ ကြည့်ရှုကြပါရန် မေတ္တာရပ်ခံ အပ်ပါသတည်း။

**ဒဂုန်ဦးစန်းငွေ**

၃-၈-၇၈

www.dhammaransi.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြေ–သူခိုး–လူဆိုး–သောင်းကျန်းသူများသည် ကမ္ဘာနှင့် မကင်းရာမကင်းကြောင်း ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် လူရှိလျှင် မြေရှိမည်၊ သူခိုးရှိမည်၊ သောင်းကျန်းသူ ရှိမည်ဟု ဆိုနိုင်သည်၊ ဆိုရမည်ပင်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်....ဤခေတ် ဤအချိန် ဤအခါသမယတွင် မြေ သူခိုး၊ လူဆိုး၊ သောင်းကျန်းသူများ ရှိနေသကဲ့သို့ပင်၊ ထိုခေတ် ထိုအချိန် ထိုအခါ သမယတွေ တုန်းကလည်း၊ မြေရှိခဲ့သောကြောင့်....၊ သူခိုးရှိခဲ့သောကြောင့်....၊ လူဆိုးများ သောင်းကျန်းခဲ့သောကြောင့် ဖြစ်လေသည်။ ကမ္ဘာသက်နှင့် တွက်၍ ပြောရသော် ကမ္ဘာအဆက်ဆက်၊ ခေတ်အဆက်ဆက်၊ မည်သည့်ကမ္ဘာ၊ မည်သည့်အခါ၊ မည်သည့်ခေတ်တွင်မှ မြေ၊ သူခိုး၊ လူဆိုး၊ သောင်းကျန်းသူများနှင့် ကင်းသည်ဟူ၍မရှိခဲ့။

www.dhammaransi.com



လူဆိုးနှင့်ခေတ်–ခေတ်နှင့်လူဆိုးကား မရိုးနိုင်အောင်ပင် အမြဲတစေ၊ လုံးထွေးလျက် ရှိချေသည်တကား။

ဤသူကား ဓမြလော၊ သူခိုးလော၊ လူဆိုးလော၊ သောင်းကျန်းသူလော၊ သူ့ခေါင်းပေါ်တွင် အထုပ်ကြီးတထုပ်ကိုမနိုင်မနင်းရွက်ကာ ရှေ့တူရူသို့ သူလာနေပါ၏။ နေရာကား တောအုပ်ကြီးတခုအတွင်းမှာ ဖြစ်လေသည်။

သူသည် အထုပ်ကြီးကို မနိုင်မနင်း ခေါင်းပေါ်တွင် ရွက်လျက် လျှောက်လာရင်းမှ လမ်းဘေးသို့ စောင်းကြည့်လိုက်သည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးက သူ့ကို လက်ယပ် ခေါ်ဘိသကဲ့သို့ ထင်လာသည်။ ထို့ကြောင့် သူသည် အထုပ်ကြီးရွက်လျက် ထိုသစ်ပင်ကြီးအောက်သို့ အရောက်သွားပြီးနောက်၊ သူ့ခေါင်းပေါ်က အထုပ်ကြီးကိုချလိုက်ပြီး၊ မောလေဟန်ဖြင့် နားရင်း မျက်နှာမှ ချွေးများကို သုတ်နေသည်။

ထို့နောက် သူသည် လူသူလေးပါးရှိမရှိ၊ ပတ်ဝန်းကျင်ကို မျက်စိဖြင့် ဝေ့ကာဝေ့ကာ ကြည့်လိုက်ပြီးမှ သူ့အထုပ်ကြီးကို ဖြေလိုက်သည်။ သူ့မျက်လုံးများပင် ပြူးသွားသလားဟု ထင်ရသည်။ သူသည် ပါလာသော ပစ္စည်းများကို ငုံ့ပြီးစိုက်၍ ကြည့်ရင်းမှ လန့်လာသည်။ မျက်လုံးများ ပြူးသည်ထက်ပြူးလာသည်။

တောကြီးမျက်မဲထဲဝယ် တယောက်တည်း ဤသို့ တုန်လှုပ်ချောက်ချား စိတ်ကစားနေရက်က သူသည် တုန်ရီသောလက်ဖြင့် ပစ္စည်းတခုကို ကောက်ယူပြီး မျက်စိရှေ့တွင် တေ့လိုက်၏။

www.dhammaransi.com


ထိုပစ္စည်းကား မင်းညီမင်းသားများ ဆင်မြန်းသည့် ရှေ့စလွယ်ကြီး ဖြစ်လေရာ သူသည် ဝမ်းမသာနိုင်သည့်အပြင် လှိုက်လှိုက်လှဲလှဲ ဝမ်းနဲလာသည်။ နောက်တခု ယူကြည့်လိုက်သောအခါ ပတ္တမြား ဥသျှောက်ကျင်၊ နောက်တခု ယူကြည့်လိုက်ပြန်သောအခါ ကိုးမျက်နဝရတ်၊ တလျှပ်လျှပ် မျက်တောင် ခတ်နေသော လက်စွပ်ကြီး။

သူယူဆောင်လာသော ပစ္စည်းများကား ဆင်းရဲသားသုံး ပစ္စည်းများ မဟုတ်လေဘဲ၊ မင်းညီမင်းသားများသာ ဝတ်ဆင်လေ့ရှိသော အဆင်တန်ဆာ အဘိုးထိုက်ရတနာများ ဖြစ်လေသည်။ သူသည် ထိုမင်းဝတ်တန်ဆာ မင်းဘဏ္ဍာ ရတနာများကို မကြည့်ရဲလေဟန်ဖြင့် ပြန်၍ အဝတ်ဖြင့် ဖုံးလိုက်ပြီးနောက် သစ်ပင်အောက်တွင် တယောက်တည်း ထိုင်မှိုင်၍ စဉ်းစားလေသတည်း။

'ဤကိုယ်တော်ကလေးတို့ကား သာကီဝင်မင်းမျိုးမှ ဖွားသော မင်းညီမင်းသားများ ဖြစ်ကြ၏။ သာကီဝင်တံခွန်ထူလျှက် အမျိုးမာန် တလူလူလွင့်ကာ စင့်ဝါကြကုန်၏။ ကြမ်းကြုတ်ခက်ထန်၊ အမျက်စောင်းမာန်ကြီးကြကုန်၏။

ဤဆတ္တာသည်ကား မင်းသားများ၏ အစေအပါး ကျေးကျွန်သာတကား။ ဤဆတ္တာသည် သည်မင်းသားများကိုသတ်၍ ဆင်အပ်သော ဤတန်ဆာများကို ယူဆောင်လာခြင်းဖြစ်မည်။ ဤသူကား ခိုးသူတည်း။ ခိုးသူကို မထားအပ်စကောင်း။ သတ်ပစ်မှတော်မည်ဟူ

www.dhammaransi.com



၍ ငါ့ကို လူတို့သတ်ကုန်ရာ၏။ စည်းစိမ်ချမ်းသာ ကြီးကျယ်စွာသော သာကီဝင် မင်းသားတို့ သော်မှလည်း ရဟန်းဖြစ်ခြင်းကို အလိုရှိကုန်တု သေးလျှင် ကျေးကျွန်မျှသာဖြစ်သော ငါ့အနေဖြင့် အဘယ့်ကြောင့် ရဟန်း မပြုနိုင် ရှိရအံ့နည်း။ ငါသည်လည်း သူတို့နှင့်အတူလိုက်၍ ရဟန်းပြုအံ့....'

ဤသို့ အကြံဖြစ်သူကား မြေလည်း မဟုတ်ပါ၊ သူခိုးလည်း မဟုတ်ပါ၊ လူဆိုး သောင်းကျန်းသူလည်း မဟုတ်ပါ။သာကီဝင်မင်းသားတို့၏ လက်ပါးစေ၊ အိမ်တော်ကျွန် ဖြစ်သတည်း။ သူ၏အမည်မှာ ဥပါလိဟု ခေါ်တွင်လေသတည်း။

ဆတ္တာသည် ဥပါလိသည် တယောက်တည်း အဘယ့်ကြောင့် ဤတောအုပ်ကြီးထဲ ရောက်နေလေသနည်း။ ထို့ပြင် သာကီဝင်မင်းသား ဆိုသူတို့ကား အဘယ်မည်သော မင်းသားများ ဖြစ်ကုန်လေသနည်း။ အရေအတွက်အားဖြင့် မည်မျှရှိလေသနည်း။

ထိုအချိန်ကား ခတ္တိယနွယ်ဘွား သာကီဝင် မင်းမျိုးတို့ဘုန်းတန်ခိုး လျှမ်းလျှမ်းတောက်လျှက်၊ အထွတ်အထိပ် ရောက်နေချိန် ဖြစ်လေသည့်အလျောက်၊ ဤမင်းသားများသည်လည်း သာကီဝင်မျိုးတွင် လျှမ်းလျှမ်းတောက် တန်ခိုးထွားသည့်မင်းသားများ ဖြစ်လေသည်။

(၁) အနုရုဒ္ဓါမင်းသား
(၂) အာနန္ဒါမင်းသား
(၃) ဒေဝဒတ်မင်းသား

www.dhammaransi.com



(၄) ဘဒ္ဒိယမင်းသား
(၅) ကိမိလမင်းသား
(၆) ဘဂုမင်းသား

ဤမင်းသား ခြောက်ယောက် တို့သည် သိဒ္ဓတ္ထ မင်းသား ရဟန်းပြုရန် တောထွက်သွား ပြီးသည့်နောက် သာကီဝင် မင်းမျိုးထည်းမှ ဒုတိယမြောက် တောထွက်သွား ကြသည့် မင်းသားများ ဖြစ်လေသည်။

သို့သော် သူတို့ကား သိဒ္ဓတ္ထမင်းသား ကဲ့သို့ မိမိဆန္ဒ၊ မိမိ သဘောအရဖြင့် သံဝေဂရ၍ တောထွက်ကြသည် မဟုတ်ကုန်။ တစုံတယောက်၏ တိုက်တွန်းခြင်း ပယောဂအရ တောထွက်လာ ကြခြင်းဖြစ်၏။

သူတို့ တောထွက်လာခြင်း၏ ရင်းမြစ်မှာ သုဒ္ဓေါဒန မင်း ကြီးက စသတည်း။ သုဒ္ဓေါဒန မင်းကြီးသည် မိမိသားတော် သိဒ္ဓတ္ထမင်းသား ရဟန်းပြုမှု၊ ဘုရားဖြစ်မှုကို စိုးစဉ်းမျှပင် မရှု ဆိတ်နိုင်ခဲ့ချေ။ အလောင်းမင်းသားကို ဖွားမြင်တော်မူသည့် နေ့တွင် ပုဏ္ဏားက တချောင်းတည်းသော လက်ညှိုးကို ထောင် လျက် 'အရှင်မင်းကြီး၏ သားတော်ကား ဘုရားစင်စစ် ဧကန် ဖြစ်မည့် သားတော်ပါဘုရား' ဟူ၍ ဟောကိန်းထုတ်လိုက်ပြီး သည့်နောက် သားတော် သိဒ္ဓတ္ထမင်းသား အရွယ်ရောက်လာ သောအခါတွင် သားတော် တောထွက်သွားမည် စိုးသော ကြောင့် ရဟန်း၏အရိပ်အရောင်မျှကိုပင် မမြင်ရ လေအောင် တင်းကြပ်စွာ မင်းအာဏာဖြင့် ပညတ်ခဲ့သည် မဟုတ်ပါလော။

www.dhammaransi.com



သို့သော် မိမိ၏ဟန့်တားချက်မှာ အချီးနှီးသာ ဖြစ်ခဲ့ပြီး၊ သားတော်တော်ထွက်၍ ရဟန်းပြုသွားရာမှ ဘုရားအဖြစ်သို့ ရောက်ရှိပြီး ယခုကဲ့သို့ နေပြည်တော်သို့ တခါတခေါက် ပြန်လည် ဆိုက်တော်မူလာသော အခါတွင်ကား အတိုင်းမသိပင် အားရ ဝမ်းမြောက်ခြင်း ဖြစ်လျှက်ကတဖက်တွင်မူ အားမလို အားမရစိတ်များ ဖြစ်ပေါ်လာ၏။ ဘုရားနှင့်အတူ ပါလာသော ရဟန်းတော်များကို မြင်ရလေလေ မင်းကြီး၏ စိတ်ထဲ၌ မချင့်မရဲကြီး ဖြစ်လာလေလေ ဖြစ်နေလေသည်။

အဘယ့်ကြောင့်ဆိုသော် သားဘုရား၏ နောက်ပါအခြံအရံ သံဃာတော်များ ထဲတွင် သာကီနွယ်ဘွား ရဟန်းတပါး တလေကိုမျှ မတွေ့ရလေသောကြောင့် စိတ်ထဲမှာ မချမ်းမသာ ဖြစ်လာလျှက်က ဤသို့တွေးမိလာသည်။

(၁) ငါ၏အမျိုးကား မည်သည့်အမျိုးနှင့်မျှ ရောစပ်ခြင်းမရှိ။ အလွန်သန့်စင်ဘိသော အသမ္ဘိန္န ခတ္တိယ မင်းမျိုး ဖြစ်ချေသည်။ ဖြစ်သင့်သည်မှာ သာကီနွယ်ဘွားဖြစ်သော ငါ့သား ဘုရား၏ အပါးတော်တွင် အသမ္ဘိန္န ခတ္တိယနွယ်ဘွား သာကီဝင် ရဟန်းများသာ ခြံရံနေသင့်သည်။ သို့ပါလျှက်လည်း ယခုငါမြင်တွေ့ နေရသည်ကား မည်သည့် အမျိုးဇာတ် ဟူ၍ မခြား တတ်သော ရဟန်းမျိုးစုံ တို့သာ ဝိုင်းအုံလျှက် ခြံရံနေဘိသည်တကား။

ဤသို့တွေးတောကာ သုဒ္ဓေါဒနမင်းကြီးသည် သားဘုရား၏အပါးတွင် သာကီဝင် ရဟန်းတပါးမျှ မရှိသည့် အတွက်

www.dhammaransi.com



စိတ်လက်မဖြောင့် ကသိကအောင့် ဖြစ်နေ၏။ အတွေးစိတ်သည် မင်းကြီးအား အဆွေးရိပ်ဘက်သို့သာ လိပ်၍လိပ်၍ဆွဲငင်လျက်ရှိနေ၏။ သားဘုရား အပေါ်၌ဖြစ်သော မိဘ၏ ချစ်ခြင်းမေတ္တာ အဟုန်ဖြင့် တဟုန်ဟုန် ပူလောင်လာ၏။

(၂) 'ငါ့သားတော် ဘုရား၏ ခန္ဓာပဥ္စက ဒြပ်ဟု ဆိုအပ်သော ကိုယ်ကာယ သည်လည်း သွေးသားနှင့် တည်ဆောက်ထားသော ခန္ဓာအိမ် အဆောက်အဉီသာ ဖြစ်ချေ၏။ သွေးသား ဟူသည်ကား အနာရောဂါကို ပွားစေတတ်၏။ ရောဂါ၏ တည်ရာဖြစ်၏။ အကယ်၍ များမတော်တဆ ငါ့သား ဘုရား မကျန်းမမာ ဖြစ်ခဲ့သော် အဘယ်သူသည် ကိုယ်ဖိ ရင်ဖိ ပြုစုလေမည်နည်း။ ထိုသို့ မကျန်းမမာဖြစ်လာသည့် အခါမျိုးတွင် တယုတယ ပြုစုကြမည့် သူဆိုသည်မှာ မိဘနှင့် ဆွေမျိုးပေါက်ဖော်များသာ ဖြစ်လေသည်။ ငါ့သား ဘုရားထံ၌ ဆွေမျိုးရင်းချာ ညာတကာဆို၍ တယောက်မျှ မရှိခဲ့တကား။

သုဒ္ဓေါဒန မင်းကြီးအား မင်းကြီးနှယ် ပူပန်စရာ မရှိ ကြံကြံဖန်ဖန် ပူတတ်ရန်ကော ဟူ၍ ဆိုကောင်း ဆိုကြမည် ဖြစ်သော်လည်း မင်းကြီး အဖြစ်ကား ကြံစည်၍ ဖြစ်သော ပူပန်ခြင်းမျိုး မဟုတ်လေဘဲ နှလုံးသည်းပွတ်ထည်းက ပွတ်၍ ထွက်လာသော ပူပန်ခြင်းစစ်စစ်ဖြစ်၏။ သားဘုရား ကျန်းမာရေးအတွက် ဆွေးတသက်သက် ပူပန်ရသည့်ကြားက အခြားအခြားသော ပူပန်ဘွယ်၊ စိုးရိမ်ဘွယ်၊ ကြောင့်ကြဘွယ်များက

www.dhammaransi.com


သုဓမ္မာဒါနမင်းကြီး နှလုံးတိုက်သို့ ဦးခိုက်လျက် ဆိုက်ရောက်လာပြန် ကုန်လေ၏။

'လောကသည် လူကောင်း သူကောင်း ချည်းသာ စု၍ နေသော လောက မဟုတ်။ လူဆိုး လူကောင်း ရောပြွမ်းနေသော ဗလချီးနမ်း လောကဖြစ်၏။ ကိုယ့်ကိုချစ်သူရှိသကဲ့သို့ပင် မုန်းသူများလည်း ရှိချေ၏။

ယခု အချိန်ကား ဇာတိဝါဒ လူမျိုးရေး အရလည်းကောင်း၊ အယူဝါဒ ဘာသာရေး အရ လည်းကောင်း တဖက်စွန်းရောက်အယူသည်းနေသူများရှိကုန်၏။ သားဘုရား၏ တရားတော်သည် လည်းကောင်း၊ အယူဝါဒသည်လည်းကောင်း၊ အဘယ်မျှပင် ကောင်းစေကာမူလည်း ထိုသူတို့အနေအားဖြင့် မည်သည့်နည်းနှင့်မျှ လက်ခံနိုင်ကြမည်မဟုတ်၊ လက်ခံနိုင်ရုံ ဆိုလျှင်ကား တော်သေး၏။ သူတို့ကား အမျိုး ဇာတ်ချင်း မတူလျှင်၊ အယူဝါဒချင်း မတူလျှင် ရန်သူသဖွယ်သ ဘောထားတတ်ကြကုန်၏။

အကယ်၍ များမဆိုစကောင်းငါ့သား ဘုရားအား မလိုလားသူများက ငါ့သားဘုရား၏ အယူဝါဒကိုမနှစ်ချိုက်သူဆန့်ကျင်ဘက်ဂိုဏ်းသားများက ငါ့သားဘုရားအား လုပ်ကြံရန် ကိုယ်တိုင်သော်သည်းကောင်း၊ အသပြာပေး၍ သော်လည်းကောင်း ရဟန်းအသွင်ကိုဆောင်လျက် သံဃာတွင်းစာရင်းသွင်းကာ 'လူသတ်ကောင်သူလျှိုများ' ဝင်ရောက်လာခဲ့သော် ယခုအခါတွင် ကိုယ်

www.dhammaransi.com



တိုင်လည်း လက်နက်ကိုင်ဆောင်ခြင်းမရှိသော ငါ့သား တော် အနီး အပါးတွင် စောင့်ကြည့်မည့်သူ ဆို၍လည်း တယောက်မျှမရှိသော ငါ့သားတော်ခမျာမှာမသမာသူ တို့၏ လက်ချက်ဖြင့်အချိန်မရွေးပျက်စီးရှာလေအံ့။ ငါသည် ငါ့သားဘုရား အန္တရာယ်ကင်းရေးအတွက် သက်တော် စောင့်တပ်များ ချထားပေးသင့်၏။

သို့သော်....ငါ့သားတော်ကား လူဝတ်ကြောင်တပ် များ ချထားမှုကို လိုလားမည်မဟုတ်။ လက်ခံလိမ့်မည် မဟုတ်။ ကိုယ့်သွေးရင်း သားရင်း သာကီဝင်မင်းသား များ ရဟန်းပြုစေပြီး သားဘုရားအပါး၌ ထားရသော် လုပ်ကြံလိုသူများ ရှိစေဦးတော့ သား ဘုရားအပါး တွင် သာကီရဟန်းများ ရှိနေခြင်းကြောင့် ရန်သူများ ချဉ်းကပ် ဝံ့ကြမည်မဟုတ်။ သားဘုရား၏ အသက် အန္တရာယ်ကို အလျှင်စလို ငါကာကွယ်မှ ဖြစ်ပေတော့ မည်တကား''

သုဒ္ဓေါဒနမင်းကြီးသည် ကပ္ပိလဝတ် နေပြည်တော်သို့ သားဘုရား ကြွရောက်လာသောညတွင် ခြသေ့ရုပ်ခံသော သ လွန်ပျံ့ညောင်စောင်းတွင် စက်လျောင်းရင်းမှ သားဘုရား၏ နောင်ရေးကို တွေးတော ပူပန်မိလေသောကြောင့် စိတ်လက် မကြည် မအိမသာ ဖြစ်နေရှာသတည်း။

ထိုအချိန်တွင် သူ၏ ရင်နှစ်သည်းချာ သားဘုရားမှာသာကီ ဝင် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏ ကောင်းမှု ဖြစ်သော နိဂြောဓာရုံကျောင်းတော်၌ကိန်းအောင်းမွေ့လျော်

www.dhammaransi.com


ကျိန်းစက်ပျော်လျှက် ရှိနေပြီး၊ ရဟန်းတော်များမှာလည်း ခရီးကပန်းသနှင့် နှစ်ချိုက်စွာ ကျိန်းစက်လျှက် ရှိနေကုန်၏။ ကပ္ပိလဝတ်နေပြည်တော်ကား၊ ဘုရားသခင် ကြွရောက်မူလာသည့် ထိုနေ့ညတွင် ဆိမ်မီးရောင်ရိုန်တို့ဖြင့် တမြို့လုံး ထိန်နေ၏။

သာကီဝင် မျိုးတို့ကား ထိုညအဘို့ နတ်မြို့ကဲ့သို့ သာယာလှသော မင်းနေပြည် ရှုခင်းအောက်တွင် အချို့က ဘုရားသခင်ကြွလာတော်မူပုံကိုငင်း၊ ဝေသန္တရာ ဇာတ်တော်ကြီးကို ဟောတော်မူသောအခါ ပေါက္ခရဝဿ မည်သော မိုးကြီးသည်းထန်စွာ ရွာချဲြောသော်လည်း စိုလိုသူများသာ မိုးစို၍ မစိုလိုသူများအား မိုးရေမစိုဘဲ ရှောင်ကွင်းသွားပုံများကိုငင်း။ တအံ့တသြ ပြောဆိုနေကြကုန်၏။

စကားတွတ်တွတ် နှုတ်မှရွတ်ဆိုခြင်း မပြုသော်လည်း စက်တော်ခေါ် မပျော်သူတို့အထဲတွင် ဗိမ္ဗာဒွေးလှာ် မယ်ယသော်လည်း တယောက်အပါအဝင်ဖြစ်၏။ မယ်ယသော်သည် စက်မပျော်ဘဲ သလွန်ထက်တွင် သားတော် ရာဟုလာနှင့် အတူမျက်လုံးကလေး ကြောင်တက်တက်နှင့် ရှိနေရှာ၏။ "စိမ်းကားတော် မူလချည့်လား မောင်ဘုရားငယ်၊ တကယ်ဆို ယသော် ကိုမြတ်နိုးတော်မမူဘူး ဆိုဦးတော့၊ မောင်ဘုရားမျက်ရှု မောင်ရာဟုကလေးကိုတော့ အပန်းဖြေ ရှုစားတော်မူလာသင့်ပါ့ပါ၊" ဟု တွေးကာ ဆွေးဗျာထုကြွယ်လျှက် ရှိနေရှာ၏။

နောက်တနေ့နံနက် အာရုံကျင်း၍ အလင်းရောက်သည် ဆိုလျှင်ပင် မင်းယင်ပြင်သို့ သာကီဝင်မင်းသားများ တယောက်ပြီးတယောက်ငင်း၊ အတွဲလိုက် အတွဲလိုက် ဆိုက်ရောက်လာ

www.dhammaransi.com



ကြသည်မှာ သုဒ္ဓေါဒနမင်းကြီးက အရေးပေါ် ဆင့်ခေါ် လိုက်သောကြောင့် ဖြစ်လေသည်။ ဤသို့ သာကီဝင် မင်းညီ မင်းသားတို့အား အရေးပေါ် ဆင့်ခေါ်လိုက်ခြင်းမှာ အကြောင်းထူးကိစ္စ တခုခုရှိလေ၍ ဆိုသည်ကိုကား အားလုံးက ပင် တွက်ဆ ရိပ်စားမိထားကြသော်လည်း မည်သည့်ကိစ္စဟူ၍ မသိကြသဖြင့်၊ သိလိုလှသောဇောဖြင့် မင်းသားများသည်သုဒ္ဓေါ ဒန မင်းကြီးဆီသို့သာ နားရွက် တစွင့်စွင့်နှင့် နားလင့် နေကုန် သတည်း။

ထိုပရိသတ်ထဲတွင် သုဒ္ဓေါဒနမင်းကြီး၏ ညီတော် သုက္ကော ဒနမင်း၏သားများ ဖြစ်ကြသော မဟာနာမ်မင်းသား၊ အနု ရုဒ္ဓါမင်းသားသည်၎င်း၊ သုဒ္ဓေါဒနမင်းကြီး၏ ညီတော် အမိ တ္တောဒနမင်း၏သား အာနန္ဒာ မင်းသားသည်၎င်း။ ကောလိယမျိုး စား ဘဒ္ဒိယမင်းသားသည်၎င်း၊ သုဒ္ဓေါဒနမင်းကြီး၏ လက်ျာ ဘက်တွင် ခစားလျက် ရှိနေကြ၏။ ထိုအချိန်တွင် သုဒ္ဓေါဒန မင်းကြီး၏ ယောက်ဖတော် ဒေဝဒဟပြည်ရှင်၊ ဘုရင်သုပ္ပဗုဒ္ဓ ၏သား ဒေဝဒတ်မင်းသားသည်လည်း အမတော် ဘဒ္ဒကစ္စာနာ ဗိမ္ဗာရွှေလှော် ယသော်ဓရာထံသို့ အလည်အပတ် ရောက်ရှိနေ လေရာ အရေးပေါ် အစည်းအဝေး ခေါ်ခိုက်နှင့် ကြုံကိုက် သဖြင့် ဘဒ္ဒိယမင်းသားနှင့်အတူ အစည်းအဝေးသို့ တက်ရောက် လျက်ရှိနေ၏။

သုဒ္ဓေါဒနမင်းကြီးသည် မင်းသားများနှင့် အလ္လာပသလ္လာပ စကားများ ပြောဆိုပြီးနောက် ဤအစည်းအဝေးကို အရေး

www.dhammaransi.com



ပေါ် ခေါ်ရခြင်း၏ လိုရင်းအချက်ကို ဤသို့ မိန့်မြွက်တော်မူလေသတည်း။

"အို–အမောင်တို့။ ငါ၏သား ဘုရားဖြစ်တော်မူလာသည့် အခိုက်တွင် ကြည်လင်လာသော နှလုံးဖြင့် သားဘုန်းဘုရားနှင့် စကားနိုးနှော၊ ဆိုပြောနေရမည့်အစား၊ ယခုကဲ့သို့ ကတိုက်ကရိုက်နှင့် ဤအစည်းအဝေးကြီးကို ခေါ်လိုက်ခြင်းအတွက် အမောင်တို့အနေဖြင့် အံ့အား သင့်ကောင်း သင့်ကြပေမည်ဟု ငါထင်၏။ အံ့အားသင့်မည်ဆိုကလည်း သင့်ထိုက်လှပေ၏။ အဘယ့်ကြောင့်ဆိုသော် ဤအစည်းအဝေးကား ငါတို့ သာကီဝင်မင်းမျိုးတို့အား မီးရှူးတန်ဆောင်သဖွယ်၊ အရောင်တလက်လက်ထွက်စေမည့် အစည်းအဝေးဖြစ်သောကြောင့်တည်း။

အို...အမောင်တို့။ လွန်ခဲ့သော နှစ်ပေါင်း ၃၆နှစ်ခန့်၊ ငါ၏သားတော် သိဒ္ဓတ္ထကို ဖွားမြင်စအချိန်က ငါ၏ထံ၌ ဝန်ခံကတိပြုသွားကြသော သင်တို့စကားကို သင်တို့ မှတ်မိကြကုန်၏လော။ မမှတ်မိက ပြန်လည်နှလုံးသွင်းကြကုန်လော့။ အောက်မေ့ကြကုန်လော့။ ထိုအချိန်တွင် ပုဏ္ဏားတော်များက ငါ့သားတော်၏ဇာတာကို စစ်ဆေးကြပြီး "ဤသားတော်သည် လူဘောင်တွင် နေချေက လေးကျွန်းလုံးကို ပတ်နိုင်သော စကြာဝတေးမန္တတ်မင်း ဖြစ်လတံ့။ လူ့ဘောင်ကို ခွာရှောင်၍ ရဟန်းဘောင်သို့ ဝင်ခဲ့သော် လောကသုံးပါးတွင် ဘုရားစင်စစ်ဖြစ်လတံ့"ဟူ၍ ဗေဒင် ဘွက်ချက် လမ်းကြောင်း ၂ခု အဟောထွက်လေသောအခါတုန်းက ငါ၏ရှေ့မှောက်တွင် သင်တို့နှုတ်

www.dhammaransi.com



ဆိုဖွင့်လျှောက်၍ ဤသို့ကတိပေးခဲ့ကြဘူးကုန်သည် မဟုတ်ပါလော။

'အရှင်မင်းကြီး။ အရှင်မင်းကြီး သားတော်သည် အကယ်၍ စကြာမင်း ဖြစ်ဘိမူကား အကျွန်ုပ်တို့သည် အရှင့်သားတော်အား ခြံရံကုန်လျက် စကြာရတနာကို ရှေ့ညွှန်းကာ၊ လေးကျွန်းလုံးကိုပတ်ပါကုန်အံ့။ အကယ်၍ ဘုရားစင်စစ်၊ ဖြစ်ဘိလျှင်မူလည်း အရှင့်သားကိုတုပကာ အကျွန်ုပ်တို့လည်း ရဟန်းပြု၍ အရှင့်သားအား ခြံရံကုန်အံ့။ ဒေသစာရီ စက်ပန်း ချီတော်မူရာတွင် အကျွန်ုပ်တို့ရံ၍ လိုက်ပါကုန်အံ့'

ဤသို့ဝန်ခံကတိ၊ ထားရှိခဲ့ကြသည်ကို သင်တို့ သတိပြုကြကုန်လော့။

အို...အမောင်တို့။ ယခုအခါတွင်ကား မျက်ဝါးထင်ထင် အမောင်တို့ မျက်မြင်ကြလေပြီ။ ငါ၏သားတော်ကား သုံးလောကနယ်ခရိုင်တွင် ပြိုင်သူကင်းလွတ်၊ အထွတ်ဆုံး၊ အမြတ်ဆုံးသော ဘုရားဖြစ်လာပြီတည်း။ ငါ့သား ဘုရား၏ အရှိန်ကြောင့် ငါတို့ သာကီဝင် မင်းမျိုးတို့၏ တန်ခိုးကား တဆင့်တိုး၍ ထိုးတက်သွားလေပြီ။ ငါနှင့်တကွ အမောင်တို့ အပါအဝင် သာကီဝင်မင်းမျိုး အားလုံးအတွက် ကျက်ရေ တက်သည် မဟုတ်ပါလော....

သို့သော် အမောင်တို့။ ငါ့သားဘုရားကို သေချာစွာဂရုပြု၍ သင်တို့ ရှုမိကြကုန်၏လော့။ ငါ့သားဘုရားအပါးတွင် သာကီနွယ်ဘွားရဟန်းဆို၍ တပါးတလေကိုမျှ သင်တို့ ဖူးတွေ့ကြရ

www.dhammaransi.com


ကုန်၏လော။ အချုပ်အားဖြင့် ငါဆိုလိုသည်ကား ငါ၏ သားတော်ကားအသဗ္ဗဋ္ဌိန္န ခတ္တိယန္ဒယ်ဘွား သာကီဘုရား ဖြစ်လေရာ သာကီဝင်ဘုရားအပေါ်တွင် သာကီရဟန်းများ ခြံရံသင့်သည်ဟုငါယူဆ၏။ ထို့ကြောင့် သင်တို့ဝန်ခံကတိ ထားရှိခဲ့ကြဘူးသည့်အတိုင်း ငါ့သားဘုရားနှင့်အတူ လိုက်၍ ရဟန်းပြုနိုင်သူထွက်လော့။ မိမိကိုယ်တိုင် ငါရဟန်းပြုနိုင်၊ မပြုနိုင်ကို ဆုံးဖြတ်ကြပြီး''

သုဒ္ဓေါဒနမင်းကြီး၏ စကားမဆုံးမီ အရေးကောင်း ဒိန်းဒေါင်းခတ်ဆိုသကဲ့သို့ အမတ်ကြီး တဦးသည်'ကယ်တော်မူပါဘုရား၊ 'ကယ်တော်မူပါ ဘုရား' ဟူ၍ ဟစ်ကြွေးလျက် အူယားဖါးယားနှင့် အစည်းအဝေးသဘင်တွင်းသို့ ပြေးဝင်လာသောကြောင့် သုဒ္ဓေါဒနမင်းကြီးနှင့်တကွ သာကီဝင် မင်းညီမင်းသား အားလုံးတို့သည် ထိတ်လန့် အံ့သြသော အမူအရာများဖြင့် ထိုအမတ်ကြီးအား စူးစိုက်၍ ကြည့်နေ ကြသည့်အခိုက် ထိုအမတ်ကြီးက သုဒ္ဓေါဒန မင်းကြီး၏ ရှေ့တော်မှောက်တွင် ဒူးစထောက်လျက်'

'အရှင်မင်းကြီး။ အရှင်မင်းကြီး၏ သားတော် သိဒ္ဓတ္ထကားသာကီဝင်တို့၏ ဂုဏ်သိက္ခာကိုမျှ မထောက်၊ အရှက်အကြောက် ကင်းမဲ့စွာ ပြုမူနေပါပြီ။ ခွက်နက်ကြီးကို ဆွဲကိုင်ကာရဟန်းများစွာခြံရံလျက် မြို့ထဲလှည့်လည်၍ သူတောင်းစားသဖွယ် တောင်းရမ်းလျက် ရှိ

www.dhammaransi.com



နေပါသည်။ အရှင်မင်းကြီး ကယ်တော်မူပါ၊ သာကီဝင်တို့၏ဂုဏ်ကျာကို ဆယ်တော်မူပါ'

ဟူ၍လျှောက်ထား လေသောအခါ သုဒ္ဓေါဒန မင်းကြီးမှာ သားတော်၏ ပြုမူမှုအတွက် အရှက်တော်ရ မျက်နှာတော်မပြဝံ့ လောက်အောင်ပင် ထူပူ ဖိန်းရှိန်း သွားသည့် အခိုက်၊ အနီး၌ ရှိနေသော မဟာနာမ် မင်းသားကြီးက ထိုအမတ်ကြီးအား "အချင်း အမတ်ကြီး မဆိုတတ်သည်ကို သင်အဘယ့်ကြောင့် ဆိုဘိသနည်း။ သိဒ္ဓတ္ထ မင်းသားက မြို့ထဲလှည့်၍ ခွက်နက်ဆွဲကာ တောင်းရမ်းနေ့ ပါသည် ဆိုသော စကားမှာ ယုံတမ်းစကားပေတကား။ သိဒ္ဓတ္ထ မင်းသားကား အမျိုးမြတ်လှစွာသော သာကီယဇာတ် ခတ္တိယ မင်းသား ဖြစ်သောကြောင့် ဤသို့သော မဖွယ်မရာ တောင်းရမ်းမှုမျိုးကို မည်သည့်အခါမျှ ပြုလိမ့်မည်မဟုတ်။ သင့်စကားကို ယခုချက်ချင်းသင်ပြင်၍ ရုပ်သိမ်းဘိလော့"ဟူ၍ ခြိမ်းခြိမ်း ချောက်ချောက် ငေါက်ငန်း၍ မိန့်တော်မူသော်–

"အရှင့်သား။ ယုံကြည်တော်မမူက ယခုပင် ကြွ၍ ရှုစားတော်မူလော့။ မမှန်စကား အကျွန်ုပ် ဆိုတုံငြားအံ့။ ဆယ်ပြန်သော အသက် မီးဆက်၍ အကျွန်ုပ်ခံပါအံ့" ဟူ၍ ဝံ့ရဲစွာ လျှောက်တင်နေစဉ် အတွင်း သာကီဝင်မင်းသား ပရိသတ်မှာ ရုန်းရင်းဆံခတ် ဖြစ်သွားရာက နောက်ဆုံးတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ရသည်အထိ အမခြအနေမှာ ဆိုးဝါးသွားလေသည်။

www.dhammaransi.com



အနုရုဒ္ဓါမင်းသား၊ အနန္ဒာမင်းသားနှင့် ဘဒ္ဒိယမင်းသား စသော သာကီဝင်မင်းသား များသည် သုဒ္ဓေါဒနမင်းကြီး၏ ညွှန်ကြားချက်အရ ရဟန်းပြုရန် ဆန္ဒစောမိကြ သော်လည်း အမတ်ကြီး၏ လျှောက်တင်လာသောစကားကြောင့် ရဟန်းပြုရမည်ကို ရှုံ့ကုန်လေ၏။ ရဟန်းပြုရန် ဝန်မလေးသူသော်လည်း "ငါတို့အမျိုးကား သူတောင်းစားမျိုး မဟုတ်။ ခွက်နက်ကြီးကို လက်စွဲလျက် ငါတို့ တောင်းမစားနိုင်" ဟူ၍ ရဟန်းပြုရန်ဘက်သို့ ယိုင်နေသော စိတ်ကို ပြန်လည် ရုပ်သိမ်းကာ စိတ်မပါအောင် ဖြစ်ကုန်လေ၏။

ထိုမင်းသားတို့ ကိုယ်တိုင်လည်း သိဒ္ဓတ္ထဘုရားသည်တောင်းရမ်း၍ စားနေခြင်းဟုတ်မဟုတ်ကို စူးစမ်းကြလေသော အခါ၌လည်း အမတ်ကြီး၏ တင်လျှောက်ချက်အတိုင်း ရဟန်းများစွာ ခြံရံလျက် ခွက်နက်ကြီးပိုက်၍ လိုက်လံ တောင်းခံ နေပုံကို ကိုယ်တွေ့ကြုံကြရသောအခါ ရဟန်းပြုရန်အရေးကို စိတ်ကူးထဲထည့်၍မျှ မတွေးဝံ့အောင် ဖြစ်ကုန်လေ၏။

ဤသည်ကိုမရိပ်မိ သိရှိတော်မမူသော သုဒ္ဓေါဒန မင်းကြီးသည်ကား သားဘုရားနှင့်အတူ လိုက်မည့် သာကီဝင်မင်းသား ရဟန်းတော်အာဇာနည်များ တနေ့ထွက်လာနိုးနိုး။ တရက်ဖြင့် ထွက်လာနိုးနိုးနှင့် မျှော်ကိုးနေပါငြားသော်လည်း တဦးတယောက်မျှ ပေါ်ပေါက်လာခြင်း မရှိသည့်အတွက် စိတ်လက်မရွှင် ဘဝင်မကျနိုင်အောင် ဖြစ်နေရှာ သတည်း။

www.dhammaransi.com



သို့နှင့်ပင် သားဘုရားကား ဝါလနီးကပ်ပြီ ဖြစ်၍ အောင်ချာသီရိ ကပ္ပိလ ထီးနန်းမှ စက်ပန်းကြွချီ၍ ပြန်သည်သွားလေသည့်တိုင်အောင် သာကီနွယ်ဘွား ရဟန်းတပါးမျှ သားဘုရားနှင့် အတူ ပါတော်မမူသည့် အရေးကြောင့် ဆွေးတသက်သက် အခံရခက်သော်လည်း သာကီမင်းသား တို့အားတကြိမ်က နှစ်ကြိမ် ဆိုမြွက်တိုက်တွန်းခြင်း မပြုလိုသောကြောင့်နှလုံးမရွှင် ဘဝင်မညိတ်နိုင်သောစိတ်ကို မျိုသိပ်ကာ ကြိတ်မှိတ်၍သာ နေလေသတည်း။

ဦးရီးတော်ဘုရား သုဒ္ဓေါဒနမင်းကြီး နှလုံးတော် မသာဖြစ်နေရှာပုံကို ရိပ်စားမိသော မဟာနာမ် မင်းသားကြီးသည်သာကီဝင်မင်းသားတို့၏ အကြီးအကဲဖြစ်သည့်အလျောက် ဦးရီးတော် အလိုဆန္ဒ ပြည့်ဝခြင်းနှင့် သာကီဝင်တို့၏ ဂုဏ်သိက္ခာမနွမ်းပါး ရအောင် စောင့်ရှောက် ရမည့် တာဝန် မိမိမှာရှိနေ သဖြင့် ဘုရား သခင် ပြန်ကြွသွား ပြီးနောက် များမကြာမီ ရက်အတွင်းမှာပင် အာနန္ဒာ မင်းသား၊ ဘဒ္ဒိယမင်းသားစသော သာကီဝင်မျိုး သတို့သား မင်းပျို မင်းလွင်တို့အား မိမိစံအိမ်တော်သို့ခေါ်၍ အကျိုးအကြောင်းရှင်းလင်းကာ ရဟန်းပြုရန် သိမ်းသွင်းခြင်းပြုရလေ၏။

ထိုအခါ ပရိသတ်ထဲမှ ထ၍ရပ်လိုက်ပြီး မဟာနမ်မင်းသားကြီးအား ရှိခိုးဦးညွှတ် ပြီးလျှင်....

"နောင်တော်ကြီး ဘုရား။ ဤကပ္ပိလဝတ်ပြည် သာကီဝင် မင်းသားများထဲမှ ရဟန်းပြုရန် အာဇာ

www.dhammaransi.com



နည်းသူရဲကောင်းတယောက်မျှ မပေါ်လျှင် ရှိစေဘော့။
ဒေဝဒဟပြည်အတွက် အကျွန်ုပ်ရဟန်းပြုပါအံ့”

ဟူ၍ ရဲရဲတောက်ထ၍ လျှောက်လေသည်။ ထိုမင်းသားကား အခြားသူမဟုတ်။ ဘုရားသခင်၏ ယောက်ဖတော် ဘဒ္ဒကစ္စနာ မည်တွင်သော ယသော်ဓရာဒေဝီ၏မောင် ဒေဝဒတ် မင်းသား ဖြစ်သတည်း။

ဒေဝဒတ်မင်းသား၏ သန္တာန်တွင်ရဟန်းပြုရန် ဆန္ဒဖြစ်ပေါ်လာခြင်းကား သံသရာဝဋ်မှ လွတ်မြောက်လို သောကြောင့် ဟူ၍မဆိုသာ။ အဘယ့်ကြောင့်ဆိုသော် ရဟန်းပြုရန် ဒေဝဒတ် မင်းသား ဆန္ဒ စောလေသည်ကား....

“လူ့ဘောင်တွင် ဝတ်ကြောင်နှင့်နေ၍ တနေ့သောအခါတွင် မင်းကေရာဇ်ကြီး ငါဖြစ်လာပြီဘဲ ထားဦးတော့၊ငါမှတပါး ငါနှင့်တန်းတူ အခြားမင်းများလည်း ကေန်ရှိမည်ပင် ဖြစ်သည်။ အချို့သော မင်းများသည် ငါ့ထက်ပင် သာချင် သာပေဦးမည်။ ထိုအခါ မင်းချင်းတူလျက်နှင့် ငါကားအညံ့စားမင်း ဖြစ်ရချေတော့အံ့။ ငါကားအသမ္ဘိန္န ခတ္တိယ မင်းသားပေတကား။ မင်းချင်းတူသော် ငါသာလျှင် မင်းခေါင် မင်းဖျား မင်းတရားဖြစ်လိုသည်။ လူ့ဘဝ လူ့အဖြစ်နှင့်သာ နေသွားမည် ဆိုချေက မင်းခေါင် မင်းဖျား မင်းတရားဖြစ်ဘို့ ငါ့မှာမလွယ်ခဲ့။ ငါရဟန်းပြုခဲ့သော် မင်းခေါင် မင်းဖျား မင်းတရားတို့၏ ရှိခိုးဦးညွတ်ခြင်းကို ခံရမည့်ပြင် ငါ့အနေနှင့် ကြိုး

www.dhammaransi.com



စားလိုက်မည် ဆိုပါက ဘုရားပင် ဖြစ်နိုင်မည်။ သိဒ္ဓတ္ထသည် ဘုရားဖြစ်သွားသော်လည်း မူလအခြေခံအားဖြင့် ငါ့လောက် ပင် အသိဉာဏ်ရှိခဲ့သူမဟုတ်။ သိဒ္ဓတ္ထကဲ့သို့သောသူကပင်ဘုရား ဖြစ်နိုင်သေးလျှင် ငါကဲ့သို့ အသိဉာဏ်ရှင် တယောက် အဘို့ အဘယ့်ကြောင့်ဘုရားမဖြစ်နိုင်ဘဲ ရှိချိမ့်မည်နည်း။ငါရဟန်းပြု အံ့။ ရဟန်းဖြစ်သော် ဘုရားဖြစ်အောင် ငါကြိုးစား ယူအံ့''

ဤသို့သော ရွယ်စူးဦးတည်ချက်ဖြင့် ဒေဝဒတ်မင်းသားက ထ၍ ရပ်ပြုလိုက်ခြင်းဖြစ်လေသည်။

ထိုအခါ ဒေဝဒဟပြည်သား ညော့်သည်တော် ဒေဝဒတ်မင်း သားက ပရိသတ်အလယ်မှထ၍ အကျွန်ုပ် ရဟန်း ပြုအံ့ဟူ၍ ကြွေးကြော်လိုက် သော်လည်း မြို့ခံအိမ်ရှင် ကပ္ပိလဝတ်ပြည် သား မင်းသားများကား တုဏှိဘာဝေ ဆိတ်ဆိတ်သာနေ ကြလေသောကြောင့် မင်းသားများ၏ အကြီးအကဲ ဖြစ်သော မဟာနာမ် မင်းသားကြီးမှာ ညီတော် အနုရုဒ္ဓါမင်းသားနှင့် တကွ ဘဒ္ဒိယ စသော ကပ္ပိလ မင်းသားများ၏ မျက်နှာကို တစေ့တစောင့်း စောင်းငဲ့၍ ကြည့်သော်ငြားလည်း လူစွမ်း ကောင်း တယောက်တလေမျှ ထွက်ပေါ်မည့် အရိပ်အခြေကို မတွေ့ရလေ၊ ဤသည် အတိုင်း ဆိုက ငါတို့ ကပ္ပိလဝတ် ပြည်သားတွေ မျက်နှာပျက်၊ သိက္ခာကျကုန်ချေရဲ့ ဟူ၍....

''ကိုင်း ညီတော်တို့ သင်တို့ ရဟန်းမပြုနိုင်ကြဘိ မူကား ငါရဟန်းပြုအံ့'' ဟု အားလုံးသော မင်းသားများအား အသိ ပေး ကြွေးကြော် လိုက်ပြီးနောက် ညီတော်ဖြစ်သူ အနုရုဒ္ဓါ မင်းသားအား ထီးနန်းရိုက်ရာကို လွှဲအပ်လေ၏။

www.dhammaransi.com



"ညီချစ် အနုရုဒ္ဓါ ငါတို့ အမျိုးတွင် မည်သူ တဦးတယောက်မျှ ရဟန်းပြုမည့်သူ မပေါ်ထွက်ခဲ့။ ဦးရီးတော်ဘုရား မြွက်ကြားတော်မူ သကဲ့သို့ နောင်တော် မြတ်စွာဘုရား အပါးတွင် မျိုးဇာတ်မခွဲခြားနိုင်သော အခြား ရဟန်းများသာ ခြံရံလျက် ရှိချေသည်။ စင်စစ်ဆိုသော် သာကီဝင်ဘုရား အပါးတွင် သာကီဝင်ရဟန်း များသာ အခြံအရံ ဖြစ်သင့်သည်။ သင် ရဟန်းမပြုလိုသော် ရှိစေ ငါရဟန်းပြုအံ့။ မိဘများအားကောင်းမွန်စွာ လုပ်ကျွေးရစ် ဘိလော"

ဟု ညီတော် အနုရုဒ္ဓါမင်းသားအား မှာကြားလေသည်။ ထိုအခါ အနုရုဒ္ဓါမင်းသားက ညီတော် နောင်တော်များ ဖြစ်ကြသော အာနန္ဒာမင်းသား ဘဒ္ဒိယမင်းသားတို့ ဘက်သို့ မျက်လုံးဝေ့ကာ ကြည့်လိုက်သည်။ ထိုမင်းသား များက အနုရုဒ္ဓါမင်းသားအား မသိမသာ မေးထိုးပြလိုက် ကြသောအခါ အနုရုဒ္ဓါ မင်းသားသည် နောင်တော် မဟာနာမ်မင်းသားကြီးအားဦးညွှတ်လျက်–

"နောင်ကြီးဘုရား။ ရဟန်းဟူသည် မည်သို့ နေထိုင်ရပါသနည်း "ဟုမေးခွန်းထုတ်လေ၏။ မဟာနာမ် မင်းသားကြီးလည်း ကောင်းမွန်စွာ ဖြေကြားခြင်းပြုပေ၏။

"ချစ်ညီဘွား-ရဟန်းဟူသည်ကို နောင်တော် ၊ ဂ်ဘုရားကြွလာစဉ်က သင်မြင်လိုက်ရသည် မဟုတ်လော"

www.dhammaransi.com



"ရဟန်း ဆိုသည်မှာ လူ့အသုံးအဆောင်နှင့် လူဝတ်ကြောင်ဘဝကိုစွန့်၍ ဆံပင်၊မုတ်ဆိတ် များကို ရိတ်ပယ်ရ၏။ သစ်ခေါက်ဆိုးသော အဝတ်ကို ဝတ်ရုံရ၏။ သက်သာသော သစ်သား ညောင်စောင်း၊ ကြိမ်ညောင်စောင်း တို့၌တယောက်တည်းသာ လျောင်းစက်ရ၏။ စားကောင်းဘွယ် အလိုရှိသော အခါ သပိတ်ကိုပိုက်လျက် ဆွမ်းခံစားရ၏"

ဤသို့ဖြေကြားလိုက်သော အခါ အနုရုဒ္ဓါမင်းသားမှာ တွေ၍နားစွင့်ကာ စဉ်းစားနေသော်လည်း အခြားမင်းသားများကမူ "သည်လိုဆိုလျှင် ဒို့များဖြင့် ရဟန်းမပြုချင်ပေါင်" ဆိုသည့်သဘောဖြင့် မသိမသာ ခေါင်းတခါခါနှင့် ရှိနေကုန်၏။

သူတို့ ခေါင်းခါကြခြင်းမှာ အဓိပ္ပါယ်ရှိလှ၏။ သူတို့သည် ငယ်ရွယ်သော မင်းသားများ ဖြစ်ကြလေရာ၊ ငယ်ရွယ်သူတို့စရိုက်အတိုင်း အလှအပကို နှစ်ချိုက်မက်မောကြသည်။ ဆံပင်ကို ဖြတ်ပစ်ရမည်ဆိုက အဘယ်မှာလျှင် လှပနိုင်တော့မည်နည်း။ အသွေး အရောင်စုံမဟုတ်သော ညစ်ထပ်ထပ် သစ်ခေါက်ဆိုးသင်္ကန်းကို လွှမ်းရမည်ဆိုသော် အလှပုံပန်း ပျက်တော့အံ့။ သည်ဟာကို ထားဘိဦး။ အဆိုးဆုံးကား ခွက်နက်သပိတ်ကြီးပိုက်၍ ဆွမ်းခံရမည့်ကိစ္စ။ သည်ကိစ္စကား သူတောင်းစားနှင့် ဘာခြားသနည်း .. ဟူသော အတွေးဖြင့် ရဟန်းပြုရန် ဝန်လေးနေကြခြင်း ဖြစ်၏။

www.dhammaransi.com



သူတို့သည် အနုရုဒ္ဓါမင်းသားနှင့် တစိတ်တဝမ်းတည်း ဖြစ်ကုန်၏။ "မည်သူက မည်သို့ပင် တိုက်တွန်းသည်ဖြစ်စေ။ အတင်းအဓမ္မ စေခိုင်းသည်ဖြစ်စေ ငါတို့ရဟန်း မပြုကြစတမ်း"ဟူ၍ ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုသကဲ့သို့ အပြင်ကတည်းကစည်းလားရိုက် တိုင်ပင်ထားပြီးဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ အနုရုဒ္ဓါမင်းသားက အင်းမလှုပ် အဲမလှုပ် ငုတ်တုတ်ကြီး ထိုင်နေသောအခါ သူတို့အနေဖြင့် "ငါတို့အောင်ပြီ"ဟု တွက်လိုက်ကုန်၏။ သို့သော်-

"နောင်တော် ရဟန်းကိစ္စကိုကား နောင်တော်ဘုရားအမိန့်ရှိသဖြင့် ပြတ်သားစွာ နားလည်ရပါပြီ။ ရဟန်းအကြောင်း ကောင်းကောင်း သဘောပေါက်ပါပြီ။ လူမှုကိစ္စကို ဆိုပါလေဦး....။ လူမှုကိစ္စဟူသည် အဘယ်ပါနည်း"

ဟူ၍ အနုရုဒ္ဓါမင်းသားက မေးလိုက်သောအခါ၌ကား ထိုမင်းသားအားလုံး မျက်လုံးမျက်ဆံ ပြူးကြကုန်လေ၏။ "ရှည်ရှည်ဝေးဝေး ဘာတွေများ လျှောက်မေးနေလေဘိ"ဟူသောမေးခွန်းမျိုးဖြင့် အနုရုဒ္ဓါမင်းသားကို တစေ့တစောင်း မျက်စောင်းခဲလိုက်ကြသည့် အခိုက်မှာပင် မဟာနာမ်မင်းသားကြီး မိန့်မြွက်သော စကားကြောင့် အားလုံး ကြောင်စီစီ ဖြစ်ကုန်ပြန်လေ၏။

"ညီချစ်အနုရုဒ္ဓါ....။ကောင်းစွာမှတ်သားဘိလော့။ လူမှုကိစ္စကို သင့်အား နားလည်အောင် ငါရှင်းပြအံ့။ 'ဿရာဝါသ၊ သမ္ဗာဒဟု ကိစ္စများမြောင်၊ လူတို့ဘောင်'

www.dhammaransi.com



ဟု အဆိုပြုချက်ရှိပေ၏။ ဆိုလိုသည်ကား လူမှုကိစ္စကား များလှဘိခြင်း၊ သပွတ်အူ စာပေါင်းသိုက်ပမာ လွန်စွာ ရှုပ်ထွေးလှ၏။ အခြားအခြားသော လူမှုကိစ္စများကို ထားဘိဦး ထမင်းကလေး တလုပ် အတွက်ပင်လျှင် အဘယ်မျှ လုပ်ရကိုင်ရ ကြောင့်ကြ စိုက်ထုတ်ရ. ပူပန် ရသည်ကို ငါဆိုအံ့။

အနုရုဒ္ဓါ။ သင်တို့သည် ထမင်း ဘယ်ကဖြစ်သည် ကိုပင် သိသူများ မဟုတ်ကုန်။ ထမင်းကို ကျီထဲက ထွက်သည်ဟု ထင်သူကထင်၏။ အိုးထဲက ရသည်ဟု ပြောသူက ပြော၏။ လူတို့၏အခြေခံကား ထမင်းဖြစ် ၏။ ထမင်းကြောင့် (ဝါ) ထမင်းကိုစား၍ အသက် ရှည်နေကြခြင်း ဖြစ်လေရာ ထိုထမင်းကလေးတလုပ်စာ ရပါမည့်အကြောင်းကို ငါဆိုပေအံ့။

အနုရုဒ္ဓါ။ ထမင်းသည် သင်တို့ထင်သကဲ့သို့ လွယ် လွယ်နှင့်ရသော ပစ္စည်းမဟုတ်။ ထမင်းတလုပ် ရရှိရေး အတွက် ရှေးဦးစွာ မြေပြင်၌ ရေတင်နေအောင် လုပ် ရသည်။ ကျွဲ-နွားများနှင့် ဖက်၍ လယ်ထွန်ရသည်။ ကန်သင်းဘောင် ဖြစ်အောင် ဆည်ဖို့ရသည်။ ရေပြည့် လယ်ကွက်ထဲ၌ စပါးစိုက်ရန် ရှေးဦးစွာ ပျိုးထောင်ရ သည်။ ထိုပျိုးကိုနုတ်၍ လယ်ကွက်ထဲ၌ စနစ်တကျစိုက် ရသည်။ ထိုမျှဖြင့် မပြီးသေး စိုက်ပြီးသောလယ်မှ စပါး

www.dhammaransi.com



ပင်များ ရှင်သန်ကြီးထွားအောင် ရေသွင်းပေးရသည်။ စပါးပင်များ၏ အသက်မှာ ရေဖြစ်၏။ ရေမရှိခဲ့သော် စပါးပင်များ တဖြည်းဖြည်း ညှိုးရာမှ နောက်ဆုံးတွင် စပါးပင်များခြောက်၍ သေကုန်လေ၏။

ထို့ကြောင့်အနုရုဒ္ဓါ။ ထမင်းတလုပ်ရရှိရေးအတွက် လယ်၌ ရေဝင်အောင် မိုးကိုမျှော်ရခြင်း၊ လယ်ထဲတွင် အလွန်အကျွံ ရေများနေပြန်လျှင်လည်း ဖေါက်တန် လျှင်ဖေါက်၍ ရေများကိုထုတ်ရခြင်း၊ မိုးခေါင်၍ ရေ ပြတ်သော် ရေရှိရာအရပ်မှ မြောင်းသွယ်၍ လယ်ထဲသို့ ရေသွင်းရခြင်းသည် လူမှုကိစ္စ၏ တပိုင်းတစ ဖြစ်ပေ၏။

အနုရုဒ္ဓါ။ စပါးပင်များ မှည့်သောအခါ စပါး ပင်များကို ရိတ်ရသိမ်းရ၏။ ရိတ်ပြီးစပါးများကိုတဖန် တလင်းထဲရောက်အောင် သယ်ရပြန်၏။ သယ်ပြီးစပါး ပင်များကို ကောက်ရိုးတခြား အသီးတခြားထွက်လာ အောင် ကျွဲနွားတို့ဖြင့် နယ်ရပြန်၏။ ထိုနယ်ပြီးစပါး များကို ကျီထဲကျထဲ ရောက်အောင် သွင်းလှောင်ရပြန် ၏။ ထမင်းကလုပ်အတွက်ထိုစပါးများကိုကျီမှထုတ်၍နေ လှန်း၊ လှန်းပြီးစပါးကိုမှ တဖန် ဆန်ဖြစ်အောင် ကြိတ် ခွဲ ထုထောင်းရပြန်၏။ ဆန်ဖြစ်လာသောအခါ ထမင်း ဖြစ်အောင် ချက်ရပြန်၏။ ထမင်းချက်ရန်အတွက် ထင်း ရေ များကိုလည်း အဆင်သင့်အောင် စီမံရပြန်၏။

www.dhammaransi.com



ဤကား-ထမင်းတလုပ်အတွက် လူမှုဒုက္ခများ ဖြစ်ချေသည်။

အနုရုဒ္ဓါ။ သင်မှတ်လေဦး လူသည် ထမင်းရှိရုံမျှနှင့်သည်း မပြီးသေး။ အရှက်အခကြောက် ဖုံးလွှမ်းရန် အဝတ်အစား၊ ထမိအင်္ကျီ၊ ပုဆိုး ခေါင်းပေါင်းစသည်ကို ရှာဖွေရသောဒုက္ခ။ လူသည် တိရစ္ဆာန်တို့ကဲ့သို့ ဖြစ်ကတတ်ဆန်း နေလို့မဖြစ်သောကြောင့်၊ အထိုက်အလျောက်အိုးအိမ် ဗိမာန်များ တည်ဆောက်ရခြင်း ဒုက္ခ။ ဤသည်တို့လည်း လူမှုကိစ္စများပင် ဖြစ်ကုန်၏''

မဟာနာမ် မင်းသားကြီးသည် ညီတော် အနုရုဒ္ဓါ မင်းသားအား သဘော ပေါက်လောက်အောင် ထမင်းဘလုပ် ရရှိရေးမှအစ လူမှုကိစ္စအဝဝ ရှုပ်ထွေးလှပုံ၊လူဘဝ၌နေသူသည် လူမှုကိစ္စလူဆန္ဒ ပြည့်ဝသည် ဟူ၍ မရှိနိုင်ဘဲ လုပ်ရင်း ကိုင်ရင်း ကိစ္စတန်းလန်းနှင့် အသက်ကုန်ရရှာပုံ, လူ့ဘဝတွင် လူ့ဆန္ဒ ပြည့်ပြည့်နှင့် သေရသူတဦး တယောက်မျှမရှိပုံများကို ပြောဆိုနားချလေသောအခါ အနုရုဒ္ဓါ မင်းသားမှာ နေထိ ဖယောင်းပမာ၊ စိတ်ခေတ်များ ပျော့ပျောင်း နူးညံ့လာပြီး လူ့ဘောင်၌ နေရမည်ကို ကြောက်လာသည်။လန့်လာသည်။ရဟန်းဘဝမှာ သပိတ်တလုံး သင်္ကန်း သုံးထည်လောက် ရှိရုံနှင့် ကိစ္စပြီး၏။ နေလို့ဖြစ်၏။ကြောင့်ကြကင်း၏။ မည်သည့် အတွက်ကိုမျှ ပူပန်ရခြင်းမရှိသဖြင့် လွတ်လပ်၏။ပေါ့ပါး၏။ လူ့အဖြစ်ကား ကြောက်မက်

www.dhammaransi.com



ဖွယ်ကောင်းလေစွ,ရှုပ်ထွေးကိစ္စ ပူစရာ ပင်စရာ စိုးရိမ် ကြောင့်ကြစရာ တွေများဟု သံဝေဂ ကြီးစွာဖြစ်လာပြီး-

"အို....နောင်ကြီး ဘုရား၊ နောင်ကြီး ဘုရားသာ
မိဘကို လုပ်ကျွေး၍ လူ့ဘောင်မှာ နေရစ် ပါဘိ။
ညီတော် လူ့အဖြစ်၌ မနေလိုပြီ။ ရဟန်းပြုတော့အံ့"

ဟူ၍ ဤသို့ အနုရုဒ္ဓါ မင်းသားက လျှောက်ထား လိုက်သော အခါ ထင်ကြေးနှင့်မကိုက် စည်းလား ကိုက်ထားခြင်းမှ သွေဖီသော စကားကို ဆိုလိုက်ခြင်းကြောင့် ဒေဝဒတ်နှင့် ဘဒ္ဒိယ စသော မင်းသားတို့မှာ အံ့အားသင့်ကုန်လေ၏။

သို့သော် အရင်းကလှဲ အဖျားထင်း ဖြစ်သကဲ့သို့ မိမိတို့ ခေါင်းဆောင်မင်းသား ရဟန်းပြုခဲ့သော် 'သူတောင်မှ ရဟန်း ပြုနိုင်သေးသာကဘဲ၊ ဘောက်မဲ့ကြောင့် ငါ့ကို ရဟန်း မပြု နိုင်ဘဲရှိမည်နည်း ဟူ၍ အားကျစိတ် မခံချင်စိတ်များ ဖြစ်လာကုန်သည်။ ထိုအခါ သူတို့သည်လည်း တညီ တညွတ်တည်းပင် မဟာနာမ်မင်းသားကြီးအား ရှိခိုးကြပြီး-

"အကျွန်ုပ် တို့သည်း အနုရုဒ္ဓါ နှင့် အတူ ရဟန်း ပြုကုန်တော့အံ့" ဟူ၍ ပန်ကြားကြကုန်၏။မဟာနာမ် မင်းသားကြီးက "သာဓု-သုံးကြိမ် ခေါ်၍ ကောင်းချီး ပေးပြီးနောက် အောင်မြင်ကြစေသတည်း၊ ရဟန်းကိစ္စ ပြီးမြောက်၍ အထွတ်အထိပ်ကို ဆောလျင်စွာ ရောက်ကြစေသတည်း" ဟု ဆိုနှင်းလေ၏။

သို့သော် အနုရုဒ္ဓါမင်းသားအဘို့တွင် နောင်တော်မဟာနာမ် မင်းသားကြီးထံမှ ရဟန်းပြုရန် ခွင့်ပြုချက် ရရှိရုံမျှဖြင့် ရဟန်း

www.dhammaransi.com



မပြုနိုင်သေး၊ ရဟန်း ပြုရန်အတွက် ကျော်လွှားစရာ အခိုက ကန္တာရကြီးတခုက ရှိနေပေသေးသောကြောင့် စိတ်၌ ထင့်သွား လေ၏။ ကန္တာရဆိုသည်ကား အခြားမဟုတ် ကျေးဇူးရှင် မိဘ နှစ်ပါးပင် ဖြစ်ချေ၏။ ဘုရားသခင် ကြွတော်မူစဉ်က "မိဘ ခွင့်မပြုသူအား ရဟန်းပြုခွင့် ပေးတော်မမူပါလင့်"ဟုသုဒ္ဓေါဒန မင်းကြီး၏ ပန်ကြားချက်ကို လည်းကောင်း-

"ရဟန်းတို့ မိဘက ခွင့်မပြုသူအား ရဟန်းပြု မပေး အပ်။ပေးခဲ့သော်ထိုရဟန်းအားဒုက္ကဋ် အာပတ်သင့်စေ"

ဟူ၍ ဘုရားသခင် ကိုယ်တော်တိုင် ရဟန်းတို့အား မြွက်ကြား၍ သိက္ခာပုဒ် ပညတ်ချက် ကိုလည်းကောင်း ကြားယောင် မိလာ လေသည်။

ထိုကြောင့် ရဟန်း ပြုလိုသော ဇောဆန္ဒ ပြင်းပြစွာဖြင့် အနုရုဒ္ဓါမင်းသားသည် မဟာနာမ်မင်းသားကြီး ရှေ့မှ ဆော လျှင်စွာထ၍ မိဘများ ထံသို့ ဝင်ရောက်ကာ ရဟန်းပြုခွင့် တောင်းလေ သတည်း။ သို့သော် အချည်းနှီးသာ ဖြစ်နေ၏။ သူ့အား "ငါတို့ ခွင့်မပြုနိုင်" ဟု မယ်တော် ခမည်းတော် တို့၏ အကြပ်ကိုင်ခြင်းနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်နေရလေ၏။ လူတို့၏ ဆန္ဒစိတ်အဟုန်ကား လေမုန်တိုင်းကြီးများထက်ပင် ပြင်းထန် ၏။အနုရုဒ္ဓါမင်းသားသည် တကြိမ်ပယ်သော် နှစ်ကြိမ် တောင်း ပန်၏။ မိဘများက "ခွင့်မပြုနိုင်"ဆိုပြန်လျှင် သုံးကြိမ်မြောက် တောင်းပန်ပြန်၏။ ပယ်ခြင်းကို ခံရပြန်၏။ လေးကြိမ်မြောက် တောင်းပန်လေသော အခါတွင်ကား သားကို သနားလာကြ

www.dhammaransi.com



ဟန်တူ၏။ ခြင်းချက်နှင့် ခွင့်ပြုလိုက်ကြကုန်၏။ ဘဒ္ဒိယမင်းသား ရဟန်းပြုသော် သင်ပြုလေ, သူရဟန်းမပြုလေက သင် ချစ်သားလည်း မပြုနှင့်'' ဟု ဆိုကြသတည်း။

မယ်တော် ခမည်းတော်တို့က ဤစကားကို ဆိုလိုက်ခြင်းမှာ ဘဒ္ဒိယမင်းသားအား အားကိုးသမှု ပြုသည့် အနေဖြင့် ဆိုကြခြင်းဖြစ်၏။ဘဒ္ဒိယ မင်းသားကား တထီးတနန်းနှင့်စံမြန်းကာ နေသူဖြစ်သဖြင့် သူသည် မင်းစည်းစိမ်ကို စွန့်လွှတ်၍ မည်သည့်နည်းနှင့်မျှ ရဟန်းပြုနိုင်မည်မဟုတ် ဤသို့သော အထင်သေးစိတ် ထင်ကြေးဖြင့် ခွင့်ပေးလိုက်ခြင်းဖြစ်၏။

သို့ဖြစ်စေကာမူလည်း အနုရုဒ္ဓါမင်းသားကား ထိုခွင့်ပြုချက် စကားကို အကြွင်းမဲ့ လက်ခံပြီး အလွန်လည်း ဝမ်းမြောက်သွားလေသည်။ အဘယ့်ကြောင့် ဆိုသော် ဘဒ္ဒိယ မင်းသား ရဟန်းပြုမည် ဖြစ်ကြောင်း ကောင်းကောင်း သိထားသောကြောင့် ဖြစ်သတည်း။

ထိုအချိန်တွင် ဘုရားသခင်သည် ရဟန်းများစွာ ခြံရံလျက် ကပ္ပိလဝတ် နေပြည်တော်မှ ပြန်ကြွတော်မူသဖြင့် အနုပိယ မည်သောနိဂုံးသို့ရောက်ရှိသွားပြီဖြစ်၏။သကျပုတ္တသာကီယနွယ်ဘွား မင်းသားများဖြစ်ကြသော အနုရုဒ္ဓါမင်းသား၊ဘဒ္ဒိယမင်းသား၊ ဒေဝဒတ်မင်းသား၊ ကပ္ပိလမင်းသား၊ အာနန္ဒာ မင်းသားနှင့် ဘဂုမင်းသားတို့သည်လည်းကောင်း၊ ယင်းတို့၏ အစေအပါးခံ ဥပါလိ အမည်ရှိသော ဆတ္တာသည် သည်လည်းကောင်း၊ ဤသူ

www.dhammaransi.com



[ ၇ ] ယောက်တို့သည် ငါတို့ ရဟန်းပြုအံ့ ဟူသော ရွယ်စူး ဦးတည်ချက်ဖြင့် ကပိလဝတ် နေပြည်တော်မှ ထွက်၍ ဘုရား သခင်နောက်သို့ လိုက်သွားကြလေရာ တောအုပ်တခု၏ အလယ် သို့ ရောက်ကြသောအခါ အနုရုဒ္ဓါမင်းသားက သတိရလေသည် ကား-မြမြ စိန်းစိန်း, ထိန်ထိန် ဝေဝေ, တောက်ပ ပြောင်လက်, ပြိုးပြိုးပြက်ပြက်, တခဲနက် အရောင် တလွင်လွင်နှင့် ရှိနေသော မင်းဝတ်တန်ဆာပလာများကို ကြည့်ကာ-

"ဩော်-အကိုတို့ အဘိုးတန် ဤအဆင် တန်ဆာ တို့ကို အကြောင်းပြု၍ အန္တရာယ် ဖြစ်လာနိုင်သည်။ အသံကြောင့် ဖားသေဆိုသကဲ့သို့ ဤ အဆင် တန်ဆာ များအတွက်နှင့်အသက်ကို ရန်ရှာသူ လူဆိုး ခြေများ ပေါ်ပေါက်လာနိုင်သည်။ ဤအဆင် တန်ဆာများကို ပယ်ကြလျှင် ကောင်းလိမ့်အံ့ ထင်ပါသည်"

ဟု မင်းသားများကို အဆိုပြုလေသည်။ ယင်း အကြံပြုချက်ကို အားလုံးက လက်ခံကြပြီး မင်းဝတ် တန်ဆာများကို အသီးသီး ချွတ်ကြပြီးနောက် အဝတ် တခုဖြင့် ထုပ်လျက် ဆတ္တာသည် ဥပါလိ၏လက်သို့ အပ်ကြကုန်လေ၏။ "အချင်း ဥပါလိ၊ ဤ ပစ္စည်းများကိုယူ၍ သင်နေပြည်တော်သို့ ပြန်လော့, ဤပစ္စည်း များကို ထုခွဲ၍ သင် အသက်မွေးလော့" ဟူ၍ ပစ္စည်းများကို အပ်၍ ဆိုလေသော် ဥပါလိမှာ မျက်ရေ များပင် ရွဲလာသည်။ "ကျွန်တော့်မျိုးမပြန်ပါရစေနှင့်၊အရှင့်သားတော်များနှင့်အတူ ရဟန်းပြုပါရစေ" ဟူ၍ တောင်းပန်သော်လည်း မရချေ။

www.dhammaransi.com



ထိုကြောင့် ဥပါလိသည် ဤစာ၏ အစ၌ ဖော်ပြ ခဲ့သော အတိုင်း မင်းသားများ၏ အမိန့်ကို မလွန်သာသဖြင့် မင်းသုံး ပစ္စည်းထုပ် ကြီးကို ခေါင်းပေါ် ရွက်လျက် ပြန်ခဲ့ ရလေ၏။ တောအုပ်တနေရာ ရောက်သော် သစ်ပင်အောက်၌ နားနေစဉ် အစ၌ ဆိုခဲ့သော အတိုင်း စဉ်းစားမိရာက "သူတို့သော်မှပင် ရဟန်းပြုနိုင်ကြကုန်သေးလျှင် အဘယ့်ကြောင့် ငါရဟန်း မပြု နိုင်ရမည်နည်း" ဤဥစ္စာများကို တွေ့သူ ယူလော့ဟု စာရေး၍ အထုပ်တွင် ညှပ်ထားခဲ့ပြီး မင်းသားများ နောက်သို့ ပြန်လိုက် သွားသလေ၏။

မင်းသား ခြောက်ယောက်တို့သည် ဥပါလိ လိုက်လာသည် ကို မြင်သော်....

"အဘယ်ကြောင့် လိုက်လာသနည်း"ဟုမေးကြ၏။ ဥပါလိ ကလည်း သူ၏ ဆန္ဒကို ပွင့်လင်းစွာ ရှင်းလင်း တင်ပြသော အခါ....

"အင်း– ရှိပါစေတော့လေ၊ ရဟန်းပြုလိုသပဆိုနေမင့်ဟာ ပြုပါလေစေတော့" ဟူ၍ ဥပါလိကိုပါ မိမိတို့နှင့် တပါတည်း ခေါ်လျက် ဘုရားသခင်နောက်သို့ လိုက်သွားကြလေရာ။ အနုပိယ နိဂုံးတွင် ဘုရားသခင်ကို မှီလေ၏။ မင်းသား ခြောက် ယောက်တို့သည် ဦးရီးတော် သုဒ္ဓေါဒနမင်းကြီး၏ ဆန္ဒကို လည်းကောင်း၊ မိမိတို့၏ ရွယ်စူးချက်များကို လည်းကောင်း၊ လျှောက်ထားကြကုန်ပြီးနောက်။ သူတို့ [၇] ယောက် အနက် ဆတ္တာသည် ဥပါလိကို အလျှင်ဆုံး ရဟန်း ပြု ပေး ပါရန်

www.dhammaransi.com



အထောက် အထားနှင့် တကွ ဤသို့ လျှောက်ထား ကြလေသတည်း။

"ရှေဘုန်းတော်သခင်၊ အရှင် သူမြတ် ဘုရား.... အကျွန်ုပ်တို့သည် သကျနွယ်ဘွား သာကီမင်းသားများ ဖြစ်ကြပါသည်။ သာကီမင်းသားတို့ကား ဇာတိမာန်ဖြင့် ခက်ထန် တင်းမာ လှကုန်၏။ ငါတို့အမျိုးမှ အမြတ်ဆုံး အမျိုးဟူ၍ အခြားသူအပေါ်၌ ချိုးချိုးနှိမ်နှိမ် ဝင့်ဝင့် ဝါဝါ ဆိုပြောဆက်ဆံလေ့ ရှိပါကုန်၏။ ရဟန်း ဖြစ် သောအခါ ဇာတိမာန်ချ၍ ရိုသေရာဖြစ်အောင် ဥပါလိ ကို အလျင်ရဟန်းပြုပေးတော်မူပါဘုရား။ ဥပါလိကို အကျွန်ုပ်တို့ ရိုသေပါကုန်အံ့။

ထိုအခါ သာကီဝင်မာန်စွယ်ကျိုး၍ အမျိုးမာန်ကျ ပါလိမ့်အံ့။ ဥပါလိအား အကျွန်ုပ်တို့ အသက်နှင့်အမျှ ကျွန်ပြု၍ စေခိုင်းလာခဲ့ကြပါကုန်၏။ ရဟန်းဖြစ်သော အခါတွင်ကား–သူ့အား သခင်အဖြစ်နှင့် ရိုသေလေး စားလိုပါကုန်၏"

ဤသို့ ပန်ကြားချက်အရ ဗုဒ္ဓသည် ဆတ္တာသည် ဥပါလိအား ရှေဦးစွာ ရဟန်းပြုပေးတော်မူ၏။ ဥပါလိရဟန်း ပြုပြီးသည့် နောက်မှ သာကီဝင်မင်းသား ခြောက်ယောက်တို့ ရဟန်းပြု ကုန်သတည်း။

ဗုဒ္ဓသည် အနုပိယ နိဂုံးမှတဆင့် ခရီးစဉ်အတိုင်း ကြွတော် မူ၍ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလျှင် ဝါလနီးကပ်ပြီဖြစ်၍

www.dhammaransi.com



ထိုနှစ်အဖွဲ့ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှာပင် ဝါကပ်တော်မူ၏။

ထိုအချိန်တွင် သာကီဝင်မင်းသားထဲမှ ရဟန်း-၆-ပါးထွန်းကားလာခြင်းမှာ သာသနာ့ လောက၌ အထူးအဆန်း ဖြစ်နေကြပြီး၊ ရဟန်းတို့ကရင်း၊ လူတို့ကရင်း သူတို့၏ အခြေအနေကို အရိပ်တကြည့်ကြည့်နှင့် အကဲခတ်ကြကုန်၏။

"ရှားရှားပါးပါး သာကီဝင်မင်းမျိုးထဲက ရဟန်းခြောက်ပါးတော့ ထွန်းကားလာပြီ။ သူတို့ မည်သို့ ဖြစ်ကြမည် မသိ။ ဘုရားကဲ့သို့ ထူးခြားသော ပုဂ္ဂိုလ်များ မင်္ဂသူ ဖြစ်လာမည်နည်း"ဟု၍ သာကီဝင်ရဟန်းသစ်ခြောက်ဦးတို့၏ အနာဂတ်ရေးကို တွေး တဆဆနှင့် ရှိနေကြကုန်သည်။

အနုရုဒ္ဓါ၊ အနန္ဒာ၊ ဒေဝဒတ်စသော သာကီဝင်ရဟန်းသစ်တို့သည်လည်း ထိုတွေးခေါ်ရှင်တို့၏ ဆန္ဒကို ထိုဝါတွင်းကားလအတွင်းမှာပင် အသီးသီး ဖြည့်တင်းပေးလိုက်ကြသည်ဟု ဆိုနိုင်လောက်အောင်ပင် အရှင်ဘဒ္ဒိယသည် ရဟန္တာဖြစ်သွားလေ၏။ အရှင်အနုရုဒ္ဓါကား ဒိဗ္ဗစက္ခုဉာဏ်ကိုရ၍ ဒေဝဒတ်သည်လည်း သာမန်အညတရ အညံ့စားမဟုတ်၊ ပုထုဇဉ်လူသားတို့၏ အဘိညာဏ်တန်ခိုးကို ရရှိပြီးဖြစ်သတည်း။

"အဘိညာဏ်ဆိုသည်ကား လူအပေါင်းတို့၏ ဉာဏ်ကိုလွန်၍ အထူးကြီး အချွန်ကြီးဖြစ်သော ဉာဏ်၏ကိစ္စကိုဆိုသည်"

www.dhammaransi.com



ထိုအဘိညာဏ်သည်လည်း (၁) သမထဘိညာဏ် (၂) ဓမ္မအဘိညာဏ် ဟူ၍ နှစ်မျိုးရှိ၏။ ယင်း နှစ်မျိုးအနက် သမထအဘိညာဏ်ဆိုသည်မှာ သမထကမ္မဋ္ဌာန်း လမ်းမှပေါက်ရောက်သော ဣဒ္ဓိဝိဓညာဏ်မျိုး၊ ဒိဗ္ဗသောတညာဏ်မျိုး၊ စေတောပရိယညာဏ်မျိုး၊ ပုဗ္ဗေနိဝါသညာဏ်မျိုး ယထာကမ္မုပဂညာဏ်မျိုးကို ဆိုသည်။

ထိုအဘိညာဏ်တို့တွင် ဣဒ္ဓိဝိဓ အဘိညာဏ်ဆိုသည်ကား မြေလျှိုးမိုးပျံနိုင် ထူးထွေတည့်အံ့ရာသော၀် ဆိုလောက်အောင် လူယောင် နတ်ယောင် တိရစ္ဆာန်ယောင် စသည်ကို ဖန်ဆင်းနိုင်သော တန်ခိုးကို ဣဒ္ဓိဝိဓ အဘိညာဏ်ဟု ခေါ်သည်။

ဒေဝဒတ်ရဟန်းကား သူလို ငါလို သာမန်ရဟန်း အတန်းအစားမျိုးမဟုတ်။ မြေလျှိုးမိုးပျံ၊ အမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဏ်ကို ရရှိထားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တဦးဖြစ်သည့်အပြင် ဘုရားမှတပါး၊ သာဝကရဟန်းများအနက်တွင် အဟောအပြောကောင်းလှသော "ဓမ္မကထိက" ဟူ၍လည်း ကျော်ကြားသူဖြစ်လေသည်။

ဒေဝဒတ်မှာ ဗုဒ္ဓကဲ့သို့ပင် သကျပုတ္တ သာကီယနွယ်ဘွားဖြစ်ခြင်း၊ အဟောအပြောကောင်းခြင်း၊ မြေလျှိုးမိုးပျံ၍အမျိုးမျိုး ဖန်ဆင်းနိုင်သော တန်ခိုးရှိခြင်းတို့ကြောင့် သူ၏ဆွေဂုဏ်မျိုးဂုဏ် တန်ခိုးဣဒ္ဓိပါဒ်ဂုဏ်များကို အကြောင်းပြု၍ နာမည်ကြီးသော ရဟန်းဖြစ်သတည်း။

www.dhammaransi.com



သို့သော် ဒေဝဒတ်သည် သကျပုတ္တ သာကီနွယ်ဘွား ရဟန်းတပါးဖြစ်ပါလျက် ဗုဒ္ဓ၏ယောက်ဖတော် အရင်းခေါက်ခေါက်ဖြစ်ပါလျက် မြေလျှိုးမိုးပျံ နိုင်ရုံမက အမျိုးမျိုးကို ဖန်ဆင်းနိုင်သော တန်ခိုးဣဒ္ဓိပါဒ်ရှင် တဦးဖြစ်ပါလျက် ဗုဒ္ဓ၏ ချီးမြှောက်ခြင်းကိုကား သူမခံရချေ။ အဘယ့်ကြောင့်ပါနည်း။

www.dhammaransi.com

# ၂

သုဒ္ဓေါဒနမင်းနှင့် သုပ္ပဗုဒ္ဓမင်းကား ညီအကိုအရင်းခေါက်ခေါက်ဖြစ်ကြပြီး။ သုဒ္ဓေါဒနမင်း၏သားတော် သိဒ္ဓတ္ထကုမာရမင်းသားနှင့် သုပ္ပဗုဒ္ဓ၏ သမီးတော် ဘဒ္ဒကစ္စာနာ မင်းသမီးကို ထိမ်းမြားလိုက်သောအခါ ဘဒ္ဒကစ္စာနာမင်းသမီး၏ မောင်တော်ဖြစ်သော ဒေဝဒတ္တမင်းသားမှာ အလိုအလျှောက် သိဒ္ဓတ္ထမင်းသား တည်းဟူသော ဗုဒ္ဓ၏ယောက်ဖတော် ဖြစ်သွားလေသည်။

နောက်ပိုင်းအချိန်တွင် ဆွေတော်မျိုးတော် အရင်းအချာဖြစ်ပါလျှက်နှင့် သုပ္ပဗုဒ္ဓမင်းသည် မိမိ၏ တူတော်ရင်းလည်းဖြစ် သမက်တော်လည်းဖြစ်သော သိဒ္ဓတ္ထ မင်းသား ဘုရားအပေါ်၌ ကြီးစွာအော ရန်ငြိုးဖွဲ့ခြင်း ပြုလာ၏။ သိဒ္ဓတ္ထဆိုလျှင် မြင်လည်းမမြင်ချင် အသံကိုလည်း မကြားချင်လောက်အောင်

www.dhammaransi.com



အနာကြီး နာလာသည်။ ဗုဒ္ဓအပေါ်၌ နာလုံးပေါက်လောက်အောင် သူက အကြောင်းပြလေသည်ကား

"သိဒ္ဓတ္ထသည် ငါ၏သမီး ဘဒ္ဒကစ္စာနာနှင့် အကြင်လင်မယားအဖြစ် စုလျားရစ်ပတ် လက်ထပ်မယားဖြစ်ပါလျက် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းခြင်း မပြုလေဘဲ။ ငါ၏သမီးတော်ကို ဟင်းသီးဟင်းရွက်အလား သူစွန့်ထားခဲ့ပြီး တောထွက်သွားသဖြင့် ငါ၏သမီးတော်မှာ သားတယောက်နှင့် မျက်နှာမပြဝံ့အောင် အရှက်ရ၍ ကျန်ခဲ့ခြင်း"

"ငါ၏ သမီးတော်ကို စွန့်ထားခဲ့ပြီး တောထွက်ရာမှ ဘုရားအဖြစ်သို့ ရောက်သွားသည်မှာ ရှိစေတော့ ငါ၏ သားတော် ဒေဝဒတ္တ မင်းသားသည် ဆွေမျိုးရင်းချာအဖြစ် အားတအား ဖြစ်စေတော့ဟူသော ရွယ်စူးချက်ဖြင့် သူထံလိုက်၍ ရဟန်းပြု၏။ သိဒ္ဓတ္ထသည် ငါ့မျက်နှာကိုလည်းမထောက် ငါ၏သမီးတော် ဘဒ္ဒကစ္စာနာ၏ မျက်နှာကိုလည်းမထောက် ချီးမြှောက်စရာရှိလျှင် ဆွေမတော် မျိုးမစပ်သော အခြားသူများကိုသာ မြှောက်စားပြီး။ ငါ့သား ဒေဝဒတ်ကိုကား ရာထူးဌာနန္တရ ပေးကာ ချီးမြှောက်ခြင်း မပြုသည်သာမက ငါ့သား ဒေဝဒတ်ကို ရန်သူကဲ့သို့ သဘောထားခြင်း"

ဤအကြောင်း ထိုအကြောင်းများကြောင့် ဗုဒ္ဓအပေါ်၌ သုပ္ပဗုဒ္ဓမင်းက နာလုံးပေါက်နေ၏။

www.dhammaransi.com



အမှန်အားဖြင့်ဆိုတော် သူ့သား ဒေဝဒတ်အပေါ်၌ ဗုဒ္ဓ ရန်သူသဖွယ် သဘောထားလေသည် မဟုတ်ဘဲ။ သူ့သားဒေဝ ဒတ်ကသာ ဗုဒ္ဓအပေါ်၌ ရန်သူကဲ့သို့ ဆက်ဆံခြင်း ပြုနေသည် သာ ဖြစ်ပေ၏။ အဘယ့်ကြောင့် ဒေဝဒတ်အနေဖြင့် ဗုဒ္ဓ အပေါ် ရန်သူသဖွယ် သဘောထားလေသနည်း။

နေရာကား–ကောသမ္ဗီပြည်မှာ ဖြစ်လေသည် ကောသမ္ဗီ ပြည်သားများသည် ဗုဒ္ဓအားကြည်ညိုလေးစားသူများဖြစ်သည့် အလျောက် ဗုဒ္ဓကြွရောက်တော်မူသောအခါများတွင် သံဃာ တော်များနှင့်တကွ ချောင်ချောင် လည်လည် ချမ်းချမ်းသာ သာ သီတင်းသုံးတော်မူနိုင်ရန်အတွက် ဃောသိတာရုံကျောင်း တော်ကြီး၊ ပါဝါရိကာရုံ ကျောင်းတော်ကြီး၊ ကုက္ကုဋ္ဋာရုံ ကျောင်းတော်ကြီးများကို ဆောက်လုပ်ထားသဖြင့် ဗုဒ္ဓသည် ကောသမ္ဗီ ပြည်သို့ ရောက်လျှင် ထိုကျောင်းတော် ကြီးများ ၌သီတင်းသုံးတော်မူ၏။

တနေ့တွင်ဗုဒ္ဓသည် နောက်ပါသံဃာတော် များစွာ ခြံရံ လျက် ကောသမ္ဗီပြည်သို့ ကြွတော် မူလေရာ ဒေဝဒတ်သည် လည်း ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော မထေရ်ကြီး များနှင့်အတူပါသွားလေသည်။ ထိုအခါ ဃောသကာ သူဌေး စသော ကောသမ္ဗီ ပြည်သူ ပြည်သားတို့သည် အုံးအုံးကြွက်ကြွက် တခဲနက် ကြိုဆိုခြင်း ပြုကြကုန်၏။ အမည်ကို ဖော်ထုတ်ခေါ် ဝေါ်၍ ပင့်ကြကုန်၏။

www.dhammaransi.com



“အရှင်သာရိပုတ္တရာ ကိုယ်တော် ဤကျောင်းကို ကြွပါဘုရား။ အရှင်မောဂ္ဂလာန် အရှင်ဘုရား–ဤနေရာ၌သီတင်းသုံးတော်မူပါဘုရား”ဟူ၍ အသီးသီးပင့်လျှောက် ကြငြား သော်လည်း ဒေဝဒတ်ကိုကား ပင့်လျှောက်သူ တဦးတယောက်မျှ မရှိလေ သောကြောင့် ဒေဝဒတ်မှာ ပရိသတ် အလယ်တွင် မျက်နှာငယ်ငယ်နှင့် ရောင်လယ်လယ်ဖြစ်နေ၏။ အခြားရဟန်းများအား ထမ်းဘိနပ်ဆေးဝါးစသော ရဟန်းသုံး ပစ္စည်းများကို တောင်ပုံ ရာပုံ လှူဒါန်းကြ သော်လည်း ဒေဝဒတ်မှာကား....

“ကျန်းမာတော်မူပါစဘုရား”ဟူ၍ ကျန်းမာကြောင်း ကိုလည်း မေးမြန်းသူပင်မရှိ။ လှူဒါန်း သူလည်း နတ္ထိ ဖြစ်နေ၏။

ဒေဝဒတ်သည် လောဘရမ္မက် အားကြီးခြင်း၊ ပရိသတ်ခြံရံသင်းပင်းများမှုကို လိုလားခြင်းဟူသော သူ၏ပင်ကိုယ်ညဥ်အလျောက် လှူဘွယ်ဝတ္ထုများကိုယူလျက် ကျောင်းတော်သို့ရောက်လာသောသူများကို မြင်လျှင် ဟိုလူဖြင့် သူ့ဆီလာနိုးနိုး၊သည်လူဖြင့် သူ့ကို လှူနိုးနိုးနှင့် မျှော်ကိုးမိပြီး အရိပ်တကြည့်ကြည့်နှင့် စောင့်မျှော်နေ သော်လည်း သူ့အနားသို့ရောက်ခါမှ သူ့ကို ကျော်လွန်ပြီး အခြားကျောင်းသို့ သွားသည်ကိုမြင်သောအခါ အသဲကို ဒယားသီးနှင့် ကလိခြင်းခံရဘိသည့်အလား အောင့်သက်သက်နှင့် လွန်စွာ အခံရခက်နေလေသည်။

www.dhammaransi.com



မိမိအား လျှာဒါန်းသူ မရှိသည့် အပြင် "အရှင်ဘုရား ဒေဝဒတ် ကျွန်းခံသာတော်မူပါစ ဘုရား"ဟူ၍ တဦးတလေက မျှ မေးမြန်းဖော်မရသဖြင့် မရွှင်မလန်း၊ မချမ်းမသာ ဖြစ်နေ ရသည့်ကြားတွင် ဒေဝဒတ်အဘို့ ဘုရားသခင် အပေါ်၌ ထပ် ကာထပ်ကာ ရန်ငြိုးထားချင်စရာ ဖြစ်လောက် အောင်သော ဖြစ်ရပ်တခုက ကောသမ္ဗီပြည်သို့ ရောက်စည်တွင် ပေါ်လာ ပြန်၏။

အချိန်မှာ ညအခါဖြစ်သော်လည်း ရဟန်းတို့သည် ရောက် လေရာအရပ်တွင် ဓမ္မသဘင်ပွဲ၍ ဆွေးနွေးမြဲ ဖြစ်သည့်အတိုင်း ဆွေးနွေးပြောဆိုနေကြရာက ဒေဝဒတ် အကြောင်းသို့ စကား စပ်၍ ရောက်သွားလေ၏။

"ငါ့ရှင်တို့ ဒေဝဒတ်သည် သူ့ကျေးဇူးကို မသိတတ်။ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏"ဟု ပြောဆိုနေကြ ကုန်၏။

ထိုခဏဘုရားသခင်ကြွတော်မူလာပြီး....

"သင်တို့အဘယ်စကားဖြင့် စည်းဝေးနေကြကုန် သနည်း" ဟု အမေးတော် ရှိသဖြင့် ရဟန်းတို့က ဒေဝဒတ်ကျေးဇူးမသိ တတ်ကြောင်း ပြောဆိုနေကြပါသည်ဟု လျှောက်ကြကုန်သည် ရှိသော်....

"ရဟန်းတို့ ဒေဝဒတ်ကား ယခုအခါ၌ သာလျှင် ကျေးဇူးမသိတတ်သည် မဟုတ်။ ယခုအခါ၌ သာလျှင်

www.dhammaransi.com



အဆော့ခင်ပွန်းကိုပြစ်မှားလေသည်မဟုတ်။ ရှေးကလည်း ဤနည်းနှင်နှင်ပင် ပြစ်မှားခဲ့ဘူးပြီ....''

ဟု အမိန့်တော်မူ၍ အတိတ်ဆောင် ပြီးလျှင် ''ဒုတိယမက္ကဋ ဇာတ်'' ကိုဟောတော်မူ၏။

## ဒုတိယမက္ကဋဇာတ်

''ရဟန်းတို့ ရှေးအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ငါဘုရားလောင်းသည် တခုသောရွာတွင် ပုဏ္ဏားအမျိုး၌ဖြစ်ခဲ့၏။ ထိုခေတ်ထိုအချိန်က ကာသိတိုင်းတွင် လမ်းဆုံလမ်းမ လမ်းလေးခွ၌ ရေတွင်းကြီး တတွင်းရှိ၏။ အလွန်နက်သောကြောင့် တိရစ္ဆာန်တို့အနေဖြင့် ထိုရေတွင်း၌ ရေကိုမသောက်နိုင်ကြကုန်။ ခရီးသွားသူတို့အထဲမှ ကုသိုလ်လိုလားသူ တို့သည် ထိုရေတွင်းမှ ရေကို ကြိုးရှည်ရေပုံးဖြင့် ခပ်၍ ဇလားထဲလောင်းထည့်ကြပြီး တိရစ္ဆာန်တို့ကို ရေတိုက်ကြကုန်၏။

ရဟန်းတို့။ ထိုရေတွင်း၏အနီး တောအုပ်ကြီးတခု ရှိလေရာ ထိုတောအုပ်၌ များစွာသော မျောက်တို့ နေကုန်၏။ ထိုသမ်း၌ ၄-၅ရက်လောက် လူသွားလူလာ ပြတ်သွားလေ၏။ ထိုအခါ ရေတွင်းမှရေခမ်၍လောင်းထည့်ပေးမည့်သူမရှိသဖြင့် တိရစ္ဆာန်တို့မှာ ရေငတ်သောဘေးဆိုးကြီးနှင့် ကြုံကုန်လေ၏။ မျောက်

www.dhammaransi.com



တကောင်သည် ရေငတ်ခြင်းဒဏ်ကိုသည်းမခံနိုင်သဖြင့် ရေလိုက်ရှာရာက ထိုရေတွင်းသို့ ရောက်သွားလေသည်။

သို့သော် ရေတွင်းထဲမှ ရေကိုမြင်လျှတ်လည်း ခပ်၍မနိုင်သောကြောင့် ရေတွင်းအနီးတွင် ရစ်သီရစ်သီနှင့် ဖြစ်နေ၏။

ရဟန်းတို့ ငါဘုရားအလောင်း ပုဏ္ဏားသည် ကိစ္စ တခုဖြင့် ထိုလမ်းကို ရောက်သွား လေသည်။ ရေတွင်းမှ ရေကို ခပ်၍ သောက်လည်း သောက်၏။ ခြေများကိုလည်း ဆေး၏။ ဤသို့ ခြေဆေးနေရင်းမှ အမှတ်မထင် ထိုမျောက်ကို ငါလှမ်းမြင်၏။ သူ၏ အသွင်ကို မြင်ကာမျှဖြင့် "သည်မျောက် ရေငတ် နေရှာပါကလား" ဟူ၍ ငါအတတ် တွေးမိသည့် အလျောက် ရေတွင်းမှ ရေကိုခပ်၍ ဇလားထဲ ထည့်ပြီး မျောက်ကို ငါ ရေတိုက်ခဲ့၏။ မျောက်အတွက် ရေကို ဇလားထဲ လောင်းထည့် ပြီးနောက် "အပန်း ဖြေဦးအံ့" ဟူ၍ သစ်ပင်တပင် အောက်၌ ငါအိပ်လိုက်၏။

ရဟန်းတို့ မျောက်သည် ငါခပ်ပေးသော ရေကိုသောက်၏။ ရေသောက်ပြီးသောအခါ ထိုမျောက်သည် မနီးမဝေးအရပ်က နေပြီး ငါ့ကို ချောက်လေ တော့သည်။ မျက်လုံးကို ပြူးတူးပြဲတဲလုပ်ပြသည်။ ပါးစပ်ကလည်း ကွီကွီကွီကွီနှင့် နားမခံသာအောင် အော်သည်။ ထိုအခါ ငါက မျောက်ကို လှမ်းပြောလိုက်သည်။

"ဟယ်....မျောက်ပြက်၊ ရေငတ် နေသော သင့်အား
ရေတွင်းမှ ရေကို ခပ်၍ ငါတိုက် ခဲ့၏။ ငါခပ်

www.dhammaransi.com



ပေးသော ရေကို သောက်ပြီး ယခုသင်ကား ငါ့ကို ချောက်ဘိ၏။ မျက်လုံး ကိုလည်း ပြူးပြ၏။ ကွိ ကွိ ကွိ ကွိ ဟူ၍လည်း နားမခံသာအောင် အော်ချေ၏။ သင်ကဲ့သို့ ယုတ်မာသူနှင့် မပေါင်းရခြင်းက မြတ်၏''

ရဟန်းတို့ ဤသို့ မျောက်ကို ငါ လှမ်းပြောသော အခါ မျောက်က ငါ့ကို မည်သို့ ပြန်ပြောသည် ထင်သနည်း။ ''အို.... အသင်လူသား၊ ဤမျှဖြင့် သင်ပြီးပြီထင်သလော။ မျောက်မှာ သီလရှိ၏ ဟူ၍ သင်ကြားဘူးသလော။ သီလရှိသော မျောက်၊ ကျေးဇူးသိတတ်သော မျောက်ကို သင်မြင်ဘူး တွေ့ဘူးသလော။ ယခု ငါသင့်ကို ချောက်ရုံနှင့် မပြီးသေး။ သင်၏ ဦးခေါင်းထက်၌ ပက်ခနဲ ငါချေးပါချလိုက်ဦးအံ့၊ ဤသို့ ပြုခြင်းကား ငါတို့မျောက်များ၏ သဘာဝပေတကား''ဟူ၍ ဤသို့ ငါ့ကို ပြန်ပြောလေသည်။

ရဟန်းတို့ ငါသည် သူ့စကား ကြားလျှင်ကြားခြင်း ရုတ်တရက် အိပ်ရာမှ ထလိုက်၏။ ထိုခဏမှာပင် မျောက်သည် လွှားကနဲ သစ်ပင်ပေါ်တက်ထည့်ပြီး သစ်ကိုင်းတခုမှတခုသို့ ကူးသယောင်ယောင်ပြုရင်းမှ ငါ့ခေါင်းပေါ် ကျင်ကြီးစွန့်ချလိုက်ပြီး ကြွေးကြော် အော်မြည်လျက် တောထဲသို့ ဝင်ပြေး လေ၏။ ငါသည် မျောက်ချေးကို ရေဆေးပြီး ငါသွားစရာ ရှိသည်ကို ဆက်၍ သွားခဲ့၏။ ထိုမျောက်ကား ဒေဝဒတ်အလောင်း ဖြစ်သတည်း။ ရဟန်းတို့ ယခုအခါ၌သာ ဒေဝဒတ်သည် ကျေးဇူး

www.dhammaransi.com



မသိတတ်သည်မဟုတ် ရှေးကလည်း သူသည် ငါ့ကျေးဇူးကို မသိတတ်ခဲ့ချေ။

[ဒုကနိပါတ် ဇာတ်အဋ္ဌကထာ ကလျာဏဝဂ်၊ ဒုဘ္ဘိယမက္ကဋ ဇာတ်-၆၄]။

ဗုဒ္ဓသည် ဤဇာတ်ကို ဒေဝဒတ်အား အကျိုးယုတ်စေလို၍ ဟောတော်မူခြင်းမဟုတ်ဘဲ ရဟန်းတို့ကို ပြောနေသော စကားများနှင့် ဗတ်သက်၍ စကားဆက်အရ ဟောတော်မူခြင်း ဖြစ်လေသည်။ သို့ရာတွင် ဒေဝဒတ် အဖို့ တွင်ကား နံဘေးကို ပိသာလေးနှင့် ထုသကဲ့သို့ ဖြစ်သွားလေ၏။

ဒေဝဒတ်သည် ထိုညက ကိုယ်ပန်း စိတ်ပန်း နွမ်းနယ်လှသည်နှင့် ဓမ္မသဘင်သို့ တက်ရောက်ခြင်းမရှိသဖြင့် ကျေးဇူးကန်း သော မျောက်နှမ်းဇာတ်ကို ကိုယ်တိုင် မကြားရ သော်လည်း နံနက်လင်းသောအခါ၌ကား ဒေဝဒတ် အလောင်း မျောက်ဇာတ်၏ သတင်းမှာ နံနက်ခင်း နေရောင်ခြည်နှင့် အပြိုင် လင်းလေသောကြောင့် ဒေဝဒတ်မှာ မျက်နှာ မပြဝံ့အောင်ပင် ရှက်လည်းရှက် ဗုဒ္ဓအပေါ်၌လည်း အနာကြီး နာလာလေသည်။

"ဗုဒ္ဓသည်ငါ့အပေါ် ရက်စက်လှချေသည်တကား။ နေရာတကာ တိုင်းမှာ လိုလိုပင် သူငါ့ကို အရှက်ခွဲ နေပေလေသည်။ အကယ် တန္တုငါ့မျက်နှာကိုမထောက်ဘူး ဘဲထား။ ငါ၏နှမအရင်းခေါက်ခေါက်ယသော်ဓယာ၏

www.dhammaransi.com



မျက်နှာကို ထောက်ပြီး သလောက်တောင် အရှက်တကွဲ အကျိုးနဲ့ဖြစ်အောင် ငါ့ကို မလုပ်သင့် မပြောသင့်။

သူသည် ဗုဒ္ဓတဆူဖြစ်ပါလျက် ဤနေရာ၌ အဘယ့်ကြောင့် သဗ္ဗညုတ ဆိုသော ဉာဏ်တော်ကို အသုံး မပြုလေသနည်း၊ သူနှင့်ငါ မည်သို့ တော်စပ်လေသနည်း။ ညီအကိုဝမ်းကွဲ ဆွေမျိုးရင်းချာကြီး မဟုတ်ပါလော။ ငါ့အရှက်တကွဲ အကျိုးနဲ့ ဖြစ်ခဲ့သော် သူ့ကိုကော မထိခိုက်ပြီလော....။ သာကီဝင် ဆွေတော် ရှစ်သောင်း မျိုးတော် အပေါင်းတို့၏ ဂုဏ်သိက္ခာကိုကော မထိခိုက်ပြီလော—ဤသည်တို့ကို စဉ်းစားပြီး ငါ့ကိုပြောချင်ဆိုချင်ဦးတော့ သင့်မသင့်ကို ချင့်ချိန်ဘို့ ကောင်းသေးသည်။ ယခုတွင်မူ တဆိတ်ရှိ ဒေဝဒတ်သည် ယခု အခါ၌သာ မိုက်မဲသည် မဟုတ်၊ ဒေဝဒတ်သည် ယခု အခါ၌သာ ကျေးဇူး မသိတတ်သည်မဟုတ်။ ဒေဝဒတ်သည် ယခု အခါ၌ သူတပါးကိုမကောင်းကြံသည် မဟုတ် ဟူ၍ မဟုတ်ခြင်းထပ်အောင် ငါ့ကို ရှုတ်ချနေချေ၏။

ဤမျှ ငါ့အကျိုးကိုမလိုသားသော ဗုဒ္ဓနှင့်ရပ်တန်းကရပ် ဆိုသကဲ့သို့ ငါ့အဆက်ဖြတ်မှ တော်တော့မည်။ ဗုဒ္ဓနှင့် လမ်းခွဲပြီး ကင်းကင်း ရှင်းရှင်း နေမှ တော်တော့မည်။ ငါ့ဗုဒ္ဓနှင့် လမ်းခွဲတော့အံ့''

ဒေဝဒတ်သည် ကောသမ္ဗီပြည်သို့ အရောက် ဗုဒ္ဓနှင့်လမ်းခွဲရန်ကြံစည် လေတော့သည်။ ဗုဒ္ဓနှင့်လမ်းခွဲရေး အတွက် လိုအပ်ချက်များကို စိတ်ကူးဖြင့် ပန္နက်ရိုက်ကြည့် လေသည်။

www.dhammaransi.com



"ငါသည်ဗုဒ္ဓနှင့် လမ်းခွဲလိုက်သည်နှင့် တပြိုင်နက် ကျောက်ခဲကိုရေထဲချလိုက်သည့်အလား ငါ့ဘဝအစုန်းစုန်း မြုပ်မသွားစေသင့်။ ဗုဒ္ဓနှင့် လမ်းခွဲကာမှ ငါ့အရှိန်အဝါ အဘယ်မျှရှိရှိသည်ကိုပြသနိုင်ရမည်။ ဗုဒ္ဓနှင့်ယှဉ်ပြိုင်နိုင်သော အခြေအနေမျိုးရရှိလာအောင် ငါဖန်တီးနိုင်စွမ်း ရှိရမည်။ ဤသို့ဖန်တီးရာ၌ လိုအပ်သည်ကား အင်အားဖြစ်၏။

ထိုအင်အားတွင်ရဟန်းလည်းပါသည်။ မင်းလည်းပါသည်။ ရဟန်းပရိသတ် ပြည့်ပြည့်စုံစုံ၊ မင်းပရိသတ် ပြည့်ပြည့်စုံစုံ ရှိမှ အများ၏မှီခိုရာ ကြည်ညိုရာဖြစ်မည်။

ရဟန်းပရိသတ် ပြည့်စုံရေးအတွက် ငါ့အစွမ်း ငါ့အစဖြင့် ငါစည်းရုံးယူလိုက်လျှင် ခဏလေးနှင့် ဝါဝါဝင်း နေအောင် ရနိုင်သည်။ သည့်အတွက် ငါ့ကိုယ်ငါယုံသည်၊ စိတ်ချသည်၊ အမျိုးအားဖြင့် သာကီမျိုး။ တန်ခိုးအားဖြင့်လည်း အဘိညာဏ်ရရှိထားသူ ဖြစ်သောကြောင့် ငါ့တန်ခိုးနှင့် စည်းရုံး ယူလိုက်သော် ခံနိုင်မည်လော။ ရဟန်း ပရိသတ်သာ မက လူပရိသတ်များလည်း တပရုံကြီး ငါ့နောက်သို့ ပါလာနိုင်သည်။ ပါလာရမည်။

စဉ်းစားဘွယ် ရှိသည်ကား ရာဇာပဓာန် ဆိုသောအတိုင်း ဘုန်းရှိသော မင်းတပါးပါးကို ကျောထောက်နောက်ခံ အပိုင်ရရှိထားဘို့ လိုသည်။

လောကကြီး၏ အလယ်ခေါင်မှာ မီးရှူးတန်ဆောင်းကြီးများပမာ ယနေ့ခေတ်၌ ထိန်ထိန်တောက်လျက် လင်းနေသော

www.dhammaransi.com



မင်းများကား သာဝတ္ထိမှာ ကောသလမင်း၊ ရာဇဂြိုဟ်မှာ ဗိမ္ဗိသာရမင်းနှင့်ဝေသာလီမှာ လိစ္ဆဝီမင်းတို့ အသီးသီးရှိကြသည်။ ယင်းမင်းအားလုံး လိုလိုပင် ဗုဒ္ဓ၏ဥပါသကာချည်း ဖြစ်နေသဖြင့် သူတို့အား ငါ့ဘက်တော်သား ဖြစ်အောင် စည်းရုံးရန်လွယ်ကူအံ့မထင်။ ဗုဒ္ဓ၏စကားက သူ့တို့၏နားတွင် အနည်ဝနေကြပြီးဖြစ်၍ ငါ့စကားကို ထိုမင်းများက နားဝင်ကြတော့မည်မဟုတ်။ စိတ်သစ်ကိုယ်သစ်နှင့် ဘုရင်သစ်ကို ငါရှာမှတော်မည်။

ဒေဝဒတ်၏ အနာဂတ်ဘဝသည် မည်သို့ဖြစ်လေမည် မသိ။ သူကား ကောသမ္ဗီပြည် ရောက်နေချိန်မှစ၍ ဗုဒ္ဓနှင့် လမ်းခွဲရန် အကြံကြီးကြံလေတော့သည်။

သူ့အနေဖြင့် အနာဂတ်ဘဝ အတွက် အမြင်ကျယ်သည်ဟူ၍ပင် ဆိုရပါချိမ့်မည်။ ဗုဒ္ဓကို ''ဘုရားအဖြစ်'' အကြွင်းမဲ့ဝန်ခံပြီး ထိုဗုဒ္ဓ၏ အင်အားမှာ အဘယ်မျှ ကြီးမားကြောင်းကိုလည်းသူသိထားလေသည်။ ထိုကဲ့သို့ အတုမဲ့ လောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူဗုဒ္ဓကို သာမန်ပုဂ္ဂိုလ်တို့ မယှဉ်ပြိုင်နိုင်ကြောင်းကိုလည်းသူကောင်းစွာ နားလည်ထားပြီးဖြစ်သည်။ အခြားသူများဗုဒ္ဓနှင့်မယှဉ်နိုင် မပြိုင်နိုင်သော်လည်း ငါပြိုင်အံ့။ သူကောဘာလဲ၊ ငါကောဘာလဲ။ သူလည်းသာကီ၊ ငါလည်းသာကီမဟုတ်လော့'' ဟူ၍ ကြုံးဝါးလျက် ဒါယကာ အဖြစ်အားကိုးအားထား ပြုလောက်သော လျှမ်းလျှမ်းတောက် မင်းတပါးပါးကို ရှာကြံလေသော အခါ ရာဇဂြိုဟ် ပြည်ကြီးရှင်

www.dhammaransi.com



ဘုရင်ဗိမ္ဗိသာရ မင်းကြီးနှင့် ဝေဒေဟီမိဖုရားကြီး တို့မှ ဖွားသော အဇာတသတ် မင်းသားကို သွား၍ မြင်လေသည်။ အဇာတသတ် အကြောင်းကို တွေးရင်းတွေးရင်းမှ သူ့အကြံအစည်ကို အလွန်အဘောကျသည့် လက္ခဏာများ ပေါ်လာသည်။

"အဇာတသတ်သည် ငယ်လည်း ငယ်သည်။ မင်းပျိုမင်းလွင် မင်းသားနုကလေး ဖြစ်သည်။ သူ့ခမည်းတော်နှင့် အတူ ရံခါရံခါ ဘုရား ကျောင်းတော်သို့ လိုက်သွားသော်လည်း ဗုဒ္ဓအပေါ်၌ သူ့ခမည်းတော်ကဲ့သို့ စွဲစွဲလမ်းလမ်း ကြည်ညိုခြင်း မရှိသေး။ ဗုဒ္ဓကို ဆရာအဖြစ်ဆည်းကပ်၍ ဗုဒ္ဓထံ တပည့်ခံထား သူလည်း မဟုတ်သေး။ သူသည် အခြားအခြားသော မင်းသားများနှင့် မတူ အလွန် စိတ်ထက်သော မင်းသား ဖြစ်သည်။ သူ့စိတ်ကမထင်လျှင် မထင်သလို ဇက်ရဲလက်ရဲ လုပ်မည့်သူဖြစ်သည်။

တခါတုန်းက သူ့ခမည်းတော်က သူ့ကို ဇောတိက သူဌေးကြီးအိမ်သို့ ခေါ်သွားခဲ့ ဘူးသည်။ ဇောတိက သူဌေး၏ ကြီးကျယ်ခမ်းနား လှစွာသော စည်းစိမ်းကို မြင်ရသောအခါ သူသည် အလွန်အံ့အားသင့် သွားလေသည်။ သူ့အထင်က ဤရွှေ ဤမြ ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဗိမာန်မျိုးဆိုသည်မှာ

www.dhammaransi.com



သူတို့ကဲ့သို့သော မင်းသားများ ခံစားထိုက် သည်ဟု အထင်ရောက်ပြီး ဤစည်းစိမ် ဤအဆောင် အယောင်နှင့် ဤဗိမာန်မျိုးကိုဘုရင်မင်းတရားမှတပါး မည်သူမျှ မခံစားထိုက်ဟုသဘောပေါက်ပြီးကာ....

"ငါ့ခမည်းတော်ကား ညံ့ဘိစွ။ မိမိကျေးကျွန်ဖြစ်သူ ဇောတိကသည် ရတနာဖြင့်ပြီးသော ဗိမာန်၌နေဘိသည်။ ငါ့ခမည်းတော်မှာ ပြည့်ရှင်မင်းကြီးဖြစ်ပါတုံလျက် သစ်သား နန်းတော်၌ နေရ၏။ ငါသာရှင်ဘုရင်ဖြစ်ဘိ မူကား ဇောတိကကိုသတ်၍ သူ့စည်းစိမ်အားလုံးကို သိမ်းပိုက်အံ့"ဟု ဝံ့ရဲစွာကြံဘူးသော မင်းသားပေတကား။

ငါ့အတွက်ထိုထက်ပင် မျှော်လင့်စရာ အလားအလာ ရှိပေသည်ကား....

"ဤမင်းသားကိုမဖွားမီကတည်းကပင် အဖကိုသတ်သောသားဖြစ်လတံ့ဟု ပုဏ္ဏားတော်များက နိမိတ်ဖတ်သည်ဟု ကြားရသည်။ ယခုအချိန်တွင် သူ၏ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကား ဒါယကာတို့ဘက်မှ ဗုဒ္ဓ၏မဏ္ဍိုင်ကြီး ဖြစ်ချေသည်။ သည်မဏ္ဍိုင်ကြီးကို သူ၏သား အဇာတသတ်အား အချိုင်ခိုင်း ရသော် အဖသတ်သား" ဟူသော နိမိတ်ဖတ်ချက်များနှင့် ကိုက်ညီသွားမည်။ အရင်းလဲ အဖျားထင်းဖြစ် ဆိုသကဲ့သို့ ဗိမ္ဗိသာရမင်းကြီး ကျဆုံးသွားလျှင်သူ၏ လက်ပါးစေ

www.dhammaransi.com



များကလည်း လုပ်ဝံ့ကြတော့မည် မဟုတ်။ အဇာတသတ် နန်းတက်၍ ဘုရင်လုပ်ရန်သာ ရှိတော့သည်။ အဇာတသတ် မင်းသား ဘုရင်ဖြစ်လာသည်နှင့် အမျှ ငါ့ဘဝသည်လည်း တလျှမ်းလျှမ်းနှင့် စန်းထလာအံ့"

ဤသို့စဉ်းစားရာက ဒေဝဒတ်သည် အဇာတသတ်မင်းသားကို မိမိ ရင်ခွင်ပိုက် မင်းသား ဖြစ်လာအောင် သိမ်းသွင်းရန် ဆုံးဖြတ် လိုက်သတည်း။ အဇာတသတ် မင်းသားကို မရလျှင် ရသည့်နည်းဖြင့် ငါ့အလိုကျ ဖြစ်လာအောင် ငါသိမ်းသွင်းအံ့ တူပေ၏။

ဤသို့ အကြံပြု ဆုံးဖြတ်လိုက်ပြီးသည့် နောက်တွင် "ကောသမ္ဗီပြည်မှ ဒေဝဒတ် ပျောက်သွားသည်" ဟူသော သတင်းဂယက်များ ထွက်လာလေသတည်း။ "ဒေဝဒတ်သည် ဘုရားသခင့်ထံ ပန်ကြားခြင်း မပြုလေဘဲ အဘယ်ကိုများ ထွက်ခွါသွားလေဘိ" ဟူ၍ ရဟန်းသံဃာတော်များ လောက၌ ဟိုအနားသည်အနား စကားတွတ်တွတ် ပြောဆိုလျက် ရှိနေကြကုန်၏။

www.dhammaransi.com

# ၇

'ဟော့-ကြည့်ကြစမ်း၊ မိုးပေါ်မှာ လူ-လူ-လူပုံဟော့"

"ဟုတ်သဟော့ အား....မြွေကြီး နှစ်ကောင်ကို လက်တဘက် တချက်ဆုပ်။

ပြီးတော့ ခြေထောက်မှာလဲ မြွေတကောင်စီ၊ ခေါင်းပေါ် မှာလဲ မြွေကြီးတကောင် ပါးပျဉ်းကြီး ထောင်လို့ပါလား။

ရာဇဂြိုဟ် မြို့သူမြို့သား တို့သည် မိုးပေါ်က ဖိုးလမင်းကြီး ကြည့်နေကြသည့် အလား ကောင်းကင် ပေါ်မှ ထူးဆန်းသော လူပုံကို ကြိတ်ကြိတ်တိုးမျှ ကြည့်နေကြကုန်သည်။ ကောင်း ကင်ပေါ်က လူပုံကလည်း မြွေအလမ္ပါယ်အလား မြွေများကို ကစားပြလေရာ လူအပေါင်းတို့မှာ သြဘာလက်ခုပ်သံတဖြောင်း ဖြောင်းနှင့် ကောင်းချီးပေးကြကုန်လေ၏။

www.dhammaransi.com



"ဟေး-အာကလူ၊ တကယ့်လူ၊ အိုဘယ့်လူ၊ ဘယ့်လူပါ ကလားဟေ့၊ အသက်ကလေးက ငယ်ငယ်အံ့ဘွယ်သရဲထူးကဲတဲ့ လူပါကလား"ဟူ၍ အံ့သြမခန်း ချီးမွမ်းမဆုံးနိုင်အောင် ရှိနေကြကုန်၏။

"ဟာ ကြည့်နေရင်း မျက်စိ အောက်က ပျောက်သွားပြီ ဟေ့..."

"ဟင်..ဟုတ်ပ။ ဘယ်ရောက်သွားတယ် မသိဘူး"

ဤအသံများသည်သည်း ထိုလူထုပရိသတ်ကြီးထဲမှ တခဲနက် ထွက်လာသော အံ့သြခြင်း အာမေဍိတ်သံများ ဖြစ်ကုန်၏။

မှန်ပေသည် မိုးပေါ်က မြွေတွေ တဆုပ်ကြီးနှင့် လူပျံသည် လူအုပ်ကြီးထဲ ကြည့်နေဆဲ မှာပင် သူတို့ မျက်စိ အောက်က ပျောက်သွားသောကြောင့် ဒုတိယမ္ပိ အံ့သြကြရပြန်ကုန်လေ၏။ မိုးပေါ်က မြွေကြီးတွေနှင့် လူပျံကား အဘယ်ဘုံက အဘယ် မည်သောသူ ဖြစ်လေသနည်း။ သူ အခု ဘယ်ကို ရောက်သွားလေသနည်း။

ထိုအချိန်တွင် နန်းတော်တွင်း၌ အဇာဘာသတ် မင်းသား ကလေးအား ကချေသည် များက အဆို၊ အက၊ တို့ဖြင့် ဖျော်ဖြေလျက် ရှိနေလေရာ။ အဇာတသတ် မင်းသားမှာ ကချေသည် တို့၏ က၊ ကြိုး၊ က၊ကွက်ကို မမိုတ်မသုန် အာရုံ ဝင်စားလျက် ရှိနေ၏။ ထိုသည့်ခဏဝယ် ထန်းပင်ထက်မှ ထန်းသီး ကြွေကျ သည့်ပမာ ထိုမိုးပေါ်က လူပျံသည် မြွေကြီးတွေကို ဆုပ်ကိုင် လျက် ဖုတ်ကနဲ အဇာတသတ် မင်းသား၏ရှေ့သို့ ကျလာသော

www.dhammaransi.com



ကြောင့် ကခြေသည်များနှင့် အထိန်းတော်တို့မှာ ကြောက်လန့်တကြား ကတိုက်ကရိုက်လန့်၍ ထွက်ပြေးကြကုန်လေ၏။ အဇာတသတ် မင်းသားကလေးမှာကား မိမိ ရေ့မှောက်သို့ ရောက်ရှိနေသဖြင့် ပြေးပေါက် မရဘဲ ထိုမြွေကြီး များနှင့် လူပုံကိုသာ အထိတ်တလန့် မျက်လုံးအပြူးသားနှင့် ရပ်ကြည့်နေရလေ၏။ ကြောက်လန့်စိတ်က ဖိနှိပ်ထားသောကြောင့် အော်ရမည်ကိုပင် သတိမရတော့အောင် ဖြစ်နေလေ၏။

''ဟင်....မြွေ....မြွေ''

လူပုံ၏ ခေါင်းပေါ်နှင့် လက်ခြေတို့မှ မြွေများကို ကြည့်ကာ—

''မြွေ....မြွေ'' ဟူ၍ အသံမထွက်တထွက် ညည်းတွား နိုင်ရှာလေ၏။ အဇာတသတ်မင်းသား၏ ထိတ်လန့်မှုရာကို ကြည့်ကာ ထိုလူပုံက သဘောကျသည့်အသွင်ဖြင့် ပြုံးစိစိနှင့် ကြည့်နေလေသည်။ ထိုလူပုံနှင့် အဇာတသတ်မှာ အရပ် အမောင်းအားလည်း မတိမ်းမယိမ်း။ အသက် အားဖြင့်လည်း သက်တူရွယ်မျှလောက်ပင်ရှိ၏။ နန်းယင်ပြင်၏ အလယ်ဝယ် မင်းသားကလေးနှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေသကဲ့သို့ ထင်ရ၏။

''အသင်မင်းသား ကြောက်သလော'' ဟု လူပုံကမေး၏။ အဇာတသတ်မင်းသားက မျက်လုံးကလေး ကလယ် ကလယ်နှင့် ''ကျွန်ုပ်အလွန် ကြောက်ပါသည်။ အသင်မည်သူပါ သနည်း။ နတ် လော, သိကြားလော, နဂါးလော, ယက္ခ ကုမ္ဘဏ်လော'' ဟု မေးလျှင် ထို လူပုံက ရုတ်တရက် အဖြေ မပေးဘဲ အဇာ

www.dhammaransi.com



တသတ်အားရယ်ရွှင်ပြုံးတုံ မပြုံးတုံ အမူအရာဖြင့် ကြည့်နေကာ နေလေသည်။

"အသင် မည်သူပါနည်း။ အဘယ့်ကြောင့် ဤနန်းတွင်းသို့ ဝင်လာဘိသနည်း ဆိုပါလော့"

အဇာတသတ်မင်းသားက အသံတုံတုံ ရီရီနှင့် မေး၏။

"အသင်မင်းသားမကြောက်လင့်။ ငါကား ကျောက်ဘွယ် လူမဟုတ် အသင်မင်းသားအား ချီးမြှောက်လိုသည့် အတွက် ငါလာခြင်း ဖြစ်ပေသည်"

"သို့ဖြစ်ဘိသော်.... အသင် မည်သူ မည်ဝါဖြစ်ကြောင်းကို ကျွန်ုပ်အား ပြောပြပါလော့။ အသင်၏မြွေများ ကိုလည်း ငြိမ် သက်အောင် ပြုပါလော့။ ကျွန်ုပ် အလွန်ကြောက်ရွံ နေပါ သည်"ဟု ဆိုလေသော်ထိုလူပျိုကသူ၏ဇာတိကို ဖွင့်ထုတ်လျက် မြွက်ကြားလေသည်ကား....

"အသင်မင်းသား။ ငါကား အခြားသူမဟုတ်။ ဒေဝဒတ် တည်း"ဟုဆိုသော် အဇာတသတ် မင်းသားမှာ ပို၍ အံ့အား သင့်သွား လေသည်။

"အသင် မဆိုစကောင်းသည်ကို အဘယ့်ကြောင့် ဆိုတုံဘိ သနည်း။ ဒေဝဒတ်ကားရဟန်းဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာ သိပေသည်။ အသင်သည် ရုတ်တရက်ဗြုံးကနဲနန်းထဲသို့ကောင်း ကင်မှကျလာသည်ကိုထောက်က လူမဟုတ်တန်ရာ နတ်လော၊ သိကြားလော၊ နဂါးလော့ ငါ့အား ဆိုပါလော့။ အသင်ဆို

www.dhammaransi.com



ပေးသည့်အတိုင်း ဒေဝဒတ်ပြောသည်ကို အဘယ်သို့လျှင် ကျွန်ုပ်ယုံနိုင်ပါချိမ့်နည်း....”

ဤသို့ အဇာတသတ်က ပြောလေ။ ထိုလူပျို ကသဘောကျလေသော အမူအရာဖြင့် ခေါင်းတညိတ်ညိတ်နှင့် အဇာတသတ်ကိုကြည့်နေ၏။

“အသင် မင်းသား။ ငါ့စကားကို မယုံသော် သင်ရှုဘိလော့”ဟု မင်းသားအား စိတ်ဝင်စားစွာ ရှုစေပြီး သူ၏ရှေ့မှောက်မှာပင်မြွေနှင့် လူပျိုအသွင်ကို ဖျောက်လျက် ပရိက္ခရာရှစ်ပါးလွယ် အရှင်ဒေဝဒတ်၏ ပကတိအသွင်ကို ပြလေသော အခါ အဇာတသတ်မင်းသားမှာ များစွာ အံ့အားသင့်လျက် လက်နှစ်ဖက်ကို ယှက်မိုး၍ ရှိခိုးကာ ဒေဝဒတ်၏ ခြေရင်း၌ ဒူးတုပ်ကာ....

“အရှင်ဒေဝဒတ်ဘုရား ကြီးမားသော တန်ခိုးရှိပါပေစွ။ နာနာဘာဝ အသွင်ထူး အသွင်ဆန်း များကို တန်ခိုးတော်ဖြင့် ဖန်ဆင်းနိုင်စွမ်း ရှိတော်မူ ပါပေစွ။ ခမည်းတော် ဘုရားကြီး အမြတ်တနိုး ကိုးကွယ်ထားသော ဗုဒ္ဓရှင်တော် ဘုရားသော်မှပင် အရှင်ဘုရားကဲ့သို့ တန်ခိုးမပြနိုင်။ ယနေ့မှစ၍ တပည့်တော်အား ဒကာရင်းဟူ၍ မှတ်တော်မူပါဘုရား”

ဒေဝဒတ် ပစ်ခွင်း လိုက် သော မြှား ချက် သည် အဇာတသတ် မင်းသား၏ နှလုံး သည်းပွတ်ကို တချက်တည်း နှင့် ဆွတ်ချူယူငင်လိုက်လေပြီတည်း။

www.dhammaransi.com



အဇာတသတ်မင်းသားအား အလိုသို့ပါအောင် ဆွဲဆောင် သိမ်းသွင်းရန်ဟူသော ပထမဇီမံကိန်းကြီးမှာ အရာနှင့်ထင်ထင် အောင်မြင်သွားလေ ပြီတည်း။

ထို့ကြောင့် အဇာတသတ် မင်းသားသည် ဂယာသီသအရပ် တွင် မိုးပါးနီးနီး ကျောင်းတော်ကြီးများကို အဆောတလျင် တည်ဆောက်စေလျက် အရှင်ဒေဝဒတ်အား ဆရာအမှတ်ဖြင့် ကိုးကွယ်လေ၏။ နေ့စဉ် ဆွမ်းအုပ် ငါးရာကို "နိစ္စဘတ်ဝတ်ပြု၍" လှူဒါန်းပြီး၊ နံနက်တခေါက် ညနေတခေါက် တနေ့လျှင် နှစ်ခေါက်ကျရထားငါးရာဖြင့်ကိုယ်တိုင်ထွက်၍ အရှင်ဒေဝဒတ် အား ဖူးမြော်ခြင်း ပြုလေတော့ရာ ဒေဝဒတ်အဖွဲ့မှာလည်း ဝမ်းသာမဆုံး တပြုံးပြုံးနှင့် ရှိနေတော့၏။

"အရှင်မင်းကြီး။ အရှင်မင်းကြီး၏သားတော်သည်၊ ဂယာ သီသအရပ်တွင် ကျောင်းတိုက်ကြီးတည်လျက် အရှင်ဒေဝဒတ် အား ဆရာအမှတ်ဖြင့် ကိုးကွယ်၍နေ့စဉ် ဆွမ်းအုပ် ငါးရာကျ ကို ပို့လှူလျက်ရှိနေပါသည်။ ဘုရားသခင် ရှိတော်မူလျက်နှင့် ဘုရားသခင်အား ပန်ကြားခြင်းမပြုလေဘဲ။ ယခုကဲ့သို့ တသီး တခြားနေခြင်းမှာ ဘုရားသခင်ကို ဆန့်ကျင်ရာကျသဖြင့် အရှင် ဒေဝဒတ်အနေဖြင့်လည်း ဤသို့မပြုသင့်ပါ။ အရှင့်သား အနေ အားဖြင့်လည်း ခမည်းတော် အထင်အရှား ရှိနေပါလျက်နှင့် ခမည်းတော်အား ပန်ကြားသမှုမပြုလေဘဲ သူထင်ရာကို ပြုမူ လိုက်ခြင်းမှာ သင့်လျော်အံ့မထင်ပါ။ သားတော်ကို ခေါ်၍ ဆုံးမအော်မူပါဦး အရှင်မင်းကြီး"

www.dhammaransi.com



ဤသို့ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား မှူးမတ်များက လျှောက်ထား အစီရင်ခံကြလေသောအခါ

“အရှင်ဒေဝဒတ်ကိုကား ငါမပြောလို ပြောစရာအကြောင်းလည်း ငါ့မှာမရှိ။ ငါ့သားတော်နှင့် ပတ်သက်သော ကိစ္စကိုသာ ငါဆိုပေအံ့။ ကျောင်းဆောက်၍ လှူသည်မှာလည်းကုသိုလ်ရသော ကိစ္စပင်ဖြစ်သည်။ ဆွမ်းလှူသောကိစ္စများလည်း ကောင်းသောအမှုကို ပြုခြင်းပင်ဖြစ်သည်။ ရှင်ဒေဝဒတ်ကို ငါ့သားတော် ကိုးကွယ်ခြင်းမှာလည်း သူမြတ်နိုးရာကို ကိုးကွယ်ခြင်းဖြစ်၍ ငါ့အနေဖြင့် မဟန့်တားစကောင်း။ ကိုးကွယ်ခြင်းသည် အကုသိုလ်အလုပ်မှ မဟုတ်ဘဲမင့်ဟာသူမြတ်နိုးရာကို လွတ်လပ်စွာ ကိုးကွယ်စေလားကွယ်ရို့”

သားတော်ကို လွန်စွာ ချစ်မြတ်နိုးတော်မူလှသော ခမည်းတော် မင်းကြီး၏ နှုတ်တော်မှ ထွက်သောစကားကြောင့် ဤပြဿနာမှာ ဤတွင်ပင် ရပ်သွားရလေတော့ရာ။

ထိုအခါ ရာဇဂြိုဟ်ပြည်တွင် အရှေ့ကျောင်း အနောက်ကျောင်း ဆိုသကဲ့သို့ ဘုရား သီတင်းသုံးတော်မူသော ဝေဠုဝန်ကျောင်းကတကျောင်း၊ ဒေဝဒတ်သီတင်းသုံးသော ဂယာသီသကျောင်းဟူ၍ ကျောင်းတိုက်ကြီးနှစ်တိုက် အပြိုင်ပေါက်လျက် ရှိလာသည်နှင့်အမျှ ဂိုဏ်းဂဏ အနေအားဖြင့်လည်း ဗုဒ္ဓဂိုဏ်းကတဂိုဏ်း ဒေဝဒတ်ဂိုဏ်းကတဂိုဏ်း ဖြစ်လာသတည်း။

ဤတွင် “အပ်သွားရာ အပ်ချည်ပါ”ဆိုသကဲ့သို့ ကိုးကွယ်ကြကုန်သော ဒကာ ဒကာမတို့အနေအားဖြင့်လည်း ဗုဒ္ဓကို ကိုး

www.dhammaransi.com



ကွယ်သော အသိုင်းအဝိုင်းကတမျိုး ဒေဝဒတ်ကို ကိုးကွယ်သော အသိုင်းအဝိုင်းကတမျိုး၍သို့အားဖြင့် နှစ်မျိုးနှစ်စား ဖြစ်လာသတည်း။

ဒေဝဒတ်၏ စီမံကိန်းများမှာ တဆင့်ပြီးတဆင့်၊ အောင်ပြီးရင်း အောင်ရင်း ဟူ၍ပင် ဆိုရလောက်အောင် အခြေအနေက ပေးလာသည်။ အဇာတသတ်မင်းသားက နေ့စဉ်ဆွမ်းအုပ်ငါးရာ ပို့လှူသဖြင့် ဆွမ်းကွမ်းကိစ္စမှာ ဘုံဘောလအော စားမကုန်နိုင်အောင်ပင် ပေါများလျက် ရှိနေ၏။ စားပေါက် ချောင်ချောင်နှင့် စားလိုသော အချို့ရဟန်းများသည် ဒေဝဒတ်ဂိုဏ်းသို့ ခြေစုံပစ်ဝင်လာကုန်သောကြောင့် ဒေဝဒတ်မှာ သံဃာပရိသတ်များမှုအတွက် အထူးတလည် စည်းရုံး၊ သိမ်းသွင်းခြင်း ပြုမနေရတော့ဘဲ ဆွမ်းကွမ်းတန်ခိုးကြောင့် အလိုလို တိုးလျှိုးဝင်ရောက်လာကြသဖြင့် ဒေဝဒတ်မှာ နက္ခတ်တာရာများ ရံဝန်းသည့် ဝေရှန်းစန္ဒာ ဖိုးလမင်းကြီးပမာ ဖြစ်လာသည်။

ဒါယကာဘက်ကဆိုလျှင်လည်း အဇာတသတ် မင်းသားမှာ အရွယ်ရောက်စ ရွှေဘုန်းတော် တောက်ပစ အခါသမယဖြစ်သောကြောင့် မင်းလိုလိုက် မင်းကြိုက်ခစားရမည်ဆိုသောဆောင်ပုဒ်အတိုင်း အဇာတသတ်မင်းသား ကိုးကွယ်ရာ အရှင်ဒေဝဒတ်ဆီသို့သာ ဦးညွတ်ကြလေသောကြောင့် ဒကာ ဒကာမပရိသတ်မှာလည်း တနေ့တခြားဆိုသလိုပင် တောင့်တင်းလာလေသည်။

ထိုအခါ မယုံနိုင်လောက်အောင်ပင် အရှိန်အဟုန်နှင့် တိုးတက်လာသော သံဃာအင်အားထု အဇာတသတ် မင်းသားစသော ဒကာ ဒကာမအသိုင်းအဝန်း အင်အားထုကို အကြောင်း

www.dhammaransi.com



ပြု၍ "ဗုဒ္ဓကို ပယ်ရှားကာ ငါ့ဘုရားပြုအံ့။"ပက်စက်စွာ ကြံစည်သာလေတော့သည်။ ဤအကြံဖြစ်လာသည်နှင့် တပြိုင်နက်သူ ရှေးက ရရှိထားသော လောကီအဘိညာဏ် စျာန်တို့ကား ရေတွင်ကျသော မီးပေါက်ကဲ့သို့ ပျောက်ပျက်သုဉ်းဖျင်းကုန်လေ၏။ ဤသည်ကိုကား ဒေဝဒတ်သည် မသိရှာလေ။

× + ×

"အရှင်မွေး၊ နေ့ချင်းကြီး" ဆိုသကဲ့သို့ အဖြစ်အပျက်ကား မယုံကြည် နိုင်လောက် အောင်ပင် မြန်ဆန်လွန်း လှသည်။ ကောသမ္ဗီပြည်သို့ ဗုဒ္ဓကြွရောက်တော်မူသည့် အချိန်ပိုင်းကာလပိုင်းကလေးအတွင်းမှာပင် ရာဇဂြိုဟ်ပြည်၌မကြုံဘူး အံ့မူလောက်အောင်ထူးကဲသော ပြောင်းလဲမှုများဖြစ်လာသည်။ ဂယာသီသအရပ်တွင် အဇာတသတ် မင်းသား၏ ဖန်တီးချက်အရ ရောမကျောင်းတော်ကြီးများ ပေါ်လာသည်။ ဒေဝဒတ်သည်လည်း "ဗုဒ္ဓမှပြန်ရောက်လာစေ။ သံဃာ့ပရိသတ်ကိုငါ့ရအောင်ဆောင်ယူမည်" ဟူ၍ တကဲကဲနှင့် ရှိနေသည်။

နေရာကား ကောသမ္ဗီပြည် အချိန်ကား နံနက်အာရုဏ်တက်အချိန် ဖြစ်လေသည်။ ဘုရားသခင်သည် မျက်နှာသစ်နေ၏။ ထိုအချိန်တွင် အရှင်မောဂ္ဂလာန်သည် တစုံတခုကို အရေးတကြီးလျှောက်ထားရန်ရှိသဖြင့် ဘုရားသခင် မျက်နှာသစ်၍ အပြီးကို

www.dhammaransi.com



စောင့်နေ၏။မျက်နှာသစ်၍ပြီးလေသောအခါအရှင်မောဂ္ဂလာန်သည် ဗုဒ္ဓ၏အပါးသို့ ချဉ်းကပ်၍ ဤသို့ နားတော်လျှောက်လေ၏။

"အရှင်ဘုရား။ ညက တပည့်တော်၏ဒါယကာ ဖြစ်ခဲ့ဘူးသူ ကုက္ကုဋနတ်သားက လာရောက်၍ တပည့်တော်အားလျှောက်ထားသွားပါသည်။ သူကလျှောက်ထားသွားသည်မှာ....

ယခုအခါ ဒေဝဒတ်သည် အဇာတသတ် မင်းသားအားအလိုသို့ ပါအောင် ဖြားယောင်း သိမ်းသွင်းပြီး ဂယာသီသအရပ်၌ ဂဏအဖွဲ့အစည်းဖြင့် သီးခြားနေလျက် ရှိကြောင်း။ ဗုဒ္ဓကို ပယ်ရှား၍ သံဃာကို အရ ဆောင်ယူအံ့ ဟူ၍ ကြံစည်ကြောင်း။ ထိုသို့ကြံစည်သောခဏမှာပင် နဂိုရ်ကရရှိထားသောစျာန်အဘိညာဏ်များ ပျောက်ကွယ် သုံးဖျဉ်း ကုန်ကြောင်း" လျှောက်ထားလှာပါသည် ဟူ၍ နားတော် လျှောက်လေ၏။

ထိုအခါ ဗုဒ္ဓက မိန့်တော်မူသည်ကား....

"ချစ်သားမောဂ္ဂလာန်၊ ထိုစကားတို့ သင်မယုံမရှိလင့်။ သင့်ကို လာရောက်လျှောက်ထားသွားသော ကုက္ကုဋ နတ်သားကားသူတပါး၏စိတ်နေ သဘောထားကို သိသော 'ပရစိတ္တဝိဇာနနဉာဏ်'ကိုရရှိသော နတ်သားဖြစ်ပေ၏။ ဒေဝဒတ်အား မနာလိုစိတ်ဖြင့် သူလျှောက်ထားသည် မဟုတ်မှန်သည်ကို သိစေလို၍ သင့်အား လာရောက်သူ လျှောက်ထားခြင်းသာဖြစ်၏။

ဤကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ မြွက်ဆိုခြင်း မပြုလေဘဲ သင်ဆိတ်ဆိတ်သာ နေဘိလေဦး။ မကြာမြင့်မီ ကာလအတွင်း

www.dhammaransi.com



မှာပင် ထိုဖြစ်ရပ်ကားထင်ရှားလတံ့ဟု မိန့်တော်မူပြီးနောက် ဆက်၍မိန့်မြွက်တော်မူပြန်သည်ကား....

"ချစ်သားမောဂ္ဂလာန်။ ဤလောက၌ အပူဇော်ခံ ဆရာကား ငါးမျိုးပြား သတည်း။ ငါးမျိုးဟူသော်ကား ..."

(၁) အကြင်ဆရာသည် မိမိ၌စင်ကြယ်သော သီလ မရှိပါဘဲလျက် သီလ ရှိဟန်ဆောင်၏။ သူတပါးအား ကဲ့ရဲ့ရှုတ်ချလျက် မိမိသာသီလရှိသူဟုဝန်ခံပြီး အခြံအရံ အလုပ်အကျွေးများအောင် သွေးဆောင် ဖြားယောင်း ခြင်းပြု၏။ ထိုကဲ့သို့သော ဆရာကတမျိုး။

(၂) အကြင်ဆရာသည်မိမိ၌စင်ကြယ်သောအသက် မွေးခြင်းမရှိပါဘဲလျက် ရှိဟန်ဆောင်၏။ သူတပါးအား ကဲ့ရဲ့ရှုတ်ချလျက် ဖြူစင် မြင့်မြတ်သော အသက်မွေး ခြင်းငါ့မှာရှိသည်ဟု ဝန်ခံပြီး အပူဇော်ခံ၏။ ထိုကဲ့သို့ သောဆရာကတမျိုး။

(၃) အကြင် ဆရာသည် မိမိ၌ မစင်ကြယ်သော အယူဝါဒ တရားဒေသနာ ရှိပါလျက် စင်ကြယ်သော အယူဝါဒရှိဟန်ဆောင်၏။ သူတပါးအား ကဲ့ရဲ့ရှုတ်ချ လျက် မှန်ကန်သော အယူဝါဒ၊ မွန်မြတ်သော တရား ဒေသနာတော် ငါ့မှာရှိသည်။ ဝန်ခံပြီးအပူဇော်ခံ၏။ ထိုကဲ့သို့သော ဆရာကတမျိုး။

www.dhammaransi.com



(၄) အကြင် ဆရာသည် မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်ရှိပါလျက် စင်ကြယ်သော ဉာဏ်အမြင်ရှိ၏။ ဝန်ခံပြီးအခြံအရံများအောင်သွေးဆောင်ဖြားယောင်း၏။ ထိုကဲ့သို့သော ဆရာကတမျိုး။

(၅) အကြင် ဆရာသည် မစင်ကြယ်သော ဗျာကရဏ်းသင်ခြင်းရှိပါလျက် စင်ကြယ်သောဗျာကရဏ်း သင်ခြင်းငါ့မှာရှိ၏ဟုဝန်ခံပြီး အခြံအရံများအောင် သွေးဆောင် ဖြားယောင်း၏။ ထိုကဲ့သော ဆရာက တမျိုး။

ချစ်သားမောဂ္ဂလာန်။ ဤသို့အားဖြင့် ဆရာငါးမျိုးဖြစ်သတည်း။

ထိုဆရာတို့အား မိမိတို့ တပည့်များက ပင်လျှင် "မည်သို့သောဆရာနည်း" ဟူ၍ ဆင်ခြင်ကာမျှနှင့်ပင် သိနိုင်၏။ ထိုသို့ သိလေသောအခါ အရိုအသေတန်ကုန်ရုံမက အများ၏ ကဲ့ရဲ့စရာဖြစ်ကုန်လေ၏။

ချစ်သား မောဂ္ဂလာန်။ ငါဘုရားကား စင်ကြယ်သော အကျင့်ဟု ဆိုအပ်သော ပါတိမောက္ခသံဝရသီလစင်ကြယ်သော အသက်မွေးခြင်းဟု ဆိုအပ်သော အာဇီဝပါရိသုဒ္ဓိသီလ။ စင်ကြယ်သော အယူဝါဒ၊ တရားဒေသနာ၊ ဗျာရဏ်းသင်ခြင်း၊ စင်ကြယ်သော ဉာဏ်အမြင် ရှိသော ငါသည် စင်ကြယ်သန့်ရှင်း အပြစ်

www.dhammaransi.com


ကင်းသောသီလ၊ အာဇီဝ၊ ဓမ္မဒေသနာ၊ ဝေယျာ ကရဏ၊ ဉာဏဒဿနရှိ၏ဟု ဝန်ခံသတည်း။

ထို့ကြောင့် တပည့်သာဝကတို့သည်လည်း ၄ ါအား အတိဂါရဝ၊ ပသံသတို့ဖြင့် ဆည်းကပ်ကြကုန်သတည်း။

"ပန်းသတင်းလေညှင်းဆောင်၊ လူသတင်းလူချင်းဆောင်"

ဟူ၍ အဆိုရှိ သော်လည်း ဤဒ္ဓမူကား လူသတင်းကို နတ်က ဆောင်ကြဉ်းလာသဖြင့် ဒေဝဒတ်၏ ပုတ်စက်သော အကြံကို ဗုဒ္ဓနှင့်တကွ အရှင်မောဂ္ဂလာန်တို့ ဦးဦးဖျားဖျားသိနှင့် ကုန်ပြီ တည်း။ ဒေဝဒတ်သည် ရှေ့သို့ဆက်၍ မိမိအကြံကို မည်သို့ အကောင်အထည်ပေါ်အောင် ဖော်လေဦးမည်နည်း။

× × ×

"အရှင်ဘုရား ဗုဒ္ဓသည် ဝါဆိုမှီ ကောသမ္ဗီပြည်မှ ဤ ရာဇဂြိုဟ်သို့ ပြန်ကြွလာမည်ဆိုသော သတင်းကို အတိအကျ တပည့်တော် ကြားသိရပါသည်။

ဗုဒ္ဓပြန်ရောက်လာခဲ့သော် ဤရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓကတ ပက္ခ၊ အရှင်ကြီး ဒေဝဒတ်က တပက္ခ ဤသို့နှစ်ပက္ခကွဲလျှင် သင့်အံ့မ ထင်ပါ။ တခုတည်းသော ရွှေဂူ၌ ခြင်္သေ့မင်းကြီး ၂ကောင် အောင်းနေသည့်သဘောမျိုး မဖြစ်သင့်ပါ။ အရှင်ဘုရားသည် လည်း သာကီဝင် ဗုဒ္ဓသည်လည်း သာကီဝင် သာကီဝင်အချင်း

www.dhammaransi.com


ချင်း ဖြစ်ကြသည့်ပြင် ဗုဒ္ဓနှင့် ညီအကိုနောင်ရင်း သွေးသား ရင်းချာလည်း ဖြစ်သောကြောင့် အချင်းချင်းသဘော ကွဲလွဲကာ နှစ်သင်းနှစ်ပက္ခ ဖြစ်မည်ဆိုက ကြားရှိပင် သင့်လျော်မည် မဟုတ်ပါ။ သို့ပါသောကြောင့် စည်းစည်းလုံးလုံး ဉမကွဲသိုက် မပျက်ဖြစ် ရှိနေမှုကို ရှေးရှုတော်မူပါရန် အကြံပေးလိုပါသည် ဘုရား။"

ဤသို့လျှောက်ထားသူမှာ အဇာတသတ်မင်းသား ဖြစ်လေသည်။ သံဃာဖြစ်စေ လူဖြစ်စေ အချင်းချင်း စည်းစည်းလုံး လုံးမရှိဘဲ။ ကွဲပြားခြင်းသည်မကောင်း။

ဤအယူအဆကားအဇာတသတ်မင်းသား၏ ပကတိ ပင်ကိုယ် သဘောထားဖြစ်၏။ သူသည် ဒေဝဒတ်ကို ကြည်ညိုလေးစား၊ ဘုရားကဲ့သို့ ကိုးကွယ်ထားသော်လည်းသူ၏ပင်ကိုယ်သဘောထား အားဖြင့် ဗုဒ္ဓနှင့်ဆန့်ကျင်မှုကိုကား မလိုလားပေ။ ထိုကြောင့်လည်း ပဋိပက္ခ ဖြစ်မှုကို ရှောင်ရှားလို၍ ဒေဝဒတ်အား အကြံပေးစကား လျှောက်ထားခြင်းဖြစ်၏။ ယင်း လျှောက်ထားချက်နှင့် ပတ်သက်၍ လိုက်လိုက်လျှောလျှော ဒေဝဒတ်က ပြောလေသည်ကား

"အသင်မင်းသား။ ဤသည်ကား သင့်ကိုစ္စမဟုတ်။ ငါ့ကိစ္စသာဖြစ်ချေသည်။ "မြွေမသေ၊ ဒုတ်မကျိုး" ဆိုသောသဘော မျိုး၊ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆိုသောသဘော မျိုးရောက်အောင် ငါပြုအံ့။ ဗုဒ္ဓသည် သံဃာကိုဦးဆောင်လျက် ဘုရားလုပ်လာခဲ့သည်မှာ ကြာချေပြီ။ အသက်အရွယ်လည်း

www.dhammaransi.com



ထောက်လာပြီ။ နေ့ညမအား ပရိသတ်လေးပါးအား တရားဟောလာခဲ့ရသည်မှာလည်းကြာပြီ။ ဤသို့အခွင့်အကောင်းယူ၍ သံဃာကို ငါ့အားလွှဲအပ်ရန် ဗုဒ္ဓအဖြစ်က အနားယူရန် ငါ တောင်းပန်မည်။ သူသက်သာမည့် အလုပ်ဖြစ်သောကြောင့် ငါ့ ပန်ကြားချက်ကို သူ့အနေဖြင့် လက်မခံနိုင်စရာ အကြောင်းမရှိ ငါ့လက်ထဲသို့ သံဃာအားလုံး ရောက်လာသော် နှစ်သင်း၊ နှစ်ပက္ခဖြစ်ရန် အကြောင်းမရှိတော့ပြီ။ ဗုဒ္ဓရောက်လာမှ လာစေ။ သံဃာကို ငါ့ထံလွှဲအပ်ရန် ငါတောင်းပန်အံ့''

''ဤသည်ကား အရှင်ဘုရား၏ အယူအဆသာဖြစ်ပါသည်။ တပည့်တော် ဉာဏ်မှီသလောက် လျှောက်ထားရလျှင် ဤကိစ္စမှာ လွယ်ကူအံ့မထင်ပါ။ ဘုရားအဖြစ်ဆိုသည်မှာ လွှဲအပ်၍ရစကောင်းသည်ဟု တပည့်တော်မထင်ပါ။ အကယ်၍ အရှင်ဘုရား ထင်သလို မဖြစ်ခဲ့သော် သံဃာအားလုံးကို ဗုဒ္ဓက လွှဲအပ်ခြင်း မပြုခဲ့ပါသော်''

''ဤသို့ဖြစ်က ရှင်းနေပေသည် အသင်မင်းသား။ ငါ့ကား ပက္ခဖြစ်မှု ဝါးအစည်း ပြေသကဲ့သို့သော အဖြစ်မျိုးသို့မရောက်စေလိုမှုကြောင့် သူ့ကို တရားနည်းလမ်းကျကျ ငါပန်ကြားပါလျက်။ သူကလက်မခံခဲ့သော် ပက္ခဖြစ်မှုကို သူလိုလားကြောင်း ထင်ရှားမနေပါလော့။

စင်စစ်အားဖြင့် နှစ်ပက္ခဖြစ်မှုစိတ်ဝမ်းကွဲပြားမှုမျိုးကိုအသင်မင်းသား မလိုလားသကဲ့သို့ပင် ငါလည်းမလိုလားပေ။ သို့သော် အကယ်၍ သူကခွင့်မပြုသည်တိုင်အောင် ငါတို့အနေဖြင့် ဝမ်း

www.dhammaransi.com



နည်းစရာမဟုတ်။ အဖြူ-အမဲ-ဗုဒ္ဓက ခွဲလိုက်သည်ဟူ၍ပင် ယူဆရပေမည်။ မိမိကိုယ်ကို အနာခံ၍ မိမိ၏သွေးကို မည်သူမျှဖေါက်ထုတ်လိုမည်မဟုတ်ချေ။ သို့သော် ပုပ်နေသောသွေးစက်ကြောင့် တကိုယ်လုံး ပျက်စီးသွားမည့်အရေးကို မြင်သောအခါ၌ကား မိမိ၏ သွေးကိုဖောက်တန်လျှင် ဖောက်ပစ်ရသောထုံးကိုလည်း နှလုံးသွင်းသင့်ပေသည်။

အရေးကြီးသည်ကားမည်သည့်အရေးကိစ္စကိုမဆို မိမိကမလွန်စေအပ်။ ဤသည်ကိုသာ ငါတို့စောင့်စည်းရမည်။ သံဃာကို တောင်းခြင်း မတောင်းခြင်းကိစ္စမှာ ငါ့ကိစ္စ၊ ငါ့တာဝန်။ လွှဲ၍ပေးခြင်း မပေးခြင်းကိစ္စမှာ ဗုဒ္ဓကိစ္စ ဗုဒ္ဓတာဝန်သာဖြစ်ချေသည် အသင်မင်းသား။ စိုးရိမ်ကြောင့်ကြမှု စိတ်မချမ်းသာမှု မဖြစ်လင့်။ ငါအဘယ်မျှ တန်ခိုးဣဒ္ဓိပါဒ် ကြီးမားသည်ကို သင့်အနေဖြင့် ကိုယ်တွေ့မျက်မြင် မဟုတ်ပါလော့''ဟူ၍ ဒေဝဒတ်က ကရားရေလွှတ် တတွတ်တွတ် ပြောလိုက်သော အခါ၌ကား....

အဇာတသတ် မင်းသား၏ သိမ်မွေ့ နူးညံ့ ကြည်လင်၍ အနှစ်သာရနှင့် ပြည့်ဝလှသော ပကတိစိတ်အစဉ်တို့ကား လေတွင် လွင့်ပါးသွားသည့် ရွက်ခြောက်အလား ပျောက်ပြယ်ကုန်လေသတည်း။

''အရှင်ဘုရား ကောင်းသည်ထင်လျှင် ပြီးတာပါဘဲဘုရား'' ဟူသော စကားဖြင့်သာ နောက်ဆုံးတွင် နိဂုံး ချုပ်လိုက်ရလေ၏။

www.dhammaransi.com



ဘုရားသခင် မရှိခိုက်တွင် ဝေဠုဝန်းကျောင်းတော်၌ ကျန်ရစ်ကြသော ရဟန်းတို့မှာ၊ ဒေဝဒတ်နှင့် အဇာတသတ် မင်းသားတို့၏ အရှိန်အဟုန်အောက်တွင် ညှိုးခြောက်ခြောက်နှင့် နေလာခဲ့ရာက ကောသမ္ဗီပြည်မှ ဗုဒ္ဓပြန်လည် ရောက်ရှိလာသောအခါ ဒေဝဒတ်၏အကြောင်းကို ဦးဦးဖျားဖျား နားတော် လျှောက်ကြလေကုန်၏။ ဒေ့ဝဒတ်၏ တသက်နှင့်တကိုယ် မကြုံဘူးအောင်ပင် လာဘ်သပ်ပကာများပြားကြောင်း စသည်ကို ဖြစ်ကြောင်းကုန်စဉ်တင်လျှောက်ကြလေသောအခါ

"ရဟန်းတို့။ ဒေဝဒတ်အား ဤရွေ့ဤမျှ လာဘ် လာဘ ပူဇော်သကာ များပြားလာခြင်းမှာ ကောင်းကျိုးအတွက်မဟုတ်။ ဆုတ်ယုတ်ဘို့အတွက်သာ ဖြစ်ချေသည်။ ရဟန်းတို့ ဥပမာအားဖြင့် ဝါးပင်၊ ပေပင်၊ ကျူပင်တို့သည်ရှိကုန်၏။ထိုအပင်တို့သည် အသီးကြောင့် သေကြရကုန်၏။ သီးလာသော အသီးများသည် သူတို့အတွက် သေမင်းများဖြစ်ကုန်၏။ သီးလာသော အသီးများက အပင်ကို သတ်ပစ်ကြသည်မည်၏။

ထို့အတူပင်လျှင် ဒေဝဒတ်ကား အပင်နှင့်တူ၏။ လာဘ်လာဘပူဇော်သကာများအောင်အသီး နှင့်တူကုန်၏။ အသီးသည် အပင်ကို သတ်လေဘိသကဲ့သို့ လာဘ် လာဘ ပူဇော် သကာတို့ ကလည်း ဒေဝဒတ်ကို သတ်ဖြတ်ကုန်လတံ့"

www.dhammaransi.com



ဟု မိန့်တော်မူသောအခါ အချို့ ရဟန်း တို့က ဒေဝဒတ်သည် သူ့ကိုယ်သူ ဘုရားကဲ့သို့ ပြုမူနေပါကြောင်း၊ ဘုရားတု, တုနေပါကြောင်းဟု လျှောက်ကုန်၏။ ထိုအခါ ယင်း အကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓက ရဟန်းတို့အား "ချစ်သားရဟန်းတို့ ဒေဝဒတ်ကား ယခုအခါ၌သာ အတုအပပြုလေသည် မဟုတ်၊ ရှေးအခါကလည်း ပြုခဲ့ဘူးပေသည်။ မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ဝိနီလက ဇာတ်ကို ဟောတော်မူ၏။

## ဝိနီလက ဇာတ်

ရဟန်းတို့ ရှေးအခါ ဝိဒေဟတိုင်း မိထိလာပြည် ဝိဒေဟရာဇ်မင်းလက်ထက်၌ ငှါဘုရား အလောင်းသည် ထိုမင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေနေခဲ့၏။ ငါ့ကို ဖွားမြင်၍ အရွယ်ရောက်သောအခါ တက္ကသိုလ် ပြည်သို့ သွားရောက်လျက် ပညာ သင်ခဲ့၏။ ခမည်းတော် နတ်ရွာ လားသောအခါ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံ၍ ငါမင်းပြုခဲ့ပေသည်။

ရဟန်းတို့ ငါမင်းပြုနေချိန်တွင် ရွှေဟင်္သာ တကောင်သည် အစာရှာဖွေရင်း ကျီးမ တကောင်နှင့် ယှဉ်ပါး မိရာက သား တယောက် ဖွားမြင်ခဲ့လေ၏။ ထိုသားက အဖနှင့် လည်း မတူ။ အမိနှင့်လည်းမတူ။ အဆင်း အားဖြင့် မညို မရွှေ ရှိသည်ကို အကြောင်းပြု၍ "ဝိနီလက"ဟု သူကို အမည် မှည့်ကြကုန်၏။

www.dhammaransi.com


ဟင်္သာမင်းသည် သားရှိရာသို့ မပြတ်လာ၍ ကြည့်လေ့ ရှိ၏။ ထိုဟင်္သာမင်းအား ကျီးမမှ ဖွားမြင်သော သားမှတပါး အခြား သားနှစ်ယောက်လည်းရှိသေး၏။ ထိုသားနှစ်ယောက်သည်ကား မျိုးတူ ဇာတ်တူ ဟင်္သာမမှ ဖွားသော သားများဖြစ်ကြ၏။

ရဟန်းတို့ ထိုသားနှစ်ယောက်တို့သည် မိမိတို့၏ ဖခင် လူပြည်သို့ ခဏခဏ သွားသည်ကို မြင်သောအခါ "အို....ပိတာ အဘယ့်ကြောင့် လူ့ပြည်သို့မပြတ် သွားသွား နေပါသနည်း "ဟု မေးကုန်၏။ ထိုအခါ အဖ ဟင်္သာမင်းက သူ့သား နှစ်ယောက်ကို ရှင်းပြ သည်ကား "ချစ်သားတို့ ငါသည် လူတို့ ဒေသသို့ သွားရောက်၍ အစာရှာဖွေရင်း ကျီးမတကောင်နှင့် အကြောင်း ပါခဲ့ဘူး၏။

ထိုကျီးမမှ သားတယောက် ဖွားမြင်လေရာ သူ၏ အမည်မှာ "ဝိနီလက" ဟု တွင်၏။ ငါသည် ထိုငါ့သား ဝိနီလကကို ရှုစား လိုသောကြောင့် သွားခြင်း ဖြစ်သတည်း" ဟု ဆိုလေသော် "အို....ပိတာ။ ထိုသားအမိကား အဘယ်မှာ နေကြပါသနည်း"ဟု မေးသဖြင့် "ဝိဒေဟတိုင်း၊ မိထိလာပြည်၏အနီးတခုသော နေရာမှ တန်းပင်ပေါ်၌ နေကြသည်"ဟု အဖ ဟင်္သာမင်းက ပြောပြ၏။

ရဟန်းတို့ ထိုအခါ "အို....ပိတာ လူတို့ဒေသ မည်သည်ကား ဘေးရန် ထူပြောလှပါသည်။ အန္တရာယ်များလှပါသည်။ ခမည်းတော် မသွားနှင့်တော့ ကျွန်ုပ်တို့ သွား၍ ဝိနီလကကို အဖထံ ခေါ်ပေးပါအံ့"ဟု ဟင်္သာညီနောင်တို့သည် ဖခင်ထံပန်ကြား၍

www.dhammaransi.com



ဖခင် ညွှန်ကြားလိုက်သည့် ခရီးစဉ်အတိုင်း လှုပြည်သို့ သွားကြကုန်၏။ ဝိနီလကကို ထန်းပင်ပေါ်၌ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ကြကုန်၏။ဒုတ်တချောင်းကိုရှာ၍ သူတို့ညီထွေး ဝိနီလကအား ဒုတ်ချောင်းပေါ်၌ နေစေပြီး ဒုတ်ချောင်း၏ အစွန်းနှစ်ဘက်ကို တယောက်တဘက်စီ နှုတ်သီးဖြင့် ကိုက်ချီလျက် ယူဆောင်လာခဲ့ကြကုန်၏။ ဝိနီလကသည် အကို နှစ်ယောက် ကိုက်ချီသော ဒုတ်ချောင်းပေါ်တွင် အသာစီး၍ လိုက်လာ၏။

ရဟန်းတို့ ဟံသာညီနောင်တို့သည် မိထိလာမင်း နေပြည်ကြီး၏ အထက်ကောင်းကင်ပေါ်သို့ရောက်လာ၏။ ထို အချိန်တွင် ဝိဒေဟရာဇ် မင်းကြီးသည် ဆွတ်ဆွတ် ဖြူသော သိန္ဓောမြင်း လေးကောင်ကသော ရထားကိုစီးလျက်မြို့ကိုလက်ျာရစ် လည်၍ ရှုစားတော်မူ နေလျက် ရှိနေလေရာ၊ ဤသည်ကိုဝိနီလကသည် ကောင်းကင်ထက်မှ မြင်ရလေသောအခါ "ငါနှင့် ဝိဒေဟရာဇ်ကြီး ဘာထူးသေးသနည်း ။ဝိဒေဟရာဇ်မင်းကြီးက မြင်းဖြူကြီး လေးကောင် ကသော ရထားကို စီး၍ မြို့ကိုလှည့်သည်။ ငါက ဟံသာ နှစ်ကောင် ကသော ရထားကို စီးသည်။ သူနှင့်ငါ ဘာ ထူးခြားသနည်း" ဟု ဆိုလေသတည်း။

ရဟန်းတို့ သူကို နှုတ်သီးကိုယ်စီဖြင့် ချီဆောင်လာကြသော အကို ဟံသာညီနောင်က ဝိနီလက၏ စကားကို ကြားသော အခါ စိတ်ဆိုး ကုန်လေ၏။ "သည်အကောင်ကို အောက်သို့ လွှတ်ချပြီး သတ်လိုက်ကရော့မယ် ဟူ၍ နှစ်ယောက်စလုံး စိတ်ကူး မိကြကုန်၏။ သို့သော် ဤသို့ ပြုချေက ဖခင်က ငါတို့

www.dhammaransi.com



အား မည်သို့ ကြိမ်းမောင်း ပြောဆိုမည်မသိ ''ဟူ၍ ဖခင် ပြောဆို ကြိမ်းမောင်းခံရမည် စိုးသောကြောင့် ဖခင်ထံရောက်အောင် ဆောင်ကျဉ်း သွားကြကုန်၏။ ရောက်သော အခါ ဝိနီလက၏ ''မင်းတု တုပုံ'' ကို ဖခင်အား တိုင်တန်း ကြကုန်လေ၏။

ရဟန်းတို့ သားကြီးနှစ်ယောက် တိုင်တန်း စကားကို ကြားလျှင် ဖခင် ဟင်္သာမင်းလည်း ဝိနီလကအား များစွာ အမျက်ထွက်လေ၏။ ''ဟယ်....အယုတ္တမကောင် ငါ့၏သား နှစ်ယောက်ကို သိန္ဓော မြင်းကဲ့သို့ ရထားပုံ၍ စီးလာဘော သင်ကား ငါ့သားကြီးများထက်ပင် မြတ်သလော သင်ကား မိုက်ကန်းဘိစွ။

ကိုယ့်ပမာဏမျှကိုပင် ကိုယ်မသိ။ ဤအရပ်ကား သင်ကျက်စားရာမဟုတ်။ သင့်မိခင်ရှိရာသို့သင်ပြန်လော့ဟု ခြိမ်းချောက်ပြီး ပြန်လွှတ်လိုက်လေ သတည်း။

ထိုအခါဝိနီလက ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ထိုအခါ ဟင်္သာညီနောင်ကား ယခုအခါ သာရိပုတ္တရာနှင့် မောဂ္ဂလာန် ဖြစ်လာသတည်း။

(ဒုကနိပါတ်၊ ဇာတ် အဋ္ဌကထာဒု၊ ဒဠှဝဂ်၊ ဝိနီလက ဇာတ်-၁၆၀)

ရဟန်းတို့။ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ဘုရားတုတုသည်မဟုတ်။ ထိုခဏဝယ် ဒေဝဒတ်သည် နောက်ပါသံဃာများစွာ ခြံရံလျက် ဗုဒ္ဓ၏ ရှေ့တော်သို့ ဝင်ရောက်လာလေ

www.dhammaransi.com



၏။ ရဟန်းတို့သည်လည်း ဒေဝဒတ်၏ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူနေသည့်အခိုက် တိုက်တိုက်ဆိုင်ဆိုင် ဗုဒ္ဓ၏ရှေ့တော်သို့ ဒေဝဒတ် ဝင်လာသောကြောင့် မည်သို့များ ဆိုပြောလေမည်နည်း ဟူ၍ နားတစွင့်စွင့် ရှိနေ ကုန်၏။ ဗုဒ္ဓလည်း ဒေဝဒတ်အား တချက်မျှ စောင်းငဲ့၍ ရှုစားလိုက် ပြီးနောက် ဆိတ်ဆိတ်သာ နေတော်မူ၏။

ဒေဝဒတ်သည်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးများဘက်သို့ တချက်မျှ မျက်လုံးဝေ့၍ ကြည့်လိုက်ပြီး ဗုဒ္ဓရှေ့တော်သို့ ရိုသေစွာ ရှိခိုးလျက်ဝင်ပြီးလျှင် သူကြံတွင်စိမ်ထားသော အတိုင်းပင် ဗုဒ္ဓအား ဤသို့ နားတော် လျှောက်လေသတည်း။

''ဘုန်းတော်ကြီး လှသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်ကား သက်ရွယ်တော် ထောက်လာ ပါပြီ။ အိုမင်းခြင်းသို့ရောက်လာပါပြီ။ အရပ်ရပ် အနယ်နယ်သို့ လှည့်လည်၍ ဒေသစာရီ ကြွချီတော်မူကာ တရားဟောတော်မူရခြင်း အားဖြင့် ပင်ပန်း နွမ်းရိတော်မူလှပါပြီ။ သက်တော်မမျှအောင် ကြီးမား လှစွာသော ဗုဒ္ဓဒုက္ခကို အကျွန်ုပ်မရှုနိုင်ပါ။

သို့ပါသောကြောင့် မျက်မှောက် ချမ်းသာ ခံစားကာဖြင့် ကြောင့်ကြမဲ့သာ စံတော်မူပါ။ ဘိက္ခု–ဘိက္ခုနီတို့အတွက်။ ဥပါသကာ–ဥပါသိကာတို့ အတွက် ဆောင်ရွက်စရာတာဝန်အရပ်ရပ်ကိုအကျွန်ုပ်အားလွှဲအပ်

www.dhammaransi.com



တော်မူပါလော့။ ပရိသတ် လေးပါးတို့အား ကိုယ်
တော်နှင့် မခြား အကျွန်ုပ် စောင့်ရှောက် ဆောင်ရွက်
ပါအံ့''

အများကကြားလျှင် ဗုဒ္ဓ၏အကျိုးကို လိုလား သယောင်ယောင်၊ဗုဒ္ဓအပေါ်၌တကယ်ပင် ကရုဏာ သက်လှသောကရုဏာရှင်ကြီးတယောက်အသွင် ထင်လာအောင် အသံကောင်း ဟစ်ကာ ဘုရားအဖြစ်ကို သူ့အားလွှဲအပ်ရန် အရှက်ကင်းမဲ့စွာဖြင့် ဝင်ရောက် တောင်းဆိုလိုက်သော အခါ....

''ဟာ....ဒေဝဒတ်နှယ် ဘယ့်နှယ်လျှောက်ထားလေဘိ''ဟူ၍ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော မထေရ်ကြီးတို့ အံ့အားသင့်ကုန် ရက်က ဗုဒ္ဓမြတ်ကြား တော်မူမည့် အဖြေစကားကို ရှိခိုးလျက် စောင့်ကြိုနေကြ ကုန်၏။

''ချစ်သား ဒေဝဒတ်။ သင်တောင်းဆိုသော အခွင့်
အရေးကို ပေးရန် မသင့်သေး။ ရဟန်းကိစ္စ ပြီး
မြောက်အောင် သင်၏ ကိုယ်ရေးကိုသာ အားထုတ်
ဦးလော့ ဤသည့် အဖြစ်ကို သင်မနှစ်သက်လေနှင့်''

ဟု ဗုဒ္ဓက ဒေဝဒတ်၏ တောင်းဆိုချက်ကို လက်မခံဘဲ ပယ်လိုက်သည်တွင်မှ အားလုံး ဘဝင်ကျကုန်ရသည်နှင့်အမျှ ဘဝင်မကျနိုင်သူကား ဒေဝဒတ်ဖြစ်လေသည်။

ဒေဝဒတ်ကား ဤပွဲမှာ မိမိအတွက် ပွဲကြီးပွဲကောင်းဖြစ်သောကြောင့် ဗုဒ္ဓက ပယ်ချလိုက် သော်လည်း အားမလျော့

www.dhammaransi.com



ချေ။ ဒုတိယပမ္ပိ ၂ကြိမ်မြောက် လျှောက်၍ တောင်းဆိုလိုက်ပြန်၏။ ဗုဒ္ဓ ကလည်း ရှေးနည်းတူ ပယ်ချလိုက် ပြန်၏။ သုံးကြိမ်တိုင်တိုင် တောင်းပန်သော်ငြားလည်း အကြောင်းမထူးဘဲဖြစ်နေသောအခါ ဒေဝဒတ်မှာ မျက်နှာကြီးနီ ရဲလာသည်။ ထိုအချိန်တွင် ဗုဒ္ဓ၏ နှုတ်တော်မှ နောက်ထပ် ထွက်လာသော စကားလုံးများကြောင့် အမြောက်ဗုံးထိခြင်း ခံရသူကဲ့သို့အခံရလည်းခက် ရှက်လည်း အလွန်ရှက် လာလေသည်။

"ချစ်သားဒေဝဒတ်။ သင့်အား ငါမဆိုရက်သော်လည်း သင်၏စကားအရ ငါမြွက်ဆိုရတော့အံ့။

ချစ်သား ဒေဝဒတ်။ သင် စဉ်းစား ဘိလော့။ အယုတ်၊ အလတ်၊ အမြတ် အားဖြင့် သုံးမျိုး သုံးစား ကုန်သောရဟန်းတို့သည် မည်သူ့ကိုရည်မှန်း၍ ရဟန်းပြုကြကုန်သနည်း။ သင့်ကိုရည်မှန်း၍ ရဟန်းပြုကြမည် မဟုတ်။ ငါ့ကိုရှယ်စူး ဦးတည်ချက် ထား၍ သာ ရဟန်းပြုခြင်းဖြစ်ကုန်၏။

ချစ်သားဒေဝဒတ်။ သင်အလေးအနက်ထား၍စဉ်းစားလော့။ ငါ့အား ရည်မှန်း၍ ရဟန်းပြုလာသူတို့ကို သူတပါးအား လွှဲအပ်ရန် မသင့်နိုး။ ဥပမာ သင့်အား ယုံကြည်၍ အပ်နှံထားသော ပစ္စည်းတခုကို သင်က သူတပါးအား လက်ဆင့်ကမ်းလိုက်မည်ဆိုသော် ပစ္စည်းရှင်က သင့်အားမည်သို့ ထင်မည်နည်း။ သင့်ကိုယုံကြည်ပါ

www.dhammaransi.com



တော့မည်လော။ ပစ္စည်းရှင်၏ အားကိုးရာဖြစ်ပါတော့မည်လော။

ချစ်သားဒေဝဒတ်။ စင်စစ်ဆိုသော် သာဝကတို့၏ အထွတ်အထိပ်ဖြစ်ကုန်သော သာရိပုတ္တရာ၊ မောဂ္ဂလာန် စသူတို့ရှိကုန်သည်ကို သင်လည်း အသိသားပင်။ ထိုသို့ သာဝကကြီးတို့အား သော်လည်း သံဃာကို ငါလွှဲအပ်ခြင်းမပြုပါဘဲလျက်ကို သူတထူးထွေးပစ်သောတံတွေး၊ ချွဲပေါက်ကို ကောက်၍ မျိုဟပ်နေသော သင့်လက်ကို အဘယ့်ကြောင့် သံဃာကိုငါလွှဲအပ်နိုင်အံ့နည်း''

ဤသို့ မြွက်ကြားတော်မူ လိုက်သည့် အတွက် ဒေဝဒတ်မှာ အကြီးအကျယ် မျက်နှာပျက်၊ အရှက်ရသွားလေသည်။ ''ဗုဒ္ဓကား ငါ့အား ပရိသတ်ဘောင်၌ အရှက် ကွဲရအောင် ရှုတ်ချသော စကားကိုဆိုရက်ဘိသည်။ သကျဝံသ အမျိုး အနွယ်မျှကိုပင် သူမထောက်၊ ဘာမျှ သွေးမတော် သားမစပ်သော သူစိမ်း ပြင်ပြင် ဖြစ်သည့် သာရိပုတ္တရာ မောဂ္ဂလာန် တို့ကိုသာ လွန်စွာ အရေးပေး၍ ချီးမြှောက်လေသည်။ ငါ့ကို အသိအမှတ်မပြု၊ ဂရုစိုက်ခြင်း အလျင်း မရှိသော သူ၏ ထံ၌ နေခြင်းဖြင့် ငါ့အား အဘယ် အကျိုး ရှိအံ့နည်း။ ယနေ့မှစ၍ ဗုဒ္ဓကို ငါ အဆက်ဖြတ်အံ့။ ယောက်ဖတော် ဗုဒ္ဓ၏ ကောင်းကျိုးကို ငါ မကြံတော့ပြီ။ ငါ့ဖာသာငါ သီးခြားနေတော့အံ့၊ သူသာ ဗုဒ္ဓလော၊ ငါကော ဗုဒ္ဓ မဖြစ်နိုင်ပြီလော၊ ငါ့ အကြောင်းကို

www.dhammaransi.com



ကောင်းကောင်းကြီးပြလိုက်အံ့။ သင်ကြည့်နေလော့ ဗုဒ္ဓ”ဟူ၍ စိတ်တွင်းမှ ကြုံးဝါးလျက် ဗုဒ္ဓအပါးမှ ထွက်ခွါ သွားလေသတည်း။

ဗုဒ္ဓသည် ဒေဝဒတ်၏ အတွင်းသဘော မနော စိတ်နေ စိတ်ထားကို အကြွင်းမဲ့ သိတော်မူလိုက်၏။ ဒေဝဒတ်ကား သူငယ်နှတ်စားသာသာ ဖြစ်သော အဇာတသတ် မင်းသားငယ်အား မှတရားသဖြင့် စေခိုင်းပေတော့မည်။ ထိုအခါ ဘေးရန်ကြီးစွာ ဖြစ်လတံ့သည်ကို မြင်တော်မူ၏။ ဒေဝဒတ်သည် ငါ့ထံ၌ ရဟန်းပြု၍ ငါ့သြဇာကို ခံယူလာသူ ဖြစ်ပေသည်။

ယခုအခါတွင်မူ ဒေဝဒတ်သည် ငါပေးသော သင်္ကန်းကို ခြုံလွှမ်း၍ နေစေကာ မူလည်း ငါ၏သြဝါဒခံ မဟုတ်တော့ပြီ။ အသွင်က တခြား စိတ်က တခြား ဖြစ်နေ လေပြီ။ ငါ-ငါ့ အသိုင်းအဝိုင်း သာဝကများနှင့် ဒေဝဒတ်ကား သင်္ကန်း ဝတ်ထားခြင်းတူသော်လည်း အယူဝါဒချင်း စိတ်သဘောထားချင်းကား မတူတော့ပြီ။ အရှေ့နှင့် အနောက် တောင်နှင့် မြောက် အလား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားလေပြီ။

ဤသည့် အကြောင်းကို ခွဲခွဲ ခြားခြား၊ ကွဲကွဲ ပြားပြား၊ သူတို့အား အသိပေးထားရန် လိုအပ်လာချေပြီ။ ဤသို့ ကြိုတင်၍ အသိပေးထားခြင်း မပြုခဲ့သော် ဒေဝဒတ် ပြုလေသမျှသည် ငါ့ဆန္ဒပါဝင်သည်။

ဗုဒ္ဓ၏ အလိုတော်နှင့် ထပ်တူ ထပ်မျှ ဖြစ်သည် ဟူ၍ သူတို့ အထင် ရောက်ကုန်ချိမ့်မည်။ ဤသို့ ထင်ယောင် ထင်မှား ဖြစ်

www.dhammaransi.com



ကုန်ရာမှအစ ငါ၏ ဂဏ အဖွဲ့ အစည်း ငါတည်ထောင်လာခဲ့ပြီးသော ''အနတ္တဝါဒ''သည်လည်း ပျက်စီးကျဆုံးသွားလတံ့၊ လူတို့ကိုလည်း အကျိုးဆုတ်ယုတ်ကုန်လတံ့။ ငါ့မျက်ဝါး ထင်ထင် ရှိနေပါလျက် မလိုလား အပ်သော ဤဖြစ်ရပ်မျိုး မဖြစ်စေရ။ အချိန်မှီ ဟန့်တားမှတော်မည်။ ငါနှင့်ဒေဝဒတ် မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ကြောင်းကို လူသိ နတ်ကြား၊ ထင်ရှားအောင် ကြေငြာထားမှ ဖြစ်မည်။

ဗုဒ္ဓသည် ဒေဝဒတ် ထွက်ခွါသွားပြီးနောက် နောင်ရေးကို ဤသို့ မြော်တွေးတော်မူမိသည့် အားလျော်စွာ သံဃာများကို ရုတ်ချင်းပင် ''အရေးပေါ်'' အစည်းအဝေး ခေါ်လိုက်၏။ ရဟန်းတို့သည် ဒေဝဒတ် ပြန်သွား၍ များမကြာမီကာလအတွင်း အစည်းအဝေး ခေါ်လိုက်ခြင်းမှာ....

''ကေန္တဒေဝဒတ်နှင့် ပတ်သက်သော အစည်းအဝေး ဖြစ်ရမည်''ဟုတွက်ဆမိကြသဖြင့် ဗုဒ္ဓမြွက်ကြားမည့် မိန့်ခွန်းတော်ကိုသာ စောင့်ကြိုနေကြ ကုန်၏။

အရှင်မောဂ္ဂလာန်၊ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာစသော သာဝကကိုယ်တော်ကြီးတို့သည်လည်း 'အမြင်မလျော်ဆင်တော်နှင့် ခလောက်' ဆိုသကဲ့သို့ မအပ်မရာ ဗုဒ္ဓအဖြစ်ကို လျှောက်ထား တောင်းဆို သွားသော ဒေဝဒတ်၏ စကားနှင့် သူ၏အမူအရာများကို မြင်ယောင်ကာ စိတ်နှလုံး မချမ်းမသာ ဖြစ်မိကုန်လေ၏။ 'ဒေဝဒတ်နှယ် မှားလေခြင်း' ဟူ၍ ရေရွတ်မိကုန်၏။

www.dhammaransi.com



ဒေဝဒတ်ကြောင့် သာသနာပ အညတိတ္ထိယတို့ အနေဖြင့် ဝမ်းသာဘွယ် ဖြစ်ကုန်လေမလား ဟူ၍လည်း စိုးရိမ်နေမိကြ ကုန်၏။

ဗုဒ္ဓအနေအားဖြင့်ပုဂ္ဂိုလ်ရေးရာ အရ 'ဟိုလူနှင့် မပေါင်းနှင့်၊ သည်လူနှင့် မပေါင်းနှင့်' ဟူ၍ အဟန့်အတား ပြုတော်မူခြင်း အလျှင်းမရှိချေ။ ဤသို့ပေါင်းသင်းခြင်းကို၊ အကြောင်းပြု၍ကျ ရောက်လာလတံ့သော အန္တရာယ်ကိုမြင်တော်မူသဖြင့်သာ 'မီး ကိုမလောင်မီကတား' ဆိုသကဲ့သို့ အကျိုးမဲ့ မဖြစ်တန်သည်ကို မဖြစ်ရလေအောင် ကြိုတင်ကာကွယ်ခြင်း ဖြစ်လေသည်။ ယခု ဤသံဃာအစည်းအဝေးကြီးကို ရုတ်တရက် ခေါ်တော် မူလိုက် ရခြင်းမှာ ဒေဝဒတ်အား "ပကာသနိယကံ" ပြုရန် အတွက် ဖြစ်လေသည်။

"ချစ်သားတို့။ သင်တို့သည် ရာဇဂြိုဟ်တွင်းသို့ သွား ကြကုန်။ လူသူလေးပါး ကြားသိအောင် ကြေငြာကြ ကုန်။ ပကာသနိယကမ္မဝါကို ရွတ်ဖတ်၍ ငါတို့နှင့် ဒေဝဒတ်မှာမည်သို့မျှ ပတ်သက်ခြင်း မရှိတော့ကြောင်း ကို ခွဲခွဲ ခြားခြား နားလည်အောင် ရှင်းပြကြကုန်။ ဒေဝဒတ်အား ပြုရမည့် ပကာသနိယကံ၏ အဓိပ္ပါယ် ကား....

အို—အများ သံဃာတို့။ လူအပေါင်းတို့။ ဆရာ ဒေဝဒတ်သည်ရှေးကနှင့်မတူတော့ပြီ။ယခုဒေဝဒတ်သည် ရှေးက ဒေဝဒတ်မျိုးမဟုတ်တော့ပြီ။ ရှေးက ဒေဝဒတ်

www.dhammaransi.com



မျိုးမဟုတ်တော့ပြီ။ ရှေးက ဒေဝဒတ်၏ အယူအဆ အကျင့် အကြံမျိုးနှင့် ယခု ဒေဝဒတ် ခံယူလျက်ရှိနေသော အယူအဆ အကျင့်အကျိုးကား ခြားနားလျက် ရှိနေချေပြီ။

ထို့ကြောင့်အများသံဃာတို့။ လူအပေါင်းတို့ယနေ့ကို အစပြု၍ ဒေဝဒတ် ပြုပြုသမျှသော ကာယကံမှု၊ ဝစီကံမှု၊မနောကံမှုများကား ဘုရားနှင့်အလိုတူ၏ဟူ၍လည်းကောင်း၊ တရားနှင့်အလိုတူ၏ဟူ၍လည်းကောင်း၊ သံဃာနှင့် အလိုတူ၏ ဟူ၍ လည်းကောင်း မမှတ်ကုန်လင့်။ ဒေဝဒတ်အမူအကျင့် ဆိုပြောမှု အားလုံးသည် ဘုရားနှင့် လည်းကောင်း၊ တရားနှင့် လည်းကောင်း၊ သံဃာတော်နှင့်လည်းကောင်း မည်သို့မျှပတ်သက်ခြင်း မရှိပြီ၊ ဆက်စပ်ခြင်း မရှိပြီ ဟူ၍ ဤသို့ မြို့လေးပြင်လေးရပ်နှံ့စပ်အောင် သွား၍ပကာသနိယကံ ပြုချေကုန်လော့"

အရေးပေါ် သံဃာ့ အစည်းအဝေးတွင် ဗုဒ္ဓ၏ထံတော်မှ အထက်ပါ အမိန့်တော်ကြီး ထွက်လာ၏။

ထိုအခါ ယင်းအမိန့်တော်ကြီးနှင့် ပတ်သက်၍ အပါးတွင် ခစားလျက်ရှိသော အရှင်သာရိပုတ္တရာကို အရှင်မောဂ္ဂလာန်က အမှတ်ထင်ထင် လှမ်းကြည့်လိုက်သည်။ ထိုအခါ အရှင်သာရိပုတ္တရာက ဗုဒ္ဓကို ရိုသေစွာရှိခိုး၍ လျှောက်သည်ကား....

www.dhammaransi.com



"ဘုန်းတော် ကြီးလှသော မြတ်စွာဘုရား။ ရှေး အခါက တပည့်တော်သည် အရှင်ဒေဝဒတ် ကောင်း ကြောင်း၊တော်ကြောင်း တရားဟောသော နေရာတွင် ရှင်းလင်းပြတ်သားလှကြောင်း လူတို့အား ချီးကျူး စကားပြောကြားလာခဲ့ ပါသည်။ ယခု မြို့တွင်းသွား ၍ ဒေဝဒတ်အားတပည့်တော်အနေဖြင့်ပကာသနိယကံ ပြုရမည်ဆိုပါသော် ရှေးစကားနှင့် နောက်စကားမညီ တပည့်တော်ကို "

စကားမဆုံးမီကပင် အရှင်သာရိပုတ္တရာအား လက်ကာ၍ တားလိုက်ပြီး "ချစ်သားသာရိပုတ္တရာ။ ပကာသနိယကံ ထဲ၌ ရှင်းလင်းစွာ ပါရှိပြီးဖြစ်သည်၊ ဒေဝဒတ်သည် ရှေးကနှင့်မတူ တော့ပြီ။ ယခုဒေဝဒတ်သည်ရှေးက ဒေဝဒတ် မဟုတ်တော့ပြီဟု ဆိုထားသည်မဟုတ်ပါလော့။

ယခုကံပြုခြင်းသည် ယခုဒေဝဒတ်ကိုသာ ပြုခြင်းဖြစ်သည်။ ရှေးကဒေဝဒတ်ကို ပကာသနိယကံပြုနေခြင်း မဟုတ်ဟူသော အဓိပ္ပါယ် ထင်ရှားပါပြီဖြစ်၍ သင့်ကို "ရှေ့စကားနှင့်နောက် စကားမညီ"ဟူ၍ဆိုဘွယ်မရှိ သွား၍သာ ကံပြုချေသော့"

ဤသည် နောက်ပိုင်းအချိန်၌ကား ရာဇဂြိုဟ်မြို့တော် အရပ် ထက်ဝန်းကျင်တို့၌ "သုဏာတုမေဘန္တေသံဃော" စသော ပကာ သနိယကံပြု ကမ္မဝါစ္စရွတ်ဖတ် သံများသည် တမြို့လုံးသိမ့်သိမ့် လျှံ သွားသတည်း။

www.dhammaransi.com



ထိုပကာသနိယကံ၏ ဂယက်သည် လှိုင်း ပွက်သည့်နှယ် ကံပြုပြီးသည့်နောက် ကာလတွင် ပွက်၍ထလာ၏။ ယင်းပကာ သနိယကံကို အကြောင်းပြု၍ အယူအဆ ကွဲများ ပြန့်ထွက် လာ၏။

အချို့ အသိတရား ခေါင်းပါးသူ တို့က ဒေဝဒတ်အား ဤသို့ ပကာသနိယကံ ပြု၍ သာသနာမှ ပထုတ်လိုက်ခြင်း အ တွက် ဗုဒ္ဓနှင့် ဗုဒ္ဓ၏သာဝကများကို အပြစ်ဆိုကုန်၏။

"ဤသို့ ကံပြုခြင်းကား လုံးဝမတရား။ အရှင် ဒေဝဒတ် ဘုန်းကြီး၍ လာဘသက္ကာရ များပြားသည်ကို မနာလို၍ပြုသော ကံဖြစ်၏။ သကျပုတ္တ၊ သာကီယဇာတ် မြတ်တော ရဟန်းတို့ ဖြစ်ပါကုန်လျက် သည့်လောက်တောင် ဣဿာမစ္ဆရိယ တရား များရာသလော" ဟူ၍ ဒေဝဒတ် အတွက် ကရုဏာ သက်ကြ သူများလည်း မရှား၊ အချို့အမြော်အမြင်ရှိသူများကမူ "ဒေဝ ဒတ်အား ဤသို့ ပကာသနိယကံ ပြုလိုက်ခြင်းမှာ အကြောင်းမဲ့ မဟုတ်။ ဒေဝဒတ်နှင့် ပတ်သက်၍ ဖြစ်လတံ့သော နောင်ရေး ကို ဗုဒ္ဓမြင်တော်မူ၍သာ ဤသို့ ကံပြုရခြင်း ဖြစ်ပေမည်။ ဗုဒ္ဓ သည်သည်းကောင်း၊ ဗုဒ္ဓ၏ သာဝကများသည် လည်းကောင်း၊ အကြောင်းမဲ့ သက်သက်အားဖြင့် သူတပါး အကျိုး ဆုတ်ယုတ် နစ်နာခြင်း ဖြစ်စေမည့် အမှုမျိုးကို မည်သည့် အခါမျှ ပြုလုပ် သည်မရှိခဲ့။ ဤ ပကာသနိယကံ၏ အကျိုးဆက် ကာယကံရှင် ဒေဝဒတ်ထံမှ ထွက်ပေါ်မည့် အပြုအမူ အခြေအနေများကိုသာ ဒို့တတွေ စောင့်ကြည့်ဘို့ရှိသည်" ဟူ၍ ဗုဒ္ဓ၏ အနန္တဉာဏ်တော်

ကို အံ့သြချီးကျူးလျက် ပကာသနိယကံ ပြုခြင်းကို ထောက်ခံသူတို့လည်း အမြောက်အမြားပင် ရှိကုန်သတည်း။

ရဟန်းသံဃာတော်များ တမြို့လုံး လှည့်ပတ်၍ ပကာသနိယကံ ပြုနေ ချိန်၌ ကံပြုခြင်း ခံရသော ဒေဝဒတ်မှာ အခံရခက် ဗုဒ္ဓအပေါ်၌ အမျက်ထားသော အမူ အရာ ကြီးဖြင့် ကျောင်းတော် ပြူတင်း ပေါက်ဝတွင် ရပ်လျက် အဝေးတွင် မြင်နေရသော ဂိဇ္ဈကုဋ်တောင်ကြီးကိုကြည့်ကာ ရှေ့သို့ မည်သို့ မည်ပုံ စခန်းသွားမည်အရေးကို တွေးနေလေသည်။ ဤသို့ တွေးရင်း တွေးရာမှ ဒကာတော်လေးအဇာတသတ်မင်းသား၏ မျက်နှာကို တရေးရေး မြင်ယောင်နေလေ၏။

www.dhammaransi.com

# ၇

"သားတော်မောင်ငဲ့ ခမည်းတော်နဲ့ မယ်တော်ဘုရားတို့ထံ အခစား မရောက်လာသည်မှာ ကြာပုံကို ထောက်လျှင် သားတော်မှာ ကျောင်းကန်သွားရတဲ့ ကိစ္စနဲ့ အလုပ် များနေသည် ထင်ရဲ့"

ဗိမ္ဗိသာရမင်းကြီးနှင့် မယ်တော် ဝေဒေဟီ မိဖုရားကြီးတို့သည် သလွန်ထက်တွင် တူယှဉ်နှစ်ဘော်စံတော်မူပြီး သားတော်၏ ဖူးမြော်ခြင်းကို ခံတော်မူလျက်မှ အထက်ပါ စကားဖြင့် ဗိမ္ဗိသာရ မင်းက သားတော်အား နှုတ်ခွန်း ဆက်၍ သားတော် အဇာတသတ်မင်းသားက ခမည်းတော် မယ်တော်တို့၏ရှေ့တွင် ရှိသေစွာ ခစားလျက်မှ–

"မှန်လှပါ ဤသို့ ခမည်းတော် တွေးထင်သည့် အတိုင်း မှန်ပါသည်ဘုရား။ သားတော်သည် ကျောင်းတော်သို့ မနက်

www.dhammaransi.com



တခေါက်၊တနေ့လျှင် နှစ်ခေါက်ကျ မှန်မှန်ရောက်ရှိပါကြောင်း ဘုရား”ဟူ၍ လျှောက်ထားလိုက်သော သားတော်၏စကားကို မယ်တော် ဝေဒေဟီ မိဖုရားကြီးက ခေါင်းတညိတ်ညိတ်နှင့်–

“မောင်ဘုရားရဲ့သားတော်မောင်က သက်ရှယ်တော် နုနုနဲ့ ဘုရားဒကာ၊ ကျောင်းဒကာတောင်ဖြစ်နေပြီကော မောင်ဘုရား ငဲ့”ဟု ချီးကျူးရင်း မင်းကြီး၏ မျက်နှာတော်ကို ကြည့်လိုက်သည်။ ဗိမ္ဗိသာရမင်းကြီးက ခေါင်းကို မသိမသာ ခါလျက်

“သားတော်ကို ချစ်မြတ်နိုးတော်မူလှတဲ့ဇောနဲ့ နှမတော်က အလျှင်စလို အချီးမွမ်း ပိုသွားသည် ထင်ပ။ သားတော်ဟာ ကျောင်းဒကာမှန်ပေသိ ဘုရားဒကာတော့ မဟုတ်ရှာသေးပါ ဘူး။ သားတော် အနေနဲ့ကဘုရားသခင်ကို တောင်မှဘဲ နိုးနိုး ကပ်ကပ်ဖူးမြော်ရခြင်း မရှိသေးဘူးမှုတ်လား။ ဘုရားဒကာဆို သဟာက ဘုရားသခင်ကို ယုံယုံကြည်ကြည် ကိုးကွယ်မှ၊ ရိုရို သေသေဆည်းကပ်မှ၊ ပူဇော်မှ ဘုရားဒကာလို့ ဆိုပေသည်အမိ ငဲ့”

ဤသို့ခမည်းတော်မင်းကြီးက ပြောလိုက်သောအခါ သားတော် အဇာတသတ်မှာ စိတ်ထဲတွင် ထင့်ကနဲ ဖြစ်သွားလေသည်။

“ခမည်းတော်ကရှင်ကြီးဂေါတမကိုမှ ဘုရားလို့ ဆိုလိုပါသလား။အရှင်ဒေဝဒတ်ကော ဘုရားမဟုတ်ဘူးလား ခမည်းတော်”

www.dhammaransi.com



"သားတော်မောင်။ ခမည်းတော်အနေနဲ့ အရှင်ဒေဝဒတ်ကို မည်သို့မျှမပြောလို။ သို့ရာတွင် သည်လိုတော့ ရှိပေသည်သား တော်ဘုရားဆိုသည်မှာနှစ်ဆူပွင့်ရိုးမရှိဘူး။ တဆူထဲသာပွင့်တော် မူတာမျိုးကလားသားတော်ငဲ့"

ခမည်းတော် ဘုရား၏ ဤမိန့်ခွန်းတော် ခြေချက်ကိုကား သားတော်က လက်မခံနိုင်။ လက်မခံနိုင်သည့် အလျောက် လည်း ကောက်ကာ ငင်ကာပြန်၍ လျှောက်လေသတည်း။

"ခမည်းတော်ဘုရားကအရှင်ဒေဝဒတ်ဘုရား ပွင့်ထွန်းတော် မူလာမည် စိုးသောကြောင့် ဤစကားကို မြွက်ကြားတော်မူ ဟန်တူပါသည်။ သည်မှာခမည်းတော်– ဘုရားဆိုသည်မှာနှစ်ဆူ မကဘူး ၄ ဆူ၊ ၅ ဆူ၊ ၉ ဆူ၊ ၁၀ ဆူ ဘုရားတွေများများ ပွင့်တော် မူလေ ကောင်းလေလေပ ခမည်းတော်ရဲ့။ ဒါမှ သတ္တဝါတွေ များများကျွတ်လွတ်ပြီး ဝဋ်ဆင်းရဲမှ လွတ်မြောက်ကုန်ကြမည် မဟုတ်ပါလား"ဟုတင်လျှောက်လေသော အခါ ခမည်းတော် မင်းကြီးမှာ ခပ်ဟားဟား ရယ်တော်မူပြီးနောက်။

"ဟဲ... ဟဲ....သားတော်အယူအဆက ဘုရားတွေ များများ ပွင့် လူတွေကိုများများ တရားဟောပေးရင် ကျွတ်တမ်းဝင် ကုန်လိမ့်မယ်လို့ ထင်သကိုး"

"မှန်ပါ–သည်အတိုင်းဘဲ ဖြစ်ရပါ့မယ် ခမည်းတော်"

"အိမ်း–အိမ်း–။သားတော် ထင်ချင်သလို ထင်နိုင်တာပ။ သဟာပေသိ သည်လိုတော့ ရှိတယ် သားတော်။ ကျွတ်ထိုက်

www.dhammaransi.com



တဲ့လူ ကျွတ်ဘို့ပါရမီပါလာတဲ့လူဟာ ဘုရားတွေ အဆူဆူပွင့် ဘို့မလိုပါဘူး။ တဆူထဲနဲ့လဲ ကျွတ်တမ်းဝင်နိုင်သာပ။ ကျွတ် ထိုက်တဲ့ ပါရမီ မပါဘူး ဆိုရင်တော့ ဘုရား အဆူပေါင်း ရာထောင်ဝိုင်းပြီး ချွတ်ပေမဲ့လဲ အဘယ် မှာလျှင် ကျွတ်နိုင်ပါ မည်လဲ နာဦးလော့သားတော်''

ဤသို့ မိန့်တော်မူပြီး ရတနာ(၇)ပါး တို့ဖြင့် ခြယ်စီထား သော ရေကရားကို ငဲ့၍ရေသောက်တော်မူနေစဉ်တွင် ''ဆက်၍ အမိန့်ရှိတော်မူပါဦး ခမည်းတော်'' ဟူ၍ အဇာတသတ်မင်း သားက လျှောက်လေ၏။ မင်းကြီးသည် ရေသောက်တော်မူ ပြီးနောက်...

''သားတော်မောင်။ဘုရားတွေများများ ပွင့်ထွန်းသည်ကို ထားဘိဦး။ ခေတ်တခေတ်ထဲမှာ ဘုရား၂ဆူတောင်မှ ပြိုင်တူ ပွင့်ထွန်းတော်မူရိုး မရှိဘူး။ သဟာက သည်လိုတဲ့သားတော်ရဲ့။ အကယ်၍ ဘုရားနှစ်ဆူ အပြိုင် ပွင့်ထွန်းလာခဲ့ရင် လူတွေဟာ ဘယ်လို ဖြစ်ကုန်မယ် ထင်သလဲ။ သူ့ဘုရားက တန်ခိုးကြီး သည်၊ ငါ့ဘုရားကတရားဟောကောင်းသည်လို့ ဘုရားချင်းပြိုင် ကုန်ကြပါရောတဲ့။ အဲဒီလိုသူနိုင် ငါနိုင်ဘုရားချင်းပြိုင်တဲ့အခါ မှာ လူ့သဘာဝအတိုင်း ငြင်းကြ ခုန်ကြရင်းက ဘုရားဂုဏ်းနဲ့ မလျော်ကန်းတဲ့စကားတွေကိုပြောမှား ဆိုမှား ထိပါးပုတ်ခတ် မှုတွေ ဖြစ်ကုန်ရောတဲ့။ ပြောမှား ဆိုမှား အငြင်းပွားကရာ ဘုရားဂုဏ်းသင့်ကြကုန်ရောတဲ့။ ဘုရားဂုဏ်းသင့်တော့ ဘာဖြစ် သလဲ။အပါယ်ငရဲအိုးကြီးထဲ စောက်ထိုး ကြကုန်တော့တာပ။

www.dhammaransi.com



သဟာကြောင့် ဘုရားနှစ်ဆူပွင့်ရိုးမရှိဘူးလို့ဆိုတာ။ ဘယ့်နှယ်လဲ သားတော် သဘောပေါက်ပါစ''

သဟာကိုသားတော်အနေနဲ့ လက်မခံနိုင်ပါခမည်းတော်။ အကြောင်းကတော့ သည်လိုပါဘုရား။ အခုသားတော်ကိုးကွယ်ထားတဲ့ အရှင်ဒေဝဒတ်ဟာဆိုရင်လဲ ဘုရားဘဲမဟုတ်ပါလား''

''အော်သားတော်က အရှင်ဒေဝဒတ်ကို ဘုရား မှတ်နေတာကိုး''

''မှန်ပါသည်ခမည်းတော်။ အရှင်ဒေဝဒတ်ဟာ အင်မတန့်ကိုတန်ခိုးကြီးလှပါသည်။ ခမည်းတော်ဘုရားရဲ့ ရှင်ကြီး ဂေါတမဟာ....(စကားမဆုံးမီ ခမည်းတော်က ကြားဖြတ်၍)

''အိုးဟို-သားတော်။ ရှင်ကြီးဂေါကမလို့မဆိုပါနဲ့ ခမည်းတော်တို့ သားတော်တို့အနေနဲ့ ဘုရားသခင်၏အမည်ကို သုံးနှုန်းရင်အင်မတန်မှ ရိုင်းရာကျတယ်။ သဟာကိုတော့ သည်းခံပါသားတော်'' ဟု ဟန့်တားလေ၏။

''ကောင်းပါပြီ ခမည်းတော်။ သားတော်လျှောက်တင်လိုက်တာက(ဆိုပါတော့) ခမည်းတော်ဘုရား၏ ဘုရားဟာ ဘယ့်လောက်ပင် တန်ခိုးကြီးဆိုစေကာမူ ကိုယ်တော်၏တန်ခိုးနဲ့ လူယောင်၊ နတ်ယောင်၊ ဘာယောင်၊ ညာယောင်စသည့် ဖန်ဆင်းပြတာမျိုးကို ခမည်းတော် မြင်ရဘူး တွေ့ရဘူးပါသလား''

''အေးကွဲ့သားတော်မောင်ငဲ့။ ဘုရားသခင်က နွားယောင်ကျဲယောင်ဆောင် ပြတာမျိုးတော့မမြင်ဘူးဘူးပ။ ကိုယ်တော်မှရောင်ခြည်တော် ခြောက်သွယ်ထွက်ပြီး ပြိုးပြိုးပြက်ပြက်တခဲနက်

www.dhammaransi.com



ကွန့်မြူးနေတာတို့၊ နို့ပြီးတော့ ကောင်းကင်ခရီး စျာန်ယာဉ် စီးပြီး ရဟန်းသံဃာ ခြံရံလျက် ကြွတော်မူတာတို့ ကိုသာ မြင်တူးသည် သားတော်"

"အရှင်ဒေဝဒတ် သည်ကား ဆိုလျှင် ခမည်းတော် အား အလျင်တခါလဲ သားတော် လျှောက်ထားဘူး ပါပြီ။ သူ၏ တန်ခိုးတော်နဲ့ လူယောင်ဖန်ဆင်းနိုင်သည်သာမက မြွေကြီးတွေ တောင် ပါးပျဉ်းကြီးတထောင်ထောင်နဲ့ ဖန်ဆင်းတော်မူသည် ကို သားတော်ကိုယ်တွေ့ ဖြစ်ပါသည်"

"ကဲ....ကဲ....တော်ကြပါတော့။သားအဖချင်း တွေ့လိုက်ပြီ ဆိုမှဖြင့် ဘုရားချင်း ပြိုင်နေရတာနဲ့ အချိန်ကုန်တာဘဲ" ဟူ၍ ဝေဒေဟီမိဖုရားကြီးကကြားဝင်၍ ဖြတ်လိုက်သဖြင့် ထိုစကား မှာပြတ်သွား၏။

ဗိမ္ဗိသာရမင်းကြီးသည် သားတော်ကို လွန်စွာ ချစ်မြတ်နိုး တော်မူသည့် အလျောက် စကားဖြင့်ပင် မာမာ တင်းတင်း ပြောဆိုခဲ့ခြင်း မရှိခဲ့။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သား တော်၏ စိတ်ကြိုက်ကိုသာ လိုက်လိုက်လျောလျောဆိုပြောတော် မူလေ့ရှိ၏။

ယခုအချိန်တွင်မူ မင်းကြီး၏ဆန္ဒတော်၌ သားတော်အား "ဘုရားသခင်ကို ဆန့်ကျင်မှု ပြုနေသော ဒေဝဒတ်နှင့်ပေါင်း သင်းရန်မသင့်ကြောင်း ပြောဆိုဆုံးမလိုသော်ငြားလည်း ဤသို့ ပြောဆိုလိုက်ချေက သားတော်စိတ်မချမ်းမသာမျှား ဖြစ်သွား ရော့လေမည်လား" ဟူ၍ယင်းကိစ္စနှင့် ပတ်သက်၍ ရေငုံနှုတ်

www.dhammaransi.com



ပိတ် ဆိတ်ဆိတ်သာ နေတော်မူ၏။ သို့ရာတွင် သွယ်ဝိုက်သော နည်း အားဖြင့်ကား သားတော်အား သတိပေးလိုက် လေသည်။

"သြော်-သားတော်မောင် ပြောတဲ့ မြေစကားနဲ့မှတ်သက်လို့ ခမည်းတော်သတိရလာတာကလေးတခု သားတော်ကိုပြောရအုံးမယ်"

"သားတော်နာခံလျက်ပါခမည်းတော်"

"သည်လိုသားတော်မောင်ရဲ့။သားတော်အခုကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းထားတဲ့ ဂဃသီသအရပ်ဟာ ရှေးအခါက မြေဆိုးကြီးတွေအင်မတန်ထူထပ် ပေါများတဲ့အရပ်၊ အဆိပ်ကလဲပြင်းပါဘိသနဲ့။ ကိုက်လိုက်ရင် ဆေးမမှီဘူး။ ချက်ချင်းသေတာချည်းဘဲ"

"အခုမရှိတော့ပါဘူး ခမည်းတော်။ အားလုံးရှင်းပစ်လို့ တလင်းကြီး ဖြစ်နေပါပြီ။ မြေပေါက်မှာကို ကြောက်စရာမလိုပါဘူးခမည်းတော်"

"သဟာဆို ကောင်းပါ၊ ကောင်းပါ။ ဒေသက မြေဆိုးများပျော်အောင်းတဲ့ဒေသမို့ ခမည်းတော်က သတိပေးတာပါ။မြေကိုကုန်းပေါ်မှာမမြင်ရ မတွေ့ရပေမယ်လို့ မြေကြီးထဲမှာ အောင်းနေတဲ့ မြွေတွေမရှိဘူးလို့ မဆိုနိုင်ဘူး။ သဟာ့ကြောင့် သွားတဲ့လာတဲ့ အခါများမှာသတိထားသွား၊ ကြားလား သားတော်မောင်။ သည်မြွေဆိုးကြီးတွေကိုက်ရင် ဆေးမမှီဘူး။ သားတော်အတွက် ခမည်းတော်က စိုးရိမ်လို့သတိပေးတာ။ သတိထားကြားလား"

www.dhammaransi.com



အချိန်မှာ မွန်းတိမ်းအချိန်ဖြစ်လေသည်။ နေ့ရောင်မင်းကား စွမ်းအားရှိသလောက် ခြစ်ခြစ်တောက် ပူပြင်းလျက် ရှိနေ၏။

ထိုအချိန်တွင် ဒေဝဒတ်သည် အရေးကြီးသောကိစ္စကြောင့် ထီးဘိနပ် ဆောင်ရမည်ကိုပင် သတိမရ။ ခြစ်ခြစ်တောက် ပူပြင်းလှသော နေမင်းအောက်တွင် သင်္ကန်းကြီးကို ခေါင်းမြီးခြုံလျက် ဂယာသီသမှ ရာဇဂြိုဟ်မြို့ဆီသို့ ဦးတည်ကာ တမတ်စောက်စောက်နှင့် လျှောက်လျက်ရှိနေပေသည်။

သူ၏ဦးတည်ချက်ကား အရေးကြီးသော ကိစ္စတခု အတွက် အဇာတသတ်မင်းသားနှင့် တွေ့ဆုံရန်ဖြစ်လေသည်။

သို့သော်ခြစ်ခြစ်တောက် ပူပြင်းသော နေမင်းအောက်တွင် အလောတကြီး ချွေးဒီးဒီးနှင့် လျှောက်လာခဲ့ ငြားလည်း ကံကြမ္မာက သူ့ကိုအဇာတသတ် မင်းသားနှင့် တွေ့ခွင့် မပေးချေ။ နန်းတော်သို့ ရောက်ပါလျက် မင်းသားနှင့် ဆိုက်ဆိုက် မြိုက်မြိုက် မတွေ့လေသောအခါ ဒေဝဒတ်မှာ ပြန်ရကောင်းနိုးနိုး၊ မင်းသားလာအောင်စောင့်ရကောင်းနိုးနိုးနှင့် မင်းသား၏ စံနန်းတော်တွင်း၌ ချီတုံချတုံ လမ်းလျှောက်နေလေ၏။

"ဒကာ ကလေးက ဘယ်လောက် ကြာမည် ပြောသွားသလဲ"

"မည်ရွေ့မည်မျှ ကြာမည်လို့တော့ ကိုယ်တော်ကလေးက အမိန့်ရှိမသွားပါဘုရား၊ ငါ့ခမည်းတော်နဲ့မယ်တော်ကိုမဖူးမျှော်ရတာကြာပြီ။ သွား၍ ဖူးမြော်ဦးမည် လို့သာ အမိန့် ရှိသွားကြောင်းပါဘုရား"

www.dhammaransi.com



ဒေဝဒတ်သည် နဖူးမှ စီးကျ လာသော ချွေးသီး ချွေးပေါက်များကိုသက်နှန်ဖြင့် သုတ်ရင်း''ဟင်းကနဲ သက်ပြင်းရှည်ကြီးချလိုက်ပြီးနောက် လာမိမှတော့မထူးပါဘူး။ ငါမင်းသားနှင့်တွေ့အောင် စောင့်မယ်''ဟု စိတ်နှလုံးကိုဒုံးဒုံးချပြီး အဇာတသတ် မင်းသားပြန်လာမည့် အချိန်ကို ရွှေအိမ်နန်းပေါ်တွင် စကြံလျှောက်လျက်စောင့်နေလေ၏။

''အော်.... ဘုန်းတော်ကြီးသော အရှင်ဘုရား.... ကြွလာတော်မူသကိုး....''

အဇာတသတ် မင်းသားသည် အဆောင်တွင်းသို့ ခြေတော်နင်းမိလျှင်ပင် အရှင်ဒေဝဒတ် ရောက်နေသည်ကိုမြင်၍ ရောက်ရာအရပ်မှ လက်အုပ်ချီ ရှိခိုးလျက် ဒေဝဒတ်၏ ရှေ့တော်သို့ ဝင်လေသည်။

''ဒကာကလေး ရောက်လာတာနဲ့အတော်ဘဲ''

''နေပူကျဲကျဲကြီးထဲမှာ မကြွစဘူး ကြွလာတော်မူခြင်း၏ အကြောင်းကို အမိန့်ရှိတော်မူပါဘုရား'' ဟူ၍ အဇာတသတ် မင်းသားက ရိုသေစွာ ရှိခိုး၍ မေး လျှောက် သော အခါ။ ဒေဝဒတ်သည် အဆောင်တော်၏ ပတ်ဝန်းကျင်ကို ကြည့်ရှုပြီးနောက်....

''ဒကာကလေး၊ အဆောင်တော်တံခါး အားလုံးကို ပိတ်စေပြီး။ အဆောင်တော်တွင်းမှာ တယောက်မကျန် အကုန်ထွက်ပါစေ'' ဟု မိန့်တော်မူ၏။

အဇာတသတ် မင်းသားလည်း ဒေဝဒတ်၏ အမိန့်တော် အတိုင်း စီမံလေ၏။

www.dhammaransi.com



အဆောင်အတွင်း၌ တယောက်မကျန် ထွက်ခွာစေ၊ ဟူသော အချိန်မှာ အဇာတသတ်မင်းသားနှင့် နှစ်ကိုယ်ကြား နှစ်နား တိုင်ပင်လိုသောကြောင့် ဖြစ်ကြောင်းကား ထင်ရှားပေသည်။

သို့သော်....ဒေဝဒတ်၏ ယင်းစီမံချက်ကား အလျင်စလိုရှေ့ လောတကြီး စီစဉ်ခြင်း ဖြစ်သဖြင့် ပိရိမှု မရှိဟု ဆိုရပေမည်။ အကယ်၍သော....

"မင်းချင်းယောကျ်ားအားလုံးကို အပြင်ထွက်စေ" ဟု

အမိန့်မပေးလေဘဲ၊ မင်းသားနှင့် ၂-ယောက်ချင်း ဆိုပြော တိုင်ပင်ခြင်း ပြုလေက မည်သူကမျှ သံသယ ဖြစ်မည်မဟုတ်။ ဆရာနှင့် ဒကာ ပြောရိုးပြောစဉ်အတိုင်း စကားစမည် ပြော သည် ဟူ၍သာ ထင်ကြပေမည်။ ယခုကဲ့သို့....

"အားလုံးထွက်စေ" ဟူသော အမိန့်တော်ကြီး ထုတ်ပြန် လိုက်သောအခါ၌ကား....

"ကေန္တ အကြောင်း တခုခုတော့ ရှိပြီ" ဟူ၍တွက်ဆကာ အတွင်းသို့ မဝင်ရဲသော်လည်း အပြင်တွင်ကား အချင်းချင်း တီးတိုးစကားပြောသူကပြော။ အတွင်းဆောင်ဘက်သို့ နားရွက် တစွင့်စွင့်ဖြစ်သူကဖြစ်နေ။ ဤသို့ဖြစ်နေသတည်း။

သို့သော် ...အဆောင်တွင်းမှ စကားကိုကား မည်သူမျှမကြား ရခဲ့။

"အသင် မင်းသား၊ နေကိုကြည့်စမ်းလော့။ ဤအချိန်၌ အဘယ်မျှ ပူပြင်းလေသနည်း"

"မှန်လှပါ။ ကဆုန်—နယုန်၊ ဆွေ့ ဆွေ့ ခုန် ဆိုသောအတိုင်း ခြစ်ခြစ်တောက် အလွန်ပူပြင်းသည့် အချိန်ပါဘုရား"

www.dhammaransi.com



"မှန်ပေသည် အသင်မင်းသား။ သို့စဉ်မျှလောက် ခြစ်ခြစ်တောက် ပူပြင်းလှသည့် နေမင်းအောက်၌ ထီးဆောင်း၍ ဘိနပ်စီးရမည်ကိုပင် ငါ အမှု မထားလေဘဲ၊ အသင် မင်းသား၏ကောင်းကျိုးကို လိုလား၍ ငါလာခဲ့ခြင်းဖြစ်သည်ကို အသင်မင်းသား ယုံကြည်ပါ၏လော"

"အမိန့်ရှိမှ တပည့်တော်သိရမည် ဖြစ်ကြောင်းပါ ဘုရား"

"အမိန့်ရှိဆို အသင်မင်းသား လျင်မြန်စွာ ဘုရင်ဖြစ်မှုကို ရှေးရှု၍ ငါလာခဲ့ခြင်း ဖြစ်ပေသည်"

"တပည့်တော်၏ ကောင်းကျိုး လိုလားကြောင်း သိရ၍ အတိုင်းမသိ ဝမ်းမြောက်လှပါတော့သည် ဘုရား။ သို့ရာတွင် လျင်မြန်စွာ မင်းဖြစ်မှု၊ မဖြစ်မှုဆိုသည်မှာ ကံတရားအပေါ်၌ တည်ပါလိမ့်မည်ဘုရား။ လျင်မြန်စွာ မင်းအဖြစ်သို့ မည်မျှပင် ရောက်ချင်စေကာမူလည်း ကံတရားက ခွင့်မပြုလျှင် မည်သို့မျှ တတ်နိုင်မည် မဟုတ်ပါဘုရား"

ဤသည်ကား–ဒေဝဒတ်နှင့် အဇာတသတ်တို့၏ အချီအချ ပဏာမစကားဖြစ်ပေ၏။ ဒေဝဒတ်ကမြန်မြန်မင်းဖြစ်စေချင်၍လာခဲ့သည်ဟု ဆိုသည်။ အဇာတသတ်က မြန်မြန် မင်းဖြစ်မှု မဖြစ်မှုမှာ ကံတရား၏ အစီအမံသာပါဟု ဆိုသည်။ ဒေဝဒတ်သည် ဤမျှသော ကိစ္စကလေးလောက်ဖြင့် ခြစ်ခြစ်တောက် နေပူကြီးထဲမှာ အပင်အပန်းခံ၍ လာမည်မဟုတ်။ ထိုထက်အရေးကြီးသည့် ကိစ္စရပ်ကြီး တခုခုကြောင့်သာ လာခြင်း ဖြစ်ပေမည်။

ထိုအကြောင်းကား အဘယ်နည်း။ အဘယ် ကြောင့် အရေးတကြီး အဇာတသတ်ထံ နေပူခံ၍ ဒေဝဒတ် လာလေသနည်း။

www.dhammaransi.com



“အသင်မင်းသား။ နေရာတကာတိုင်းမှာ ကံကိုချည်း အားကိုးနေ၍ မဖြစ်။ ကံဆိုသည်မှာ အခြားမဟုတ်၊ လူ၏ လုပ်ဆောင်ချက်တည်း။ လူ၏ ဆောင်ရွက်မှုတည်း။ လူလုပ်လျှင် ဖြစ်သောအရာမျိုးထို ကံဟုဆိုသည်။ ဆိုးသည်ကို လုပ်လျှင်ဆိုးသောက ံဖြစ်၍။ ကောင်းသည်ကိုလုပ်သော် ကောင်းသောက ဖြစ်သတည်း။

ငါက ံရှိလျှင် စားရမှာဘဲ ဟူ၍ ပါးစပ်ကြီး ဖြဲ၍ စောင့်နေလျှင် အလိုအလျောက် ပါးစပ်ပေါက်ထဲသို့ ထမင်းရောက်လာမည်မဟုတ်။ ထိုသူသည် အာခြောက်၍ ဝမ်းဟောက်ပက်နှင့် သေရမည်စင်းစင်းတည်း။

ချက်ပြီးသား ထမင်းသော်မှလည်း လုပ်ဆောင်မှုက ခေါ်သော လက်ဖြင့် ထမင်းကို ယူ၍ပါးစပ်ထဲခွံ့ခြင်းပြုရပေသည်။ ဤသို့ ပြုလုပ်ခြင်းအမှုကို က ံဟုခေါ်ပေသည်”

“အသင်မင်းသား။ သင်ကား မင်းကမွေးသောမင်းသွေးရှိသူဖြစ်၏။ မင်းသွေးဟူက ဇာတိမာန် တက်တက်ကြွကြွရှိရမည်။ တက်တက်ကြွကြွရှိမှ မင်းပီသ၍ အထွတ်အထိပ်ရောက်ပြီး ကြီးပွားနိုင်သည်။ မင်းဖြစ်ဘို့အရေးကို အတိတ်က ံပေးမှ ရမည်ဟုတင်စားနေလျှင် မှားဘိစွ အသင်မင်းသား။ ပစ္စုပ္ပန်မျက်မှောက်မှာပင် မဖြစ်မနေဟု အားထုတ်လျှင် တမဟုတ်ချင်းပင် ထီးနန်းစည်းစိမ်သည် ကိုယ့်ခြေဝါးအောက်သို့ ဖုတ်ကနဲကျရောက်လာနိုင်ပေသည်”

အဇာတသတ် မင်းသားမှာ ဒေဝဒတ် ပြောသမျှကိုသာ ကြားနေရသည်။ ဘာကို ဆိုလိုကြောင်းကိုကား ယခုအထိမရိပ်

www.dhammaransi.com



စားမိသေးချေ။ ဒေဝဒတ်၏ စကားအသိုင်းအဝိုင်း များမှုကြောင့် နားလည်နိုင်စရာလည်း အကြောင်းမရှိချေ။

ထို့ကြောင့်....

"အဘယ့်ကြောင့် ဤစကားကိုဆိုတော်မူပါသနည်းဘုရား" ဟူ၍ ကြားဖြတ် မေးလျှောက်ချင်သော်လည်း ဒေဝဒတ်ကြား ညှပ်ခွင့် မရအောင် ဗလစ်ဗလစ်နှင့် အမြုပ်ထွက်မတတ် အဆက်မပြတ်ပြောနေသောကြောင့် ပြောသမျှကိုသာ နားစွင့်၍ထောင်နေရလေ၏။

"အသင်မင်းသား။ မင်းစည်းစိမ်မျိုး ဆိုသည်ကား ပျိုပျို ရွယ်ရွယ် အချိန်မှာသာ စည်းစိမ်ခံ၍ ကောင်းပေသည်။ အိုခါမှဆိုသော် ဘိနပ်တိုကို ခွေးအိုကြီး ဝါးသည်နှင့်သာ တူချိမ့်မည်။ ဘာမျှ အရသာကို ခံစားရမည်မဟုတ်။ ယခုအသင်မင်းသား အရွယ်သည် စည်းစိမ်ခံစားရန် အကောင်းဆုံး အရွယ်ဖြစ်ပေ၏။ ထိုအရွယ်တွင် အသင်မင်း ဖြစ်သည်ကို ငါလို၏။

အသင်မင်းသား ၊သမရိုးကျထုံးတမ်းစဉ်လာအရ ဆိုသော် တဗိုလ်ကျလျှင် တဗိုလ်တက် ဟူဘိသကဲ့သို့ လက်ရှိ စိုးမိုးသော ခမည်းတော်ဘုရင်ကွယ်လွန်မှသာလျှင် ဘုရင်အသစ်နန်းတက်ရိုးထုံးစံရှိနေ၏။ သို့ရာတွင် သေလျှင် မြေကြီး၊ ရှင်လျှင်ရွှေထီး ဆိုသကဲ့သို့ အချို့အချို့သော ဘုန်းသမ္ဘာရှင် တက်တက်ကြွကြွ သူရသတ္တိနှင့် ပြည့်စုံသော အာဇာနည် ယောကျ်ားမြတ်တို့ကား သူတပါး ပေးသောထီးနန်းစည်းစိမ်ကို မယူ။ ကိုယ်စွမ်းကိုယ်စ သူရသတ္တိ ရဲစွမ်းပြလျက် ထီးနန်းစည်းစိမ်ကိုအရယူကြကုန်၏။

www.dhammaransi.com



ဤသို့သော ဖြစ်ရပ်များ သည်လည်း ရာဇဝင်ဟောင်း သမိုင်း ရေစီးကြောင်းများတွင် အထင်အရှား ရှိချေသည်။

အသင်မင်းသား....၊တိုတိုနှင့် လိုရင်းကိုပင် သင့်အား ငါဆို ပေအံ့။ ယခု အသင် မင်းသား၏ ခမည်းတော်ကား အရွယ် ကောင်းတုန်း, သန်တုန်း, မြန်တုန်းပင် ဖြစ်၏။ လူ့ သက်တမ်း အတိုင်း နေသွားရသော် နောင်နှစ်ပေါင်း လေးငါးဆယ်အထိ နေနိုင်ရန် ရှိသေး၏။ အသင့် ခမည်းတော် ကွယ်လွန် လေမှ အသင်မင်းသား ဘုရင်ဖြစ်ရမည်ဆိုချေက ငါဆိုခဲ့သောအတိုင်း "ခွေးအိုကြီး ဘိနပ်တိုကို ရသည်နှင့်သာ တူချိမ့်မည်" ပေးကား ပေး၏မရ ဆိုသကဲ့သို့ မင်းအဖြစ်ကိုကား ရရှိပါ၏။မင်းစည်းစိမ် ကိုကား ကောင်းမွန်စွာ အရသာရှိရှိခံစားနိုင်ခွင့်ကို ရတော့မည် မဟုတ်ချေ။ အသင် မင်းသားအားသက်ရွယ်တော်နုနုအချိန်တွင် ချမ်းသာစွာ မင်းစည်းစိမ်ကို ခံစားနေသည်ကိုသာငါမြင်လို၏။

ထို့ကြောင့် အသင် မင်းသား....၊ ငယ်ငယ်ရွယ်ရွယ် နုပျိုစဉ် အချိန်၌ မင်းစည်းစိမ်ကို ခံစားရမည့်နည်းကို သင်အား ငါ- ညွှန်ကြားပေးအံ့။ ဤနည်းသည်ကား အခြားမဟုတ် အသင် မင်းသား၏ ခမည်းတော်မင်းကြီး ရှိနေသေးသမျှ ကာလပတ်လုံး ဘုရင်ဖြစ်ခွင့်ရဦးမဟုတ်၊ ထို့ကြောင့် အသင်မင်းသား၏ ခမည်း တော်ကို အသက်ဇီဝိန် ခြွေပစ်လော့။ သတ်လော့။ ဖြတ်လော့။ သုတ်သင်ပစ်လော့။ "ရက်စက်မှ ကြေကွဲ၊ ရဲမှမင်းဖြစ်" ဟူသော ထုံးကို နှလုံး မူလျက် ငါ၏ တိုက်တွန်း ချက်တို့ အမြန်ဆုံး ဆောင်ရွက်လော့။ ငါတို့သည်လည်း ယောက်ဖတော် ဂေါတမ ကို သတ်၍ ဘုရားပြုအံ့။ ထိုအခါ ငါကား ဘုရား။ သင်ကား

www.dhammaransi.com



ဘုရားဒကာဖြစ်လာပြီး လောကအလယ်တွင် တုဘက်ကင်းလွတ်အောင် အထူးသဖြင့် တင့်တယ်ကုန်လတ္တံ့”

ထိုစကား၏ အဆုံး၌ကား အဇာတသတ်မင်းသားမှာ မျက်လုံးများ ပြူးပြီး ခမည်းတော်ကို သတ်ရမည် ဆိုသဖြင့် သူ့တကိုယ်လုံးမှာလည်း နတ်ပူးသည်နှယ် ဆတ်ဆတ် တုန်လာလေသည်။ တုန်ရီသော လက်နှစ်ဘက်ကို ယှက်မိုးလျက် ကွဲအက်ဆို့နင့်သော လေသံဖြင့် အရဲစွန့်၍ လျှောက်ထား လေသည်ကား–

“အရှင်ဘုရား ..၊တပည့်တော်အနေဖြင့် ဘုရင် မလုပ်ရလျှင်လည်း ရှိပါ စေတော့။ မြင့်မိုရ် တောင်ဦး မက ကျူးသည့်ကျေးဇူးရှင်ကြီးဖခမည်းတော်ကိုကား တပည့်တော် သတ်လည်းမသတ်ရက်။ သတ်လည်းမသတ်ဝံ့ပါ ဘုရား”

အဇာတသတ်မင်းသားမှာ မျက်နှာသွေးခုတ် မရှိအောင်ပင် ထိတ်လန့် တုန်လှုပ် ခြောက်ချားကာ ဒေဝဒတ် အနားကပင်ထ၍ ပြေးချင်စိတ် ပေါက်လာ၏။ “တ....တ တပည့်တော် ခ....ခ ခမည်းတော်ကို မ....မ မသတ်ပါရစေနှင့် ဘုရား....”ဟူ၍ ပါးစပ်မှအထစ်ထစ်အငေါ့ငေါ့နှင့် လျှောက်နေလေ၏။ ဒေဝဒတ်ကား ကြောက်သွေးမွှန်လွှန်နေသော အဇာတသတ်ကိုကြည့်ကာ တောက်ခေါက်၍ တောက်,များပင် ခေါက်လိုက်လေသည်။

“(တောက်) ညံ့လိုက်တဲ့သတ္တဝါ။ အထင်နဲ့ အမြင် ကွာလိုက်လေ၊ အသင်မင်းသား သင့်အား ငါ အထင်ကြီးခဲ့မိ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် ဘုန်းသမ္ဘာ ကြွယ်ပြီး သူရသတ္တိ ရှိသော မင်းသားဟု–သင့်ကို ငါ ထင်စား မိခဲ့၏။ လက်တွေ့ အားဖြင့်

www.dhammaransi.com



သော် သင်သည်ယောကျ်ားမဟုတ်။ မိန်းမ့ပေတကား(တောက်) ဖျင်းလိုက်တဲ့ မင်းသား။ ရာဇပလ္လင်ပေါ် ရောက်အောင် ဖင်မြှောက်ပေးပါလျက် ကိုယ်မတက်ဝံ့ဘူးတဲ့။ အံ့ရော-ညံ့လိုက်တဲ့ သတ္တဝါ''

ဒေဝဒတ်သည် အဇာတသတ်အပေါ်၌ သူတွက်ဆထားသည့်ကား သည်ကောင်ကလေး ရှူးရှူးမိုက်မိုက်နဲ့ ဘာမှ အမှန်းသိတဲ့ကောင်ကလေး မှုတ်ဘူး။ ငါထု သလို နုရှာမဲ့ ဖယောင်းတုံးကလေးဘဲ။ ငါခိုင်းလျှင် ဘာမဆို မဆိုင်းမတွ လုပ်မဲ့ ကောင်ကလေးဟု အပိုင် တွက်ထား ခဲ့လေသည်။ သို့သော် လက်တွေ့အားဖြင့် သူ့ခမည်းတော်သတ်ရန် တေ့တေ့ဆိုင်ဆိုင်ခိုင်းကြည့်သော အခါ၌ကား ထင်သလို မဟုတ်တော့ဘဲ တွန့်ဆုတ်ဆုတ်ဖြစ်နေသည်ကို တွေ့ရသောအခါ ဒေဝဒတ်မှာ ရှေ့သို့ တဆင့်တက်၍ အတွေးနက်နက် ကြံရပြန်လေ၏။

ဤသို့ မကြံလျှင်လည်း သူ့ဘဝရပ်တည်မှု အတွက် သူစိတ်မချတော့ချေ။ ဤမင်းသားကား ကျွပ်ဆတ်ဆတ် မင်းသားစိတ်မထင်လျှင် မထင် သလို စိတ်မြန်ကိုယ်မြန် လုပ်တတ်သည်။ ငါ့ကို ကြည်ညိုရင်းစွဲရှိလာခဲ့သည် မှန်သော်လည်း ငါက ခမည်းတော်ကို အသတ် ခိုင်းမိပြီး ဖြစ်နေ၏။ ဤသည်ကို အနာဂါတ်ထား၍။

''ငါ့ ခမည်းတော်အသတ်ခိုင်းရာ သလော ''ဟူ၍ ငါ့အားသူသတ်ချင်လည်းသတ်မည်။ သို့မဟုတ် ဤသို့ငါ့အသတ်ခိုင်းပါသည်ဆိုသောအကြောင်းကို အများ သိအောင် မောင်းခတ်ကြေ

www.dhammaransi.com



ပြောခြင်းသော်လည်း ပြုလေရာသည်။ ထိုအခါ ငါ့အဖြစ်ကားလူ့ပြည်တွင် နေချင်စရာပင် ကောင်းတော့မည် မဟုတ်။ လူတကာ၏ တံထွေးခွက်တွင် ငါပက်လက် မျောရ ချေတော့အံ့။ ငါ့အကြံအထမြောက်အောင်တော့ ခြိမ်းတခါ ခြောက်တလှည့်နှင့် သည်ကောင်ကလေး ငါ့လက်တွင်းက လွတ်မသွား နိုင်အောင် ငါလုပ်မှ တော်မည် ဟူ၍ အဇာတသတ်အား ကြုံးဝါး ခက်ထန်မောက်မာသံဖြင့် ဤသို့ ဆိုလေသတည်း။

"ဟယ် မင်းသား ငယ်။ သင် ငါ့ အကြောင်း သိသည်မှုဟုတ်လော့။ ငါ့စကားကို နားမထောင်က ဤသည်ကို သင်ရှုလော့ ဟူ၍ ရှေးယခင် နန်းတွင်းဝင်စအခါကဲ့သို့ မြွေတွေနှင့် လူပျို အသွင်ကို ဖန်ဆင်းပြလေ၏။ သို့သော် သူဖန်ဆင်းတိုင်း ရှေးကကဲ့သို့ ဖြစ်မလာ။ ပကတိရုပ်သွင် မပျောက်ဘဲ ဖြစ်နေ၏။

"ဟင်...."

ဒေဝဒတ်သည် ဤတွင်မှ သူ့ကိုယ်သူ တန်ခိုးမရှိတော့မှန်းသိလေတော့သည်။ အလွန်ထိတ်လန့်သွားလေသည်။ သို့သော် အဇာတသတ် မရိပ်မိလေအောင် အချိန်မှီ ဣန္ဒြေဆယ်လိုက်ပြီးနောက်၊ အဇာတသတ်အား ဆက်၍ ခြိမ်းခြောက်လေ၏။

"အသင်မင်းသား သင်ကြောက်လန့်ပြီး ချက်ချင်းအသက်ပျောက်သွားမည်စိုးသောကြောင့် ဟိုယခင်က သင်မြင်တွေ့ဘူးသော မြွေကြီးများကို ငါမလွှတ်ဘဲထား၏။ အသင်မင်းသား သင်ကား ငါ၏ဒကာရင်းလည်းဖြစ်၊ ချစ်ခင်ရင်းစွဲလည်းရှိထား

www.dhammaransi.com



သောကြောင့် သင့်ကို ငဲ့ညှာသော အားဖြင့် ငါသတိပေးအံ့"

"အသင်းမင်းသား၊ ငါ အဘယ်မျှ တန်ခိုးကြီးကြောင်း သင်ကိုယ်တွေ့ဖြစ်ပေသည်။ သင်၏ ကောင်းကျိုးကို လိုလား၍ သင်အား ငါစေခိုင်း ညွှန်ကြားခဲ့၏။ သို့သော် သင်ကား ငါ၏အာဏာကို ဖီဆန်နေပေသည်။ ဤသည်ကို ငါ့အနေနှင့် အဘယ်မျှပင်သည်းခံနိုင်စေကာမူ ငါ၏တန်ခိုးများကား အထူးသဖြင့် သင်မြင်တွေ့ခဲ့ရဘူးသော ငါ၏တန်ခိုး မြွေဟောက်ကြီး တို့ကား သင့်အားသည်းခံကြလိမ့်မည်မဟုတ်ကုန်။

အကျိုးရှိရာ ညွှန်ကြားချက်ကို လက်မခံသော သင့်အား ငါ၏ဘန်ခိုးများက သင့်အား အရှင်ထားကြလိမ့်မည်မဟုတ်ကုန်။ သင့်အသက်ကို အသေခံမည်လော။ ငါ၏စကားကို နားထောင်မည်လော"

အဇာတသတ် မင်းသားမှာ သက်ရှယ်တော်နုသေး၍ သတိသမ္ပဇဉ်၊ ဆင်ခြင်တုံတရား အားနည်းလှသေးသည် တကြောင်း ၎င်းဒေဝဒတ်၏ ဘုန်းတန်ခိုး ကြီးလှပုံကို ကိုယ်တွေ့ မျက်မြင်ကြုံခဲ့ရဘူးသည်တကြောင်း။ တန်ခိုးဆိုသည်မှာ ဘုရားရဟန္တာများမှသာ ရှိနိုင်သော အရာမျိုးဖြစ်သည်။

ဒေဝဒတ်၏စကားသည် ဘုရား၏ ဗျာဒိတ်တော်ပင်ဖြစ်သည်။ ဘုရား၏ ဗျာဒိတ်တော်စကားကို နားမထောင်ချေက။ ငါ့ဦးနှောက်ကို မြွေးကြီးများက ဖောက်၍သောက်ကြလိမ့်မည်။ဘုရား

www.dhammaransi.com



သခင် ဒေဝဒတ်သည် အကယ်၍ ငါ၏ကြီးပွားမှုကို လိုလားသော ကြောင့်သာ ငါ့အား စေခိုင်းခြင်းဖြစ်မည်။ ဘုရားစကားကိုငါ နားထောင်မှ တော်မည်ဟူ၍

''အရှင်ဘုရား။ တပည့်တော်လည်း တပည့်တော်၏ တာဝန်ကျေအောင် ခမည်းတော်ကိုသတ်ပါ၏။ အရှင် ဘုရားလည်းအရှင်ဘုရားတာဝန် ကျေပြွန်အောင် ရှင်ကြီး ဂေါတမကို သတ်တော်မူပါလော့''ဟု အာမဘာန္တေ ခံ လိုက်သတည်း။

www.dhammaransi.com

# ၆

"ဟော့....ဟိုမှာ-မှန်နန်းဆောင်နဲ့ ဖန်နန်းဆောင် ကြားမှာ အဇာတသတ် ကိုယ်တော်ကလေး မဟုတ်လား။ ပြုံတစ်ပြုံတစ်နဲ့ ဘာလုပ်နေတယ်မသိဘူး"

"ဩ....ဟုတ်ပေသားမင့်။ ခမည်းတော်ဘုရားထံ အခစား ဝင်ချင်လို့ထင်ပ"

"အခစားဝင်တာ ပြုံတစ်ပြုံတစ်နဲ့ ဘာချောင်းမြောင်း ကြည့်နေစရာလိုသလဲ"

"သိနိုင်ဘူးလေ။ သဟာ အကျွန်ုပ်တို့အလုပ် မှုတ်ပါဘူး"

အဝေးတွင် လှမ်းမြင်ရသော အဇာတသတ် မင်းသားကို ကြည့်ကာ မင်းချင်းယောကျ်ား အချင်းချင်း ပြောနေကြ၏။

www.dhammaransi.com



သူတို့ ပြောကြသည့်အတိုင်း အမှန်ပင်ဖြစ်နေသည်။ အဇာတသတ်မင်းသားသည် ဒေဝဒတ်၏ အတင်းအဓမ္မ စေခိုင်းချက်အရ ခမည်းတော်ကို လုပ်ကြံရန်အတွက် အဆောင်များ ကြားတွင် ချွတ်နင်းလျှက် ဝင်လာပြီး ဟိုခိုသည်ကပ်နှင့် လူသတ်ဓားတတ်လမ်း ခင်းနေ၏။

သူတို့သားအဖနှစ်ယောက်မည်သူကကံဇာတာညှိုးခြောက်၍ မည်သူကကံဇာတာ ထွန်းတောက် လေမည်နည်း။

ထိုသို့ အဇာတသတ် မင်းသားက ခမည်းတော်ကို လုပ်ကြံရန် တစေ့တစောင်းချောင်းနေသည့် အချိန်တွင် ဗိမ္ဗိသာရမင်းကြီးကား ညီလာခံစဲသဖြင့် ဗောင်းတော်ဆောင်တွင်းသို့ဝင်သွားသည်ကို အဇာတသတ်မင်းသားက မြင်လိုက်သဖြင့် ချွတ်နင်းကာ အဝင်လိုက်အဆောင်တော်တံခါးဝသို့မရောက်မီပင်အဇာတသတ်မင်းသားအားဖမ်းဆီးကြလေ၏။အဇာတသတ်မင်းသားမှာခမည်းတော်ထံသို့ မရောက်လေဘဲ သက်တော်စောင့် သူရဲကောင်းတို့၏လက်သို့ ငှက်ကလေးသဖွယ် အမိခံရလေ၏။ မင်းသား၏ကိုယ်တွင် ရှာကြသောအခါ ပေါင်တွင် ကြိုးနှင့်သိုင်းချည်၍ လျှို့ဝှက်စွာ ယူဆောင်လာသော လက်နက်သန်လျက်ကို တွေ့ရသောအခါ များစွာ ထိတ်လန့်အံ့သြကုန်လေ၏။

အဇာတသတ်မင်းကား ငယ်လျှသော်လည်း ရှုံ့ကြောက်ခြင်းကင်း ရဲတင်းဘိစွ။ မျက်နှာပျက်ခြင်းမရှိ။ ပကတိဣန္ဒြေ မှုင်သေသေပင် ရှိနေ၏။ လျှပ်တပြက်အတွင်းမှာပင် ထိုနေရာတွင် မှူးမတ်သူရဲသူခက် စုရုံးရောက်ရှိလာကုန်ပြီး၊ အဇာတသတ်

www.dhammaransi.com



မင်းသားအား ခါးရောင် တပြောင်ပြောင်တို့ဖြင့် ဝိုင်းရံထား ကြလေရာ။ အဇာတသတ် မင်းသားမှာ မြှူးတွင်း မိခြင်းခံနေ ရသော ငါးပမာ ထွက်ပေါက်မရဘဲ ဖြစ်နေ၏။

"အသင်မင်းသား သန်လျက်ကို သို့ဝှက် ယူဆောင်လျက် အဘယ့်ကြောင့် နန်းတွင်းဝင်လာသနည်း" ထုံစံအတိုင်း သက် ဆိုင်ရာတို့က စစ်မေးလေသောအခါ အဇာတသတ် မင်းသား လည်း ကွယ်ဝှက်ခြင်း မပြုလေဘဲ။

"ဒေဝဒတ်က ခမည်းတော်ကို အသတ်ခိုင်းသောကြောင့်" ဟု မှန်သောအတိုင်းပင် ဝန်ခံလေ၏။

ထိုသည့်တခဏအတွင်းမှာပင် လှံကိုင် ဓါးစွဲ သူရဲ သူခက်တို့ နန်းတွင်း အရေးတော်ပုံသဘွယ် ဟိုမှသည်မှ ရောက်ရှိလာသော အုတ်အုတ်ကျက်ကျက် အသံများကြောင့် ဗိမ္ဗိသာရ မင်းကြီး သည် "အကြောင်းအသို့နည်း"ဟု ဗောင်းတော်ဆောင်မှထွက် တော်မူလာသည်တွင် မိမိသားတော်အား လက်နက်ကိုင် ရဲမက် တို့က ဝိုင်းရံထားသည်ကို မြင်လိုက်ရသည်တွင် "ဟင်-သားတော် မောင်"ဟူ၍ အူယား ဖားယား သားတော်ဆီ ပြေးသွားလေ၏။ ရဲမက်တို့လည်း မမျှော်လင့်ဘဲ မင်းကြီးရောက်လာသောအခါ မင်းသား၏ လက်နှစ်ဘက်ကို ဆုပ်ကိုင်ထားလျက်မှ မင်းကြီး အား ကြောင်၍ကြည့်နေကြလေ၏။

"ဘာဖြစ်ကြတာလဲဟရို။ ဖယ်ကြစမ်း။ လွှတ်....ငါ့သားကို အခုချက်ချင်းလွှတ်"

www.dhammaransi.com



ရဲမက်တို့သည် အမိန့်တော်အတိုင်း မင်းသားကို လွှတ်လိုက်ကြရကုန်၏။

"ငါ့သားတော်ကိုများ နင်ရို့က ဖမ်းရဆီးရတယ်လို့" ဟု ကြိမ်းမောင်းပြီး သားတော်ဘက် လှည့်ကာ "သားတော်" ဟု ဆို့နင့်စွာ ခေါ်လိုက်လေသောအခါ အဇာတသတ် မင်းသားမှာ မိဘ၏ အေးမြလှစွာသော မေတ္တာရေစင်ဖြင့် သွန်းဖျန်းခြင်း ခံရလေသည့်အတွက် မည်သို့မျှ လျှောက်ထားခြင်း မပြုနိုင်ရှာဘဲ။ လက်နှစ်ဘက်ယှက်ကာ မျက်ရေစက်လက်နှင့် ခမည်းတော်၏ မျက်နှာတော်ကို ဖူးမြော်နေရှာသတည်း။

ဤသို့ နောက်ပိုင်းအချိန်တွင်ကား အဇာတသတ် မင်းသားမှာ တရားခွင်ရှေ့သို့ ရောက်နေပြီး။ ရာဇပလ္လင်ထက်မှ ဗိမ္ဗိသာရမင်းကြီးကား သားတော်နှင့်တကွ မှူးမတ် တရားသူကြီးစသူတို့ကို ကဲ၍ရှုစားတော်မူလိုက်ပြီးနောက် ယင်းအမှုနှင့် ပတ်သက်၍ ဤသို့ မိန့်မြွက်တော်မူလေသတည်း။

"အချင်းတို့....။ သင်တို့ကြားသိပြီး ဖြစ်သည့်အတိုင်း ငါ့သားတော် အဇာတသတ်က ငါ့ကိုသတ်၍ ဘုရင်လုပ်လိုသောကြောင့် ငါ့ကိုလုပ်ကြံရန် သန်လျက်ကို လျှို့ဝှက်စွာ ပေါင်တွင် ချည်နှောင်လျက် နန်းတွင်း ဝင်လာကြောင်းကို မကွယ်မထောင့် ဖြောင့်မတ်စွာ ဝန်ခံပေသည်။ ဤသို့ ငါ့ကိုလုပ်ကြံရန် လာခြင်းမှာလည်း သူ၏ ဆရာဒေဝဒတ် စေခိုင်းသည့်အတွက် ဖြစ်ကြောင်းကိုပါ ဝင်ခံထွက်ဆို သွားချက်များအရ အမှုမှာ ထင်ရှားနေပေပြီ။ ထို့ကြောင့် တရားဥပဒေကြောင်းအရ ငါ၏

www.dhammaransi.com



သားတော် အဇာတသတ်အား မည်သို့ စီရင်ထိုက်ကြောင်းကို ငါ့အား လျှောက်ကုန်လော့''

ဤသို့ မိန့်မြွက်တော်မူသောအခါ တရားခွင်မှာ တိတ်ဆိတ်သွားလေ၏။ အပ်ကျသည့်ပင် ကြားရတော့မလောက် ငြိမ်သက်သွားလေ၏။ အချို့သော အမတ်တို့ကား သားအဖ ၂ယောက်စပ်ကြားတွင် လျှောက်ထားရခက်လေဟန်ဖြင့် ခေါင်းကိုသာ မသိမသာ ခါနေကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးက ''လျှောက်ကြလေ''ဟူ၍ ခဏခဏ သတိပေး၊ စေခိုင်းနေလေသောကြောင့် တရားသူကြီး အမတ်တဦးသည် လက်နှစ်ဘက်မြှောက်ကာ ရှိခိုးဦးတင်လျှက် ဤသို့လျှောက်လေသတည်း။

''အရှင်မင်းကြီး။ အဇာတသတ်မင်းသား၏ ဖြောင့်ဆိုဝန်ခံချက်များအပေါ် တရားဥပဒေနှင့် သုံးသပ်ကြည့်သောအခါ'' ဤလုပ်ကြံမှုကြီးတွင် တစ်တရားခံမှာ အဇာတသတ်မင်းသားဖြစ်၍ နှစ်တရားခံကား ဒေဝဒတ်ဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ သို့ပါသောကြောင့်-

တစ်တရားခံ အဇာတသတ် မင်းသားသည် မကြံအပ်မစည်ရာ ခမည်းတော်ကို ဝင်လျှက်လုပ်ကြံရန်ကိုယ်ထိလက်ရောက်ကာယကံမြောက် အားထုတ်ခြင်း။ ဒေဝဒတ်သည်လည်း သာသနာ့ဝန်ကို ထမ်းဆောင်နေသော ရဟန်းဖြစ်ပါလျက် အဇာတသတ် မင်းသားအား ခမည်းတော်ကို လုပ်ကြံရန် တိုက်တွန်းခြင်းတို့ကား ပေါ်ထင်

www.dhammaransi.com



နေပါသဖြင့် တရားဥပဒေကြောင်းအရယင်း တရားခံ
နှစ်ဦးစလုံးကို အသက်ဆုံး စီရင်ကွပ်မျက် သင့်ပါ
သည်''

ဟူ၍ လျှောက်လေ၏။ အချို့အမတ်များကလည်း ထိုအမတ်ကြီး၏ လျှောက်ထားချက်ကို ထောက်ခံလျက် ၂ဦးစလုံးကို သတ်ထိုက်ကြောင်း လျှောက်ကုန်လေ၏။

.အချို့အမတ်တို့ကလည်း အဇာဘသတ်မင်းသားမှာ တစ်တရားခံမဟုတ်ကြောင်း။ ဒေဝဒတ်၏ စေခိုင်း တိုက်တွန်းချက်အရ ခမည်းတော်ကြီးကို လုပ်ကြံရန် ကြံစည်ခြင်းသာ ဖြစ်ကြောင်း။ အကယ်၍ အဇာတသတ်မင်းသားမှာ ငယ်ရွယ်သူဖြစ်သည့်အလျောက် ခမည်းတော်ကို သတ်ရန် ကြံစည်စေရဲတော့၊ ဤသို့ ပြုလုပ်ရန် မသင့်လျော်ဟု ဒေဝဒတ် တားမြစ်သင့်ကြောင်း။ ယခုမူ ထိုသို့မဟုတ်လေဘဲ အဇာဘသတ် မင်းသားအား ပဥ္စာနန္တရိယကံကြီး ထိုက်အောင် ခမည်းတော်ကို သတ်ရန် သူကိုယ်တိုင်က စေခိုင်းလေသည်။

ဒေဝဒတ်ကိုအလျှင်သတ်သင့်ကြောင်း။ထိုမှတပါး ဒေဝဒတ်သည် သံဃာဖြစ်ရုံမက။ တပည့်များစွာတို့၏ အကြီးအကဲလည်း ဖြစ်သည်။ သို့ဖြစ်သော ရှေ့ဆောင် ပုဂ္ဂိုလ်က လူသတ်ရန် တိုက်တွန်းနေလျှင် အခြားရဟန်းများအဘို့ဆိုသော် အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်း။

ထို့ကြောင့်ကျူပင်ခုတ် ကျူငုတ်မျှ မကျန်စေရ ဆိုသကဲ့သို့ ရဟန်းအားလုံး ဝါဝါမြင်သမျှ အကုန် သတ်ပစ်ထိုက်ကြောင်း လျှောက်ကြကုန်၏။

www.dhammaransi.com



အချို့အမတ်တို့ကမူ ထိုလျှောက်ချက်ကို လက်မခံဘဲ ကန့်ကွက်ကြကုန်၏။

"ဤလုပ်ကြံမှုကြီးနှင့် တိုက်ရိုက် သက်လားနေသော ဆရာတပည့်။ ဝေဒဝတ်နှင့် အဇာတသတ်ကိုသာ သတ်ထိုက်သည်။ ဤအမှုနှင့် မည်သို့မျှ ဆက်စပ်၊ ပတ်သက်ခြင်းမရှိသော ရဟန်းကောင်းများအား အဘယ့်ကြောင့် သတ်ရမည်နည်း။ မသတ်ထိုက် သက်ဆိုင်သူများကိုသာ ဥပဒေကြောင်းအရထိုက်သင့်သလိုအရေးယူ၍ ကွပ်မျက်သုတ်သင်ထိုက်သည်"

ဤသို့ သံဃာအားလုံး ဝါဝါ မှန်သမျှကို သတ်ရန်မလိုလားဘဲ၊ ပြင်းပြင်းထန်ထန် ကန့်ကွက်သူများသည်း အမြောက်အများပင် ရှိချေ၏။ ဤသို့အားဖြင့် ယင်းအမှုနှင့် ပတ်သက်၍ စီရင်ရာ၌ သုံးမျိုးသုံးစား ကွဲပြားလာလေသည်။

၁။ ဒေဝဒတ်နှင့် အဇာတသတ်ကို အသက်ဆုံး ကွပ်မျက်သင့်သည် ဆိုသူများက တမျိုး။

၂။ ဒေဝဒတ်နှင့် အဇာတသတ်သာမက သံဃာအားလုံးကိုပါ သတ်ထိုက်သည် ဆိုသူများက ကမျိုး။

၃။ သံဃာတော်များကို မသတ်ထိုက် ကြောင်း ကန့်ကွက်သူများက တမျိုး။

ဗိမ္ဗိသာရမင်းကြီးသည် သုံးမျိုးသုံးစား၊ ကွဲပြား၍ ထွက်လာသော အမတ်တို့၏ တင်လျှောက်ချက်များကို ရာဇပလ္လင်ထက်တွင် အထူး စိတ်ဝင်စားလျက်ရှိနေ၏။

www.dhammaransi.com



ခမည်းတော် မင်းကြီးသည် ကရုဏာ မေတ္တာ ပြည့်ဝသော မျက်နှာတော်မြင့် ပလ္လင်ပေါ်မှနေ၍ ပလ္လင်တော် ရှေ့တွင် အာဏာသားများ ဝန်းရံလျက် တရားခံအဖြစ်နှင့် ခစားနေသော အဇာတသတ် မင်းသားကို စိန်းစိန်းရှုစားတော်မူရာက—

[တိုင်] အဇာတသတ်-အဇာတသတ်

[အများ] သတ်—သတ်—သတ်။

[တိုင်] ဒေဝဒတ်—ဒေဝဒတ်

[အများ] သတ်—သတ်—သတ်။

ဤသို့ ပြည်သူတို့၏ တခဲနက် တောင်းဆိုသံများကို ကြားယောင်မိလာလေ၏။

ဤသို့ကြားယောင်မိရာမှ ဗိမ္ဗိသာရ မင်းကြီးသည် သားတော်ကိုမဖွားမြင်မီက ပုဏ္ဏားတော်ကြီးများ၏ နိမိတ်စကားကို ကြားယောင်လာ၏။

ဤသားတော်ကားအရှင်မင်းကြီး၏ ရန်သူတည်း။ မွေးဖွား၍ အရွယ်ရောက်လာသော အခါ အရှင်မင်းကြီးအား သတ်လတ္တံ့။ ဤသည်တို့ကိုကြားယောင်၊ မြင်ယောင်သဖြင့် အစီရင်ရခက်လေသောကြောင့် သားတော်မျက်နှာကိုသာ မကြာမကြာ စိုက်ကြည့်မိလေ၏။

"ငါ့သားတော်အတွက် ပုဏ္ဏားတော်များလျှောက်တင်ချက်မှာ မှန်ပေသည်။ သို့သော် ငါတို့ သားအဖ ကုသိုလ်ကံထောက်ပေ၍သာ သည့်လောက် ကျိန်းကျေ

www.dhammaransi.com



သွားသည်။ အကယ်၍သာ ဤလုပ်ကြံမှုကြီး အထ မြောက်သွားခဲ့သော် ငါလည်းသေရအံ့။ ငါ့သားတော်လည်း ပဥ္စာနန္တရိယ ကံကြီး ထိုက်၍ ငရဲမှ မကျွတ်မလွတ်ဖြစ်လတ္တံ့."

ဤသို့တွေးမိကာ မျက်နှာတော် အမူအရာမှာ အနည်းငယ်ကြည်လင်လာသကဲ့သို့ ထင်ရ၏။

"အချင်းတို့။ ဒေဝဒတ်နှင့်အဇာတသတ်အားသတ်ထိုက်သည်ဟုယူဆသူများ၊ ဝဲဘက်သို့ စုဝေးလေကုန်။ မသတ်ထိုက်ဟု ယူဆသူများ လက်ျာဘက်၌စုဝေးလေကုန်"

ဗိမ္ဗိသာရမင်းကြီးသည် ပရိသတ်ကိုအဖြူအမဲကွဲစေရန် ခွဲပစ်လိုက်ပြီးနောက် ပရိသတ်ရှေ့မှောက်တွင် သားတော်အား စစ်ဆေးမေးမြန်းခြင်း ပြုတော်မူပြန်၏။

ဗိမ္ဗိသာရ ။ ။ချစ်သား သန်လျက်စွဲ၍ နန်းထဲသို့အဘယ်ကြောင့်ဝင်လာသနည်း။

အဇာတသတ်။ ။ခမည်းတော်ကို လုပ်ကြံလို၍ ဖြစ်ပါသည်။

ဗိမ္ဗိသာရ ။ ။ကောင်းပြီ။ ငါ့ကို အဘယ့်ကြောင့် လုပ်ကြံလိုသနည်း။

အဇာတသတ်။ ။ဘုရင်အဖြစ် မင်းပြုလို၍ပါ ဘုရား။

ဗိမ္ဗိသာရ ။ ။သဟာဖြင့် သင်၏စကားအရ ငါ့ကို သတ်ခြင်းကတခြား။ ဘုရင်ပြုလိုခြင်းကတခြား။

www.dhammaransi.com



အစိပ္ပါယ် ၂ မျိုး ထွက်လာသည်။ မှန်သလော။

အဇာတသတ်။ ။မှန်ပါသည်ဘုရား။

ဗိမ္ဗိသာရ ။ ။သင်၏ရှယ်စူးချက် နှစ်မျိုးအနက် မည်သည်က လိုရင်းနည်း။ ငါ့ကို သတ်ခြင်းသည် အဓိကလော။ ဘုရင် ဖြစ်လို ခြင်းသည် အဓိကလော။

ဇာတသတ်။ ။ဘုရင်ဖြစ်လိုခြင်းသည်သာအဓိကဖြစ်ပါသည်။ ခမည်းတော်မရှိမှ သာလျှင် ထီးနန်းကို ရ၍ ဘုရင်ဖြစ်နိုင်မည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဗိမ္ဗိသာရ ။ ။သဟာဖြင့် ငါ့ကို သတ်လိုသောစိတ် လုံးဝ မရှိဟု ချုံစ်သားဆိုလိုပါသလော"

အဇာတသတ်။ ။မှန်ပါသည် ခမည်းတော်။မင်းဖြစ်လိုသော အာသာရမ္မက်ကြောင့် ဤသို့ မကြံစည်အပ် မကြံစည် သင့်အမှုကြီးကို သားတော်ကျူး လွန်မိခြင်း ဖြစ်ပါသည် ဘုရား။

ဗိမ္ဗိသာရမင်းကြီးသည် သားတော့် လျှောက်တင် ချက်ကို ပရိသတ်အလယ်၌ ကြားရသော အခါ များစွာ ဝမ်းသာလေသည့်အလျောက် မှုုးမတ်တို့အား ဤသို့ မြွက်ကြားတော်မူလေသတည်း။

www.dhammaransi.com



"အို...အချင်းတို့။ သင်တို့၏ ရှေ့မှောက်တွင် ငါ၏ သားတော် ထွက်ဆိုသော စကားများကို သင်တို့ ကြားကြရပြီမဟုတ်လား။ စင်စစ်အားဖြင့် ငါ၏သားတော်သည် ငါ့အား သတ်လိုစိတ်အလျင်းပင် မရှိကြောင်း ထင်ရှားသည်။ ထီးနန်း စည်းစိမ်ကို ယူ၍ မင်းပြု လိုခြင်းသာ အဓိက ဖြစ်ကြောင်း ပေါ်လွင်သည်။ဤသည် အတွက်ငါ့သားတော်အား ငါ ခွင့်လွှတ်ပေ၏။ ငါလည်း အသက်ကြီးပြီ။ အိုမင်းမစွမ်း ရှိလာပြီ။ ထို့ကြောင့် ထီးနန်းရိုက်ရာကို ငါ၏ သားတော်အား ငါလွှဲပေအံ့။ ငါ၏ သားတော် နန်းသိမ်းပွဲ ခံရန်အတွက် သက်ဆိုင်ရာတို့က အလျင်အမြန် စီမံကြစေ"

"အိုအချင်းတို့ ဤလုပ်ကြံမှုကြီးနှင့် ပတ်သက်၍ နှစ်တရားခံ ဒေဝဒတ် အတွက် ငါအလေး အနက်ပြု၍ စဉ်းစား ပေသည်။ ဒေဝဒတ်သည် ရဟန်း ဖြစ်တည့် အလျောက် ကောင်းနိုးရာရာ မျိုးကိုသာ နည်းပေးလမ်းပြ ညွှန်ကြား ထိုက်ပေသည်။ ငါ၏ သားတော် ရှင်ဘုရင်ဖြစ်မြောက်လာရေး၌ ဒေဝဒတ်အခါပေးပုံမှာ ရဟန်းနှင့် မလျော်သည့်အပြင်၊ဆရာဟူသော ဂုဏ်နှင့် ဆန့်ကျင်လေသည်။ ဤသို့ "ငါ့ကို လုပ်ကြံရန်" အကြံမပေးသင့်။ နည်းပေးလမ်းပြ မလုပ်သင့်။ အကယ်၍ ငါ၏ သားတော်က ရှင်ဘုရင် လုပ်ချင်လှ၍ ငါ့ကို သတ်ရန် အကြံ ဖြစ်စေဦးတော့။ ဒေဝဒတ် အနေဖြင့် ဆရာကောင်း ပီသစွာ တားမြစ် ရပေမည်။ အကျိုး အကြောင်းကို နားလည်အောင် ရှင်းပြ၍ ပဲ့ပြင်ရပေမည်"

www.dhammaransi.com



"အို အချင်းတို့။ယခုသော် တမူကား ဒေဝဒတ်သည် ငါ၏သားတော် မလိမ်မိုး မလိမ္မာ ကလေးအား ငါ့ကို လုပ်ကြံ သတ်ဖြတ်ရန် အတွက် သူကိုယ်တိုင် အတင်းအဓမ္မစေခိုင်း တိုက်တွန်းခြင်းပြုတုံဘိ၏။ ဒေဝဒတ်သည် သကျဝံသ ခတ္တိယ မင်းမျိုးမှ ဖွားမြင်သည် မှန်စေကာမူလည်း အကျင့် အကြံ၊ စိတ်နေ စိတ်ထား အပြုအားဖြင့်ယုတ်၏။မြတ်စွာဘုရားနှင့် လုံးဝကွာခြားဘိ၏။ ဗုဒ္ဓ မြတ်ဘုရားကား အမြော် အမြင် ကြီးတော်မူဘိစွ။ ဤအရေးအကြောင်းကို တင်ကြို မြင်တော်မူ၍သာ ဒေဝဒတ်အား စောစီးစွာ တင်ကပင် ပကာသနိယကံ ပြုထားခြင်း ဖြစ်တော်မူ၏။ ဤအမူနှင့် ပတ်သက်၍ မည်သည့် သံဃာ တပါး တလေကိုမျှ အရေးယူခြင်း မရှိစေရ။ ဒေဝဒတ် တဦးတည်းကို သာလျှင် တရားသူကြီး မှူးမတ်တို့ စီရင်သည့် အတိုင်း အတည်ဖြစ်စေ"

ဤသို့ နူတ်တော်မြွက်၍ ဗိမ္ဗိသာရမင်းကြီးက စီရင်ချက်ချလိုက်သောအခါ မှူးမတ်အပေါင်းတို့တ ကောင်းချီး ပေးကြကုန်သော်လည်း မျက်နှာပျက် သွားသူကား အဇာတသတ်မင်းသားဖြစ်၏။

အဇာတသတ်မင်းသားကား ဒေဝဒတ်က အဘယ်မျှသိမ်းသွင်းထားကြောင်း ဤတွင် ပေါ်လွင်လာ၏။ "ဒေဝဒတ်ကဲ့သို့သော တန်ခိုးရှင်ဘဦးသည် မိမိအတွက်နှင့် အသက်မဆုံး

www.dhammaransi.com



စေသင့်။ ဤသို့သေဒဏ်ချမှတ်ခြင်း ခံရသည်မှာ မိမိညံ့ဖျင်းမှု မိမိ၏အလုပ် ပိုရိသေသပ်ခြင်း မရှိမှုကြောင့်သာဖြစ်၏။ မိမိသာ ဒေဝဒတ် စေခိုင်းသည့်အတိုင်း ခမည်းတော်အား အောင်မြင်စွာ လုပ်ကြံနိုင်ခဲ့သော် ဤပြဿနာပေါ်လာဘွယ်မရှိ။ ငါ့ကြောင့် ငါညံ့ဖျင်းသောကြောင့် ရှင်ကြီးဒေဝဒတ်မှာ အသတ်ခံရတော့အံ့''ဟု အဇာတသတ်သည် ဒေဝဒတ်အတွက် အကြီးအကျယ် စိတ်ထိခိုက်လေ၏။ ထို့ကြောင့် ခမည်းတော်အား ရှိခိုး၍ လျှောက်ထားလေသတည်း။

''ခမည်းတော်ဘုရား။ ရှင်ကြီး ဒေဝဒတ်နှင့် ပတ်သက်၍ သားတော်အနေဖြင့် အသနားခံ ပန်ကြားပါရစေ ခမည်းတော်။ ရှင်ကြီးဒေဝဒတ်မှာ ဤလုပ်ကြံမှုကြီးတွင် ကြံရာပါဖြစ်ကြောင်း ထင်ရှားသဖြင့် ဥပဒေအရ သေဒဏ်ချမှတ်သည်မှာ မှန်ပါသည်။ သို့သော် သားတော် အသနားခံလိုသည်မှာ ရှင်ကြီးဒေဝဒတ်သည် သားတော်၏ ဆရားရင်းချာ ဖြစ်ပါသည့်အလျောက် ဤပြစ်မှုကြီးကို နှစ်ဦးသဘောတူကျူးလွန်ခဲ့ကြပါလျက် သားတော်အပေါ် ခမည်းတော်၏ ထားရှိသော အနန္တမေတ္တာ-အနန္တ ကရုဏာတော်ကြောင့် အသက်ချမ်းသာခွင့် ရရှိရုံတွင်မက၊ ထီးနန်းစည်းစိမ်ကိုပင် လွှဲအပ်ခြင်း ခံရသည်နှင့်အမျှ ရှင်ကြီးဒေဝဒတ်အတွက်မှာမူ သားတော်၏တသက် စိတ်ချမ်းသာနိုင်မည် မဟုတ်တော့ပါ။ ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ မတ်

www.dhammaransi.com



ပေါင်းရုံလျှက် ဘုရင်အဖြစ် စိုးစံနေရသော်လည်း အချိုး
နှိုးသာလျှင် ဖြစ်ပါ လိမ့်အံ့။ သို့ပါသော ကြောင့်
သားတော်ကို သနားသော အားဖြင့် ရှင်ကြီး ဒေဝ
ဒတ်အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါရန်
သားတော်အသနား ခံပါသည်ဘုရား''

ဟု၍လျှောက်လေသော် ခမည်းတော်မင်းကြီးသည် သားတော်ကိုကြည့်ကာ တွေသွားလေသည်။

မှူးမတ်တို့ကား....ဒေဝဒတ်အားမည်သည့်နည်းနှင့်မျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိမ့်မည် မဟုတ်ဟု တွက်ဆ ထားကြကုန်၏။

အချို့အမတ်တို့ကမူ ''ငါ့အပေါ် ခမည်းတော် ဘုရားက အဘယ်မျှချစ်မြတ်နိုးတော်မူသနည်း။ ငါ့ကို ချစ်မြတ်နိုးတော်မူလျှင် ကေန်လွတ်ငြိမ်းချမ်းသာခွင့် ပေးရမည်''ဟု သားတော်က ခမည်းတော်အား အချစ်စမ်းခြင်းဟူ၍ တွက်သူက တွက်ဆကြကုန်၏။

''လွတ်ငြိမ်းချမ်းသာခွင့်'' ဟူသော စကားလုံးသည် အရေအတွက်အားဖြင့် မများလှသော်လည်း ဗိမ္ဗိသာရ မင်းကြီး၏ဦးနှောက်ကိုကားချောက်ချားသွားစေနိုင်ကုန်၏။ သားတော်၏အသနားခံချက်ကို အလေးအနက်ထား၍ စဉ်းစားရလေတော့သည်။

ဤသို့ စဉ်းစားလေတိုင်းလည်း မင်းကြီးမှာ တဟင်းဟင်းနှင့် သက်ပြင်းကြီးများ ချကာချကာနှင့်သာ ရှိနေ၏။

www.dhammaransi.com



အင်း....အပြစ်ထင်ရှား နေပါလျက် ဒေဝဒတ်အား လွှတ်ပစ်ရမည်ဆိုက ခက်ဘိတောင်း။ ငါ့သားတော်၏ အသနားခံချက်မှာလည်း စဉ်းစားရမည့် အချက်ပင် ဖြစ်ချေ၏။

ငါသည် ငါ့ဆရာဘုရားသခင်နှင့်ကင်း၍ မနေနိုင်သကဲ့သို့ပင် သူသည်လည်း သူ့ဆရာ ဒေဝဒတ်နှင့် ကင်း၍ မနေနိုင်ပါ၊ ဆိုချက်ကို လက်ခံရပေလိမ့်မည်။ ဤသည်ကားတချက်။

နောက်တချက်ဆိုပြန်သော်.... လက်နက်စွဲ၍ နန်းထဲဝင်ပြီး ငါ့ကို လုပ်ကြံရန် ကြံစည်အားထုတ်ရုံ မျှဖြင့် "အဖကိုသတ်မည့်သား" ဟူ၍ ပုဏ္ဏားတော်ကြီးများ၏နိမိတ်ဖတ် ချက်သည် ကျေတန်လောက်ပြီဟု ငါထင်ခဲ့၏၊

သို့သော်....ဤမျှဖြင့် ကျိန်းမကျေသေးဟူသောအဓိပ္ပါယ်ကို လက်ရှိအခြေအနေက ငါ့အားပြသလျက်ရှိနေ၏။

ငါက ငါ့သားအား ထီးနန်း ကို လွှဲအပ်လိုက်ပြီး ဖြစ်၍ သူသည် ဘုရင်ဖြစ်လာပြီတကား။ သူ၏အသနားခံချက်ကိုငါက လက်မခံလေဘဲ သူ့ဆရာ ဒေဝဒတ်ကို သတ်လိုက် ခဲ့သော် ငါ့သားသည် "သူ့ဆရာကို သတ်ရပါမည်လား" ဟူ၍ ငါ့အပေါ်ရန်ငြိုးထားကာ ငါ့ရန်သူ ဖြစ်လာတော့အံ့။

မီးကို မလောင်ခင်ကတား ဆိုသကဲ့သို့ ရန်သူ ဖြစ်လာမည့် အန္တရာယ်ကို အချိန်မှီငါတားသင့်သည်။ တားရမည်။ တားမှဖြစ်မည်ဟူ၍ ဤသို့စဉ်းစားတော်မူ ပြီးသည်၏ အဆုံး၌ကား "သားတော်၏ အသနားခံချက်အရ ဒေဝဒတ်အားလွှတ်စေ" ဟူ၍ လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိုက်လေ သတည်း။

www.dhammaransi.com

# ၇

ဤသို့လျှင် လုပ်ကြံမှုကြီး မအောင်မြင်သော် ငြားလည်း အဇာတသတ်မင်းသားကား ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော်မူသောဘုရင်တဆူ ဖြစ်လာပြီး ဒေဝဒတ်မှာလည်းအဇာတသတ်မင်း၏ ကောင်းမှုကြောင့် သေရွာပြန် ဒေဝဒတ်ဖြစ်လာ၏။

သေမင်း၏နှုတ်ခမ်းဝမှ အဇာတသတ်မင်းသား၏ အတင်းဆွဲယူကယ်တင်ချက်ဖြင့် အသက်ရှင်နေ၏။

သို့သော် အဇာတသတ်၌လည်းကောင်း၊ ဒေဝဒတ်၌ လည်းကောင်း၊ ဂုဏ်သိက္ခာတို့ကား ကျဆင်းကုန်လေ၏။

''ခမည်းတော်ကို လုပ်ကြံရက်သော မင်းသား၏ အပါးတွင် ငါတို့ ခစား၍ မနေလိုဟူ၍ မင်းသား၏ ဘက်တော်သားအတော်များများသည် ခမည်းတော် မင်းကြီး၏ ဘုန်းတော်ရိပ်အောက်သို့ ခိုဝင်ကုန်လေ၏။ ဒေဝဒတ်အား ရှေးအခါက ဘုရား

www.dhammaransi.com



တဆူ ဂူတလုံးသဖွယ်၊ ကိုးကွယ် ဆည်းကပ်လာကုန်သူ ဒကာ ဒကာမများစွာတို့သည်လည်း....

"ရဟန်းတန်မဲ့ ဤမျှ ယုတ်မာလှစွာသော ဒေဝဒတ်အား လှူဒါန်းလျှင် အဆိပ်ပင်ကို ရေလောင်းသည်နှင့် တူလေအံ့။ ဒေဝဒတ်ကို ငါတို့ မကိုးကွယ်လိုကုန်...." ဟု၍ ဘုရားသွား ကျောင်းတက်၊ ဒေဝဒတ်အား အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလာခဲ့သူတို့သည် တွန့်ဆုတ်ကုန်လေ၏။ အချို့သူတို့မှာ အဇာတသတ် မင်းသား၏ဓားကို ကြောက်၍ အထိုက်အလျောက် ဒေဝဒတ်ထံသို့ ဝင်ထွက်သွားလာ နေကြသော်လည်း၊ ဒေဝဒတ် ကို သဒ္ဓါစိတ်၊ ကြည်ညိုစိတ် အလျှင်းပင် မရှိကြရုံမက ဤသို့ လည်း အမြင်မှန်ကို မြင်လာကြကုန်၏။

"ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ယုတ်မာသည် မဟုတ်။ ရှေးကလည်း ယုတ်မာခဲ့သည်။ ဒေဝဒတ်၏ တကိုယ်လုံးကို အပ်ဖျားကလေး သေးသေးမျှင်မျှင်နှင့် ထောက်ကြည့်က အပြစ်ကင်းသော နေရာ၊ အပြစ်မှလွတ် သော နေရာဟူ၍ မရှိ - ဟု ဗုဒ္ဓမြတ်ဘုရားက မြွက်ကြား တော်မူခြင်းမှာ ဒေဝဒတ်ကို မလိုလားသောကြောင့် ဟု ငါတို့ထင်ခဲ့မိသည်မှာ မှားလေစွ။ ဒေဝဒတ်ကား အပြစ်တုံးကြီး တကဲ့အယုတ်တမာပုဂ္ဂိုလ်ကြီးပါတကား။ ကြောက်မက်ဘွယ် ကောင်း လှသော ဘီလူးကြီး ပါ တကား"

www.dhammaransi.com



ဤသို့ အမြင်မှန်ကို ရလာကုန်သည်နှင့် အမျှ ဗုဒ္ဓအား ကိုးကွယ်လာကုန်လေတော့၏။

တနေ့သ၌ အဇာတသတ်မင်းသည် ထုံးစံ အတိုင်း အရှင်ဒေဝဒတ်ကို ဆည်းကပ်ရန် အလို့ငှာ ယောသိသကျောင်းတိုက်သို့ လှည်းပေါင်း ငါးရာဖြင့် သွားလေသည်။ ကျောင်းတော်သို့ ရောက်သောအခါ ဆွမ်းစားခိုက်နှင့် ကြုံသဖြင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးသည့် ဆွမ်းစားကျောင်းတွင် သံဃာတော်များ ဆွမ်းဘုဉ်းပေးနေကြသည်ကို ကိုယ်တိုင်ကြည့်ရှုတော်မူသောအခါ ဈေးအခါကကဲ့သို့ သံဃာတော် တခဲနက်များပြားလှသည်ကိုမှတွေ့ရတော့ဘဲ။ ဟိုအနားတပွဲ၊ သည်အနားတပွဲ။ ကျဲတိ ကျဲတဲ ဆွမ်းစားနေသည်ကို မြင်ရလျှင်။

"အရှင်ဘုရားတို့။ သံဃာတော်များ နည်းလှချည်လားဘုရား။ ခါတိုင်းဆိုလျှင် ဤဆွမ်းစားကျောင်းမှာ ပြည့်ကြပ်ရှိနေပါသည်။ ယခုသံဃာတော်များ အဘယ်ကို ကြွကုန်ပါသလဲ"ဟူ၍ မေးလျှောက်ကြည့်မိလေ၏။ ထိုအခါ ရဟန်းတို့က–

"ကျုပ်တို့မသိ"ဟု ဆိုကုန်၏။

အဇာတသတ်မင်းသည် နောက်ထပ် မေးလျှောက်ခြင်းမပြုတော့ဘဲ၊ ဒေဝဒတ်ထံသို့ ကိုယ်တိုင်ချဉ်းကပ် ဝင်ရောက်ပြီး မေးလျှောက်ကြည့်သော အခါ၌လည်း ဒေဝဒတ်ထံမှ မယ်မယ်ရရ အဖြေထွက်မလာသောကြောင့်....

"အရှင်ဘုရား။ ဤအတိုင်းသာဆိုချေက ကြာလျှင်
သံဃာကုန်တော့အံ့။ အရှင်ဘုရားထံ တပါးမျှ ကျန်

www.dhammaransi.com



တော့မည်မဟုတ်။ အရှင်ဘုရားက ဗုဒ္ဓကိုသတ်၍ ဘုရားလုပ်မည်ဟူ တပည့်တော်အား မိန့်မြွက် ညွှန်ကြားပြီး ခမည်းတော်ကို အသတ်ခိုင်းခဲ့ပါသည်။ ယခုမသတ်ရဘဲ လျက် တပည့်တော်၏ ကိစ္စပြီးပြီ။ တပည့်တော် မင်းဖြစ်လာပြီ။ အရှင်ကိစ္စကား အသို့ပါနည်း။ ဘယ်သောအခါ အရှင် ဘုရားဖြစ်မည်နည်း'' ဟု မေး လျှောက်လေ၏။

ထိုအခါ ဒေဝဒတ်သည်....

''သည်ဟာက အရေးမကြီးပါဘူး'' ဟု ပြောလျက် အခြားစကားများကိုသာ ဆက်ပြောပြီးနောက် အဇာတသတ်အား ဆိတ်ကွယ်ရာအရပ်သို့ ခေါ်သွားလေသည်။

''ကြမ္မာယွင်းယို ပျက်စီးလိုက အဆိုတခြား အနေများ၏''

အဇာတသတ်မင်းမှာ ဝဠ်မကင်း၍လေလားမသိ။ ဒေဝဒတ်၏ ညှတ်ကွင်းကပင် မလွတ်ကင်းနိုင်ဘဲ ရှိနေ၏။ ဒေဝဒတ်ကား သူကိုယ်သူ တန်ခိုးဣဒ္ဓိပါဒ်များ မရှိတော့မှန်းကိုလည်း သိ၏။ သံဃာများ တနေ့တခြား ပါးပါးကုန်ခြင်းမှာ ...

''ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံရာတွင် ကြံရာပါ ဖြစ်ခဲ့သောကြောင့် သံဃာတော်များက မိမိအား မလိုလားကြတော့ဘဲ အခြားတပါးသို့ ထွက်ခွာသွားကုန်ကြောင်းကိုလည်း ရိပ်စားမိလာသည်။ ငါ့အနေဖြင့် ရှင်ကြီးဂေါတမကို သတ်ရန်

www.dhammaransi.com



မလွယ်၊ ငါ့အားယုံယုံကြည်ကြည် နှစ်နှစ်ကာကာ အူလိုက်အသဲလိုက် ကြည်ညိုခြင်းမပျက် ဆက်လက်ကြည်ညိုမြဲ ကြည်ညိုသူမှာ တဇာတသတ်ရှိချေသည်။ အဇာတသတ်ကို ပင့်မြောက်ပေးပြီး ၎င်းနှင့် ပူပေါင်း၍ သတ်မှ အရေးတော်လှချိမ့်မည်။ သို့သော် ဤအကြံ အထမြောက်ရေးထက်။ ရှေးဦးစွာ အဇာတသတ်အား မက်လုံးပြဦးမှ ဖြစ်မည်''ဟူ၍ ဤသို့ ကြံစည်ပြီးလျှင် အဇာတသတ်အား ဗိမ္ဗိသာရမင်းကြီးအား သတ်ပစ်ချင်စိတ်ပေါက်လာအောင် သွေးထိုးပေးပြန်လေ၏။

''အသင်မင်းသား၊ ငါ့အဘို့ ဘုရားဖြစ်ရန်ကား မခဲယဉ်း။ ရှင်ကြီးဂေါတမနှင့်တကွ သံဃာအဖွဲ့အစည်းကြီး တရပ်လုံး၌ လက်နက်ကိုင်အစောင့်အကြပ်များ အလျဉ်းမရှိသည်ကို အသင်မင်းသား အသိပင် ဖြစ်ချေသည်။ ထို့ကြောင့် ရှင်ကြီး ဂေါတမအား နေ့ည အချိန်မရွေး ငါလုပ်ကြံနိုင်သည်ကို သင်ယုံကြည်လော့။

ငါစိုးရိမ်မိသည်ကား သင့်အတွက်သာ တကား။ အသင်မင်းသားကား ငါဘုရင်ဖြစ်ပြီဟု ထင်နေ၏။ မှန်သင့်သလောက်ကားမှန်၏။ သို့သော် သင့်အား သင့်ခမည်းတော်က ရတ်ချည်းဖြစ်ပေါ်လာသော ပြဿနာကြီးတရပ် ပြီးပြတ်သွားစေခြင်းငှာ ရာဇပရိယာယ်ဖြင့် ထီးနန်းကို လွှဲအပ်ထားခြင်းသာ ဖြစ်သည်ကိုကားသင် မရိပ်စားမိခဲ့။ ထိုအကြောင်းကို ငါ၏တန်ခိုးဖြင့်အလုံးစုံ ငါသိထားပြီးဖြစ်၍ သင့်အတွက် ငါစိတ်မချ။ အမြဲစိုးရိမ်သောက ဖြစ်လျက်ရှိနေ၏''

www.dhammaransi.com



"အသင်မင်းသား။ မီးကြွင်းနှင့် ရန်ကြွင်းကိုမထား ရာဟု ရှေးသူဟောင်းတို့ ဆိုရိုးစကားရှိချေလည်။ ငါ့ကို သတ်ရန် ကြံရာသလော ...ဟူ၍ သင့်ခမည်းတော်သည် သင့်အပေါ်၌ အမြဲအခဲမကြေ-ရန်ငြိုးဖွဲ့လျက် ရှိနေသည် ဖြစ်ရာ၊ ဤရန်ကြွင်းကို ထားခဲ့သော် တနေ့တွင် သင် ပျက်စီးရလတ္တံ့။ သူ့လက်မဦးမီ သင့်လက်ကဦးနှင့်ပါမှ သင့်မှာ ရာဇပလ္လင် ဖင်မြဲချိမ့်မည်။ ယခုအခြေအနေ တွင်အသင်မင်းသားကား မြွေးပွေးကိုခါးပိုက်ပိုက်ထား သူနှင့် မခြားပါတကား။ သင့်ကို အချိန်မရွေး ပေါက် သတ်လေမည်ကို သင်သတိထားလော့။ ရန်ကြွင်းရန်စ မကျန်ရအောင် သင့်ဖခင်အား အမြန်ဆုံးသုတ်သင်ပစ် ဘိလော့"

ဒေဝဒတ်သည် မိမိအား အသက်ချမ်းသာ ပေးလိုက်သည့် ကျေးဇူးကိုမျှမထောက်။ အဇာတသတ်ကို မြှောက်ပင့်သွေးထိုး ကာ ဗိမ္ဗိသာရမင်းကြီးအား ဒုတိယမ္ပိ အသတ်ခိုင်း ပြန်လေ သည်။

ထိုအချိန်တွင် အဇာတသတ်မင်းသားအဖို့ ဒေဝဒတ်အား လိုက်လိုက်လှဲလှဲ ယုံကြည်နေခိုက် ဖြစ်သည့်အလျောက် အန္တရာယ် ကိုမြင်လေ၍ အချိန်မှီ ငါ့ကို အရှင်ဒေဝဒတ်က ဗျာဒိတ်ပေး လာသည်ဟု ထင်လေ၏။ သို့သော် ...

အဇာတသတ်။ ။အရှင်ဘုရား။ တပည့်တော်၏ အကျိုး ကို လိုလားတော်မူ၍ အန္တရာယ်ကို ကြို

www.dhammaransi.com



-တင်ကာကွယ်နိုင်ရန် အမိန့်ရှိကြောင်း
တပည့်တော် အကြွင်းမဲ့ယုံကြည်ပါသည်။
သို့ရာတွင် တပည့်တော်၏အနေဖြင့်ခမည်း
တော်အားဓားလက်နက်ဖြင့်သတ်ရန်မသင့်
ပါဘုရား''

ဒေဝဒတ်။ ။ဓားဖြင့် ခုတ်သတ်ခြင်းမှတပါး အခြား
သတ်နည်း မရှိတော့ပြီလော အသင်မင်း
သား။ ထမင်းအသာက် (၇)ရက်ဟုဆိုသည်
သင့်ခမည်းတော်ကို ထောင်သွင်းအကျဉ်း
ချ လုံး၀ အစာမကျွေးဘဲထား။ အစာ
ဖြတ် အငတ်ထားပြီးသတ်လော့။

သည်ဆရာနှင့်ဒကာ သည်တကွေ့တွင် တွေ့ကြပြန်လေပြီ။ ဒကာဖြစ်သူက မိမိ၏ မွေးသဖခင် ကျေးဇူးရှင်ကြီး အရင်းခေါက်ခေါက်ကိုသတ်ရန် ဆရာ့ထံ ''သတ်ပုံသတ်နည်း'' နိဿယည်း တောင်းသည်တွင် ဆရာဒေဝဒတ်က ''အစာဖြတ် အငတ်ထားပြီးသတ်''ဟု ညွှန်ကြားလိုက်လေပြီတည်း။

ဤသို့ ဆရာတော်သခင် ရှင်ကြီးဒေဝဒတ်၏ ဗျာဒိတ်တော်စကား ''လူသတ်နည်း နိဿယည်း'' ကို သြဝါဒခံယူပြီသည့်နောက်ပိုင်းအချိန်တွင်ကား သူတော်ကောင်း ဗိမ္ဗိသာရမင်းကြီးခမျာမှာ သားတော်သူမြတ် ရွှေနန်းရှင် အဇာတသတ်မင်းတရား၏ ချီးမြှင့်ပူဇော်ခြင်း ဆုလာဘ်ကို ခံယူကာ ထောင်နန်းတွင်း၀ယ် ကျဉ်းကျပ်စွာ ခံနေတော်မူရရှာလေသတည်း။

www.dhammaransi.com



အဇာတသတ်မင်းသည် ဒေဝဒတ်၏ ညွှန်ကြားချက်အရ ရုတ်ချည်းပင် ထောင်သွင်း အကျဉ်းချထားလိုက်ပြီး ဆိုသော သတင်းကို မယ်တော် ဝေဒေဟီ မိဖုရားကြီး ကြားသိလေသောအခါ ကသီလင်တ သောကမီးတောင် ပေါက်ကွဲလောင်မြိုက်လျက် ကတိုက်ကရိုက်နှင့် သားတော်ဆီသို့ အူယားဖားယားပြေးလေ၏။ ထိုအချိန်အခါတွင် အဇာတသတ်မင်းသားမှာအောင်ပွဲရသည်အသွင်ဖြင့် တရှင်ရှင်ဖြစ်နေတုန်း။ ဗြုန်းကနဲ မယ်တော်ဘုရား ရောက်လာသောကြောင့် မျက်နှာမထားတတ်အောင်ပင် ဖြစ်သွားရာက မကောင်းတတ်လွန်းသဖြင့်''ကြွတော်မူပါ မယ်တော်ဘုရား''ဟူ၍ ပင့်လျှောက်ကာ နေရာဖယ်ပေးလေ၏။ မယ်တော်မိဖုရားကြီးက ငိုယိုလျက်မှ

''မိုက်လှချည့်လား သားတော်မောင်။ ထီးနန်းလုပ်ကြံမှုကြီးအတွက် မောင့်ခမည်းတော်ဘုရားက မောင့်ကို အပြစ်မပြု။ လျှစ်လျူရှုတော်မူရုံမက ထီးနန်းရိုက်ရာကိုပင် နှင်းအပ်လိုက်တဲ့ ကျေးဇူးတရားကိုမျှမထောက် သလောက်တောင်မိုက်ရသလား။ ဒေဝဒတ်နဲ့ပေါင်းမကောင်းတဲ့ နိဿယည်းကို ဦးခိုက်ပြီး ရှူးတိုက်တိုင်းကိုက်ရသလား ငမိုက်သားရယ်''

''မယ်ဘုရားအနေနဲ့ သားတော်ကို ခွေးနဲ့ဘဲ နှိုင်းနှိုင်း။ ဝက်လို့ဘဲပြောပြော။ သဘောတော်ရှိသလို ပြောဆိုနိုင်ပါသည်မယ်တော်၊ သို့ရာတွင် ဆရာတော်ရှင်ကြီးဒေဝဒတ်ကိုတော့ ပုတ်လားခတ်လား မဆိုပါရန် သားတော် တောင်းပန်ပါသည်။ သတိထားပြီး ရှောင်ရှားတော်မူပါ''

www.dhammaransi.com



လက်သည်းဆိတ် လက်ထိပ်နာ ဆိုသကဲ့သို့ အဇာတသတ် မင်းသားသည် ဒေဝဒတ်ထိ မချိအောင်နာလေသည့်အလျောက် မယ်တော်ကိုပင်အော်အော်ငေါက်ငေါက်စေလိုသော်၊မယ်တော် လည်း ယိုစီးမျက်ရေ တတွေတွေနှင့်–

"မူဆိုးနားနီးတော့ မူဆိုးတဲ့။ သည်အကျင့်မျိုးတွေ ဘယ် တုန်းက သားတော်မှာ ရှိခဲ့ဘူးသလဲ။ လူသူလေးပါးကြားလို့မှ မကောင်း။ ဒေဝဒတ်နဲ့ပေါင်းလို့ သားတော်မောင်ပဉ္စာနန္တရိယ ကံကြီးထိုက်တော့မယ်။ အချိန်မလွန်ခင် မောင့်ခမည်းတော်ကို လွတ်လိုက်ပါ သားတော်ရယ်...။မောင့်ခမည်းတော်ကိုမှ မလွှတ် နိုင်ရင် မယ်တော်ကိုပင် ထောင်သွင်းအကျဉ်းချလိုက်ပေတော့။ လူမိုက်ကြီးရဲ့"

ဤသို့ မျက်ရေ စက်လက်နှင့် အသနားခံ တောင်းပန်ရင်း ကောင်းရာကို ညွှန်သော်ငြားလည်း၊အဇာတသတ်မင်းသားမှာ ဒေဝဒတ်၏စိတ်က မွန်ထွန်နေသည့် အလျောက် ငါ့မယ်တော် ဘုရားပါကလား ဟူ၍မျှ မထောက်ထား နိုင်ရှာဘဲ မင်းချင်း ယောကျ်ားများကို ခေါ်လိုက်ပြီး

"ဟေ့–မယ်တော်ကို နန်းပေါ် ခေါ်သွားကြစမ်း" ဟူ၍ အမိန့်ပေးလိုက်သည်တွင် မင်းချင်း ယောကျ်ား တို့လည်း မင်း မိန့်ကို မလွန်ဆန်သာသဖြင့် ဝေဒေဟီမိဖုရားကြီးအား တွဲခေါ် ကာ နန်းပေါ်ပြန်ပို့ကြရလေ၏။

အဇာတသတ်သည် ခမည်းတော်အား ဤသို့ ထောင်သွင်း အကျဉ်းချလိုက်ပြီးနောက် ဂယာသီသသို့ သွားရောက်ပြီး ထို

www.dhammaransi.com



အကြောင်းကို ဒေဝဒတ်အား လျှောက်လေသော အခါ ဒေဝဒတ်သည် ဝမ်းမြောက် နှမော် သုံးကြိမ်သာခု ခေါ်၍ အဇာတသတ်အား ကောင်းချီးပေးလေ၏။

"အရှင်ဘုရား။ တပည့်တော်၏ ကိစ္စပြီးပါပြီ။ ရှင်ကြီးဂေါတမကို သတ်ရန် အရှင်ဘုရား ကိစ္စကော။ အသို့ ပါနည်းဘုရား"ဟူ၍ အဇာတသတ် စကား စလိုက်၏။ ဒေဝဒတ်နှင့် အဇာတသတ် တို့ကား အစ၌ ဖေါ်ပြခဲ့သည့် အတိုင်း အဇာတသတ်က ခမည်းတော်ကို သတ်ရန် ဒေဝဒတ်ကဘုရားသခင်ကို သတ်ရန် တာဝန် ကိုယ်စီ ခွဲဝေ ယူခဲ့ကြရာ ယခု ကဲ့သို့ အဇာတသတ်က သူ့တာဝန် ကြေပြွန်ကြောင်း လျှောက်ထား လာသောအခါတွင် ဒေဝဒတ် သူ့ကိစ္စ မပြီးသေးသဖြင့် ရုတ်ချင်း အဖြေ မပေးနိုင်ဘဲ အနည်းငယ် စဉ်းစားပြီးမှ ဤသို့ ဆိုလေသတည်း။

"အသင်မင်းသား။ ငါ့ကိစ္စလည်း ပြီးတော့အံ့၊ အသင် မင်းသားကို ငါစောင့်နေသည်။ ယခု ရောက်လာသည်မှာ ငါ့ကိစ္စပြီးဘို့ပင်ဖြစ်သည်"

"အရှင်ဘုရား၏ ကိစ္စပြီးမြောက်မှုမှာ တပည့်တော်နှင့်မည်သို့ ပတ်သက်ပါသနည်းဘုရား"

"အသင်မင်းသား စဉ်းစားကြည့်လော့။ ငါကား ရဟန်းဖြစ်ချေ၏။ ယောက်ဖတော် ရှင်ကြီး ဂေါတမအား ငါ့အနေဖြင့် လုပ်ကြံ၊ သတ်ဖြတ်လိုက်ခဲ့သော် ရဟန်းတို့ကလည်းကောင်း၊ ဒကာဒကာမတို့ကလည်းကောင်း၊ အညဲတ္ထိယအခြားသော ဂိုဏ်း

www.dhammaransi.com



ဂဏ အဖွဲ့အစည်းတို့သလည်းကောင်း၊ ငါ့ကို မည်သို့ ထင်ကုန်လေမည်နည်း၊ လူသတ်ယောကျ်ားတဦးကို ဘုရား ဟူ၍ အမှတ်ထားနိုင်မည်လော''

ထိုကြောင့် ...

''အမိန့်ရှိပါဘုရား''

''အမိန့်ရှိပါဆိုရင် သည်လို အသင်မင်းသား။ ယောက်ဖတော်ရှင်ကြီး ဂေါတမအား လုပ်ကြံရန်အတွက် သက်ရွေးစင်လက်ဖြောင့်လေးသမား အနည်းဆုံးသုံးကျိပ် ၂ယောက် ငါ့အလိုရှိပေ၏။ ရနိုင်မည်လော''

''အလိုတော်ရှိသလောက်ရပါစေအံ့။ အရှင်ဘုရားကိစ္စသာအမြန်ပြီးအောင် ဆောင်ရွက်တော်မူပါလော့''

''ကောင်းပြီးအသင်မင်းသား။ မကြာခင် အတောအတွင်းမှာပင် ယောက်ဖတော်၏ အလောင်းကို သင့်အား ငါပြအံ့။ ယခု ငါ့ယောက်ဖတော် ရှင်ကြီး ဂေါတမကား သာဝတ္ထိသို့ရောက်ရှိနေပေသည်။ နက်ဖန်သဘက်လောက် ငါတို့ရာဇဂြိုဟ်သို့လာမည်ကြား၏။ သူပြန်လာသောအခါ၌ လမ်းမှစောင့်၍ လုပ်ကြံအံ့၊ လေးသမားများအား ငါစေခိုင်းအံ့''

အဇာတသတ်သည် ဂယာသီသမှ ပြန်လာပြီးနောက် ဆရာသခင်ရှင်ကြီး ဒေဝဒတ်၏ တောင်းဆိုချက်အရ လက်ဖြောင့်လေးသမား သုံးကျိပ် ၂ယောက်ကို ဒေဝဒတ်ထံသို့ ပို့လိုက်လေ၏။

ဒေဝဒတ်သည် ထိုလက်ဖြောင့်လေးသမားတို့အား မည်သို့အသုံးချလေသနည်းဆိုသော်— ရဟန်း ဂေါတမကို သတ်ရန်

www.dhammaransi.com



ဤလေးသမား အားလုံးကို စေခိုင်း ခဲ့သော် "ဗူးတရာ၏ အပေါက်ကို ပိတ်ဆို့၍ရသော်လည်း လူတယောက်၏ ပါးစပ်ပေါက်ကို လုံလောက် မပိတ်နိုင်" ဆိုသကဲ့သို့ ငါက ရဟန်းဂေါတမကို အသတ်ခိုင်းကြောင်း တယောက်က မဖော်လျှင် တယောက်ကဖော်လိမ့်အံ့။ အစအနမျှလက်သည်မပေါ်ရအောင် ပိပိရိရိလုပ်မှ တော်မည်ဟူ၍ ဤသို့ကြံပြီးလျှင် ဒေဝဒတ်သည် လေးသမားများကို တကြိမ်တည်း အကုန်မခေါ်လေဘဲ ရှေးဦးစွာ လေးသမား တယောက်တည်းကိုသာ ခေါ်ယူ လိုက်ပြီး ဤသို့ ညွှန်ကြားလေသတည်း။

"အချင်းတကာ။ မနက်ဖန်တွင် ရဟန်း ဂေါတမသည် သာဝတ္ထိမှပြန်လာလိမ့်မည်။ သူပြန်လာသောလမ်း ချုံတခုတွင် လျှို့ဝှက်စွာနေ၍ရဟန်းဂေါတမအားလေးနှင့်ခွင်းသတ်လော့။ ပြီးလျှင် လာလမ်းအတိုင်း အမြန် ပြန်ပြေးခဲ့လော့။ ရဟန်းဂေါတမသေခဲ့သော် အဇာတသတ်မင်းကသင့်အား သူကောင်းပြု ချီးမြှောက်ပေလိမ့်အံ့"ဟု ညွှန်ကြားပြီး ပြန်လွှတ်လိုက်ပြီးနောက် နောက်ထပ် လေးသမားနှစ်ယောက်ကို ခေါ်လိုက်ပြီး ဤသို့ညွှန်ကြားပြန်လေသည်ကား....

"အချင်းတကာတို့။ မနက်ဖန် ထိုမည်သော လမ်းသို့ သွား၍ စောင့်နေကြကုန်လော့။ လေးသမား တယောက် ပြေးလာသည်ကိုသင်တို့တွေ့ရကုန်လိမ့်အံ့။ ထိုသူကား ငါ့ကိုသတ်ရန်လာသောသူတည်း။ ထိုသူကို သင်တို့ စောင့်ကြို၍ သတ်ချေကုန်

www.dhammaransi.com



လေ့။ သတ်ပြီးလျှင် အမြန်ပြန်လာခဲ့ကြကုန်လေ့။ သင်တို့အားအဇာတသတ်မင်းက သူကောင်းပြု ချီးမြှောက် ကုန်လိမ့်အံ့''ဟုစေခိုင်းပြီး ပြန်လွှတ်လိုက်လေ၏။

ထိုနောက်တဆတိုး၍လေးသမား ၄ယောက် တို့ကို ခေါ်ယူလိုက်ပြီး ဤသို့ညွှန်ကြားပြန်လေ၏။

''အချင်းဒကာတို့။ ငါ၏တန်ခိုးဖြင့် ငါ့အန္တရာယ်ကို ငါကြိုတင်၍မြင်ထား၏။ မနက်ဖန်တွင် လေးသည်တော် ၄ယောက်တို့ငါ့ကိုသတ်ရန် ဤမည်သော လမ်းအတိုင်း လာကြလိမ့်မည်။ သင်တို့လမ်းက ဆီးကြိုလျက် ထိုသူ၄ယောက်တို့ကို သတ်ကြလေကုန်။ သတ်ပြီးသော် ဤလမ်းအတိုင်း အမြန်ပြေးခဲ့ကြကုန်''ဟု စေခိုင်းပြီးပြန်လွှတ်လိုက်၏။

ထိုနောက်တဆတိုး၍လေးသည်တော်ရှစ်ယောက်။ ထိုနောက်တဆတိုး၍ လေးသည်တော် ၁၆ယောက်တို့ကို ခေါ်ပြီး ရှေးနည်းအတိုင်းအသီးသီးမှာကြားစေခိုင်းခြင်း ပြုပြီးနောက် လေးသမားအချင်းချင်း တွေ့ဆုံခွင့် မပေးတော့ဘဲ တသီးတခြားစီခွဲထားလေ၏။ လေးသမားတို့လည်း ကောင်းပြီဟု ဒေဝဒတ်အားဦးခိုက်ကြကုန်၏။

နောက်တနေ့ ရောက်လာပြီဖြစ်၏။

ဗုဒ္ဓနှင့်ဗိမ္ဗိသာရမင်းကြီးမှာ ဆရာရင်း၊ ဒကာရင်းလည်းဖြစ်၏။ အဖြစ်သနစ်ခြင်း ကလည်း ဆင်၏။ သားတော် အဇာတသတ်ကဗိမ္ဗိသာရမင်းကြီးအား ထောင်သွင်း အကျဉ်းချထားစဉ်တွင် ဗုဒ္ဓကို လုပ်ကြံသတ်ဖြတ်ရန် ဒေဝဒတ်က ခိုင်းထား

www.dhammaransi.com



သော လေးသမားကလည်း လမ်းဘေးချုံတွင်းမှ လေးတင်၍ စောင့်နေသည်။

ကံကြမ္မာက ဗုဒ္ဓကို မည်သို့ဖန်တီးလေမည်နည်း။ ဗုဒ္ဓသည် သာဝတ္ထိမှရာဇဂြိုဟ်သို့ ကြွတော်မူလာနေပြီဖြစ်၏။ လမ်းဘေးတခွင်မှ သစ်ပင်တို့သာစကားပြောတတ်ဘိမူကား–

"အရှင်ဘုရား။ ဤလမ်းသို့ ကြွတော် မမူပါလင့်။ အရှင်ဘုရားအား သတ်ဖြတ်ရန်အတွက် လေးသမားတယောက်ချုံထဲက စောင့်နေပါသည်ဘုရား။ လေးနှင့် ခွင်းသတ် ပါလိမ့်မည်ဘုရား"ဟူ၍ လျှောက်ထား လှာကြရှာပေလိမ့်မည်။

သို့သော်စကားမပြောတတ်ကြရှာ သဖြင့် ဗုဒ္ဓကြွတော်မူလာသောအခါ ယိမ်းကာ နွဲ့ကာ နှင့်သာ ဦးခိုက်လျက် ရှိနေကြကုန်၏။

တောလမ်းခရီးအတွင်း နောက်ပါသံဃာများ ခြံရံလျက် တဝင်းဝင်းတလျှပ်လျှပ်၊ တဖြတ်ဖြတ် ကွန့်မြူးနေသော ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်စွာ ကြွတော်မူလာသော ဘုရားသခင်ကိုမြင်လျှင် ချုံတွင်းက လေးသမားသည် ဘုရားသခင်၏ ရင်ဝတည့်တည့်ဆီသို့ လေးဖြင့်ချိန်ပြီး မြှားသုံးစင်းကို တစင်းပြီးတစင်း အဆက်မပြတ် လွှတ်လေ၏။

ဗုဒ္ဓကိုမြှားဖြင့်ပစ်ခွင်းလေ၏။ လေးသမားသည် သူပစ်လိုက်သောမြှားကိုကြည့်နေ၏။ မြှားတို့သည် ဗုဒ္ဓထံတော်သို့ ဖြောင့်မတ် သွားကြပြီး ဗုဒ္ဓရှေ့သို့ ရောက်သောအခါ ပန်းဆိုင်း

www.dhammaransi.com



သုံးခုဖြစ်၍ ဘုရားသခင်ကို သုံးပတ်လက်ျာရစ် လည်ပြီးမှဗုဒ္ဓ၏ ခြေတော်အစုံကို ဦးခိုက်လျက် တည်ကုန်၏။

ဤမြွားသုံးစင်းစလုံး ပန်းဆိုင်းပန်းကုံးဖြစ်၍ ဘုရားသခင် ၏ခြေတော်ရင်း၌တည်ကုန်သည်ကို မြင်ရလျှင် လေးသမားသည် များစွာ အံ့အားသင့်သွားလေသည်။

မယုံကြည်သည့် သဘောဖြင့် သူ့မျက်လုံးကိုပွတ်ကာ ပွတ်ကာ ဘုရားသခင်ဆီသို့ တကြည့်ကြည့်နှင့် ဖြစ်နေသည်။ ဤသို့ ကြည့်ရင်းမှ စိတ်နှလုံးဒုံးဒုံးချလိုက် လေသတည်း။

"ခြော်....ငါကားမှားသေခြင်းကြီးလေစွ။ငါ့နှယ် မိုက်တွင်းနက်ဘိစွ။ အဝိဇ္ဇာကက မြွားက သော်မှပင် ဘုရားသခင်၏ကျေးဇူးကိုသိတတ်တုံသေး၏။ ငါကား သက်ရှိလူသား ဖြစ်တုံလျက် အသိတရား ခေါင်းပါး လေစွ၊ မိုက်တွင်းနက်လေစွ"

လေးသမားသည်ဤသို့အသိစိတ်ဝင်လာပြီးချုံကိုဖြဲ၍ ထွက်လာ သည်။ ဘုရားသခင်၏ရှေ့တော်မှောက်တွင် ဒူးထောက်လျက် မှားမိကြောင်းကို တောင်းပန်လေသည်။

ထိုလေးသမား ပြန်လာလျှင် လမ်းကဆီး၍ သတ်ရန်စောင့် နေကြသော လေးသမား၂ယောက်တို့ သည်လည်း ထိုသူမလာ နိုင်သဖြင့် ရှေ့သို့ တရွေ့ရွေ့တိုးလာကြရာမှ ဘုရားသခင်နှင့် တွေ့ကြကုန်လေ၏။

ထို့အတူလျှင် ၄ယောက်၊ ၈ယောက်၊ တကျိပ် ခြောက် ယောက်ကုန်သော လေးသမားတို့လည်း မိမိတို့သတ်ရမည့် သူ

www.dhammaransi.com



များကိုမတွေ့၍ ရှေ့သို့ တရွေ့ရွေ့လျှောက်လျှောက် လာကြ ရာမှ ဘုရားသခင်ဆီသို့ ရောက်ကုန်လေ၏။ မြတ်ဘုရားအား ဤသို့လည်း လျှောက်ကြားကုန်လေ၏။

"ဘုန်းတော်ကြီးမြတ် လှသော မြတ်စွာဘုရား။
အကျွန်ုပ်တို့တောင်းပန်ပါကုန်၏။ မမှားသင့် ဘဲလျက် ဒေဝဒတ်၏အလိုသို့ လိုက်မိသဖြင့် မှားရပါ ကုန်သော အကျွန်ုပ်တို့၏ အမှားကို သည်းခံတော် မူပါဘုရား။ ဒေဝဒတ်သည်အရှင်ဘုရားကိုသတ်ရန် အကျွန်ုပ်တို့အား စေခိုင်းပါသည်။ ထိုနောက် တရားခံလက်သည် ပေါ် မည်စိုးသောကြောင့် အကျွန်ုပ်တို့အချင်းချင်း ကိုလည်း ပရိယာယ်ကြွယ်ကြွယ်နှင့် သတ်ခိုင်းပါသည်။ ဒေဝဒတ် ကြောင့်မှားမိသည်များကို သည်းခံတော်မူပါဘုရား"

ဤသို့အသီးသီး လျှောက်ထားကြပြီး လေးသမားအားလုံး တို့သည် ဗုဒ္ဓထံတွင် ဥပါသကာအဖြစ် ခံယူကုန်ကြလေ သဖြင့် ဒေဝဒတ်၏အကြံမှာ ပျက်သွားရလေပြီတည်း။

"အရှင်ဘုရားဒေဝဒတ်။ အသို့ရှိတော်မူပါစ။ အရှင်သတ် လိုက်သောရဟန်းဂေါတမ မသေလေဘဲ တပည့်တော်မှာသာ လက်ဖြောင့်လေးသမားအားလုံး ဆုံးရှုံးရခြင်း အဖတ်တင်ပါ သည်။သူတို့ပစ်လိုက်သောမြှားများသည် ရှင်ကြီး ဂေါတမ၏ရှေ့ မှောက်သို့ ပန်းဆိုင်းကြီးဖြစ်၍ ရောက်ရှိသွားကြောင်းကိုဘပည့် တော်ကြားသိရပါသည်။ ရှေ့အဘို့ မည်သို့ စခန်းသွားတော့ မည်နည်း။

www.dhammaransi.com



ဤသည်ကား အဇာတသတ်မင်း၏ လျှောက်ထားချက် ဖြစ်၏။ ဗုဒ္ဓကိုသတ်ရန် စေလွှတ်လိုက်သော လက်ဖြောင့်လေးသမား သုံးကျိပ်ကျော်တို့ ဗုဒ္ဓ၏ ထံတော်၌ဥပါသကာအဖြစ် ခံယူလျက်၊ ဗုဒ္ဓ၏ဘက်တော်သားဖြစ်ကုန်ကြောင်း ကြားလျှင်ကြားချင်းပင် အဇာတသတ်မင်းသည် ဂယာသီသ ဒေဝဒတ်ထံသို့ လျှင်မြန်စွာ သွားရောက်ပြီး အထက်ပါအတိုင်း ဒေဝဒတ်အား မေးလျှောက်လေသောအခါ။ ဒေဝဒတ်က မြွက်ကြားပြောဆိုသည်ကား....

"အသင်မင်းသား။ ရဟန်းဂေါတမအား လုပ်ကြံရန်ဤနည်း တနည်းသာလျှင်ရှိသလော။ သင်း၏ အသက် ငါတို့လက်မှလွတ် နိုင်မည်လော။ ရဟန်းဂေါတမ ယခု မသေပြားသော်လည်း သင်းထံမှ အန္တရာယ်ငါတို့ထံ မလာနိုင်။ မကျရောက်နိုင်။ အရေးကြီးသည်ကား အသင်မင်းသား၏ ခမည်းတော် ဖြစ်ချေ၏။ သူ မသေသမျှ အသင်မင်းသားအတွက်စိတ်ချရမည် မဟုတ်။ သင့် ခမည်းတော်ယခုသေပြီလော"

ဤဆရာတပည့်နှစ်ဦး၏ အဘို့တွင် ဗုဒ္ဓပရိနိဗ္ဗာန် ပြုဘို့နှင့် ဗိမ္ဗိသာရမင်းကြီး နတ်ရွာလားဘို့သည် အဓိကပြဿနာကြီးဖြစ်ချေ၏။ သို့သော် ဗုဒ္ဓမှာ ဒေဝဒတ်၏ သေမင်းထောင်ချောက်မှ လွတ်မြောက်သွားသော်လည်း ဗိမ္ဗိသာရ မင်းကြီး ခမျာမှာကား သားအဇာတသတ်၏ မရဏစက်ကွင်းတွင် လည်စင်း၍ခံ ရေနရှာလေ၏။

"ဟေ့-ငါ့ခမည်းတော် သေသွားပြီးလော...."

"မသေသေးကြောင်းပါ ဘုရား...."

www.dhammaransi.com



ထောင်တွင်း၌ အကျဉ်းခံနေရရှာသော ဗိမ္ဗိသာရ မင်းကြီးသည် မေးသူ၏ အသံကျက်မိပြီးသားဖြစ်၍ သားတော် အဇာတသတ်၏ အသံဖြစ်ကြောင်းကို ကောင်းစွာ သိတော်မူသည့်အလျောက် "ငါ့သားတော်အမြင်မှန် ရလာ၍ ငါ့ကိုလွှတ်ရန်လာသည်" ဟု ထင်လေသည်။ ယင်းသို့ထင်မိသည့် အားလျော်စွာ သားတော်ရှိရာသို့ ထောင်တွင်းမှနေ၍တစေ့တစောင်း ဝမ်းသာ အားရချောင်းကြည့်မိ လေ၏။ ထိုအခါ သားတော်၏ပြောပုံ၊ ဆိုပုံအမူအရာများနှင့်တကွ သားတော်နှင့် အစောင့်စစ်သားတို့မေးဖြေပြုနေသည့် စကားကိုလည်းအတိုင်းသားပင်ကြားနေရလေ၏။

"အချင်းယောကျ်ား။ ထမင်းအသက် (၇) ရက်သာခံ၏။ ယခု (၁၀)ရက်မျှပင်ရှိချေပြီ။ သို့ပါလျက် ငါ့ခမည်းတော်ကား မသေသေး။ အဘယ့်ကြောင့်နည်း။ အာဟာရများကို ငါ့ခမည်းတော်အားသင် ခိုးဝှက်၍ ကျွေးဘိသလော့"

ဤသို့အဇာတသတ်မင်းက မေးလိုက်သည်တွင် အစောင့်စစ်သားမှာ တုန်လှုပ် ခြောက်ချားသွားသည်နှင့်အမျှ သားတော်၏စကားကိုကြားရသော ဗိမ္ဗိသာရမင်းကြီးမှာလည်း သားတော်ကိုတစေ့တစောင်းကြည့်ရက်မှ မျက်ရည်များ ရွှဲလာလေ၏။

အစောင့်စစ်သားလည်း သေဘေးမှ ကြောက်သောကြောင့်မှန်သည့်အတိုင်း လျှောက်ရှာလေ၏။

"အရှင့်သား။ ထားလျင်လည်းနေ၊ သတ်လျင်လည်း သေရပါတော့မည်။ မှန်ရာကို သံတော်ဦး တင်ပါအံ့။ ဘုရင်ထီး

www.dhammaransi.com



ဘုရားကြီးအတွက် ပွဲတော်စာများကို ဝေဒေဟီ မိဖုရားကြီး လျှို့ဝှက်စွာယူဆောင်လာပြီး ကျွေးမွေးခြင်းပြုပါသည်။ ကျွန်တော်မျိုးမှာ အရှင့်သား၏ခါးကိုကြောက်သည်နှင့်အမျှ အရှင်နှစ်မါးကိုလည်း ချစ်ကြောက်ရိုသေနေလာခဲ့သူဖြစ်သည် အားလျော်စွာ ခမည်းတော်ကြီးအား ကျွေးမွေးနေပါ သည်ကို မကျွေးရဟူ၍ ကျွန်တော်မျိုးအနေဖြင့် မဟန့်တားရက်သဖြင့် ခမည်းတော်မင်းတရားကြီး အသက်ရှည်နေခြင်း ဖြစ်ကြောင်း ပါဘုရား”

ထိုစကားကိုကြားလေသော်အဇာတသတ်မင်းသည် ဒေါသအမျက်ချောင်းချောင်းထွက်လျက် လက်သုံးတော် ရွှေဓားနှင့် အစောင့်စစ်သားအား စလွယ်သိုင်း ခုတ်ပိုင်းလိုက်မည်ပြုသည့် ခဏဝယ် “မှားမယ် သားတော်-သတိထားလော့” ဟူသော ထောင်တွင်းမှထွက်လာသော ခမည်းတော်၏ စကားကြောင့်-

“အချင်းယောကျ်ား။ ရှိစေတော့။ ပြီးပြီးသားပြီးစေတော့။ နောင်ကို မယ်တော်ဘုရား ကြွလာသော အခါ အစားအစာပါမပါတို့ သေချာစွာ ရှာလော့။ အာဟာရပါလျှင် ရမည်းတော်ထံသို့ မဝင်နှင့်။ တွေ့ခွင့် မပေးနှင့်-”

ဤသို့ခပ်သွက်သွက် အမိန့်ပေးထားခဲ့ပြီး ခပ်မြန်မြန်ပင်ပြန်သွားလေ၏။ ဗိမ္ဗိသာရ မင်းကြီးသည် အကျဉ်းထောင် ရှေ့တွင် ခပ်သွက်သွက် အမိန့်ပေးပြီး ခပ်မြန်မြန် ပြန်သွားသော

www.dhammaransi.com



သားတော်အဇာတသတ်ကို မျက်စိအောက်ကပျောက်သွားသည် အထိရှုစားပြီးစီးကျမျက်ရည် တထွေထွေကြားမှ အဇာတသတ်ကိုသနွေတည်စ အချိန် ဝေဒေဟီမိဖုရားကြီးက အဖသတ်မည့် သားကိုမဖွားစေလိုတဲ့အတွက် ကိုယ်ဝန်ပျက်အောင် အမျိုးမျိုး ဖျက်ခဲ့ရပုံများကို မြင်ယောင်လာလေ၏။

ထို့နောက် မင်းကြီးသည် ဟင်းကနဲ သက်ပြင်းရှည်ကြီးချ၍ ငြိုးတွားတော် မူလေသည်ကား- "ငါ့သားတော်မှာ အပြစ်မရှိ၊ ငါ့ငင်္ရှိ၍သာ ငါခံရသည်။ ငါ့သားတော်သည် ငါ့အပေါ်၌ယနေ့အမျက်တော်မပြေ၊ အရေမလည်သေးသော် လည်းနက်ဖန်အရေးကို အဘယ်သူ မှန်ကန်အောင် တွေးနိုင်ချိမ့်မည်နည်း။

မိဘမေတ္တာကား ကြီးမားလှပါဘိစွ။ မိမိအားအစာရေစာဖြတ် အငတ်ထားပြီး သတ်သောသား ဖြစ်ပါတုံ လျက်လည်း သားအပေါ်၌အပြစ်ဟူ၍မယူဆရက်။ ငါ့ဝဋ္ဋ်ကျွေး ရှိပေ၍သာ ဟု ဖြေဆည်ကာသာနေတော်မူရှာ သတည်း။

ဗိမ္ဗိသာရမင်းကြီးယူဆထားသည့် အတိုင်း သူ့ဝဋ္ဋ်တရားကားအဘယ်မျှ ကြီးထွား လေသနည်း ဆိုသော် ဝေဒေဟီမိဖုရားကြီးသည်နေဝင်ဆည်းဆျာ အချိန်တွင်တခေါက် ဗိမ္ဗိသာရမင်းကြီးထံ ရောက်လာပြန်၏။ သို့သော်....

"ဟင်.. လျှို့ဝှက်စွာယူလာသည့် ဤအာဟာရကို ထောင်တွင်းမသွင်းရဟု အရှင်မိဖုရားကြီး၏ သားတော်

www.dhammaransi.com



မင်းက တင်းကြပ်စွာ ပညတ်ထားပါသည် ဘုရား။
ကျွန်တော်မျိုးအနေဖြင့် ခွင့်ပြုချင်ပါငြား သော်လည်း
အရှင်မိဖုရားကြီး၏ သားတော်အမိန့်ကြောင့်....''

မင်းကြီးအတွက် လျှို့ဝှက်စွာ ယူဆောင်သော အာဟာရကို သားတော်၏ အမိန့်ဖြင့် အတွင်းသို့ ယူခွင့်မရ။ မင်းကြီးအား ကျွေးမွေးခြင်း မပြုရသည့် အတွက် ဝေဒေဟီ မိဖုရားကြီးမှာ အကျဉ်းထောင်ရှေ့တွင် မျက်ရည်စက်လက်နှင့် မေ့မျောသွား ရှာလေသတည်း။

www.dhammaransi.com

"လာလော့အသင်မင်းသား။ ရဟန်း ဂေါတမကို ငါကိုယ်တိုင်သတ်ပြအံ့"

ဒေဝဒတ်သည် အဇာတသတ်မင်းသား ဂိဇ္ဈကုဋ်တောင်သို့ ခေါ်သွားလေသည်။ တောင်ငါးလုံးကာခို ရာဇဂြိုဟ်ဟုဆို၏။

ရာဇဂြိုဟ်မြို့ကိုကာရံထားသော တောင်ကြီးငါးလုံးရှိသည်။ ၎င်းတို့မှာ ဣသိဂိရိတောင်၊ ပဏ္ဍဝတောင်၊ ဝိပုလတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဝေဘာရတောင်များ ဖြစ်ကြ၏။

ဂိဇ္ဈကုဋ်တောင်ကား ရာဇဂြိုဟ်မြို့၏ တခုသော မဟာရာမ်တံတိုင်းကြီး ဖြစ်ပေ၏။ ပုံသဏ္ဍာန် အားဖြင့် လင်းတနှင့်တူသောကြောင့် ထိုတောင်ကို ဂိဇ္ဈကုဋ်တောင်ဟု ခေါ်တွင်ခြင်း ဖြစ်လေသည်။

www.dhammaransi.com



အချိန်မှာ ညနေစောင်း အချိန်ဖြစ်သည့် အလျောက်နေ ရောင်ခြည်သည် ဂိဇ္ဈတောင်ကို အနောက်ဘက်မှထိုးနေ၏။ ထို ကြောင့် ဂိဇ္ဈကုဋ်တောင်၏အရိပ်သည် အရှေ့ဘက်သို့ရှည်လျား စွာ ထွက်လျှက် ရှိနေလေရာ ထိုအချိန်တွင် ဘုရားသခင်ကား ဂိဇ္ဈကုဋ်တောင်၏ အရိပ်အောက်တွင်တပါးတည်းစင်္ကြံလျှောက် နေတော်မူ၏။

''မြင်၏လော့ အသင်မင်းသား။ ဟိုမှာ ယောက်ဖတော် ဂေါတမ လမ်းလျှောက်နေသည်။ မှုံပျပျကလေး ရယ်မြင်၏ မဟုတ်လော့''

တောင်အောက်သို့ဖြုတ်ချရန် ယန္တရားခလုပ် တပ်ဆင်ထား သော ကျောက်တုံး ဘေးတွင် ၂ယောက်သား ရပ်လျက်မှ ဒေဝဒတ်ကအဇာတသတ်မင်းအား တောင်အောက်တွင် စင်္ကြံ လျှောက်နေသော ဗုဒ္ဓကို လက်ညှိုးထိုး၍ ပြလေသည်။

ဒေဝဒတ်သည် ဘုရားသခင်ကို လေးသမား များအား အသတ်ခိုင်းရာတွင်မအောင်မြင်သည့်အချိန်မှစ၍ဗုဒ္ဓကို လုပ်ကြံ ရန်အမျိုးမျိုး ကြံစည်ကာသာ နေလာခဲ့ရာမှ ဤဂိဇ္ဈကုဋ်တောင် ကိုသူသတ်ကုန်းအဖြစ် ရွေးလိုက်လေသည်။ ဤသို့ ဗုဒ္ဓကိုလုပ်ကြံ ရန်ဂိဇ္ဈကုဋ်တောင်ကိုရွေးခြယ်လိုက်ခြင်း၌ သူ၏တွေးခေါ်ယူဆ ချက်ကို သူကိုယ်တိုင် အလွန်နှစ်ခြိုက်နေ၏။

''ရှင်ကြီးဂေါတမသည် ညနေစောင်းလျှင် ဂိဇ္ဈကုဋ် တောင်ရိပ်အောက်၌ စင်္ကြံလျှောက်လေ့ ရှိသည်။ သူ

www.dhammaransi.com



စကြံ့လျှောက်နေတုန်းမှာ တောင်ပေါ်က ကျောက်
တုံးကြီး လှိမ့်ချလိုက်လျှင် အရိုးအသား ရှာမရအောင်
စိစိညက်ညက် ကြေသွားမည်''

ဤရည်ရွယ်ချက်ဖြင့် အဇာတသတ်မင်းနှင့် တိုင်ပင်ပြီး ဂိဇ္ဈကုဋ်
တောင်စောင်းတွင် ကျောက်မောင်းကြီး ဆင်လေတော့သည်။
ယနေ့သည် ငါ့အကြံအောင်မြင်သော နေ့ဟု ဒေဝဒတ်ကတွက်
လိုက်လေပြီတည်း။

ဒေဝဒတ်သည် ကျောက်တုံးကြီးကို ဖြုတ်ချရန် ယန္တရား
ခလုပ်ကို ကိုင်လျက်မှ နောင်ရေးတွက် စိတ်မအေး ဟန်ဖြင့်
အဇာတသတ်ကို လှမ်းမေးလိုက်၏။

''အသင်မင်းသား။ ခလုပ်ဖြုတ်လိုက်လျှင် ရဟန်းဂေါတမ
ကိစ္စတုံးသွားမှာ သေချာသည်။ ယင်းကိစ္စနဲ့ ပတ်သက်ပြီး
တစုံတရာ....''

''အရှင်ဘုရားက လူသတ်မှုပြဿနာ ပေါ်လာမည့် အရေး
ကိုရည်ညွှန်း၍ ဆိုပါသလား။ တပည့်တော် ပြည့်ရှင်မင်းဖြစ်
သည်။အရှင်ဘုရားအပေါ်မှာ မှဲ့တပေါက်မျှမစွန်းစေရ။ဖြုတ်
မည့်ခလုပ်ကို စိတ်ဖြောင့်ဖြောင့်ထား၍ ဖြုတ်တော်မူပါလော့''

ဒေဝဒတ်သည် ယန္တရားခလုပ်ကို ကိုင်ထားလျက်မှ တောင်
အောက်သို့ ငုံ့ကြည့်လိုက်သည်။ အဇာတသတ်နှင့် မင်းချင်း
ယောကျ်ား တို့လည်း တောင်အောက်သို့ ငုံ့ကြည့် နေကြစဉ်
စင်္ကြံ့မှန်မှန် လျှောက်နေသော ဗုဒ္ဓမြတ်စွာ ဘုရားကို မှုံ့ပျပျ
ကလေး မြင်ကြရကုန်၏။ တခဏတွင်း မှာပင် မိုးကြိုးပစ်ခွင်း

www.dhammaransi.com



လိုက်သကဲ့သို့ ''ဝုန်း'' ဆိုသော အသံကြီးသည်ဂိဇ္ဈကုဋ်တောင်၏ ထက်ဝန်းကျင် အရပ်တွင် ပဲ့တင်ထပ်သွား လေသတည်း။

ဂိဇ္ဈကုဋ်တောင်အောက်၌ ဗုဒ္ဓသည် ခြေလှမ်းမပျက် စကြံလျှောက်နေလျက်ပင်ရှိ၏။

ဒေဝဒတ်ခလုပ် ဖြုတ်ချ လိုက်သော ကျောက်တုံးကြီးသည် ဗုဒ္ဓဆီသို့ တည့်တည့်ကြီး အရှိန်နှင့် လှိမ့်ဆင်းလာနေသည်။

အကယ်၍သာ နောက်ထပ် တစက္ကန့်ခန့် လိမ့်ခွင့်ရမည်ဆိုခဲ့သော် ထိုကျောက်တုံးကြီး အောက်တွင် ဘုရားသခင် မှာ မှုံ့မှုံ့ညက်ညက်ကြေပြီး အသက်ပျောက်သွား ရရှာမည်မှာမှာသေချာ၏။

သို့သော် ဘုရားသခင် ထံတော်သို့ ရောက်လုနီးတွင် ထိုကျောက်တုံးကြီးသည် သည်းထန်စွာမြည်လည်းလျက် ပေါက်ကွဲသွားလေရာ ဤရှုကွက်ကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရသော ဒေဝဒတ်နှင့် အဇာတသတ်တို့မှာ များစွာ အံ့အားသင့်နေကြလေ၏။

''အံ့ဘွယ်ကောင်းဘိတောင်းအရှင်ဘုရား။ ရှင်ကြီးဂေါတမ၏ ဦးခေါင်းပြားချပ်ပြီး စိစိညက်ညက် ကြေသွားအောင် ကျောက်တုံးကြီးကကြိတ်မည် လုပ်တုံးမှာ ဖြုံးကနဲမြေကြီးထဲကကျောက်တုံးကြီး၂တုံးတပြိုင်နက် ထွက်ပေါ်လာပြီးလိမ့်ဆင်းလာသော ဘောင်ပေါ်က ကျောက်တုံးကြီးကို ဆီး၍ခုခံကြတဲ့အတွက် ထက်ခြမ်းမကအစိတ်စိတ်အမွှာမွှာကွဲကုန်ပါ

www.dhammaransi.com



ကလား။ ရဟန်း ဂေါတမကား ဘုန်းကြီးတော် မူပေစွ” ဟု အဇာတသတ်က ချီးမွမ်း၍ ပြောသည်ကို ဒေဝဒတ်ကခေါင်း ခါလျက်....

“သည်ဟာကို သူ့ဘုန်းလို့ ဘောက်မဲ့ကြောင့်ဆိုရမည်တုန်း။ မတော်တဆ ဖြစ်ခြင်းမျိုးသာဖြစ်သည်။ မြေကြီးထဲမှ ဖြုန်း ကနဲ ကျောက်တုံးကြီး ၂ခု ပေါ်ထွက်လာခြင်းလည်းမဟုတ်၊ နဂိုရှိရင်းစွဲ ကျောက်တုံးကြီးများသာတည်း။ အပေါ်ရံက ချုံနွယ်များ ဖုံးနေသဖြင့် မမြင်ရခြင်းဖြစ်သည်။ ထိုကျောက်တုံးကြီးများကို တိုက်မိ၍ ခလုတ်ဖြုတ်ချလိုက်သော ကျောက်ခဲကြီး ကွဲသွားခြင်းသာ ဖြစ်သည်။ ရှင်ကြီးဂေါတမ၏ တန်ခိုးကြောင့်မဟုတ် ဟိုမှာကြည့်လော့ ရှင်ကြီးဂေါတမမှာ ခြေတော့ဒဏ်ရာတခုခု ရသွားပြီထင်၏။ သူ၏တပည့် သာဝကတို့လည်း ဟိုက သည်က ပြေးလာနေကုန်ပြီကော။ ငါတို့အကြံအစည်မှန်း သူတို့ရိပ်မိသွားလျှင် မကောင်း။ သူတို့မမြင်ခင် ရှောင်တိမ်းကြစို့”

ဒေဝဒတ်နှင့် အဇာတသတ်သည် ဂိဇ္ဈကုဋ်တောင်အောက်သို့ မရောက်မီပင် ကိုယ်ရောင်ဖျောက်လိုက်ကြသည့်အချိန်တွင်အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် စသော တပည့်သာဝကများစွာတို့ ဘုရားသခင်၏ အပါးတော်သို့ ရောက်ရှိလာကြကုန်၏။

“ဟင်....ဗုဒ္ဓ၏ ခြေမတော်မှာ....ဒဏ်ရာ....ဒဏ်ရာ”

မှန်၏။ အပေါ်မှ လိမ့်ဆင်းလာသော ကျောက်တုံးကြီးသည် အောက်က ကျောက်တုံးကြီးများနှင့် ဆတ်မိရာမှ ပဲ့

www.dhammaransi.com



ထွက် လှင့်စဉ်လာသော ကျောက်လွှာတခုက ဗုဒ္ဓ၏ခြေမတော်ကို လာ၍ထိမှန်သဖြင့် သွေးစိမ်းတည်လေ၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ပြေးလာကြပြီး ဘုရားသခင်ကိုဝင်၍ပွေ့ချီလိုက်ကြကုန်ပြီးနောက် လက်ချင်းယှက်၍ ဗုဒ္ဓကိုယှက်ထားသော ထိုလက်ပေါ်တင်ကာ နီကျင့်ကျင့် နေလုံးကြီးမပျောက်မီ ဝေဠုဝန်ကျောင်းတော်သို့ အရောက်ခေါ်ဆောင် သွားကြလေ၏။

နေဝင်သွားပြီဖြစ်၏။ လရောင်သည် မှုံဝါးဝါးနှင့် ရှိနေသည်။ ဘုရားသခင်၏ ခြေမတော်၌ ကျောက်လွှာထိ၍ သွေးစိမ်းတည်ခြင်းမှာ ဒေဝဒတ်နှင့်အဇာတသတ်မင်းတို့ ပူးပေါင်း၍ ဘုရားသခင်အား လုပ်ကြံသတ်ဖြတ်ခြင်းဟု ရဟန်းတို့အစဉ်းသိကုန်သည့်အလျှောက် ရဟန်းတို့သည် ညရေးညတာ၌ ဘုရားသခင်ကို စိတ်မချကုန်။ အကယ်၍ မိုးမပြိုဘူး ပြိုခဲ့သော် ဆိုသကဲ့သို့ ဘုရားသခင်ကို လုပ်ကြံရန် ဒေဝဒတ်လာခဲ့သော် ခုခံတားဆီးရန်အတွက် ဒုတ်တောင်ဝှေးများ ကိုင်ဆောင်ကုန်လျက် ရဟန်းတို့သည် ဘုရားသခင် သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီးကို နှစ်ထပ်သုံး ထပ် ရံဝန်ထားကြကုန်၏။

ထိုအချိန်တွင် ဇီဝကသည် ဘုရားသခင်၏ ခြေမတော်၌ ကျောက်လွှာငြိ၍ တည်နေသော သွေးစိမ်းများကို ဖောက်ထုတ်ပြီးလျှင် အနာကို ဆေးစည်းပေးလျက် ရှိနေ၏။ ဗုဒ္ဓသည် ရဟန်းသံဃာတို့ ရုတ်ရုတ်သဲသဲ ဖြစ်နေကြပုံကို သိလျက်နှင့် မေးတော်မူ၏။

www.dhammaransi.com



"ရဟန်းတို့။ ကျောင်းတော်၌ ပတ်ဝန်းကျင်၌ ရဟန်းတို့ ရုတ်ရုတ်သဲသဲသံကို ငါကြားတော်မူ၏။ အကြောင်းအသို့နည်း"

ဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတို့က "ဘုရားသခင်အား ဒေဝဒတ် လုပ်ကြံလာမည် စိုးသောကြောင့် ရဟန်းများစောင့်ရှောက်နေကြပါသည်"ဟုလျှောက်လတ်သော်။ "ရဟန်းတို့။ ဒေဝဒတ်ကား ယခုအခါ၌သာ ငါ့ကို သေကြောင်းကြံစည်သည်မဟုတ်။ ရှေးကလည်းကြံစည်ခဲ့ဘူးပြီ"ဟု မိန့်၍ မဏိစောရဇာတ်ကို ဟောတော်မူ၏။

## မဏိစောရဇာတ်

"ရဟန်းတို့။ ရှေးအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ငါဘုရားအလောင်းသည် ဗာရာဏသီမြို့၏ ဆင်ခြေဖုံး ရွာတရွာဝယ် သူကြွယ်အမျိုး၌ ဖြစ်ခဲ့၏။ အရွယ်ရောက်သောအခါ မိဘများက ငါ့ကို သုဇာတာ အမည်ရှိသော အမျိုးသမီးနှင့် လက်ထပ် ထိမ်းမြားကြကုန်၏။ ငါ၏ဇနီးသုဇာတာကား အဆင်းလည်း အလွန်လှ၏။ အကျင့်စာရိတ္တလည်း အလွန်ကောင်း၏။ ယောကျ်ာမဝတ် လင့်ဝတ်ကို မချွတ်ရအောင် အမြဲပြုစုရှာ၏။

ရဟန်းတို့။ တနေ့သောအခါ သုဇာတာသည် မိဘများကို မဖူးမြင်ရသည်မှာ ကြာပြီဖြစ်၍ "မိဘရပ်ထံ ခေတ္တပြန်၍

www.dhammaransi.com



ဖူးမြော်ပါရစေ''ဟု ငါ့ထံ ပန်ကြားလာ၏။ ငါကလည်း သူ၏ ဆန္ဒကို လိုက်လျောကာ ခွင့်ပြုလိုက်၏။ ငါတို့ဇနီးမောင်နှံသည် လှည်းယဉ်ကျော့ကလေးတစီးနှင့် ရွာမှထွက်ခဲ့ကြ၏။ ငါက ရှေ့မှလှည်းကိုမောင်းပြီး သုဇာတာက ငါ့နောက်တွင် ကပ်၍ လှည်းစီးလေသည်။

ရဟန်းတို့။ မြို့အနီးသို့ ရောက်သောအခါ ငါတို့လှည်းစခန်း ချကြ၏။ လှည်းကိုဖြုတ်၍ နွားများကို ရေတိုက်သည်။ အစာ ကျွေးသည်။ ငါတို့မောင်နှံလည်း ရေမိုးချိုးကြသည်။ ပြီး လျှင်ထမင်းစားကြပြီးသော် မြို့ထဲဝင်တော့မည်ဖြစ်သဖြင့် ပါလာ သော ဝတ်ကောင်းစားလှကလေးများကို လဲလှယ်၍ ဝတ်ကြ သည်။ ငါ့ဇနီး သုဇာတာမှာ ပင်ကိုယ်ကချော့ရာတွင် အဆင် တန်ဆာများဖြင့် အမွန်းတင်လိုက်သောအခါ ''လူမက နတ် တမျှ'' ဆိုသကဲ့သို့ အလှကေရီမကလေး ဖြစ်လာသည်။

ရဟန်းတို့။ ငါတို့မောင်နှံ ၂-ယောက်၊ လှည်းယဉ်ကျော့ ကလေး တစီးနှင့် မြို့ထဲဝင်ကြ၏။ အနည်းငယ် မြို့ထဲရောက်သွား လျှင်ပင် ငါတို့ လှည်းကို တားသူများပေါ်လာသည်။

''ရပ်လော့၊ မမောင်းနှင့်ဦး''

မင်းချင်းယောကျ်ားများက ဆိုလှသည်။ အခြားကြောင့် တားကြသည်မဟုတ်။ ထိုအချိန်တွင် ဗြဟ္မဒတ် မင်းတရားကြီး သည် ဆင်တော်ကိုစီးလျက် မြို့ကို လက်ျာရစ် လည်၍ ရှုစား တော်မူနေသောကြောင့် ဖြစ်လေသည်။

www.dhammaransi.com



မကြာခင်အတွင်းမှာပင် ဗြဟ္မဒတ်မင်းသည် ဆင်တော်ကို စီး၍ ငါတို့အနားသို့ ရောက်ရှိလာပြီး ငါ့ဇနီး၊ သုဇာတာကို မြင်သော် ဗြဟ္မဒတ်မင်းသည် လိုချင်ဇောရမက်၊ လှိုင်းကဲ့သို့ ပွက်လာလေသတည်း။

ရဟန်းတို့။ လှိုင်းနှယ်ပွက်ပွက် ချစ်ရမ္မက်ကြောင့် အမတ် တဦးကို အသာမိက သာမိက၊ လင်ယောကျ်ား ရှိမရှိ စုံစမ်း စေလေတော့သည်။

ထိုအမတ်လည်း မင်း၏ အမိန့်တော်ဖြင့် ငါတို့ထံ စူးစမ်း ရန် ရောက်လာ၏။ ကာမပိုင် လင်ယောကျ်ားရှိမှန်း သိလျှင် ထိုအမတ်ပြန်သွားပြီး ဗြဟ္မဒတ်မင်းအား ထိုအမျိုးသမီးမှာ ကာ မပိုင် ခင်ပွန်း လင်ရှိကြောင်း။ လှည်းမောင်း ယောကျ်ားကား သူ၏ ခင်ပွန်းလင်ဖြစ်ပါကြောင်း။ လျှောက်တင်လေသော်.... ဗြဟ္မဒတ်မင်းသည် ဆင်ထက်မှာပင် ဇေးတငိုင်ငိုင်နှင့် မှိုင်တွေ ကျသွားလေ၏။

"ငါ–ဤယောကျ်ားကို အကြောင်းတမျိုးမျိုး ရှာ၍သတ် ပြီး သူ၏ မယား မိလှထွားကို ငါယူအံ့"

ဤသို့ ကြံပြီးလျှင် မင်းချင်းတယောက်ကို လက်ယပ်၍ ခေါ်လိုက်လေသည်။

ရဟန်းတို့။ ချစ်ဇောဟုန်ကား ကြောက်မက်ဘွယ် ကောင်း ဘိစွ။

ဗြဟ္မဒတ်မင်းသည် ဦးခေါင်းတွင် ဆင်မြန်း ထားသော ပတ္တမြားဥသျှောင်တွင် (ပတ္တမြားဆံထိုး)ကို ယူပြီးလျှင် ထိုမင်း ချင်းယောကျ်ားအား....

www.dhammaransi.com



"အချင်း ယောကျ်ား—သင်သွားလော့၊ဤပတ္တမြား ဥသျှောင်ကျင်ကိုယူ၍ ခရီးသွားဟန်ဖြင့် ထိုလှည်းအနီး သို့သွားလော့။ ဤဥသျှောင်ကျင်ကို အမှတ်မထင်သူ့ လှည်းပေါ် ပစ်တင်၍ ထားခဲ့လော့" ဟုစေခိုင်း၏။

ထိုအမတ်လည်း အမိန့်တော်ကို ဦးထိပ်ထက် ပန်ဆင်၍ ပတ္တမြား ဥသျှောင်ကျင်ကို ငါတို့လှည်းပေါ်သို့ အမှတ်မထင် ပစ်တင်လိုက်ပြီးနောက်....

"ပြီးစီးပါကြောင်း" ကို ထိုအမတ်က လျှောက်လေသော် ဗြဟ္မဒတ်မင်းက....

"ငါ၏ပတ္တမြား ဥသျှောင်ကျင် ပျောက်သွားသည်" ဟူ၍ ကြေငြာလိုက်သတည်း။

ပြည်သူအပေါင်းတို့ အုတ်အုတ်ကျက်ကျက်၊ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကုန်သတည်း။

"မြို့ပြင် လေးရပ်ရှိ တံခါးအားလုံးကို ပိတ်၍ ခိုးသူကိုရှာ ရှာကုန်လော့" ဟူ၍ တချက်လွှတ် အမိန့်တော်မြတ် မှတ်တော် မူသတည်း။

ရဟန်းတို့။ အမိန့်တော်အတိုင်း မင်းချင်း ယောကျ်ားတို့ မြို့ တံခါးများ ပိတ်လိုက်ကုန်သည်ရှိသော် တမြို့လုံး ခြောက်ချား သွားလေ၏။ ဟိုရှာ သည်ရှာ ရှာဖွေကြကုန်၏။ ယခင်က ငါတို့၏ လှည်းအနီးတွင် ရစ်သီရစ်သီနှင့် လာပြီး ပတ္တမြား ဥသျှောင်ကျင်ကို ငါတို့လှည်းပေါ်ပစ်သွင်းသွားသော အမတ် သည်ငါတို့ဆီရောက်လာပြီး....

www.dhammaransi.com



"လှည်းပေါ်ကဆင်းကြ၊ ရှာစရာရှိသည်" ဟု မောက် မောက်မာမာ ဆိုလှာပြီး လှည်းပေါ်က အဆင်းခိုင်း၏။ ငါတို့သည်လည်း ဆင်းပေးလိုက်ကြရ၏။

ထိုအမတ်သည် လှည်းပေါ်၌ ရှာဟန်ပြုပြီးမှ မိမိပစ်ထားခဲ့သော ဥသျှောင်ကျင်ကို ယူလိုက်ပြီး....

"ဟောတွေ့ပြီ" ဟု ဟစ်ကြွေးလိုက်ပြီးနောက် ငါ့ကို သူခိုးဟူ၍ ဖမ်းဆီးပါလေတော့သည်။

ရိုက်နှက်ပြီး သက်ပြန်ကြိုးတုပ်လျက် ဗြဟ္မဒတ်မင်းအား....

"ခိုးသူပါဘုရား"ဟူ၍ ဆက်သလေ၏။

ထိုအခါ....

"သည်အကောင်ကို ခေါင်းဖြတ်၍ သတ်လော့" ဟု ငါ့ကို သေဒဏ်ချမှတ်စေ၏။

ရဟန်းတို့။ မင်းချင်း ယောကျ်ား အာဏာသား တို့သည်၊ မင်းမိန့်အတိုင်း လူအများ စည်ကားလှသော လမ်းဆုံလမ်းမ လမ်းလေးခွဆုံရာ အရပ်တွင် ငါ့ကို....

"ခိုးအုံးကွ-ခိုးချင်အုံးကွ" ဟူ၍ တဗုံးဗုံး ရိုက်ကုန်၏။ ငါ့ကိုသတ်ရန် မြို့တော်၏ တောင်မျက်နှာ တံခါးမှ သုသာန်သို့ ထုတ်ကြကုန်၏။

ထိုအခါ ငါ၏ ဇနီး သုဇာတာခမျာ နှလုံးသည်းပွတ်ကြေမတတ် ပူရှာသတည်း။ လှည်းကို ပစ်ထားခဲ့ပြီး ရှဲရှဲစိုနေသော မျက်ရည်ပေါက်ဖြင့် ငါ့နောက် ပြေးလိုက်လာ၏။ သုသာန်သို့ ရောက်သောအခါ အာဏာသားတို့သည် ငါ့ကို ပက်လက်အိပ်

www.dhammaransi.com



စေပြီး။ ခေါင်းကိုဖြတ်ရန် ငါ၏ လည်ပင်းကို စဉ်းတီတုံးပေါ် တင်လိုက်ကြ၏။

သုဇာတာသည် မရှုရက်သဖြင့် ငါ့ထံ အတင်းပြေးဝင်လာ၏။ သို့သော် မင်းချင်းယောကျ်ားများက သုဇာတာ၏ လက်ရုံးကို ကိုင်၍ ဆွဲခေါ်ပစ်လိုက်ကုန်၏။ ထိုအခါသူ၏ ကိုးကွယ်ရာကား နတ်ဒေဝါတို့သာ ရှိကုန်၏။ ထို့ကြောင့် သုဇာတာသည် သူတော်ကောင်း နတ်တို့အား ငို၍ တိုင်တမ်း လေတော့သည်။

"နသန္တိဒေဝါ ပဝသန္တိနူန၊
နဟိနူ နသန္တိဣဓ လောကပါလာ၊
သဟသာ ကရောန္တာနံ မသညတာနံ၊
နဟိနူနသန္တိ ပဋိသေဓိတာရော"

ဣမသ္မိံ လောကေ-လူ့ပြည်ဌာန၊ ဤလောကကြီးအတွင်း၌။ သီလဝန္တာနံ-သီလနှင့် ပြည့်စုံသူတို့အား၊ ဩလောကနကာ-ကြည့်ရှု စောင်မတတ်ကုန်သော။ ဒေဝါစ- သိကြား- ဗြဟ္မာ၊ နတ်ဒေဝါတို့သည်လည်းကောင်း၊ ပါပါနံ-သူယုတ်မာတို့အား။ နိသေဓကာ-ဟန့်တားတတ်ကုန်သော။ ဒေဝါစ-သိကြားဗြဟ္မာ နတ်ဒေဝါတို့သည် လည်းကောင်း၊ နသန္တိနုံ မရှိကုန်တော့ပြီလော့။ ဝေရုပေသု-ဤသို့ သဘော ရှိကုန်သော။ ကိစ္စေသု-သူ့မယားကို လိုချင်၍၊ သူ့လင်ကို သူခိုးရိုး စွပ်လျက် သတ်ဖြတ် ခြင်း ကိစ္စတို့သည်။ ဥပန္နေသု-ဖြစ်ပွားလာကုန် သည် ရှိသော်။ ဒေဝါ-သိကြား ဗြဟ္မာ၊ နတ် ဒေဝါ

www.dhammaransi.com



အ ပေါင်း တို့ သည်၊ ပဝသန္တိ နိုနန–မ မြင် ဟုန် ဆောင်၊ လွှဲ သွေ့ရှောင်လျက် နေကြကုန်ယောင်တကား။ ဝ္မဓ = ဝ္မမည်သို့ဝ လောကေ–ပျက်မှောက်မြင်ရှ။ ဤလောကအတွင်း၌ လောက ပါလာသမာ သမာသ် ဖြစ်အောင်၊ လောကကို စောင့်ရှောက် တတ်သည်ဟု သမုတ်အပ် ကုန်သော။ သမဏ ဗြဟ္မဏာပိ– ရဟန်းပုဏ္ဏား တို့သည်လည်း။ နပဟိသန္တိ နိုနန–မရှိကုန်တော့ လေ ယောင်တကား။ သဟာသာ–အဆောတလျှင်။ ဝါ-စစ်ဆေးမေး မြန်းခြင်းမရှိ။ ရုတ်တရက် ချက်ချင်း။ ကရောန္တာန်–လည်ကို ဖြတ်၍သတ်မည်တကဲကဲဖြစ်နေကုန်သော။ အသည်တာနံ–ကိုယ် နှုတ်စောင့်သုံးခြင်းမရှိ။ စာရိတ္တံ ပျက်စီးနေကုန်သော လူယုတ် မာတို့အားပင်္ဂသေဓိထာရော-ဤသည့်အမှု သင်မပြုနှင့် ကရုဏာ ရှေ့ထား၍ တားမြစ်တတ်ကုန်သောသူတို့သည်။ နပဟိသန္တိ နိုနန– မရှိကုန်တော့ယောင်တကား....။

ရဟန်းတို့။ အကျင့်သီလနှင့် ပြည့်စုံသူ သုဇာတာ၏ ငိုယို တိုင်တမ်း ချက် ကြောင့် သိကြားမင်း စံရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းသွားသတည်း။

ထိုအခါ သိကြားမင်းသည် "အကြောင်းအသို့နည်း" ဟု ဆင်ခြင်လတ်တော်–ဗြဟ္မဒတ် မင်းယုတ်ကို ဆင်ကျောက်ကုန်း ထက်မှ ကန်ချလိုက်ပြီးနောက် သူသတ် ကုန်းတွင် စဥ်းတီတုံး ပေါ်၌လည်စဥ်း၍ ပက်လက်အိပ်နေသော ငါ့ကိုပွေ့ချီလျက် ငါ၏နေရာတွင် ဗြဟ္မဒတ်မင်းအားငါ၏ကိုယ်စား အိပ်စေသည်။ ငါ့ကိုမူကားမင်းမြောက်တန်ဆာ ငါးပါးဆင်မြန်းပေးပြီး ဆင် ကျောက်ကုန်းပေါ် တင်လိုက်၏။

www.dhammaransi.com



ရဟန်းတို့။ မင်းချင်းယောကျ်ားအာဏာသားတို့သည် ငါ ဟူသောအမှတ်ဖြင့် ဦးခေါင်းကို ဖြတ်ကုန်၏။ ဦးခေါင်းပြတ် သွားပြီးမှ "ဟင်"ဟုဗြဟ္မဒတ်မင်း ဖြစ်နေမှန်း သိကုန်လေ၏။

ထိုအခါ သိကြားမင်းသည် ကိုယ်ရောင်ပြလျက် ငါ့အား မင်း အဖြစ် ဘိသိတ် နှင်း၍ သုဇာတာအား အဂ္ဂမဟေသီ မိဖုရားပြုစေ၏။ မှူးမတ် တို့သည် လည်းကောင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ် တို့သည် လည်းကောင်း၊ သိကြားမင်းကိုမြင် လေသော် —

"မင်းယုတ်မာကား ခန္ဓာပျက်ကြွေသေရှာလေပြီ။ သိကြား နှင်းအပ်သော မင်းကောင်း မင်းမြတ်ကို ငါတို့ ရအပ်ပေပြီ" ဟု နှစ်ထောင်းအားရ ဝမ်းပန်းတသာ ဖြစ်ကုန်သတည်း။

ရဟန်းတို့။ ထိုစဉ်အခါ ဗြဟ္မဒတ်မင်းသည် ယခု အခါ ဒေဝဒတ်။

ထိုစဉ်အခါ သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ။

ထိုအခါသုဇာတာကား–ယခုအခါ ရာဟုလာ မာတာ။

ထိုအခါ၌ သက္ကဒတ္တိယ ရာဇာကား–ယခုအခါ ငါဘုရား ပင်တည်း။

"ဒေဝဒတ်သည်ယခုအခါ၌သာ ငါ့ကို သေကြောင်း ကြံ စည်သည်မဟုတ်။ ရှေးအခါကလည်း ဤသို့ပင်သေကြောင်းကြံ စည်ခဲ့ဘူးပေသည်" ဟုရဟန်းတို့အား မြွက်ကြားတော်မူ၏။

ထိုအချိန်တွင်ဒေဝဒတ်နှင့် အဇာတသတ်တို့ကား လုပ်ကြံမှု မအောင်မြင်ပြန်သည့်အတွက် ရှေ့သို့တဆင့်တက်ရန်ခေါင်းချင်း ဆိုင်တိုင်ပင်နေကြ ပြန်လေ၏။

www.dhammaransi.com



"အရှင်ဘုရား။ သည်အကြံကို လက်လျှော့လျှင် ကောင်းမည်ထင်ပါသည်။ ရှင်ကြီးဂေါတမမှာ ဘုန်းရှိသူအမှန်ဟုတပည့်တော်ယူဆသည်။ အဘယ်ကြောင့်ဆိုသော် ပထမတကြိမ် မြှားနှင့်ခွင်းခဲ့စဉ်ကလည်း ပစ်လိုက်သော မြှားတွေပန်းဆိုင်းဖြစ်ကုန်သည်မှာ သေခြာကြောင်းကို လေးသမားအားလုံး သူ့တပည့်ဖြစ်ကုန်ခြင်းကို ထောက်သောအားဖြင့် ထင်ရှားပေသည်။

ယခု ဂိဇ္ဈကုဋ်တောင်စောင်းက ကျောက်မောင်းနှင့်ဆင်၍သတ်ရာမှာလည်း အရှင်ဘုရားနှင့် တပည့်တော် ကိုယ်တွေ့ပင်ဖြစ်တော့သည်။ လိမ့်ချလိုက်သော ကျောက်တုံးကြီးဒဏ်ကို ရှစ်ခေါဘိဏီ တပ်ကြီးပင်မခံနိုင်။ တပ်လုံးပြုတ် မှုံမှုံညက်ညက်ကြေသွားနိုင်ပေသည်။ သို့ပါလျက်လည်း ထိုကျောက်တုံးကြီးသည် ရဟန်းဂေါတမထံသို့မရောက်။ နောက်သို့ တပ်ခေါက်၍ဆုတ်ရသော အခြေအနေကို အရှင်ဘုရားကိုယ်တွေ့ တပည့်တော်မျက်မြင် ဖြစ်လေရာ။ ရှင်ကြီးဂေါတမမှာ တန်ခိုးရှိပေသောကြောင့်သာ ဟု ယူဆသည်။ အရှင်ဘုရားသည် အရဟတ္တဇော့ခေါ်သော ဘုရားရဟန္တာတို့၏ အောင်လံတခွန်ကို တလူလူလွှင့်ထူနေသူဖြစ်၍ တရားသောအမှု မတရားသောအမှုကိုရှုဆင်ခြင်တော် မူသင့်ပါပြီ။

တပည့်တော်လည်း မျက်ဝါးထင်ထင် မြင်တွေ့ရချက်များကို အခြေခံလျက် သံဝေဂ ပွားမိလာပါသည်။ "တိုင်းပြည်ကိုအုပ်ချုပ်နေသူ မင်းဖြစ်လျက် ကိုယ်ကျင့်တရားပျက်ခဲ့သော် တိုင်း

www.dhammaransi.com



ပြည်အပေါ်တွင် မည်သို့စိမ်အုပ်ချုပ်မည်နည်း။ အမှန်အားဖြင့် စေစားရာကို နာခံနေကြရသည်မှာ တပည့်တော်၏ ဘုန်းသမ္ဘာနှင့် အာဏာကို ရိုသေခန့်ညားရှိ၍မဟုတ်လေဘဲ။ ဓားကိုကြောက်ကြသဖြင့်သာ ခေါင်းငုံ့၍ ခံနေကြရခြင်း ဖြစ်မည်ဟု တပည့်တော်ထင်ပါသည်။

ရဟန်း ဂေါတမအား ရှေ့ဆက်၍ လုပ်ကြံလေဦးမည်ဆိုက တပည့်တော်အနေဖြင့် စဉ်းစားရပါလိမ့်မည်ဘုရား"

ဤစကားများကား အဇာတသတ်မင်း၏ နှလုံးသားမှ ထွက်လာသော သဘောရင်း လျှောက်ထားချက်ဖြစ်၏။ ဒေဝဒတ်မှာ အဇာတသတ်၏ စကားကို နားထောင်ရင်းမှ မျက်ထောင့်ကြီးများ နီနီလာသည်။ လက်သီးကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ တောက်ခေါက်လိုက်သည့်အခါ ငယ်ကြောက်ဖြစ်သော အဇာတသတ်မှာ လန့်သွားလေသည်။ ဒေဝဒတ်က အဇာတသတ်၏ အမူအရာကို အကဲခတ်ပြီး ခပ်ငေါက်ငေါက် မေးလိုက်၏။

"အသင်မင်းသား။ ရဟန်းဂေါတမနှင့်ငါ မည်သူ့ကို အထင်ကြီးသနည်း။ ရဟန်းဂေါတမကို အထင်ကြီးသလော။ ငါ့ကို အထင်ကြီးသလော။ ငါ့မှာ တန်ခိုးမြေကြီးတွေရှိသည်ကို သင် မေ့ပြီလော"ဟု ငယ်နိုင်ကိုကိုင်၍မြွေနှင့်ချောက်လေသောအခါ။ အဇာတသတ်မှာ မြွေများကို မြင်ယောင်လျက် မျက်လုံးပြူးလာသည်။

www.dhammaransi.com



ဇာ။ ။ရဟန်းဂေါတမကို အထင်ကြီး၍ တပည့်တော် လျှောက်ထားခြင်းမဟုတ်ပါ။

ဒေ။ ။သို့ဖြစ်ဘိသော်။ တော်-တန်-တိတ်။ ယောကျ်ား မပီသသော စကားကို ငါမကြားလို ငါ၏လက်ငင်း အလုပ်ကား ရဟန်းဂေါတမအား မသေမချင်းသတ် ရမည့်အလုပ်ပင် ဖြစ်သည်။ ငါ့အလုပ်မှာ သင်ပါ မှ၊ သင်ကူညီမှ ဖြစ်အံ့ထင်သလော။ ငါသည် သင့် အား ပါရမီဘက်ဖြစ်စေလို၍ လက်တွဲခေါ်ခြင်းသာ ဖြစ်၏။ သင်မလိုက်လိုက နေနိုင်၏။ ငါ့အလုပ်ကို အနှောင့်အယှက်ပေးဘိမူကား သင်အား ချက်ချင်း က ကြီး ထိုက်လေအံ့။

ဇာ။ ။တပည့်တော်၏ အသက်ကို အရှင်ဘုရားအားပုံ၍ အပ်နှင်းခဲ့ပြီး ဖြစ်ပါသည်။ အရှင်ဘုရားအား သာ မန်ကြည်ညိုရုံမျှဖြင့် ခမည်းတော် အရင်းခေါက် ခေါက်ကို လုပ်ကြံပံ့မည်မဟုတ်ပါ။ တပည့်တော် ကား အရှင်ဘုရားညွှန်ရာ နေရမည့်သူပါဘုရား။

ဒေ။ ။ကောင်းပြီ။ ယောကျ်ားတို့ လုံ့လကို သေခါမှ လျှော့ရမည်။ ငါလုပ်သော အလုပ်ကို မည်သည့် အခါမျှ နောက်ဆုတ်မည်မဟုတ်။ ရဟန်းဂေါတမ အား လူနှင့်သတ်၍မရလျှင် တိရစ္ဆာန်နှင့်သတ်အံ့။ ကြမ်းကြမ်းရမ်းရမ်း ဆင်ကြီးတကောင်ကို ငါ့ အားပေးလော့။

www.dhammaransi.com



ဇာ။ ။မှန်လှပါ။ အရှင်ဘုရား ကြိုက်ရာဆင်ကို ရပါစေမည်ဘုရား။

ဒေ။ ။ဟဲ….ဟဲ …ကောင်းဘိစွ။ ကောင်းဘိစွ။ သည်ဟာကို အသာထား။ သင့်ခမည်းတော်အခြေအနေကကော။

ဗိမ္ဗိသာရမင်းကြီး သေပြီ–ဆိုသော သတင်းစကား ကြားလို၍ မေးလိုက်ခြင်း ဖြစ်လေသည်။ သို့သော် ဗိမ္ဗိသာရမင်းကြီးကားအသက်ပြင်းလှ၏၊ မသေနိုင်ဘဲ မျှဉ်းခံနေ၏။ မျှဉ်း၍ခံနိုင်ခြင်းမှာလည်းဝေဒေဟီ မိဖုရားကြီးကြောင့်သာဖြစ်၏။ဝေဒေဟီပေးသော အသက်ဖြင့် အသက်ရှည်နေခြင်း ဖြစ်၏။

ဝေဒေဟီ မိဖုရားကြီးကား သားတော်က "အာဟာရများမသွင်းစေရ" ဟု တားမြစ်ထားသည့်ကြားမှပင် ကပ်သီးကပ်သတ် ကြံဖန်၍ ယူဆောင်ခဲ့ပြီး မင်းကြီးအားကျွေး၏။ ယနေ့လည်း မိဖုရာကြီးသည် မင်းကြီးစံမြန်းတော်မှရာ ထောင်သွင်းသို့ ရောက်ရှိလာပြန်ပြီဖြစ်ရာ အစောင့်မင်းချင်း ယောကျ်ားတို့လည်း အဇာတသတ်မင်း၏ အမိန့်တော်အတိုင်း မိဖုရားကြီး၏ကိုယ်၌ အစာအာဟာရများ ပါမပါကို ရှာဖွေ ကြရကုန်လေ၏။

"ငါ့ကို ငါ့သားတော်၏အမိန့်အတိုင်း မောင်တို့ကျေနပ်အောင် ရှာဖွေပြီးကြပြီမဟုတ်လော။ ငါ့အား ထောင်တွင်းသို့ ဝင်ခွင့်ပြုကြလော့"

www.dhammaransi.com



ထောင်ရှေ့တွင် ဝေဒေဟီမိဖုရားကြီးနှင့် အစောင့်စစ်သား များ၏ အခြေအနေကား နေ့စဉ် ဤသို့ နှင်နှင် ပင် တည်း။ ကြေနပ်အောင် ရှာပြီးမှသာ ဝင်ခွင့်ပြုကြ၏။

အစောင့်စစ်သားများ၏ ခွင့်ပြုချက်အရ မိဖုရားကြီးထောင် သွင်းသို့ ဝင်သွားလေသောအခါ ဗိမ္ဗိသာရမင်းကြီးကား စင်္ကြံ လျှောက်ရင်း တရားထုံးကို နှလုံးသွင်းလျက် ရှိနေတော်မူရာ က မိဖုရားကြီး ဝင်လာသည်ကို မြင်တော်မူလျှင် ဟင်းကနဲ သက်ပြင်းချမိလေ၏။

"အို....အဘယ် ဝေဒေဟီ၊ အသင့်မှာလည်း ငါ့ကို
အကြောင်းပြု၍ ဒုက္ခနှယ်ကြီးဘိစွ"

ဟု ငြီးတွားတော်မူရင်း– အင်ပျဉ်စွန်းတွင် ထိုင်တော်မူစဉ်။ ဝေဒေဟီသည် မင်းကြီးကို ကြည့်ကာ စကားတလုံးမျှ မထွက် နိုင်ဘဲ မျက်လုံးအစုံတို့မှ မျက်ရေများသာ တရွှဲရွှဲ ဆင်းလာ ကုန်၏။

ဝေဒေဟီသည် မျက်ရေများရွဲနေသော မျက်လုံးဖြင့် လူသူ လေးပါး ရှိမရှိ။ ပတ်ဝန်းကျင်ကို သုံးသပ်လိုက်ပြီးမှ အလှအပ ဖီးလိမ်းဆင်သထားသော မိမိ၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ယုယစွာ ကိုင်တွယ်လိုက်လေသည်။

ဗိမ္ဗိသာရမင်းကြီးလည်း ဝေဒေဟီ၏ အမူအရာကို ပါးစပ် တပြင်ပြင်နှင့် ကြည့်နေစဉ် ဆံပင်များဖြင့် သပ်ယပ်စွာ ဖုံး၍ ဆံထုံးအကြားတွင် လျှို့ဝှက်စွာ ယူဆောင်လာခဲ့သော စတု မဓူဖြင့် ပြုလုပ်ထားသည့် မုန့်လုံးကို ခိုးကြောင်ခိုးဝှက် သုံး

www.dhammaransi.com



ဆောင်ရငြားသော်လည်း ကပ်သီးကပ်သပ် ယူဆောင်လာခဲ့ရသော မိဖုရားကြီး၏ ဒုက္ခကို မရှုရက်သဖြင့် မျိုး၍ မကျနိုင်ဘဲ တစ်ဆို့ဆို့ကြီး ဖြစ်နေ၏။

"အဘယ် ဝေဒေဟီ။ အသင်၏ စေတနာကိုကား ငါသေးစား၏။ သို့သော် ငါ့ကြောင့် ဤရွေ့ ဤမျှ ဒုက္ခမခံလေနှင့်၊ ငါ့ဝဋ်ကျွေးရှိသမျှကို ငါကြံ့ကြံ့ခံသွားအံ့။ ငါ့သားတော်ကား မြွေဆိပ် တက်သကဲ့သို့ ဒေဝဒတ် အဆိပ်တက်နေချေ၏။ ထိုအချိန်တွင် အမိဖြစ်တိုလျှက်လည်း၊ သားထံမှ အန္တရာယ် မလာဟု မဆိုသာ။ ငါဆိုမည် ဝေဒေဟီ၊ သင် ငါ့ထံ မလာလျှင် အန္တရာယ်ကင်းလိမ့်မည်"

ဟု မိန့်မြွက်လေသောအခါ မိဖုရားကြီးမှာ မျက်ရေစက်လက်နှင့် မင်းကြီး၏ ခြေကို ဖက်လိုက်လျက် -

"သားတော်ကသတ်လျှင် နှမတော်ရှဲ ဆယ်ပြန်သော အသက်မီးဆက်၍ ခံပါအံ့။ အေးအတူ ပူအမျှ မောင်ဘုရားအပါးသို့ အခစား မလာဘဲ မနေနိုင်ပါဘုရား"

ဟု ငို၍ ပန်ကြားလေ၏။ မင်းကြီးသည် ဝေဒေဟီအား....

"မယားကောင်းပီသရှာပါပေတယ်"

ဟု ဝမ်းတွင်းက ချီးကျူးလျက် နေ့စဉ် ခိုးကြောင် ခိုးဝှက် သယ်ဆောင်လာခဲ့ရသော ဝေဒဟီ၏ ဒုက္ခကို မရှုနိုင် သည့်အလျှောက်၊ မဆိုရက်ရက်နှင့် ငါဆိုမြွက်လေမှ သင့်ဒုက္ခအေးမည်ဟု မိဖုရားကြီးယူလာသော မုန့်လုံးကြီးကို မျက်စိရှေ့တွင်

www.dhammaransi.com



တေ့တေ့ဆိုင်ဆိုင် သေသေချာချာ ရှုစားလျက်မှ ကွဲအက်ဆို့နှင့် သောအသံတော်ဖြင့်....

"အဘယ် ဝေဒေဟီ။ ငါ့အသက်သည် သင်ယူဆောင်လာခဲ့သော ဤမုန့်လုံးကြောင့် ငါအသက်ရှင်နေရသဖြင့် သင့်အား ငါ ကျေးဇူး တင် ထိုက် ပေသည်။ သို့သော် ဤသို့ လျှို့ဝှက်စွာ ကြံဖန်၍ ကျွေးမွေးမှုကြောင့် သင့်အား ငါကျေးဇူးမတင်ရုံမှက ငါ့အား ဆင်းရဲ သက်ရှည်အောင် ပြုမူနေခြင်းဟု ငါယူဆ၏။ ငါ့ဘဝကား–မြန်မြန်သေလျှင် မြန်မြန် ဝဋ်ကျွတ်မည် မဟုတ်ပါလော။ သင်သည် ဘောက်မှဲ့ကြောင့် ငါ့အား ဆင်းရဲဝဋ်ရှည်လျားအောင် ဆွဲထားတုဘိသို့နည်း"

ဤစကားအဆုံးတွင် မိဖုရားကြီးသည် မင်းကြီး၏ ခြေသလုံးတော်ကို ဖက်ကာ ချုံးမဲချ၍ ငိုရှာလျက်မှ မျက်ရေစက်လက်နှင့်....

"ဤသို့ တင်စားတော်မမူပါနှင့်ပါဘုရား၊ လူအဖြစ်ကို အလွန်ရခဲကြောင်း မြတ်ဘုရား ဟောကြားတော်မူပါသည်၊ မောင်တော်။ ထိုမှတပါး– လူဖြစ်ကိုရသော်လည်း သက်တော်ထင်ရှား ဘုရားသခင်ကို မျက်ဝါးထင်ထင်၊ ဖူးမြင်ရခဲကြောင်း။ ဘုရားတရားတော်ကို အလွန် ကြားနာရခဲကြောင်း မြွက်ကြားတော် မူပါသည်။

www.dhammaransi.com



ဘုရားနှင့် တရားနှင့် အသက်ရှင်ရခြင်းသည် တနေ့
တရက်ပင် ဖြစ်စေကာမူလည်း တန်ဖိုးမဖြတ်နိုင်အောင်
အကျိုးကြီးမြတ်လှပါကြောင်း။ မောင်ဘုရားမှာ ဘုရား
သက်ရှည်ပါစေ။ တရားသက်ရှည်ပါစေဟူသော စေ
တနာ အရင်းခံလျက်၊ ကြီးမားလှစွာသော မေတ္တာ
ဗြဟ္မစိုရ် ကရုဏာ ထီးရိပ်ကို ခိုလျက် ဤအာဟာရများ
ကို နှုမတော် ဆက်သခြင်း ဖြင့်ပါကြောင်း"

အချိန်သည် မည်မျှ ကြာညောင်း သွား လေ သည် မသိ။
အစောင့်စစ်သားများ ထောင်တွင်းသို့ ဝင်လာပြီး....

''ပြန်ကြွရန် အချိန်တန်ပါပြီဘုရား''

ဟူ၍ လျှောက်ထားလာသည်တွင်မှ ဝေဒေဟီသည် မင်းကြီး
ခြေဖမိုးတော်ကို သူ၏ နဖူးဖြင့် ပွတ်ကာ သတ်ကာ ကန်တော့
ရှာခဲ့ပြီးမှ ရွှေဘုံပျံတွင် တူပျော်စံခဲ့သော မင်းကြီးကို ထောင်
ထဲတွင် ထားခဲ့ကာ ထောင်ကွင်းမှ ဖြေးညှင်းစွာ ထွက်ခွာခဲ့ရ
ပြန်ရှာပြီတည်း။

www.dhammaransi.com

# ၉

ဒေဝဒတ်၏ညာဉ်၊ ဒေဝဒတ်၏ ဝသီ၊ ဒေဝဒတ်၏ဦးနှောက်သည် တောက်လျှောက်တဖြောင့်တည်း အကောင်းဘက်သို့ချည်း သာဦးတည်သွားမည်ဆိုက အလွန်အဘိုးတန်ချိမ့်မည်။ သူသည် လုပ်မိလျှင်နောက်ဆုတ်လေ့ မရှိသည့် အလျှောက် အားထုတ် အားထုတ်ခဲ့ခြင်းအားဖြင့် အလွန်ရအပ်ခဲလှစွာသော လောကီ အဘိညာဏ် စျာန်ကိုပင်ရခဲ့သည် မဟုတ်ပါလော။

သို့သော် လောဘထူပြော ရမ္မက်ဇော လောက စျာန်တွေ လျှောကုန်ခဲ့ရ၏။ ဤသည်ကို ဒေဝဒတ်သိသည်မဟုတ်။ အသိ ခေါက်ခက်နှင့်ပင် အဝင်နက်ချေ၏၊ လွဲမှား ဖောက်ပြန်သော ဝသီဆိုးဖြင့်ဘုရားနှင့် မတုဖက်သင့်ဘဲလျက် တုဖက်မှားချေ၏။ ယခုအခြေတွင် ဒေဝဒတ်အဘို့မှာ မှားစရှိလျှင် မှားချင်ချင် ကဲသို့ဖြစ်နေသည်။

www.dhammaransi.com



"ရွှေ့တိုးလျှင် ထမ်းပိုး၊နောက်ဆုတ်လှည်းထုပ်"ဆိုသကဲ့သို့ ရွှေ့တိုးနောက်ဆုတ်လုပ်ရန် မလွယ်သောအခြေအနေသို့ရောက်ရှိနေသည်။

ဘုရားသခင်ကို သူလုပ်ကြံခဲ့သည်မှာ နှစ်ကြိမ်တိုင် လေပြီ။ မအောင်မြင်ခဲ့။မအောင်မြင်ခြင်းမှာ ဘုရားသခင်၏ ဘုန်းတော်ကြောင့် ဆိုသည်ကိုလည်း သူသိသည်၊နားလည်သည်။ သို့သော် သူ့စိတ်က သူ့ကိုလှည့်စား ချက်ကြောင့် သူဝန်မခံ။ "ငါကြံလျှင် သင်းခံနိုင်ရိုးလား" ဟူသော မာန်မာကို သူ ယခုအထိ မချသေး။

"ဘုရားကိုသတ်နိုင်လျှင် ဘုရားဖြစ်လိမ့်မည်" ဘုရားဖြစ်ရမည်ဟူသောဦးတည်ချက်ဖြင့် မိုက်တွင်းနက်သည်ထက် နက်သော "ဗုဒ္ဓလုပ်ကြံရေး ဝါဒ" ကို လက်ဆုပ် လက်ကိုင် ပြုထားလသည်။

ဒေ။ ။ဆိုစမ်းဦး အသင်မင်းသား။ မြို့ထဲမှာ ဘုရားသစ်တဆူ နောက်ထပ်ပွင့်တော်မူလိမ့်မည်ဟူ၍ ဗုဒ္ဓ ကောလဟာလသံများ မကြားမိဘူးလား။

ဇာ။ ။ကျွန်ုပ်သို့ကား မကြားမိပါ။ မည်သည့် နေ့ရက်တွင် ရှင်ကြီးဂေါတမ၏ အသက်ကို ဒေဝဒတ်ကခြွေပစ်လေမည်မသိ။ ရှင်ကြီး ဒေဝဒတ် ဇွဲသတ္တိ ကားရှာမှရှား၊ အာက ယောကျ်ား ဟူသော ချီးကျူးစကားများကိုတော့ကြားနေရပါသည် ဘုရား။

www.dhammaransi.com



ဒေ။ ။အသင်မင်းသား။ ဤစကားကား လေးစားအပ်သောစကား၊တန်ဘိုးရှိရှိမှန်ကန်သောစကားဖြစ်၏။ ငါ့စိတ်ဓာတ်ကို သင်လည်း အသိသားပင်။ ငါ့ရာဇဝင်တွင် မလုပ်ချင်လျှင်သာငါနေမည်။ လုပ်မိလျှင်ကား မည်သည့်အခါမျှ ငါနောက်မဆုတ်။ ငါ့ရာဇဝင်ကိုတန်ဘိုးရှိရှိ ငါ့သွေးနှင့် ငါရေးသွားအံ့။

ဤသည်ကားဒေဝဒတ်နှင့် အဇာတသတ်တို့၏ မရိုးနိုင်သောဆွေးနွေးချက်။ တနည်းအားဖြင့်ဆိုရသော် အဆုံးမသတ်နိုင်သောတိုင်ပင်ခြင်းတည်း။

နေရာကား အဇာအသတ်မင်း၏ နန်းတွင်းမှာဖြစ်၏။ ဒေဝဒတ်သည် အဇာတသတ်ထံ ပူပူနွေးနွေး ရှေ့ရေးအတွက်ဆွေးနွေးလာပြန်သည်။ စိန်ကြောင်နီလာ ရတနာရောင်တို့သည် တောက်ပြောင်ဝင်းလျှပ် တဖျပ်ဖျပ် မျက်တောင်ခတ်ခြင်းဖြင့် ဒေဝဒတ်ကို ပြက်ရယ်ပြုနေကြသည်။

ဒေ။ ။အသင်မင်းသား။ ငါတခု စဉ်းစားမိလာသည်။ ဤအကြံသင့်အံ့ဟု ငါထင်၏။

ဇာ။ ။အမိန့်ရှိပါဘုရား”

ဒေ။ ။ဤသည်ကား အခြားမဟုတ် တိုင်းသူပြည်သားတို့အားရဟန်းဂေါတမနှင့် သူ၏အသိုင်းအဝိုင်းရဟန်းများအား ဆွမ်းမလောင်းရဟု အမိန့်ထုတ်ရသော်” စကားမဆုံးမီ

www.dhammaransi.com


၉၁။ ၊တပည့်တော် လျှောက်တင်ပါရစေပါဘုရား။ ဤသို့ အမိန့်ထုတ်၍ ဟန့်တားရန်မသင့်ပါ။ ပြည်သူတို့သဒ္ဓါကြည်ညိုရာကို လွတ်လပ်စွာ လှူဒါန်းကြပါစေ။ ကိုးကွယ်ကြပါစေ။ ဤသို့ ဟန့်တားခြင်းအားဖြင့် အရာရောက်မည်လည်း မဟုတ်ပါ။မည်သို့ပင် အမိန့်ဖြင့်ဟန့်တားစေကာမူလည်း။ အသက်သေသော်မှသေစေ၊ မလှူဘဲ နေကြမည် မဟုတ်ပါ။ မျက်မြင်သာဓက တပည့်တော်ကို ကြည့်ပါဘုရား။ တဦးတည်းသော မယ်တော်ဘုရားကိုပင် ဟန့်တား၍ မရနိုင်သည့်အတွက် ခမည်းတော်မှာသည့်လောက်ကြာအောင် အသက်ရှည်နေခြင်း ဖြစ်ပါသည်။

နိုင်ငံချီ၍ ဆိုလျှင်ကား ဆိုဘွယ်ရာပင် မရှိတော့ပါဘုရား။ တကြောင်းအားဖြင့်ဆိုလျှင်လည်း ဤသို့ လှူရေးကိစ္စကို အမိန့်ဖြင့် ထုတ်ပြန် တားမြစ်လိုက်သည့်အတွက် ကိုယ့်လူသူ့ဘက်သား ဖြစ်ကုန်မှာကိုလည်း စိုးရိမ်ရပါသည်။ တပည့်တော်မှာမင်းပြု၍ တိုင်းပြည်ကို အုပ်ချုပ်နေရသူဖြစ်ပြီး၊ အရှင်ဘုရားမှာလည်း မဝေးလှန်းတော့သော အချိန်တွင် ဘုရားဖြစ်လာတော့မည်ဖြစ်ရာ၊ ထိုအခါ ဤဒကာဒကာမ ဤရဟန်းတို့၏ အပူဇော်ကိုပင် ခံရမည် ဖြစ်ပါသည်။ ဤသူတို့နှင့် ဤရဟန်းတို့အား စိတ်ငြိုငြင်မှု မဖြစ်စေသင့်ပါ။ ဆင်ခြင်စဉ်းစားတော်မူပါဘုရား။

www.dhammaransi.com



ဟု အဇာတသတ်မင်းက ကြားဖြတ်၍ ဝင်ရောက် လျှောက်ထားလေသောအခါ ဒေဝဒတ်မှာ အဇာတသတ်၏ လျှောက်ချက်ကို အလေးအနက်ပြု၍ စဉ်းစားနေလေသည်။ အတန်ကြာမှ

ဒေ။ ။အိမ်း အသင်မင်းသား၏ လျှောက်ချက်ကား မှန်ပေစွ။ ဤသို့ပြုခြင်းအားဖြင့် ငါတို့အပေါ် သဒ္ဒါတရား ပျက်ပြားကုန်ရုံသာရှိမည်။ သင်၏လျှောက်စကားသည် လျှော်ကန်သင့်မြတ်လှပေ၏။ ငါကား ရဟန်း ဂေါတမအပေါ် စိတ်နာကျည်းစရာတွေ ထပ်ကာထပ်ကာ ပေါ်ပေါက်လာသောကြောင့်သာ အလျှင်စလို ဤစကားကို ငါဆိုမိချေ၏။ အသင်မင်းသား ကြားပြီးပြီလော။ ယမန်ညက ရဟန်းတို့အား တရားဟောရာ၌လည်း ငါ့အကြောင်း ရစရာမရှိအောင် သံဃာ့အလယ်ခေါင်တွင် ငါ့အရှက်ကွဲရအောင် ရဟန်းဂေါတမက ဟောနေပြန်ပြီကော။ မဏိမဇာရဇာတ် ဆိုလား။ အဲဒီဇာတ်မှာလဲ ငါက ပြဟ္မဒတ်မင်းယုတ်တဲ့။ သူ့မယားကိုလိုချင်၍ သူ့လင်ကို အကြောင်းရှာပြီးသတ်တဲ့ လူသတ်ကောင် မင်းယုတ်မာကြီးတဲ့ ငါ့ကို ရဟန်းဂေါတမက ဆိုပြန်ချေ၏။

လူတွေ ရဟန်းတွေဆိုတာကလည်း ခက်ဘိခြင်ဒကာတော်။ ရဟန်းဂေါတမ၏ နှုတ်က မှုတ်ထုတ်

www.dhammaransi.com



လိုက်လျှင် အဟုတ်ကြီးဟူ၍သာ စွဲစွဲမြဲမြဲ ယုံမှတ်ကုန်လေ၏။ ရဟန်းဂေါတမ မြန်မြန်သေလေမှအေးမည်။ သူတရားဟောတိုင်း ငါ့အကြောင်းမပါလျှင် မပြီး။ ငါ့မှာ သူတရားဟောဘို့အတွက် ဇာတ်ကောင်တကောင်ကဲ့သို့ ဖြစ်နေသည်။

ဤရွှေ့ဤမျှအထိ ငါကိုသိက္ခာကျအောင် နေရာတကာမှာ ချနေသော ဂေါတမအား ဘောက်မဲ့ကြောင့် ငါအရှင်ထားနိုင်မည်နည်း။ သို့ကြောင့်ရကား သင့်အား ငါတောင်းဆိုထားသော ဆင်ရိုင်းကြီးတကောင်ရပြီလော။ ရဟန်းဂေါတမအားလူက မသတ်ရဲလျှင် တိရစ္ဆာန်ကို ငါအသတ်ခိုင်းအံ့ ငါ့အား ဆင်ရိုင်းကြီး တကောင်ကိုသာ အမြန်ရှာပေးလော။

ဇ၁။ ။အဆင်သင့်ရှိကြောင်းပါဘုရား။ တပည့်တော်မှာရှိသော ဆင်များစွာတို့အနက် အလွန်ကြမ်းကြုတ်ပြီး ရက်စက်သော နာဠာဂီရိ ဆင်ရိုင်းကြီး ရှိပါသည်။ ဤဆင်ရိုင်းကြီးကို အရှင်ဘုရားအလိုရှိသလို အသုံးပြုတော်မူပါ ဘုရား။

ဟု လျှောက်ထားပြီးသည့်နောက်။ ညချမ်းအချိန်သို့ ရောက်သောအခါ ဒေဝဒတ်သည် ဆင်တင်းကုတ် ဆင်းထိန်းရှိရာသို့ ရောက်ရှိသွားလေ၏။ ရဟန်းဂေါတမအား သတ်ပုံသတ်နည်းကို ဆင်ထိန်းနှင့် တိုင်ပင်စိုင်းပြင်လေ၏။

www.dhammaransi.com



ဒေ။ ။အချင်းဆင်ထိန်း။ နာဠာဂီရိ ဆင်ကြီးသည်အလွန်ကြမ်းကြုပ်သည်။ ရိုင်းသည်ဟု မင်းကင်္ဂါကို ဆိုပေ၏။ မှန်သလော။

ထိန်း။ ။မှန်ပါသည်ဘုရား။ နာဠာဂီရိသည် အလွန်ရိုင်းစိုင်းပြီး ကြမ်းကြုပ်သော ဆင်ကြီး ဖြစ်ပါသည်။ တပည့်တော်မှတပါးသူ့အနားသို့ ချဉ်းကပ်စံ့သူပင် မရှိပါ။ သူ့အနီးသို့ ကပ်လာသူအား ခွာနှင့်နင်း၍ဖြစ်စေ နှာမောင်းဖြင့် ရိုက်၍ဖြစ်စေ သတ်ပစ်လေ့ရှိကြောင်းပါ။

ဒေ။ ။ကြိုက်ပြီ။ နက်ဖန်နံနက်တွင် နာဠာဂီရိ ဆင်ရိုင်းကြီးကို အရက်များစွာ တိုက်ဘိလော့။

ထိန်း။ ။ရှေးအခါ ဘယ်တုန်းကမျှ အရက်တိုက်လေ့မရှိခဲ့ပါဘုရား။ သို့ပါသောကြောင့် နာဠာဂီရိသည် တိုက်သော်လည်း အရက်ကို သူသောက်ချင်မှ သောက်ပါလိမ့်မည်။

ဒေ။ ။မသောက်ဘဲ နေခဲ့သော် ပါးစပ်ကိုဖြဲ၍ အတင်းတိုက်ဘိလော့။ ရှင်ကြီးဂေါတမသည် ရဟန်းများစွာ ခြံရံလျက် မြို့တွင်းသို့ ဆွမ်းခံရန် လာလိမ့်မည်။ ထိုအခါတွင် နာဠာဂီရိကို အရက်တိုက်၍ လွှတ်ဘိလော့။ နာဠာဂီရိသည် ရဟန်းဂေါတမအား နင်း၍သတ်ပစ်လတ္တံ့။ ဤသည်ကိုဝါ မြင်လို၏။ အောင်မြင်သော အခါတွင်သင်သည်

www.dhammaransi.com



အထွတ်အထိပ်ရောက် ချီးမြှောက်အောင် မင်း
အား ငါတိုက်တွန်းပေးအံ့။

ဤသို့ မျှော်လင့်ချက် ပေး၍ ဒေဝဒတ်က မိန့်မြွက်လေသော် ဆင်ထိန်းလည်း "မှန်လှပါဘုရား"ဟု၍ အာမဘန္တေခံပြီးလျှင်....

"အရှင်ဘုရား ဤအတွက်ကြောင့် စိုးရိမ်နှောင့်၊ ကြောင့်ကြတော်မမူလင်။ မနက်ဖန်နံနက်တွင် ရှင်ဂေါတမ၏ အသက်ဆင်စွယ်ဖျားဝယ် ကားကန်ပါစေအံ့" ဟု ဝမ်းပန်းတသာ လျှောက်ကြလေကုန်၏။

တဖန် မိုးသောက် နှစ်ရက်မြောက်သော နေ့ဖြစ်၍ ဥဒည် တောင်စွန်းမှ ထွက်ပြူလာသော နေဝန်းကြီးနှင့်အတူ အဇာတသတ်မင်းက ထုတ်ပြန်လိုက်သော "အရေးပေါ်အမိန့်" သည် လည်းမောင်းခတ်သံ တဒူဒူနှင့်ထွက်ပြူလာလေ၏။

"အများပြည်သူတို့သိရှိလိုက်နာကြစေရန်ဘုရင်မင်း
မြတ်က ထုတ်ပြန်ကြေငြာတော်မူအပ် သည်ကား....
ယနေ့နံနက် နေထွက်လာသော အချိန်မှစ၍ မွန်း
မတည့်မီကာလအတွင်း လမ်းကြီးလမ်းငယ်အသွယ်သွယ်
တို့၌ မည်သူ တဦးတယောက်မျှ ဖြတ်သန်း သွားလာ
ခြင်းမပြုရ။ မိမိတို့၏အိမ်တွင်း၌သာ နေထိုင်ကြစေ...."

ဤအမိန့်တော် ထွက်လာသည်ကား အခြားကြောင့်မဟုတ်။ ဆွမ်းခံချိန်တွင် နာဠာဂီရိဆင်ကို လွှတ်လိုက်သောအခါ အများပြည်သူကို ဒုက္ခဖြစ်မည် စိုးသောကြောင့် တင်ကြို၍ သတိပေးလိုက်ခြင်းဖြစ်၏။

www.dhammaransi.com



ဤသတင်းကြေငြာချက် ထွက်မလာမီကပင် ''ဒေဝဒတ်က အဇာတသတ်နှင့် ပူးပေါင်း၍ ဗုဒ္ဓအား နာဠာဂီရိ ဆင်နှင့် တိုက်၍ သတ်လိမ့်မည်'' ဟူသော သတင်းကို သိုးသိုးသန့်သန့် ကြားသိထားသူ များက ဗုဒ္ဓထံတော်သို့ အပြေးအလွှားသွား ရောက်ကြပြီး....

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဆရာဒေဝ ဒတ်သည် အဇာတသတ်နှင့် ပူးပေါင်းတိုင်ပင်၍ အရှင် မြတ်ဆွမ်းခံ ကြွတော်မူလာသော အခါ နာဠာဂီရိဆင် ရိုင်းကြီးကို အရက်တိုက်၍ လွှတ်ပါလိမ့်အံ့။ မနက်ဖန် နံနက်တွင် ဆွမ်းခံကြွတော် မမူပါနှင့်။ တပည့်တော် တို့ ကျောင်းသို့ လာရောက်ပြီး ဆွမ်းလုပ်ကျွေး ပါ ကုန်အံ့....''

ဟူ၍စိုးရိမ်သောစိတ်၊ ဘုရားသခင်အတွက် အထိတ်တလန့် ဖြစ် ကာ လာရောက် လျှောက်ထားကြကုန်၏။ ထိုအခါလာရောက် လျှောက်ထားသူ တို့အား ဗုဒ္ဓက မြွက်ကြားတော် မူလေ သည်ကား....

''အချင်း ဥပါသကာတို့။ မနက်ဖန် နံနက်အခါ ငါဘုရား သည် နာဠာဂီရိဆင်ကို ယဉ်ကျေးအောင် ဆုံးမရန် ကြွတော်မူ လတ္တံ့။ ရာဇဂြိုဟ်ပြည်သူ အပေါင်းတို့သည် ကျောင်းတော်သို့ လာ၍ဆွမ်းကပ်ကြရလတ္တံ့။ ထိုအခါတွင်မှ ငါ ဆွမ်းဘုဉ်းပေး တော်မူအံ့''ဟု မိန့်တော်မူလိုက်သတည်း။

ဗုဒ္ဓသည်ထိုနေ့ည ညဉ့်ဦးယံအချိန်၌ များစွာသောပရိသတ် တို့အား ဟောနေကျအတိုင်းဟောတော်မူ၏။

www.dhammaransi.com



သန်းခေါင်ယံအချိန်၌ အရပ်ရပ်မှမေးလာသော ပြဿနာရပ် များကို ဖြေတော်မူ၏။

လင်းအားကြီးယံကို သုံးပိုင်းပိုင်း၍ ပထမပိုင်းတွင် ကျိန်းစက်ခြင်းပြုတော်မူ၏။

ဒုတိယပိုင်းတွင် ဖလသမာပတ်ကိုဝင်စားတော်မူ၏။

တတိယပိုင်းတွင် ကျွတ်ထိုက်သောဝေနေယျများကို ကြည့်ရှုတော်မူ၏။ ထိုအခါ နာဠာဂီရိဆင်ကို မြင်တော်မူလာသည်။ နာဠာဂီရိဆင်ကို ဆုံးမတော်မူရာ၌ ရှစ်သောင်း လေးထောင်သောသတ္တဝါတို့ အကျွတ်တရား ရကြမည်ကိုလည်း မြင်တော်မူလာသည်။

ထို့ကြောင့် နံနက်မိုးသောက်သောအခါ အရှင်အာနန္ဒာကို ခေါ်ပြီး ဤသို့မြွက်ကြားတော် မူလေ၏။

"ချစ်သားအာနန္ဒာ။ ရာဇဂြိုလ်ပြည်၏ အနီးကျောင်းတိုက်ကြီး (၁၈)တိုက်တို့၌ နေကုန်သောရဟန်းသံဃာတို့ကို ဝေဠုဝန်ကျောင်းတော်ရှေ့၌ စုဝေးပါစေကုန်။ ငါဆွမ်းခံ ကြွလေသောအခါ ငါ့ကို ခြံရံလျက် ငါ့နောက်မှလိုက်ပါစေကုန်"

နာဠာဂီရိ ဆင်ရိုင်းကြီးကို အကြောင်းပြု၍ ထိုနေ့အတွက် ဆန့်ကျင်ဘက် ပြန်တမ်းနှစ်ခု ထွက်လာ၏။

ပြန်တမ်းတခုမှာ အဇာတသတ်မင်းထုတ်ပြန်သော '**အိမ်ထဲက အိမ့်ပြင်မထွက်ရ**' အမိန့်ဖြစ်၍....

ပြန်တမ်းတခုကား '**သံဃာအားလုံးဗုဒ္ဓကိုခြံရံလျက် ဆွမ်းခံလိုက်ခဲ့ကြ**' ပြန်တမ်းဖြစ်လေသည်။

www.dhammaransi.com



ထိုနေ့ကား တကဲ့ပွဲကြီး ပွဲကောင်းနေ့။ တနည်းအားဖြင့် ဗုဒ္ဓ၏ သေရေးရှင်ရေး အဖြေပေးမည့်နေ့ဖြစ်လေသည်။

နံနက်မိုးသောက်လျှင်ပင် ရာဇဂြိုဟ်မြို့တော်ကြီး တခုလုံး သက်န်းရောင်တို့ဖြင့် ထိန်ထိန်တောက်သွား လေပြီတည်း။

ဗုဒ္ဓမြတ်ဘုရားသည် ခြောက်ပါး ရောင်ခြည် ကွန့်မြူးစည် လျှက် ရဟန်းများစွာ ခြံရံ ကာဖြင့် ဆွမ်းခံကြွတော် မူလာ လေပြီကော....

ဆင်ဆရာ တို့သည်လည်း ဒေဝဒတ် မှာထား လေသော အတိုင်းပင် ဘုရားသခင် ဆွမ်းခံဝင်လာလျှင်ပင် နာဠာဂီရိဆင် ကြီးကိုအရက်ကိုးမောင်းတိုက်၍ လွှတ်လိုက် လေပြီကော....

ထိုအခါမြို့သူ မြို့သားအချို့တို့ကား ဘုရား တည်းဟူသော ဆင်ပြောင်ကြီးနှင့် တိရစ္ဆာန် ဆင်ပြောင်ကြီး တို့၏ တိုက်ပွဲကို ငါတို့ ရှုရကုန်တောအံ့ဟူ၍ နံရံ သစ်ပင်၊ပစ္စင်ပြအိုး၊ မြို့ရိုးသူရဲ ပြေး၊ ဆိုင်စျေးမဏ္ဍပ်၊ ပြဿပ်ထိပ်ဖျား နေရာများစွာ တို့၌ ကြိတ်ကြိတ်တိုးမျှရှိကုန်လေ၏။

မိစ္ဆာဒိဋ္ဌိဂိုဏ်းသား များစွာသော လူတို့သည်လည်း နှစ်လ ကြာမြင့်စွာ ငါတို့၏ ဂိုဏ်းသရေကို နှိပ်စက် သော ရှင်ပျက် ဂေါတမ၏ အနိစ္စ ဖြစ်အံ့သော အရာ ငါတို့မြင်ရပေတော့အံ့ ဟူ၍ အိမ်ခေါင်မိုးတခွင်၊ သစ်ပင်ထက်ဖျား၊ လင်းတကြီးများ နားသကဲ့သို့ စောင့်စား၍ ကြည့်နေကြကုန်လေ၏။

မြို့လယ်ခေါင်က ကျယ်ဝန်းသောလမ်းမကြီး၏ တဘက်တွင် ဘုရားသခင်နှင့်တကွ သံဃာတော်များ ဝါထိန်လျက် ရှိနေပြီး

www.dhammaransi.com



တဘက်တွင်ကားဟိုယိုင်သည့်ထိုးအရက်တန်ခိုးကြောင့် ဆိုးချင်တိုင်းဆိုးနေသော နာဠာဂိရိ ဆင်ကြီးတကောင်ထဲ သာတည်း။

နာဠာဂိရိသည် လမ်းလယ်ခေါင်တွင် တကောင်ထည်းထည်း ဒရီးဒယိုင်လှုပ်ရှား မင်းမှူနေရက်က ရုတ်တရက်ပြက်ခနဲ ဘုရားသခင်ကိုလှမ်းမြင်လိုက်သောအခါ ....

"ကောင်းကင်မိုးလုံး ၊ထစ်ချုန်းရိုက်ဟီး၊ ပဲ့တင်ဟီးမျှ၊ သည်းစွာသော ကြိုးကြာသံကို ဟစ်လျက်၊ ရပ်ရှစ်မျက်နှာ၊ ဖါလာဆုံဝိုင်း၊ မှန်တိုင်း လေကြမ်းဖြင့်ဝှေ့ရမ်းဘိသည့်အလား"

ဘုရားသခင်ဆီသို့ ရှေ့ရှုပြေးလာသောသတည်း။

ထိုအခါသံဃာအချို့က ရုတ်ချင်းပင် ဘုရားသခင်၏ရှေ့သို့ဝင်ကပ်လိုက်ကြပြီး....

"အရှင်ဘုရားအား ဤနာဠာဂိရိ ဆင်ကား ကြမ်းကြုတ်ခက်ထန်ဘိစွ။ သူသည်ဗုဒ္ဓအားရန်ပြုပါလိမ့်အံ့။ လွတ်ရာကျွတ်ရာ ရှောင်လွှဲ၍ ကြွတော်မူပါဘုရား"

ဟူ၍လျှောက်သူကလျှောက်။ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ဆိုပြန်လျှင်လည်းဘုရားသခင်၏ရှေ့တော်ဝင်လာပြီး....

"အရှင်ဘုရား။ မိဘတို့၌ အရေးတစုံ ကိုယ်၌ကြုံလာခဲ့သော်ကျေပြွန်ကုန်အောင် ဆောင်ရွက်ရမည့် ကိစ္စမှာ သားကြီးသြရတို့၏တာဝန်သာဖြစ်ပါသည်။ ထို့အတူလျှင် ယခုကိစ္စမှာလည်း နာဠာဂိရိ ဆင်မိုက်ကြီးအား မြတ်ဘုရား၏ ကိုယ်တော်စားတပည့်တော်ဆုံးမပါအံ့ဘုရား"

ဟူ၍ဝင်ရောက်လျှောက်ထားလေသောအခါ ...

www.dhammaransi.com



"ချစ်သား သာရိပုတ္တရာ။ သာဝကတို့၏အစွမ်းတပုံ။ ဘုရားသခင်တို့၏ အစွမ်းလည်း တပုံသာတည်း"

ဟု မိန့်၍ ပယ်တော်မူ၏။ ထို့အတူ အရှင်မောဂ္ဂလာန်စသော အရှင်မြတ်များကလျှောက်လာပြောသော်လည်းမည်သူ့အားကိုမျှ လက်မခံဘဲ ပယ်တော်မူကာ နေလေသည်။

သို့သော် ဆင်ရိုင်းကြီးကား တဖြည်းဖြည်း နီးသည်ထက် နီးနီးလာလေ အရှင်အာနန္ဒာမှာ မျက်လုံးပြူးလာလေ ဖြစ်နေ၏။

"ရောတခါဖြင့်ခက်ချည့်။ ဆင်နင်း၍သေလျှင် ငါသေအံ့။ မြတ်ဘုရားကိုကား ငါအထိမခံ" ဟူ၍ဘုရားသခင်ရှေ့သို့ပြေးဝင်သောအခါ၌လည်း....

"ချစ်သား အာနန္ဒာ။ ရှောင်လော့။ ရှားလော့။
သင်ဖယ်ဘိလော။ ဤဆင်ရိုင်းကြီးဒဏ်ကို ငါသာလျှင်
ဦးစွာ စွာခံအံ့"

ဟု အမိန့်ဖြင့် ဖယ်ရှားခိုင်းသော်လည်း အရှင် အာနန္ဒာကား ဖယ်ရှားခြင်း မပြုလေဘဲ၊ ဘုရားသခင်၏ ရှေ့ဖျားမှ မခွာဘဲ အတင်းကာပ်နေလေ၏။

ထိုအခါဗုဒ္ဓသည် တန်ခိုးတော်ကို အသုံးပြုတော်မူရလေ၏။ ဖယ်ရှား၍ မရသော အရှင်အနန္ဒာအား တန်ခိုးဖြင့် အပါးတော်မှ ကွာအောင် ခွာတော်မူနေချိန်တွင်....

နာဠာဂိရိဆင်ရိုင်းကြီးသည် လမ်းကြား တဖတ်မှ ကြောက်အား လန့်အား ပြေးထွက်လာသော သားသည် မိခင်ကို မြင်

www.dhammaransi.com



လေသော် နွားမောင်းကြိုးကို ထောင်၊ နွားရွက်ကြိုးနှစ်ဖက်ကို တဖတ်ဖတ် စုံခတ်ပြီး၊ သည်းစွာ ဟစ်ကြွေးလျက်လိုက်လေ၏။

ဘုရားသခင်နှင့် ရဟန်းတို့လည်း ဆင်ကြီး၏ အရိပ်အခြေကို မမှိတ်မသုန် ကြည့်လင့်နေကုန်၏။

ခလေးကို ပွေ့ပိုက်လျက် ကတိုက်ကရိုက် ပြေးလာသော ထိုမိန်းမသည် ဘုရားသခင် ရှေ့တော်မှောက်သို့ ရောက်လေသောအခါ....

"ငါ့သားလေး-ချမ်းသာစေသော"

ဟူသော မေတ္တာရှေ့ထား၍ ခလေးကို ဘုရားသခင်၏ ရှေ့နားတွင် ထားခဲ့ပြီး ကိုယ်လွတ်ပြေးလေ၏။

ဆင်ရိုင်းကြီးလည်း ထိုမိန်းမနောက်သို့ တလကြမ်း စွတ်၍ လိုက်လေသည်တွင် ဘုရားသခင်သည် နဠာဂီရိအား ဩဒိဿ မေတ္တာ ဆွတ်ဖျန်းကာဖြင့် မြွက်ကြားတော် မူလေသည်ကား....

"ချစ်သား နာဠာဂီရိ။ သင့်အား တဆယ့်ခြောက်လုံးသော အရက်ကို တိုက်၍ လွှတ်လိုက်သော အရေးသည် အိမ်စျေးသဘင်၊ လူရှင်အများ၊ သူတပါးတို့ကို ပျက်ပြားအောင်သတ်ဖြတ်စိမ့်သောငှာလွှတ်သည်မဟုတ် သမ္မာသမ္ဗုဒ္ဓ၊ အတုလ ထွဋ်ထား၊ ငါဘုရားအား သတ်အံ့သောငှာသာလွှတ်ပေသည်တကား။ သင့်အရှင်၏ စကားကို သင်နားထောင်ငြားဘိမူကား ငါဘုရားထံသို့သာ သင်လာလော့"

www.dhammaransi.com



နာဠာဂီရိ သည် မကြားရ စဘူး၊ ကြားရပုံ ထူးလှစွာသော ဘုရားသခင်၏ အသံတော်ကို ကြားလိုက်ရသောအခါ။ မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်၍ ကြည့်မိလေသော်။ ဘုရားသခင်၏ တင့်တယ်သော အသရေတော်ကို မြင်ရသောအခါ တဖျတ်ဖျတ်ခတ်နေသော နားရွက်ကြီးကို အရှိန်ရပ်လိုက်ပြီး တရွေ့ရွေ့ ဘုရားသခင်ရှေ့သို့လာ၍ နှာမောင်းကြီးကို ခံတွင်းဝသို့သွင်းကာ ဘုရားသခင်၏ရှေ့တွင် ပုဆစ်တုပ်၍ ဝပ်လေ၏။

ဘုရားသခင်အတွက် စိုးရိမ်နေကြကုန်သော အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အစရှိသော မထေရ်ကြီးတို့သည်လည်း ဘုရားသခင် ရှေ့မှောက်တွင် နာဠာဂီရိဆင်ကြီး ဒူးထောက်လာသည်ကို တွေ့မြင်ကြရသည်တွင်မှ ဟင်းကနဲ သက်ပြင်ကြီးချကာ စိတ်သက်သာရတော်မူလေကုန်၏။

ထိုအခါ မြို့သူမြို့သား အပေါင်းတို့သည်လည်း "အိမ်ပြင်မှထွက်ရ အကူးအသန်း အသွားအလာ မရှိစေရ" ဟူသော မင်း၏အမိန့်ကို မေ့ပျောက်ကာ။ ဘုရားသခင်ရှိရာသို့ ရှိခိုးဦးခိုက်လျက် ဆိုက်ရောက်လာကြပြီး ဘုရားသခင်ကို ခြံရံလာကြကုန်လေတော့ရာ။ မင်းလမ်းမကြီးတခွင်းလုံး တရားသဘင်ကြီးကဲ့သို့ ဖြစ်လာလေ၏။

ထိုအခါ မြတ်စွာဘုရား သခင်လည်း နာဠာဂီရိဆင်၏ဦးကင်းကို လက်ျာလက်တော်ဖြင့် သုံးသပ်တော်မူလျက်

"ဆင်မြတ် နာဠာဂီရိ။ သင်သည် ယနေ့ကို အစပြု၍ ကြမ်းတမ်း ရုန့်ရင်းသော အပြုအမူများကို စွန့်

www.dhammaransi.com



လော။ ဖျောက်ဖျက် ပယ်ရှားဘိလော့။ လူတို့အား သတ်ဖြတ် ညှင်းဆဲခြင်းအမှုကို မပြုမူလောဘဲ မေတ္တာ စိတ်ကိုသာ ပွားများစေလော့၊ မေတ္တာမပွား သူ့အား နှိပ်စက် ဖျက်ဆီးသမှု ပြုသသူကား၊ လူ့ရွာဘဝ၊ ပစ္စ ကွန္ဒိုက်ပင် များလှစွာသော ဘေးအသွယ်သွယ်၊ အန္တ ရာယ်အမျိုးမျိုးတို့နှင့် ကြုံတွေ့ရတတ်ချေ၏။ ဘဝဂတိ ပြောင်းလဲဘိလျှင်လည်း ဒုဂ္ဂတိဘဝ၊ ပါယ်လေးဝတို့၌ သာ ကာလရှည်လျှားစွာ ခံစားရတတ်ချေ၏။

ဤသို့ ဒေသနာအမြိုက်ဆေး၊ တိုက်ကျွေးတော်မူလတ်သော် နာဠာဂိရိ ဟတ္ထိဆင်စွယ်ချွန် ဆင်တော် မွန်ကြီး သည်ကား တိရစ္ဆာန်ဖြစ်လျက်လည်း စိတ်လက်ချမ်းမြေ့ ကြာရေတွေ့သကဲ့ သို့ လွန်စွာချမ်းမြေ့ခြင်း ဖြစ်လာဘိရကား၊ ဘုရားသခင်၏ခြေ တော်ရင်း၌ ရှိသောမြေကို နှာမောင်းဖြင့် ဝေ့ဝိုက်ယူဆောင် ပြီးလျှင် မိမိ၏ ဦးကင်းထက်၌ ကြဲဖျန်းလိုက်သည်။

ထိုအခြင်းအရာကိုမြင်ကြရသောအခါမြို့သူမြို့သားအပေါင်း တို့သည် သောင်းသောင်းဖျဖျ သူထက်ငါ နာဠာဂိရိအား ချီး ကျူးကြကုန်လေ၏။ ရတနာ (၇)ပါးတို့ဖြင့် ကြဲမြှောက်ပူဇော် ကြကုန်လေ၏။ အဘိုးထိုက်ဘဏ္ဍာ ရတနာမျက်ရွဲ ပုလဲစိန် ကြောင် နီလာပတ္တမြား ဥဿဖယား စသော ရတနာတို့သည် နာဠာဂိရိ ဆင်ကြီး၏ တကိုယ်လုံး စုံးစုံးမြုပ်မတတ်ပင် မြောက် များလှကုန်၏။

www.dhammaransi.com



မျက်ဝါးထင်ထင် မြင်တွေ့နေကြရသော ဤနေ့နံနက်ရှုခင်း အတွက် လူတို့သည် ဘုရားသခင်အား ရှေးကထက် ကြည်ညို သဒ္ဓါ ပွားများလာကြကုန်၏။ ဘုရားသခင်၏ ရှေ့တော်တွင် ကျောက်ရုပ်ကြီးပမာ မတုန်မလှုပ် ဦးခိုက်နေသော နာဠာဂိရိ ဆင်ကြီးကို ကြည့်ကာ ဗုဒ္ဓကို အတိုင်းမသိ ချီးကျူး နေကြ ကုန်၏။

"ဘုရား သခင်၏ တန်ခိုးတော်၊ ဘုရား သခင်၏ မေတ္တာတော်ကား အံ့ဘွယ်ရှိပါပေစွ။ ဆင်ထိန်းများ သည်ပင်လျှင် အနားသို့ မကပ်ရဲအောင် အလွန်ကြမ်း ကြုတ်လှစွာသော ဆင်ရိုင်းကြီးကား ဘုရားသခင်၏ မေတ္တာတော် အရိပ်အောက်တွင် အဆိပ်အတောက် ကင်းသော မြွေမင်းကြီး အလား၊ ယဉ်ပါးစွာ တုပ် ဝပ်လျက် ရှိနေလေပြီတကား"

ဤသို့ သူတမျိုး ငါတဖုံ၊ ဗုဒ္ဓ၏ ဂုဏ်တော်ကို ချီးကျူးမစဲ၊ တသဲသဲနှင့် ရှိနေကုန်၏။

ရာဇဂြိုဟ်မြို့တော်၏ မင်းလမ်းမကြီးသည် အဘယ်မျှကျယ် သည်ဆိုစေကာမူ ထိုနေ့နံနက်တွင်မူ လမ်းကျဉ်းကဲ့သို့ ဖြစ်နေ၏။ တဘက်ကို ကြည့်သော် ဘုရားသခင်နှင့် သံဃာတော်များမှာ ဝါဝါဝင်း ပြည့်ကြပ်လျက်ရှိနေ၏။

အခြားဝဲယာနှင့် ရှေ့တူရူ၌မူကား မြို့သူမြို့သားတို့ တခဲနက် ကြိတ်ကြိတ်တိုးလျက် အပြည့်အနှက် ရှိနေ၏။ မင်းလမ်းမကြီး ၏ အလယ်ခေါင်တွင် ဗုဒ္ဓသည် လက်ဝဲလက်တော်ဖြင့် သပိတ်

www.dhammaransi.com



ကို ပိုက်ပြီး၊ လက်ျာလက်ဖြင့် နာဠာဂီရိ၏ ဦးကင်းကို သုံးသပ်လျက် ရှိနေစဉ်။

အရှင်အာနန္ဒာ- အရှင်သာရိပုတ္တရာနှင့် အရှင် မောဂ္ဂလာန် ကိုယ်တော်ကြီးတို့ကား ဗုဒ္ဓ၏ ဝဲယာတွင် ခြံရံလျက် တည်နေကုန်၏။

ဗုဒ္ဓသည် ရိုင်းရာမှ ယဉ်ပါးလာသော နာဠာဂီရိအား ပူဇော်ထားကြသည့် မြောက်မြားလှစွာသော ရတနာပုံကြီးနှင့် အပူဇော်ခံနာဠာဂီရိကို ရှုစားတော်မူပြီး။

"မြောက်မြားလှစွာသော ဤရတနာတို့သည် နာဠာဂီရိအား ပူဇော်ကြသည့် ရတနာများဖြစ်ကုန်၏။ သို့သော် နာဠာဂီရိအား အပူဇော်ခံရမှန်းလည်း သိသူမဟုတ်။ သူ့ကို ပူဇော်နေကြပါလားဟူ၍ သူမစဉ်းစားတတ်။ သူ့အနေဖြင့် ဤပူဇော်ထားသော ရတနာများကို ခံယူနိုင်စွမ်းမရှိ။ သို့ ဖြစ်ပါလေသောကြောင့် ဤရတနာများသည် ပူဇော်သူ ပိုင်ရှင်များထံသို့ ပြန်လည်ရောက်ရှိစေသတည်း"

ဟု မိန့်ဩဘာနိုင်တော်မူလေ၏။ ထိုအခါ နာဠာဂီရိ၏ ရှေ့နောက် ဝဲယာတို့၌ စုပုံနေသောရတနာတို့သည် ပိုင်ရှင်တို့၏ လက်သို့ ပြန်လည်ရောက်ရှိသွားကုန်ရကား နာဠာဂီရိဆင်ကြီးသာလျှင် ထီးထီးမားမား ကျန်လေတော့၏။

ဤနာဠာဂီရိဆိုးမခန်းကို အကြောင်းပြု၍သူပေါင်းများစွာ တို့လည်း ကျွတ်တမ်းဝင်ကုန်လေ၏။ ဗုဒ္ဓသည် နာဠာဂီရိအား ယဉ်ပါးအောင်ဆုံးမပြီးကျောင်းတော်သို့ ပြန်ကြွလေသောအခါ

www.dhammaransi.com


နာဠာဂီရိ ဆင်ကြီးမှာ မြတ်ဘုရားကို တွေ့၍ ကြည့်နေရင်းမှ တဖြည်းဖြည်း ပုဆစ်တုပ်ရာမှ အသာ ကြွ၍ ထလိုက်သည်။

ထိုနောက် ဘုရားသခင်၏နောက်သို့ ရိုးရိုးကြီး တလှမ်းချင်းလှမ်းကာ လှမ်းကာ လိုက်သွားလေတော့သည်။ လူတို့သည် အံ့အားသင့်သော မျက်လုံးဖြင့် နာဠာဂီရိအား မမှိတ် မသုန်ကြည့်လင့် နေကုန်၏။

ထိုအခါ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်းတော်ဆီ ပြန်ကြွလျက်မှ အရှင် အာနန္ဒာကို လှည့်ကြည့်ပြီး ပြုံးတော်မူ၏။ အရှင်အာနန္ဒာသည် ဗုဒ္ဓ၏ အပြုံးကို ရိပ်စားမိတော်မူသည့်အလျောက် နောက်မှလိုက်လာသောနာဠာဂီရိဆင်ကြီးအားမဆိုရက်ဆိုရက်နှင့် ဤသို့ဆိုမြွက်တော်မူရှာသတည်း။

"အချင်း နာဠာဂီရိ။ သင်၏ အမူအရာကို ကြည့်ခြင်းအားဖြင့်။ ငါတို့နှင့် အတူတကွ လိုက်၍ နေလိုပါသည် ဆိုသော သင်၏ ဆန္ဒကို အကြွင်းမဲ့ ငါတို့ သိရှိရသဖြင့် သင့်အား' ဗုဒ္ဓအမျုးပြုသော သံဃာအားလုံးက ကောင်းချီးပေးကြကုန်၏။

"သို့သော်....အချင်းနာဠာဂီရိ။ သင်ကား သင့်ကိုယ်သင်ပိုင်သူမဟုတ်။ မင်းသုံးဘဏ္ဍာ။ မင်း၏စီးတော်ယာဉ်ဖြစ်ချေသည်။ သင့်ကို ပိုင်ဆိုင်သူမှာ မင်းဖြစ်သည်၊ သင်သည် သင်၏ ဆန္ဒအလျောက် ဗုဒ္ဓနောက်သို့ လိုက်လာသည် မှန်သော်လည်း။ သင့်သခင်က သင့်ကို ငါတို့က

www.dhammaransi.com



သွေးဆောင်ဖြားယောင်း၍ ခေါ်သွားသည်၊ ဆိုပြောယိုးစွပ်ခဲ့သော် ငါတို့အသို အသို နေမည်နည်း”

“အချင်းနာဋ္ဋဂီရိ။ သင်သာ လွှတ်လပ်သူ ဖြစ်ဘိမူကား သင့်အား မြတ်ဘုရားနှင့်တကွ ငါတို့လက်ခံရန် အသင့် ရှိပေ၏။ ယခုသော်ကမူ သင်ကား မင်း၏ဥစ္စာ မင်းဘဏ္ဍာဖြစ်ချေသောကြောင့် သင့်နေရာမှာသာ-သင် သင်ပြန်နေပါဘိ နာဋ္ဋဂီရိ”

ဤသို့ အရှင်အနန္ဒာက ဆိုမြွက်အပ်သည်ရှိသော် နာဋ္ဋဂီရိသည် မျက်ရည်များကျကာ ဗုဒ္ဓအား ဦးသုံးကြိမ် တိုက်ပြီးမှ တလှမ်းခြင်း တရွေ့ရွေ့နောက်သို့ ပြန်ဆုတ်လာလေရာ။ မြင်ရသူတို့မှာ နာဋ္ဋဂီရိအတွက် ဂရုဏာသက်၍ မဆုံးနိုင်အောင် ဖြစ်ကုန်လေသတည်း။

www.dhammaransi.com

# ၁၀

ဒေဝဒတ်၏ ပြောပုံဆိုပုံလုပ်ပုံ ကိုင်ပုံနှင့်တကွ၊ သူ၏ပြုမူဆောင်ရွက်မှုများသည် ဗုဒ္ဓ၏ အဖွဲ့အစည်းကြီးအတွက် အဘယ်မျှ မျက်နှာပျက်၍ ရှက်စဘွယ် ကောင်းလေမည်နည်း။

ထိုအချိန်တွင် မဇ္ဈိမဒေသ၌ ဗုဒ္ဓနှင့် ခေတ်ပြိုင် (မိမိကိုယ်ကိုမိမိဘုရားဟူ၍) ပွင့်ထွန်းနေကုန်သော၊ ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ဘုရားကြီးခြောက်ဆူပင် ရှိကုန်သည်ဖြစ်ရာ။ ဗုဒ္ဓဂဏအဖွဲ့အစည်းထဲ၌ ယခုကဲ့သို့ လူသူလေးပါးတို့ကြား၍မျှမလျော်၊ကြက်သီးများ တဖျန်းဖျန်းထဘွယ်ရာ—

"ရောမ ဤလုပ်ကြံမှုကြီးများ" ဆက်ကာ ဆက်ကာ ဖြစ်ပွားလာသောအခါ၊ ထိုခေတ်ပြိုင်ဘုရားကြီးတို့သည် အဘယ်မှာလျှင် ဝမ်းမသာဘဲ ရှိကုန်ချိမ့်မည်နည်း။

www.dhammaransi.com

သယောင်ယောင် အရိပ်အခြည်များ မြူးသန်းလျက် ရှိနေပုံကို ဒေဝဒတ်အား နေ့မဥ့် ဆွမ်းအုပ်ငါးရာဖြင့် လှူဒါန်းခြင်း မပြုသည်ကို ထောက်သဖြင့် သိနိုင်ပေသည်။

ဒေဝဒတ်အား အဇာတသတ်က နေ့စဉ် ဆွမ်းအုပ် ငါးရာ လှူဒါန်းခဲ့ခြင်းမှာ သူကိုယ်တိုင်က လှူဒါန်းမျိုးခြင်း မဟုတ်လေဘဲ။

"တပည့်တော် ဆွမ်းအုပ်ငါးရာ နေ့စဉ်လှူသွားပါအံ့"

ဟူ၍ ဒေဝဒတ်သား အဇာတသတ်မင်း လျှောက်ထားသော စကားအရ အဇာတသတ်၏ အသိုင်း အဝိုင်း မှူးမတ် သူဌေး သူကြွယ် ကြွယ်ဝသူတို့က "သူကလည်း ဆွမ်းတအုပ်၊ ငါကလည်း ဆွမ် တအုပ်" ဟူ၍မျက်နှာလိုမျက်နှာရအသီးသီး ဆွမ်းဒကာများ ပေါ်ထွက်လာခဲ့ကြသည်။

အဇာတသတ်၏ အရှိန်အဝါအောက်တွင် အလို အလျောက် ပေါ်ပေါက်လာသော ဆွမ်းအုပ် ငါးရာဖြင့် လှူဒါန်းခြင်းသာ ဖြစ်လေသည်။

ယခု အခါတွင်ဒေဝဒတ်ကို့ရှုံမုန်းအော့နှလုံးနာသော ကြောင့် လှူနေကျ ဆွမ်းဝတ်များကို အလှူရှင်များက ဖြတ်ပစ် လိုက်ကြသောအခါ ယင်းကိစ္စအတွက် မည်သို့မျှ မိမိ၏ဆန္ဒကို ဖေါ်ထုတ်မြွက်ဟခြင်း မပြုလိုဘဲ အဇာတသတ် မင်းသည် တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေလိုက်တော့သည်။

ဆွမ်း ဝတ် ဖြတ်ပစ် သူများကို အပြစ်လည်း ပြုတော်မမူ "လှူကြလော့" ဟူ၍ တိုက်တွန်းခြင်းလည်း ပြုတော် မ မူချေ။

www.dhammaransi.com



ဤသည်ကို ထောက်ခြင်းအားဖြင့် အဇာတသတ် မင်းသည် ဒေဝဒတ်အပေါ်တွင် ရှေးအခါ ကကဲ့သို့ လှိုက်လှိုက်လှဲလှဲ စိတ်ပါဝင်စားခြင်း မရှိလှကြောင်း ကောင်းစွာ ပေါ်လွင်ပေသည်။

သို့ရာတွင် အဇာတသတ်မင်းမှာ 'အငိုလွယ်လျက် အရှိုက်ခက်'' ကိန်းမျိုး ဆိုက်နေ၏။

ဒေဝဒတ်ကို သူကိုးကွယ် မိခြင်းမှာ ဒေဝဒတ် ဖန်ဆင်းပြသော တန်ခိုးကို ယုံကြည်၍ ဖြစ်၏။ '' တကဲ့ဘုရား၊ အာကဘုရား''ဟူ၍ တန်ခိုးတော်ကို နှစ်နှစ် ကာကာ ယုံကြည်သောကြောင့် ဖြစ်၏။

နောင်တွင် တဖြည်းဖြည်းဒေဝဒတ်၏ ယုတ်မာသောအကျင့်အကြံ များကို အကြွင်းမဲ့ သိလာ သည်ဟု မဆိုနိုင်သည့် တိုင်အောင် ဒေဝဒတ် အကြောင်း တစေ့ တစောင်း ရိပ်မိသောအခြေအနေမျိုး ရှိလာငြားသော်လည်း အခွါရ ခက်လာသည်။

အခွါရ ခက်ခြင်း မှာလည်း '' သူ အကျိုးကို လိုလားသယောင်ယောင် ထီးနန်းစည်းစိမ်နှင့် မက်လုံး ပြထားခြင်းတချက်၊ နောက်တချက်ကား-မြေဖြင့် ပေါက်သတ် မည်ကိုကြောက်သောကြောင့် ဖြစ်လေသည်။

ကြမ္မာဝဠ်ကျွေး မကုန်သေးက အဆိုးကိုပင် အကောင်းထင်နေတတ်သည့်အတိုင်း သူ့ကို မယုံကြည်က၊ သူ့ကို ဆန့်ကျင်ဘက်ပြုက၊ သူ၏ စေခိုင်းချက်ကို ဖီဆန်ချေက၊ ဒေဝဒတ်ကမြေနှင့် တိုက်၍ သတ်လိမ့်မည်ဟူသော အစွဲကား အဇာတသတ်

www.dhammaransi.com



အသဲတွင် စွဲဝင်လျက် ရှိနေသဖြင့် "ခွာချင်ပါလျက်၊ မခွာရက်နိုင်အောင် ဖြစ်နေရှာသည်"

ဤသို့ဤနှယ်သော အကြောင်းကြောင်းတို့ကြောင့် နောက်ဆုံးတွင် အဇာတသတ်မင်းက စိတ်နှလုံး ဒုံးဒုံးချလိုက်သည်ကား....

"တည်မိသည့်ဘုရား လင်းတပင် နားနား"ဟူသတည်း။

အချိန်မှာ နံနက်အချိန် ဖြစ်လေသည်။

ရှေးအခါကဆိုလျှင် ဤအချိန်တွင် ချူသံ၊ ဆွဲလဲသံ တညံညံနှင့် ဆွမ်းအုပ်လျှို လှည်းပေါင်း ငါးရာကို ဂယာသီသရှိ ဒေဝဒတ်၏ ကျောင်းတိုက်သို့ ဆွမ်းပို့ လာချိန် ဖြစ်သည်။ လှည်းလမ်းကြောင်းများမှာ ဖုန်နှင့် ထောင်းထောင်း ရှိခဲ့သော်လည်း ယနေ့အချိန်တွင်မူ ထိုလမ်းမှာ အသွားအလာ တိတ်ဆိတ်ပြီး ကျီးနှင့် ဖုတ်ဖုတ်ရှိနေတော့၏။

ကျောင်းများမှလည်း ရဟန်းမရှိ၊ သံဃာမရှိ ဟောင်းလောင်းဖြစ်နေ၏။ လူအသိုင်းအဝိုင်း ရဟန်း အသိုင်းအဝိုင်းများက ဒေဝဒတ်ကို ကျောခိုင်းသွားကြကုန်ပြီတည်း။

ထိုနေ့ နံနက်တွင်လည်း ဒေဝဒတ်သည် ဂယာသီသ ကျောင်းတော်ဝမှ ရာဇဂြိုဟ်ဘက်သို့ မျက်နှာမူလျက် အဇာတသတ်ကို စောင့်ကြိုနေ၏။ ဒေဝဒတ်သည်အဝေးကိုမျှော်ကြည့်ရင်းမှ သူ့မျက်နှာ တဖြည်းဖြည်း ညစ်ပုပ်ပုပ်ကြီးဖြစ်နေရာမှ ကြည်လင်လာသကဲ့သို့ ထင်ရသည်။

www.dhammaransi.com



သူ့အဖို ကြည်လင်ထိုက်ပါပေသည်။ အဝေးရှိလှည်းလမ်းကြောင်းမှ ကောင်းကင်ပေါ် တက်လာသော မြူမှုန် ဖုံကလေးများကို မြင်ရသောကြောင့် ဖြစ်လေသည်။ ထိုဖုံကို မြင်ရခြင်းအားဖြင့် အဇာတသတ်မင်းသား လာနေပြီ ဖြစ်ကြောင်း သိသောကြောင့် ဖြစ်သတည်း။

ထိုအခါ ဒေဝဒတ်သည် ကျောင်းထဲ ပြန်ဝင်ပြီး ကျောက်စည် ခေါင်းလောင်းကို တဒေါင်ဒေါင် ထိုးလေသည်။ ထိုခေါင်းလောင်းကား ဆွမ်းစားခေါင်းလောင်းဖြစ်သောကြောင့် ကျောင်းတကျောင်းပေါ်မှ သံဃာလေးပါး ဆင်းလာသည်။ ဆွမ်းစားကျောင်းဘက်သို့ ဆက်လျှောက်သွားကြသည်။

သူတို့ကား ဒေဝဒတ်၏ လတ်ရင်း တပည့်ကြီး လေးပါးတည်း။

တပါးကို ကောကာလိက၊ တပါးကို ကဋမောဒကတိဿ၊ တပါးကို ခဏ္ဍဒေဝိယ၊ တပါးကို သမုဒ္ဒတ္တဟု ခေါ်တွင်၏။

မကြာမီပင် ခြောက်ခြောက်သွေ့သွေ့လှည်းတစီးနှင့် အဇာတသတ်မင်း ရောက်လာပြီး ဆွမ်းကပ်မည်ပြုသောအခါ သံဃာငါးပါး ဖြစ်နေ၍ လွန်စွာ အံ့သြသွားလေသည်။ ဆွမ်းမှာ နှစ်ပါးစာသာ ယူလာသောကြောင့် ဖြစ်သတည်း။

"အသင်မင်းသား....။ ပါလာသော ဆွမ်းကိုပင်ကပ်လော့။ ငါတို့မျှတ၍ စားကုန်အံ့။ အရေးတကြီး တိုင်ပင်ရန် ရှိ၍ ဤငါ့တပည့်ကြီး သုံးပါးကို ငါခေါ်လိုက်သဖြင့် ညကပင် သူတို့ရောက်လာကြသည်။ ကပ်လော့"

www.dhammaransi.com



ဗုဒ္ဓအာအား နာဠာဂီရိဆင်နှင့် တိုက်၍ သတ်ဖြတ်မှုကြီး ဖြစ်ပွားပြီးသည့်အချိန်မှစ၍ သံဃာများ တနေ့တခြား ယုတ်လျော့သွာ ရာက နောက်ဆုံးတွင် လက်ရင်းတပည့်ကြီး ကောကာလိက တပါးတည်းသာ ကျန်သည်အထိ ဖြစ်လာသည်။ အရေးတကြီး တိုင်ပင်ရန် ကိစ္စရှိ၍ တပည့် သုံးပါးကို ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ထိုအကြောင်းကိုမသိသောအဇာတသတ်မင်းသည် ခါတိုင်းကဲ့သို့ပင် နှစ်ပါးစာသာ ယူဆောင်လာ၏။ ဒေဝဒတ်နှင့် ဆရာတပည့် ငါးပါးတို့သည် နှစ်ပါးစာကိုပင် ငါးပါးဝေမျှ စားကြရင်းမှ ဒေဝဒတ်သည် ရှေးအခါက ဟင်းလျာများ ဖွယ်ဖွယ်ရာရာ များများ စားစား ရှိခဲ့ပုံများကို သတိရ မြင်ယောင်ပြီး စိတ်မကောင်း ဖြစ်လာသည်။

ဒေ။ ။အသင်မင်းသား....။ ငါ့ကျောင်းမှာအစစအရာရာတွင် ရှေးကနှင့် မတူတော့သည်ကို သင် သတိပြုမိ၏လော့။

ဇာ။ ။မှန်လှပါ၊ သတိပြုမိပါကြောင်းပါဘုရား။

ဟု အဇာတသတ်လျှောက်သည်။ ဒေဝဒတ်သည်ဆွမ်းကိုနှစ်၍ မျိုချလိုက်ပြီးနောက်—

ဒေ။ ။သတိ ပြုမိပါလျက် သင့်အနေဖြင့် ဤသို့ကြည့်၍ နေရာသလော....

ဇာ။ ။ဤအခြေအနေတွင် ကြည့်မနေလျှင် တပည့်တော် ဘာလုပ်နိုင်မည်နည်း။

www.dhammaransi.com



ဒေ။ ။သင်သည် ဘုရင် ဖြစ်လျက် မိမိ၏အမိန့်ကို အသုံး
မချ တတ်ပြီလော။ သင်၏ အစေအပါး မှူးမတ်
သဗ္ဗေး သူကြွယ် စသူတို့ အယူတိမ်းစောင်း၍ ငါ့
ကျောင်းသို့မလာမရောက်ဘဲနေသည်ကိုသင့်အမိန့်အာ
ဏာဖြင့် လာရောက်၍ လုပ်ရမည်မဟုတ်ပါလော....။
ငါ့ကျောင်းတွင် လာဘ်သပ်ပကာ ပေါများအောင်
အာဏာဖြင့် နှိပ်ကွပ်၍ ပို့ဆောင် ပေးသင့်သည်
မဟုတ်ပါလော....

ဒေဝဒတ်သည် သူ၏ ညာဉ်ကို မဖျောက်ဘဲ သူ့ကျောင်းသို့ မလျှုလျှင်မနေရအောင် မကိုးကွယ်လျှင်မနေရအောင်မင်း အာဏာဖြင့် တင်းတင်းကျပ်ကျပ် နှိပ်ကွပ် ပေးရန် တိုက်တွန်း လေသည်။ ထိုအခါ အဇာတသတ်သည် အနည်းငယ် တွေ့၍ စဉ်းစား ပြီးမှ–

ဇာ။ ။အရှင်ဘုရား၊ တပည့်တော်က အာဏာဖြင့်နှိပ်ကွပ်
ပေး၍ အရှင်ဘုရားကျောင်းမှာ လာဘ်သပ်ပကာတွေ
စားသုံး မကုန်အောင် ပေါများ တုံ သော်လည်း
ကျောင်းတိုင်းကျောင်းတိုင်းမှာ ရှေးကလို သံဃာ
မရှိ ဟောင်းလောင်း အတိသာ ဖြစ်နေလေပြီ။သုံး
ဆောင်မည့် ပုဂ္ဂိုလ်ရဟန်းသံဃာကို မဆိုထားဘိဦး။
ကျောင်း၏ ထက်ဝန်းကျင်တွင် ကျီးကန်းများကိုပင်
မတွေ့ရ မမြင်ရတော့ပါ။

www.dhammaransi.com



ဤသို့ အဇာတသတ်မင်းက လျှောက်ထား လိုက်သောအခါ "ဟုတ်ပေသားဘဲ" ဟု အကြည့်မျိုးဖြင့် ဆရာတပည့် ငါးယောက်စလုံး အချင်းချင်း ကြည့်လိုက်ကြသည်။ သူတို့ဆွမ်းစားနေကြရင်း အဇာတသတ်၏ တင်လျှောက်ချက်များကိုဆက်၍ကြားနေရသည်။

ဇာ။ ။တကြောင်း အားဖြင့်လည်း ကိုးကွယ်မှု အလှူဒါနပြုမှုနှင့် ပတ်သက်၍ ပြည်သူတို့အား အမိန့် အာဏာဖြင့် မစေစားသင့်၊ မပြုအပ် မပြုသင့် ဟုတပည့်တော်ယူဆပါသည်။ မိမိတို့ စေတနာ သဒ္ဒါ တရား ရှိရာစိတ်ညွတ်ရာကို လွတ်လပ်စွာသာလျှင် ကိုးကွယ် စေသင့်မည်ထင်ပါသည်။ အကြောင်း သော်ကား စေတနာမပါသော အလုပ်ဟူသမျှကား တစုံ တခုသောအကျိုးကို ဖြစ်ပွားစေနိုင်လိမ့်မည်မဟုတ်ပါ။လှူသူမှာလည်း အကျိုး မများ၊ စားသုံးသူ မှာလည်း အဆိပ်သီးကို စားရဘိသကဲ့သို့ နှစ်ဦးနှစ်ဘက် စလုံးသာ နစ်နာမည် ဖြစ်ပါသည်။

ဤသို့ အကျိုးမပြီး အချည်းနှီး ဖြစ်သော အလုပ်မျိုးကို တပည့်တော် မလုပ်လိုပါ။ ယခု တပည့်တော် လှူဒါန်းသော ဆွမ်းမှာ သဒ္ဒါနှင့် လျှမ်းလျှမ်းဆွမ်း ဖြစ်သောကြောင့် အရှင်ရားတို့၌ ဘေးဥပါဒ်မဖြစ်နိုင်ပါ။

ပြည်သူဆွမ်းကို ယခုအချိန်တွင် အရှင်ဘုရားတို့ ဘုဉ်းပေးဘိမူကား ရဲရဲလောင်နေသော သံတွေခဲကြီးကို မျိုဝါးသည်နှင့် မခြား ရတ်ချင်းအားဖြင့် ဘေးဖြစ် နိုင်ပါသည်ဘုရား ...။

www.dhammaransi.com



ဟူ၍ လျှောက်ထားလေသော် ကောကာလိကသည် စားနေရင်းက လည်ချောင်းကြီး တွန့်သွားလေသည်။

ဒေ။ ။အင်းပ ဒကာ။ ပြောခွင့်ဆိုသမင့်၊ ပြောထိုက် ပေ
သပ။ သို့လော်"ဥစ္စာကံပေး မရသေးက နှောင့်နှေး
ဗျာပါမရှိရာတဲ့"

ဤသို့ စကား တပြောပြော နှင့်ပင် ဆွမ်းစား၍ ပြီးသွားလေ၏။

"သူတို့ စိတ်ချမ်းသာသလို နေကြပါစေ" အသင်မင်းသား သာ ငါတို့နောက် လိုက်ခဲ့လော့"

ဟု လက်ကိုသုတ်ရင်း ဆိုမြွက်ပြီးနောက်၊ လက်သုတ်ပုဝါကို ချထားခဲ့ပြီး ဆွမ်းစားကျောင်းမှ ထသွားလေရာ ကောကာလိက စသော လက်ရုံးတပည့်ကြီး လေးဦး တို့သည်လည်း ဒေဝဒတ်သွားရာသို့ လိုက်သွားကြကုန်လေ၏။

နေ့လည်အချိန်ဖြစ်၏။ ထိုအချိန်တွင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်းကျောင်းတော်ကြီးကား တိတ်ဆိတ် ငြိမ်သက်နေဘိ သကဲ့သို့ ဂယာသီသမှာလည်း တိတ်ဆိတ်လျက် ရှိနေ၏။

သို့သော် တိတ်ဆိတ်ခြင်းကား ခြားနားလေသည်။ဝေဠုဝန်ကျောင်းတော်ကြီး၏ တိတ်ဆိတ်ခြင်းကား ဗုဒ္ဓဟောကြားတော်မူသော တရားတော်ကို တိတ်ဆိတ်ငြိမ်သက်စွာ ကြားနာနေကြသောကြောင့်ဖြစ်၏။ ဂယာသီသ၏တိတ်ဆိတ်ခြင်းကား ရဟန်းသံဃာများမရှိ ကျောင်းနှင့် ခေါင်းလောင်း ဖြစ်သောကြောင့်တည်း။

www.dhammaransi.com



သို့ရာတွင် ဂယာသီသ၏ လျှို့ဝှက် တနေရာတွင်ကား လျှို့ဝှက်စွာ တိုင်ပင်လျက် ရှိနေကြ၏။ ဒေဝဒတ်နှင့် ယင်းတို့၏ လက်ရုံးတပည့်ကြီး လေးယောက်။ အဇာတသတ်မင်းက တယောက်။ “ခြောက်ယောက်သော ဂဏအဖွဲ့အစည်း၊ ခြောက်ယောက်သောဂိုဏ်း”ဟု ဆိုနိုင်၏။

ဇာ။ တပည့်တော်အနေဖြင့် အရှင်ဘုရားအား အမြဲထောက်ခံရန် အသင့်ရှိပါသည်။ ရှေးအဘို့ကို မည်သို့ စခန်းသွားကြမည်။ သို့မဟုတ် ဘာမှ မလုပ်တော့ဘဲ သည့်အတိုင်း ငုတ်တုတ်ထိုင်နေတော့မည်လား—ဆိုသည်ကို အမြန်ဆုံး စဉ်းစားပြီး၊ လုပ်သင့်လုပ်ထိုက်သည်ကို အမြန်ဆုံးလုပ်နိုင်ပါမှအရေးတော်လှမည် ဖြစ်ပါသည်။

ဒေ။ မှန်ပေသည် အသင်မင်းသား။ ရှေ့သို့ ဆက်မလုပ်ချေက ငါတို့လူစတုံးရော၊ ညံ့ရော ကျတော့မည်။ ငါတို့ဘဝကား တလှုပ်ရှားရှား နှင့် မြစ်ထဲတွင် လက်ပစ်ကူးသူနှင့်အလားတူ၏။ မကူးဘဲ ရပ်လိုက်သည်နှင့် တပြိုင်နက် စုတ်ခနဲမြုတ်သွားလတ္တံ့။

ဟု ဒေဝဒတ်ကဆို၏။ အဇာတသတ်က သူ၏ထင်မြင်ချက်ကို တင်ပြလိုက်၏။

ဇာ။ ရှေ့သို့တဆင့် တက်ရန် ရွယ်စူးချက်ကို တပည့်တော် သဘောတူပါသည်။ သို့ရာတွင် ရဟန်း

www.dhammaransi.com



ဂေါတမကား အသက်ပြင်းလှသည်။ လူနှင့်သတ်ရှ်လည်း မသေခဲ့။ တိရစ္ဆာန်နှင့် သတ်၍လဲ မသေခဲ့။ ဤတကြိမ်တွင် သူ့ကို ဇီဝိန်ကြွေအောင် မခြွေနိုင်က ကုန်ကုန် လျှောက်ကားရလျှင် တိုင်းပြည်က အရှင်ဘုရားတို့ကို လည်းကောင်း၊ တပည့်တော်ကို လည်းကောင်း၊ ကြည်ညို လိုလား ကြတော့မည် မဟုတ်။

ဤသည်ကို အကြောင်းပြု၍ တော်လှန်ပုန်ကန်မှုများ ဖြစ်ပွား၍ မလာနိုင်စရာရှိမရှိကိုလည်း ထည့်၍ တွက်ပြီးစဉ်းစားတော်မူပါရန် တပည့်တော် ကြံပေးလိုပါသည်ဘုရား။

ကော။ "မင်းတရားကလေး၏ အကြံပေးချက်ကို အလေးအနက် စဉ်းစားထိုက်ပါသည်။ "ပြည်သူ့င်းက မင်းမခံနိုင်" ဟု အဆိုရှိပါသည်။ မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေ။ မင်းဆိုသည်မှာ တိုင်းပြည်နှင့် ရင်ကြားစေ့ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ရဟန်း ဂေါတမကို အတိအကျ သေချာပေါက် မလုပ်ကြံနိုင်သမျှ။ ဤကိစ္စကို စရန်မသင့်ပါ။ ဤတကြိမ် မအောင်မြင်ခဲ့သော် နောင်ရေးကို မတွေးဝံ့အောင်ပင် အခြေအနေများ ဆိုးဝါးလာနိုင်စရာ ရှိပါသည်"

www.dhammaransi.com



ဤသို့ ဆိုမြွက် တင်ပြချက်များ အပေါ်တွင် ဒေဝဒတ်က ကောက်ချက်ချလိုက်လေသည်ကား ....

ဒေ။ သင်တို့ ဆိုလိုသည်ကား ရဟန်းဂေါတမကို ပိုင်အောင်သတ်နိုင်က သတ်ပါ။ မနိုင်လျှင်မသတ်ဘဲ နေခြင်းကကောင်းမည်။ ဤသို့ ဆိုလိုသလော။

ကော။ မှန်ပါသည် မပိုင်ဘဲနှင့် ကိုင်လိုက်ခဲ့သော် ပရွက်အုံကို ဒုတ်နှင့်ထိုးသော ကိန်းမျိုးဆိုက်မှာ စိုးရပါသည်။ ထိုမှတပါး "ရန်သူကို အထင်မသေးအပ်" ဟူသော အချက်ကိုလည်းထည့်၍ တွက်ရပါမည်။ ရဟန်းဂေါတမကို သေချာပေါက် သတ်နည်းကြီး သုံးမျိုးဖြင့် သတ်ခဲ့ဘူးပြီ။ လွတ်ရက်နိုင်စရာ မရှိ။ အရိုးအသား ရှာမရအောင် စိစိညက်ညက်ကြေနိုင်သော သတ်နည်းများဖြင့် သတ်ခဲ့ငြားသော်လည်း သူသည် သေကံမရောက် သတ်မပျောက်သေး။ ထိုထက် တိကျ ပိုင်နိုင်သော သတ်နည်းကိုသာစဉ်းစားမှ ဖြစ်ပါမည်။ မည်သို့သတ်မည်နည်း"

ဤတွင် ဒေဝဒတ်က အဓိပ္ပာယ်ရှိရှိ ပြုံးလိုက်လေသည်။ သူ၏ အပြုံးကြောင့် အားလုံးက အာရုံစိုက်လာကြသည်။ ထိုအခါ ဒေဝဒတ်သည် တည်ငြိမ်သော ဣန္ဒြေဖြင့် ဆိုလေတော့သည်။

"အချင်းတို့၊ ငါ့ဒွာဘယ်မျှ ကြံရည်ဖန်ရည် ရှိသည်ကို သင်တို့မသိကြသလော။ ရဟန်းဂေါတမကိုလုပ်ကြံရန်

www.dhammaransi.com



တိကျသော ပိုင်နိုင်သော လွတ်ထွက် မသွားနိုင်ဘော့သော သေချာပေါက် သတ်နည်းတခုကို ငါရရှိထားပြီ ဖြစ်၏။ ထိုသတ်နည်းဖြင့် ရဟန်းဂေါတမအား ငါ သတ်အံ့။ ခေါးလက်နက်စသည်ဖြင့် သတ်ခြင်းကား တခါ သေသာဖြစ်၏။ ဝေဒနာကို အခိုက်အတံ့သာ ခံစား သွားရ၏။ ယခု ငါတွေ့ထားသောနည်းကား အသက်ရှင်လျက်နှင့် မချိမဆန့် ခံပြီး သေနေစေသောနည်း ဖြစ်၏။ ထိုနည်းဖြင့် ရဟန်းဂေါတမအား အရှင်လတ်လတ်ထား၍ ငါသတ်အံ့"

ဤသို့ ဣန္ဒြေသိက္ခာနှင့် ဆိုမြွက်လိုက်သောအခါ အဇာတသတ်မင်းနှင့် တကွ ကောကာလိက စသော ရဟန်းတပည့် လေးဦးတို့လည်း မျက်လုံးအပြူးသားနှင့် ဒေဝဒတ်မြွက်ကြား "လူသတ်တရား"ကို နားရွက်တစွင့်စွင့်နှင့် နားလင့်နေကြကုန်၏။

ဒေဝဒတ်သည် သူ့ပရိသတ်က သူ့အပေါ်၌ အဘယ်မျှ စိတ်ဝင်စားကြောင်း အကဲခပ်လိုက်ပြီးနောက် မိမိ၏အကြံ အစည် မိမိ၏နှလုံးသည်းပွတ်အောက်သို့အားလုံး ရောက်ရှိလာကုန်အောင် တလုံးချင်း သိမ်သွင်းလေ၏။

ဒေ။ "ငါ့အရှင်ကောကာလိက။ သတ္တဝါတို့ မည်သည် လူကိုရိုက်လျှင်လည်း နာ၏။ စိတ်ကို ရိုက်လျှင် လည်း နာ၏။ ဤနာခြင်းနှစ်မျိုးတွင် ဘယ်သင်းက ပို၍ အခံရခက်မည် ထင်သနည်း။

www.dhammaransi.com

ကော။ အရှင်ဘုရား။ လူကိုရိုက်ခြင်းထက်၊ စိတ်ကို ရိုက်က ပို၍ အထိနာပါသည်။ လူကို ရိုက်ကား ခေတ္တခဏ အရှိန်မပြေမီအတွင်းမှသာ နာပါသည်။ အရှိန်ပြယ်လျှင် နာခြင်းလည်း ပြယ်သွားပါတော့သည်။ စိတ်ကို ရိုက်ခြင်းသည်ကား တသက်လုံးမသေမချင်း မျှင်း၍ အမြဲသာလျှင် နာနေပါသည်ဘုရား။

ဒေ။ ကောင်းပြီ ကောကာလိက။ သို့ဖြစ်ဘိသော် လူကိုသတ်ခြင်းနှင့် စိတ်ကို သတ်ခြင်း ယင်းနှစ်ရပ်တွင် လည်းမည်သည့် သေခြင်းမျိုးက ပို၍ ဆိုးလေမည်နည်း။

ကော။ စိတ်ကိုသတ်ခြင်းက ပို၍ အခံရခက်ပါသည်။ လူကိုသတ်ခြင်ကား သတ်ခြင်း အခိုက်အတံ့ မှာသာ ဝေဒနာကို ခံစားရပြီး၊ သေပြီးသည့်နောက်ဘာမျှ သိတော့သည်မဟုတ်သဖြင့်၊ နာရမှန်းမသိတော့ပါ။ စိတ်ကို သတ်ပစ်ခြင်းသည်ကားမသေမချင်းတမျှဉ်းမျှဉ်း နှင့်ခံရမည်ဖြစ်သဖြင့် လွန်စွာမှပင် ကြောက်မက်ဘွယ်ကောင်းလှပါကြောင်း။

ဒေဝဒတ်သည် ထိုအဖြေကို နှစ်ချိုက်သဖြင့်ခေါင်းတညိတ်ညိတ်နှင့် ရှိနေ၏။

"အသင်မင်းသားကော အသို့သဘောရသနည်း"ဟု အဇာတသတ်ဘက်သို့ တချက်လှည့်၍ မေးလိုက်သောအခါ

www.dhammaransi.com



"ဤအတိုင်းပင် သဘောရပါသည်ဘုရား" ဟူ၍ အဇာတသတ်ကလည်း ဖြေလေ၏။ ထိုနောက် ဒေဝဒတ်သည် သူ့ပရိသတ်အား ဤသို့ ယုံလောက်အောင် နားသွင်း လေသတည်း။

"အချင်းတို့။ ရန်သူကို အနိုင်ယူလိုရာ၌ ပူး၍သတ်ခြင်း ခွါ၍သတ်ခြင်းဟူ၍ နည်းနှစ်မျိုးရှိသည့်အနက်တွင် ငါသည်ခွါ၍သတ်နည်းဖြင့် ငါ့ယောက်ဖတော် ရဟန်းဂေါတမအားအကြမ်းဖက်၍ ငါသတ်ကြည့်ခဲ့သော်ငြားလည်း၊ အောင်မြင်မှုကို ငါမရခဲ့ချေ။ မရရုံသာမက ငါ့ကို ရဟန်းဂေါတမက ကြဉ်လိုက်သည်။ ပကာသနီယကံပြု၍ သံဃာ့လောကမှပင် ငါ့ကိုပထုတ်လိုက်ခဲ့ပြီ။

ထို့ကြောင့် နည်းဗျူဟာပြောင်း၍ အနုနည်းဖြစ် ပူးသတ်ရန် အကြံကောင်းတခု ငါလာရ၏။ ငါ့ယောက်ဖအကြောင်းကို ငါကောင်းကောင်းသိ၏။ သူသည် စိတ်နှလုံးနူးညံ့သူ ပျော့ပျောင်းသူ ဖြစ်လေသည်။ ငါ့ကို ပကာသနီယကံပြု၍ ကြဉ်ထား ငြားသော်လည်း အမှားကိုသိ၍ ဝန်ချသယောင် ယောင်နှင့် ရှေးဦးစွာ ရှေးကကဲ့သို့ ဝင်ထွက်သွားခွင့်ရအောင် ကြိုးစားမည်။ အတွင်းသို့ ရောက်ရှိသွားလေသောအခါ သူ၏ အသဲကလီစာကိုကိုင်၍ ငါလှုပ်အံ့"

ဟုဆိုပြီးလျှင် စကားကိုဖြတ်၍ အရိပ်အခြေကို ဒေဝဒတ်အကဲခပ်လေသည်။

www.dhammaransi.com



ထိုအခါ အဇာတသတ်က သိလိုဇောဖြင့် ရှိခိုး၍ တောင်းပန်ခြင်း ပြန်လေတော့သည်။

"ဆက်လက်၍ မြွက်ကြားတော်မူပါဘုရား။ ဤအကြံသည် အဘိုးတန်သော အကြံဖြစ်လိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါသည်ဘုရား"

ဟု လျှောက်နေသည့် ကြား တွင် ကောကာလိက ကလည်း....

"ပွဲသတ်ရန် အကြံကို အကြွင်းမဲ့ ထောက်ခံပါသည်။သို့ရာတွင် စိတ်သွားရာကိုယ်ပါ ဆိုသကဲ့သို့ အကြံအစည် "စိမ်ကိန်း" ကောင်းသလောက် အကောင်အထည်ပေါ်အောင် မဖော်နိုင်ခဲ့လျှင်...."

ဒေဝဒတ်က လက်ကာလျက်

"ကောကာလိက။ ဤသည်ကို သင်မတွေးလင့်။ ဤအရာကား သင့်အရာမဟုတ်။ ငါ့တာဝန်သာ ဖြစ်ချေသည်။မဖြစ်နိုင်သောအရာ၊ အကောင်အထည် မဖော်နိုင်သောအလုပ်ကိုငါ မလုပ်"

"ဘုရားလုပ်၍ သူကျင့်သော သိက္ခာကိုလည်း ငါတို့သိရပြီ။ သံဃာတို့အား သူဟောကြား ဆုံးမနေသော နည်းနာနိဿယ များကိုလည်း ငါတို့ကြားရပြီး ဖြစ်သည်။ ဘုရားကျင့်ဝတ်၊ မချွတ်စေရ။ အသားကျကျ ငါတို့ ရရှိထားပြီးဖြစ်သည်။ ဤသည်တို့ကား -- ဘုရားလုပ်ငန်းတွင် ထူး၍မဆန်းသော အရာများသည်

www.dhammaransi.com



သာတည်း။ ထိုထက်သာ၍ ခြိုးခြံစွာ ကျင့်ရသော သိက္ခာပုဒ် ငါးပုဒ်ကို ရဟန်းတို့အား ပညတ်ပေးပါရန်၊ ငါ့ယောက်ဖထံ ငါဝင်၍ တောင်းဆိုအံ့''

ဤသို့မြွက်လေသောအခါ တဆင့်ကတဆင့် သာ၍သာ၍နား စွင့်လာကြကုန်၏။

''သိက္ခာပုဒ် ငါးရပ်ဆိုတာက နောက်ထပ်အသစ် ပညတ်ပေးဘို့ကို ဆိုလိုပါသလားဘုရား''

ဟူ၍ ကောကာလိက က ထောက်၍ပေးလျှင်။ သိချင်ဇော အားကြီးလှသော အဇာတသတ်မင်းက

''အရှင် ကောကာလိက သည်းခံတော်မူပါ''

ဟု လျှောက်ထားပြီးနောက် ''ဆက်လက်အမိန့်ရှိတော်မူပါ၊ မည်သည့်သိက္ခာပုဒ်များကို တောင်းဆိုပါမည်နည်းဘုရား''

ဟူ၍ မေးလျှောက်လေ၏။ ထိုအခါ ဒေဝဒတ်သည် လက်နက် ကောင်းသဖွယ်၊ အနီးကပ် ပူးသတ်ရန် ကြံရွယ်ထားအပ်သော သိက္ခာပုဒ်ငါးရပ်ကို ဤသို့ ဖေါ်ထုတ် မြွက်ကြားလေသတည်း။

''အချင်းတို့။ ရဟန်းဂေါတမထံ ဝင်ရောက်၍ ငါ တောင်းဆိုအံ့သော သိက္ခာပုဒ် ငါးရပ်ဟူသော်ကား

(၁) သာသနာသို့ သက်ဝင်၍ ရဟန်းပြုလေသူတိုင်းကို ရာသက်ပန် အာရညတင် မူတင်ဆောင်ပါစေ-။ တော၌ နေကာ တောရ ဆောက်တည်ပါစေ-။

www.dhammaransi.com



အကြင်ရဟန်းသည် ရွာနီးကျောင်း၌ နေငြားအံ့၊ ထိုရဟန်းအား ဂရုက အာပတ်သင့်ပါစေ။

(၂) သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုလေသူတိုင်းကို ရာသက်ပန် ဆွမ်းခံ၍ စားပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့ လှူဒါန်းသော ဆွမ်းကိုစားသင့်ငြားအံ့ ထိုရဟန်းအား ဂရုကအာပတ်သင့်ပါစေ—။

(၃) သာသနာ့ ဘောင်သို့ ဝင်၍ ရဟန်း ပြုလေတိုင်းကို ရာသက်ပန် သုသာန် တစ၊ သင်းချိုင်းဝမှ ရသောပံ့သကူသင်္ကန်းကို ဝတ်ရုံပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံ သုံးစွဲလေငြားအံ့။ထိုရဟန်းအား ဂရုကအာပတ်သင့်ပါစေ—။

(၄) သာသနာ့ ဘောင်သို့ ဝင်၍ ရဟန်း ပြုလေတိုင်းကို ရာသက်ပန် သစ်တပင်ရင်း၊ ဝါးတပင်အောက်မှာသာနေပါစေ၊ အကြင်ရဟန်းသည် ဒါယကာတို့ လှူဒါန်းသော ကျောင်း၌ နေငြားအံ့။ ထိုရဟန်းအား ဂရုက အာပတ်သင့်ပါစေ—။

(၅) သာသနာ့ ဘောင်သို့ ဝင်၍ ရဟန်းပြု လေသူတိုင်းကိုရာသက်ပန် ငါး၊အမဲကို မသုံးဆောင်ဘဲ သက်သတ်လွတ်ကိုသာ စားပါစေ။ အကြင် ရဟန်းသည် ဒါယကာတို့လှူဒါန်းသောအမဲသားငါးကို စားငြားအံ့။ ထိုရဟန်းအား ဂရုကအာပတ်သင့်ပါစေ’’

www.dhammaransi.com



''အရှင်ဘုရား။ ဤငါးပါးသောအကြောင်းတို့သည် အလို နည်းခြင်းငှာလည်း သင့်ပါသည်။ ရောင့်ရဲခြင်း ငှာလည်း သင့် ပါသည်။ ခေါင်းပါးခြင်းငှာလည်း သင့်ပါသည်။ ကိလေသာ အသိုက်အအုံကြီး ပျက်အောင် ဖျက်ဆီးခါ၊ ဒကာဒကာမ တို့ ကြည်ညိုခြင်းငှာလည်း သင့်ပါသည်။ သို့ပါသောကြောင့် ဤသိက္ခာပုဒ်ငါးရပ်တို့ကို ရဟန်းသံဃာတို့အား ပညတ်တော် မူပါဟု ငါဝင်ရောက် တောင်းဆိုအံ့။ သင်တို့ အနေဖြင့် မည်သို့ သဘောရကြသနည်း''

ဟုမေးသောအခါ၌ကား အားလုံးကခေါင်းတခါခါဖြစ်နေကုန် လေသောကြောင့် ဒေဝဒတ်မှာမျှော်လင့်ချက်နှင့် မကိုက်သဖြင့် ကြောင်စီစီ ဖြစ်သွားလေ၏။

ယင်းကိစ္စနှင့်ပတ်သက်၍ ကောသာလိက က သူ၏ယူဆချက် ကိုလျှောက်ထားလေသည်ကား....

''အရှင်ဘုရား။ အရှင်ဘုရား၏ တောင်းဆိုချက် များမှာ အလွန်ကောင်းပါသည်။ အကောင်းလွန်နေပါသည်။ သို့သော် တဘက်စွန်းသို့ ရောက်လွန်းနေ သဖြင့် မည်သည့် နည်းနှင့်မျှ ခွင့်ပြုလေမည်မဟုတ်။ ရဟန်းဂေါတမက....

''ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ''

ဟု တားမြစ်ထားချက် များကို အရှင်ဘုရား မေ့နေပြီ လော့။ အရှင်ဘုရား တောင်းဆို လိုက်သော သိက္ခာပုဒ်များ ကားတဖက်စွန်း ရောက်နေသော သိက္ခာပုဒ်များ သာတည်း။

www.dhammaransi.com


သာသနာ့ဝန်ထမ်း ရဟန်းတို့၏ ဆင်းရဲ ပင်ပန်းမှုကို ရှေးရှု ဦးတည်သော သိက္ခာပုဒ် များသာတည်း။

ရှင်ဂေါတမကား ဤသို့တဘက်စွန်းရောက်မှုမျိုးကို အလျင်း ပင်မလိုလားချေ။ ဤသည်ကို မသိ၍ ဤသိက္ခာပုဒ်များ ပညတ် ပေးရန် အရှင်တောင်းဆိုဘိသလော"

ဟု ကဲ့ကဲ့ရဲ့ရဲ့ မဲ့ရွဲ့ကာ ပြောဆိုလိုက်လေသောအခါ ဒေဝဒတ် သည် ဤအပြောကို အလွန်သဘောကျ သွားသည် အားလျော် စွာ ဟားတိုက်၍ ရယ်လိုက်ပြီးနောက် ပြောင်မြောက် လှစွာ သောအသံဖြင့်ဆိုလေသည်ကား ....

အချင်းတို့။ ငါသည် ဤယုန်ကို မြင်လေ၍ ဤချုံ ကို ထွင် လိုက် ခြင်း ဖြစ် ပေ သည်။ ဤ သိက္ခာ ပုဒ် ငါးရပ်ကိုသူ့အနေဖြင့်မည်သည့်သည့်နည်းနှင့်မျှပညတ် ပေးမည်မဟုတ်၊ ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်းကို ငါ အတတ်သိသဖြင့် တမင်တောင်းဆိုခြင်း ဖြစ်ပေသည်။ လူတို့ သဘောကား သူများထက်ထူးမှ ဖူးမြော်ချင်၊ ကြည်ညိုချင်၊ လှူဒါန်းချင်ကြ၏။

ဤသိက္ခာပုဒ် ငါးရပ်တို့ကို အတန်ငယ် အဆင်းရဲခံ ငါတို့ကျင့်ပြခဲ့သော် လူတို့သည် ငါတို့ဆီသို့ ဦးတည်လာ ကုန်လိမ့်အံ့။ လှူဒါန်းသူ ပူဇော်သူ မရှား ဖြစ်ကုန် လတ္တံ့။ ရဟန်းတို့အားလည်း ဤအကျင့်ဖြင့် ဘန်းပြ လျက် ငါတို့အလိုပါအောင် ဆွဲဆောင် သိမ်းသွင်း၍ ယူအံ့။

www.dhammaransi.com


ထိုအခါ ရဟန်းဂေါတမကား အခြွေအရံကင်း၍ တမျှဉ်းမျှဉ်းနှင့် နွေ့စဉ် စိတ်ဆင်းရဲခြင်း ဖြစ်နေရသည် နှင့်အမျှ ငါကား ဗုဒ္ဓစင်စစ်ဖြစ်လာတော့အံ့။

ဒေဝဒတ်က ဤသို့အကျိုးအကြောင်းရေလည်အောင်ရှင်းပြလိုက်သောအခါ ထိုအကြံကိုအားလုံးကလက်ခံကြရုံမက "ကေန်ဘုရားဖြစ်မည့် သဗ္ဗညုတဉာဏ်တော်ရှင်ပေတကား" ဟူ၍လည်း ချီးကျူးကြကုန်လေသတည်း။

ထိုအခါတွင်မှ အဇာတသတ်မင်းမှာလည်း ဒေဝဒတ်အတွက် တအားတက်လာလေသည်။

"ငါ့ခမည်းတော်သေမည့်ရက်နှင့် ဒေဝဒတ် ဘုရားဖြစ်လာမည့်ရက်သည် တဆက်တည်းပင် ဖြစ်လာဘွယ်ရာ ရှိပေသည်။ တထပ်တည်းပင် ဖြစ်စေရမည်"

ဟုချင့်ပြီးလျှင်....

"အရှင်ဘုရားလည်း ဤကြံအတိုင်း အမြန်ဆုံး ဘုရားအဖြစ်သို့ ရောက်အောင် ကြိုးစားတော်မူပါ။ တပည့်တော်၏ တွက်တာကား စိုးရိမ်ဘွယ်မရှိ။ ယခုအချိန်ဆိုလျှင် ခမည်းတော်သည် ဇီဝိန်ကြွေရှာရော့မည်"

ဟူ၍ အားရဝမ်းသာ လျှောက်ထားနေသော် ငြားလည်း ခမည်းတော်မင်းကြီးကား အဇာတသတ်၏အထင်ကို ဆန့်ကျင်လျက်ပင်ရှိနေသတည်း။ ။

# ၁၁

ပန်းထုံတပျံ့ပျံ့၊ရနံ့တလှုလှုနှင့် သင်းသင်းကြူ မွှေးနေသော ဖက်ကို ဖက်ရွက်နှင့်ထုပ်လျှင် မွှေးသောရနံ့သည် တပျံ့ပျံ့ ဖက်ရွက်သို့ ကူးစက်ကာ ဖက်ရွက်လည်းမွှေး၊ ပန်းလည်းမွှေး ဖြစ်ရချေ၏။

ထို့အတူပင် အပုပ်နံ့ တထောင်းထောင်းနှင့် နွားခေါင်း ရှုံ့လောက်အောင် နံစော်နေသော ငါးပုပ်ကို ဖက်နှင့်ထုတ်လျှင်လည်းအပုပ်နံ့သည်ဖက်ရွက်သို့ကူးစက်ကာ ဖက်ရွက်လည်း ပုပ် ငါးလည်းပုပ် ဖြစ်ရချေ၏။

မွှေးသောပန်းသည် ရဟန်းမင်း ဖြစ်တော်မူသော ဘုရားသခင်နှင့်တူ၍၊ သိုးပုပ်၍အူနေသော ငါးပုပ်ကား ဒေဝဒတ်နှင့်အလား တူ၏။ ဗိမ္ဗိသာရမင်းကြီးနှင့် သားတော် အဇာ

www.dhammaransi.com



တသတ်။ ဤသားအဖနှစ်ယောက် တို့ကား ဖက်စိမ်းရွက်များနှင့်အလား တူကုန်၏။

ယင်းနှစ်မျိုးအနက် ဗိမ္ဗိသာရမင်းကြီးတည်းဟူသော ဖက်ရွက်ကားဘုရားတည်းဟူသောပန်းကို ထုပ်မိသဖြင့် လေချိုသွေး လေတိုင်းမွှေးသော်လည်း၊ သားတော် အဇာတသတ် ဖက်ရွက်မှာကား ဒေဝဒတ် တည်းဟူသော ငါးပုပ်ကို ထုပ်မိရက်သား ဖြစ်နေသဖြင့် အပုပ်နံ့ တလှောင်းလှောင်းနှင့် မြင်မကောင်း အောင်ဖြစ်နေသတည်း။

ထောင်နန်းစံ ဗိမ္ဗိသာရ မင်းကြီးကား သူ့ သားတော် အပေါ်၌ မျှော်လင့်ချက် မကုန်သေးချေ။ လိမ္မာရေးခြား ရှိလှစွာသောငါ၏အသွေးအသားတို့၌အတွင်းမှအဆီစစ်၍အနှစ် ကျကျထွန်းကား ရရှိလာသော ငါ၏သားကော်ကား တနေ့ တွင် အမြင်မှန်ရ၍ ငါ့ကိုလွှတ်လိမ့်မည်။ ငါခံရ လျှင်လည်း အခိုက်အတန့်သာ ဟူ၍ သားတော်က လွှတ်မည့် ရက်ကိုသာ နေ့ရှိသမျှ တွက်မိတော်လည်း သူ၏နေရေး၊ထိုင်ရေးကား တနေ့ ထက်တနေ့ ကျဉ်းသည်ထက်ကျဉ်း၍ ကြပ်သည်ထက် ကြပ်ကြပ် လာသည်ကိုပင် သတိမထားရက်ချေ။

ဝေဒေဟီ မိဖုရားကြီးကား ဗိမ္ဗိသာရမင်းကြီး သုံးဆောင် တော်မူရန် အတွက် လျှို့ဝှက်နည်း အမျိုးမျိုး တို့ဖြင့် အဟာရ များကို ခိုးကြောင်ခိုးဝှက်နှင့် ကျွေးမွေးလာခဲ့ရာက သားတော် ၏ အမိန့်ဖြင့် အရှာအဖွေ အဖမ်းအဆီး များသောကြောင့်

www.dhammaransi.com



နောက်ဆုံးတွင် အဝတ်အစားများ ချွတ်မပြရုံတမယ် အခြေမျိုး ဆိုက်လာသဖြင့် ထောင်တွင်းသို့ အစာအဟာရ သွင်းယူရန် မလွယ်အောင် ဖြစ်လာသည်။

အရှာအဖွေ အဖမ်းအဆီးများ များနေသည့်ကြားမှ တခါ တရံ လွတ်သွား၏။ သို့သော်ပါလာသော အစား အစာမှာ များများစားစား မဟုတ်သောကြောင့် ဗိုမ္မိသာရမင်းကြီးမှာ စားရသော်လည်း အာသာမျှပင်ပြေသည်မှုရှိခဲ့။

တခါတရံတွင် လျှို့ဝှက်စွာယူလာသည်ကို အစောင့်များ မိသွားသဖြင့် လုံးဝမစားရသော နေ့များလည်း ရှိချေ၏။ သို့နှင့်ပင် ထောင်နန်းစံ ရသည့် အချိန်မှစ၍ အဟာရကို ဝအောင် သုံးဆောင်ရသည် ဟူ၍ မရှိ။ ပြတ်တလှည့် ငတ်တလှည့်နှင့်သာ နေလာခဲ့ရသည်။

အခါတွင်မူ မင်းကြီးသည် အလွန်ဆာလောင် မွတ်သိပ်လှသောကြောင့် ဝေဒေဟီကို တောင့်တနေမိ၏။ ဝေဒေဟီလာ ခဲ့သော် များများ မဟုတ်စေ ဦးတော့ စားသောက်ဘွယ် အနည်းငယ်တော့ ပါလာကောင်းလေငဲ့ ဟူ၍ မျှော်လင့်နေစဉ် တွင် ထောင်တံခါးဝတွင် ရိပ်ကနဲဝေဒေဟီကို မြင်လိုက်ရသော အခါ အလွန်ဝမ်းသာ သွားလေသည်။

ဝေဒေဟီလည်း ဆောလျင်စွာပင် ထောင်တွင်းသို့ပြေးဝင် သွားပြီး မင်းကြီး မျှော်လင့်သည့် အတိုင်း လျှို့ဝှက်စွာ ယူ ဆောင်လာသော မုန့်ကိုမင်းကြီးအား ကျွေးလေသည်။

www.dhammaransi.com



မင်းကြီးလည်း ဆာလောင် မွတ်သိပ်လွန်းသဖြင့် ကမန်းကတန်းအငန်းမရ ပလုပ်ပလောင်း ပါးစပ်ခေါင်းထဲသို့ သွင်းနေသည့်အခိုက် လက်ကို ပုတ်ချလိုက်သည့် အလား အစားမစားနိုင်ရှာတော့ဘဲ ပါးစပ်အဟောင်းသားနှင့် ထောင်တံခါးဝဆီသို့ ပြူးကြောင်ကြောင် ကြည့်ကာ မှင်သက်မိနေရှာလေ၏။

"ဟယ်မင်းချင်းတို့။ သင်တို့ကား အမှုထမ်း ပေါ့လျော့ဘိစွ။ဟိုမှာ အစာကျွေးနေသည်၊ အစာစားနေသည်မဟုတ်လော။သို့ကြောင့်ပင်မသေနိုင်လျှင်းဘဲမျှဉ်းခံနေခြင်း ဖြစ်သည်။ နောင်ကို မယ်တော် ဘုရား အား ထောင်တွင်းသို့ လုံးဝဝင်ခွင့်မပြုရ"

မင်းကြီးနှင့် မိဖုရားကြီးသည် အမိန့်ပေးသူကို လှမ်းကြည့်ပြီး ခိုးထုပ် ခိုးထည်နှင့်တကွ ဖမ်းမိခြင်းခံရသူသဖွယ် မျက်စိသူငယ်နှင့် ဖြစ်နေကြသည်။ ထိုအမိန့်ပေးလာသူကား အခြားသူမဟုတ်။ရင်နှစ်သည်းချာ သားအဇာတသတ်ဖြစ်ပါသတည်း။

"သေတန်လောက်ပြီ ဖြစ်ပါလျက် အဘယ့်ကြောင့် မသေသနည်း"

ဟုတစေ့တစောင်းကိုယ်တိုင် လာ၍အကဲခတ်သော အဇာတသတ်ကိုမြင်ရသောအခါ ဗိမ္ဗိသာရ မင်းကြီးသည် သား၌ဖြစ်သော ချစ်ဇောဟုန်ဖြင့်....

"သားတော်"

www.dhammaransi.com



ဟုခေါ်လိုက်ပြီး သော်လည်း ဝမ်းသာဝမ်းနည်း ဒွန်တွဲသော အလုံးကြီးက လည်ချောင်းဝတွင် တစ်ဆို့နေ သဖြင့် အသံကား ထွက်မလာဘဲ မျက်ရေများသာ ရွဲ၍ရွဲ၍ လှိမ့်ဆင်းနေ၏။

ဝေဒေဟီမိဖုရားကြီးမှုကား "သားတော်" ဟု ခေါ်ရင်း မင်းကြီးအပါးမှ ထ၍ အဇာတသတ်ဆီ ပြေးသွားပြီးနောက် အပူမီးတောက် ရွှေစိတ်ပေါက်လှလေရကား....

"ဟယ်....သားယုတ်။ နင်သည့်လောက်တောင် မိုက်တွင်းနက်ရာသလော။ မွေးကျိုးမနပ်၊ ငါ့ဝမ်း ရေစပ်ဘိစွ။ နင်ငါ့ကိုကောဘာ့ကြောင့် မသတ်သနည်း။ သတ်ပါဦးလော့"

ဟုပြောပြောရိုက်ရိုက် အဇာတသတ်၏ပါးကိုဖြန်းကနဲ ရိုက်လိုက်လေသည်။

အဇာတသတ်သည် မယ်တော် ရိုက်လိုက် သည့် ပါးကို လက်ဝါးဖြင့်ညင်သာစွာပွတ်နေ၏။

ဗိမ္ဗိသာရမင်းကြီးကား မရှုရက်ရှာချေ။ သားကို လွန်စွာချစ်မြတ်နိုးတော် မူလာခဲ့သည့် အလျောက် ယခုကဲ့သို့ မိမိမျက်စိအောက်တွင် သူ့သားတော် ပါးရိုက်ခံရသည်ကို မြင်လိုက်ရသောအခါ မျက်လုံးများပင် ပြာသွားလေသည်။

ထိုကြောင့် ဗိမ္ဗိသာရမင်းကြီးသည် အစာမရှိသဖြင့် ချိနဲ့အားနည်းနေသော မိမိခန္ဓာကိုယ် ဟောင်ကြီးကို ကတုန်

www.dhammaransi.com


ကရင်ဒရီးဒယိုင်နှင့် သယ်ဆောင်လျက် တံခါးဆီသို့ ထလာလေ၏။

အဇာတသတ်သည် အမှတ်မထင်ခမည်းတော်လာနေသည်ကို မြင်လျှင် တံခါးဝကိုလျင်မြန်စွာပိတ်စေလေ၏။မင်းကြီးသည် ...

"ဝေဒေဟီ"

ဟုအသံပေးလိုက်၏။ မိဖုရားကြီးသည် အသံလာရာဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သော အခါ သံတိုင်များကြားမှ ခေါင်းပြူနေသော မင်းကြီးကို တွေ့ရလေ၏။

"အဘယ်ဝေဒေဟီ...၊ပြည်ကြီးသခင် ငါ့သားတော် ဘုရင်ကို ဘောက်မဲ့ ကြောင့် စော်ကားရဘိသတုန်း။ ငါ့မှာ ဝဋ်ရှိ၍သာ ခံရသည်။ ငါ့ဝဋ်နှင့်ငါ ရှိစေတော့။ ငါ့ သားတော်ကို သင်မည်သို့မျှ ပြောစရာမလို၊ ဝင်ရောက် နှောက်ယှက်စရာမလို သားတော်၏ အလိုအတိုင်းသာ ဖြစ်ပါစေ"

ဟု ဟန့်တားလေ၏၊ သို့သော် မိဖုရားကြီးကား ရက်စက်လေခြင်းဟူ၍ ယူကျုံးမရ ဖြစ်နေသည့် အရှိန်ကြောင့် မင်းကြီးကို လက်ယှက်ရှိခိုးကာ—

"နှမတော်ကို ခွင့်လွှတ်ပါမောင်တော်"

ဟု ပန်ကြားပြီးနောက် အဇာတသတ်ကို လက်ညှိုးတငေါက်ငေါက်ထိုးကာ ထိုးကာနှင့်"

"ကံကြီး ထိုက်မဲ့ သားမိုက်။ ငါ့ကိုပါ နှစ်လောင်းပြိုင်သတ်လိုက်ပါတော့လား။ သင့်ခမည်းတော် မရှိက လူ့ပြည်မှာ ငါမနေလို။ အဖကိုသတ်သောသား၏ မယ်တော် ဟူ၍လည်း ငါအခေါ်မခံနိုင်—၊ သတ်–သတ်–ငါ့ကိုပါသတ်"

www.dhammaransi.com



ဟူ၍ မယ်တော်က သားကို ရှန်တွေ့ နေသည့် ကြားတွင် ဗိမ္ဗိသာရမင်းကြီးကား သား၏ မျက်နှာကို မြင်ရ နိုးနိုးနှင့် စောင်းကာ ငဲ့ကာ သံတိုင်ကြားက ကြည့်သော်လည်း မျက်နှာကို မမြင်ရသည့် အဆုံးတွင်—

''သားတော်မောင်—။ သည်ဘက်ကို ခဏ မျက်နှာလေး လှည့်ပေးပါလား သားတော်ရယ်.. ခမည်းတော် မသေခင် သားတော်ရဲ့ မျက်နှာကလေးကို ဝဝ ကြည့်သွားပါရစေ။ ခမည်းတော်မှာ ဝဋ်ရှိလို့ ခံရသည်။ သားတော်မှာ အပြစ်မရှိ ...''

ခမည်းတော်က သံတိုင်ကြားမှ တ တွတ် တွတ် ပြောနေသော စကားကို ကြားသော်လည်း အဇာတသတ်ကား တချက်မျှပင် လှည့်၍မကြည့်လေ။ ကြာသော် နားပူ လာဟန် တူ၏။ သူသည် လက်နှစ်ဘက်ယှက်၍ မယ်တော်ကို ရှိခိုးလျက်–

''အဆောင် ပေါ်ကိုသာ ပြန်ကြွတော်မူပါ မယ်တော်... သားတော်ကိစ္စနှင့်သားတော် ရှိပါစေ''

ဟု တောင်းပန်ပြီး မင်းချင်း ယောကျ်ား များအား....

''ဟေ့ မယ်တော်ကို အဆောင်ပေါ် ခေါ်သွားကြ။ နောင်ကို ထောင်တွင်းသို့ အလျဉ်း မကပ်စေနှင့်။ ထောင် တံခါးကို လုံအောင် ပိတ်ထား။ ခမည်းတော် သေပြီဆိုသော သတင်း စကားကို ငါမြန်မြန် ကြားလိုသည်....''

www.dhammaransi.com



ဤသို့ မြွက်ပြီး ထွက်သွားလေ၏။ ဗိမ္ဗိသာရ မင်းကြီးကား အထင်နှင့်အမြင် ကွာခြားလှသော သားအဇာတသတ် သွားရာကို မြော်၍ ကြည့်ရင်း အာခံတွင်းမှ အစာများ တစေ့ချင်း တစေ့ချင်း ထွက်ကျကုန်လေ၏။

ထိုအချိန်တွင် ဝေဠုဝန် ကျောင်းတော်၏ ပတ်ဝန်းကျင်၌ ရဟန်းသံဃာများ စုရုံး စုရုံးနှင့် နေကြကုန်၏။

''ဒေဝဒတ်နှင့် အပေါင်း ပါတို့ ဗုဒ္ဓထံ ဘာလာနှောက်ကြမည်မသိ''

ဟု ဆိုသူက ဆိုကုန်၏။ အချို့ကလည်း....

''သူ့အမှားကို ဝန်ချ တောင်းပန်ဘို့ လာတာများ ဖြစ်လေမည်လား''

ဟု တွေးသူက တွေးကုန်၏။ အချို့တို့ကလည်း —

''ကျီးကန်းများ ပက်လက်ပျံ လျှင်သာပျံကြမည်။ ဒေဝဒတ်ကား ဘယ်အခါများမှအမှားကို ဝန်ခံလေမည် မဟုတ်''

ဟု ထင်ကြေးပေးသူက ပေးကုန်၏။ အချို့ကလည်းဒေဝဒတ်ကို စိတ်မချရလေသည့်အလျောက်။

''မတော်တဆ အကြံ၍ အရေးပေါ် ခဲ့သော်—''

ဟူသော ဗုဒ္ဓကို စိုးရိမ်စိတ်နှင့် ဒုတ် တောင်ဝှေး လက်နက်စွဲကိုင်လျက် ကျောင်းအောက်က စောင့်သူက စောင့်နေကုန်၏။

ကျောင်းပေါ်၌ ဒေဝဒတ်နှင့် ကောကာလိကတို့ကား နဂိုကစည်းလားရိုက်ထားသည့်အတိုင်းပင်ဗုဒ္ဓထံတော်၌ ရဟန်းတို့အား သိက္ခာပုဒ် ငါးရပ်ကို ပညတ် ပေးတော်မူရန် ဒေဝဒတ်က တောင်းဆိုလျက်ရှိချေ၏။ ထိုအခါ မြတ်စွာဘုရားသည် ချိုသာ

www.dhammaransi.com


သော အသံတော်ဖြင့် ဒေဝဒတ်အား မြွက်ကြားတော် မူလေသည်ကား....

"ချစ်သား ဒေဝဒတ်–။ သင်တောင်းပန်အပ်သော အကြောင်း များကား သာသနာတော် အဓွန့်ရှည် ကြာရှည်စွာ တည်ရာအကြောင်းများမဟုတ်။မုဒိန္ဒြိယ၊ ဒွါတဂါရပုဂ္ဂိုလ်တို့အား တိက္ခိန္ဒြိယ၊ သွာဘဂါရ ဖြစ် အောင် ဆောင်အံ့သော အကြောင်းများ မဟုတ်။ သို့ ကြောင့်ရကား–ဤ သိက္ခာပုဒ် ငါးပါးကို ငါဘုရား ပညတ်ရန်မသင့်။ ဆင်းရဲမှ လွတ်ခွင့်ကိုအလိုရှိသူတို့အား လွတ်ရာလွတ်ကြောင်းဖြစ်သော"မဇ္ဈိမပဋိပတ်တရား" ကို ငါဘုရား ပညတ်တော်မူပြီးဖြစ်၍–

(၁) ငါ၏တပည့်သားသံဃာသည် အာရညကင် ဓုတင် ဆောင်ယူ၍ တော၌ နေလို သူလည်း နေစေ–။ ရွာနီးကျောင်း၌နေလိုသူလည်း နေစေ–။

(၂) ပိဏ္ဍပတ် ဓုတင်ဆောင်လို သူလည်း ဆောင်စေ။ ဒါယကာတို့ ဖိတ်မန် လှူဒါန်းသော ဆွမ်းကို သာယာလိုသူလည်း သာယာစေ။

(၃) ပံ့သကူ ဆောင်လိုသူလည်း ဆောင်စေ။ဒါယကာ တို့ လှူဒါန်းသော သင်္ကန်းကို ဝတ်လို သူလည်း ဝတ်စေ။

(၄) တန်ဆောင်မုန်းလပြည့်မှစ၍ နယုန် လပြည့်တိုင် အောင်ရှစ်လ၏အတွင်း သစ်တပင်ရင်း၊ ဝါးတ ပင်အောက်၌နေခြင်း တည်းဟူသော ရုက္ခမ ဓုတင် ကိုလည်း ငါပညတ်ပြီ။

www.dhammaransi.com



(၅) လူတို့တန္တိ၊သက်လေဘိသည်ကို မိမိကိုယ်တိုင် မမြင်သော ရည်၍ သတ်ခြင်း၊သတင်းကိုလည်း မကြားရသော ငါ့ကို ရည်ကာ သတ်သည် သာဟု ရွံ့ရှာခြင်းလည်း မရှိသော ဤသို့အားဖြင့် အစွန်း သုံးပါးမှ စင်ကြယ်သောအသားကို စားစိမ့်ငှာလည်း ငါ ပညတ်တော်မူပြီ။ အလို ရှိရာကို ကျင့်ကြပါစေ''

ဤသို့ မိန့်တော် မူလေသော် ဒေဝဒတ်သည် မိမိ ထောင်ဖမ်းလိုက်သော ပိုက်တွင်း၌ ကွဲကနဲ မိနေပြီ ဖြစ်သောကြောင့် ကောကာလိကကို ပြုံး၍ ကြည့်လိုက်၏။ ကောကာလိကလည်း အလွန်နှစ်သက်သည့် လက္ခဏာ ခေါင်းတညိတ်ညိတ်နှင့် အခြားရဟန်းဘက်သို့ လှည့်၍ ကြည့်လေ၏။

ဒေဝဒတ်နှင့်အပေါင်းပါ ရဟန်းတစု တို့သည် ဗုဒ္ဓ၏ အထံတော်မှ ဖဲခွါ ခဲ့ကြပြီးနောက် ဂယာသီသသို့ မပြန်လိုဘဲ ဝေဠုဝန် ကျောင်းတိုက်ကြီးအတွင်းရှိ ကျောင်းတကျောင်းကိုဝင်၍ သိမ်းသွင်းစည်းရုံးလေသတည်း။

''ငါ့ရှင်တို့ ...။ သင်တို့ဆရာ ဂေါတမလည်း ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ရာ ဖြစ်သော အကျင့်ကောင်း ငါးတန်ကို ငါ၏တောင်းပန်ပါလျက်နှင့် မလိုက်နာချေ။ သက်သာရာကို လိုက်စား၍ တပည့် ပွားစိမ့်သောငှာသာ ကျင့်နေဘိ၏။လာဘ်များစိမ့်သောငှာသာ ကျင့်ဘိ၏။ နိဗ္ဗာန် ရောက်ကြောင်း ကိုကား သူမကျင့်လေ။

www.dhammaransi.com



ထို့ကြောင့် ငါသည် ယောက်ဖတော် ဂေါတမနှင့် သင်းခဲ့တော့အံ့။ ဝဋ်ဆင်းရဲမှ လွတ်လို သူတို့သည် ငါ့ ထံသို့ လိုက်ခဲ့ကုန်လော့။ ငါကျင့်တိုင်းကို ကျင့်လှည့်ကုန်လော့...''

ဒေဝဒတ်သည် အကျင့်အားဖြင့် ယုတ်သော်လည်း အဟော အပြောတွင် နှုတ်စ အာစ ကောင်းသူ ဖြစ်တော့ကြောင့် သူ့စကား သူ့တရားကို ကြားနာရလျှင် ယုတ်စွအဆုံး သူ၏ ဘက်တော်သား ဖြစ်မသွားသည် တိုင်အောင် ဒေဝဒတ် ပြောတာ ဟုတ်သလိုလို ပါကလားဟူ၍ နားယောင် သွားစေနိုင်၏။

ဤသို့လျှင် ဒေဝဒတ်သည် သူ၏အပြောကောင်း အဟော ကောင်း အာစ လျှာစ အားကိုးဖြင့် ခြင်္သေ့မင်း၏ဂူတွင်းဝသို့ မြေခွေးမိုက်ဝင်၍ အောင်းလေဘိသကဲ့သို့ ဘုရားသခင်သီတင်း သုံးတော်မူလျက်ရှိသော ဝေဠုဝန် ကျောင်းတိုက်ကြီးအတွင်း တကျောင်းဆင်း တကျောင်းတက် အားဖြင့် သံဃာများကို အတင့်ရဲစွာ သိမ်းသွင်း စည်းရုံးခြင်း ပြုလေတော့သည်။

သူ၏စည်းရုံးချက်ကား မျက်နှာဘန်းပြ အလွန်လှ၏။ ခိုးခြံမှု အလိုနည်းမှု ရောင့်ရဲမှုများကို ရှေ့တန်းတင်ပြီး ရွှန်းရွှန်းဝေအောင် သရုပ်ဖော်၍ဟောလေသည်။ ရဟန်းဖြစ်လျှင် အလိုနည်းရမည်။ ရောင့်ရဲလွယ်ရမည်။ လောဘရမက် အားကြီးလျှင် ရဟန်းပြုရန်မသင့်။ ပစ္စည်းဥစ္စာကို များစွာစုပြီး၊ ကောင်းကောင်းဝတ် ကောင်းကောင်းစား ကောင်းကောင်းသွားလာ ချင်လျှင် လူဝတ်ကြောင်ဘဝနှင့် နေဘို့သာရှိပေသည်။ ယခုမူ ရဟန်းဂေါတမကား ဤသို့မဟုတ်ပြီ။ ရဟန်းတို့အား သင်္ကန်း ဝတ်ထားစေပြီး လူကျင့် ကျင့်၍ လူကဲ့သို့နေစေသည်။

www.dhammaransi.com



"သာသနာ့ ဝန်ကို ထမ်းဆောင်နေသော ရဟန်းသည် အစားအသောက်နှင့် ပတ်သက်၍ စားကောင်းသောက်ဘွယ် အရသာရှိရှိ အဆီအဥများကို စားနိုင်သည်။ ရွှေကျောင်းကြီးပေါ်မှာစံပျော်ပြီး ပိုးဖဲကတ္တီပါ သင်္ကန်းများကို ဝတ်နိုင်သည်။ သက်သတ်လွတ်ရှောင်နေစရာမလို။ သစ်တပင်ရင်း ဝါးတပင်အောက်မှာ နေစရာမလို မိမိနှစ်သက်သလို နေနိုင်သည်"

ဤသို့ လွတ်လွတ်လပ်လပ် လူမှုရေးတံခါးကြီး ဖွင့်ပေးထားခြင်းမှာမသင့်။ လူတို့နှင့် ထူးခြားမှု အဘယ်မှာ ရှိတော့မည်နည်း။

ငါက စားမှု သောက်မှု ဆင်ယင်ထုံးဖွဲ့မှု နေမှုထိုင်မှုက အစ လူနှင့်ရဟန်း ကွဲကွဲပြားပြားဖြစ်အောင် သိက္ခာပုဒ်များ ပညတ်ပေးဘို့ တောင်းဆိုသော်လည်း ရဟန်းဂေါတမက ခွင့်မပြုချေ။ သူခွင့်ပြုထားသော ရဟန်းဘဝမျိုးကား အပေါစားဆန်လှသည်။

ငါတို့ဆန္ဒကား ရဟန်းဖြစ်လျှင် ရဟန်းကျင့် ကျင့်၍ ရဟန်းလို နေစေချင်သည်။ ရဟန်းနှင့်လူ အဖြူနှင့်အမဲကဲ့သို့ ခွဲခွဲခြားခြား ဖြစ်စေချင်သည်။ သို့ပါမှလည်းလူတို့အပူဇော်ကို ခံထိုက်မည်ဖြစ်သည်" ဤသို့ စသည် ဟောပြောလျက် သံဃာကို စည်းရုံးနေလေသည်။

"ဒေဝဒတ်သည် သံဃာအချင်းချင်း စိတ်ဝမ်းမကွဲကွဲအောင် သင်းခွဲနေပါသည်ဘုရား"

www.dhammaransi.com



ဤသည်ကား ရဟန်းတပါးက ဘုရားသခင်အား နားတော် လျှောက်ထားလာသော စကားဖြစ်၏။

ဗုဒ္ဓအနေအားဖြင့် ဒေဝဒတ်အား မဆိုမကောင်းဆိုမကောင်း ဖြစ်တော်မူချိမ့်မည်။ မဆိုဘဲ ဆုံးမခြင်း မပြုလေဘဲ မျက်နှာ လွှဲထားလျှင်လည်း သာသနာ ပျက်စီးသွားလေအံ့။ ဆိုပြန်ချေ ကလည်း "ဗုဒ္ဓနှယ် ဒေဝဒတ်ကို နေရာတကာမှာ ပြောနိုင်ရန် ကော" ဟူ၍ ပြောစရာ ဖြစ်လေအံ့။

သို့သော် ဤပြဿနာကို လျစ်လျူရှုထားချေက သာသနာ တော် ပျက်စီးသည်အထိ အခြေအနေ ဆိုးဝါးသွားနိုင်သည့် အရေးကို တွေးခေါ် မြော်မြင်တော်မူသည့်အလျှောက် အရှင် အာနန္ဒာကို ခေါ်၍ သံဃာကို စည်းဝေးစေသည်။ ထိုနောက် ဒေဝဒတ်ကို ခေါ်၍ သံဃာရှေ့မှောက်တွင် စစ်မေးတော်မူ လေသည်။

"ချစ်သားဒေဝဒတ်။ သင်သည် ငါ၏အာဏာစက် ပျက် ပြယ်အောင် သံဃာအချင်းချင်း သင်းကွဲအောင် ခွဲနေသည်ဟု ငါကြား၏။ မှန်သလော"

ဟု မေးတော်မူ၏။ ထိုအခါ ဒေဝဒတ်မှာ သံဃာ့ပရိသတ် ထဲတွင် မိမိ ပူပူနွေးနွေး သွေးထိုး လှုံ့ဆော်လျက် စည်းရုံး ထားသော သံဃာများလည်း ပါဝင်သဖြင့် မည်သို့မျှ ငြင်း ကွယ်ခြင်း မပြုလေသောကြောင့်

"မှန်ပါသည် ဘုရား" ဟူ၍ ဖြောင့်ဆို ဝန်ခံရလေ၏။

ဤတွင် ဗုဒ္ဓသည် ဒေဝဒတ်အား မဟာကရုဏာ သက်စွာ

www.dhammaransi.com



သော မျက်လုံးဖြင့် ရှုစားတော်မူလျက် ဆုံးမ သြဝါဒ ပေးတော်မူသည်ကား-

"ချစ်သားဒေဝဒတ်၊ သင်၏ကောင်းကျိုးကိုလိုလားစွာ ငါဆိုပေအံ့။ ငါ၏စကားကို နားထောင်ခြင်းအားဖြင့် သင့်မှာ အကျိုးမယုတ် နိုင်သည်ကို သင်နားလည်လော့။ ချစ်သားဒေဝဒတ် ဤသို့ သံဃာသင်းခွဲခြင်းအမှုကို သင်မပြုလေနှင့် ဤအမှုကား ဂရုက ဖြစ်၏။ အပြစ်ကြီးလေးလှ၏။ အကြင်သူသည် ညီညွတ်လော သံဃာကိုစိတ်ဝမ်းကွဲအောင်သင်းခွဲငြားအံ့ ထိုသူကားတကမ္ဘာပတ်လုံး အဝီစိငရဲ၌ ကျက်ရ၏။ အကြင်သူသည် စိတ်ဝမ်းကွဲပြား မညီမညွတ်ဖြစ်နေသော သံဃာကို ညီညွတ်အောင် စည်လုံးမိအောင် ရင်ကြားစေ့သွားအောင် ဆောင်ရွက်၏၊ ထိုသူကား တကမ္ဘာလုံး ကုသိုလ်ကောင်းမှု ပွား၏။ တကမ္ဘာပတ်လုံး နတ်ပြည် ဗြဟ္မာပြည်၌ မွေ့လျော်ရ၏"

ကျခံရအံ့သော အပါယ်ဘေးကို မြင်တော်မူ၍ သံဃာကို သင်းခွဲခြင်း မပြုရန် ဗုဒ္ဓက ဟန့်တား ဆုံးမငြား သော်လည်း ဒေဝဒတ်ကား နားမဝင်ချေ။

"ရဟန်း ဂေါတမကား-တဆိတ်ရှိ အပါယ်၊ တဆိတ်ရှိ အပါယ်၊အပါယ်နှင့်လှည့်၍သာ ချောက်ချေသည်။ သူချောက်တိုင်း ငါကြောက်ရမည်လော"

www.dhammaransi.com



ဟူသော မာန်ဖြင့် ဗုဒ္ဓထံမှ ထ၍ပြန်ခဲ့ပြီး အကြီး အကျယ် ရန်ငြိုးထားလေတော့သည်။ ဒေါသလောင်မီးသည် အကြီးအကျယ်တောက်လောင်လာလေရကား သူ၏ နှလုံးသား များမှာ ထမင်းအိုး ပွက်သည့်နှယ် တပွက်ပွက် ဆူပွက် လာလေသည်။

သံဃာတော်တို့လည်းဒေဝဒတ်၏ စိတ်နေ သဘောထားကို ရိပ်စားမိသည့် အလျောက် ဒေဝဒတ်သည် မြတ်ဘုရားအား ကြောက်မက်ဘွယ်ရာ အန္တရာယ်များ ပြုလေဦးမည် လားဟူ၍ စိုးရိမ်မကင်း ဖြစ်ကြရပြန် ကုန်လေ၏။

ဒေဝဒတ်ကား–လုပ်မိလျှင် နောက်မဆုတ်။ တစောက်ကန်း လုပ်တတ်၏။ သူတောင်းဆိုလိုက်သော သိက္ခာပုဒ် ငါးရပ်ကို ခုတုံးလုပ်၍ သံဃာချင်း မကွဲ ကွဲအောင် သင်းခွဲမည်။ ကွဲသွားသော အခါ ရရာ သံဃာများကို အုပ်စီးလျက် တဂိုဏ်းထောင်မည်။ ဘုရားပြုလုပ်မည်ဟူ၍ ယခုတဖန် ဆုံးဖြတ် လိုက်ပြန် ပြီဖြစ်၏။

ရှေးယခင်အခါများကလည်း သူ့စိတ်၌ ဆန္ဒဖြစ်ပေါ်လာသော အလုပ်ကို တကယ်ပင် လုပ်ခဲ့သည်။ ဗုဒ္ဓကို သုံးကြိမ်တိုင်တိုင် လုပ်ကြံခဲ့ဘူး ခြင်းက သူ၌ ဖြစ်ပေါ်လာသော ဆန္ဒကို သာဓက ဆောင်လိုက်ခဲ့လေပြီ။ ယခုသံဃာကိုသင်းခွဲ၍ တဂိုဏ်းထောင်လိုသော ကိစ္စ၌ကား မည်သို့ နေရှာလေမည်နည်း။

ထိုနေ့သည် ဥပုသ်နေ့ဖြစ်၏။ သံဃာတော်များသည် တလလျှင် ၂ကြိမ် (လပြည့်နေ့၊လကွယ်နေ့များတွင်) ဥပုသ်ပြုမြဲဖြစ်၏။ ဥပုသ်ပြုခြင်း အစီပွါယ် အချုပ်မှာ ''တသွေး၊ တသံ၊ တမိန့်'' ဆိုသကဲ့သို့ သံဃာတော်အားလုံး ဗုဒ္ဓ၏ ဩဝါဒကို

www.dhammaransi.com



ခံယူလျက် ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး ရှိကြသည်။ ညီညွတ်ကြသည် ဟူသော အသွင်ကို ဆောင်ပေသည်။ ယနေ့သည် သံဃာထော်များ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ရှိကြောင်းကို သာဓကပြကြမည့်နေ့ ဖြစ်လေသည်။

ထိုနေ့နံနက် ယူဂန်စွန်းမှနေဝန်းကြီး ထွက်ပြူလာပြီဆိုလျှင် ပင် ရာဇဂြိုဟ်တမြို့လုံး ဆွမ်းခံသံဃာတော် များမှာ ဝါဝါဝင်း နေတော့၏။ အရှင်အာနန္ဒာသည် တည်ငြိမ်သော ဣန္ဒြေတော်ဖြင့် မင်းလမ်းမတခုတွင် သပိတ်ကိုပိုက်လျက် ဆွမ်းခံနေ၏။

"ငါ့ရှင်အာနန္ဒာ"

ဤသို့ ခေါ်လိုက်သော အသံကြောင့် အရှင်အာနန္ဒာသည် အသံလာရာဘက်သို့ ကြည့်လိုက်သောအခါ ဒေဝဒတ်လာနေသည်ကို တွေ့ရလေသည်။

"အကြောင်းအသို့နည်း"

ဟု၍ အရှင်အာနန္ဒာသည် လှမ်းနေသော ခြေလှမ်းကို ခေတ္တရပ်ထားလိုက်စဉ် အနီးသို့ ဒေဝဒတ်ရောက်လာသည်။

"ငါ့ရှင်အာနန္ဒာ။ သင့်အား အရေးကြီးသောစကား ပြောစရာရှိ၍ငါလာသည်" ဟု ဒေဝဒတ်ကဆို၏။

"အကြောင်းအသို့ပါနည်း ငါ့ရှင်ဒေဝဒတ်"

ဟု အရှင်အာနန္ဒာက ပြန်မေးသည်။ ထိုခဏအတွင်း ဆွမ်းခံကိုယ်တော် များသည် လမ်းမပေါ်ဝယ် ရက်ကန်း ရက်သည့်နှယ် သွားလာ လှုပ်ရှားလျက်ရှိနေကြ၏။

"ယနေ့မှစ၍ ဗုဒ္ဓမှသီးခြား ငါနေတော့အံ့ အာနန္ဒာ"

ဟု လမ်းမတ်တတ်ရပ်၍ ပြောလိုက်သော ဒေဝဒတ်စကာ

www.dhammaransi.com



ကြောင့် အရှင်အာနန္ဒာမှာ အံ့အားသင့်သွား လေသည်။

"အဘယ့်ကြောင့်ပါနည်း ငါ့ရှင်ဒေဝဒတ်"

"သင့်မေးခွန်းကို ဖြေရန် ငါလာသည်မဟုတ်။ သင့်ကိုငါ ပြောလို၍သာ ငါလာခဲ့ခြင်း ဖြစ်သည်။ အာနန္ဒာ။ သင့်အား ငါအသိပေးခဲ့အံ့။ ယနေ့မှစ၍ ဗုဒ္ဓကို ဆရာအဖြစ် ငါအသိအမှတ်မပြုတော့ပြီ။ ဗုဒ္ဓနှင့်တကွ ဗုဒ္ဓ၏အသိုင်းအဝိုင်းမှသီးခြား ငါနေတော့အံ့။ဗုဒ္ဓ၏ သာဝက ရဟန်း သံဃာများနှင့် တကွ ကံကြီး ကံငယ်လည်း ငါမပြုတော့ပြီ။ဥပုသ်လည်းငါမပြုတော့ပြီ။ ဆွမ်းစား ပရိတ်ရွတ်ခြင်း အမှုများကိုလည်း ငါမပြုတော့ပြီ"

ဒေဝဒတ်၏စကားမှာ တိုတိုပြတ်ပြတ်နှင့် ဤမျှသာဖြစ်၏။ စကားလုံးတိုသလောက် အဓိပ္ပါယ်ကား ကြောက်ဘွယ် ကြက်သီးထဘွယ် ကောင်းလေစွ။ အရှင်အာနန္ဒာသည်စကားပြောဆိုပြီး ထွက်သွားသော ဒေဝဒတ်ကို ကြည့်၍ ကျန်နေခဲ့လေ၏။

ဆွမ်းခံရာမှအပြန် ကျောင်းသို့ရောက်လျှင် ရောက်ချင်းပင် အရှင်အာနန္ဒာသည် ဘုရားသခင်ထံ ချဉ်းကပ်၍ ဒေဝဒတ်ပြောသွားသောစကားများကိုမြတ်စွာဘုရားအား နားတော်လျှောက်လေသော်။ သံဃာကို သင်းခွဲခြင်းကြောင့် ဒေဝဒတ် ခမျာ အဝီစိငရဲသို့ ကျရောက်တော့မည့် အကြောင်းကို သိရှိတော်မူ၍ ဗုဒ္ဓသည်ဤသို့ ဥဒါန်းကျူးတော်မူသတည်း။

သုကရံ သာဓုနာ သာဓု။
သာဓု ပါပေန ဒုက္ကရံ။

www.dhammaransi.com



ပါပံ ပါပေန သုကရံ။ *
ပါပ မရိယေဟိ ဒုက္ကရံ....။

''အာနန္ဒ–ချစ်သား အာနန္ဒာ။ သာဓုနာ-သူတော်ကောင်း ပုဂ္ဂိုလ်သည်။ သာဓု-သာဓု ကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊ သူယုတ်မာ သည်ကား။ သာဓု-သာဓု ကောင်းသောအမှုကို။ ဒုက္ကရံ၊ ပြုနိုင်ခဲ၏။ ပါပေန၊ ယုတ်မာသော သူသည်။ ပါပံ၊ မကောင်းမှုကို။ သုကရံ၊ ပြုလွယ်၏။ အရိယေဟိ၊ အရိယာ ပုဂ္ဂိုလ်တို့သည်ကား။ ပါပံ၊ မကောင်းမှုကို။ ဒုက္ကရံ၊ ပြုနိုင်ခဲ၏''

ထိုနေ့ (ဥပုသ်နေ့) ၏ ညနေစောင်း အချိန်ဖြစ်၏။ ရဟန်း သံဃာများ ဥပုသ်ပြုမည်ဖြစ်သဖြင့် ဥပုသ်အိမ်(သိမ်)၌ဘုံမြက် လှည်းခြင်း၊ နေရာခင်းခြင်း၊ ဆီမီး ညှိထွန်းခြင်း ကိစ္စများကို သံဃာ အချို့တို့ ပြုလုပ် ဆောင်ရွက်လျက် ရှိနေကြကုန်။

ထိုအချိန် သံဃာလောကတနေရာ၌ စာရေးတံမဲကိစ္စ ပေါ် ပေါက်နေ၏။ သံဃာ့ရွေးကောက်ပွဲ ဖြစ်၏။ ထိုရွေးကောက်ပွဲ ကား–ဒေဝဒတ်၏ သွေးထိုး လှုံ့ဆော်ချက်အရ ထွက်ပေါ်လာ ရသော ရွေးကောက်ပွဲ ဖြစ်လေသည်။ ဤ ရွေးကောက်ပွဲကား သံဃာသင်းခွဲရေးအတွက် လက်နက်ကြီး ဟူ၍လည်း ဆိုနိုင်ပေ သည်။

---

* ဥဒါန်း ပါဠိတော်–၁၅၀။ ဓမ္မပဒ အဋ္ဌကထာ။ ဒု။ အတ္တဝဂ်–သံဃာဘေဒက ပရိသက္ကန ဝတ္ထု။ ၂၃၃။

www.dhammaransi.com



ထိုဥပုသ်နေ့သည် ဒေဝဒတ်အဖို့တွင် သေရေး ရှင်ရေး တမျှ အရေးကြီးသောနေ့ ဖြစ်၏။ ဥပုသ်မပြုမီ သံဃာ အင်အားစု အများဆုံး စည်းရုံးရရှိထားဖို့ လိုသည်။ ထို့ကြောင့် ဒေဝဒတ်သည် သွေးပူ လုံ့လဖြင့် သံဃာကို အပူ တပြင်း သိမ်းသွင်း စည်းရုံးနေ၏။

စည်းရုံးရေးတွင် ဒေဝဒတ်သည် မညံ့ချေ။ မညံ့ရုံ မက စံပြ ပုဂ္ဂိုလ် ဟူ၍ပင် ရလောက်အောင် ထိရောက်စွာ စည်းရုံးနိုင် လေသည်။ ထိုတောင်းသော အချိန်ပိုင်းကလေး အတွင်းမှာပင် သံဃာ ငါးရာကို သပိတ်ဝင် အိတ်ဝင်ဖြစ်အောင် အရယူနိုင်သူ ဖြစ်၏။

မစွမ်းခြင်းကလည်းရှိ၊ ကန်စွန်းခင်း ကလည်းငြိ ဆိုသကဲ့သို့ သံဃာ ငါးရာရရှိလိုက်ခြင်း၌ အကြောင်း တိုက်ဆိုင် မှုကလည်း ရှိနေသည်။ ယင်းအကြောင်းကား အခြားမဟုတ်။ဝေသာလီ ပြည်မှ ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့ ရာဇဂြိုဟ်သို့ မကြာမီ က ရောက်ရှိလာကြသည်။

ထိုရဟန်းတို့ကား ရဟန်းအဖြစ်သို့ ရောက်ကာစ ပဉ္စင်းခံပြီး ကာစ ပူပူနွေးနွေး ရဟန်းသစ်များ ဖြစ်သောကြောင့် ရဟန်း ပါး ကောင်းကောင်း မဝကြ သေးချေ။ ရဟန်း အကြောင်း ရဟန်းဝတ်များကို အသားကျကျ မရှိလှသေးချေ။

ဒေဝဒတ်သည် မနူးမနပ် ရဟန်းပါးကောင်းကောင်း မဝ သေးသော ရဟန်းသစ်ငါးရာတို့ကို ပါးနပ်လိမ္မာစွာ ပိုင်အောင် သိမ်းယူလိုက်၏။ လက်နက်ကောင်း သဖွယ် သူအသုံးပြုသော သိက္ခာပုဒ် ငါးရပ် အကြောင်းကို ကောင်းကောင်း နားလည့်

www.dhammaransi.com



အောင် ကျေကျေညက်ညက် သဘော ပေါက်လောက်အောင် ဟောပြော ပြီးနောက် သံဃာ့ဆန္ဒကို ခံယူရန်၊ ရွေးကောက်ပွဲ အလျင်အမြန် စီစဉ် လိုက်လေသည်။

"ငါ့ရှင်တို့။ အရှင် သူမြတ်တို့။ လူနှင့် ရဟန်း လူ ကျင့်ဝတ်နှင့် ရဟန်းကျင့်ဝတ် ခွဲခွဲခြားခြားဖြစ်စိမ့်သော ငါးငါးစီစဉ်ထားသော သိက္ခာပုဒ် ငါးပါးကို သင်တို့ အား ငါ တင်ပြ ပြီးပြီ ဖြစ်၏။ ယင်းသိက္ခာ ပုဒ်များ အတိုင်း ရဟန်းကောင်း ပြီသစွာ လိုက်နာ ကျင့်သုံး သူများသည် ဆန္ဒမဲ ပေးကုန်လော့....။ ဤသိက္ခာပုဒ် များကို သဘော မတူလျှင်လည်း မတူကြောင်းကို ဆန္ဒ ပြုကြကုန်လော့"

ဤသို့ နှုတ်စကောင်းကောင်း လေဖောင်းဖောင်းနှင့် အာ ဘောင် အာရင်း သန်သန် ဟောပြောလေသည်တွင် မအူမလယ် ရဟန်းတော် ငါးရာတို့သည် ဒေဝဒတ်၏ ပိုက်တွင်းသို့ လည် စဉ်း၍ ဝင်ရောက်ကာ ဒေဝဒတ်အား မဲပေးကြကုန်လေ၏။

ထိုဥပုသ်နေ့ ညအချိန်ရောက်လာ၏။ ဥပုသ်အိမ် သိမ်အတွင်း ထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် ဗုဒ္ဓ အမှူးပြုသော သံဃာများ ဥပုသ်ပြုလျက် ရှိနေကုန်၏။ ထိုအချိန်တွင် ဒေဝဒတ် ကား ဝဇ္ဇီတိုင်းသား၊ ထိုမအူမလယ် ရဟန်းငယ် ငါးရာတို့ကို သင်းခွဲကာ ဂယာသီသသို့ခေါ် သွားလေသတည်း။

တနည်း အားဖြင့် ဆိုသော် ဒေဝဒတ်သည် ဝေဠုဝန် ကျောင်းတော်မှ သံဃာ ငါးရာကို ခိုးထုတ် သွားသည်ဟု ဆို နိုင်သတည်း။

www.dhammaransi.com



ဥပုသ် သိမ်အတွင်း၌ ဥပုသ် ပြုကြပြီးသည့်နောက် ရဟန်း သံဃာတို့သည် "ယနေ့ည ဗုဒ္ဓကမည်သည့် တရားတော်များကို ဟောကြားတော်မူလေ မည်နည်း" ဟူ၍ မျှော်တလင့်လင့်နှင့် ရှိနေကုန်၏။

အရှင်အာနန္ဒာကား ဒေဝဒတ် အကြောင်းကိုသာ တွေးမိ နေ၏။

"မနက်က ဆွမ်းခံရင်း ဒေဝဒတ်က ဗုဒ္ဓမှ သီးခြားနေတော့ မည်။ ဂိုဏ်းဂဏ အသစ် ထူထောင်၍ နေတော့မည်။ ဗုဒ္ဓနှင့် လည်းကောင်း၊ ဗုဒ္ဓ၏ အသိုင်း အဝိုင်း သာဝက ရဟန်း သံဃာများနှင့်လည်းကောင်း၊ အတူတကွ ဥပုသ် မပြုတော့ပြီ။ ကံကြီး ကံငယ်ကို အတူတကွ မဆောင်တော့ပြီ"

ဟု ပြောသွား၏။ ပြောသည့် အတိုင်းပင် ဒေဝဒတ်သည် သံဃာ ငါးရာကို သင်း ခွဲ၍ ခေါ်ဆောင် သွားလေပြီ။ ယင်း ကိစ္စနှင့်ပတ်သက်၍ မြတ်စွာ ဘုရားက ယနေ့ည အမိန့်ရှိ မြွက် ကြားတော် မူလိမ့်မည်ဟု ထင်လေသည့် အလျောက် ဒေဝဒတ် နှင့် ပတ်သက်သော စကားကိုသာ မြတ်ဘုရား ထံမှ မျှော်လင့် လျက်ရှိနေ၏။

သို့သော်....အထင်နှင့် အမြင် ကွာချေ၏။ ဗုဒ္ဓသည် အရှင် အာနန္ဒာ မျှော်လင့်သကဲ့သို့ ဒေဝဒတ် နှင့် ပတ်သက် သည့် အကြောင်းစကားကို တခွန်းတပါဒမျှ မြွက်ကြားသွားခြင်းမရှိ လေဘဲ ကောက်ရိုးမီးနှင့် ဖွဲမီးအကြောင်းကိုသာ မီးချင်းနှိုင်း ယှဉ်၍ ဟောကြားသွားတော်မူ၏။

ဖွဲမီးသည် အညွန့်မထွက်သော်ငြားလည်း အရှိန်မှာ အလွန် ပြင်းထန်ကြောင်း ရုတ်ချင်း ငြိမ်းသွားလေ့ မရှိဘဲ တငွေ့ငွေ့

www.dhammaransi.com



လောင်ကျွမ်းတတ်ကြောင်းကိုလည်းကောင်း၊ ကောက်ရိုးမီးမှာ ရုတ်တရက် ဟုန်းကနဲထ၍ တောက်သော်လည်း ခဏတာအတွင်း ငြိမ်းအေး၍ အရှိန်အဟုန်မှာလည်း ဖွဲမီးကဲ့သို့ ပြင်းထန်ခြင်း မရှိဟူ၍လည်းကောင်း ဟောကြားတော်မူပြီး။

ကောက်ရိုးမီးကဲ့သို့သော လူစားမျိုးကား တခဏမျှသာ ရဲရဲတောက် လောင်ပြီး ထိုတခဏအတွင်းမှာပင် အညွန့်ကျိုး၍ တန်ခိုးအရှိန်မေးမှိန် ကွယ်ပ၍ ပြယ်တတ်ကြောင်းကိုသာ စောင်းပါးရိပ်ခြေ ဟောကြားသွားတော်မူလေသည်။

ဤမိန့်ခွန်းတော်အရ အရှင်သာရိပုတ္တရာ–အရှင်အာနန္ဒာ စသော မထေရ်ကြီးတို့ကား ဒေဝဒတ်မှာ ကောက်ရိုးမီးတမျှ၊ တခဏမျှသာ ဟူ၍ ဗုဒ္ဓက မြွက်ကြားတော်မူခြင်းပင်တည်းဟု ရိပ်စားမိကြကုန်လေ၏။

"သံဃာကို ဒေဝဒတ်သင်းခွဲ၍ ခေါင်းဆောင်သွားပြီ"

ဟူသော ထိုသတင်းသည် ထိုညအတွင်းချင်းမှာပင် ရာဇဂြိုဟ်တခွင် ပြုံပြုံစင်အောင် ပျံ့နှံ့သွားလေတော့ရာ။ ယင်းသတင်းအတွက် စိတ်လက်ကြည်နူး၊ ဘဝင်အမြူးဆုံး ဖြစ်နေသူကား အဇာတသတ်မင်း ဖြစ်နေလေသည်။

"အရှင်ကြီး ဒေဝဒတ်ကား ပြောသည့်အတိုင်း လုပ်၍ လုပ်သည့်အတိုင်းလည်း အရာနှင့် ရောက်ရောက် အထွတ်အထိပ် ရောက်လေပြီတည်း။ အရှင်ကြီးဒေဝဒတ် ကား တန်ခိုးကြီးလှပါပေစွ"

ဟူ၍ အဇာတသတ်အနေဖြင့် အားရရွှင်လန်း၊ ဝမ်းသင်မဆုံး ဖြစ်နေသည်နှင့် အမျှ ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်သာဝက

www.dhammaransi.com



ဒကာ ဒကာမ အသိုင်းအဝိုင်းတို့ကမူ ရှင်တော်မြတ်ဘုရားကြီး ကိုယ်တော်တိုင် ဒေဝဒတ်နှင့် ပတ်သက်၍ ဒေဝဒတ်သည် ဝါး ပင် ငှက်ပျောပင်များနှင့် အလားတူကြောင်း။

ဝါးပင်-ငှက်ပျောပင်များသည် သီးလာသော အသီးကို အမှီပြု၍ မိမိ၏ဘဝကို မိမိသတ်၍ သေရကြောင်း၊ ထိုနည်းတူ စွာပင်လျှင် ဒေဝဒတ်သည်လည်း မိမိ၏ အလိုရမ္မက်ဆိုးကလည်း ကုပ်ကို ချိုး၍ သတ်လိမ့်မည်ဖြစ်ကြောင်း မြွက်ကြားတော်မူ ဘူးသော ဗျာဒိတ်စကားကို ကြားယောင်ကာ။ ဗုဒ္ဓမြတ်ဘုရား အား သဒ္ဒါပို၍မို-ရှေးကထက် ကြည်ညိုလာကြကုန်၏။

အချို့အမြော်အမြင်ကြီးသော ပုဂ္ဂိုလ်များကလည်း သံဃာ ကို သင်းခွဲ၍ ဒေဝဒတ် ယူဆောင်သွားခြင်းနှင့် ပတ်သက်၍ မိမိဉာဏ်မှီသမျှ ဤသို့ ဝေဘန်ပြောဆိုနေကြကုန်၏။

"ဗုဒ္ဓမြတ်ဘုရား၏ သံဃာအသိုင်းအဝိုင်းကား၊ ခြေချောင်း ကလေးပေါင်း မြောက်မြားစွာ ရှိသည့် ကင်းခြေများကြီးနှင့် အလားတူပြီး၊ ဒေဝဒတ် ခေါ်ထောင်သွားသော မအူမလယ် ရဟန်းငယ်များမှာ တချောင်းသော ခြေနှင့်သာတူကြောင်း။

သို့ဖြစ်၍ မသန်မစွမ်းသော ခြေကလေး တချောင်းကျိုးကာ မျှဖြင့် ကင်းခြေများကြီး အဘို့တွင် ဘာမျှအရေးမကြီး"

ဟူ၍ ဗုဒ္ဓ၏ သာဝက သံဃာတော်များကို ကင်းခြေများ ကြီးနှင့် ခိုင်းနှိုင်းပြီ ပြောသူကပြော။ အချို့သူတို့က ဆိုပြန် လျှင်လည်း ...

"ဗုဒ္ဓ၏ သာဝက အသိုင်းအဝိုင်းကြီးမှာ မဟာသမုဒ္ဒရာပြင် ကျယ် ရေပင်လယ်ကြီးနှင့် အလား တူ၍ ဒေဝဒတ်ကား

www.dhammaransi.com


နဖါကလော်နှင့်အလားတူကြောင်း။သမုဒ္ဒရာရေကိုနဖါကလော်နှင့် ခပ်သော်လည်း မကုန်နိုင်ကြောင်း၊ အရာထင်မည် မဟုတ်ကြောင်း။ ထို့အတူပင် ဒေဝဒတ်သည် ဗုဒ္ဓ၏ သံဃာအဖွဲ့အစည်းတည်းဟူသော သမုဒ္ဒရာ ရေပြင်ကြီးကို နဖါကလော်နှင့် ခပ်ယူသည်နှင့် တူကြောင်း ဘယ်သောအခါမျှ သံဃာအင်အား လျော့ပါးသွားလိမ့်မည်မဟုတ်''

ဟူ၍ ဗုဒ္ဓသာသနာတော်ကို မဟာသမုဒ္ဒရာကြီးနှင့် ခိုင်းနှိုင်း၍ ဆိုသူက ဆိုနှင့် ရှိနေကြကုန်၏။

''ငါ့ရှင်မောဂ္ဂလာန်။သံဃာကို ဒေဝဒတ်သင်းခွဲသွားခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်ဘုရားက မည်သို့မျှမြွက်ကြားခြင်းနှင့် ပတ်ပြုတော်မမူဘဲ နေသည်ကို ငါ့အရှင် မည်သို့ သဘောရပါသနည်း''

ဟု အရှင်သာရိပုတ္တရာက မေးသည်တွင်....

''ငါ့ရှင်သာရိပုတ္တရာ။ ယင်းကိစ္စနှင့် ပတ်သက်ပြီး တခါက ဒေဝဒတ်ကို မြတ်ဘုရားက ခေါ်၍ သတိပေးခဲ့ဘူးကြောင်း။ သံဃာကို သင်းခွဲခြင်းကားလွန်စွာ အပြစ်ကြီးကြောင်း။ ကံကြီးထိုက်၍ သေလျှင် အဝီစိငရဲတွင် တကမ္ဘာပတ်လုံး ခံရမည်ဖြစ်ကြောင်း ထို့ကြောင့် သံဃာကို သင်းကွဲအောင် သင်မပြုလေနှင့်။ ဤသည့် သင်းခွဲခြင်း ကိစ္စ သင်အလိုမရှိလေနှင့် – ဟူ၍ အမိန့်ရှိဘူးသည်ကို ငါ့ရှင်သတိမရပြီလော။

ယင်းကိစ္စပတ်သတ်၍ ယခုမည်သို့မျှ မြွက်ကြားခြင်းပြုတော်မမူသေးသည်မှာ အကြောင်းထူးတခုခု ရှိ၍ နေပေ၏။

www.dhammaransi.com



သို့မဟုတ် ဤကိစ္စမှာ အရာမသွင်း စာရင်း မပြုထိုက်၍ ပေလော့ ဆိုသည်ကိုကား ဘုရားသခင်တို့၏ အရာသာ ဖြစ်ပေသည်။

တနည်းအားဖြင့် ငါ၏ သဘောအရ ပြောမည် ဆိုသော်.... ဒေဝဒတ်၏ အပြုအမူနှင့် စရိုက်များကား၊ သာသနာနှင့်မလျော်သော၊ သာသနာတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ညစ်နွမ်းစေသော အမှိုက်သရိုက်နှင့်တူ၍

"**သာသနာမှအပသို့ ဒေဝဒတ် သင်းခွဲ၍ ထွက်သွားခြင်းမှာ သာသနာတော်၌အမှိုက်သရိုက်ရှင်းသွားခြင်း**"ဟူ၍ငါသဘော ရပေသည်"

ဟု အရှင် မောဂ္ဂလာန် ဆိုတော်မူ၏။

နောက်တနေ့နံနက်ခင်းအချိန်တွင် ရှေးအခါက ကျိုးနှင့်ဖုတ်ဖုတ် ရှိခဲ့သော ဒေဝဒတ်၏ ဂယာသီသ ကျောင်းဘိုက်ကြီးမှာ အသက်ဝင် လှုပ်ရှားလာ၏။ ဗုဒ္ဓထံမှ သင်းခွဲ၍ ခေါ်ဆောင် လာခဲ့သော ဝဇ္ဇီတိုင်းသား မအူမလယ် ရဟန်းငယ်များအား ဒေဝဒတ်၏ အန္တေဝါသိက တပည့်ကြီး ကောကလိက ကြပ်မတ်ဦးဆောင်လျက် နေရာများ ချထားပေးလျက်ရှိနေ၏။

ထိုအချိန်တွင် ဒေဝဒတ်ကား အောင်ပွဲရ မျက်နှာမျိုးဖြင့် အဇာတသတ်နှင့် ရွှင်တပျပျ စကားစမြည် ပြောဆိုလျှက် ရှိနေ၏။

"ငါ၏ အစွမ်းသတ္တိနှင့် ငါ၏ တန်ခိုးဣဒ္ဓိပါဒ်ကိုမြင် ပြီလော အသင်မင်းသား။ ငါ၏ ဒေသနာတော်ဖြင့် ဤသို့ သင်းခွဲယူလိုက်က သံဃာတော် တသိုက်ကြီး ငါ့ နောက်ပါလာမည်ကို အစကတည်းက ငါသိ၏။ ငါ့

www.dhammaransi.com



အကြောင်း ငါ၏စွမ်းအားကို ငါယုံ၏။ သို့ပါပြား လည်း မျက်နှာပူရမည့် အလုပ်ဖြစ်သောကြောင့် ယင်း အပြုအမူကိုငါနှောက်ဆုတ်ထားလိုက်ခဲ့၏။ ရဟန်း ဂေါတမ ရုပ်လုံးပါ လောကကြီးထဲက ပျောက်သွားအောင် သတ်ပစ်လိုက်ခြင်းက စိတ်ချရသည်ဟူ၍ **"အကြံမ်းဖက်၍ လူသတ်နည်း"**ကို ငါကျင့်သုံးကြည့်ခဲ့ပေသည်။ အရာမရောက်သည့် အဆုံးကျမှ ပူးသတ် အနုနည်းဖြင့် တိုက်စစ်ဆင်နည်းကို ငါအသုံးပြုလိုက်ရာ ငါ့အကြံကို ရဟန်း ဂေါတမ ခံနိုင်သေးသလား"

ဤသို့ ပြောအားရှိလေတိုင်း အလှိုင်းတကြီး ဆိုပြောနေသော ဒေဝဒတ်ရှေ့တွင် အဇာတသတ်မင်းကား "မှန်ပါဘုရား မှန်ပါဘုရား"ဟူ၍ တပြုံးပြုံးနှင့် ရှိနေရာက သူဆောင်ရွက်ရမည့် တာဝန်ကို သတိရလာသည့်အလျောက်၊ သူ့ကိစ္စကိုလည်း အဇာတသတ်က ဝမ်းမြောက်ဝမ်းသာပင် ဒေဝဒတ်ကို လျှောက်တင်နေ၏။

"အရှင်ဘုရားမှာ အရှင်ဘုရား ကိစ္စပြီးမြောက်သကဲ့သို့ပင် တပည့်တော်မှာလည်း တပည့်တော်၏ကိစ္စ ပြီးပါတော့မည်ဘုရား ခမည်းတော်ကို အငတ်ထားပြီး သတ်ပြားသော်လည်း မယ်တော်ဘုရားက နည်းအမျိုးမျိုးဖြင့် အာဟာရကို လျှို့ဝှက်စွာ ယူဆောင်ကျွေးမွေးနေသည့်အတွက် မသေနိုင်ကြောင်းကို တပည့်တော်နောက်မှ သိရပါသည်။

ထိုအခါမှ စ၍ မယ်တော်ဘုရားအား ထောင်တွင်းအလျှင်းပင် မဝင်စေရ"ဟူ၍ တပည့်တော် တားမြစ်လိုက်သည့်အတွက်

www.dhammaransi.com



ယခုအနေမှာဆိုလျှင် ခမည်းတော်၏အသက် ထွက်ကောင်းထွက် ပါတော့မည်ဘုရား''

ဒေဝဒတ်နှင့် အဇာတသတ် ဤဆရာနှင့်ဤဒကာ တို့ကား ဘဝတကွေ့ဝယ် ဤသို့လျှင် ထမွှေ့မွှေ့နှင့် ရှိနေကြသတည်း။

www.dhammaransi.com

# ၁၂

နေရာမှာ အကျဉ်းထောင်၏ ရှေ့ဖြစ်၏။ လှံကိုင် ခါးဆွဲ စစ်သည်ရဲမက်အချို့တို့က ဗိမ္ဗိသာရမင်းကြီးသာ မလွတ်လပ်သောဘဝကို သရုပ်ဖေါ်ပေးလျက် ရှိနေကုန်၏။

စင်စစ် ဆိုသော် ဗိမ္ဗိသာရ မင်းကြီးသာ မလွတ် မလပ်သည်မဟုတ်ဘဲ။ သူတို့ဘဝသည်လည်း ထောင်အပြင်ဘက်၌ နေလျက် မလွတ်မလပ်ဖြစ်နေကြသည်။

တာဝန်အရ သူတို့ဆောင်ရွက်နေကြရသည်ကား ဗိမ္ဗိသာရမင်းကြီး ထောင်တွင်းမှ လွတ်ထွက်မပြေးစေရန်နှင့် ဝေဒေဟီ မိဖုရားကြီး ထောင်တွင်းဝင်၍ မင်းကြီးနှင့် တွေ့ဆုံခွင့်မပေးရန်ဖြစ်လေသည်။

သို့သော် သူတို့သည် တချိန်သောအခါက ဗိမ္ဗိသာရမင်းကြီး၏ အမှုတော်ကို ထမ်းဆောင်လျက် မင်းကြီးကျွေးသောထမင်းဖြင့် အသက်ရှင်လာကြရသူများဖြစ်လေရာ သားတော် အဇာတသတ်၏ ခါးကိုကြောက်၍သာ ထောင်ကို စောင့်နေကြရသည်။ အနည်းငယ်မျှ စိတ်ချမ်းသာကြသည်မဟုတ်။

ဒုက္ခသည် မင်းမိဖုရားနှစ်ပါးကို မြင်ကြရသောအခါမျက်ရေစက်လက်နှင့် မရှုရက်အောင် ရှိကြရသည်။ သို့သော်တာဝန်

www.dhammaransi.com



ကား တာဝန်သာတကား။ တာဒန်ပျက်ခဲ့သော် သူတို့၏အသက် သော်လည်းကောင်း ရာထူးသော်လည်းကောင်း ပျက်သွားရ လတ္တံ့။

အချို့သော အစောင့်အကြပ်များကား ဤသို့ တာဝန်ချ ထားသည့်ကြားမှပင် မင်းမဖုရားနှစ်ပါးကို အသနားပိုကြသဖြင့် မိဖုရားကြီးကို ထောင်တွင်းသို့ တိတ်တဆိတ် သွင်းသူများလည်း ရှိလေ၏။

ထိုကြောင့် အစောင့်အကြပ်များကို ပုံသေကားကျ မထား လေဘဲ။ တနေ့လျှင် တလှည့်ဆိုသကဲ့သို့ လူချင်းလဲကာလဲကာ စောင့်စေလျက် ရှိလေရာ ယနေ့ အစောင့်ကျနေသော စစ်သား များမှာ မင်းကြီးကိုလည်းကောင်း မိဖုရားကြီးကိုလည်းကောင်း တကြိမ်တခါမျှ မမြင်ဘူးသေးသော မျက်နှာစိမ်း စစ်သားများ ဖြစ်လေသည်။

ဝေဒေဟီ မိဖုရားကြီးလည်း ဤသို့တင်းကြပ်စွာ တားမြစ် ထားသည့်ကြာမှပင် သူ့နည်းသူ့ဟန်ဖြင့် ကြံဖန်၍ မင်းကြီး ထံတွေ့ရန် သွားမြဲသွားလျက်ရှိလေရာ တခါတခါတွင် တွေ့ခွင့် ရသော်လည်း မျက်နှာစိမ်း အစောင့်များနှင့် တွေ့သေအခါ တွင်ကား ထောင်ဝရောက်ခါမှ မျက်ရည်စက်လက်နှင့် အတွင်း သို့ တစေ့တစောင်းကြည့်ကာ ပြန်ခဲ့ရသောအခါများလည်းရှိ ပေသည်။

ယနေ့လည်း မိဖုရားကြီးသည် ထောင်ရှေ့သို့ ဝေ့ကာနဲ ရောက်လာ၏။ ထိုအခါ မိဖုရားကြီး၏ရှေ့မှနေ၍ ဓားနှစ်လက် က ကြက်ခြေလျက် ထားလာ၏။

www.dhammaransi.com



“သည်းခံတော်မူပါ အရှင် မိဖုရားကြီး”

ဟူ၍ တောင်းပန်သံလည်း တပြိုင်တည်း ထွက်လာ၏။

မိဖုရားကြီးသည် ဟန့်တားထားသော ဓား နှစ်လက် ပေါ် ကျော်၍ မင်းကြီး စံမြန်းလျက်ရှိသည့် ထောင်နန်းသို့ကဲ၍ ကြည့်လိုက်ပြီးမှ ဆို့နစ်သံနှင့် အစောင့်များကို တောင်းပန် ရှာ၏။

“ငါ့ကို ခဏကလေး ဝင်ခွင့်ပြုကြကွယ်....။ ရှာကြပါ။ ငါ့မှာ ဘာမှ မပါပါဘူး။ မင်းတရားကြီးကို ငါ နောက်ဆုံး ဝအောင် ဖူးလိုက်ချင်လိုပါ”

ဤသို့ မျက်ရေ စက်လက်နှင့် ကရုဏာ သက်လောက်အောင် ပြောဆိုတောင်းပန်ငြားသော်လည်း ထိုအစောင့် များက ခွင့် မပေးကြကုန်။ မိဖုရားကြီး ရှေ့မှ ဓားထမ်းလျက် တန်းစီစောင့် နေကြကုန်၏။

ထိုအခါ ဝေဒေဟီမိဖုရားကြီးသည် စစ်သား အသီးသီး၏ မျက်နှာကို စိန်းစိန်းကြည့်ပြီးနောက် စစ်သားတယောက်မှ ဓားကို ရုတ်တရက် ဆပ်ခနဲဆွဲယူလိုက်၏။ ဓားသည် အဆင်သင့် လက်ထဲ ပါလာ၏။

ထိုခဏမှာပင် အခြား အစောင့် များသည် မိဖုရားကြီးအား ဓားကိုယ်စီနှင့် ချိန်းထား လေရာ- ဤရှုကွက်မှာ စစ်မြေပြင်ပမှာ အသဲယားစရာ ဖြစ်လာလေသည်။

မိဖုရားကြီး၏ လက်မှ ဓားကမူ အစောင့်များကို ချိန်ရွယ်ခြင်း မပြုလေဘဲ။ သူ၏ ရင်ဝကိုသာ ဓားဦးနှင့် စိုက်ချိန်ထားပြီးသော်—

www.dhammaransi.com



"သင်တို့ ငါ့ကို ထောင်နန်းစံ မင်းတရားကြီးနှင့် တွေ့ခွင့်မပေးခဲ့သော် ငါ့ကိုယ်ငါသတ်၍ ဤနေရာတွင် အဆုံးစီရင် လိုက်တော့အံ့။ ကြွေပြုန်းနေပြီ ဖြစ်သော နှလုံးဖြင့် ငါ့ဘ၀ကို ငါ့အသုံး မပြုလိုပြီ။

ဤသို့ ငါ့ကိုငါ သတ်၍ သေလိုက်သည် မှန်စေကာမူ ငါ့သားတော်က ယုံလေမည် မဟုတ်။ "ငါ့မယ်တော်ကို နင်ကို သတ်ရမည်လား" ဟူ၍ သားတော်က သတ်သဖြင့် သင်တို့အားလုံး၏အသက်လည်းငါကဲ့သို့ပင် အသက်ထွက်ကြ ရလိမ့်အံ့"

ဤသို့ ပြောပြောစိုက်စိုက် မိဖုရားကြီးသည် မိမိ၏ ရင်ဝကို ကိုယ်တိုင်ဓားနှင့် တအားစိုက်လိုက်တော့မည့် ဟန်ဖြင့် ရင်ဝကို ဓားနှင့် တေ့ထားလျက်မှ ...

"ငါ့ကို သင်တို့ ဝင်ခွင့် ပြုကြမည်လော" ဟု မေးလေ၏။

စစ်သားများလည်း ဓားမိုးထားလျက်မှ ဘာလုပ်ရမည်မသိ။ အချင်းချင်းပြူးကြောင်ကြောင်ကြည့်လိုက်မိဖုရားကြီးကိုကြည့်လိုက်နှင့် ရှိနေကုန်၏။

"အသို့နည်း။ ငါ့ကိုငါ သတ်လိုက်ရတော့မည်လော့"ဟု ဓားကို ရင်တွင်းသို့ စိုက်သွင်းလိုက်မည့်ဟန်ဖြင့် ဒပ်၍ မေးလိုက်သေအခါတွင်ကား စစ်သားများသည် ချိန်ရွယ်၍ မိုးထားသော ဓားကိုချကာ လက်နှစ်ဘက်ယှက် ရှိခိုးကာ

"ဝင်တော်မူပါဘုရား" ဟူ၍ ခွင့်ပေးကုန်၏။

မိဖုရားကြီးကား ရာဇပရိယာယ် ကြွယ်လှ၏။ ဓားကို ရင်ဝတွင် တေ့ထားရာမှ ရုပ်လိုက်ခဲ့သော် သူတို့ငါ့ကို နန်းပေါ်

www.dhammaransi.com



ပြန်ပို့ကုန်လိမ့်အံ့။ မင်းကြီးထံ မရောက်မချင်း သင်းတို့ကိုငါမယုံငါစိတ်မချ။ ဤသို့စဉ်းစားပြီးလျှင်

“ဝင်ခွင့်ပြုခဲ့သော ငါနှင့်အတူ တံခါးဝအထိ လိုက်ခဲ့ကြ” ဟု ရင်ဝကို ခါးနှင့်တေ့ထားလျက် ထောင်တံခါးဆီသို့ သွားလေရာ။

စစ်သားများလည်း မိဖုရားကြီးနောက်က လိုက်ပါသွားကြရလေ၏။

“ကဲ ရော့ မောင်ရို့ ခါး။ ပြန်ကြလော၊ နောက်ဆုတ်ကြလော့”ဟု ခါးကို ပစ်ပေးလိုက်ပြီးသည့် နောက်ပိုင်းအချိန်တွင်ကား အကယ်၍သာ ကြားနိုင်စွမ်း မြင်နိုင်စွမ်းရှိပါမူကား မင်းမိဖုရားနှစ်ပါးတို့၏ ကရုဏာရှုကွက် ကိုချက်ရေစက်လက်နှင့် မြင်ကြရမည် ဖြစ်သတည်း။

ဝေဒေဟီ မိဖုရားကြီးသည် ထောင်တွင်း အင်ပျဉ်စွန်းတွင် တင်ပါးလွှဲထိုင်နေသော ဗိမ္ဗိသာရမင်းကြီး၏ ခြေဦးတွင် မိမိ၏ဆံကေသာကို ဖြန့်ခင်းကာ ရှိသေစွာ ကန်တော့လေ၏။ ရှိခိုး ကန်တော့ပြီးသောအခါ မင်းကြီး၏ ခြေဖမိုးပေါ် မျက်ခွက်ဖြင့် မှောက်ပြီး တတောက်တောက် ယိုစီး၍ လိမ့်ဆင်းလာသော မျက်ရေဖြင့် မင်းကြီး၏ခြေကို ဆေးသကဲ့သို့ ရှိနေ၏။ မျက်ရေစွတ်သော မျက်နှာနှင့် နှုတ်မှ တွတ်တွတ်ရွတ်နေလေသည်ကား

“လူလေးမျိုးဘို့၏ ကောင်းကျိုးချမ်းသာကို လွန်စွာ ပြုပြင်ပေးသော အရှင်ဗိမ္ဗိသာရမင်းမြတ်။

မိမိကိုယ်ကို သတ်လတ္တံ့သော သားကိုလျက် မဖျက်

www.dhammaransi.com



ဆီးရ။ ချီပ မွေးမြူချင်သောကြောင့် မမြင်ဝံ့သော ဆင်းအရဲစုကိုယခုခံတော်မူနေရပြီမဟုတ်ပါလားဘုရား။ အရှင့်သား မင်းယုတ်သည် အကျွန်ုပ်ကိုမျှ ဝင်ရခြင်းငှာ ခွင့်မပေးပါပြီ။ ဤအခါမှစ၍ နောင်ကာလတွင် ပြည်မသခင် ကျွန့်အရှင်ကို ဖူးမြင်ရုံမျှ အခွင့်ရတော့မည် မဟုတ်ပါ။ ယခု ဖူးမြင်ရခြင်းကား အရှင်မင်းကြီး အား နောက်ဆုံး ဖူးမြင်ရခြင်းပါဘုရား။

အကျွန်ုပ်သည် အရှင်မင်းကြီးအား ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ညွတ်ကြိုးမာန်လျှော့ရှိသေစွာ ကန်တော့ ခဲ့ပါသည်။ ပူဇော်ခဲ့ပါသည်။ အကျွန်ုပ်မှာ ပြစ်ဆာ တစိ အကယ်၍များ ရှိခဲ့ပါမူ သည်းခံခွင့်လွှတ်တော်မူ ပါဘုရား''

ဤသို့ မျက်ရေတစိုစိုနှင့် ငိုကာယိုကာ တစာစာ ပြောနေ သော မိဖုရားကြီးကိုကြည့်ကာ ဗိမ္ဗိသာရ မင်းကြီးမှာလည်း အဘယ်မျှ ကြံ့ခိုင်နိုင်စွမ်း ရှိသည်ဆိုစေကာမူ သည်းပွတ်နှလုံး ကြေးပြုန်းမတတ်ပင် အပူဟပ်လျှက်ရှိချေ၏။

သို့သော် မင်းကြီး၏ အပူကား မိဖုရားကြီးကဲ့သို့ အပြင်သို့ ပွင့်ထွက်၍မလာ။ အတွင်း၌သာ ကျိုက်ကျိုက်ဆူနေ၏။

မိဖုရားကြီး ပြောသွားသော စကားနှင့် တည်ရှိလာသော ပဋိသန္ဓေမှာ ''အရှင်မင်းကြီးကို သတ်မည့်ရန်သူ မင်းသားပါ ဘုရား''ဟူ၍ ပုဏ္ဏားတော်များ၏ အဟောထွက်ချက်ကြောင့်၊ ထိုပဋိသန္ဓေကို ဝေဒေဟီ မိဖုရားကြီး ဖျက်ချပုံများကိုပါ မျက်စိထဲ၌ မြင်ယောင်လာ၏။

www.dhammaransi.com



မင်းကြီးသည် ဤသို့ မြင်ယောင်လာလေလေ။ ဝေဒေဟီ မိဖုရားကြီးအား သနားလေလေ ဖြစ်နေ၏။ ဝေဒေဟီသည်ပင် သန္ဓေကို ဖျက်ချခဲ့ခြင်းမှာ မွေးဖွားလာမည့်သားထက် ငါ့ကို မြတ်နိုးကြောင်း ပေါ်လွင်ထင်ရှားပေသည်။

ငါက ကိုယ်ဝန်ပဋိသန္ဓေကို ဖျက်မချရန် သူ့အား ငါပြင်းပြင်းထန်ထန်တားမြစ်ခဲ့သည်။ ငါ၏တားမြစ်ချက်အရ ကိုယ်ဝန်ပျက်စီးမသွားလေဘဲ သားအဇာတသတ်ကို ဖွားမြင်ရရှိလာသည်။ ဤတွင် ဝေဒေဟီနှင့် ငါတမျိုးစီမြင်လာ၏။ ငါက ငါ၏တားမြစ်ချက်အရ သားတော်ကို ဖွားမြင်လာသဖြင့် ငါ၏ရင်နှစ်ကို ချစ်မငြီးနိုင်အောင် ငါချစ်ရသည်။

ငါသာ မတားမြစ်လိုက်ခဲ့သော် ဤသို့ ချစ်စဘွယ် ကောင်းလှသော သားကို ငါရရှိမည်မဟုတ်။ သား၌ဖြစ်သော ချစ်ခြင်းအရသာထူးကို ငါခံစားရမည်မဟုတ်ဟု ငါက မြင်သော်လည်း ဝေဒေဟီကား ဤသို့မမြင်ချေ။

ငါ၏တားမြစ်ချက်ကြောင့် အဖသတ်ကို ငါဖွားရသည်။ ဤသားကြောင့် ငါ့လင်နှင့်၂-ကွ ငါလည်း ဒုက္ခရောက်ရသည်ဟု မြင်၏။

သူ၏အမြင်သည် လင်ကိုချစ်သော မြတ်နိုးသော မယားကောင်းတယောက်၏ အမြင်ဖြစ်၍ ချီးကျူးထိုက်လှပေသည်။

သို့သော် ငါ့ကိုသတ်မည့်သား ဖြစ်၍လားမသိ ဤသားကို ဖွားမြင်ရခြင်းအားဖြင့် ငါမှာ အဘယ်မျှ နှလုံးပီတိဂွမ်းဆီထိ ဖြစ်ရသည်ကိုကား ဝေဒေဟီမသိရှာချေ။ သားကို ချစ်မြတ်နိုး

www.dhammaransi.com



ခြင်း၏အရသာကို ဝေဒေဟီသည် ကောင်းကောင်းမခံစားတတ်ချေ။

သို့ကြောင့်သာ သားကိုသာ သူအပြစ်ဆိုနေခြင်း ဖြစ်ပေသည်။ ရန်သူနှင့်သားကို ပြတ်သားအောင် သူမခွဲတတ်ချေ။ ငါ၏အမြင် ငါ၏နှလုံးသားက ပြတ်သားလှ၏။ သားတခြား ရန်သူတခြားဖြစ်၏။ သားသည် ချစ်အပ် မြတ်နိုးအပ်သူ ဖြစ်၍ ရန်သူကား စွန့်ခွာအပ်သူ မုန်းအပ်သူဖြစ်လေသည်။

အဇာတသတ်သည် သူ့စိတ်က ငါ့အပေါ်၌ ရန်သူကဲ့သို့ သဘောထားစေကာမူ။ ရန်သူကဲ့သို့ ကျင့်စေကာမူ သူ၏ခန္ဓာ ကိုယ်ကာယပဉ္စငါးပါးစလုံးကား ငါ၏အသွေး၊ ငါ၏အသား စစ်စစ် ဖြစ်သောကြောင့် ငါ့အဖို့တွင် ချစ်မငြီး အပ်သော သားမြတ်ဖြစ်ပေသည်။

ထို့ကြောင့် အဇာတသတ်ကား ငါ့သွေး၊ ငါ့သား၊ ငါ မြတ်နိုးအပ်သော သားမြတ်ရတနာတည်း။

ငါ့ကိုယ်နှင့် ငါ့အသက်သည် ငါ့သားက မသတ်ငြားလည်း သင်္ခါရသဘောအရ တနေ့နေ့တွင် သေရမည် စင်စစ်ဖြစ်ချေ၏။ သေရခြင်းတူတူ ငါချစ်အပ်သော သား၏ လက်ချက်ဖြင့် အသက်ထွက်ရခြင်းက ကောင်းသည် မဟုတ်ပါလော။

ထို့ကြောင့်ငါသည် ငါ့သားကသတ်၍ သေရမည့်အတွက် တစက်ကလေးမျှ ငါဝမ်းမနည်း။ ငါဝမ်းနည်း သည်ကား ငါချစ်မြတ်နိုးအပ်သော သားကို ငါခွဲခွာသွားရမှာ ကိုသာ ငါဝမ်းနည်း၏။

www.dhammaransi.com



ငါ့အဖို့တွင်ကားအကြောင်းမထူးပြီ။ နေမြင့် လမြင့် အသိပညာရှင် ဗေဒင်ဆရာကြီး များက ဇာတာကို တွက်စစ်၍ အဟောထွက်သည့် အချိန်ကတည်းကပင် "ဖွားမြင်လာသော ငါ့သားကား ငါ့စကားကို နားထောင် မည့်သူ မဟုတ်ကြောင်း"ကို ကောင်းကောင်းသိထားပြီဖြစ်၍ ငါသေရခြင်း သော်လည်း အချစ်နှင့် ငါထေလိုက်သော ငါ့သားမှာ ဘာမျှ အပြစ်မရှိ သလောက်ပင် သန့်စင်သောသားဖြစ်၏။

ယခုအရေးကြီးသည်ကား ဝေဒေဟီအား နှလုံးငြိမ်ဆေးကို အချိန်မှီ တိုက်ကျွေးရန် အရေးကြီး၏။

ဤအပူဘေးကြောင့် သူ၏ နှလုံးသွေးများ ခန်းခြောက်သွားရှာပေတော့မည့် ဝေဒေဟီကို သက်သာရာရအောင် ငါစီမံထားခဲ့မှတော်ပေမည်။

ငါ့အပေါ် သံယောဇဉ်ဖြတ်လျှင် သူ့တွင် စွဲကပ် နေသောအပူမီး သက်သာသွားပေလိမ့်မည်။

ထိုကြောင့် ငါသည် ဝေဒေဟီအား ငါ့ အပေါ်တွင် သံယောဇဉ်ပြတ်သွားရုံတွင်မက ငါအနားသို့ပင် ကပ်ချင်စိတ်များမရှိတော့အောင် ငါပြုအံ့။

ငါမရှိသည့်နောက်၌လည်း ဝေဒေဟီသည် ငါ့ကိုစွဲလမ်းခြင်းမှ ပျောက်ကင်းရစ် စေတော့။ ချမ်းသာပါလေ စေတော့ဟု ဤသို့စဉ်းစားပြီးလျှင် ဗိမ္ဗိသာရမင်းကြီးသည် ဝေဒေဟီ သက်သာစိမ့်သောငှာ မိမိအသဲနှလုံးကိုအပြုန်းခံ၍ မိမိကို ဝေဒေဟီ ရွံမုန်း သွားအောင် မဆိုရက်ရက်နှင့် ဆိုမြွက်တော် မူလေသည်ကား....

www.dhammaransi.com



''အဘယ်ဝေဒေဟီ။ ငါတို့ မိန်းမသားမျိုးကား မျက်ရေကို ရေမိုးလုပ်၍ ချီးနိုင်သည်။ မျက်ရေတွေ ပေါမျှားသည် ဘုံးဘောလအော သုံးနိုင်သည် ဟူ၍ မျက်ရေကိုအကြောင်းမဲ့ ငါ့ထံလာ၍သုံးခြင်းဖြင့် ပြုန်းတီးမကုန်စေလင့်။ နောက်တချက်အားဖြင့် ရှေးကဝဋ်ကြွေး မကုန်သေးသဖြင့် ငါ့ဝဋ်ကြွမှာအရ ငါခံစားရပါသည်ကို သင်သည်အပြစ်မရှိသောငါ့သားကိုသာအဖ သတ်သားဟူ၍ တဖြစ်တောက်တောက် မျက်ရေပေါက်ကြီးမျှားနှင့် ငါ့အားလာလာဆိုချေ၏။ ဤသည့် အပြုအမူမျှားကား သင်၏မရိုးသားမှုကို ငါ့ထံ ဝန်ခံလာရာကျပေ၏။

အဘယ်ဝေဒေဟီ။ သင်၏ မျက်ရည်မျှားကို ရုပ်သိမ်းဘိလော။ ဇီဝိန်ချုပ်တော့အံ့ ဆဲဆဲ ဖြစ်သော ငါ့အသက်ထွက်ရာ လမ်းကြောင်းကို ခလုတ်ကဇင်း အနှောက်အရှက် ဖြစ်အောင် သင်မလုပ်လေနှင့်။ သင်၏စိတ်ရင်း သဘောထားနှင့် နှလုံးတွင်းကို ငါသည်အတွင်းသိ အစဉ်းသိ ဖြစ်ဘိ၏။ သင်ကား သာယာစီးချင်သော စိတ်ထားမမှန်သော မိန်းမသားတည်း။

ငါ၏ သားတော် အဇာတသတ် အပေါ်တွင် တတွတ်တွတ်အပြစ်ဆိုနေခြင်းက သင်၏ မရိုးသားမှုကို ဖော်ပြလျက် ရှိနေ၏။ သင်မည်သို့ပင် အပြစ်စကားဆိုနေလေငြားသော်လည်းအဇာတသတ်ကား အခြားသူ၏ဝမ်းပိုက်မှ မွေးဖွားလာသူ မဟုတ်။ သင်၏ရတနာရွှေ

www.dhammaransi.com



ကြုတ် နှုတ်ငုံတော် ဝမ်းဗိုက်တွင်းမှ ဖွားမြင်သူ ဖြစ်လေရာ ဤသည့် သားဘော်ရင်း ခေါက်ခေါက်ကို လျက် သင်သည် ရက်စက်နိုင်ဝံ့သူ တကား။

ပေဒင်ဆရာတို့က မကောင်းသောသား၊ သားဆိုး သားမိုက် - ဟူ၍ အဒဟာထွက်သော စကားနောက်သို့ သံယောင် လိုက်ကာ ငါ့သားကိုသာ အပြစ်ဖို့ နေ၏။ သင်၏ အဓိပ္ပါယ်မှာ သားကိုဖြစ်စေ၊ လင်ကိုဖြစ်စေ၊ ကောင်းလျှင်ချစ်မည်၊ မကောင်းလျှင် စွန့်ပစ်မည်ဖြစ်ကြောင်းပေါ်လွင်နေ၏။

အဘယ်ဝေဒေဟီ။ဤသို့သာရာမှာ နားတတ်သော မေတ္တာမျိုးကိုကား ငါမလိုလား။ မယားကောင်းဟူ၍ သူတော်ကောင်းတို့ မဆိုကုန်။

မယားကောင်းဆိုသည်မှာ ကောင်းလျှင်လည်းလင်နှင့်အတူစံ။ ဆိုးလျှင်လည်းအတူခံ။ ချမ်းသာ ဆင်းရဲ အမြဲမကွဲသော မယားမျိုးကိုသာ မယားကောင်းဟု ဆိုကုန်သည်။

ဥပမာ....သောတ္ထိသေန မင်းသား သမ္ဘုလ တို့၏ မေတ္တာစစ်နှင့် အချစ်မျိုးကိုမှ မယားကောင်းဟု ဆိုသည်။ လင်အနူကို စွန့်ပစ်၍ မထား။ အပါးတော်မှ လိုက်၍ ရေပူရေချမ်း ကမ်းလှမ်းသမျှဖြင့် လုပ်ကျွေးခြင်းပြုစုရှာ၏။

လင့်အပေါ်၌ရင်း၊ သားအပေါ်၌ရင်း ထားရှိသော သင်၏ မေတ္တာစိတ်ကား သမ္ဘုလ၏ စိတ်နှင့်

www.dhammaransi.com



စာသော် မြင့်မိုရ်တောင်နှင့် ဇီးစေ့တမျှ ကွာလှဘိသည်။ ဝေဒေဟီ....''

ဤသို့မြွက်၍သံယောဇဉ် ပြတ်တောက်အောင် ဖြတ်တောက်ထားသော်လည်း ဗိမ္ဗိသာရမင်းကြီး၏စကားမှာအရာမရောက်ဘဲ ဖြစ်နေ၏။

အကြောင်းသော်ကား—မိမိအပေါ်၌ထားရှိသော မင်းကြီး၏သဘောရင်းကို ဝေဒေဟီ မိဖုရားကြီးက အတွင်းသိ အစဉ်းသိ သိထားလေသောကြောင့် မင်းကြီးကဤသို့ ဆိုမြွက်လေလေ၊ ဝေဒေဟီမိဖုရားကြီးအဖို့တွင်ပို၍ ရင်နင့်လာ လေလေသာ ဖြစ်နေ၏။ ဝေဒေဟီသည်မင်းကြီး၏ ခြေသလုံးကိုဖက် မျက်ခွက်နှင့်ပွတ်ကာ ပွတ်ကာ ငို၍ လျှောက်ရှာလေ၏။

''အရှင်မင်းကြီး။ ဝေဒေဟီ၏အပေါ်တွင်တသက်လုံးမဆိုစဘူးသောစကားကို ဘောက်မဲ့ကြောင့် မြွက်ကြားတော်မူသည်။ စိတ်ထဲကမပါ။အပေါ်ယံ အကာကြောဖြင့် မုန်းလောက်အောင် ဆိုပြော နေတော်မူသည်ကို ဝေဒေဟီမသိနေမည်လား။ သားကိုချစ်မြတ်နိုးတော်မူလွန်း၊ အလိုလိုက်တော် မူလွန်းသည့် အတွက် ယခုကဲ့သို့ ဝေဒနာခံစားနေရသည်ကို မရှုရက်နိုင်တော့ပါအရှင်မင်းကြီး''

ဤသို့ပြောပြောပြောဆိုဆို ငိုယိုမြည်ဘမ်းလျက်မှ ဝေဒေတ်သည်သားတော်နှင့် ပတ်သက်၍ ရှင်တော်မြတ်ဘုရားက သတိပေးဘူးသောစကားကို အမှတ်ရလာပြီးနောက် ကြောင်းကိုပြန်၍ လျှောက်လိုက်။ ငိုတရှိုက်ရှိုက်နှင့် ဖြစ်နေရှာလေ၏။

www.dhammaransi.com



“အို ပြည်ကြီး သနင်း၊ ဘဝရှင် မင်းတရားကြီး။ မိမိ အသက်ကိုသား၏အသက်ခံ၍ သားကိုလွန်စွာ ချစ်မြတ်နိုးတော်မူလှသော သားချစ်၏ ခမည်းတော် မင်းကြီး။ ဤသားသည် ခမည်းတော်ကို သတ်မည့် သားပါ ဘုရား။ ခမည်းတော်ကို သတ်ပါလိမ့်မည်ဟူ၍ တဖွဖွ ပုဏ္ဏားတော်ကြီးများက အဟောထွက်သောစကားကို မလေးစားလျှင် ရှိပါစေဦးတော့။

အရှင်မင်းကြီးအားမြတ်ဘုရားသခင် မြွက်ကြားတော်မူဘူးသည့်စကားကိုတော့ အလေးထားတော်မူသင့်ပါသည်။ ယခုသော် အရှင်မင်းကြီးသည် ဘုရားစကားကို မလေးစားမိသည့်အတွက် ယခုမှာမူ ကိုယ်တိုင် သေဘေးဒုက္ခနှင့် ကြုံတွေ့တော်မူနေရပြီ မဟုတ်ပါလားဘုရား။

အို....သား ချစ်ဖခင် အရှင်မင်းကြီး။ ဟိုတခါ တုန်းကလေ....သားတော်ကလေးက ‘ငယ်ငယ်၊လေးငါးနှစ်သား အရွယ်တုန်းကပါ ဘုရား၊ မြတ်ဘုရားသခင် နန်းတော်ကို ကြွတော်မူလာပြီး တရားဟောကြားတော်မူသည့်အခါ အရှင်မင်းကြီးမှာ တရားအာရုံ စိတ်ဝယ်ထုံပြီး နားတော်မူနေသည့်အခိုက် အရှင်မင်းကြီး၏ သားမိုက်ကလေးက အရှင်မင်းကြီး၏ ရင်ခွင်ထဲနေပြီးရှုံ့ခိုးနေသော အရှင်မင်းကြီး၏ လက်အုပ်ကို ကိုင်၍ လှုပ်လိုလှုပ်၊နားရွက်ကိုဆွဲလိုဆွဲ၊ အရှင်မင်းကြီး၏ နှာခေါင်း ထဲကိုလက်ညှိုးနှင့်ထိုးလိုထိုး။ အမျိုးမျိုး အနှောက်အရှက် ပေးသည့်အတွက် အရှင်မင်းကြီးမှာ တရားတော်ပင် ကောင်းစွာမနာယူနိုင်ခဲ့ပါ။

www.dhammaransi.com



ဤသည်ကို ဘုရားသခင်က သိရှိတော်မူသဖြင့် သည်သား မိုက်ကောင် ကလေးကို အကြောင်းပြုပြီး တနေ့သောအခါမှာ ငါ့ဒကာကြီးတော့ သားလက်ချက်နဲ့ အသက်ဘေး ရောက်ရှာ တော့မည့်အရေးကို မြင်တော်မူ၍....

"အရှင်မင်းကြီးမှ တစေ့တစောင်း ရိပ်စားတော် မူမိပါ စေတော့" ဟူ၍ ရိပ်ဖမ်းသံဖမ်း **မူသိက ဇာတ်လမ်း**ကို အရှင် မင်းကြီးအား ကြိုကြိုတင်တင်သတိပေးမြွက်ကြားတော်မူခဲ့သည် မဟုတ်ပါလားဘုရား။

မေ့သွားတော်မူပြီလားဘုရား။ သည်တုန်းက မြတ်ဘုရား ဟောကြား သတိပေးသွားတော်မူသည်မှာ....

"မြတ်သော မင်းကြီး။ ရှေးမင်း တို့သည် မိမိ အသက် အန္တရာယ်အတွက် စိတ်မချထိုက်သူကို စိတ်မချသည့်အလျောက် မှ ငါမရှိမှမင်းပြုလှည့်"ဟူ၍ မိမိနှင့် ဝေးကွာသောနေရာတွင် နေစေကြကုန်သည် ဟူ၍ ဤမူသိကဇာတ်ကို ဟော၍တကြိမ်၊ "**ကုသဇာတ်**"ကိုဟော၍တကြိမ်၊အရှင်မင်းကြီးအားနှစ်ကြိမ် တိုင်တိုင် သတိပေး ဟောကြားတော်မူသည်ကို အလေးဂရုပြု တော်မမူလေဘဲ အချစ်အားကိုးဖြင့် လျှစ်လျူရှုတော် မူသည့် အတွက် အသက်ဘေးနှင့် ကြုံတော်မူရပြီ မဟုတ် ပါလား ဘုရား။

"သားချစ်ဖခင်၊ အို....ကျေးဇူးရှင် မင်းတရားကြီး။ သည် တုန်းက **မူသိကဇာတ်** ဟောင်းဖြင့် အရှင်မင်းကြီးအား ရိပ် စောင်း၍ ဟောကြားတော် မူလိုက်သည်မှာ....

www.dhammaransi.com



‘‘မြတ်သောမင်းကြီး။ရှေးအခါက ဘုရားအလောင်းသည် ဒိသာပါမောက္ခ ဆရာကြီးဖြစ်ခဲ့ဘူး၍ ယဝကုမာရ မည်သော မင်းသားတပါးဆရာ့ထံတွင် ပညာသင်လျက်နေကြောင်း။ ထိုမင်းသားသည် ပညာစုံ၍ ရွှေဘုံပြန်ရန်အလို့ငှာ ဆရာကြီးကို ကန်တော့သောအခါတွင် သူ၏တပည့်မှာ သားကိုအကြောင်းပြု၍ အသက်အန္တရာယ် ဖြစ်လာမည့်ဘေးကို မြင်လေသည့်အတွက် သူ့တပည့်ကို အမှတ်တရ သတိပေးလိုက် လိုသဖြင့် မျက်မြင်သာဓကကို စူးစမ်းတဲ့အခါမှာ ခြေထောက်မှာ အနာပေါက်နေသော မြင်းတကောင်နှင့် ၎င်းအနာကို လာလာစားသော ကြွက်ကို ဘုရားအလောင်းက မြင်ပါသည်။ ငါ့အနာကို လာလာစားရမည်လား ဟူ၍ မြင်းကကြွက်ကို ခြေနှင့် ကန်လိုက်တဲ့အတွက် ကြွက်သေပြီးရေတွင်းထဲကျသွားသည်ကိုလည်း ဒိသာပါမောက္ခ ဆရာကြီးက မြင်လိုက်ပါသည်။ ကြွက်တွေဘယ်ရောက်ကုန်သည်ကို အခြားလူများကမသိကြကုန်။

ဤအဖြစ်အပျက်ကို အချက်တချက် အနေဖြင့် ဆရာကြီးက မှတ်ထားလိုက်ပါသည်။

သားချစ်ဖခင် အရှင်မင်းကြီး ဒိသာပါမောက္ခ ဆရာကြီးသည်သူ၏တပည့်မင်းသား မင်းဖြစ်သောအခါ ကျရောက်လတ္တံ့သော အန္တရာယ်ကို မြင်လေ၍ ဂါထာသုံးပုဒ်ပေးတော်မူလိုက်ပါသည်တဲ့။

‘‘ချစ်တပည့်။ သင်မင်းဖြစ်၍ ညအခါ ရေချိုးသွား
လေသည်ရှိသော်။ နန်းတော်မှ ရေကန်စောင့် တန်းဦး
အထိ ဤငါပေးလိုက်သော ပထမဂါထာကို ရွတ်၍

www.dhammaransi.com



သွားလော့။ အိပ်ရာသို့ ဝင်လေတိုင်း ဝင်လေတိုင်း ဒုတိယဂါထာကိုရွတ်၍ စက်ခန်းဆောင်သို့ ဝင်လော့။ ထိုနောက် စောင်းတန်းဦးတွင်ရပ်လျက် တတိယဂါထာ ကိုရွတ်လော့။သင်ချမ်းသာလတ္တံ့"

ဤသို့မှာကြား၍ ဂါထာသုံးပုဒ်ကို ယဝကုမာရ မင်းသား အား ပေးလိုက်ပါသည်။

သားချစ်ဖခင် အို....အရှင်မင်းကြီး ထိုမင်းသားသည် မိမိ နိုင်ငံပြန်ရောက်၍ ခမည်းတော် နတ်ရွာလားသောအခါ မင်း ဖြစ်လာပါသည်။ သားတော်တပါး ထွန်းကားရရှိ၍ ထိုမင်း သားအရွယ်သို့ ရောက်သောအခါ ခမည်းတော်ကို လုပ်ကြံ၍ မင်းပြုလိုသဖြင့် သန်လျက်ကို စွဲကိုင်လျက် ရေကန်က စောင့် နေ၏။

မင်းကြီးသည် ရေချိုးရန်အတွက် မှူးသိကာမည်သော ကျွန်မ အား ရေကန်ကို ရှင်းလင်းရန် စေခိုင်းလိုက်ပါသည်။ ကျွန်မ မှူးသိကာသည် အမိန့်တော်အတိုင်း ရေကန်သို့ သွားလေသော အခါ သန်လျက်ကိုင်၍ စောင့်နေသော မင်းသားကိုတွေ့သော် လန့်၍ အော်မည်ပြုစဉ် မင်းသားက သူ့အကြံကို လူသိကုန်မည် စိုးသောကြောင့် မှူးသိကာကို သန်လျက်နှင့်ပိုင်းပြီး ရေကန်ထဲ ပစ်ချလိုက်ပြီး ခမည်းတော်အလာကို စောင့်နေပါသည်။

သားချစ်ဖခင်။ အို...အရှင်မင်းကြီး။ လူတို့သည် မှူးသိကာ ဘယ်သွားတုန်း ဘယ်သွားတုန်းဟူ၍ ရှာဖွေနေကြဆဲတွင်ခမည်း တော် မင်းကြီးသည် ညအခါ ရေချိုးထွက်လာသောအခါတွင်

www.dhammaransi.com



ဒိသာပါမောက္ခ ဆရာကြီးပေးလိုက်သော ဂါထာကို လမ်းတလျှောက်လုံး ရွတ်လာ၏။ ထိုဂါထာ၏အဓိပ္ပါယ်မှာ

(၁) "မူသိကာမည်သော ကျွန်မ ဘယ်သွားသနည်း၊ ဘယ်မှာရှိသနည်းဟု လူတို့မေးနေကုန်၏။ မြည်တမ်းနေကုန်၏။ မူသိကာကိုသတ်ပြီး ရေကန်ထဲ ပစ်ချထား၏။ ဤအကြောင်းကို ငါတယောက်တည်း သာသိ၏"

ခမည်းတော်၏ ရွတ်ဖတ်လာသော ဂါထာစကားကို လုပ်ကြံရန် စောင့်နေသည့် မင်းသားကြားလေသော် "ငါ့အကြံကို ခမည်းတော် သိရှိလေပြီ"ဟူ၍ ကြောက်လန့်ပြီးထွက်ပြေးသွားသည်ဟု မြတ်ဘုရား ဟောပါသည်အရှင်မင်းကြီး။

သားချစ်ဖခင်။ အို...အရှင်မင်းကြီး။ ထိုသားမိုက်သည် ခမည်းတော်ကို လုပ်ကြံရန်အတွက် တနေ့သောအခါတွင် သန်လျက်ကိုင်လျက် စောင်းတန်းဘေးတွင် ချောင်း၍ စောင့်နေ၏။ ခမည်းတော်မင်းကြီးလည်း တက္ကသိုလ်ဆရာကြီးပေးလိုက်သော ဂါထာကိုရွတ်၍ ,စောင်းတန်းအတိုင်း လျှောက်လာလေသည်။ ထိုဂါထာ၏ အဓိပ္ပါယ်မှာ

(၂) "သင်သည် ယမန်နေ့က မူသိကာကို သတ်ခဲ့ပြီ။ ယနေ့ ငါယဝမင်းတရားကိုသတ်ရန် ချောင်းနေပြန်ပြီ ကော။ သင့်အကြောင်းကို ငါမသိထင်သလော"

ခမည်းတော်မင်းတရားကြီးသည် စင်စစ် သိလေသည်မဟုတ်။ ဂါထာကိုရွတ်၍ လာခြင်းသာဖြစ်၏။ သို့သော်လည်း သားမိုက်ကား "ငါ့အကြံအစည်ကို ခမည်းတော်သိလေပြီ" ဟူ၍

www.dhammaransi.com



ထွက်ပြေးလေ၏။ ဤသို့မြတ်ဘုရားက ကြိုတင်၍သတိပေးတော်မူသည်ကို အရှင်မင်းကြီး မေ့နေပြီလော။

သားချစ်ဖခင်။ အို....အရှင်မင်းကြီး။ နောက် ၁၅ရက်လောက် ကြာသောအခါ ထိုသားမိုက်သည် ခမည်းဘော်ကို ယောက်မကြီးနှင့် ရိုက်သတ်ရန် အလစ်ကို ချောင်းနေပြန်၏။ မင်းကြီးလည်း စောင်းတန်းဦးတွင်ရပ်လျက် တတိယ ဂါထာကို ရွတ်လေ၏။ ဂါထာ၏အဓိပ္ပါယ်မှာ

(၃) "ဟယ် အသိတရား ခေါင်းပါးလှသည့် သားမိုက်။ သင်ကား ငယ်သေး၏။ ပထမအရွယ် နုနုကလေးရှိသေး၏။ ယောက်မရှည်ကြီးကို ဆွဲကိုင်လျက် ငါ့ကိုလုပ်ကြံရန် သင်စောင့်နေပြန်၏။ ယခုတကြိမ်တွင်ကား သင်၏ အသက်ကို ငါချမ်းသာမပေးတော့"

ဤဂါထာကို ရွတ်ဆိုလျှင် သားမိုက်သည် "ငါ့ကိုသိလေပြီ" ဟူ၍ ပြေးပေါက်မရတော့ဘဲ ခမည်းတော်ရှေ့တွင် ဒူးထောက်လာပြီး မှားယွင်းစွာ ကြံစည်မိကြောင်းကို ဝန်ခံရလေ၏။

အသင်မင်းကြီး၏ အသက်အန္တရာယ်ကို စိုးရိမ်တော်မူ၍ မြတ်ဘုရားက ၂ကြိမ်တိုင်တိုင် သတိပေးတော်မူပါလျက်လည်း အရှင်မင်းကြီးသည် သားကိုချစ်သည့် စိတ်နှင့်နှုတ်ဆိတ်၍ နေတော်မူဘိသည့်အတွက် ယခု ချစ်စွာသော သားထံမှ အသက်အန္တရာယ်ကြီး ကျရောက်လာပြီ မဟုတ်ပါလား။

ယခု မည်သို့ လုပ်တော့မည်နည်း။ သာဆိုး သားမိုက်လက်ချက်နဲ့ အရှင်မင်းကြီး အသက်ထွက်ရတော့မှာပါကလားဘုရာ့။ ဤသို့ တရှိုက်ရှိုက် ငိုလိုက် တိုင်တမ်းလိုက်နှင့် ရှိနေရင်းမှ

www.dhammaransi.com



မိဖုရားကြီးမှာ အမောဆို့လာပြီး မင်းကြီး၏ရှေ့တွင် မိုက်ခနဲ သတိမေ့ကာ ခွေလဲသွားရှာလေ၏။

ဤတွင်မှ ဗိမ္ဗိသာရမင်းကြီးလည်းမျက်လုံးပြူးကာ ဆောက်တည်ရာမရ ဖြစ်သွားလေသည့်အလျှောက်။ တံခါးပေါက်ဝမှ ရပ်၍ စောင့်နေကြသော မင်းချင်းယောကျ်ားများဆီသို့ လှမ်းမျှော်၍ ကြည့်တော်မူပြီး။

''အမြန်လာကြစမ်း'' ဟူ၍ လက်ယပ်၍ခေါ်တော်မူလိုက်လေ၏။

အစောင့် စစ်သားများလည်း ခဏအတွင်းမှာပင် ထောင်တွင်းသို့ ပြေးဝင်လာကြကုန်လေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းသည် ကြွေပြုန်းလုလု အသံနှလုံးဖြင့် မြွက်ကြားတော်မူရလေ၏။

''အချင်းတို့ ဝေဒေဟီကို နန်းပေါ်ကို ခေါ်သွားကြလော့''

ဟူ၍မြွက်ကြားတော်မူပြီးသည့် နောက်တွင်ကား ဝေဒေဟီ မိဖုရားကြီးမှာ မိမိငံမြန်းသည့် နန်းမြင့်ပေါ်သို့ ရောက်ရှိသွားသည့်တိုင်အောင် သတိမရတချက်နှင့်သာ ရှိနေသဖြင့် ရံရွေတော်များမှာ ပျားပန်းခတ်မျှ ယပ်လေသွင်းသူက သွင်းနှင့် အပူချင်း ကူးစက်လျက်ရှိနေကုန်လေ၏။

တရားပြည့်ဝလှစွာသော ဗိမ္ဗိသာရမင်းကြီးမှာကား မိမိ၏ ကြမ္မာကိုသာ အောင်းမေ့ကာ သားတော် အဇာတသတ်ကျန်းမာ ချမ်းသာစေကြောင်း ကိုသာ ဆုတောင်းလျက် ရှိနေသတည်း။

www.dhammaransi.com



ထိုအချိန်တွင် အဇာတသတ်၏ဆရာဖြစ်သော ဒေဝဒတ်နှင့် ယင်း၏ တပည့်သာဝကတို့၏ ရှုကွက်ကို ကြည့်ပါလေဦး။

မအူမှုလယ် ရဟန်းငယ်အချို့တို့မှာ ဒေဝဒတ်၏ လောင်းရိပ်အောက်တွင် တည်ုးခြောက်ခြောက် အသက်ပျောက်တော့မလောက်၊ ကြောက်လန့်တုန်လှုပ်လျက် ရှိနေကုန်၏။

ဒေဝဒတ်သည် မိမိ၏ မူဝါဒ ငါးချက် အောင်မြင်ရေးအတွက် ရဟန်းငယ်များအား သုဿာန်တစ သင်းချိုင်းဝ၌ အနေခိုင်းသည်။ သူသေကောင် အဝတ်များကို ယူ၍ ပံ့သုကူသင်္ကန်းချုပ်လျက် ဝတ်ရုံခိုင်းသည်။ ထိုအခါ ဒေဝဒတ်အမိန့်အာဏာကို မဖီဆန်သာ၍ သုဿာန်၌ နေကြရသော်လည်း တစ္ဆေချောက်မှာကို ကြောက်သူ က ကြောက်။ အလောင်းကောင်များမှာ လွှမ်းထားသော အဝတ်ကို ပံ့သုကူသင်္ကန်းချုပ်၍ ဝတ်ရသဖြင့် ကျောတယားယားနှင့် ကြောက်အားပိုလျက် ထွက်ပြေးချင်စိတ် များ ပေါက်သူက ပေါက်နှင့် ဆောက်တည်ရာမရအောင် အထိတ်ထိတ်အလန့်လန့် ကြီးလန့်စာစား ဖြစ်နေကုန်၏။

အချို့တို့ကလည်း ''ဒေဝဒတ်စကားကို နားယောင်မိခြင်းမှာ မှားလေစွ'' ဟု နောင်တရသူများကလည်း အမြောက်အမြားပင် ရှိနေကုန်၏။

အချို့တို့မှာလည်း ဒေဝဒတ်သွေးထိုးစကားများကို နားဝင်ကာ ''ဒေဝဒတ်မှ ဒေဝဒတ်'' ဟူ၍ ယုံမှတ်နေကြသူများကလည်း မရှားချေ။

www.dhammaransi.com



"သည်ဟာမှ ရဟန်း အကျင့်၊ ရဟန်း အလုပ်ဖြစ်သည်။ ရဟန်းမှန်လျှင် ဤသို့သာ ကျင့်နိုင် လုပ်နိုင်ရမည်။ ရှင်ကြီးဒေဝဒတ်သည် ဘုရားဖြစ်သောကြောင့် ဤသို့သော ရဟန်းကျင့်ဝတ် ပဋိပတ်များကို ပညတ်တော်မူနိုင်ပေသည်"

ဟူ၍ ဒေဝဒတ်ကိုပင် အထင်ကြီးသူကကြီး။ ဤသို့လျှင် ဒေဝဒတ်သင်းခွဲ၍ ခေါ်ဆောင်သွားသော သံဃာများ၏ အသိုင်းအဝိုင်းတွင် နှစ်ပိုင်း နှစ်ခွသာမက အပိုင်းပိုင်း ကွဲပြားကာ ဒေဝဒတ်၏ ပိုင်နက်က ထွက်ပြေးချင်စိတ် ပေါက်သူကပေါက်–ကမောက်ကမ ဖြစ်နေလေပြီတည်း။

ထိုအခါ ဗုဒ္ဓသည် အခါအခွင့်ကိုသိတော်မူသည့်အလျောက် ဒုက္ခရောက်နေရှာသော သံဃာများအား ကယ်တင်ရန် အလို့ငှာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ရှေ့တော်သို့ ခေါ်ပြီးလျှင် ဤသို့ မိန့်တော်မူသတည်း။

"ချစ်တပည့်သာရိပုတ္တရာ။ ချစ်တပည့် မောဂ္ဂလာန်၊ ဝင်္ဂဆင်းရဲမှ လွတ်မြောက်လိုသောကြောင့် ရဟန်းပြုပါလျက်၊ အပေါင်းအသင်းမှားချေ၍၊ ဒေဝဒတ်၏ အထံ၌ အတိဒုက္ခ ရောက်နေကြကုန်သော သင်တို့၏ ညီငယ် ရဟန်းများကို သင်တို့ မသနားကြပြီလော။ သင်တို့၏ ညီ မအူမလယ် ရဟန်းငယ်တို့ကား စိတ်ဓာတ် ခြောက်ချားလျက် ရှိနေရှာကုန်၏။ ထို ရဟန်းငယ် တို့အား တရားဓမ္မ၊ နည်းလမ်းကျအောင် ဟောပြော ချေကုန်လော့"

www.dhammaransi.com



ဗုဒ္ဓသည် ဒေဝဒတ်သင်းခွဲရာသို့ နားယောင် ပါးယောင် ပါသွားကြသော ရဟန်းငယ်တို့၏ ဒုက္ခကို မရှုစက်သည့်အလျောက်၊ လက်ျာရံ လက်ဝဲရံ တပည့်ကြီးနှစ်ပါးအား စစ်သူကြီးများအလား ဒေဝဒတ်ထံသို့ လွှတ်တော်မူလေ၏။

ထိုအခါ အရှင်ကြီး နှစ်ပါးတို့လည်း ဗုဒ္ဓ၏ အမိန့်တော်ကို ဦးထိပ်ထမ်းရွက်လျက် ဒေဝဒတ်နေထိုင်ရာ ဂယာသီသသို့ လိုက်သွားကြရကုန်လေ၏။

ဤ၌ ပြဿနာ ဖြစ်လာသည်ကား ဂယာသီသသည် ဒေဝဒတ်၏ နယ်မြေ၊ ဒေဝဒတ်၏ ပိုင်နက်ဖြစ်၏။ ဒေဝဒတ်သည် အကြမ်းနည်းအားဖြင့် တုံ့ဘက်ရမည် ဆိုကလည်း အချိန်မရွေးဦးမလေးသူဖြစ်သောကြောင့် သိမ်မွေ့နူးညံ့လှစွာသော အရှင်ကိုယ်တော်မြတ်ကြီး နှစ်ပါးတို့မှာ သာမန်အားဖြင့် သွားရောက်ကြမည်လော။

သို့မဟုတ် အရှင်မောဂ္ဂလာန်မှာ တန်ခိုးဣဒ္ဓိပါဒ် အရာတွင် သူမတူအောင် ထူးချွန်သောကြောင့် "တေဒဂ်ဘွဲ့ထူးကြီး" ကို ပင် ရရှိထားတော်မူသဖြင့် ဒေဝဒတ် မာန်စွယ်ကျိုးသွားအောင် တန်ခိုးတော်ဖြင့် လှမ်းမိုး၍ သွားရောက် လေမည်လော ....။ ဟူသော ပြဿနာသည် ဝေဠုဝန် ကျောင်းတိုက်ကြီး အတွင်း မှီတင်းနေထိုင်လျက် ရှိကုန်သော သံဃာ ပရိသတ်တွင် ငြိတွယ် ကပ်ရောက်လျက် ရှိနေ၏။

အချိန်မှာ ညနေစောင်း နေဝင်ဆည်းဆာ အချိန်လောက်မှာ ဖြစ်၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့သည်

www.dhammaransi.com



တန်ခိုးကို အသုံး မပြုကြကုန်လေဘဲ ဂယာသီသဆီသို့ ခြေလျင် လျှောက်၍ သွားနေကြကုန်၏။

ထိုအချိန်တွင် ဒေဝဒတ်သည် မိမိတပည့် သာဝက ရဟန်းများအား တရားဟောနေလေရာ ရဟန်း တပါး၏ လာရောက် လျှောက်ထားချက် အရ အရှင် သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ လာနေသောသတင်းကို တမုဟုတ်ချင်း ကြားသိရလေသော် ။ ဒေဝဒတ်သည် များစွာ နှလုံးစိတ်ဝမ်း ချမ်းမြေ့သွားလေသည်။ သံဃာ အလယ်၌ ဤသို့လည်း ဥဒါန်းကျူးလိုက်သတည်း ။

"ချစ်တပည့်တို့။သာရိပုတ္တရာနှင့်မောဂ္ဂလာန်တို့သည် တနေ့သော အခါတွင် အမြင်မှန် ရက၊ ငါ့ထံသို့ လိုက်လာကြ လိမ့်မည်ဟု ငါတွက်ဆ ထား၏။ ယခု ငါ၏ တွက်ကိန်း မှန်လေပြီကော ။သူတို့သည် ရဟန်း ဂေါတမကို စွန့်ပယ်ထားခဲ့ပြီး ငါ့တပည့် ခံရန် လာခြင်းဖြစ်၍ သင်တို့လည်း နှစ်ထောင်းအားရ ဝမ်းပန်းတသာ သူတို့ကို လှိုက်လှဲစွာ ကြိုဆိုကြကုန်လော့...."

ဟူ၍ သံဃာထုကို လှုံ့ဆော်စကား မြွက်ကြားလိုက်လေသည်။ ထိုစကားကို သူ၏ အန္တေဝါသိက လက်ရင်း တပည့်ကြီး တဦးဖြစ်သူ အရှင်ကောကာလိက ရဟန်းက လက်မခံချေ။

"အရှင် ဒေဝဒတ် စဉ်းစားဦးလော့....။ သာရိပုတ္တရာနှင့် မောဂ္ဂလာန် တို့ကား ရိုးသားစွာသော စိတ်အားဖြင့် တပည့်ခံရန် လာကြသည်ဟု ကျွန်ုပ်မထင်။ သူတို့ အကြောင်းကို ကျွန်ုပ် ကောင်းကောင်းသိ၏။ အလိုရမ္မက် ကြီးကုန်၏။ ကောက်ကျစ်

www.dhammaransi.com



စဉ်းလဲကုန်၏။ သူတို့ကို ယုံကြည်သော အားဖြင့် အပါးတော်၌ လက်ခံမထားသင့်ကြောင်းကို ကျွန်ုပ် အပြင်းအထန် ကန့်ကွက် ပါသည်''

ဟု ဆိုချေ၏။ သို့သော်လည်း ကောကာလိက၏ ကန့်ကွက် ချက်ကို ဒေဝဒတ်က လက်မခံဘဲ ပယ်ချလိုက်။

''ကောကာလိက သင့်စကား ဤတွင်ရပ်၊ နောက်ထပ်မဆို လင့်။ သူတို့၏ စိတ်နေ သဘောထားကို သင့်ထက်ပင် ငါက သိပေ၏။ သူတို့သည် စိတ်သဘောဖြူစင်သော ရိုးသားဖြောင့် မတ်သူများဖြစ်ပေသည်။ ငါ၏အပါးတွင် သူတို့ ပြားပြား ဝပ်လာခဲ့သော်– သူတို့ကိုအကြောင်းပြု၍ သူတို့၏လက်အောက် ငယ်သားအားလုံး တပြုံကြီး ငါ၏ခြေဖဝါးအောက်သို့ရောက် လာကြကုန်ဦးအံ့။ သင်မနှောက်ရှက်လေနှင့် ကောကာလိက''

ဟူ၍ ဟန့်လိုက်လျှင် ကောကာလိကလည်း နောက်ထပ် မလျှောက်ဝံ့ဘဲ တန့်သွားလေ၏။

''ချစ်သား သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ လာကြ လော့....။ သင်တို့၏ လာခြင်းကား– ကောင်းသော လာခြင်း ပေတည်း....''

ဤစကားသည်ကား –ဒေဝဒတ်၏နှုတ်ခွန်းဆက် စကားဖြစ် ပေ၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့လည်း တည် ငြိမ်လှစွာသော ဣန္ဒြေဖြင့် ဒေဝဒတ်ထံသို့ ဝင်ကြကုန်၏။

ထိုအခါ– အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ လိုက် လာကြသည့်အတွက် ဂယာသီသမှာ ဂယက်ရိုက်သွား၏။ အချို့ ဉာဏ်ရင့်ကုန်သော ရဟန်းတို့က–

www.dhammaransi.com



"အကြောင်းထူးမရှိလေဘဲ ဒေဝဒတ်ထံလာကြမည်မဟုတ်။ အကြောင်းထူးရှိ၍သာလာခြင်းဖြစ်မည်။ စောင့်၍သာကြည့်ကြကုန်" ဟုဆိုကုန်၏။

စောစောပိုင်းက ထွက်ပြေးချင်စိတ် ပေါက်နေကြသော ရဟန်းငယ်တို့ကမူ အမြင်တမျိုးပြောင်းသွားပြန်လေ၏။ အရှင်ကိုယ်တော်မြတ်ကြီး နှစ်ပါး တောင် လိုက်လာကြသည်ကို ထောက်လျှင် ဧကန္တ ရှင်ကြီး ဒေဝ ဒတ်ဟာ ဘုရားစင်စစ် ဖြစ်၍သာဘဲ–ဟူ၍ တွက်ဆကုန်၏။

"ငါ့ရှင်တို့ ရှင်ကြီးဒေဝဒတ်ကား ငါ့စကားကို အလေးမပြုလေဘဲ၊ သူ့သဘောနှင့် ပြုမူနေဘိ၏။ ဘာဖြစ်လာမည်ကို သင်တို့စောင့်ကြည့်ကုန်လော့။ အဟောယ်၍ များတစုံတရာ ဖြစ်ပွားလာခဲ့သော် ငါ့အကြောင်း သိစေအံ့"

ဤသို့ ဒေဝဒတ်အား ကြိမ်းဝါးနေသူကား ဒေဝဒတ်၏ တပည့်ကြီး ကောကာလိက ဖြစ်လေသည်။ သူသည် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား လက်ခံထားခြင်းကို လုံးဝ သဘောမတူရုံမက အကြီးအကျယ် ကန့်ကွက်သူဖြစ်၏။

သူသည် အကြောင်းမဲ့ကန့်ကွက်နေခြင်းမဟုတ်။ သူ့အတွေးနှင့်သူ ကန့်ကွက်ခြင်းဖြစ်၏။ အကြောင်းနှစ်ခုကို အခြေခံ၍ သူကန့်ကွက်နေခြင်းဖြစ်၏။

"သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကို လက်ခံထားခြင်းအားဖြင့် လက်ရှိသံဃာထု အင်အားကို လိုက်၍ စားသွားမှာကို စိုးရိမ်ခြင်းတချက်။

www.dhammaransi.com



နောက်တချက်အားဖြင့် သူတို့ကို လက်ခံထား၍၊ ဒေဝဒတ်၏ တပည့်များဖြစ်လာခဲ့သော်။ သူတို့သည် အရှိန်အဝါ တန်ခိုးအာဏာ ကြီးမားသူများဖြစ်သော ကြောင့်၊ သူ့အပေါ် ကျော်လွှားကာ အန္တရာယ်ကြီးတွေ ဖြစ်ကုန်လိမ့်မည်၊ ဤသို့ တွေးမိလေသည် တချက်''

ဤအချက်ကြီး ၂ ချက်ကြောင့် အကျောက်အကန် ကန့်ကွက်နေခြင်း ဖြစ်လေသည်။ သို့သော် ကောကာလိကသည်ကား ဒေဝဒတ် တည်းဟူသော ညောင်ပင်ကြီးအောက်တွင် ပေါက်နေသော မြက်ဖုတ်ကလေးမျှသာဖြစ်၍ ဒေဝဒတ်ကို သူ မတော်လှန်နိုင်ချေ။ ထိုကြောင့် မကျေမနပ်နှင့်ပင် အသာငုံ့ခံ နေရလေသတည်း။

''ငါ့ရှင် မောဂ္ဂလာန်။ ဘုရားသခင်၏ အမိန့်တော်ကို ဦးထိပ်ထက်ထားလျက်၊ ငါတို့ကား ဒေဝဒတ်ထံ ရောက်ကြပေပြီ။ သံဃာများ ကို ငါတို့ သိမ်းသွင်းခွင့်၊ တရားဟောခွင့် ရအောင် အသို့ ကြံဆောင်ကြမည်နည်း''

အရှင်သာရိပုတ္တရာသည် ဤစကားဖြင့် အရှင်မောဂ္ဂလာန် အား တိုင်ပင်လေ၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည် အနည်းငယ်စဉ်းစားဟန်ပြုပြီးလျှင်''

''ငါ့ရှင် သာရိပုတ္တရာ....။ ငါတို့သည် ဆင်းရဲဒုက္ခရောက်နေကြသော သံဃာများအား ကယ်တင်ရန်ဟူသော မေတ္တာ ကရုဏာစိတ်ဖြင့် ရောက်ကြခြင်းဖြစ်သဖြင့် ငါတို့အတွက် အခြေအနေက အခွင့်ပေးပေလိမ့်အံ့။ ဒေဝဒတ်သည် သံဃာများကို

www.dhammaransi.com



သူတတ်သမျှ မှတ်သမျှကို ဟောပြောနေကြောင်း ငါတို့သိကြပြီ မဟုတ်လော။ ထိုအချိန်သည် သံဃာအားလုံးကို တနေရာတည်းတွင် စုရုံးပြီးသားဖြစ်သဖြင့် အကောင်းဆုံးအချိန်ဟု ဆိုရပေမည်။ ဒေဝဒတ်တရားဟောနေသည့်အခိုက် သူ့တရားကို စူးစိုက်စွာ နာဟန်ပြုလျက်၊ အခါအခွင့်ကိုသာ ငါတို့ ငံ့လင့်၍ အခွင့်ဆိုက်လျှင် ဆိုက်သလို ငါတို့ ဆောင်ရွက်ကုန်စို့....''

ဤအကြံမှာ အရှင်မောဂ္ဂလာန်၏ အကြံဖြစ်၏။ ထိုအကြံကို အရှင်သာရိပုတ္တရာကလည်း နှစ်နှစ်ကာကာ လက်ခံလျက် ညအချိန် ဟောမည့်တရားပွဲကိုသာ စောင့်ကြိုနေကြကုန်၏။

သို့နှင့်ပင် ညအချိန်သို့ ရောက်လာ၏။ ရှင်ကြီး ဒေဝဒတ်လည်း ထုံစံအတိုင်းပင် ညအခါ တရားဟောရှာသတည်း။ တရားဟောရင်းနှင့်ပင် အချိန်သည် ကုန်မှန်းမသိ ကုန်သွားရာက ည၌ဦးယံကုန်ဆုံး၍ ည သန်းခေါင်အချိန် ရောက်သွားပြီဖြစ်၏။

ဒေဝဒတ်၏ ထိုညတရားပွဲကား ခါတိုင်းညများထက် သွက်လည်းသွက်၏။ ပြတ်ပြတ်သားသားရှိသည် ဟူ၍လည်းထင်ရ၏။ အဘယ်ကြောင့်ဆိုသော် တရားနာပရိသတ်အသစ် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်ရှိနေသောကြောင့်၊ ထိုအရှင်ကြီးနှစ်ပါးအား တချိတည်းနှင့် ကျွတ်၍ သူ့ထံသို့ ညွတ်လာအောင် အားပါးတရ ဟောသောတရားပွဲ ဖြစ်လေသည်။

ထိုကြောင့် ဟောနေရင်းမှ ပင် ဒေဝဒတ်မှာ မောဟိုက်ပင်ပန်းလာ၏။ အာခြောက်ခြောက်လာသဖြင့် ရေကိုခဏခဏ သောက်နေရ၏။ ဤသည်ကို အရှင်နှစ်ပါးက ရိပ်စားမိသဖြင့်

www.dhammaransi.com



အချိန်ကိုသာ ငံ့လင့်နေကြ၏။ မျှော်လင့်သည့်အတိုင်းပင် ခဏ မျှကြာသောအခါ အခွင့်ကောင်း ကြုံကြိုက်အောင် ဒေဝဒတ် ကိုယ်တိုင်ကပင် ဖန်တီးပေးလိုက်လေပြီ။

''ချစ်သား သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၊ ငါ၏ ဟောနည်း ပြောနည်းကို နိဿယည်းကျကျ သင်တို့ရရှိ ကြပြီ မဟုတ်လော။ ငါကား မောပန်းလှချေပြီ။ ခေတ္တမျှ အပန်းဖြေနေဦးအံ့။ ငါ အပန်းဖြေနေသည့် အခိုက်တွင် သင်တို့သည်း အာစရိ ဟတ္ထမုဋ္ဌိ လက်ဆုပ် လက်ကိုင် ရရှိအောင်၊ ကျင့်သားရလေအောင် ငါ၏ ကိုယ်စား တရားဟောကြကုန်ဘိလော့''

ဟု အရှင်နှစ်ပါးတို့အား သူ့ကိုယ်စား လွှဲ၍ တရားဟော ခိုင်းလေတော့ရာ၊ အရှင်နှစ်ပါးတို့မှာ ''အချိုးရှာ၊ သကာတွေ့'' သော ကိန်းမျိုး ဆိုက်သွားလေ၏။ သို့သော် ဟောရန်မစံ သယောင်ယောင်နှင့် ဒေဝဒတ်ကို တုပ်နှောင်လိုက်သည်ကား–

''အရှင်ဒေဝဒတ်။ အကျွန်ုပ်တို့သည် အခြားနေရာ မျိုးတွင် တရားဟောရခြင်းထက် အရှင်ရှေ့မှောက်၌ ဟောရမည်ကိုကား ရွံ့ဘိ၏။ သို့သော် အကျွန်ုပ်တို့ ကြိုးစား၍ ဟောပါကုန်အံ့။ အရှင်ချမ်းသာစွာသာ အပန်းဖြေတော်မူလော့''

ဤသို့ အရှင်နှစ်ပါးက သံဃာ ပရိသတ်အလယ်၌ ဆိုလိုက် သောအခါ ဒေဝဒတ်သည် များစွာ နှစ်ချိက်သွားလေ၏။ ကျောင်းတော်အတွင်း သလွန်ညောင်စောင်းတွင် အညောင်း ဆန့် အပန်းဖြေရာက အိပ်ပျော်သွားလေသတည်း။

www.dhammaransi.com



ထိုအခါ အရှင်နှစ်ပါးတို့လည်း ရရှိသောအခွင့်အရေးကိုတန်ဘိုးရှိရှိ လျင်စွာအသုံးချကြကုန်လေ၏။ ဘုရားသခင်သင်ကြားပြသထားအပ်သော နည်းနာနိဿယ များအတိုင်း အရှင်သာရိပုတ္တရာက ရဟန်းတို့အား သစ္စာလေးပါးတရား့ကို မဇ္ဈိမ ပဋိပဒါနည်းဖြင့် ဟောကြားတော်မူ၏။

ထိုအတူ အရှင်မောဂ္ဂလာန်ကလည်းရဟန်းတို့အား တန်ခိုးဣဒ္ဓိပါဒ်အားလျော်သော အဆုံးအမတော်ဖြင့် ဩဝါဒပေးတော်မူ၏။

ဤနေရာကား ဂယာသီသ ဖြစ်၏။ ဒေဝဒတ်သည် ယင်းဂယာသီသကို စိုးပိုင်သူ ဖြစ်သောကြောင့် "ငါတို့သည် ဒေဝဒတ်၏ ပိုင်နက်သို့ ရောက်ရှိနေကြကြောင်း"ကို အရှင်နှစ်ပါးတို့သည် ကောင်းစွာသိတော်မူကုန်၏။ ယင်းသို့ သိတော်မူကြသည့် အားလျော်စွာလည်း သူပိုင်နက်တွင်း၌ လုပ်ဆောင်ဘွယ်ရှိသော ကိစ္စရပ်များကို အဆောတလျင် ပြီးမြောက် အောင်ဆောင်ရွက်ရမည်ဟူသော အချက်ကိုလည်း အကြွင်းမဲ့နားလည်ကြပြီးဖြစ်လေသည်။

ထိုကြောင့် အရှင်နှစ်ပါးတို့သည် ရရှိထားသောအခွင့်အရေးကိုစက္ကန့်ပိုင်းမျှအချိန်းနှိုးဖြစ်မသွားစေဘဲ "**ဟန်နှင့်အား၊ မျှားနှင့်လေး**" ဆိုသကဲ့သို့ ထိုပဉ္စင်းသစ်တို့နှင့် ဆီလျော်သော တရားများကို အရှင်နှစ်ပါးတို့သည် နှစ်စုခွဲပြီးလျှင် တက်သုတ်ရိုက်၍ ဟောကြားတော် မူကြကုန်၏။

ဝဇ္ဇီတိုင်းသားရဟန်းသစ်တို့အနက် အသက်နုသည်နှင့်အမျှဝါနုသော ရဟန်း များလည်း ပါ၏။ အသက်ကြီး လျက်နှင့်

 www.dhammaransi.com

ဝါနုသောရဟန်းများလည်းပါ၏။ ထိုရဟန်း အားလုံးတို့သည် ကရားမှရေလွှတ်ကကဲသို့ တတွတ်တွတ် ဟောကြား အပ်သော ဒေဝဒတ်၏ တရားစကားကို နားရှိ၍သာ နာကြရ ကုန်သည်။ တရား၏ အနှစ်သာရကိုကား "ဘာ"ဟူ၍ မသိကြကုန်။ နား မလည်ကြကုန်။ ဟောသူ ရှိပေ၍သာ နာသူရှိရသော သဘော မျိုးထက်ပိုလွန်၍ ထူးခြားသော အဓိပ္ပါယ်မရှိချေ။

ပမာဆိုသော် "ခုတ်ရာတခြား၊ ရှရာတခြား"ဖြစ်နေ၏။ ဟော တိုင်းမစွဲသဖြင့် "**ဟောသူမှာလည်း အမြုပ်ထွက်နာသူမှာလည်း မလှုပ်ရှက်**" ဖြစ်နေခဲ့သည်မှာကြာပြီဖြစ်၏။

ယခုအရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ အရှင်သူမြတ် ကြီးနှစ်ပါးဟောကြားသောအခါတွင်ကား "တရားနှင့်နား" အံ့ဝင်ခွင်ကျဖြစ်နေ၏။ ပမာဆိုသော်နေမင်း၏ရောင်ခြည်သင့်၍ ပွင့်လာသောကြာပန်းနှင့်အလား တူကုန်၏။ တရားရနံ့၊ တပျံ့ပျံ့ ကြူကြူသင်းလျက် ရှိနေကုန်၏။

ဂယာသီသ၏ ရှုကွက်မှာ မျက်စိလည်စရာ ဖြစ်လာတော့ သည်။ ရဟန္တာဆို၍ တပါးတလေမျှပင် မထွက်ဘူးရာ ဒေသမှ ထိုနေ့ညတွင် ရဟန္တာငါးရာ ထွန်းကားပေါ်လာသည်မှာ ထူး ခြားသော ဖြစ်ရပ်ဖြစ်ပေ၏။

ထိုအချိန်တွင် အရှင်ဒေဝဒတ် ဘုရားကြီးကား စောစော ပိုင်းက အပင်ပန်း ခံထားသော ဒဏ်ကြောင့် တခေါခေါနှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျလျက် ရှိနေ၏။

www.dhammaransi.com



အချိန်မှာ သန်းခေါင်ယံကိုကျော်၍ တဖြည်းဖြည်း လင်းအားကြီးပိုင်းသို့ နီးလာ၏။ အရှေ့ လောကဓာတ်မှ ရောင်နီသည် နေမင်း၏ အရှေ့တော် ပြေးတပ်ဦး အဖြစ် တစတစမြူးကြွန့်လာ၏။ အမှောင်ကိုခွင်း၍ အလင်းရောင် တောက်လာတော့မည်တည်း။

နေမင်းသည် လောကဓာတ် မှောင်ထုကြီးကို ဖောက်၍ အအရောင်တောက်ပစေဘိသကဲ့သို့ စောစောပိုင်း အချိန်က ဒေ္ဝဒတ်သင်းခွဲရာသို့ လိုက်ပါသွားကြကုန်သော မအူမလည် ရဟန်းငယ်ငါးရာတို့ကား နေနှင့်ပြိုင်၍ လင်းသည့်ပမာ။ ကိလေသာမှောင်ကိုခွင်း၍ အရဟတ္တဖိုလ် တည်းဟူသော အလင်းဖြင့် တလက်လက်နှင့် ရှိလာကုန်၏။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ တရားနှင့်ယှဉ်သောအပြောအဟော အစွမ်းကြောင့် အားလုံးပင်ရဟန္တာ ဖြစ်ကုန်ပြီတည်း။

''ငါ့ရှင်တို့။ ငါတို့ကိစ္စကားပြီးပေပြီ။ ထို့ကြောင့် ဘုရားသခင်ထံ ဝေဠုဝန်ကျောင်းတော်သို့ ငါတို့ပြန်ကြကုန်စို့တော့အံ့။ ငါတို့နှင့်အတူ လိုက်လိုမူလည်း လိုက်ခဲ့ကြကုန်။ ဤဂယာသီသတွင် နေလိုမူလည်းနေရစ်လေကုန်။ စိတ်နှလုံး နှစ်ခြိုက်ရာမှာ နေကုန်လော့''

ဤသည်ကား—ပြန်ခါနီးတွင် ရဟန်းတို့အား အရှင်သာရိပုတ္တရာက နှုတ်ခွန်းဆက်လိုက်သောစကားဖြစ်ပေ၏။

www.dhammaransi.com



ကြာပန်းများသည် ဖရေခြောက်သွေ့ပြီး ပတ်ကြားအက်နေသောကန်တွင် အတယ်မှာလျှင်ပေါက်ချင်မည်နည်း။ ရေရှိရာမှာသာ ပျော်ချင်ရှာမည်တည်း။

ထို့အတူပင်၊ ဂယာသီသမှ ငါးရာသော ရဟန်း တို့သည်လည်း ရေခြောက်ခမ်းနေသော ဒေဝဒတ်တည်းဟူသော ကန်ပေါက်ကြီး၏ လက်အောက်တွင် အဘယ်မှာလျှင် နေလိုကြတော့မည်နည်း။

ထို့ကြောင့် "တပည့်တော်တို့လည်း ဝေဠုဝန်သို့ပြန်၍လိုက်ပါကုန်အံ့" ဟု တညီတညွတ်တည်း ပန်ကြား ကြလေကုန်သတည်း။

အချိန်မှာ မိုးစင်စင် လင်းလာပြီဖြစ်၏။ ကောကာလိကသည် ဒေဝဒတ်နှင့် စာလျှင် အအိပ်အနေနည်းသည်၊ အိပ်ရေးဆပ်သည်ဟု ဆိုရပေမည်။ ယခုအချိန်ထိ ဒေဝဒတ်မှာ အိပ်ယာမှမထသေးသော်လည်း ကောကာလိကကား ကျောင်းဝရံတာတွင် မျက်နှာသစ်နေပြီဖြစ်၏။ မျက်နှာသစ်နေရင်းမှ ကောကာလိက၏ မျက်လုံးများသည် သူ၏ ရှေ့တူရူမှ ကောင်းကင်ကြီးပေါ်သို့ ရောက်ရှိသွားကာ၊ မျက်နှာသစ်ရေခွက်ကို ကိုင်လျက် မမှိတ်မသုန် တအံ့တသြ ကြည့်နေ၏။

"ဟိုမှာ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ပါလား။
ဟာ–သူတို့နောက်မှာလဲရဟန်းတွေတသီကြီး"

ကောကာလိကသည် ကောင်းကင်ခရီးတွင် ရဟန္တာငါးရာခြံရံလျက် ပြန်ကြွသွားသော အရှင်နှစ်ပါးကို မြင်လေသော်၊

www.dhammaransi.com



မျက်နှာကိုပင် ပြီးအောင် မသစ်နိုင်ဘော့ဘဲ၊ ဒေဝဒတ်ရှိရာသို့ ကဗျာကသီ ပြေးလေ၏။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ဦးဆောင်သော ရဟန္တာငါးရာတို့သည် ကိလေသာ ထက္ကာကင်းပြတ်ရာအရပ်ကို ဂုဏ်ပြုသောအားဖြင့် ဂယာသီသ အရပ်ကို ကောင်းကင်မှ သုံးပတ် လက်ျာရစ်ပတ်ပြီးမှ ဝေဠုဝန်ကျောင်းတော်ဆီသို့ ဝေဟင်ထက်ဖျားဝယ်၊ ဈာန်ယာဉ်ရထားဖြင့် ကြွကြကုန်လေ၏။

ထိုအချိန်တွင်ကား ဘုရားတုပြုနေသော ဒေဝဒတ် ခမျာမှာ အလူးအလဲ ခံနေရရှာ၏။ အကြောင်းမူကား ကောကာလိက သည် ရှေးဦးစွာ "ဓမ္မသဘင်သို့ အလျင်ဆုံး ဝင်ကြည့်လေရာ" ရဟန်းတပါးမျှ မရှိတော့သောကြောင့် အမျက်ဒေါသထောင်း ကနဲ ထလာသည်။ တောက် တခေါက်ခေါက်နှင့် ဒေဝဒတ် အခန်းထဲသို့ သူရောက်သွားလေသည်။ သလွန် ညောင်စောင်း တွင် လျောင်းစက်တော်မူနေသော ဒေဝဒတ်ကို မြင်သောအခါ သာ၍ ဒေါသထွက်လာသည်။

"သင့်ကြောင့် ရဟန်းတွေ သာရိပုတ္တရာတို့၏နောက်သို့ ပါ သွားကုန်ရသည်"

ဟူ၍ ဒေဝဒတ်အား ရင်ဝကို ဒူးနှင့်တိုက်၍ နှိုးလေ၏။ ဒူးနှင့် တိုက်လိုက်သည့် ဒဏ်ချက်သည် အဘယ်မျှ ပြင်းလေ သနည်းဆိုသော် ဒေဝဒတ်၏ အာခံတွင်းမှ ချင်းနီအောင် သွေး

www.dhammaransi.com



များ အန်လာ၏။ ၁/ဒေဝဒတ်သွေးအန်နေတုန်းမှာပင် သံဃာတွေ ဆုံးရှုံးကုန်သဖြင့် ယူကျုံးမရဖြစ်နေသော ကောကာလိကသည် ဒေဝဒတ်အား ကြုံးဝါးလျက် ရှိနေ၏။

"ဘုရားလုပ်ချင်သူဖြစ်လျက် သည့်လောက်တောင် အိပ်ရသလော။ အအိပ်ကို မက်ရသလော။ သံဃာအားလုံးကို စည်းရုံးပြီး သာရိပုတ္တရာတို့ ခေါ်သွားပြီ။ ကဲ ဘယ့်နှယ်ရှိစ၊ ဟိုမှာ ဈာန်တွေ ပျံကုန်ပြီ။ သည်က ဘုရားကြီး ဒေဝဒတ်က အိပ်မောကျနေတုန်း အံ့ရော-အအိပ်ကြီးလိုက်တဲ့ ဘုရားသခင်ကြီး"

ကောကာလိကသည် ဒေဝဒတ် အအိပ်ကြီးသောကြောင့်သာ သံဃာများ ပါသွားကုန်သည် ဟူ၍ ဒေဝဒတ်အပေါ် မကျေနပ်နိုင်ဘဲ တဖြစ်တောက်တောက် ဖြစ်နေသည့် ကြားမှ စိတ်ကို မထိန်းနိုင်လေဘဲ ရင်ဝကို ဒူးနှင့်တိုက်ခြင်းဖြင့် ဒေဝဒတ်အား ကိုယ်ထိလက်ရောက် ကျူးလွန်မိလေသတည်း။

ထိုနေ့နံနက်ကား ဒေဝဒတ်အဖို့အမင်္ဂလာနေ့ဆိုး ရက်ပုပ်ကြီး ဖြစ်နေ၏။ ထွက်ပြူလာသော နေမင်းကြီးနှင့်အတူ အပူနှင့် ရင်ဆိုင်ရလေ၏။

---

၁/ ဇဏ္ဏုကေန ဟဒယမဇ္ဈေ ပဟာရိတဿ တတ္ထေဝ ဥဏှံ လောဟိတံ မုခတော ဥဂ္ဂစ္ဆိ။ ဓမ္မပဒအဋ္ဌကထာ။ ပထမတွဲ။ ဇမ္ဗုမိတ်ဆွေဝိုက်။ ၉၉။

www.dhammaransi.com



ရဟန်းငါးရာတို့ အရှင်မောဂ္ဂလာန် အရှင်သာရိပုတ္တရာတို့၏ နောက်သို့ လိုက်ပါသွားကြသည့်အတွက် စိတ်၏ ဆင်းရဲခြင်း စေကသိက ဒုက္ခ၊ ကောကာလိက က ရင်ဝကို ဒူးနှင့် တိုက်ချက် ကြောင့် သွေး ပွက်ပွက် အန်သဖြင့် ကိုယ်၏ ဆင်းရဲခြင်း ကာယိကဒုက္ခ။ ဤဒုက္ခနှစ်မျိုး၏လွှမ်းမိုးဖိစီးခြင်းကို ခံရလေ၏။

တနည်းအားဖြင့် ဆိုသော်-ဒေဝဒတ်သည် မြတ်စွာဘုရား အား အမျိုးမျိုး သေကြောင်းကြံစည်ခဲ့သည်။ ဘုရားသခင်၏ ခြေတော်၌ သွေးစိမ်းတည်အောင် ဂိဇ္ဈကုပ်တောင်စောင်းက ကျောက်မောင်းနှင့် ဆင်၍ ချခဲ့သည်။

ဘုရားသစ်တဆူ ပွင့်ထွန်းမည် ဟူသော ဦးတည်ချက်ဖြင့် သံဃာကို သင်းခွဲကာ ဗုဒ္ဓ၏ သံဃာအဖွဲ့အစည်းကြီးကို ဖရိုဖရဲ ကွဲပြဲကုန်အောင် ကာယကံ ဝစီကံ မနောကံမြောက် လုပ်ဆောင် ခဲ့သည်။

ယခုအခါတွင် မိမိပြုခဲ့ဘူးသော ထိုမကောင်းမှုများက သူ့ အား အကျိုးပေးစပြုလာပြီ။ ကံကြီးထိုက်စပြုလာပြီဟု ဆိုနိုင် ပေသည်။

ကောကာလိကမှာ ဤကိစ္စအတွက် အဘယ်မျှ ဒေါသထွက် နေသည် မသိ။ မိမိ၏ လက်ချက်ကြောင့် မိမိ မျက်စိအောက် တွင် သွေးပွက်ပွက် အန်နေသော ဆရာဒေဝဒတ်အားပြုစုခြင်း မရှိသည့်အပြင် ''သင်းထိုက်နှင့် သင်းကံ'' ဟူ၍ ဥပေက္ခာပြု၊ လျစ်လျူရှုကာ ချာကနဲ လှည့်ထွက်သွားသောကြောင့် ဒေဝဒတ် မှာ တယောတ်ထဲ သွေးအိုင်ထဲ၌ လဲ၍ ကျန်ခဲ့ရလေသည်။

www.dhammaransi.com



ဤဖြစ်ရပ်ကြီးကားသမိုင်းတလျှောက်ဥဒါန်းတွင် ရစ်သည့် ဖြစ်ရပ်ဖြစ်သောကြောင့် အမျိုးမျိုးဝေဖန်ကြကုန်၏။ ဒေဝဒတ် ၌အပြစ်ရှိသည်မှာ မှန်သော်လည်း ကောကာလိကသည် ဤသို့ မပြုထိုက်။ ဒေဝဒတ်မှာ မိမိ၏ ဆရာအရင်း ဖြစ်ခြင်း၊ မိမိ မှာလည်း ရဟန်းဖြစ်ခြင်း ဟူသော သိက္ခာဂုဏ် များကို ထောက်သင့်သည်။

ယခုမူကား ကောကာလိကသည်လည်းရဟန်းတန်မဲ့ မပြုအပ် မပြုသင့်၊ မပြုထိုက်သော အမှုကို ကိုယ်ထိလက်ရောက် ပြုခြင်း၊ ဆရာသမားကို ကိုယ်ထိ လက်ရောက် စော်ကားခြင်း တို့သည် ကောကာလိက အတွက် အပူမီး လောင်မြိုက်စရာများ ဖြစ် လာသည်။

တနေ့သော အခါတွင် ကောကာလိကမှာလည်း ဒေဝဒတ် ကဲ့သို့ပင် အပူမီး ဟုန်းဟုန်း တောက်လောင်ခြင်း ခံရလေလိမ့် မည်ဟူ၍ ဝေဖန်သူများကကည်း မရှားချေ။

ဤသည့်အချိန်မှစ၍ "ငါသာလျှင်ဘုရား" ဟူ၍ ဒေဝဒတ် စိုက်ထူ လိုက်သော ဗုဒ္ဓမဏ္ဍိုင်ကား ယိုင်စပြုလာပြီ ဖြစ်၏။ ဒေဝဒတ်၏ တပည့်သက်သားထဲတွင် ကောကာလိကထက် လက် ရင်းကျသောတပည့်မရှိ။ ဤတပည့်ကြီးကောကာလိက ကပင် ဒေဝဒတ်အား အရိုသေတန်ရှိမှုက ဒူးနှင့်ပင် တိုက်နေလေ တော့ရာ အခြားသူများ အဘို့တွင်မူ အဘယ်မှာလျှင် ဆိုဘွယ် ရာရှိပါတော့မည်နည်း။

www.dhammaransi.com

# ၁၃

လောကဓမ္မတာ အားဖြင့် အိမ်ရှေ့ ပူသော် အိမ့်နောက် လည်း မချမ်းသာ နိုင်တော့ပြီ၊ ထိုအတူ ယခုကဲ့သို့ ဒေဝဒတ် အတိဒုက္ခ ရောက်နေသောအခါ မျိုးတွင် ဒါကာရင်းချာ ဖြစ် သောအဇာတသတ် မှာလည်း အဘယ်မှာလျှင် လစ်လျူရှုရက် နိုင်ပါတော့မည်နည်း။

ဒေ။ ။ဗူး....ဝေါ့....

ဇာ။ ။ထွေးခံဘုရား၊ ထွေးတော်မူပါ။

အန်သူကား-ဒေဝဒတ်။ အန်သည်ကို ထွေးခံဖြင့် ထိုး၍ ခံသူကား အဇာတသတ်ဖြစ်လေသည်။ အန်သော အရာကား အစာမဟုတ်။ အာဟာရမဟုတ်။ သွေးစစ်စစ်တည်း။

www.dhammaransi.com



ဒေဝဒတ်မှာ ကောကာလိက ကရင်ဝကို ဒူးနှင့်ပစ်တိုက်ခြင်း ခံရသည့် အချိန်မှစ၍ သွေးအန်သော ဝေဒနာ စွဲကပ်လာပြီး ထိုဝေဒနာကား ခဏခဏ ပေါ်လာတတ်လေသည်။

ကောကာလိကသည် တချိန်သောအခါက လက်ရင်းတပည့် ကြီးဖြစ်ခဲ့သော်လည်း ရဟန်းငါးရာ ပါသွားသော ပြဿနာ ပေါ်ပေါက်လာသည့် အချိန်မှစ၍ ဖါသိဖါသာ နေလေတော့ သဖြင့် ဒေဝဒတ်အား ကိုယ်ဖိရင်ဖိ ဆိုသကဲ့သို့ ပြုစုရှာ သူမှာ အဇာတသတ်မင်းမှတပါး အခြားသူမရှိတော့ချေ။

အဇာတသတ်မင်းကား "တည်မိသည့်ဘုရား၊ လင်းတပင် နှားနှား"ဆိုသကဲ့သို့ အရှင်ဒေဝဒတ်အား မည်သူက လျစ်လျူ ရှုစေကာမူလည်း သူကား ဆရာအမှတ်၊ ဘုရားအမှတ် ဖြင့် ဆည်းကပ်လျက်ပင်တည်း။

ဒေဝဒတ်ကို ကြည်ညိုသောစိတ်သည် ရာနှုန်းပြည့်ပင်ရှိနေ သည့် အားလျော်စွာ ဒေဝဒတ်၌ စွဲကပ်နေသော သွေးအန် ရောဂါမှ လွတ်မြောက်ချမ်းသာမှုကို အမြဲတစေပင်ရှေ့ရှုလာခဲ့ လေသည်။

ယင်းသို့ရှေ့ရှုမှုသည် အားလျော်စွာပင် အဇာတသတ်သည် ဒေဝဒတ်၌ စွဲကပ်နေသော သွေးအန်ဝေဒနာမှ သက်သာလွတ် ကင်းချမ်းသာခြင်းသို့ရောက် စေရန်အတွက် တဆေးမကောင်း တဆေးပြောင်း၍ သမားကောင်းများကို ရှာကြံ လေသော အခါ ဆရာဇီဝကကို မြင်ယောင်လာလေသည်။

ဆရာဇီဝက အနေဖြင့် ဤဝေဒနာမျှကို မမှုလောက် အမြန်ဆုံး ပျောက်ကင်း သွားသည်အထိ ကုသ ပေးနိုင်စွမ်းရှိ

www.dhammaransi.com



သည်ကို မြင်ယောင်လာသည့် အားလျော်စွာ ဆရာဇီဝကကို ခေါ်၍ ဒေဝဒတ်အား ကုစားပေးရန် ပြောကြားလေသည်။

ထိုအခါဇီဝက က အဇာတသတ်မင်းအား မည်သို့ပြောကြားသည် ထင်သနည်း။

"အရှင့်သား။ ဒေဝဒတ်အား ဆေးကု မပေးနိုင်ကောင်းလား" ဟူ၍ အကျွန်ုပ်ကို အရှင့်သား သတ်ပချေသော် အကျွန်ုပ် သေဝံ့၏။ သေရန် အသင့်ရှိပေ၏၊ ဒေဝဒတ်ကိုကား အကျွန်ုပ် မကုစားနိုင်။ အဘယ်ကြောင့် ဆိုသော်....ဒေဝဒတ်အား မဆေးကုပေးခဲ့သော် အကျွန်ုပ်အနေဖြင့် အဆိပ်ပင်ကို ရေလောင်းပေးရာရောက်မည် စိုးသောကြောင့်ပါ အရှင့်သား။ ဒေဝဒတ်သည် ဗုဒ္ဓကိုယ်သော် မှပင် အမျိုးမျိုး သေကြောင်း ကြံလာခဲ့သည်ကို အရှင့်သား သိတော်မူပြီး မဟုတ်ပါလော့။

ဤရွေ့ ဤမျှအထိ ယုတ်မာသော ဒေဝဒတ်သည် အကျွန်ုပ်၏ ကုစား ပေးချက်ဖြင့် အသက်ရှင်၍ နေခဲ့သော် သူ့အကုသိုလ် မှုမျိုးကို ပြုလေတိုင်း ကျွန်ုပ်၏ ပယောဂပါဝင်နေမည်သာ ဖြစ်သဖြင့် အရှင့်သားသည် အကျွန်ုပ်အား သတ်လိုမူကားသတ်ဘိလော့။ ဒေဝဒတ်ကိုကား အကျွန်ုပ်ဆေးမှုကုပေးနိုင်"

ဤသည်ကားဆရာဘက်မှ ငြင်းဆိုချက်ဖြစ်ပေ၏။ အကယ်၍ ဇီဝကက ဆေးကုသပေး စေကာမူလည်း လူနာ ဒေဝဒတ်က ဇီဝက၏ကုစားမှုကို အလျင်းပင်လက်မခံချေ။

www.dhammaransi.com



"ဒကာတော် အသင်မင်းသား။ ဤဝေဒနာနှင့် ငါသေသော်မှ သေစေ။ ဇီဝက၏ ကုစားမှုကိုကား ငါမခံလို။ သူသည် ရဟန်းဂေါတမ၏ ဒကာရင်းချာ သမားတော်ဖြစ်ချေသောကြောင့် သူ၏ ကုစားမှုကို ခံသော် ငါ၏ အသက် မြန်မြန်ထွက်လေအံ့။ ဤသည် လည်း တချက်။ နောက်တချက်ကား ဇီဝကသည် ရဟန်း ဂေါတမ အသုံးပြုနေသော ဆရာဖြစ်သောကြောင့်။ ဂေါတမ၏ လက်ကျဆရာကို ငါမလိုလား ငါ့အသက်ကို ငါအသေခံသွားအံ့။ ထိုဆရာသမားမျိုး၏ ကုသမှုကိုကား ငါမခံလိုပြီ"

ဒေဝဒတ်ကလည်း ဤသို့ပင် ပြတ်သားစွာ ငြင်းဆန်နေသောကြောင့် အဇာတသတ်မင်းမှာ စေတနာပင် ရှိသော်ငြားလည်း ဒေဝနာရှင်နှင့် သမားတော်တို့က ဤသို့လျှင် ပြင်းပြင်းထန်ထန် အသီးသီး ငြင်းဆန်နေလေရကား- သူ၏စေတနာကို အကောင်အထည်ပေါ်အောင် မဖော်နိုင်ဘဲ ဖြစ်နေလေ၏။

အဇာတသတ်မှာ အခုမှ ဘေးကြပ် နံကြပ် ဖြစ်လာသည်။ အစာအငတ်ထား၍ မျှဉ်း၍ သတ်ငြားသော်လည်း ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကလည်း မသေနိုင်သေး။

သူကိုးကွယ်ထားသော ဆရာသမား ဒေဝဒတ်မှာလည်း ယခုတိုင် လွတ်လွတ်ကျွတ်ကျွတ် ဘုရားအဖြစ်သို့ မရောက်လာသေး။ အဇာတသတ်သည် ဆူးကြားတွင် သီးရသော ဘူးသီးနှ

www.dhammaransi.com



ကလေးအလား။ ခမည်းတော် သေမှုနှင့် ဒေဝဒတ်ဘုရားဖြစ်မှု ကြားတွင် ညပ်နေ၏။

ဤပြဿနာကြီး နှစ်ရပ်ကို ပြတ်ပြတ်သားသား ရှင်းနိုင်မှ သာ သူ့အဖို့ လွတ်လပ်မည်ဖြစ်သောကြောင့် အဇာတသတ် သည်ရုတ်ချင်းပင် ခမည်းတော်ကို မြင်ယောင်လာလေသည်။

"ခုလောက် ကြာလျှင် ခမည်းတော် သေရုံမက အသားများပင် ခြောက်ကပ်၍ အရိုးနှင့်ကပ်နေရော့ မည်။ ခမည်းတော်ကို လှောင်ထားသော အကျဉ်း ထောင်အနီးသို့ မယ်တော်ကို မဆိုထားဘိ။ မည်သူ တယောက်မျှ ချဉ်းကပ်ခြင်းမပြုရ။ သူ့အလိုအလျောက် အစာငတ်ပြီး ဝမ်း ဟောက် ပက် နှင့် သေ နေ စေ။ အလောင်း ခြောက်သယောင်း လောက်မှ ကောက်ယု သင်္ဂြိုလ်ကုန်အံ့"

ဤအမိန့်ကို ထုတ်ပြန်လျက် ငါဟန့်တားထားသည်မှာ ကြာ ပေပြီ။ ခမည်းတော် သေချိန်တန်ပြီ။ သေမသေကို ငါကိုယ်တိုင် သေချာစွာ စူးစမ်းကြည့်ရလျှင် ကောင်းမည်။

အဇာတသတ်သည် ဒေဝဒတ်ကို ပြုစုရင်းမှ အကြံဖြစ်လာ သည့် အလျောက် ဂယာသီသမှ ခွာခဲ့၍ ခမည်းတော် စံရာ အကျဉ်းထောင့်ဆီသို့ ဦးတည်လျက် ထွက်လာခဲ့လေသည်။

အချိန်မှာ ညနေစောင်းအချိန်ဖြစ်၏။ ဘုရင့်အမိန့်ဖြင့် တား မြစ်ထားချက်အရ ထောင်နန်း၏ ပတ်ဝန်းကျင် တလျှောက်ထွင် အစောင့် စစ်သားများမှ အစ ဖြတ် သန်း သွားလာသူ ဟူ၍ တယောက်မျှမရှိချေ။

www.dhammaransi.com



ဗိမ္ဗိသာရမင်းကြီး စံရာ အကျဉ်းထောင်းသည် လောကကြီး၏ အလယ်ခေါင်တွင် တခုတည်းကဲ့သို့ ထီးထီးမားမား ရှိနေ၏။ ဗိမ္ဗိသာရမင်းကြီးအနေဖြင့် လူဆိုသည်ကို အရိပ်အယောင်မျှကိုပင် မြင်ရခြင်း မရှိတော့ချေ။ တိတ်ဆိတ်သော ပတ်ဝန်းကျင်သည် ဗိမ္ဗိသာရမင်းကြီး၏ အဆင်တန်ဆာကဲ့သို့ ဖြစ်နေ၏။

အဇာတသတ်သည် ခမည်းတော် သေမှုသေကို ကိုယ်တိုင်စူးစမ်းအံ့သောငှာ နေဝင်ဆည်းဆာအောက်တွင် တယောက်တည်း ချွတ်နင်းလျက် အကျဉ်းထောင်သို့ ချဉ်းကပ်လေ၏။ စန့်စန့်ကြီး သေ၍ ခြောက်သယောင်းနေသော အလောင်းကို တွေ့ရလိမ့်မည်ဟု သူမျှော်လင့်၏။ အမှန်အားဖြင့်လည်း ရက်သတ္တတပတ်မျှမက၊ နှစ်ပတ် သုံးပတ်ပင် အစာငတ်ထားပြီး ဖြစ်သောကြောင့် သေပြီးသည့်နောက်၊ အလောင်းခြောက်ချိန်တန်ပြီမှာ အမှန်ပင် ဖြစ်၏။

သို့သော် ...

အထင်နှင့် အမြင်ကွာချေ၏။ အဇာတသတ်သည် ထောင်နံရံဘေးရှိ လေဝင်ပေါက်မှ အတွင်းသို့ ဘစေ့တစောင်းကြည့်လိုက်သောအခါ ခေါင်းကိုသာ တွင်တွင် ခါနေ၏။ အကြောင်းမူကား ခမည်းတော်သည် မသေရုံမက လွန်းထိုး သည့်နှယ် ထောင်တွင်း၌ လူးလာ ခေါက်ပြန် စင်္ကြံလျှောက်နေသည်ကို မြင်ရသောကြောင့် ဖြစ်၏။

''ဟင်း–ထူးဆန်းဘိစွ။ မည်သည့်အစာကိုမျှ မစားရပါဘဲလျက် မည်သည့်အတွက်ကြောင့် အသက်ရှင်နေဘိသနည်း''

www.dhammaransi.com



အဇာတသတ်မှာ ထောင်တွင်းသို့တစေ့တစောင်းချောင်း ကြည့်ရာမှ ပြဿနာတခုရလာ၏။ မည်သည့်အစာ၊ မည်သည့် အာဟာရကိုမျှမမှီဝဲ မစားသုံးရပါဘဲလျက် အသက်မသေနိုင် သည်မှာ ခမည်းတော်သည် သာဓကဖြစ်၏။

ငါ့ခမည်းတော်သည် မည်သည့် အာဟာရကိုမျှ မမှီဝဲရပါ ဘဲလျက် အသက်ရှင်နေသည်မှာ အဘယ့်ကြောင့် ပါနည်း။ အကြောင်း တခုခုတော့ ရှိရမည်။ ထိုအကြောင်းကား အဘယ် အကြောင်းဆိုသည်ကို ဆရာဒေဝဒတ်သိတန်ရာသည်။ ငါ့ဆရာ ဒေဝဒတ်အား လျှောက်ထားကြည့်ဦးမည်ဟု ဤသို့စဉ်းစားပြီး နောက် အဇာတသတ်သည် ဆောင်ရိပ်သာအောက်မှ ပျောက် ကွယ်သွားလေ၏။

ထောင်နန်းစံ မင်းတရား ကြီးကား– အဟော ဗုဒ္ဓေါ၊အ ဟောဓမ္မော၊ အဟောသံဃောဟု နှုတ်မှတွတ်တွတ် ရွတ်လျက် လူလားခေါက်ပြန် စင်္ကြံလျှောက်နေတော် မူသတည်း။

တနေ့သော နံနက်ခင်းအချိန်၌ ရာဇဂြိုဟ်တမြို့လုံး သင်္ကန်း ရောင်တို့ဖြင့် ဝါထိန်နေ၏။ အကြောင်းမူကား ဗုဒ္ဓအမှူးပြု သော သံဃာတော်များ ရာဇဂြိုဟ်ဘွင်း၌ ဆွမ်းခံတော်မူနေ သောကြောင့် ဖြစ်ပေ၏။

လူတို့သည် ဒေဝဒတ်က ဗုဒ္ဓရှင်တော်ဘုရားအား တကြိမ် သေကြောင်းကြံလိုက်လျှင် ဗုဒ္ဓအား ရှေးကထက်ပို၍ ကြည်ညို သဒ္ဒါ ပွားလာကုန်၏။

ဒေဝဒတ်သည် ဗုဒ္ဓအား အမျိုးမျိုးသေကြောင်း ကြံစည်ရုံ မက သံဃဘေဒက သံဃာကိုသင်းခွဲမှုကြီးကိုပင် ကျူးလွန်လိုက်

www.dhammaransi.com



သည့်အတွက် ဒေဝဒတ်ကိုမျက်နှာ မကြည့်ချင်အောင် ဖြစ်ကုန် သည်နှင့်အမျှ ဗုဒ္ဓအားဆထက်တပိုးတိုး၍ ကြည်ညိုသူ ပူဇော် သူ လှူဒါန်းသူတွေ ပေါများလာကုန်၏။

ယင်းသို့ဘုရားအမှူးရှိသော သံဃာတော်များ ရာဇဂြိုဟ်မြို့ တွင်း၌ သက်နိုးရောင် တဝင်းဝင်းနှင့် ဆွမ်းခံတော် မူနေချိန် တွင် အဇာတသတ်မင်းကား ဒေဝဒတ်၏ ရှေ့မှောက်သို့ရောက် နေပြီး သူ၏ ပြဿနာကို ဒေဝဒတ်ထံ တင်ပြ၍ မေးလျှောက် နေ၏။

ဒေဝဒတ်သည် သွေးအန်သော ရောဂါကြောင့် လူမှာမသေ ရုံတမယ် မျော့နေသော်လည်း ဒုစရိုက် မာန်မကောင်း ကြံမှု တည်းဟူသော အလံကိုကားမလှဲချေ။

"အစားမစားပါဘဲလျက် အဘယ့်ကြောင့် အသက်မသေ သနည်း" ဟူသော အဇာတသတ်၏ မေးခွန်း ပုစ္ဆာကိုရုတ်ချင်း ပင်အဖြေပေးလိုက်၏။

> "အသင်မင်းသား။ အသင်မင်းသား ခမည်းတော် သည် အစာမစားရပါဘဲလျက်၊ အသက်ရှည်နေခြင်းမှာ အခြားကြောင့်မဟုတ်။ တလှုပ်ရှားရှားနှင့်စင်္ကြံသွားနေ ခြင်းကြောင့်ဖြစ်၏။ စင်္ကြံသွားခြင်းသည် ဣရိယာပုထ် မျှတ၍ အသက်ရှည်ခြင်း၏အကြောင်းတခုဖြစ်ပေ၏"

ဤစကား၏ အဓိပ္ပါယ် အချုပ်မှာ "သင့်ခမည်းတော် မြန်မြန်သေစေလိုသော် စင်္ကြံမလျှောက်နိုင်အောင် ခြေထောက် ကိုရိုက်ချိုးပစ်" ဟူ၍ ဆိုရာရောက်၏။

www.dhammaransi.com



အဇာတသတ်သည် ယင်းကိစ္စနှင့် ပတ်သက်၍ "မည်သို့မည်ပုံ တပည့်တော် ဆောင်ရွက်ပါမည်" ဟူ၍ရင်း၊ မည်သို့ဆောင်ရွက်ရပါ မည်နည်း ဟူ၍ရင်း နောက်ထပ် တစုံတရာ မေးလျှောက်ခြင်း မပြုလေတော့ဘဲ လူနှာဒေဝဒတ်အား ယုယစွာပြုစုပြီးလျှင် ဂယာသီသမှ ပြန်သွားလေသည်။

တိုက်ဆိုင်မှု ဆိုသည်မှာ မမျှော်လင့်ဘဲနှင့် ကြုံကြိုက်လာ၏။ အဇာတသတ်မင်း နန်းတော်သို့ ပြန်ရောက် သွားသောအခါ မမျှော်လင့်သော ပြဿနာနှင့် ရင်ဆိုင်ရလေ၏။

ထိုပြဿနာရှင်ကား အခြားသူမဟုတ်။ ၎င်း၏တောင်ညာစံ ဒေဝီမဟေသီ ဖြစ်လေသည်။

"မောင်တော်။ နှမတော်ရဲ့ ဝမ်းကြာ တိုက်မှာ ကိန်းပိုက်လာသည့် ပတ္တမြားရွှေကြုတ် နှုတ်ငုံတော်မှာ တနေ့ထက်တနေ့ ရင့်ရင့်လာပါပြီ။ နေ့လား၊ ညလား ဖွားခါနီးပါပြီး မောင်တော်။ သားဖွားရန် အတွက် ဆောင်ရွက်ဘွယ်ရှိသည် များကို ဆောင်ရွက်တော် မူပါ မောင်တော်ဘုရား"

ခရီးရောက်မဆိုက်ပင် မိဖုရားက သူ့ဗိုက်ကလေးကို ပြကာ ပြကာနှင့် အဇာတသတ်အား နှုတ်ခွန်းဆက်သလေရာ ထိုအချိန်တွင် အဇာတသတ်၏ စိတ်နှလုံးဘွင် ခမည်းတော်အမြန်ဆုံးသေနိုင်ရေးကိုသာ အတွေးစောလျက် ရှိနေသောကြောင့် ...

"နှမတော် သားဖွားဘို့ အရေးထက် ကြီးလေးသော ကိစ္စကြီးတခုရှိနေပါသည် နှမတော်။ အဲဒီကိစ္စကြီးပြီးစီးသွားသည့်

www.dhammaransi.com



အခါကျမှ သားတော်ကို ဖွားမြင်တာပ။ အခု ခဏကလေး ဆိုင်းငံ့ထားပါဦးလား မိမိငယ်''

ဟူ၍ စကား တတွတ်တွတ် ပြီးစလွယ်စွတ်၍ ပြောမိသည် အထိ အဇာတသတ်မင်းကား ခမည်းတော်ကို သတ်လိုစိတ်က လွှမ်းသဖြင့် ဤသို့ကယောင်ကတမ်း အမှားမှား အယွင်းယွင်း မြွက်ကြားမိလေသတည်း။

ထိုနောက် အဇာတသတ်သည် ထောင်ကြပ် ထောင်မှူး များကိုရှေ့တော်သို့ အမြန်ဆင့်ခေါ်လိုက်ပြီး....

''အချင်းတို့၊ငါ့ စကားကို လေးစားစွာ နာခံကြ ကုန်လော့။ ရေမြင့်လျှင် ကြာတင့် ဆိုသကဲ့သို့၊ ငါမြင့် မှသာလျှင် သင်တို့ တင့်နိုင်ကြပေမည်။ ငါ၏ မြင့်မား မှု ဘုန်းသမ္ဘာကြီးမားမှုအတွက် အနွှောင့် အရှက်ပေါ် လာခဲ့သော် သင်တို့လည်း တင့်နိုင်ကြတော့မည် မဟုတ် ကုန်။

ငါ၏ ကြီးပွားမှု တိုးတက်မှု အရှန်အဝါ ကိုဟန့် တားနိုင်သူကား ခမည်းတော်မှ တပါး အခြားသူမရှိ။ ခမည်းတော်ကဟန့်လိုက်လျှင်ငါ၏တိုးတက်မှုအရှိန်အဝါ အားလုံး တန့်သွားနိုင်၏။ ထိုသို့ အဟန့်အတား မဖြစ် စေခြင်းငှာ ခမည်းတော်ကို အစာအငတ်ထား၍ သတ် ပြား သော်လည်း၊ ယခုထက်တိုင် မသေခြင်းမှာ စင်္ကြံ လျှောက်၍ ဣရိယာပုထ် မျှတသောကြောင့်ဟု ဆရာ ဒေဝဒတ် မိန့်တော်မူ၏''

www.dhammaransi.com



"ထို့ကြောင့် သင်တို့သည် ခမည်းတော်လမ်းမ လျှောက်နိုင်အောင် ခြေဖဝါးကို ဒါးနှင့်ခွဲ၍ ဆားလူး ပြီ သား ငါးကို ကင်သကဲ့သို့ မီး၌ ကင်ကြကုန်လော့"

ဟူ၍ တချက်လွှတ်အမိန့်တော်ချမှတ်လေ၏။ အရှင့်အာဏာ စက်မှာ တည်စေရ၏။ အဘယ်မည်သော ထောင်ကြပ် ထောင် မှူးသည် "မဝံ့ပါဘူးဘုရား" ဟူ၍ အာဏာကို ဖီဆန်ဝံ့ တော့အံ့နည်း။

"ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရား" ဟူ၍ တင်လျှောက် ကြရပြီး။ ဗိမ္ဗိသာရမင်းကြီး စံရာ ထောင်နန်းဆီသို့ ဦးတည်၍ ပြန်လာခဲ့ကြရကုန်သတည်း။

www.dhammaransi.com

အချိန်သည် တနေ့ထက်တနေ့ တရွေ့ရွေ့အားဖြင့် ကုန်လွန်သွားသော်ငြားလည်း ဒေဝဒတ်အဖို့တွင်မူ အချိန်ကုန်ကုန်သွားသည်နှင့် အမျှ သူ့၌ စွဲကပ်လျက်ရှိနေသော သွေးအန်ရောဂါမှာ ကုန်လွန်သွားခြင်းမရှိဘဲ ပွားသထက် ပွားကာ အားရှိလာလေသည်။

ဒေဝဒတ်သည် အသိဉာဏ် ဦးနှောက်ရှိသူဖြစ်၏။ ထိုဦးနှောက်ကို ကောင်းသောဘက်တွင် အသုံးမချလေဘဲ အလွဲသုံးစား အသုံးမှားလေသောကြောင့် ယခုကဲ့သို့ ဒုက္ခဝေဒနာကို မချိမဆန့် ခံစားနေရကြောင်းကို တဖြည်းဖြည်းတွက်ဆ မိလာသည်။

ဇာတိကို အကြောင်းပြု၍ ဇရာ ဗျာဓိ မရဏတည်းဟူသော အိုးခြင်းဘေး နာခြင်းဘေး သေခြင်းဘေးတို့မှ သတ္တဝါ

www.dhammaransi.com



တိုင်း ပြေး၍မလွတ်ကြောင်းများကိုလည်း ညောင်စောင်းပေါ်တွင် လျောင်းလျက်မှ ဆင်ခြင်သုံးသပ်မိလာသည်။

"နာခြင်းတရားက ငါ့အားဖိစီး နှိပ်စက်လာချေပြီ။ ငါသည်လည်း သေခြင်းဘေးမှ ပြေး၍ လွတ်တော့မည်မဟုတ်။ ငါ့ရောဂါအကြောင်းကို ငါသိ၏။ သက်သာ လွတ်ကင်းအောင် ချမ်းသာခွင့်ကို ငါ့အားပေးတော့မည်မဟုတ်။ တဖြည်းဖြည်း ငါ့ကို အမှည့်ခြွေ ခြွေတော့မှာပါတကား ဤသို့ မိမိကိုယ်ကို လက္ခဏာရေးသုံးပါး၌ တင်၍ ဆင်ခြင်လေသောအခါ ဘုရားသခင်ကို သူ သတိရလာလေသည်။

ဗုဒ္ဓတောမထွက်မီ သိဒ္ဓတ္ထ မင်းသားဘဝတုန်းက နတ်စည်းစိမ်ကဲ့သို့သော စည်းစိမ်ကို ခံစားလျက် နေထိုင်ခဲ့ပုံ များကို မျက်စိထဲတွင် တရေးရေး မြင်ယောင်လာလေသည်။

ထိုအခါ အရုပ်ကြိုးပြတ် ဟင်းကနဲ သက်မကြီးချလိုက်၏။ ဤသို့ သက်မကြီး ချလိုက်ခြင်းကား အလွန်အဓိပ္ပါယ်ရှိလှသည်။ မိမိ၏ အမှားများကို နောင်တတရား ရရှိလာခြင်းသရုပ်ကို ပီပီပြင်ပြင် ဆောင်လိုက်ခြင်းပင်တည်း။

သလွန်ညောင်စောင်းထက်မှ မထနိုင်တော့သော ခန္ဓာကိုယ်ကောင်းကြီးကို အနိုင်နိုင် အားယူလွန့်လူးကာ ဟိုဘက်စောင်းလိုက် သည်ဘက်စောင်းလိုက်နှင့် ရှိနေသည်။

ယခုအချိန်တွင် သူလုပ်နိုင်သော အလုပ်မှာ စိတ်အလုပ်တခုသာ ရှိတော့၏။ ထိုကြောင့်လည်း သူသည် စိတ်အလုပ်ကိုသာ ကောင်းကောင်း လုပ်နေ၏။ ထိုအခါ သူ၏စိတ်အလုပ်ထဲတွင်

www.dhammaransi.com



သူ၏ ရှေ့နောက်တခွင် ပတ်ဝန်းကျင်၌ ဗုဒ္ဓမြတ်ဘုရားကိုသာ မြင်ယောင်နေ၏။

ရဟန်းပရိသတ် လူပရိတ်သတ် နတ်ပရိသတ် ဗြဟ္မာပရိသတ်။ ပရိသတ်လေးပါး ခြံရံလျှက် ရောင်ခြည်တော် ခြောက်သွယ်တို့ ကလည်း ပြိုးပြိုးပြက်ပြက် တခဲနက် ကွန့်မြူးကာ တရား ဟောတော် မူနေပုံကိုလည်းကောင်း အဇာတသတ်မင်း၏အကူ အညီယူဆောင်လျှက် မိမိကိုယ်တိုင် ဗုဒ္ဓအပေါ်၌ အမျိုးမျိုး သေကြောင်း ကြံစည်ပုံများကိုလည်းကောင်း ထင်မြင်လာသော အခါ၌ကား "ငါမှားလေစွ"ဟု နှုတ်မှ ဖွင့်ထုတ်၍ ငြီးတွား လိုက်မိတော့၏။

"ငါသည် လောဘရမ္မက်၏ သားကောင်မိုက်။ မတု ပအပ်သည်ကို ငါတုပမှားခဲ့လေပြီ။ ငါနှင့်မထိုက် ငါ နှင့်မတန်သော ဘုရားအရာကို ငါကြံ မှားမိခဲ့လေပြီ။ မာရ်နတ်ကဲ့သို့သော နတ်ဘုရင်ကြီးသော်မှပင် ဗုဒ္ဓအား တိုက်ခိုက်၍ မရပါဘဲလျှက်ကို ငါကဝင်၍ တိုက်ခိုက်မိ သည်မှာ ငါ့ထက် ပိုမိုက်သူ ရှိဦးမည်လော။ မကြာမီ ပင် ငါသေရတော့အံ့။ ငါမသေခင် ငါ့ယောက်ဖ တော် ရဟန်းဂေါတမအား ငါဖူးတွေ့ ချင်လိုက်ပါဘိ တော့သည်"

လူမိုက်နောက်မှ အကြံရ ဆိုသကဲ့သို့ ဒေဝဒတ်သည် ဘုရား သခင်အား ပြစ်မှားမိခဲ့သော မိမိအမှားများကို နောင်တရ၍ မဆုံးနိုင်အောင် ဖြစ်နေတော့၏။

www.dhammaransi.com


ဤသို့ နှောင်တကြီးစွာ ရနေသည့်ကြားမှ အဇာတသတ်ကို လည်း အကြီးအကျယ် သနားလာလေသည်။ မအူမလယ် မင်းသားငယ်လေးကို ပန်းကောင်းအညွန့်ချိုး ငါလုပ်ခဲ့မိသည် တကား။

ဗုဒ္ဓနှင့်ပူပေါင်းမိလျှင်အဇာတသတ်သည် လူကောင်းကလေး တယောက် ထွန်းထွန်းပေါက်ပေါက် ဖြစ်လာနိုင်သည့် အလားအလာရှိပါလျက် သူ၏ကြီးပွားမှု တက်လမ်းကို ငါဆို့ပိတ်မိခဲ့သည်တကား။

ဤအကြောင်းများကို သူ့အား ယခုမှ ပြောပြလျှင်လည်း သူ့မှာပို၍သာ စိတ်မချမ်းမသာဖြစ်လေအံ့၊ ငါ့မှာ ပြောနိုင်စွမ်းလည်းမရှိတော့ပြီ။ ပြောနေရန်အချိန်လည်း မရှိတော့ပြီ။ ငါ့အသက်ကလေးနှင့် မှီအောင် ဗုဒ္ဓထံရောက်ချင်သည်။ အားပါးတရ ငါ့အမှားများအားလုံးကို ဝန်ချတောင်းပန်ကန်တော့ပြီး၊ ငါ့ယောက်ဖအား ငါ၀၀ကြီး ဖူးသွားချင်သည်။

ထိုခဏဝယ် ဒေဝဒတ်၏ ရောဂါအခြေအနေ မလှတော့သဖြင့် "မလာလျှင် မကောင်းတတ်သည့်အတွက် တပည့်ကြီးကောကာလိက သည်အခြားတပည့်များနှင့်အတူ ဒေဝဒတ်ထံ လူမမာမေးရန် ရောက်လာကြသည်။

ဒေဝဒတ်သည် ကောကာလိက၏ မျက်နှာကိုမြင်လိုက်သောအခါ တွေ့၍ကြည့်လျက်မှ သူ့အနားသို့ လက်ယပ်၍ခေါ်လိုက်ပြီးနောက် လေသံသဲ့သဲ့ဖြင့် ကောကလိကအား ဤစကားကို ဆိုသတည်း။

www.dhammaransi.com



"ငါ့ရှင် ကောကာလိက။ ငါ့ကိုရတန်း ဂေါတမထံပို့ပေး ပါလော့"ဟုဆိုလျှင် ကောကလိကသည် အံ့အားသင့်ပြီး မျက်လုံး ပြူးသွား၏။ "ရူးများသွားလေပြီလား"ဟူ၍ တွေးမိလေ၏။

"ကောကာလိက....ငါ့ကို ...ငါ့ကို.... ရှင်ကြီးဂေါတမထံ...."

ဤသို့အားယူ၍ ပြောနေဟန်ရှိသော ဒေဝဒတ်ကိုကြည့်ကာ ကောကာလိကသည် ငိုင်နေ၏။ ဤသို့ငေးငိုင်နေလျက်မှ တခါ တုန်းက ဗုဒ္ဓအား ဒေဝဒတ် သေကြောင်း ကြံစည်ခဲ့ပုံများကို လည်း တသီကြီး မြင်ယောင် လာလေသည်။ ထို့ကြောင့် ကောကာလိကသည် ဒေဝဒတ်ရူးသွားပြီ ထင်လေ၏။

"အရှင်ဒေဝဒတ်၊ သင်တောက်တီးတောက်တဲ့ စကားတွေ ကို အသို့ ဆိုဘိသနည်း။ အသင်ရူးနေပြီလော့။ ရဟန်းဂေါတမ သည်သင်၏ ရန်သူမဟုတ်လော။ တခါတုန်းက ရဟန်းဂေါတမ ကို နာဠာဂီရိဆင်နှင့် တိုက်ခြင်း၊ ဂိဇ္ဈကုဋ် တောင်ခေါင်းက ကျောက်မောင်းနှင့် ဖြုတ်ချခြင်း စသော ဒုစရိုက် လုပ်ကြံမှု ကြီးကို သင်ကိုယ်တိုင် လုပ်ကိုင်ခဲ့ရရုံမ႒၊ နေ့ရာဘာကာဘိုင်း တွင်လည်း ရဟန်းဂေါတမ၏ ဂုဏ်သိက္ခာ ကျဆင်းအောင် အမျိုးမျိုး ဟောပြောလှုံ့ဆော်၍ အပုပ်ချခဲ့သည် မဟုတ်ပါ လော။ သို့ပါလျက် သင်ရဟန်း ဂေါတမထံ အပို့ခိုင်းနေခြင်း မှာ ရူးသွတ်၍ဆိုသည်ဟု ငါထင်၏"

ဤသို့ ကောလိကက ပြန်ပြောလေသည်။ ကောလိက၏ ဆိုပြောချက်မှာလည်း သဘာဝကျလှ၏။ မှန်သောစကားကို

www.dhammaransi.com


ဆိုနေခြင်းဖြစ်၏။ သို့သော် ဒေဝဒတ်သည် အားမလျှော့ချေ။ ကောလိကကိုတွေ့၍ ကြည့်ကာ ရီဝေသော မျက်လုံးဖြင့် "ငါ့ကို ကူပါအုံး-ပို့ပေးပါအုံး" ဟု အကူအညီတောင်းခံလျက် ရှိနေ၏။

ဒေဝဒတ်၏ ပြောပုံဆိုပုံနှင့်တကွ အမူအရာအားလုံး ရှေးကနှင့် မတူတော့ဘဲအကြွင်းမဲ့ ပြောင်းလဲနေခြင်းများက ကောကာလိကအား လှည့်စားနေသကဲ့သို့ တနည်းအားဖြင့် မျက်လှည့်ပြသကဲ့သို့ ဖြစ်နေ၏။ သူ့အဘို့တွင် ဒေဝဒတ်အား မယုံရခက် ယုံရခက် ဖြစ်နေ၏။

"လုပ်ပါ ကောကာလိက၊ ငါ့ကို နောက်ဆုံး ကြည့်ရှုခြင်းအနေနဲ့ ရှင်ကြီးဂေါတမဆီ ရောက်အောင် ပို့ပေးစမ်းပါ၊ ငါ ရှင်ကြီး ဂေါတမအား ရန်ပြုလာခဲ့သည်မှာ သင်ဆိုတိုင်းမှန်ပေ၏။ ငါ သူ့ကို ကာယကံ-ဝစီကံ-မနောကံ ကံသုံးပါးတို့ဖြင့် အချိန်ရှိသရွေ့ ပြစ်မှားလာခဲ့သည်မှာ မှန်ပါ၏။

"သို့သော် ကောကာလိက၊ ရှင်ကြီးဂေါတမကား ငါ့ကိုရန်ငြိုးထားသည်မဟုတ်ပါ၊ ငါနှင့်တကွ သတ္တဝါ ခပ်သိမ်းတို့အပေါ်တွင် ထားရှိသောသူ၏ မေတ္တာသည် ရာဟုလာနှင့်မခြားပါ။ ရာဟုလာကဲ့သို့ပင်ငါ့ကိုလည်း သူ မေတ္တာထားကြောင်းကို ငါကောင်းကောင်း သိပေ၏။ လောဘရမ္မက်ဖက်မိလေ၍သာ ငါ မိုက်တွင်းနက်ခဲ့မိ၏။ စင်စစ် အားဖြင့် ရှင်ကြီးဂေါတကား အတုမရှိသော သဗ္ဗညုဗုဒ္ဓစင်စစ် ဖြစ်ပေ၏။ သူ့ထံရောက်အောင် ငါ့ကို ပို့ပေးပါ ကောကာလိက"

www.dhammaransi.com


ဒေဝဒတ်သည် ဤသို့တတွတ်တွတ်ပူဆာနေ၏။ ကောကာလိက လည်းသနားမိလာဟန်တူ၏။ ရှူး၍ ပြောနေခြင်း မဟုတ်ကြောင်းကိုလည်း ကောင်းစွာနားလည် သဘောပေါက်လာ၏။

သို့သော် လူနာဒေဝဒတ်ကို ဗုဒ္ဓထံသို့ ရောက်အောင်ပို့ပေးဘို့ ဆိုသည်မှာ မလွယ်ပြီ၊ ဗုဒ္ဓသည် ရာဇဂြိုဟ်မှာ မရှိ။ သာဝတ္ထိသို့ ကြွသွားလေပြီတည်း။ ထို့ကြောင့် ပို့ချင်ပါလျက်လည်း အပို့ရခက်နေ၏။

(ကော)။ ။အရှင် ဒေဝဒတ်၊ သင့်ဆန္ဒကို ငါလိုက်လျောအံ့၊ သို့သော် အလာကောင်းသော်လည်း အခါနှောင်းဆိုသကဲ့သို့ သင်ဗုဒ္ဓနှင့်တွေ့ခွင့်မရတော့ပြီ။ ဗုဒ္ဓကား သာဝတ္ထိသို့ ကြွသွားတော်မူလေပြီ"

(ဒေ) ။ ။ငါ့ရှင်ကောကာလိက၊ရှင်ကြီးဂေါတမရှိရာ သာဝတ္ထိကိုပင် ငါ့ကိုပို့လော့။ လမ်းတွင် သေသော်လည်း ရှင်ကြီးဂေါတမစိတ်နှင့် သေရလျှင် ငါ သေပျော်ပါပြီ ကောကာလိက"

ဤသည့် နောက်ပိုင်းတွင် ကောလိကာကသည် ဒေဝဒတ်အား သာဝတ္ထိသို့ လိုက်ပို့ရန် စီစဉ်ရလေ၏။

(ကော)။ ။အရှင်ဒေဝဒတ်၊ သာဝတ္ထိသို့ သွားရန်အတွက် အဇာတသတ်မင်းထံ ယာဉ်ရထား စီစဉ်စေလျှင် ကောင်းမည်ထင်၏။

(ဒေ) ။ ။အဇာတသတ်ကို ဒုက္ခမပေးနှင့်တော့။ ငါသူ့ကို ဒုက္ခပေးလာခဲ့သည်မှာ ကြာပြီ။ သင်တို့ စွမ်း

www.dhammaransi.com



နိုင်မည် ဆိုက ငါ့ကို ညောင်စောင်းနှင့်ထမ်းပြီး ပို့ကြလော့။

ဤသို့ ပြောဆိုပြီးနောက် ညောင်စောင်းပေါ်တွင် ပက်လက် အိပ်လျက်ဒေဝဒတ်ကိုကောကာလိကကြီးမှူးသောရဟန်းများက သာဝတ္ထိသို့ ခြေလျင် ထမ်းသွားကြလေသတည်း။

ဒေဝဒတ်၏ နောက်ဆုံးအချိန်။ နောက်ဆုံး အခြေအနေနှင့် နောက်ဆုံးသတင်းကို ဘာမျှ မသိသဖြင့် အဇာတသတ် မင်းမှာ ဒေဝဒတ်ထံ အာမဘာန္တေ ခံထားချက် အရ အာဏာသားများအား ခမည်းတော်၏ ခြေကို ဓားနှင့် မွန်းရန် စေခိုင်းလိုက်ပြီး သူ ကိုယ်တိုင်ကမူ မိဖုရား သားဖွားရေး အတွက် လိုအပ်ချက်များကို ဆောင်ရွက်စေလျက်ရှိနေ၏။

ထိုအချိန်တွင် ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးမှာ ထောင်ထဲတွင် စင်္ကြံလျှောက်နေစဉ် ထောင်မှူးနှင့်အာဏာသားများ တံခါးဝတွင် တံခါး ဖွင့်လာသည်ကို လှမ်း၍ မြင်လိုက်သောအခါ များစွာ အားတက်ဝမ်းသာ သွားလေသည်။ ဝမ်းသာခြင်းမှာ ''ငါ့သားတော်သည် ငါ့အပေါ်၌ အမျက် ပြေ၍ ငါ့ကို အလွတ် ခိုင်း၍ သူတို့ လာကြသည်'' ဟု ထင်သောကြောင့် ဖြစ်၏။

''ကွဲ့-ဟရို့ရဲ့-။ ငါ့သားတော်ကငါ့ကို ယခု အလွတ် ခိုင်း၍ ငါ၏ ရှေ့တော်မှောက် ရောက်လာကြသည် ထင်ရဲ့''

မမျှော်လင့်သော ဤမေးခွန်းကြောင့် ထောင်မှူးနှင့် တကွ အာဏာသားများပါ အားလုံး မျက်လုံးပြူးပြီး အလျှောက်ရ

www.dhammaransi.com



ခက်ကုန်လေ၏။ နောက်ဆုံးတွင် မလျှောက်လျှင် မဖြစ်တော့သည့် အလျှောက် သားတော် အဇာတသတ်က စေခိုင်း၍ ရောက်လာ ကြပုံများကို လျှောက်ထား လိုက်သောအခါ ဗိမ္ဗိသာရမင်းကြီးမှာ "ဩော်–"ဟူ၍ အာမေဋိတ်စကားတလုံးကို အဓိပ္ပါယ်ရှိရှိနှင့် ညည်းတွားတော် မူပြီးနောက်–

"ရော့ အမိန့်တော်အတိုင်း ဆောင်ရွက်ကြ"

ဟု ခြေထောက်ကို ဆန့်ပေးတော်မူလေ၏။ ထိုအခါ ထောင်မှူးနှင့် အာဏာသားတို့လည်း မင်းကြီးကို ကရုဏာ သက်ပြီး ခေါင်းတခါခါနှင့် မပြုရက်အောင် ဖြစ်ကုန်လေ၏။ မင်းကြီးကိုသာ ကြောင်၍ ကြည့်နေကုန်၏။ မင်းကြီးသည် ဆန့်ထားသော ခြေထောက်ကို ပြန်၍ ရုပ်လိုက်ပြီး။ သူ၏ ခြေဖဝါးများကို လက်ဖဝါးနှင့် ပွတ်ကာ ပွတ်ကာ ပြောလေသည်ကား–

"အမောင်ရို့။ ငါ၏ ခြေဖဝါးများကား စကြံ လျှောက်ထား ငြားသော်လည်း ကြမ်းထန်းခြင်းမရှိ လဲဝါဂွမ်းနုပမာ နူးညံ့လျက် ဝက်သား ခေါက်ကြီး လှီးရသလောက်ပင် ပင်ပန်းဘွယ် မရှိ။ ရော့ ခွဲကြဘိလော့"

ဟူ၍ မိန့်တော်မူပြီး ခြေထောက်ကို ပြန်၍ ဆန့်ပေးလိုက်လေ၏။ မင်းကြီးက ဤသို့မြွက်ကြားတော်မူ လေလေထောင်မှူးနှင့်တကွ အာဏာသားတို့မှာ ခါးနှင့် ခွဲဘို့ကိုမဆိုထားဘိ၊ မင်းကြီး၏ ခြေထောက်ကိုပင် မကိုင်ရဲအောင် ဖြစ်နေကြလေ

www.dhammaransi.com



၏။ ဤတွင် ထောင်မှူးက လက်အုပ် ချီ၍ မင်းကြီးအား သံတော်ဦး တင်လေ၏။

"အရှင်မင်းကြီးအား ကျွန်တော်မျိုးတို့ခေါ်နှင့် မခဲ့ရက်ပါကုန်။ ဤသို့ မခဲ့သည့်အတွက် ဘုရင် မင်းတရားက ကွပ်မျက်လျှင်လည်း အသက် အသေခံလိုက်ပါကုန်အံ့..." ဟူ၍ မျက်ရေစက်လက်နှင့် လျှောက်လေ၏။ မင်းကြီးသည် လျှောက်ထားသူ ထောင်မှူးအား စူးစိုက်စွာ ကြည့်ပြီး လက်ညှိုး ထိုး၍ မေးလေ၏။

"သင်တို့ အသိုနည်း။ မင်းပေးသော ထမင်းကို စားပြီး မင်း၏ အမှုတော်ထမ်းနေသူများ ဖြစ်ပါလျက် မင်းစေခိုင်းရာ မလုပ်ဘဲ မင်းအာဏာကို ဖီဆန်ကုန်သလော"

"မှန်ကြောင်းပါဘုရား...။ဤမျှ ရက်စက် ယုတ်မာသော မင်း၏ ထံပါးတွင် ခံစား၍ ကျွန်တော်မျိုးတို့ မနေလိုပါ။ ဤ အာဏာဖီဆန်မှုနှင့်သတ်လျှင် သေရခြင်းက မြတ်ပါသည် အရှင်မင်းကြီးကိုကား ကျွန်တော်မျိုးတို့ ခေါ်နှင့် မခဲ့ရက်ပါကုန် ဘုရား"

ဤစကားကိုကြားလျှင် မင်းကြီးသည် အနည်းငယ် စဉ်းစားတော်မူပြီးမှ မေးတော်မူပြန်၏။

"သင်တို့ ငါတို့အပေါ်၌ ကြည်ညိုလေးစား မေတ္တာ ထားကြသည်ဆိုသော် ငါ၏ အမိန့် စကားကိုကော သင်တို့ နာခံထောင်နိုင်မည်လော...."

www.dhammaransi.com



"မှန်လှပါ အရှင်မင်းကြီး ၏အမိန့်တော်မြတ်ကိုကား ဦးထိပ်ထက် ပန်ဆင်ကြရန် အသင့် ရှိကြောင်းပါ ဘုရား...." ဟူ၍ လျှောက်လေသော် မင်းကြီးသည် ဦးခေါင်းကို ညင်သာစွာ ညိတ်လျက်....

"ယင်းသို့ ဖြစ်ဘိသော် ကောင်းပြီ သင်တို့အား ငါအမိန့်မှတ်အံ့၊ နာခံကြကုန်လော့" ဟု မိန့်တော်မူလျှင် အားလုံးက လက်ယှက်ရှိခိုးကာ "အမိန့်ရှိတော်မူပါဘုရား" ဟူ၍ အမိန့်တော်ကို ကြိုလင့် နေကြကုန်၏။

"ငါ့ကြောင့် သင်တို့အား အပြစ် မဖြစ် စေလင့်၊
မင်း၏ အမိန့် အတိုင်း တိတိကျကျ ဆောင်ရွက်ကြရန်
သင့်တို့အား ငါအမိန့်ပေး၏။ ငါ၏ခြေကို ဆောလျင်
စွာ ခွဲကြကုန်လော့"

ဤသို့ တချက်လွှတ်အမိန့်တော် ထုတ်လိုက်သောအခါ မင်းချင်းယောကျ်ားတို့သည် ကျောက်ထုရုပ်ကဲ့သို့ မတုန်မလှုပ် ဖြစ်ကုန်လေ၏။ မင်းကြီးသည် မဝံ့အောင်ဖြစ်နေသော လက်မရွံ့ အာဏာသားများအား ဆက်၍ မြွက်ကြားတော်မူသည်ကား—

"အမောင်တို့။ မင်းဟူသည်ကား လူတို့၏ သခင်တည်း။ သူသည် သက်ဦးဆံပိုင် ဖြစ်ချေ၏။ ထိုကြောင့် သခင့်အာဏာသည် ကျွန်မှာတည်စေရာ၏။ မင်းအာဏာကို မဆန့်ကျင်စကောင်းပေ။ အမောင်တို့ ငါ့ကိုကြည့်ကုန်လော့။ ငါသည်ပင်လျှင် မင်းအာဏာကို တည်လျက် မင်းက ထားပေးသော နေရာ ဤထောင်၌ ငါနေ၏။ ဤသို့ ပြုခြင်းအာဖြင့် ပစ္စုပ္ပန်မျက်

www.dhammaransi.com



မှောက်၍ရှင်း၊ နောင်သံသရာ၌ရှင်း သင်တို့အား အပြစ်မရောက်နိုင်။ မင်းအာဏာတည်သော မင်းမှုထမ်းကောင်းများ ဖြစ်ပါစေကုန်။ ရော့ ငါ့ခြေဖဝါးကို ခွဲကုန်ဘိလော့”

ဤသို့ ဆိုမြွက်ငြားသော်လည်း အာဏာသားတို့မှာ ဓားကိုပင် ကိုင်ခြင်းမပြုကြလေဘဲ မျက်ရည်အရွှဲသားနှင့်သာ မင်းကြီး၏ မျက်နှာတော်ကို ဖူးမြော်၍ နေကုန်သောကြောင့် ဗိမ္ဗိသာရမင်းကြီးသည် အာဏာသားတို့အား တရားပြ၍ ညွှန်ကြားရပြန်လေ၏။

“အမောင်ရို့။ ငါ၏ခြေများကို ဓားနှင့် ခွဲရန်အတွက် မစံ့မရဲမဖြစ်ကုန်လင့်။ ငါ၏ ခြေကို ခွဲရသည်ဟူ၍ သင်တို့ အမှတ်မထားကြကုန်လင့်။ မင်းအာဏာတည်လျက်၊ မင်းက စေခိုင်းသော အမှုကို ဆောင်ရွက်ရသည်ဟူ၍သာ သဘောထားကုန်လော့။ ငါ ဗိမ္ဗိသာရမင်းကြီးကား အသက်ကြီးပြီ။ အိုပြီ။ မင်း အိုကြီးဖြစ်ပြီ။ သင်တို့ဓားနှင့် မခွဲငြားသော်လည်း ငါကား သေခါနီးနေပြီ။ ငါသေရခြင်းအားဖြင့် သင်တို့အား ဆုလာဘ် ဖြစ်ရစ်စေမှုကို ငါလိုလားပေ၏။

ငါသည်လည်း သင်တို့၏ ရန်သူမဟုတ်။ သင်တို့သည်လည်း ငါ၏ရန်သူမဟုတ်။ မင်း၏ အမိန့်အတိုင်း နာခံကြရသူများသာ ဖြစ်လေရာ၊ ငါသည် မင်းထားရာ နေခြင်းဖြင့် ငါ့ တာဝန်ကျေဘိသကဲ့သို့။ သင်တို့သည်

www.dhammaransi.com



လည်း မင်းမိန့်အတိုင်း ငါ၏ ခြေကို ခွဲခြင်းအားဖြင့် မင်း အာဏာတည်သော အမှုထမ်းကောင်းများဖြစ်ရစ်ကြကုန်လော့။ တာဝန်ကို ဝံ့ချေကသင်တို့ မင်းမှုထမ်းရန် မသင့်။ မင်းမှုထမ်းကောင်း ပြီသစွာ မကြောက်မရွံ့ ဝံ့ရဲစွာသော ခွဲကုန်ဘိလော့''

ဤသို့ အကြိမ်ကြိမ်အဖန်ဖန်၊ ထပ်ပြန်တလဲလဲ စေခိုင်းနေသော ဗိမ္ဗိသာရမင်းကြီး၏ အမိန့်ကြောင့် မင်းကြီး၏ ဖဝါးတော်ကို မခွဲလိုငြားသော်လည်း မင်းကြီးပေးသော အမိန့်တော်ကို လေးစားသောအားဖြင့် အာဏာသားများသည်။ ဗိမ္ဗိသာရမင်းကြီး ဆင်းပေသော ခြေဘော်ဦးကို နှဖူးဖြင့် ဦးသုံးကြိမ်တိုက်ပြီးလျှင်။

လဲဝါဂွမ်းထဲသို့ နူးညံ့လှသော မင်းကြီး၏ ခြေဖဝါးကို မဝံ့မရဲ ဓားဖြင့်ခွဲလိုက်သောအခါ ခါးရမ်းချဉ်သီးကိုလက်ဖြင့် ဖျစ်လိုက်သည့်အလား သွေးတို့သည် ခြေဖဝါးမှ ပန်းထွက်လာကုန်လေသတည်း။

တိုက်ဆိုင်မှု ဟူ၍ပင် ဆိုရချေမည်။ ဗိမ္ဗိသာရမင်းကြီးအား အာဏာသားများက ဓားဖြင့်ခွဲ၍ ရဲကနဲ သွေးများပန်းထွက်လာချိန်တွင် ဒေဝဒတ်မှာလည်း ရဟန်းတို့ ထမ်းဆောင်လာသည့် ညောင်စောင်းတွင် တဝေါဝေါ သွေးများအန်ရင်းနှင့် လိုက်ပါလာခဲ့ရာက လမ်းခုလပ်လောက်ပင် ရောက်နေပြီဖြစ်၏။

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒေဝဒတ်သည် သူ၏ အမှားများကို ဝန်ခံရန်နှင့် မြတ်ဘုရားအား ဖူးမြော်

www.dhammaransi.com


ကန်တော့ရန် ရာဇဂြိုဟ်မှ လာနေကြောင်းသိရပါသည် ဘုရား" ဟူ၍ ရဟန်းတို့က လျှောက်ထားသောအခါ....

"ချစ်သား ရဟန်းတို့။ ဒေဝဒတ်သည်သူ၏ ဤခန္ဓာ
ကိုယ် ဤအတ္တဘောဖြင့် ငါ့အား သူဖူးမြင်ခွင့် ရတော့
မည်မဟုတ်"

ဤသို့ မြွက်ကြားလိုက်သောအခါ ရဟန်းတို့ကား အံ့သြခြင်းကြီးစွာ ဖြစ်ကုန်လေ၏။

ဒေဝဒတ်လာနေသည်မှာလည်း အမှန်ပင် ဖြစ်နေသည်။ သို့ပါလျက် ဘယ့်အတွက် ဤသို့မြတ်ဘုရား မြွက်ကြားတော်မူလေသနည်း ဟု ဝေခွဲမရအောင် ဖြစ်နေကြလေ၏။

နေရာမှာ သာဝတ္ထိပြည်၏ နယ်နိမိတ်အတွင်း ဖြစ်၏။ ဒေဝဒတ်ကို ညောင်စောင်းပေါ်တင်လျက် ထမ်းလာရသော ရဟန်းတို့သည်။ သာဝတ္ထိပြည်၏ ပိုင်နက်အတွင်းသို့ ချဉ်းနင်းရောက်ရှိလာကြပြီဖြစ်ရာ။ ဒေဝဒတ်မှာ အသက်ကလေး ယဲ့ယဲ့နှင့် ညောင်စောင်းပေါ်တွင် မှိန်းလျက် ပါလာ၏။

"အရှင်ဘုရား။ ဒေဝဒတ် ဇေတဝန် ကျောင်းတော်သို့ ရောက်လာရန် တယူဇနာလောက်သာ လိုပါတော့သည်။ မကြာမီ ရောက်လာပါတော့မည်ဘုရား"

ဟူ၍ ရဟန်းတို့က လျှောက်ထား လာကြပြန်သောအခါ၌လည်း....

"ချစ်သားရဟန်းတို့။ ဒေဝဒတ်သည်သူ၏ခန္ဓာကိုယ်
ဤအတ္တဘောဖြင့် ငါ့အား ဖူးမြင်ခွင့် ရ တော့ မည်

www.dhammaransi.com


မဟုတ်။ ဝတ္ထုငါးဖြာ၊ သိက္ခာပုဒ် ငါးရပ်ကို ပညတ် ပေးရန် တောင်းဆိုသော ရဟန်းအား ထိုအချိန်မှစ၍ နောက်ထပ်တကြိမ်တခါမျှ ဖူးတွေ့ရခွင့် မရှိတော့သည် မှာ မမှတာပင်တည်း။

ဤသို့မိန့်မြွက်ချက်ကို နားရှိ၍သာကြားရသည်။ ရဟန်းတို့ အဖွဲ့တွင် မယုံကြည် နိုင်အောင် ဖြစ်နေ၏။ ဒေဝဒတ်သည် ဘုရားသခင်ထံရောက်ရန် တဖြည်းဖြည်း နီးနီးလာ၏။ ရဟန်းတို့ကလည်း....

"ဒေဝဒတ်ရောက်လာတော့မည့်အကြောင်းကို ခရီးစဉ်နှင့် တကွ ဘယ်နေရာ ရောက်လာပါပြီတဲ့ ဘုရား။ ဘယ်အရပ်မှာ စခန်းချနေပါသည်တဲ့ ဘုရား"

ဟူ၍ လျှောက်ကုန်၏။ ထိုအခါများတွင်လည်း မြတ်စွာ ဘုရားသည် အရင် မိန့်မြွက်ချက်အတိုင်းပင်။

"ဒေဝဒတ်ငါ့ကို ဖူးမြင်ရမည် မဟုတ်" ဟူ၍ သာလျှင် မိန့်တော်မူ၏။

"အရှင်ဒေဝဒတ်။ သင်၏ ဆန္ဒပြည့် ဝတော့အံ့။ ဟိုမှာရှုလော့။ ဇေတဝန်ကျောင်း၏ အနီးသို့ ငါတို့ ရောက်လာကြပြီ"

ဟူ၍ ရဟန်းတပါးက ဇေတဝန် ကျောင်းတော်ဆီကို ညွှန်၍ ဒေဝဒတ်ကိုလျှောက်လေသော်....ဒေဝဒတ်သည် ညောင်စောင်း ထက်မှနေ၍ ဇေတဝန် ကျောင်းတော်ဆီသို့ လက်ယှက်ရင်း

www.dhammaransi.com



လိုက်ပါလာရာက ဇေတဝန်ကျောင်းတော်၏ အနီးက ရေကန်ကြီးသို့ရောက်လေ၏။

ထိုအခါ ညောင်စောင်းကို ထမ်းလာသော ရဟန်းတို့သည် မောပန်းသည်နှင့် ရေချိုးရန် အလို့ငှာ ရေကန်ဘေးတွင် ညောင်စောင်းကို ချကြကုန်လေ၏။ ထိုအခါ ဒေဝဒတ်သည် သာယာ လှစွာသော ရေကန်တော် ရှုခင်းကို ကြည့်လိုက်ပြီးနောက် ...

"ငါ့ရှင်တို့။ ငါ့ကိုလည်း ရေကန်သို့ ယူဆောင်ကြကုန်လော့။ ငါ၏ ကိုယ်ကာယသည် မသန့်ရှင်းခဲ့။ အပြစ်တွေ ဗလပြစ်နှင့် ညစ်ပတ်လှ၏။ မစင်ဘင်ပုပ်တွေလူးလဲ ပေကျံနေသည်နှင့်တူ၏။ ငါ၏ယောက်ဖတော်ရှင်ကြီးဂေါတမကား တသက်လုံး သန့်ပြန့်စွာနေထိုင်လာခဲ့သူ ဖြစ်လေရာ ရှုမြင်မကောင်း၊ အပုပ်နံ့တလှောင်းလှောင်း ထွက်နေသော ဤခန္ဓာကိုယ်ဖြင့် ရှင်ကြီးဂေါတမအား ငါမဖူးလို သန့်ရှင်းသောကိုယ်ဖြင့်သာ ငါဖူးအံ့။ အားပါးတရ သူ့ကို ငါကန်တော့အံ့။ သူ့ကိုအားရပါးရ နောက်ဆုံးအနေဖြင့် ငါပူဇော်ရင်း ငါကျူးလွန်မိုက်မှားမိခဲ့ သမျှသော အပြစ်များကို သူ့ထံတွင် မှားကြောင်း ဝန်ခံပြီးသူ၏ ခြေတော်ဦးကို ငါ့နဖူးဖြင့်တိုက်၍ ငါတောင်းပန်အံ့။ ငါ့ကိုသာ ရေသို့ ဆောင်ကြကုန်လော့"

ဤစကားများသည်သူ၏ စေတနာအရင်းခံ အတိုင်း အသဲနှလုံးကြားမှထွက်လာသောဒေဝဒတ်၏ စကားများဖြစ်ပေ၏။

www.dhammaransi.com



ရဟန်းတို့လည်း ဒေဝဒတ်၏ ဆန္ဒအတိုင်း ရေကန်သို့ ယူဆောင်သွားကြပြီး ဒေဝဒတ်ကိုပွေ့ထူ၍ ညောင်စောင်းထက်မှချကြကုန်၏။

ဒေဝဒတ်သည် ဘုရားသခင်၏ ရှေ့တော်သို့ ရောက်ခါနီး ဇေတဝန်ကျောင်းတော်၏အနီးက ရေကန်ကြီးတွင် ခြေကိုမြေသို့ ချလိုက်သည်နှင့်တပြိုက်နက် မြေကြီးမှ အခိုးအလျှံများ ထလာသောကြောင့် ရဟန်းတို့သည် တပါးမျှ အနားသို့ မကပ်နိုင်ကြဘဲ ကိုယ်လွတ်ထွက်ပြေးကြရ ကုန်လေ၏။

နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် မြင့်မိုရ်တောင်ကြီးနှင့် တကွ သီတာခုနစ်တန်၊ သတ္တရဘာန်ခုနစ်ထပ်တို့၏ လေးလံဝန်ကိုလည်းကောင်း၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာခြံရံလျက် ရှိသော သမုဒ္ဒရာကြီးလေးစင်းတို့၏ လေးလံသောဝန်ကို လည်းကောင်း ဘာမျှ မမှုလောက်၊ ဖက်ရွက်ခြောက်ကလေး အလား ထမ်းဆောင်၍ ထားနိုင်သော်ငြားလည်း။

ဒေဝဒတ်ကိုကား ထမ်းဆောင်၍ မထားနိုင် တော့သည့်အလျောက် မြေကြီးဟက်တက်ကွဲကာ ဒေဝဒတ်ကို မျိုလေသတည်း။

ဒေဝဒတ်မှာ မြေတွင် စုပ်စုပ်မြုပ်ဝင်သွားသော သူ၏ခြေနှစ်ချောင်းကို အားရှိသမျှနှင့် နှုတ်သော်လည်း လှုပ်ရှုံမျှပင် လှုပ်၍မရအောင် ဖြစ်နေလေပြီတည်း။

www.dhammaransi.com



တခဏချင်းအတွင်းမှာပင် "ဒေဝဒတ်ကိုမြေမျိုသွားပြီတဲ့" ဟူသော သတင်းဂယက်သည် အရပ်ထက်ဝန်းကျင်သို့ ပြန့်နှံ့သွားလေတော့ရာ ဒေဝဒတ်ကို မြေမျိုသော အချိန်တွင် ဥပါသကာရင်းချာဖြစ်သော အဇာတသတ်မှာ သားတော်တပါး ထွန်းကား ရရှိလာသဖြင့် ထိုသားတော်ကို လက်ပေါ်ကမချ။ ချစ်၍ မဝနိုင်အောင်ဖြစ်နေ၏။

ဤသို့ အဇာတသတ်အဖို့တွင် "သားကောင်း တယောက် ကျောက်ကောင်းစေ့"ဆိုသကဲ့သို့ ဝမ်းမြောက် မဆုံး တပြုံး ပြုံးဖြစ်နေသည်နှင့်အမျှ သူ၏ဆရာ ဒေဝဒတ်မှာကား ခြေမှ ဒူးဆစ်တိုင်အောင်၊ဒူးဆစ်မှ ခါးတိုင်အောင်၊ ခါးမှ ရင်ဝတိုင်အောင် တစကစနှင့် မြေမျိုလာခဲ့ရာက ယခုအခါ တွင်မူ ဒေဝဒတ်မှာ ကိုယ်ကာယအောက်ပိုင်း အကုန်လုံးမြေတွင် စုန်းစုန်းမြုပ်ပြီး ဦးခေါင်းသာ ကျန်လေတော့၏။

မြေမျိုခြင်းမှာ မမြင်စဘူး အထူးအဆန်း ဖြစ်နေ သောကြောင့် လာရောက် ကြည့်ရှုနေကြ ကုန်သော ရဟန်း ရှင်လူ အပေါင်းတို့မှာ ကန်တော်တခွင် မြေကြီးစောင်းမျှပင် ရှိနေကုန်၏။

"သတိထားကြနော်။ ဆရာသမားကို ပြစ်မှားလျှင် မိဘကိုစော်ကားလျှင် မြေမျိုတတ်သည်။ ဟိုမှာ ဒေဝဒတ်ကိုကြည့်၊ မချိမဆန့်ခံရပြီ မဟုတ်လား။ အဲဒါ ဘုရားသခင်ကို အမျိုးမျိုးစော်ကားတဲ့အတွက် မြေကြီး

www.dhammaransi.com



က လက်မခံနိုင် သဖြင့် အဝီစိကို ဆွဲချပစ် လိုက်သည်
တကား''

ဟူ၍ ဤသို့အချင်းချင်း ပြောသူကပြော။ အချို့တို့ကလည်း ''ဤမျှ အထိ မြေကြီးက လက်ခံထားခြင်းမှာ ဒေဝဒတ်အဖို့ အလွန်ကံကောင်းသည်''ဟု ဆိုရမည်။

''ဒေဝဒတ်ကျူးလွန်သော အပြစ်နှင့်စာလျှင်မြေမျိုသင့်နေသည်မှာကြာပြီ''ဟူ၍ဆိုသူကဆို။

လူတို့သည် ဒေဝဒတ်ကိုအကြောင်းပြု၍ အမျိုးမျိုးဆိုပြောကြရင်းမှမြေမျိုထားသဖြင့် ဦးခေါင်းတလုံးသာ ပြူတစ်တစ်နှင့်ကျန်ရှိတော့သော ဒေဝဒတ်ကို ကြည့်နေကြကုန်၏။

ဤသို့မချိမဆန့် ခံနေရပြားလည်း ''သနားဘွယ်ကောင်းဘိစွ''ဟူ၍ ဒေဝဒတ်အား သနားသူမရှိလေဘဲ....

''သည့်လောက် မိုက်တွင်းနက်လှသည့် ဒေဝဒတ်ကို
အခုလိုအရှင်လတ်လတ်မြေကြီးကဟပ်မျိုပစ်လိုက်တာဘဲ
ကောင်းသည်''

ဟူ၍ ဒေဝဒတ်အား အပြစ်ပြောသူကသာ များနေ၏။

ဒေဝဒတ်သည် မြေမျိုခြင်းခံနေရလျက်မှ ဗုဒ္ဓမြတ်ဘုရားကို လက်အုပ်မိုးကာ ရှိခိုး ကန်တော့ချင်ပါသော်လည်း သူ၏လက် နှစ်ချောင်းမှာ မြေအောင်း ပစ္စည်းဖြစ်နေလေပြီးတည်း။

ဒေဝဒတ်အဖို့ နောက်ဆုံးအချိန်တွင် သူလှုပ်ရှားခြင်းပြုနိုင်တော့သည်ကား ပါးစပ်သာ ကျန်တော့၏။ အသံရှိသေးလျှင် ရှိသောအသံကို ထိုပါးစပ်ပေါက်မှ မှုတ်ထုတ်နိုင်သေး၏။

www.dhammaransi.com



ဒေဝဒတ်သည် ထိုအခွင့်အရေးကို အချီးနှီးဖြစ်မသွားစေဘဲ။ သူ့ဘဝအတွက် အမှတ်တရ တန်ဘိုးရှိရှိနှင့် နောက်ဆုံးအသုံးချသွားလေသည်ကား....

"အဂ္ဂပုဂ္ဂလံ–သုံးလောကနယ်ခရိုင်တွင်ပြိုင်ဘက်မပြု၊ တဆူတည်း အမြတ်ဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပေထသော၊ ဒေဝါတိဒေဝံ – နတ်တကာတို့ထက် မြတ်သော၊ နတ်မှူးသခင်၊ နတ်ဘုရင်ကြီးလည်း ဖြစ်တော်မူပေထသော။

နရဒမ္မသာထိံ ။ အင်္ဂုလိမာလ။ အာဠာဝကနှင့် နာဠာဂီရိ မည်ရှိဆိုးသွမ်း၊ လူကြမ်း နတ်ကြမ်း၊ ဘီလူးကြမ်းနှင့် ကြမ်းတမ်းတိရစ္ဆာန်၊ အတန်တန်တို့ကို အတုမရှိ ယဉ်ကျေးအောင်လည်း ဆုံးမတော်မူပေ တတ်ထသော။

သမန္တစက္ခုံ ။ ခပ်သိမ်းသောအရာတို့ကို ဆံလွှာတစ်၊ မကျန်ရှိအောင် အလုံးစုံသိတော်မူ ပေတတ်ထသော၊ တံဗုဒ္ဓံ။ ဂေါတမ ဟု လောကထင်ရှား၊ ထိုရှင်တော်မြတ်ဘုရားကြီးကို။

အဟံ။ ဒေဝဒတ် ဟု ပညတ်နာမ့်၊ ခေါ်တွင်ကြသော အကျွန်ုပ်သည် ဣမေဟိ အဋ္ဌိဟိစ။ ခန္ဓာ ဟုဆို၊ အကျွန်ုပ်၏ကိုယ်၌ ရှိရှိသမျှသော အရိုးတို့ဖြင့်လည်းကောင်း။

ဣမေဟိပါဏေဟိစ။ ဤအသက် တို့ ဖြင့် လည်းကောင်း။ သရဏာ။ ကိုးကွယ်ရာဟူ၍ ဂတော။ ရှိသေ

www.dhammaransi.com



ပျပ်ဝပ်၊ ဆည်းကပ်သည် အသွိ။ ဖြစ်ပါ၏ အရှင်မြတ်ကြီးဘုရား”

ဤသို့ ဗုဒ္ဓကိုရွယ်စူးလျက်၊ နှုတ်မြွက်ဦးတိုက်၍ ပူဇော်နေသည့်အခိုက်တွင် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရ မင်းကြီးမှာကားကြမ္မာဝဋ်ကြွင်း၊ မကုန်လျှင်းသောကြောင့် ဓါးဖြင့်မွန်းခြင်းကို မချိမဆန့် ခံနေရရှာလေ၏။

တရှူးရှူးတရှဲရှဲ ဖိုကျင်ထိုးလိုက်ချက်ကြောင့် ဖို၏နှုတ်သီးဝမှ ရဲရဲနီလျက် ထွက်လာသော မီးညွန့်များသည် ကင်ထားသောအသားကို အလွှားအလွှား ကွာစေနိုင်၏။ ငါးမွန်းသကဲ့သို့ဓါးဖြင့် မွန်းထားသဖြင့် သွေးနှင့်ရဲရဲရှိနေသော ဗိမ္ဗိသာရမင်းကြီး၏ ခြေဖဝါးကို ဆားနှင့်ပတ်၍ ထိုမီးလျှံ၌ ကင်လိုက်သောအခါ မင်းကြီးမှာ တွန့်ကာလိမ်ကာနှင့် မချိမဆန့် ခံနေရရှာသတည်း။

ထိုအချိန်တွင် သားငယ်ကို ရင်ခွင်ပိုက်လျက် ပျော်တပြုံးပြုံးအရွှင်ဆုံးသော အမူအရာဖြင့် မိမိထံမှောက်သို့ ဆိုက်ရောက်လာသော အဇာတသတ် ကိုကြည့်ကာ မယ်တော် ဝေဒေဟီမိဖုရားကြီးခမျာမှာ မျက်ရည်မဆည်နိုင်အောင်ရှိလေ၏။

ဤသို့ သားကိုကြည့်ပြီး၊ ဆွေးတသိမ့်သိမ့် မျက်ရည်တွေလိှမ့်၍လိှမ့်၍ ဆင်းလျက်ရှိနေသော မယ်တော်ကို သားအဇာတသတ်က အမင်္ဂလာဟု မှတ်ထင်လေသည့်အလျောက် သားငယ်ကို မယ်တော်၏ရှေ့သို့ ထိုးပြကာ—

www.dhammaransi.com



"ရှုစားတော်မူစမ်းပါ မယ်မယ်ဘုရား။ မယ်ဘုရားရဲ့ မြေးတော်ကလေးဟာ ဘယ့်လောက်ချစ်စရာကောင်းပါ သလဲ။ မိုးပေါ်က နတ်သိကြားများက ရတနာထုပ် ကြီးကို ချပေးလိုက်သကဲ့သို့ပါ ဘုရား၊ ယခုလို မင်္ဂလာ ယူရမည့်အချိန်အခါမျိုးမှာ အမင်္ဂလာ မျက်နှာကြီးရှစ် ခေါက်ချိုးနဲ့ ဘောက်မဲ့ကြောင့် ပုပ်သိုးသိုးကြီး နေ တော်မူဘိသတုန်း"

ဟု အပြုံးရွှေ့ပြေးနှင့် ဆိုမြွက်ရှာသော်လည်း မိဖုရားကြီး ကား မပြုံးနိုင်ရှာတော့ရုံမက။ ယိုထွက်လာသော မျက်ရည်စ များကိုပင် သိမ်း၍ မနိုင်အောင် ဖြစ်နေသည့်ကြားမှ—

"ကိုယ့်ရင်နှစ်ကို ချစ်တော်မူပါစ သားတော်"ဟူ၍ ငိုလျက် မှ မျက်ရည်စက်လက်နှင့် မေးမိလေ၏။

"ချစ်ဘိခြင်း မယ်တော်။ သားတော်ကို မည်သို့ချစ် ကြောင်း၊ မည်မျှ ချစ်မြတ်နိုးကြောင်းကို စကားဖြင့် လည်း ကုန်စင်အောင် ပြောနိုင်စွမ်းမရှိပါ။ စာဖြင့် လည်း ပီပီသသ ဖွဲ့ပြနိုင်စွမ်းမရှိပါ မယ်တော်။

ဩော်....ဒါထက် သားတော်ကိုကော ခမည်းတော် ဘုရားက ချစ်မြတ်နိုးတော်မူပါစ မယ်တော်။ သား တော်ကား ယခုမှပင် အချစ်၏ ရသ ကို ခံစားရမှန်း သိပါတော့သည်"

ထိုအခါ ဝေဒေဟီ မိဖုရားကြီးသည် မျက်ရေ တောက် တောက်ကျနေသည့်ကြားက စိတ်ပေါက်ဘော်မူလှသည်နှင့်—

www.dhammaransi.com



''ဟယ် သားယုတ်မာ....''ဟူ၍ အော်ငေါက်မိလေ၏။

ထိုအခါ အဇာတသတ်သည် မိမိသားငယ်ကို ရင်ဝယ် ထွေးပိုက်လျက်မှ မယ်တော်က ငေါက်လိုက်သဖြင့် ရုတ်တရက် လန့်ပြီး မယ်တော်ကို ကြောင်စီစီနှင့် ငေးကြည့်နေစဉ် မယ်တော်၏ စကားများက နားထဲ လျှံမို့၍ လျှံမို့၍ ဝင်လာ ကုန်လေ၏။

''ဟယ် .... မင်းယုတ် မင်းမိုက်။ သင့်ကိုယ်၌ ဖြစ်သော ချစ်ခြင်း မေတ္တာကား အတုမျှသာ တကား။ သင့်ခမည်းတော်၏ ပီယ စေတနာမှု နှိုင်းစရာမရှိ။အံ့ဩဘွယ်အတိ ဖြစ်ဘိ၏။

သင် ငယ်စဉ်ငါ့ဝမ်းခေါင်းတွင် သန္ဓေအောင်းလျက်ပင်– ဗိမ္ဗိသာရ၏ လကျၤာဘက် လက်မောင်းသွေးကို ဖောက်၍ သောက်လိုသော ချင်ခြင်းသည် ငါ့မှာပြင်းစွာ ဖြစ်သာ သော်လည်းမလျှောက်တင်ဝန့်သဖြင့် မစားနိုင်မသောက် နိုင်တမှိုင်မှိုင်နှင့်ရှိနေသည်ကိုသင့်ခမည်းဗိမ္ဗိသာရမင်းကြီး သိတော်မူလျှင် ချက်ချင်းပင် သူ၏ လက်ရုံး သွေးကို ဖောက်ပြီး ငါ့ကို သောက်စေတော်မူပေသည်။

''ထို အကြောင်းကို ပညာရှိတို့ ကြားလေသော် မိဖုရားကြီး ဝမ်း၌ ကိန်းလာသော သူငယ်သည် အရှင် မင်းကြီးအား မချွတ်သတ်လတ္တံ့။

ဟု နိမိတ်ဖတ်ကြကုန်၏။ အဖသတ်သားကို ငါကား မမွေးလိုပြီဟု ကိုယ်ဝန် ဖျက်ဆီးဖြေသော်လည်း။

www.dhammaransi.com



''သား၏ မျက်နှာကိုမျှ မြင်ပါရစေ။ ငါ့ကို သတ်လည်း သတ်ပါစေ။ ကိုယ်ဝန်ကို မူကား မဖျက်ချေပါလင့်....''

ဟု သင့်ခမည်းတော်က ငါ့ကို အခါခါ တောင်းပန်သောကြောင့်သာ သင်လူ့ထံ ရောက်လာရချေသည်။

''ဖွားမြောက် လာလျှင်လည်း ဝါဂွမ်းကို ဆီထိသကဲ့သို့ ပီတိ ပြန့်ပွားကာ စားတော်မျှ မခေါ်နိုင်ဘဲ၊ ဖက်လဲအားရမ်း မီးနေနန်းတွင် ကိုယ်တော်တိုင် ပင်ပန်းစွာ စောင့်တော်မူရှာသည်။

သင်ငယ်စဉ်က လက်မ၌ ခူနာပေါက်၍ဆောက်တည်မရပြည်ကိုက် လှသည်ကို သင်၏ ဖခင်မင်းသည်ခံတွင်းဖြင့် ငုံ၍ စုတ်၍ ပြည်ကို ထုတ်ယူ ပေသည်။ သို့စင်မျှလောက် ချစ်အင်မောက်၍ ချီးမြှောက်ပေသော မွေးသည့် ဖခင် ကျေးဇူးရှင်ကို နင်သတ်ရက် ပလေသည်။ နင့် ထက် ယုတ်မာသော သူကား ဤ လူ့ပြည်တွင် မရှိပြီ''

ဤသို့ မျက်ရေတောက်တောက် စိတ်ပေါက်ပေါက်နှင့် မယ်တော်ဖုရားကြီးက ခြိမ်းချောက် ငေါက်ငန်းလျက် အချစ်နိဒါန်းပျိုး၍ ပြလိုက်သောအခါ–

''ဟာ ငါမှားလေစွ....၊ ငါ့သားကို ငါ ချစ်သကဲ့သို့ပင် ငါ့ကိုလဲ လွန်စွာ ချစ်မြတ်နိုးတော်မူသော ကျေးဇူးရှင် ခမည်း

www.dhammaransi.com



တော်အား ငါသတ် မှားတော့မည်မှာ တဲတဲ့ကလေး လိုတော့သည်။ ငါ့ခမည်းတော်ကို အမြန်လွှတ်အောင် လွှတ်အံ့”

ဟူ၍ မယ်တော်ကိုပင် နှုတ်ဆက်ရမည်ကို မေ့ကာ ဝမ်းသာဝမ်းမြောက် သားငယ်ကို ရင်ဝယ်ပိုက်လျက် ခမည်းတော်ရှိရာ ထောင်နန်းသို့ ကမန်းကတန်း ပြေးပါလေတော့၏။

သို့သော် အလာကောင်းသော်လည်း အခါ နှောင်းလေပြီ ကော ရှုမြင်မကောင်း အသေဆိုးနှင့် သေရရှာသော ခမည်းတော်၏ အလောင်းကိုသာ တွေ့ရလေတော့၏။

ခမည်းတော်၏ အလောင်းဘေးတွင် ဒူးတုပ်ပြီး သားငယ်ကို လက်တဖက်ဖြင့် ပိုက်ထားလျက် လက်တဖက်ဖြင့် မျက်ရေသုတ်၊ တရှုတ်ရှုတ်ငိုရင်း အာဏာ သားများက လျှောက်ထားသော ခမည်းတော်၏ အမှာစကားကို ကြားနာလျက်ရှိလေ၏။

“ငါ့သားတော်က သင်တို့အား တစုံတရာ အမေးအမြန်းသည် ရှိခဲ့သော် ဤသို့ လျှောက်ရစ် ကြလော့ဟု မှာကြားသွားပါသည်။

ငါသည် ငါ့ သား တော်က ထောင် သွင်း အကျဉ်းချလိုက်သဖြင့် ထောင်ထဲသို့ ရောက်စအချိန်တွင် အစားအစာ ပြတ်တလှည့် ငတ်တလှည့်နှင့် နေခဲ့ရခြင်း ဒုက္ခ။

ထိုနောက် လူ ဖြစ်လျက် အစာကို လုံးဝ မမှီဝဲရတော့ဘဲ အငတ်ငတ်အပြတ်ပြတ်နှင့် မသေရုံတမယ် နေခဲ့ရသော ဆင်းရဲ။

www.dhammaransi.com



ထိုနောက် သေပွဲဝင်ရသည်အထိ ငါ့ခြေကို ဓားနှင့်ခွဲပြီး မီးရဲရဲနှင့် ကင်းခြင်းခံရသော ဒုက္ခ....။

ထိုဒုက္ခ – ဤဒုက္ခ အားလုံးကိုကား ငါ့မှာ ဝဋ်ရှိ၍ ခံစားရသော ရှေးဝဋ်ကြွေးများသာ ဖြစ်ကုန်၏။

အပြစ်ဟူသည် ငါ့သားတော်၌ ဆံတခြည်မျှပင်မရှိ။

အကယ်၍ရှိသည် ဆိုစေဦးတော့ ထို အပြစ်အားကို ခမည်းတော် ခွင့်လွှတ် သည်ဟု ငါ့ သားတော်အား ပြောပြကြပါလေ–။

ထိုမှတပါး ငါသေရခြင်းသော်လည်း ငါဝမ်းမနည်း။ ဒေဝဒတ်နှင့် ပေါင်းမိသည့်အတွက် မလုပ်ကောင်းသည့် အမှုများကို ငါ့သားတော် ပြုမှားနေသဖြင့် လူဖြစ်ရကျိုး မနပ်။

အဖကိုသတ်သောမင်း ဟူ၍ လူတို့က သမိုင်းဖွင့်စာရင်းတင်ကြမည့်အရေးကိုသာတွေးမိတိုင်း ဝမ်းနည်းသွားသည်ဟူ၍လည်း ငါ့သားတော်အား ပြောပြလိုက်ကြပါ။ဟူ၍ မှာကြားသွားပါကြောင်း။

အဇာတသတ်၏ နှလုံးသည်းစိုင်သည် မခိုင်နိုင် တော့ပြီ။ အိမ်အိုကြီးပြိုသကဲ့သို့ ပြိုကျကုန်ပါလေပြီ။ သူသည် တရှုတ်ရှုတ် ငိုလျက်မှ သူ့သားတော်ကလေး၏ မျက်နှာကို ငုံ့ကြည့်ရင်း ကိုယ်ချင်းစာနာစိတ်များက သူ၏ နှလုံးသားကို တွန်းကန်၍ ထုတ်မနေသည်။

www.dhammaransi.com



"မှန်သည် ငါ့သားကို ငါချစ်သကဲ့သို့ပင် ငါ့ခမည်းတော်ကလည်း ငါ့ကို လွန်စွာ ချစ်မြတ်နိုးတော်မူသည်။ ငါ့ကိုချစ်မြတ်နိုးသော ငါ့ခမည်းတော်အား ငါသတ်မိလေပြီ။ မယ်တော်ဘုရား မြွက်ကြားတော် မူသကဲ့သို့ပင် ငါ့ထက် မိုက်သူမရှိဘော့ပြီ"

အဇာတသတ်သည် ထောင်တွင်းဝယ် သာမန် ဆင်းရဲသားများ အလား အစန့်သား သေနေပြီ ဖြစ်သော ခမည်းတော်၏ မျက်နှာကို ကြည့်လိုက်၊ ဓားနှင့် ခွဲထား၍ သွေးစေးပြည်စေးများ လူးလဲ ပေကျံလျက် ရှိနေသော ခမည်းတော်၏ ခြေဖဝါးတော်ကို ကြည့်လိုက်နှင့် နောင်တ ကြီးစွာရ၍ မဆုံးသည်နှင့်အမျှ ဆွေးလက်စကိုလည်း မသိမ်းနိုင်အောင် ဖြစ်နေ၏။

ဤသို့ နှလုံး ကြေကွဲပူန်း ယူကျုံးမရ သောက လောင်မီးတညီးညီး တောက်နေစဉ်အတွင်း ခမည်းတော်မှာ ကြားသွားသော စကားတခွန်းကို နားထဲ ကြားယောင်လာလေသည်။

"ငါသေငြားသော်သည်း ငါဝမ်းမနည်း ဒေဝဒတ်နှင့် ပေါင်းပြီးမလုပ်ကောင်း မလုပ်ထိုက်မလုပ်အပ်သည့်အမှုများကို ငါ့သားတော် ပြုမှားလေသဖြင့် လူဖြစ်ရကျိုး မနပ်။ "အဖကိုသတ်သော မင်း" ဟူ၍ လူတို့စာရင်းသွင်းကြတော့မည့် အရေးကိုသာ တွေမိတိုင်း ငါဝမ်းနည်းသွားသည်ဟူ၍ ငါ့သားတော်ကို ပြောကြားလိုက်ပါဘို့"

www.dhammaransi.com



အဇာတသတ်မင်းသည် ခမည်းတော်မှာကြားခဲ့သော ဤစကားများကို မကြားချင်၍ မဖြစ်။ နားထဲက မထွက်အောင်ဖြစ်နေ၏။

သို့သော်.... သူ့စိတ်ထဲဝယ် အစွဲ မကျွတ်နိုင်သေးသည်မှာ ဒေဝဒတ်ပင်ဖြစ်သည်။

"ဒေဝဒတ်နှင့် ပေါင်း၍ မလုပ်ကောင်းသည်ကို ငါလုပ်နေသည်"

ဟု ခမည်းတော်က ပြောသွား၏။ မကောင်းသော အလုပ်ဆိုသည်မှာ ဘာကို ရည်ရွယ်၍ ခမည်းတော် ဆိုပေသနည်း။ ရဟန်းဂေါတမအား လုပ်ကြံခြင်းကို ဆိုလိုလေသလော-။ ဤသည်ကို ရည်ညွှန်းခြင်းဖြစ်ခဲ့သော်....

ထိုသို့ မျက်ရေစက်လက်နှင့် အလေးအနက် စဉ်းစားနေဆဲတွင် ထောင်ထဲသို့ အမတ်တဦး ပြာရီးပြာရာ ဝင်လာပြီး လျှောက်လေ၏။

"အရှင့်သား။ ဆရာဒေဝဒတ်သည် ရဟန်းဂေါတမထံ၌ သူ၏အမှားများကို ဝန်ချတောင်းပန်ရန် သာဝတ္ထိပြည့်ဇေတဝန်ကျောင်းတော်သို့ လိုက်သွားပါသည်။

သို့သော်....ရဟန်း ဂေါတမထံ ရောက်ခါနီး ဆဲဆဲတွင် ဇေတဝန်ကျောင်းတော်အနီး ရေကန်တော်ကြီး၌ ရေချိုးမည်ဟု ညောင်စောင်းပေါ်က အဆင်း။ ခြေကို မြေသို့ ချလိုက်သည်နှင့် တပြိုင်နက် မြေမျိုသွားပြီဖြစ်ပါကြောင်း ဘုရား"

www.dhammaransi.com



ထိုအခါ အဇာတသတ်သည် အကြီးအကျယ် ဆောက်တည်ရာမရအောင် တုန်လှုပ် ခြောက်ချားကာ လန့်သွားလေသည်။

"ဟင်-ဒေဝဒတ်ကို မြေမျိုသွားရင် ငါ-ငါ-ငါ" ဟူ၍ မြည်တမ်းရင်း မြေကြီးကို ငုံ့ကြည့်လိုက် မြေကြီးက ဟက်တက်ကွဲ၍ သူ့ကို ဆွဲခေါ်သည်အထင်နှင့် လန့်လိုက် ဖြစ်နေသည်။

မြေကြီးကို ပင် သူရဲရဲ မကြည့်ဝံ့တော့ပြီ။ မြေကြီးကိုမြင်သည်နှင့် တပြိုင်နက် မြေကြီးကွဲအက်သွားပုံ ပတ်ကြားအက်ကြီးထဲက ငရဲမီးလျှံတွေ အညွန့်တလူလူနှင့် တက်လာပုံ။ ထိုငရဲမီးလျှံများက သူ့ကို ဆင်နှာမောင်းနှင့် ရစ်ပတ်၍ ခေါ်ဆောင်သွားသကဲ့သို့ ငရဲသို့ ဆွဲခေါ်သွားပုံများကို မြင်ယောင်နေသဖြင့် သူ့အနေဖြင့် အဘယ်မှာလျှင် မြေကြီးကိုကြည့်ဝံ့တော့မည်နည်း။

ဒေဝဒတ်နှင့်အတူ မြေကြီးက ငါ့ကိုများ ငရဲသို့ ဆောင်ယူသွားလေမည်လား ဟူ၍ မနေဝံ့၊ မထိုင်ဝံ့၊ အရှုံ့ကြီး ရှုံ့နေသည့်ကြားတွင် တခါတုန်းက ခမည်းတော် မြွက်ကြားဘူးသော ဩဝါဒ စကားများကို ကြားယောင်လာပြန်သည်။

"ချစ်သား။ ဂယာသီသကို သွားလျှင် သတိထားသွား။ မြေဆိုးကြီးတွေ ရှိသည်။ အင်မတန် အဆိပ်အတောက်ပြင်းထန်သည်။ ကိုက်လိုက်ပြီဆိုမှဖြင့် ဆေးမမှီဘူး သားတော် သွားတဲ့ လာတဲ့ အခါမှာ ကြပ်ကြပ်သတိထား။ ကြားလား"

www.dhammaransi.com


အဇာတသတ်သည် ထိုအခါက ခမည်းတော်၏ သတိပေးချက်များကို ယခုမှပင် အဓိပ္ပါယ်ရှိရှိ အနက်ဖော်နိုင်လေတော့သည်။

ငါ ဒေဝဒတ်အား ဘုရားအမှတ်နှင့် ကိုးကွယ်ဆည်းကပ်နေသည်ကို ခမည်းတော်သိသည်။ ဒေဝဒတ်နှင့် မပေါင်းနှင့်ဟု ငါ့ကိုတားမြစ်ချေက ငါစိတ်မချမ်းမသာ ဖြစ်သွားရှာမည်စိုးသောကြောင့် ဤသို့ တိုက်ရိုက်မြွက်ဆို ဆုံးမခြင်းမပြုလေဘဲ၊ ဒေဝဒတ်ကို မြွေဆိုးကြီးနှင့် ခိုင်းနှိုင်း၍ ငါ့ကို ရှောင်ကြဉ်နိုင်ရန် ခမည်းတော်က သတိပေးခြင်းဖြစ်သည်။

အဇာတသတ်သည် ခမည်းတော်၏ စကားမှန်ကန်ကြောင်းကို စိတ်ထဲက ဝန်ခံလျက်ရှိနေရာမှ အမှတ်မထင်ပင် နှုတ်မှ ရုတ်တရက် အသံထွက်သွားလေသည်။

"မှန်ပါသည်။ ခမည်းတော်။ သားတော်မှာ အဆိပ်
အတောက်ပြင်းထန်တဲ့ မြွေဟောက်ကြီး၏ အကိုက်ခံနေ
ရပါပြီ"

ဟူ၍ ယောင်ရမ်း မြည်တမ်းလိုက်မိလေသောကြောင့် ကြားရသူအားလုံး မျက်လုံးပြူးကုန်လေ၏။

မြွေ ဆိုသောစကားအရ ဟိုကြည့် သည်ကြည့်နှင့် မြွေကိုရှာသူကရှာ။ မင်းသား၏မျက်နှာကို အကဲခပ်သူကခပ်နှင့် အထိတ်ထိတ် အလန့်လန့်ဖြစ်ကုန်လေ၏။

အဇာတသတ်သည် ခမည်းတော်၏ အလောင်းဘေးတွင်ငိုလျက်မှ မိမိ၏သားငယ်ကို ရင်ဝယ်ပိုက်ထွေးထား၏။ သား

www.dhammaransi.com


ငယ်က တအယ်အယ်ငိုလေ၏။ ထိုအခါ သားကို လွန်စွာချစ်သော ဖခင်အဇာတသတ်က သားတော် အငိုတိတ်အောင် ချော့မြှူနှစ်သိမ့်စေနိုင်သော်လည်း။

ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးအပေါ်တွင် ဒူးတုပ်လျက် တရှုံ့ရှုံ့ငိုနေသော အဇာတသတ်ကိုကား ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအနေဖြင့် ငယ်စဉ်တုန်းကကဲ့သို့ သားတော် အငိုတိတ်အောင် ချော့မော့ခြင်း မပြုနိုင်ရှာတော့ဘဲ။ ယခုအခါတွင်မူ သေရာ ညောင်စောင်းပေါ်တွင် ပက်လက်ကြီး လျောင်းလျက်သာ ရှိနေရှာလေသတည်း။

အဇာတသတ်မင်းမှာ မိမိ၏ အတွက်နှင့် ခမည်းတော် အသက်ထွက်သွားရရှာသော ပြဿနာအပြင် ဒေဝဒတ်၏ ပြဿနာက တက်လာပြန်၏။ သူသည် ဒေဝဒတ်၏ ပစ္စည်းလေးပါးဒါယကာ အရင်းခေါက်ခေါက်ဖြစ်သောကြောင့်။ ဒေဝဒတ် မြေမျိုနေကြောင်း သိပါလျက်နှင့် သူ့ဆရာသမား ဒေဝဒတ်ဘုရားကို သည်အတိုင်းဘဲ သူကြည့်နေတော့မည်လော။

ဤပြဿနာသည် အဇာတသတ်၏ ဦးနှောက်ကို ဖေါက်၍ ဝင်ရောက်ကိန်းဝပ်လာ၏။ ထိုအခါ အဇာတသတ် ချာချာလည်သွားလေ၏။ ဤပြဿနာ မျှားဦးများသည် သူ၏နှလုံးသည်းပွတ်ကို ထိုးဆွ ခြေဆွတ်လျက်ရှိနေ၏။ သို့သော် သူသည် လက်ငင်း ပြဿနာကို လက်ငင်းရှင်းလိုက်လေသည်။

ခမည်းတော်၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ရန်အတွက် ထောင်တွင်းမှ အပြင်သို့ ထုတ်ဆောင်ပြီး ခမ်းနားစွာ ထားစေလေသည်။

www.dhammaransi.com



ဤတွင် နောက်ထပ် ပြဿနာတရပ် ဆင့်ပွားလာပြန်၏။ မယ်တော် ဝေဒေဟီ မိဖုရားကြီး ပြဿနာဖြစ်ပါ၏။

ဝေဒေဟီ မိဖုရားကြီးသည် ဗိမ္ဗိသာရမင်းကြီးအား ထောင်သွင်း အကျဉ်းချထားလိုက်သည့် အချိန်မှစ၍၊ မင်းကြီး၏ ဖြစ်အင်ကို မရှုရက်နိုင်ရာမှအစ၊ စိတ်နှလုံးထိခိုက်ပြီး "စိတ္တဇ ဝေဒနာ" စွဲကပ်လာ၏။

သား၏လက်ချက်နှင့် မင်းကြီးမရှုမလှ အသက်ထွက်သွားရ ရှာပုံကို မြင်တွေ့ သိရှိရလေသောအခါ။ မင်းကြီး၏အလောင်းကို ဦးခေါင်းဖြင့် ပွတ်တိုက်၍ ကန်တော့နေရင်းမှာပင် သတိကင်းလွတ်ကာ မေ့မျောသွားရှာ လေသောကြောင့် အဇာတသတ်မှာ အရှူးမီးဝိုင်းသကဲ့သို့ အပူတွေ ဝိုင်းဝိုင်းလည်လာကုန်လေ၏။

ဆရာဇီဝက ကဲ့သို့သော ဘုရင့်သမားတော်ကောင်းကြီးသာ မရှိခဲ့မူကား၊ မိဖုရားကြီးမှာ နေရာ၌ပင် အသက်ပျောက်ပြီး ဗိမ္ဗိသာရမင်းကြီးနှင့်အတူ နှစ်လောင်းပြိုင် သင်္ဂြိုဟ်ရမည်မှာ သေချာ၏။

ယခုမှာမူ ဇီဝက၏ ကုစားချက်အရ။ တဖြည်းဖြည်း အသက် လယ်လာ၏။ သတိရ၍ မျက်လွှာပင့်လျက် အသာဖွင့်ကြည့်သည် တွင် အဇာတသတ်ကို မြင်လေသော်—

"အဖသတ်သား၊ သွား-ငါ့အနားမကပ်လာနှင့်"

ဟူ၍ နှင်ထုတ်ခြင်းခံနေရလေရာ။ အဇာတသတ်မှာ တရှုတ်ရှုတ် ငိုရှုံ့မှုတပါး ဘာမျှမတတ်နိုင်ပြီတည်း။

www.dhammaransi.com



အဇာ္ဘတသတ်သည် ဒေဝဒတ်ထံသို့ သွားရေး မသွားရေး ပြဿနာကိုကား ဇွတ်မှိတ်၍ ပြတ်သားစွာ ရှင်းလိုက်၏။

သူဘက်မှနေ၍ တွက်သော် ဤရှင်းချက်ကား သေးထွက်အောင်မှန်ကန်သော ရှင်းချက်၊ အများကလည်း လက်ခံနိုင်မည့် ရှင်းချက်ဖြစ်လေသည်။

(၁) ငါ့ခမည်းတော်ကို စွန့်၍ ငါမသွား၊ ခမည်းတော်၏အလောင်းကို ကောင်းမွန်စွာ ငါသင်္ဂြိုဟ်အံ့။ ခမည်းတော်ကို ပူဇော်ခြင်း အားဖြင့် ငါ၏ အညစ်အကြေးများကို စင်ကြယ်အောင် တတ်နိုင်သမျှ ငါဆေးအံ့။ ငါ့မယ်တော်မြတ်ဘုရားကြီးလည်း ကျန်းမာတော်မမူ။ ငါ့မယ်တော်ဘုရားအား ငါပြုစုအံ့။

(၂) တကြောင်း အားဖြင့်လည်း ငါသည် လူမြင်ကွင်းသို့ ထွက်ဘို့ မကောင်းတော့။ လူအပေါင်း ရှေ့မှာ ငါ့ မျက်နှာကို ပြဘို့ မကောင်းတော့။ ဒေဝဒတ်နှင့် ပေါင်း၍ ဖအေကို မသာလောင်း ဖြစ်အောင် သတ်ရက်သော မင်းယုတ် ဟူ၍ ကဲ့ရဲ့ ရှုတ်ချ ကုန်လိမ့်အံ့။

(၃) နောက်တကြောင်း အားဖြင့်လည်း ဒေဝဒတ် မြေမျိုခြင်း ခံရသည့် နေရာမှာ "အရှင်ကြီး ဂေါတမ ၏ ဇေတဝန် ကျောင်းရှေ့မှာ"ဟု ဆိုသည်။ သူပိုင်နက် ဖြစ်သော နေရာသို့ ငါ့အနေဖြင့် အသို့လျှင် သွားဝံ့ ပါအံ့နည်း။

www.dhammaransi.com



တနည်း ဆိုပြန်သော် ရှင်ကြီး ဂေါတမကို လုပ်ကြံခဲ့စဉ်က ဒေဝဒတ်သည် ငါနှင့် သဘောတူ လုပ်ကြံခဲ့ခြင်း ဖြစ်ခြင်းကြောင့် ဒေဝဒတ်ကို မျိုသောမြေက ငါ့ကို စောင့်နေခြင်းဖြစ်ချင် ဖြစ်မည်။ ငါသွားခဲ့သော် ငါ့ကိုပါ မြေမျိုလတ္တံ့။ မသွား....မသွား။ ငါဘယ်တော့မှ ဒေဝဒတ်ဆီကို မသွား။

အဇာတသတ် ဤသို့ ပြတ် သား စွာ ဆုံးဖြတ်လိုက်ပြီး၊ ခမည်းတော်ကို သင်္ဂြိုဟ်ရေးကိုသာ အားထုတ်ရာသာ နေလေ၏။

www.dhammaransi.com

# ၁၅

ရတနာ သုံးပါးအား ပြစ်မှားချေက ငါကဲ့သို့ ခံရမည်ဟု ဒေဝဒတ်က သာဓကေ ပြသွား၏။

ဒေဝဒတ်ကို မြေမျို၍ လောကကြီး အောက်က ဒေဝဒတ် ပျောက်သွား သော်လည်း သူ၏ သတင်းဂယက်မှာ ဖျက်မရ အောင် စွဲထင်၍ ကျန်ခဲ့၏။ ဒေဝဒတ်နှင့် ပတ်သက်၍ ပြောစ မှတ်ဥဒါန်းတွင် ရစ်နေသော အကြောင်းအရာ အချက်အလက် တို့သည် များစွာ ရှိကုန်သော်လည်း။ ၎င်းတို့အနက် ကောင်း သော အချက်အလက်ကား ရှာမှရှား ဖြစ်၏။

သို့ရာတွင် ရှားသည်ဟူ၍သာ ဆိုရာ၏။ ဒေဝဒတ်၌ ကောင်း သော အချက်ဆို၍ လုံးဝမရှိ။ ဘာမှ မရှိဟူ၍ကား မဆိုသာချေ။ ကောင်းသော အချက်ကလေးတခုကား ပြောစမှတ် ပြုလောက် အောင်ပင် ရှိ၏။

www.dhammaransi.com



ထိုအချက်ကား မိမိမှားသည်ကို မှားကြောင်းသိ၍ ဗုဒ္ဓထံ၌ ထိုအမှားကို ဝန်ချ တောင်းပန်ရန် သတိရခြင်းပင် ဖြစ်လေသည်။

တခါသ၌ ဒေဝဒတ်နှင့်ပတ်သက်သော ပြဿနာကြီး သုံးရပ် သံသာလောက၌ ဖြစ်ပေါ်လာလေသည်။ ယင်းပြဿနာကြီး သုံးရပ်ကား–

(၁) ဒေဝဒတ် သည်လောက်တောင် ယုတ်မာ မိုက်ကန်းမှန်းကိုဘုရားသခင်မသိသလော။ သိလျှင်အဘယ့်ကြောင့် သာသနာ၌ လက်ခံဘိသနည်း။
(၂) ဒေဝဒတ်ကို မြေမျို သည်ကား ထင် ရှား ၏။ မြေမျိုပြီးနောက် ဒေဝဒတ် ဘယ်ဘဝ ရောက်သွားလေသနည်း။
(၃) ဒေဝဒတ် ကဲ့သို့သော သူယုတ်မာ တဦးသည် နောင်သောအခါတွင် ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ ဟူသော စကားမှာ ယုံတမ်းစကားလော။

ယင်းပြဿနာကြီး သုံးရပ်ကို ဓမ္မသဘင်၌ ဆွေးနွေးကြပုံမှာ ဒေဝဒတ်နှင့် ပတ်သက်၍ သံသယဖြစ်ဘွယ်စကား၊ မပြေမလည်ဖြစ်ဘွယ်စကားကို ရဟန်းတပါးက တင်ပြ၍ ယင်းတင်ပြချက်ကိုအခြားရဟန်းတပါးက ပြေလည်အောင်ဖြေကြား၍ သံသယငြောင့်မလုတ်ကို နှုတ်ပယ်ပစ်လိုက်ခြင်းပင် ဖြစ်လေသည်။

(၁) အရှင်ဘုရားတို့။ ဗုဒ္ဓသည် အရာခပ်သိမ်းကို အကြွင်းမဲ့ သိတော်မူသောကြောင့် သဗ္ဗညုဟူသော

www.dhammaransi.com



နာမံတော်ခံယူထားတော်မူ၏။ ဒေဝဒတ်ယုတ်မာမိုက်ရိုင်းမှုကို ဗုဒ္ဓအနေဖြင့် သိတော်မူပြီး မဟုတ်ပါလော သိခဲ့သော် သို့စဉ်မျှ ယုတ်မာသော ဒေဝဒတ်အား ဗုဒ္ဓသည်အဘယ့်ကြောင့် သာသနာ၌ ဝင်ခွင့်ပြုလေသနည်း။

ဤပြဿနာကိုရဟန်းတပါးကတင်ပြ၏။ ယင်းတင်ပြချက်ကို အခြားမထေရ်ကြီးတပါးက စံနစ်တကျ ရှင်းပြလေသည်။

"ဘဒ္ဒမုခ၊ ကြည်သာရှင်ပျ၊ မျက်နှာလှသည့် ငါ့ရှင်စောဒက၊ သင်ပြောသည့်အတိုင်း ဒေဝဒတ် မိုက်ရိုင်းယုတ်မာသည်မှာလည်း မှန်သည်။ ဤရွေ့ ဤမျှ ယုတ်မာ မိုက်ရိုင်းသူကို သာသနာ၌ လက်မခံထိုက်သည်မှာလည်းမှန်သည်။

သို့သော် ဗုဒ္ဓမြတ်ဘုရားသည် ဤသည် ဖြစ်ရပ် များကိုသိလျက်နှင့် ဒေဝဒတ်ကို သာသနာ၌ လက်ခံ၍ ရဟန်းပြုခွင့်ပေးလိုက်သည်မှာ အကြောင်းရှိပေသည်ငါ့ရှင်။ ထိုအကြောင်းကား အခြားမဟုတ်။

ဒေဝဒတ်သည် လူအဖြစ်နှင့် နေ့လျှင်လည်း သူ၏ဉာဉ်အလျောက်ရောမပြစ်မှုကြီးများကို ကျူးလွန်မည့်သူ ဖြစ်သည်။ လူ့အဖြစ်နှင့် ဤပြစ်မှုကြီးများကို ကျူးလွန်ခဲ့သော် သူ့ဘဝအတွက် နစ်နာမည်။ ကုစား၍၊ ဖါထေး၍ မရသော အခြေအနေသို့ဆိုက်ရောက်သွားမည်။

ရဟန်းအဖြစ်နှင့် ကျူးလွန်လျှင်မူကား သူ၏ဘဝအဆုံးနိဂုံးတွင် အဘိုးတန်သောစေတနာကို သူပြသွားနိုင်၏။

www.dhammaransi.com



ထိုစေတနာက သူ့ဘဝကို ကယ်တင်နိုင်ပေသည်။ သူ့ကို ကယ်ထင်လိုက်မည် ဖြစ်သည်။ ဤအချက်ကို မြင်တော်မူ၍ မကောင်းမှန်းသိလျက်နှင့် ဒေဝဒတ်ကို သာသနာ၌ လက်ခံ၍ ရဟန်းပြုခွင့်ပေးလိုက်ခြင်း ဖြစ်ပါသည် ငါ့ရှင်။

ဟူ၍ ဖြေသောအခါ သံဃာတော်များက သာဓုသုံးကြိမ် ခေါ်လိုက်ကြသည်"

ထိုနောက်တဖန်....

(၂) အရှင်ဘုရားတို့။ ဒေဝဒတ်ကို တပည့်တော်တို့အရှင်ဘုရားတို့ရှေ့မှာပင်မြေမျိုသွားသည်မှာအထင်အရှားဖြစ်ပါသည်။ မြေမျိုပြီးသည့်နောက် ဒေဝဒတ်ဘယ်ရောက်သွားပါ သနည်း။ လူ့ပြည်သို့ တကြိမ်တခေါက် သူရောက်လာနိုင်ပါ ဦးမည်လော"

သံဃာ့အလယ်တွင် ရဟန်းတပါးက ထ၍ ထိုပြဿနာကို တင်ပြလေသည်။ ထိုပြဿနာ ကိုလည်း အကြွင်းမဲ့ပြေလည့်သွားသည်အထိ မထေရ်ကြီးတပါးက ထ၍ ရှင်းပြလေသည်။

"အို....ငါ့ရှင်။ဒေဝဒတ်ကို မြေမျိုပြီးစအချိန်က မြတ်ဘုရားအားရဟန်းတို့ မေးလျှောက်သော စကားကို ငါ့ရှင်မကြားသလော့။ ရဟန်းတို့က မြတ်ဘုရားအား ဤသို့ မေးလျှောက်ကုန်၏။

"အရှင်ဘုရား။ ယခုအခါ ဒေဝဒတ်သည် မည်သည့်ဘုံ၊ မည်သည့် ဘဝသို့ ရောက်ရှိနေပါသနည်းဘုရား" ဟူ၍ မေးလျှောက်သောအခါ....

www.dhammaransi.com



''ချစ်သားရဟန်းတို့။ ယခုအခါ ဒေဝဒတ်သည် အဝီစိသို့ ကျရောက်နေပြီ'' ဟု မြွက်ကြားသော ဗုဒ္ဓ၏ စကားတော်ကို ငါ့ရှင်မကြားသလော....

''အိုငါ့ရှင်။ အချုပ်အားဖြင့် ဒေဝဒတ်သည် ယခုအဝီစိ ရောက်နေပြီ''ဟုသိရာ၏။

''အဝီစိ''ဟူသည် အဘယ်နည်း။ အဘယ်သို့ကျခံနေရသည်ဟု ငါ့ရှင်က မေးပေဦးမည်။ ထိုမေးခွန်းမမေးမီပင် တင်ကြို၍ ငါဖြေဆိုပေအံ့။

အိုငါ့ရှင်စေဒက။ အဝီစိ ငရဲဘုံကား ယူဇနာ သုံးရာ ကျယ်ဝန်းသည် ဆို၏။ ဒေဝဒတ်သည် ယူဇနာ တရာရှိသော ခန္ဓာကိုယ်ကြီးဖြင့် ထိုအဝီစိငရဲ၌ သွားရ၍ဖြစ်၏။

အို-ငါ့ရှင်။ ထိုအဝီစိငရဲ၌ ဒေဝဒတ် ခံစားနေရသည်ကား ဤသို့တည်း၊' တုန်လှုပ်ခြင်း အလျဉ်းမရှိသော မြတ်စွာဘုရားကို ပြစ်မှားမိသော ဒေဝဒတ်သည်။ အဝီစိငရဲ၌ မတုန်မလှုပ်(ဝါ) တုန်လှုပ်ခြင်း မရှိသောကိုယ်ဖြင့် ခံစားနေရပေသည်။ သူ၏ ခန္ဓာကိုယ်ကောင်ကြီးကား ယူဇနာတရာ ရှိသည်ဆို၏။

အဝီစိငရဲ၌ ဒေဝဒတ် မည်သို့ ကျခံနေရသနည်း ဆိုသော်- ယူဇနာ သုံးရာ ကျယ်ဝန်းသော အဝီစိငရဲခန်းကြီး အတွင်း၌ ကိုယ်လုံးကိုယ်ဖန်၊ လုံးရပ်သဏ္ဍာန်အားဖြင့် ယူဇနာတရာရှိသော ဒေဝဒတ်သည် အရှေ့ဘက်မျက်နှာလှည့်၍ ရပ်နေရ၏။

www.dhammaransi.com



သူ၏ အထက်ပိုင်းဦးခေါင်းသည် နား၊ရွက်ထိအောင် ခေါင်းပေါ်က သံပူအိုးကင်းကြီးထဲ နစ်မြုပ်နေ၏။

သူ၏ခြေနှစ်ချောင်းတို့ကား ခြေမျက်စိအထိ သံပူမြေကြီးထဲ မြုပ်ဝင်နေ၏။ ထန်းပင်လုံးခန့်ပမာဏ ရှိသော သံတံကျင်ကြီးသည် ဒေဝဒတ်၏ ကျောကို ဖောက်ဝင်ပြီး၊ ရင်မှ ထွက်လျက် အရှေ့ဘက် နံရံတွင်းသို့ ထွင်းဖောက် ဝင်ရောက်သွားလေ၏။

သံတံကျင်ကြီးတခုသည်လည်း ဒေဝဒတ်၏ လက်နှစ်ဘက် နံကြားမှ ဖောက်၍ လက်ဝဲဘက် နံကြားမှ ထွက်ပြီး မြောက်ဘက် နံရံတွင်းသို့ ဖောက်ထွင်း ဝင်ရောက်သွားလေ၏။

ထိုမှတပါး သံတံကျင်ကြီး တခုကမူ ဦးခေါင်းထက် သံအိုးကင်းကို ဖောက်ထွင်းပြီး အောက်ရပ် သံမြေကြီး အတွင်းသို့ ဝင်သွားလေ၏။

ဤသည်ဒဏ်ကို ဒေဝဒတ်သည် တွန့်လိမ်ခြင်းမရှိဘဲ မတုန်မလှုပ် ငြိမ်သက်စွာ ခံနေရ၏။ ထိုသံတံကျင်ကြီးသည် တကြိမ်သာလည်းမဟုတ်။ နှစ်ကြိမ်သာလည်း မဟုတ်။ အကြိမ်ကြိမ် အဖန်ဖန် ထပ်တလဲလဲလွန်းထိုးသည့်နှယ် အဆက်မပြတ် တလစပ်သာလျှင် ခံရလေသတည်း။

အို-ငါ့ရှင် ဤသည်တို့ကား ဒေဝဒတ် ငရဲကျပုံနှင့် ငရဲ၌ ခံစားရပုံများဖြစ်ချေ၏"

ဟု ရှင်းပြသောအခါ သံဃာတော်များက သုံးကြိမ် သာဓုခေါ်ကြကုန်၏။

www.dhammaransi.com



ထိုမှ တဖန် ပြဿနာတရပ်ကို ရဟန်းအပါးက တင်ပြပြန်သည်ကား....

(၃) "အရှင်ဘုရားတို့။ ဒေဝဒတ်အဘယ်မျှ ယုတ်ကြောင်းကို အရှင်ဘုရားတို့လည်း ကောင်းစွာသိတော်မူကြပြီး ဖြစ်ပါသကို။ သို့စဉ်မျှ ယုတ်မာလှစွာသော ဒေဝဒတ်သည် နောင်သောအခါ ပစ္စေကဗုဒ္ဓါဖြစ်မည်ဟု ဆိုခြင်းမှာ ဟုတ်နိုင်ပါမည်လား။ အဘယ်ကိုအကိုးအထောက်ပြု၍ ဤစကားကို ဆိုတော်မူသနည်း"

ထိုပြဿနာရပ်ကိုလည်း အခြားမထေရ်ကြီးတပါးက ထ၍ ရှင်းပြတော်မူ၏။

"အို-ငါ့ရှင် စာဒက။ မိဘယုတ်သောကြောင့် သားသမီးလည်း ယုတ်၏ဟု မဆိုသာ။ မိဘမြတ်သည်ကို အကြောင်းပြု၍ သားသမီးလည်း မြတ်၏ ဟု မဆိုသာ။

အယုတ်အမြတ် ဆိုသောကိစ္စ၌ အမျိုးနှင့် ဆိုင်သည်မဟုတ်။ အကျင့်နှင့်သာ ဆိုင်၏။ ဒေဝဒတ်၏ ဘဝမဏ္ဍိုမကဏ္ဍများကို သုံးသပ်သော် မြတ်သော အဖြစ်ဟူသည်ကို မြူမျှပင်တွေ့ရခြင်း မရှိပေ။

သို့သော် ဘဝ၏ နိဂုံး အဆုံးကဏ္ဍကို သုံးသပ်ကြည့်လျှင်ကား အမြတ်ဘက်သို့ မျက်နှာမူကာ ဦးလှည့်လာသည်ကိုတွေ့ရ၏။ ဒေဝဒတ်သည် ဘဝ၏ ဒုတိယပိုင်းတို့၌ အတိုင်းထက်အလွန် မိုက်တံခွန် လွှင့်လာခဲ့ငြားသော်လည်း နိဂုံး ချုပ်ခါနီးတွင် ဒေဝဒတ်သည် အမြင်မှန်ရလာ၏။

www.dhammaransi.com


အမှားကိုသိ၍ ထိုအမှားကို ဗုဒ္ဓထံ ဝန်ချတောင်းပန်ရန် သတိရလာသည်နှင့်အမျှ၊ ယူဇနာများစွာ ဝေးကွာသောအရပ်မှ မကျန်းမမာ ဝေဒနာ စွဲကပ်နေသော မိမိ၏ ခန္ဓာကိုယ်ကောင်ကြီးကို ဘုရားထံတော်သို့ အရောက် သယ်ဆောင်လာသော ဒေဝဒတ်၏ စေတနာမှာ အလွန်သန့်ရှင်း မွန်မြတ်လှပေသည်။

ထိုစေတနာ၏ တန်ခိုး အကျိုးအာနိသင်ကို မြင်တော်မူ၍ မြတ်စွာဘုရားသခင်က ဒေဝဒတ်သည်၊ ဤကမ္ဘာမှ နောင်လာလတ္တံ့သော ကမ္ဘာတသိန်းထက်တွင် "အဋ္ဌိဿရ" မည်သော ပစ္စေက ဗုဒ္ဓါဖြစ်လိမ့်မည် ဟူ၍ ဗျာဒိတ် ထားသွားတော်မူပါသည်။

ယနေ့လူမိုက်ဖြစ်နေသော်ငြားလည်း နက်ဖန်တွင် လူလိမ္မာဖြစ်မလာဟု မဆိုနိုင်ပါ ငါ့အရှင်"

ဟုဆိုသောအခါ သံဃာတော်များက သုံးကြိမ်သာဓုခေါ်တော်မူကြလေသတည်း။

အချိန်မှာ ဒေဝဒတ်ကို မြေမျိုပြီးစ ဖြစ်ခြင်းကြောင့် ဇေတဝန်ကျောင်းတော်ရှေ့၊ ရေကန်တော်ကြီး၏ ပတ်ဝန်းကျင်တွင် အမာရွတ်ကြီးများ ထင်နေလျက်ပင် ရှိ၏။

ထိုအမာရွတ်ကား အခြားမဟုတ်။ ဒေဝဒတ်ကို မြေမျိုသည်မှာ တိုတောင်းသော ကာလပိုင်းကလေးအတွင်း ရုတ်တရက် စုပ်စ မြုပ်စ မြုပ်အောင် မြေကြီးထဲ ကျွံနစ်သွားခြင်းမဟုတ်ဘဲ။ တရက်လည်းမက အချိန်ဆွဲ၍ မြေမျိုနေခြင်း ဖြစ်လေရာ။

www.dhammaransi.com



နီးဝေးမဟူ လာရောက်ကြည့်ရှုကြသည့် ပရိသတ် အပေါင်းမှာ မြေကြီး စောင်းသွားမတတ်ပင် နက္ခတ် ပွဲတော်ကြီးများ တမျှ လွန်စွာ စည်ကားလှ၏။

ကြိုးတောင့်ကြိုးခဲ့ အလွန်ထူးကဲသော ပွဲကြီး ဟူ၍ သဲဖြူခင်းကုန်၏။ ရာဇမတ်ကာကုန်၏။ အလံတလူလူ လွင့်ထူကုန်၏။ ငှက်ပျောပင် ရှင် စိုက်ကုန်၏။ အဝတ်အထည်ဆိုင် စားသောက်ဆိုင် စသော ဈေးဆိုင်များလည်း ပွဲတော်ကြီးနှင့် မခြား အလွန် စည်ကားလှ၏။

ဒေဝဒတ်ကို မြေမျိုသွားပြီးသည့် နောက် စည်ကားလှစွာသော ထိုပွဲတော်ကြီးသည် ရာဇဂြိုဟ်ပြည်သို့ ရောက်သွားသကဲ့သို့ ထင်ရ၏။

ဗိမ္ဗိသာရမင်းကြီး၏ အလောင်းတော်ကို ကောင်းမွန်စွာ သင်္ဂြိုဟ်သည့် အခမ်းအနား သဘင်ကြီး ဆင်ယင်ကျင်းပနေပြီ ဖြစ်သောကြောင့်တည်း။

အဇာတသတ်မင်းမှာ ခမည်းတော်အတွက် ယူကျုံးမရဖြစ်ခြင်း၊ နောင်တရခြင်းတို့၏ ထိုးနှက်ခြင်းဒဏ်ကို အဘယ်မျှ ခံစားနေရသနည်း ဆိုသော် အသက်ရှင်လျက်နှင့် သူသေကဲ့သို့ ဖြစ်နေ၏။

အသားအရေ ညှိုးခြောက်ပြီး အိပ်စက်၍ မရသဖြင့် မျက်တွင်းကြီးလည်း ဟောက်နေပြီဖြစ်၏။ လူမြင်တိုင်းကို ကြောက်ရွံ့သည့်အလား ကြောင်စီစီ ဖြစ်နေ၏။

www.dhammaransi.com


ခမည်းတော်၏ ဈာပနကို ကောင်းမွန်စွာပြာချ သင်္ဂြိုဟ်ပြီး နောက်များမကြာမီ အတွင်းမှာပင် မယ်တော်ဝေဒေဟီမိဖုရား ကြီးလည်း ခမည်းတော်မင်းကြီး၏ စိတ္တဇနှင့် တနေ့တခြား လုံးပါး ပါးရာက....

နောက်ဆုံးတွင် ဘဝတပါး ဆုံးပါးကွယ်လွန်သွားပြန်လေ သောကြောင့် အပူပေါ် အပူဆင့်ပြီး လူနှင့် မမျှအောင်ပင် ပရိဒေဝ၊ သောကမီးလုံးကြီးများ တဟုန်းဟုန်းတောက်လောင် ခြင်းခံရပြန်လေ၏။

အဇာတသတ်၏ အပြစ်များကား—ဤမျှ ပရိဒေဝမီးတဟုန်း ဟုန်း လောင်မြိုက်ခံရခြင်း အားဖြင့် ပြီးပြီထင်သလော။ မပြီး သေးပါ။ မယ်တော်၏⸝အလောင်း ကိုလည်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးသည့်နောက် ကျေးဇူးရှင် မိဘရှင်နှစ်ပါးတို့၏အရိုးကို စေတီပုထိုးပြု၍ ကိုးကွယ်လျက် နေ့စဉ်နှင့်အမျှ ဆီမီးဖြိုးဖြိုး ပန်းမညှိုးအောင် ထိုး၍ ကိုးကွယ်လာခဲ့ငြား သော်လည်း အဇာတသတ်မင်းကား တုန်လှုပ် ခြောက်ခြားလျက်သာ ရှိနေ ဘို၏။

ကျေးဇူးရှင်မိဘကို ပြစ်မှားခြင်းကား တမလွန် လောကဦး မဆိုထားဘိ၊ ပစ္စုပ္ပန်မျက်မှောက်လောကဦးပင် အဘယ်မျှ ဆိုး ဝါးလှစွာသော အပြစ်ဒဏ်ကို ခံစားနေရပါကလား ဟူသော အပြစ်ကို အဇာတသတ် မင်းသည် အနှစ်သာရ ပြည့်ပြည့် သိရှိ ဝန်ခံရပေတော့၏။

www.dhammaransi.com



''မိဘကို ပြစ်မှားမိလေသည့် အတွက် ငါ့မှာ စားကောင်းခြင်းလည်း မစားရတော့။ နေကောင်းခြင်းလည်း မနေရတော့။ အိပ်ကောင်းခြင်းလည်း မအိပ်ရတော့ပါကလား''

ဟူသော အသိတရား ရှိလာသော်ငြားလည်း ထိုအသိတရားက သူ့အား မကယ်နိုင်တော့ပြီ။ အသဲကျွမ်းလုမတတ် ခံစားနေရသော ဒုက္ခဇာတ်သိမ်းအောင် မငြိမ်းနိုင်တော့ပြီတည်း။

ထိုကြောင့် အဇာတသတ်မှာ ခမည်းတော်ကိုသတ်ပြီးသည့် အချိန်မှ စ၍ စားကောင်းလည်း မစားနိုင်တော့၊ သည်နည်းတူပင်လျှင် သူ့ခမျာ အိပ်ကောင်းခြင်းလည်း မအိပ်နိုင်ရှာတော့ချေ။

အိပ်ကောင်းခြင်း မအိပ်ရသည်မှာအလျှဉ်းပင် အိပ်မရ၍ မဟုတ်။ အလျှင်းပင် အိပ်မပျော်၍ မဟုတ်။ အိပ်လျှင်ကား ပျော်၏။ ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် တပြိုင်နက် မျက်လုံးအစုံမှိတ်ပြီး အိပ်ပျော်ခြင်းသို့ ရောက်သွားပါ၏။

သို့သော်....ဤသို့ အိပ်ပျော်သွားသည်နှင့် တပြိုင်နက် သူ့မျက်လုံးများကို လှံချွန်ဖြင့် တစွပ်စွပ်ထိုးဆွလာသည်ဟု ထင်ရသည့်အတွက် မအိပ်စက်ဝံ့အောင် ဖြစ်နေသည်။

အိပ်စက်လေတိုင်း မျက်လုံးမှိတ်လိုက်သည်နှင့် တပြိုင်နက် ''အား''ဟု ယောင်ရမ်း၍ အော်လေတော့သည်။ ထိုကြောင့်-

''အိပ်ကောင်းခြင်းလည်း မအိပ်ရတော့''

ဟု သူဆိုသတည်း။

www.dhammaransi.com



တနေ့သောညအခါမှာဖြစ်၏။ ထိုညကား သီတင်းကျွတ်လ၏ ညတညဟု ဆိုမှတ်ဘွယ် ရှိ၏။ အဇာတသတ်မင်းသည်။ သဗ္ဗာလီ ညောင်စောင်းတွင် လျောင်းစက်တော် မူသည့်အခါ-

"အား" ဟူ၍ ငယ်သံပါအောင် အော်လေ၏။

သက်တော်စောင့်တို့သည် မင်း၏ အော်သံကြောင့် ရုတ်ချင်းပင် အပါးတော်သို့ ရောက်ရှိလာကုန်၏။ ထိုအခါအဇာတသတ်သည် မိမိအား စောင့်ရှောက်ရန် လာသော လှံကိုင် ဓားစွဲ စစ်သူရဲ သက်တော်စောင့်များကိုပင် အရှိန်နှင့်လန့်ကာ—

"သင်တို့ ငါ့အနား မကပ်ကုန်လင့်။ ငါ၏ မျက်လုံးများကို လှံချွန်နှင့် တစ္စပ်စ္စပ် ထိုးလာသူများမှာ အခြားသူများမဟုတ်။ သင်တို့ပင်တည်း"

ဤသို့ အထင်ရောက်သဖြင့် သက်တော်စောင့်တယောက်ကိုမျှ အနီးသို့ အကပ်မခံချေ။ သို့ကြောင့်ပင် အဇာတသတ်မှာ အိပ်ချင်ပါလျက်လည်း အိပ်စက်ခြင်းငှာ မဝံ့အောင် ဖြစ်နေ၏။

အိပ်ရေးပျက်ဖန်များလတ်၍ ကြာသော် မျက်တွင်းကျလာ၏။ မျက်တွင်းကြီး ဟောက်ပြီး ကြောက်ခမန်းလိလိကြီးဖြစ်လာ၏။ ဤသည်ကား တချက်။

နောက်တချက်အားဖြင့်လည်း သူ့စိတ်ကပင် သူ့ကို ပြန်၍ ခြောက်နေ၏။ ဗုဒ္ဓကို လုပ်ကြံရာတွင် ဒေဝဒတ်နှင့် ငါအတူ လုပ်ကြံခဲ့ကြသည်။ ဒေဝဒတ်၏ ခိုင်းစေချက်အရ အဖကို ငါ သတ်လိုက်၏။

www.dhammaransi.com



ဤသို့ ခမည်းတော် အရင်းခေါက်ခေါက်ကို ငါသတ်လိုက်ခြင်းသည် ဒေဝဒတ်ထက် ငါကသာ၏။ ရှင်ကြီး ဂေါတမအား အတူတကွ လုပ်ကြံလာခဲ့သော ဒေဝဒတ်ကို မြေမျိုခဲ့သော် အဖကို သတ်ခြင်းအားဖြင့် ဒေဝဒတ်ထက် သာလွန်နေသော ငါ့အား အဘယ်မှာလျှင် မြေမမျိုဘဲ နေမည်နည်း။ တနေ့နေ့တွင် ဒေဝဒတ်ကဲ့သို့ပင် မုချ ငါ့ကိုလည်း မြေမျိုလတ္တံ့။

ဤသို့ အတွေးပေါက်ပြီး။ ကိုယ့်စိတ်က ကိုယ့်ကို ပြန်ခြောက်သဖြင့်လည်း အိပ်ချင်ပါလျက် အိပ်စက်၍ မရအောင် ဖြစ်နေသတည်း။

ဤသို့ စားကောင်းခြင်းလည်း မစားရ၊ အိပ်ကောင်းခြင်းလည်း မအိပ်ရသည့်အဆုံးတွင် အဇာတသတ်သည် စိတ်နှလုံးကို ဒုံးဒုံးချလိုက်တော့၏။

"ငါသည် သေလျှင်လည်းသေ။ မသေလျှင်လည်း ရဟန်းဂေါတမထံ အမြန်ချဉ်းကပ်။ သို့မှသာလျှင် ငါ့ဘဝမှာ ချမ်းသာရာရလတ္တံ့"

ဤအသိဉာဏ်သည် အဇာတသတ်၏ ဦးကျော်ကွက်တွင်းသို့ ထိုးဖောက်ဝင်ရောက်လာလေ၏။

သို့သော်....သူ၏ မြော်လင့်ချက်အတိုင်း လွယ်လွယ်ကူကူနှင့် သေပန်းပွင့်လျှင်သာ သူမြော်မှန်းချက် ရောက်မည့် ဗုဒ္ဓထံ ချဉ်းကပ်ဘို့ ဆိုသည်မှာကား ခဲယဉ်းဘိစွ။

သူသည်တခါတုန်းက ဒေဝဒတ်နှင့် ပူးပေါင်း၍ ဗုဒ္ဓအား လုပ်ကြံခဲ့ဘူးသည် မဟုတ်ပါလော။ ဗုဒ္ဓ၏ ကျောင်းဒကာရင်း

www.dhammaransi.com



ချာဖြစ်သော ခမည်းတော် အရင်းခေါက်ခေါက် ဗိမ္ဗိသာရ မင်းကြီးကိုလည်း ရက်ရက်စက်စက် သတ်ပစ်လိုက်သည် မဟုတ်ပါလော။

ဤသို့ကြီးလေးသော ပြစ်မှုကြီးများကို ကာယကံမြောက် ကျူးလွန်ထားသော မိမိအနေဖြင့် ရှင်ကြီးဂေါတမထံ အဘယ်မှာလျှင် ချဉ်းကပ်ဝံ့ပါမည်နည်း။

အဇာတသတ်သည် နောက်ဆုံးအနေဖြင့် သက်သာရာ သက်သာကြောင်း ဘဝချမ်းသာမှု၊ဘဝထွက်ပေါက်ကို ရှာကြံသောအခါ မြတ်စွာဘုရားမှတပါး အခြားသူကို မမြင်ချေ။

ထိုအခါ ဒေဝဒတ်နှင့် ပူးပေါင်း၍ ဘုရားသခင်ကို သေကြောင်း ကြံခဲ့မိသော သူ၏မကောင်းမှုများကြောင့် သူ့အနေအားဖြင့် မြတ်ဘုရားထံသို့ မချဉ်းကပ်ဝံ့အောင် ရှိ့နေ၏။

အဇာတသတ်သည် အမျိုးမျိုးတွေးသော်လည်း သူ့အနေဖြင့်တိုက်ရိုက်မြတ်ဘုရားထံ ချဉ်းကပ်ရန်ရှာကြံ၍ မရလေသောအခါ ဗုဒ္ဓကျောင်းဒကာ တဦးဖြစ်သော ဇီဝကကို မျက်စိထဲမြင်ယောင်လာ၏။

"ငါ ဇီဝကနှင့်ပင်း၍ဗုဒ္ဓထံချဉ်းကပ်အံ့"ဟု ဇီဝကကိုခုတုံး လုပ်၍ ဗုဒ္ဓထံချဉ်းကပ်ရန် စိတ်ကူးလေသည်။

သို့သော် ဒေဝဒတ် သွေးအန်ရောဂါ စွဲကပ်လာစဉ် အခါ တုန်းက "ကုစားပေးရန်" ဇီဝကအားပြောသောအခါ....

"အရှင့်သား၊ကျွန်ုပ်အားသတ်လိုမှုသတ်လော့။ ဒေဝဒတ်ကိုကားကျွန်ုပ်ဆေးကုမပေးနိုင်" ဟူ၍ တင်းမာစွာ ငြင်းဆန်သူဖြစ်သောကြောင့်....

www.dhammaransi.com



ယခုအခါတွင်လည်း ငါ့မှာ ဒေဝဒတ်၏ ဥပါသကာရင်းချာဖြစ်နေသဖြင့် ငါ့ကို သူလိုလားမည်မဟုတ်။ ဗုဒ္ဓနှင့်ဆက်သွယ်မှုရအောင် ငါ့အား ဆောင်ကြဉ်းပေးရှာမည် မဟုတ်။ ဤသို့တွေးမိသောအခါတွင် အဇာတသတ်မှာ များစွာသိမ်ငယ်လာလေ၏။

ဤသို့ တဆွေးဆွေး၊ တမြေ့မြေ့နှင့်ပင် ငါ့ဘဝကိုငါ အဆုံးသတ်ရတော့မည်လော ...

ရှုပ်ကန်းဂါတမထံ ရောက်အောင် ငါ့ကို ဆောင်ပေးမည့်သူ တယောက်တလေမျှပင်မပေါ်ပေါက်တော့ ပြီလော....

ဟူ၍ယူကြုံးမရ သောကမီးတောင် ပေါက်ကွဲလောင်ကာသာ ရှိနေရှာလေသတည်း။

အဇာတသတ်၏ စိတ်မှာ လေပွေတိုက်သည့်ကြားတွင် လွင့်၍ပါသွားသည့် ရွက်ခြောက်ကလေး ပမာ ဆောက်တည်စရာ၊ တန့်နားစရာ မရှိအောင်ပင် ဖြစ်နေသည်။

သားကို လွန်စွာ ချစ်မြတ်နိုးတော်မူလျက်နှင့် ထိုသားကို ရင်ဝယ်ပိုက်ထွေး၍ မချိ‌ဝံ့၊မချော့ဝံ့အောင်ပင် ရှိနေ၏။

အကြောင်းမူကား သားတော်ကို ချီလိုက်သည်နှင့် တပြိုင်နက် ခမည်းတော်နှင့် မယ်တော် ဘုရားတို့၏ မျက်နှာတော်ကို မြင်ယောင်လာသောကြောင့် ဖြစ်လေ၏။

ထို့ကြောင့် သူ့အဘို့တွင် သီတာရေချမ်းကဲ့သို့ နှလုံးစိတ်ဝမ်းကို အေးချမ်းစေသော သားမှာ ငရဲပန်းကဲ့သို့ ပူပူလာသောကြောင့် ''မကြည့်ချင်ပါတယ်၊ မြင်ချက်ရက်သား'' ဆို

www.dhammaransi.com



သကဲ့သို့ သားတော်ကို မိမိရင်ခွင်၌ ထွေးပိုက်ထားချင်သည်။ အပူမီးဟပ်ပြီး အရှင်လတ်လတ် မသေမရှင် ခံစားရမည့်ဒုက္ခကို လည်း သူလန့်လန့် နေလေသည်။

မင်းတရား၏ မိဖုရား တောင်နန်းဒေဝီ မဟေသီ မှာလည်း အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာဆိုသောကိန်းအတိုင်း ခင်ပွန်း လင် မင်းတရား နှလုံးစိတ်ဝမ်း၊ မီးလောင်ကျွမ်း သည့်နှယ် မချမ်းမသာ ဖြစ်တော်မူနေသဖြင့် သူ့အဘို့မှာလည်း အဘယ် မှာလျှင် ချမ်းသာနိုင်ရှာ မည်နည်း။

အဇာတသတ်မင်းတရား ခံစားနေရသည့်ဝေဒနာကိုမရှုရက် သဖြင့် မင်း၏ အလိုလိုက်ပြီး အကြိုက်ကို အမျိုးမျိုး ဆောင် ပါငြားသော်လည်း၊ ငါ့ကိုမြတ်နိုး၍ ငါ၏ ကျေးဇူးတရားကို သိဘိမူကား ငါ့အပါးသို့ မကပ်လှာနှင့် အသင်မိဖုရား ဟူ၍ အနားသို့ပင် အကပ်မခံသဖြင့် မိဖုရားမှာ အဇာတသတ် ချမ်း သာပျော်ရွှင်ရေးအတွက် မတတ်နိုင်အောင် ဖြစ်နေ၏။

မိမိကိုယ်တိုင် ကာမဂုဏ်ဝလေ့ဖြင့် ချမ်းမြေ့တော် မူလာ အောင် ပြုစုငြားသော်လည်း သံမဏိခဲကြီးအလား ကျောက် တောင်၊ ကျောက်ကမ်းပါးကြီးပမာ မာကြောလှသော အဇာ တသတ်၏ စိတ်နှလုံးတော်ကိုအနည်းငယ်မျှပင် ရွှင်ပြုံးအောင် မတတ်နိုင်သည့်အဆုံးတွင်....

"တဆေးမကောင်း၊ တဆေးပြောင်း" ဆိုသကဲ့သို့ အခြား အခြားသော မိဖုရား၊ မောင်းမ၊ မိဿံ များကိုပါ မိမိတို့ တတ်နိုင်သောနည်းဖြင့် အဇာတသတ်မင်း နှလုံးစိတ်ဝမ်း ချမ်း

www.dhammaransi.com



မြေ့အောင်ပြုစုကြရန် တိုက်တိုက်တွန်းတွန်းကိုယ်တိုင်ဆော်ညွှန်းလျက် ဖြေဖျော်စေငြား သော်လည်း အကြောင်း မထူးသောကြောင့်ကြာသော် မိဖုရားပါ ရှုံးတော့ မယောင် ကြောင်စီစီဖြစ်လာလေသည်။

မှူးကြီးမတ်ရာသေနာပတိ များလည်းနိုင်ငံတော်အဘွင်းရှိအငြိမ့်ဇာတ်သဘင်များကိုခေါ်၍ အမျိုးမျိုး ဖျော်ဖြေစေငြားသော်လည်းမရသည့်အဆုံးတွင် စိတ်ပြေလက်ပျောက် ဥယျာဉ်သို့ထွက်တော်မူသင့်ကြောင်း။ ဥယျာဉ်ကစားခြင်းဖြင့်စိတ်ဓာတ်ပြောင်းလဲအောင် ကုစားသင့်ပါကြောင်းဖြင့် အဇာတသတ်မင်းအားလျှောက်ထား ကြည့်ကြသောအခါ....

"အချင်းတို့။ ငါမြေမျိုခံရသည်ကိုမြင်လို၍ သင်တို့ဆိုကုန်သလော။ ဤမဟာ ပထဝီမြေကြီးသည် ငါ့ကိုမျိုရန် အခွင့်ကောင်းကို ချောင်းနေ၏။ မြေပြင်ကို ငါ့ခြေတင်လိုက်သည်နှင့် တပြိုင်နက် ဒေဝဒတ် ကဲ့သို့ပင် ငါ့ကိုသူမျိုလတ္တံ့။ ငါ မြေကို မနင်းဝံ့ပြီ တကား"

သို့ကြောင့်ရကား မှူးကြီး မတ်ကြီးများ သည်လည်း ထိုအကြံကို လက်လျော့ကြရကုန်သတည်း။ အဇာတသတ်၏ စိတ္တဇ ရောဂါကို ကုစားနိုင်မည့် အရာ ကုစားနိုင်မည့် ဆရာရှာ၍မရသဖြင့် အားလုံးလက်မှိုင်ချကြရကုန်ပြီတည်း။

ဤသို့မိဖုရားနှင့်တကွ မှူးမတ်များက "ကုစား၍ ရတော့မည်မဟုတ်" ဟုအထင်ရောက်နေကြ သော်လည်း အဇာတသတ်မင်းကမူ သူ့ကို ကုစားပေးနိုင်မည့် သမားတော်ကောင်းကို

www.dhammaransi.com



သိထား၏။ ထိုသမားတော်ကား အခြားသူ မဟုတ်။ ဗုဒ္ဓမြတ်ဘုရားဖြစ်သတည်း။

"ငါ၏ရောဂါကို ရှင်တော်ဂေါတမသည် ပျောက်ကင်းအောင် ကုစားနိုင်၏။ ရှင်တော်ဂေါတမမှ တပါး အခြားသူကုစားနိုင်သည်မဟုတ်"

ဤသို့တထစ်ချယုံမှတ်ထား၏။ သို့သော် ရှင်တော် ဂေါတမ ထံချဉ်းကပ်နည်းကို ရှာကြံလာခဲ့ရာက မတွေ့သဖြင့်သာ စိတ်ထဲတွင်တအုံနွေးနွေး ဖြစ်နေ၏။ မိဖုရားများမှ အစ မည်သူနှင့်မျှ စကားမပြောချင် မဆိုချင်ဖြစ်နေ၏။

ဤသည်ကို မိဖုရားနှင့် တကွသော နန်းတွင်းသူ အားလုံးတို့က "မင်းကြီးရောဂါထနေသည်" ဟု ထင်ကုန်၏။

နာရီစက်မောင်း၊ သံပတ်ညှောင်း၍ ဟောင်းဟောင်းလာ၏။ ဤနေ့သည် တန်ဆောင်မုန်းလဆန်း ၁၄ ရက်ည၏ သန်းခေါင်ယံ အချိန်ဖြစ်၏။

အဇာတသတ်မင်းသည် သလွန်ညောင်စောင်း ထက်တွင် လျောင်းလျက် မျက်လုံးအကြောင်းသားနှင့်ရှိနေ၏။ "တရေးနိုးသော်အကြံပေါ်" ဟု ဆိုသော်လည်း သူ့အဖို့တွင်မူ တရေးမှ မနိုးရဘဲလျက် အကြံပေါ်လာလေ ပြီတည်း။

ထိုအကြံကား ဗုဒ္ဓထံ ချဉ်းကပ်ရန် အသင့်လျော်ဆုံးသော နည်းလမ်းဖြစ်၏။ အဇာတသတ်သည် မိမိရရှိထားသော အကြံကို ခေါက်တုံ့ ခေါက်ပြန် အပြန်ပြန်အလှန်လှန် ဇယားချ၍ စဉ်းစား၏။

www.dhammaransi.com



"ရှင်တော်ဂေါတမထံချဉ်းကပ်ခွင့်ရယူရာတွင် ဆရာဇီဝကသည် အသင့်လျော်ဆုံးသူ ဖြစ်၏။ သူ၏သရက်ဉယျာဉ်တွင်အမ္ဗဝန်ကျောင်းတော်ကြီးကို ဆောက်လှူ၍ ရှင်တော်ဂေါတမကို ကိုးကွယ်နေသော ဘုရားဒကာ၊ ကျောင်းဒကာလည်းဖြစ်၏။ သူ၏ ဦးဆောင်မှု အကူအညီကို ခံယူ၍ ချဉ်းကပ်ခြင်းသည် အကောင်းဆုံး ဖြစ်၏"

"သို့သော်–သူ့အား ငါ့ကို လိုက်ပို့ပေးစမ်း ဟူ၍ တိုက်ရိုက်စေခိုင်း ချေက ငါ့မှာလည်း ဂုဏ်သိမ် မရှိ။ သူ့မှာလည်း သိက္ခာနှိမ်းချိမ့်အံ့။ နှစ်ဦး နှစ်ဖက် တင့်တင့် တယ်တယ် ဖြစ်လေအောင် မင်းပရိယာယ် ကို ငါသုံးမှ ဖြစ်တော့မည်။ မှူးမတ်အားလုံးကို အစည်းအဝေး ခေါ်ယူလိုက်ပြီး သူတို့ထံမှ ငါဆန္ဒ တောင်းခံမည်။

"ငါ၏စိတ်နှလုံးတော် မချမ်းမမြေ့ရှိသည်။ ချမ်းမြေ့လာအောင် အဘယ်ဆရာ၏ ဩဝါဒကို ခံယူရသော်သင့်လေမည်နည်း" ဟုငါမေးမည်။

ထိုအခါ မှူးမတ်တို့က သူတို့ဆရာကောင်းကြောင်းကို အသီးသီး လျှောက်ကုန် လတ္တံ့။ ထိုဇီဝကသည်လည်းသူ၏ ဆရာရှင်တော်ဂေါတမအကြောင်းကို မလျှောက် ထားဘဲ နေတော့မည် မဟုတ်။ ကေန် လျှောက်ထားလေအံ့။

www.dhammaransi.com



ထိုအခါ ဇီဝကဏ် လျှောက်ချက်ကို အလေးအနက်
ထား၍ ဘုရားဂေါတမထံ ချဉ်းကပ်အံ့။

အဇာတသတ်သည် စိတ်၌ဖြစ်ပေါ်လာသော ထိုအကြံကို နှလုံး သည်းပွတ်၌ သွတ်ထား လိုက်ပြီးနောက် နောက်တနေ့ တန်ဆောင်မုန်း လပြည့်နေ့ ညအခါတွင် မှူးမတ် တို့အား အစည်းအဝေး ခေါ်ယူလိုက်လေတော့သည်။

အချို့မှူးမတ်တို့က "ဘုရင်ကလေး စိတ်ဖောက်ပြားပြီး ဘာတွေများမြွက်ကြားမည်မသိ" ဟူ၍ အထင်ရောက် ကြပြီး အချို့ကမူ စက်တော်ခေါ် ပျော်တော်မမူလေသည့် အတွက် စိတ်ပြေလက်ပျောက် စကားစမြည်ပြောရန် ခေါ်တော်မူသည် ဟုတွက်ဆကြကုန်၏။

တန်ဆောင်မုန်းလပြည့်နေ့ည၏ လသည် အထူးသဖြင့် သာ လျက်ရှိနေ၏။ နက္ခတ်တာရာ ကြယ်ပွင့် များစွာ ခြံရံလျက် တင့်တယ်သော အသရေကိုဆောင်၏။

ထိုနှင့်မခြား အလားတူစွာ ပင်လျှင် အဇာတသတ်မင်းမှာ လည်း မှူးမတ်များစွာ ခြံရံကာဖြင့် တင့်တယ်သော မင်း၏ အသရေကို ဆောင်လျက် ရှိနေရာက အဇာတသတ် မင်းသည် ကောင်းကင်ပေါ် မော်၍ရှုပြီးလျှင် ...

"အချင်းတို့။ ရှုစမ်းကုန်လော့။ ဤတန်ဆောင်မုန်း
လပြည့်နေ့ညတွင် လရောင် ကွန့်မြူးနေပုံမှာ အထူး
သဖြင့် သာယာဘိစွ။ ကြည်နူးဘွယ် ကောင်းဘိစွ။

www.dhammaransi.com



အမှတ်ထင်ထင်မိမိတို့ အသဲထက်တွင် မမေ့မပျောက်နိုင် အကွရာ တင်ထားထိုက်ဘိစွ။

ဤရွေ့ဤမျှ သာယာလှစွာသော တန်ဆောင်မုန်း လပြည့်နေ့ညအခါသမယတွင်အဘယ်သမဏ၊ အဗြဟ္မဏ တို့ထံမှ အေးမြသော တရားတော်ကို ကြားနာရလျှင် သင့်လျော်ပါမည်နည်း။

ငါ့မှာ နှလုံးစိတ်ဝမ်း မချမ်းမမြေ့ ဖြစ်လာခဲ့သည် မှာ ကြာချေပြီ။ နှလုံးအေးအောင် အဘယ် ဆရာ၏ တရားတော်ကို ကြားနာရသော် သင့်လျော်မည်နည်း။ ငါ့အား အကြံပေးပါကုန်လော့”

အဇာတသတ် မင်းသည် မိမိရည်မှန်းချက် ပိုင်နက်တွင်းသို့ ထိုးဖောက်ဝင်ရောက်လာကုန်အောင် မှူးမတ်တို့အား တံခါး ဖွင့်ပေးလိုက်လေသည်။

ထိုအခါ မှူးမတ်တို့သည် မိမိ ဉာဏ်မှီသမျှကို အသီးသီး အကြံပေး လျှောက်တင်ကြကုန်၏။ ထိုခေတ်ထိုအချိန်တွင် မိမိ ကိုယ်ကို ဘုရားအမည်ခံယူလျက် ပွင့်ထွန်းနေကုန်သော ဘုရား ကြီးခြောက်ဆူတို့ ရှိကုန်သည်ဖြစ်ရာ ပူရဏကဿပ မည်သော တိတ္ထိဘုရားကို ကိုးကွယ်သူတို့က မိမိတို့၏ ဆရာ့အကြောင်းကို ကောင်းစွာချီးပကြကုန်လျက်....

“ပူရဏကဿပဆရာသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ကိုပင် အမှန်သိမြင်၏။ ထိုဆရာသည် အရှင်မင်းကြီး၏နှလုံးစိတ်ဝမ်း ချမ်းမြေ့အောင် စွမ်းနိုင်ပါလိမ့်အံ့။ ထိုဆရာ့ထံ ချဉ်းကပ်၍

www.dhammaransi.com



သူ၏သြဝါဒ တရားတော်ကို ကြားနာရန် သင့်ကြောင်းပါ ဘုရား'' ဟူ၍လျှောက်ကုန်၏။

ထိုအတူ ကေသကမ္ဗလ တိတ္ထိ ဘုရားကို ကိုးကွယ် သူတို့ ကလည်း ကေသကမ္ဗလထံချဉ်းကပ်သင့်ကြောင်း လျှောက်ကုန်၏။ နာဋပုတ္တ တိတ္ထိဘုရားကို ကိုးကွယ်သူတို့ကလည်း နာဋပုတ္တထံ ချဉ်းကပ်သင့်ကြောင်း ညွှန်ကုန်၏။ ပကုဓကို ကိုးကွယ် သူတို့ ကလည်း ပကုဓထံ ချဉ်းကပ် သင့်ကြောင်း ညွှန်ကုန်၏။

အဇာတသတ်မင်းသည် အသီး အသီး ဤသို့ညွှန်ကြားချက် များကို နားရှိ၍သာ ကြားနေရ၏။ လိုလိုလားလား ကြားနာ လိုပေသည်ကား ဇီဝက၏ အကြံ ပေးချက် ဖြစ်သောကြောင့် ဇီဝက အလှည့်သို့ အမြန် ရောက်ပါစေဟူ၍ ဆုတောင်းနေ၏။

သူမျှော်လင့်သည့်အတိုင်းပင် ဇီဝက၏အလှည့်သို့ရောက်လာ သောအခါ အားရဝမ်းသာစွာဇီဝက၏ စကားကို ကြိုလင့်နေ ပါ၏။

သို့သော်....ဇီဝကကား တစုံတရာ လျှောက်ထားခြင်းမပြု။ တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေလေ၏။ ဇီဝက ကလည်း အကင်း ပါးလှဘိ၏။ အခြားသူများကဲ့သို့ လေတဖွားဖွား၊ ရုတ်ချင်း လျှောက်ထားချေက ငါ၏ဆရာ ဘုရားသည် အခြားသူများနှင့် တတန်းတစားတည်းကဲ့သို့ ဖြစ်သွားချိမ့်မည်။သီးခြား အဓိပ္ပါယ် ထွက်ရှိလာအောင် ငါဆောင်သင့်သည် ဟူ၍ အချိန်ကို ငံ့လင့် ထားလိုက်ခြင်း ဖြစ်လေသည်။

အဇာတသတ်မင်းသည် မိမိ မျှော်လင့်သကဲ့သို့ ဖြစ်မလာဘဲ ဇီဝကထံမှ တခွန်း တပါဒ မျှသော စကားကို မကြား ရလေ

www.dhammaransi.com



သောအခါ ရွှေစိတ်တော် ကွက်၍ ဇီဝက အပေါ် မျက်လာသည်။

"သင်းကို အကြောင်းပြု၍ ဤအစည်း အဝေးကို ငါခေါ်ခြင်းဖြစ်သည်။ သို့ပါလျက် ဇီဝကသည် တခွန်း တပါဒမျှ ဆိုမြွက်ခြင်းမပြုဘဲ နေခြင်းမှာ ငါ့ကို သက်သက်မဲ့ နှောင့်ရှက်ခြင်းဖြစ်သည်။ ဤသို့ အတွေးရောက်ပြီး ဇီဝကအား ငေါက်၍ မေးတော်မူလေသည်။

"ဟယ် .... ဇီဝက အခြား သူတို့ အသီး အသီး လျှောက်ကြ သည်ကို သင့်မကြား သလော။ သင်မှာ နားမရှိသလော့။ အခြား သူတို့သည် မိမိတို့ ကိုးကွယ်ထားသော ဆရာသမားတို့၏ ဂုဏ်ကို ဖေါ်ထုတ် ချီးပသွားကြသည်မှာ လျှာပွန်းမတတ်ပင် ရှိချေပြီ။

သင်ကား ဆရာသမားတဦးတယောက်ကိုမျှ ကိုးကွယ်ခြင်း မပြုနိုင်လောက်အောင် မွဲတေနေသလော။ ဆင်းရဲသူလော။ ငါ့မှာ နှလုံးစိတ်ဝမ်း ကျွမ်းမတတ် ခံစားနေရပါသည်ကို သင်မသိသလော။ သိလျက်နှင့် ငါ့ကို မကူညီလို၍ ရေငုံ နှုတ်ပိတ် တိတ်ဆိတ်စွာ သင်နေဘိသလော့"

ဟူ၍ မြွက်ဆိုခြိမ်းချောက်၊မောက်မာစွာသောအသံဖြင့် ဆိုလေသော အခါ ဇီဝကသည် နေရာမှ ထထည့်လိုက်ပြီး ဘုရားသခင်ရှိရာသို့ လက်အုပ် ချီမိုး၍ ရှိခိုးခြင်း ပြုလိုက်ပြီးမှ အဇာတသတ်အား ဤသို့ နားတော် လျှောက်လေ၏။

www.dhammaransi.com



"အရှင့်သား အကျွန်ုပ်အား ယောင်ယောင် ဝါးဝါး ဟူးဟူးညားညားသော ဆရာသမားကို ကိုးကွယ်သူဟု မထင်ပါလေနှင့် အကျွန်ုပ် ကိုးကွယ်သော ဆရာကား နှယ်နှယ်ရရမှဟုတ်ပါ အရှင့်သား....။

အမိဝမ်း၌ ပဋိသန္ဓေ နေလာကတည်းက ကောင်းကြီး ပေးသည့် အနေဖြင့် ဤမဟာပထဝီ မြေကြီးကတုန်ဟည်း၍ ဂုဏ်ပြုရသော ဆရာ။

အမိဝမ်းမှ ဖွားမြင်လာသောအခါ တောထွက်တော်မူသောအခါ၊ သမ္မာသမ္ဗုဒ္ဓ၊အတုလထွတ်ထား၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ တို့၌လည်း မြေလျင် တုန်ဟည်းလျက် ကောင်းချီးပေးခြင်းခံရသော ဆရာဖြစ်ပါသည်။ထိုဆရာဘုရား၏ ကောင်းချီးသတင်းကို ကျွန်ုပ်နားတော် သွင်းပါအံ့။ နာတော်မူဘုရား"

ဟူ၍ လျှောက်လျှင် အဇာတသတ်သည် နှလုံးပီတိ ဝမ်းဆီထိအသွင်ဖြင့် နားတော်ဆင်တော်မူလေ၏။

" အရှင် မင်းမြတ်။ အကျွန်ုပ် ဆရာ" ရှင်တော် ဂေါတမ အမည်တော် ရသော ဘုရား သခင်သည် ရဟန်းပေါင်း ၁၂၅၀ ခြံရံလျက် အကျွန်ုပ် ဆောက်လုပ် လှူဒါန်းထားသော အမ္ဗဝန် ကျောင်းတိုက်ကြီး၌ ယခုအခါ သီတင်းသုံးလျက် ရှိနေပါ၏။

ထိုအကျွန်ုပ်၏ဆရာ ဘုရားသခင်ကား ဗြဟ္မာနတ်လူ သုံးဘုံ သူတို့၏ ကြည်ဖြူ ကော်ရော် ပူဇော် အထူးကို

www.dhammaransi.com



ခံထိုက်သောကြောင့် အရဟံဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါ၏။

အလုံးစုံသော တရားတို့ကို ဆရာမထား ကိုယ့်ဉာဏ်အားဖြင့် ထိုးထွင်း သိတော် မူပေသောကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် နှင့်လည်း ပြည့်စုံတော်မူပါ၏။ (ဂုဏ်တော်ကိုးပါး စေ့အောင် လျှောက်သည်)။

"အရှင်မင်းမြတ်။ ထိုမြတ်စွာဘုရားကို ဆည်းကပ်တော်မူပါလျှင် အရှင်မင်းမြတ်၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့လာတန်ရာပါသည်။ မေးမြန်းလိုသောပြဿနာများကိုလည်း ရှင်တော်မြတ်ဘုရားအား မေးလျှောက်နိုင်ပါသည်။ အရှင်မင်းမြတ် နှစ်သိမ့် ကျေနပ်လက်ခံနိုင်သည်အထိ မြတ်ဘုရားက ဖြေကြားတော်မူပါလိမ့်မည်ဘုရား"

ဤသို့ ဇီဝကလျှောက်ထားသောအခါ ဇီဝကနှင့် ဝါဒတူဗုဒ္ဓဘာသာ မှူးမတ်တို့က လိုလားသော မျက်နှာ အမူအရာဖြင့်လည်းကောင်း။ ဝါဒကွဲ မိစ္ဆာဒိဋ္ဌိအမတ်များက မလိုလားသော မျက်နှာ အမူ အရာများဖြင့်လည်းကောင်း ဇီဝကအားကြည့်နေကြကုန်၏။

ထိုအချိန်တွင် အဇာတသတ်မင်းကား လွန်စွာအားရတော်မူသဖြင့် ဇီဝကကို ကြည့်ကာ ရွှင်တပျပျနှင့် ရှိလာလေ၏။ အခြားမှူးမတ်တို့သည် "မည်သို့ မိန့်မြွက်တော်မူ လေသနည်း" ဟူ၍ အဇာတသတ်မင်း၏ အမိန့်တော်ကို စောင့်ကြိုနေကြကုန်စဉ်....

www.dhammaransi.com



“အချင်း ဇီဝက။ သင်၏အကြံပေးချက်ကို ငါနှစ်သက် လက်ခံတော်မူ၏။ လျှော်ကန် သင့်မြတ်လှသော အကြံဖြစ်ပေ၏။ သို့ကြောင့်ရကား ရှင်တော်ဂေါတမ မြတ်ဘုရားထံ ယနေ့ညပင် ငါတို့သွားကုန်စို့။ သွားရန် ယာဉ်များကို အမြန်စီစဉ်လော့”

ဤသို့မြွက်ကြားတော်မူလိုက်သောအခါ ထိုမိစ္ဆာဒိဋ္ဌိအမတ်တို့မှာ ကုန်ရှုံးသကဲ့သို့ယူကျုံးမရ၊ ဟာကနဲ ဖြစ်ကုန်ကြလေသတည်း။

www.dhammaransi.com

# ၁၆

ဆီးနှင်း၊ မြူ၊ တိမ်တိုက်၊ သူရိန်၊ မီးခိုး ဟူ၍ လ၏ အလှကို ဖျက်ဆီးတတ်သော အညစ်အကြေး ငါးမျိုး ရှိ၏။

ဤနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၏။ ထိုနေ့ည၏ လသည် အဆိုပါညစ်မျိုးငါးဝတို့မှ ကင်းစင်ပသဖြင့် ကောင်းကင်ပြင်ကြီးတခုလုံး ကြည်လင်နေ၏။ ကြည်လင်လှစွာသော တန်ဆောင်မုန်းလပြည့်နေ့ည၏ လရောင်အောက်တွင် ရာဇဂြိုဟ်ပြည်သူပြည်သားတို့သည် ကြတ္တိကာနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပလျက်ရှိရာ ပျော်တပြုံးပြုံး ရွှင်မဆုံးနိုင် ရှိနေကုန်၏။

ဇီဝကသည် ဆေးဝါးကုသမှု၌ အကုမရှိအောင် လိမ္မာကျွမ်းကျင်လေသည်မဟုတ်။ အဇာတသတ်မင်း ထွက်တော်မူရန် အစီအစဉ်ပြုရာတွင်လည်း လွန်စွာပင်ကျွမ်းကျင်လှကြောင်း သူ၏ စီမံချက်များအရ ထင်ရှားနေတော့၏။

www.dhammaransi.com



မိဖုရား၊ မောင်းမ မိဿံမျာ း၏ အဆောင်တော်ကို ကြည့်လျှင် ဇမ္ဗူဒီပ၏ အစီအရင်များကို အထင်းသားမြင်တွေ့နေရတော့၏။

မင်းမိဖုရားအပါးတွင် ခစားကြကုန်သော နန်းတွင်းသူပျိုကညာတို့သည် အဆောင်တိုင်း အဆောင်တိုင်းတွင် အမျိုးသမီးဝတ်စုံများကို ပယ်၍ လူပျိုတော်သား ဝတ်စုံများကို ကိုယ်စီကိုယ်စီ ဝတ်စားဆင်ယင်လျက် ရှိကုန်၏။

ထိုနန်းတွင်း ပျိုကညာ ငါးရာတို့သည် ယောကျ်ားကဲ့သို့ ဝတ်ဆင်လျက် ဘုရင်မင်းမြတ် ထွက်တော်မူရာတွင် နောက်တော်ပါးမှ ဆင်စီး သူရဲကောင်းများအဖြစ်နှင့် လိုက်ပါကြရမည့်သူများ ဖြင့်ကုန်၏။

ဘုရင်မင်းတရားတို့အနေဖြင့် အကာလ ညအခါတွင် ထွက်တော်မူရာ၌ ယောကျ်ား စစ်သည် ရဲမက်များ ခြံရံလျက် ထွက်တော်မူခဲ့သော် ယောကျ်ား သူရဲသူခက်များထံမှ မတော်တဆ အန္တရာယ်ဖြစ်မည့်ဆိုက ဖြစ်နိုင်လေရာသည်။ မိန်းမများ ခြံရံလျက် ထွက်တော်မူလျှင်ကား ဘေးကင်းနိုင်သည်ဟု တွက်ဆပြီး ဆင်ငါးရာကို စီးလျက် အမျိုးသမီး ငါးရာတို့ ရံလျက် လိုက်ရန် ဇီဝက က စီမံလိုက်ခြင်း ဖြစ်လေသည်။

ထိုမှတပါး-ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ် ဟူ၍ မင်းစီးယာဉ် အမျိုးမျိုးရှိသော်လည်း ဆင်ယာဉ်ကိုသာ ရွေးလိုက်ခြင်းမှာ သဿာဝကျလှ၏။ ဗုဒ္ဓနေထိုင်တော်မူသည့် ကျောင်းတော်သည် လွန်စွာ တိတ်ဆိတ်လှ၏။ ငြိမ်သက်လှ၏။

www.dhammaransi.com


ရထားယာဉ်၊ မြင်းယာဉ်တို့ကို အသုံးပြုခဲ့သော် အသံဗလံ တွေ ဆူဆူညံညံ ဖြစ်ကုန်လတ္တံ့။ သူတော်ကောင်းတို့ နေထိုင်သည့် ဆိတ်ငြိမ်ရာကို ထိုးဖေါက်၍ အနှောက်အယှက်ပြုရာကျ လတ္တံ့။ ဆင်ယာဉ်တို့ကား လွန်စွာ ညင်သာကုန်၏။ ဆင်ယာဉ်တို့တွင်လည်း ဆင်ဖေါက်ကြီးများထက် ဆင်မများက ပို၍ ညင်သာကုန်၏။

ထို့ကြောင့် ဇီဝကသည် ဆိတ်ငြိမ်သော သူတော်ကောင်းတို့ နေရာတွင် ဆိတ်ငြိမ်သော ယာဉ်များဖြင့်သာ သင့်လျော်သည်။ ကျောင်းတော်တပိုက်တွင် ဆူဆူညံညံ အသံဗလံတို့ဖြင့် နှောက်ရှက်ခြင်း ကင်းစေရန်အလို့ငှာ ဆင်မယာဉ်သာ ငါးရာကို ရွေး၍ စီစဉ်လိုက်သတည်း။

ထိုနောက် ဇီဝကသည် ကြံမိပြန်လေသည်ကား– ''ဤမင်းကား ကံကြီးထိုက်နေသော မင်းဖြစ်ချေ၏။ ဤခန္ဓာကိုယ် ဤအတ္တဘောဖြင့် ယခုဘဝတွင် မဂ်ဖိုလ်ရနိုင်ရန် အလားအလာ မရှိ။ ဘုရားတို့မည်သည် ကျွတ်ထိုက်သူ တစုံတဦး မရှိဘဲ လျက်ကို တရားဟောတော်မူလေ့ မရှိကုန်။ ကျွတ်ထိုက်သူရှိမှ သာလျှင် ဟောတော်မူလေ့ရှိသည်ဖြစ်ရာ။

ကျွတ်ထိုက်သူ တဦးတယောက်ဖြစ်စေ၊ အများဖြစ်စေ ပါဝင်နိုင်အောင် ငါဆောင်ရွက်သင့်သည်။ ပရိသတ်များစွာ ပါဝင်နိုင်အောင် လှုံ့ဆော်သင့်သည်။ လူများစု ပရိသတ်အား တရားဟောတော်မူလျှင် များစွာ ကျွတ်တမ်းဝင်နိုင်ဘွယ် ရှိ

www.dhammaransi.com


သည် ဟူ၍ တမြို့လုံးသိရှိအောင် လေးပြင်လေးရပ် မောင်းခတ် ကျေညာစေ၏။

"အို.... လူအပေါင်းတို့ ရာဇဂြိုဟ် ပြည်ကြီးသခင် ဘုရင် အဇာတသတ်မင်းတရားသည် ယနေ့တန်ဆောင် မုန်းလပြည့်နေ့ ညအချိန်တွင် အမ္ဗဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဘုရားသခင်ကို ဖူးမြော်ရန် ထွက်ကြွတော်မူလိမ့်မည်။ မည်သူမဆို ဘုရင်မင်းမြတ် နှင့်အတူ လိုက်ပါလိုသူများ လိုက်ပါကြစေ"

ဤသို့ လေးပြင်လေးရပ်၊ မြို့တော်ကို လှည့်ပတ်၍ မောင်း ခတ် ကြေညာလိုက်ရာ။ နက္ခတ်ပွဲကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ် သွားလေ၏။

"အဇာတသတ် မင်းတရားသည် ဘုရားသခင်ကို နန်းတော် မှ ထွက်၍ ဖူးမြော်မည်ဆိုပါကလား။ ဤမင်းတရားကား အဖ ကို သတ်မှားမိသဖြင့် ကံကြီးထိုက်နေသော မင်းပေတကား။ ထိုမင်းအား မြတ်ဘုရားသည် မည်သည့်တရားကို ဟောလေ မည်နည်း။ ဤနက္ခတ်သဘင်တွင် ပျော်ရွှင်ခြင်းဖြင့် ငါတို့အား အကျိုးမရှိ။ မင်းနှင့်တပါတည်း ဘုရားကျောင်းတော်ကို လိုက်၍ ငါတို့ တရားနာကုန်အံ့"

ဟူ၍ ပန်း နံ့သာ လှူဘွယ်ဝတ္ထုကိုယ်စီနှင့် ဘုရင်ထွက်ကြွ တော်မူလာမည့် လမ်းမှ စောင့်နေကြကုန်၏။

"အရှင်မင်းမြတ် ယာဉ်များ အဆင်သင့်ဖြစ်ပါပြီ။ ထွက်တော်မူလိုသည့်အချိန်တွင် ထွက်နိုင်ပြီဖြစ်ကြောင်း ပါ ဘုရား"

www.dhammaransi.com



ဤသည်ကား ဇီဝက၏ အခါတော်ကြား စကားဖြစ်၏။ ထိုအခါ အဇာတသတ်မင်းသည် ထိန်ထိန်သာလျက် ရှိနေသော လရောင်အောက်တွင် ဆင်မယာဉ်သာ ငါးရာ၌ မောင်းမ ငါးရာကို စီးစေလျက် ရံပြီးလျှင် ကိုယ်တော်တိုင်လည်း ဆင်မ ယာဉ်သာတစီးကို စီးတော်မူလျက်၊ ရာဇဂြိုဟ်မြို့တော်မှ အမ္ဗဝန် ကျောင်းတိုက်သို့ ကြီးစွာသော မင်း၏ အသရေတော်ဖြင့် ထွက် တော်မူသတည်း။

ဆင်ယာဉ်တိုင်း၌ မီးရှူးတိုင်များ ကိုင်ဆောင်စေသဖြင့် လမ်းတလျှောက်လုံး ဆီမီးရောင်ရှိန်ဖြင့် လင်းထိန်နေသတည်း။ ဇီဝကသည်လည်း မင်းနှင့်မခွါဘဲ မင်း၏နောက်မှ ကပ်လျက် ဆင်တစီးနှင့် လိုက်ပါသတည်း။

ထိုအချိန်တွင် ရာဇဂြိုဟ်မြို့တော်တွင် တံခါးကြီး ၃၂ တံခါးငယ် ၆၄ ရှိလေရာ။ ဇီဝက၏ အမ္ဗဝန်ကျောင်းတိုက်သည် မြို့တော်တံခါးနှင့်ဂိဇ္ဈကုဋ်တောင်အကြား၌ တည်ရှိသောကြောင့် အဇာတသတ်မင်းသည် မြို့တော်၏ အရှေ့မျက်နှာတံခါးမှ ထွက်ကြွတော်မူသောအခါ လရောင်သည် ဂိဇ္ဈကုဋ်၏တောင်ဘက် ခြမ်းကို ထိုးလေသောကြောင့် တောင်၏မြောက်ဘက်မှာ တောင် ရိပ်အောက် ရောက်နေ၏။ အဇာတသတ်မင်းသည် ထိုဂိဇ္ဈကုဋ် တောင်ရိပ်ကိုဖြတ်၍ သွားတော်မူ၏။

ထိုဂိဇ္ဈကုဋ်တောင်အောက်သို့ ရောက်သော် အဇာတသတ် သည် ကြောက်ရွံ့လာ၏။ လိပ်ပြာမသန့်၊ ရန့်မကင်း၊ ကြက်သီး မွေးညှင်းများ တဖျင်းဖျင်းထလာ၏။ အဘယ်ကြောင့်ဆိုသော်

www.dhammaransi.com



သူသည် ဇီဝကအပေါ်တွင် သက်ဘယန်မကောင်း ဖြစ်လာသော ကြောင့်တည်း။

နေပြည်တော်မှ ထွက်ခါနီး၊ ထီးဖြူတော်အောက်တွင် ဇီဝက က သတိပေး လျှောက်ဘူးသော စကားကိုသွား၍ သတိရ လာလေ ကြောက်လာလေလေပင် ဖြစ်နေသည်။

"အရှင်မင်းမြတ်။ ဘုရားသခင်သည် ဆိတ်ငြိမ်မှုကို အလိုရှိတော်မူ၏။ ထို့ကြောင့် တိတ်ဆိတ်ငြိမ်သက်စွာ သာလျှင် ချဉ်းကပ်တော်မူသင့်ပါသည်"

ဇီဝက၏ ဤသို့ သတိပေးချက်ကို အလေးအနက်ထား၍ "မည်သူမျှ စကားမပြောရ။ သီချင်းမဆိုရ။ တီးမှုတ်ခြင်း မပြုရ"ဟူ၍ တားမြစ်၊ ဆို့ပိတ်ထားသည့်အလျောက် ဆင်မယာဉ် သာ ငါးရာနှင့်တကွ ထွက်ချီတော်မူလာသော်ငြားလည်း အသံ မှာ တိတ်ဆိတ်နေ၏။ အပ်ကျသည်ကိုပင် ကြားရတော့မလောက် ရှိနေ၏။

ဇီဝက က သူ၏ကျောင်းတိုက်တွင် သံဃာတော် တထောင် ကျော်ရှိသည်ဟု ဆို၏။ သို့သော် အမွဝန်ကျောင်းတိုက်ကား တိတ်ဆိတ်ဘိစွ။ ဘာသံကိုမျှ မကြားရ။ နှာချေသောအသံ ချောင်းဆိုးသံနှင့် စကားပြောသံဆို၍ လေသံသဲ့သဲ့မျှပင် ငါ မကြားရ အကယ်၍ သူပြောသည့် သံဃာတထောင်ကျော်သာ ရှိရိုးမှန်ခဲ့သော် လေသံသဲ့သဲ့လောက်ကိုတော့ ကြားရတန်ရာ သည်။

www.dhammaransi.com



"ဇာဝကသည် ငါ့ကိုလှည့်ပတ်၍ မြို့ပြင်သို့ မရောက်လျှင် ရောက်အောင်ထုတ်လာလေယောင်တကား။ ငါ့ကို စစ်သည် ရဲမက်များ ရွှေ့နောက် ခြံရံထားပြီး သူကိုယ်တိုင်ကလည်း ငါ့အနားကမခွါ၊ ငါနှင့်ကပ်လျက် လိုက်ပါချေသည်။ ကေန္တ ငါ့ကို ဖမ်းဆီး၍ ထီးနန်းကို ရယူလိုဟန် ရှိပေသည်။ ငါ၏ အပါးတွင် ယုံကြည် စိတ်ချရလောက်သူဆို၍ တယောက်မျှမရှိ။ ဇာဝက၏ လက်တွင်း ငါအကျိုးမဲ့ ပျက်စီး တော့မှာပါတကား"

အဇာတသတ်သည် ဣန္ဒြေမဆယ် နိုင်အောင်ပင် ကြောက်လာသဖြင့် လေသွားမမှန် တုန်ရီသော အသံဖြင့် ဖွင့်ထုတ်၍ မေးတော်မူလေ၏။

"အချင်း ဇာဝက ငါ့အား မှန်သော စကားကို ဆိုလော့။ ငါ့ကို မြို့ပြင်ရောက်အောင် လှည့်ပတ်၍ သင်ထုတ်လာသလော။ ရန်သူနှင့် ပူးပေါင်းပြီး ရန်သူ့လက်ကို ငါကို အပ်ရန် သင်ဆောင်ကျဉ်းလာသလော"ဟု မေးတော်မူ၏။

ဇာဝကသည် မျက်နှာသွေးခုတ်၍ မရအောင် အဇာတသတ်မင်း ကြောက်ရွံ့နေမှန်း သိလျှင် လျင်မြန်စွာ ကြောက်စိတ်ပြေခြင်းငှာ ဤသို့ နားတော် လျှောက်ရလေ၏။

"အရှင် မင်းမြတ်။ ကြောက်တော်မမူလင့် အရှင်မင်းမြတ်၊ လန့်တော်မမူလင့်၊ အကျွန်ုပ်သည် လှည့်ပတ်၍ အရှင်မင်းကြီးကို မြို့ပြင်သို့ ထုတ်လာခြင်းမဟုတ်ပါ

www.dhammaransi.com



ကြောက်ရွံ့ခြင်းကင်း၊ ရဲတင်းစွာ သာလျှင် ရှေ့သို့ ချီတော်မူပါ''

ဟု ဤသို့ လျှောက်ပြောသော်လည်း အဇာတသတ်မှာ ကြောက်အား မပြေလေဘဲ၊ ရှေ့သို့ သွားရ ကောင်းနိုးနိုး နောက်သို့ ပြန်ဆုတ်ရကောင်းနိုးနိုးနှင့် စနိုး စနောင့် စိတ်မဖြောင့် အောင် ဖြစ်နေရက်ကဇီဝကာ၏မျက်နှာကို တချက် လှမ်းကြည့်လိုက်၏။

ဇီဝကသည် အဇာတသတ်အား လက်ယှက်ရှိခိုးပြီးနောက် အမ္ဗဝန် ကျောင်းတိုက်ဆီသို့ လက်ညှိုးညွှန်လျက် ရဲစိတ်ဝင်လာ အောင် လျှောက်လေ၏။

''အရှင်မင်းမြတ်။ ကြောက်တော် မမူပါလင့်၊စံ့ရဲစွာသာ ကြွတော်မူဘိလော့။ ဟိုအဝေးမှာ မီးရောင် တလက်လက်နှင့် မြင်နေရသည်မှာ အမ္ဗဝန်ကျောင်းတိုက် ဖြစ်ပါသည်။ တန်ဆောင်းဝန်းတွင် ထွန်းညှိ နေကျ အတိုင်း ထွန်းထားသော မီးရှူး မီးတိုင်များ ဖြစ်ပါ သည်။ အကယ်၍သာ ခိုးသား ရန်သူများ နေရာဖြစ်ခဲ့ သော် ယခုကဲ့သို့ မီးရောင် တလက်လက် ထွန်းညှိ ထားမည် မဟုတ်၊ ယုံမှားသံသယ ကင်းစွာ ရှေ့သို့ ကြွချီတော်မူပါလော့''

အဇာတသတ်သည် ဇီဝကညွှန်ပြရာ မီးရောင်တလက်လက် ဆီသို့လည်း တမော့မော့နှင့် မျှော်ခေါ် ကြည့်ပြီးနောက် ဇီဝက၏စကားကို မယုံ့ယုံ ဝက်ယုံတဝက်နှင့်ပင် ရှေ့သို့ချီတက် တော်မူလေ၏။

www.dhammaransi.com



ဆင်ဖြင့်သွား၍ ရနိုင်စကောင်းသောနေရာ ကျောင်းတော် မုခ်ဦးတိုင်အောင် ဆင်ဖြင့် သွား၍ မုခ်ရှေ့သို့ ရောက်သော အခါ ဆင်ပေါ်က ဆင်းသက်တော်မူ၏။

အဇာတသတ်မင်းအား ဇီဝကက ဦးဆောင်၍ "ကြွတော်မူပါ"ဟူ၍ ကျောင်းပရိဝုဏ်အတွင်းရှိ တန်ဆောင်းဝန်းဆီသို့ ပင့်ခေါ်သွားလေရာ အဇာတသတ်မင်း မြေပြင်သို့ ခြေတင်မိလျှင်ပင် ဘုရားသခင်၏ ကိုယ်တော်မှ တေဇော ဓာတ်ငွေ့သည် မင်း၏ တကိုယ်လုံးတွင် ပြန့်၍ တည်လေ၏။

ထိုအခါမင်းကြီး၏ ကိုယ်မှ ချွေးသီး ချွေးပေါက် တို့သည် ညှစ်၍ ယူရတော့မလောက် တပေါက်ပေါက် ကျလာကုန်သောကြောင့် မင်းကြီးသည် မိမိလိပ်ပြာကို မိမိမသန့်တော့ဘဲ "ငါ့ကို များ မြေမျိုတော့မှာမို့လား"ဟူ၍ကောင်းကောင်း မလျှောက်ရဲသဖြင့် ဇီဝကကို မေးတွဲ၍ လိုက်ရလေ၏။

"အချင်း ဇီဝက ရှင်တော် ဂေါတမ အဘယ်မှာနည်း"ဟု မေးရင်းလိုက်လာ၏။

"အရှင်မင်းမြတ်။ ဟိုမှာရှုတော်မူလော့။ တန်ဆောင်းဝန်း အတွင်း အလယ် ခေါင်က တိုင်ကို မှီလျက် အရှေ့ ဘက်ကို မျက်နှာမူ၍ ထိုင်နေတော်မူသော အရှင်သူမြတ်ကြီးကားဘုရား သခင်ပါတည်း"

ဟု လက်ညှိုးညွှန်၍ ပြ၏။ အဇာတသတ် မင်းလည်း ဇီဝက ပြရာကို လည်တကြော့ ကြော့နှင့် ကြည့်ရင်း ဘုရားသခင်ထံတော်သို့ချဉ်းကပ်ပြီး မြတ်စွာဘုရားကို လည်းကောင်း သံဃာ

www.dhammaransi.com


တော်များကို လည်းကောင်း ရှိသေစွာ လက်အုပ် ချီပြီးမှ သင့်တော်သော နေရာတွင် ဝင်၍ထိုင်၏။

ဘုရားသခင်ကလည်း စကား မဆိုသေး လေသောကြောင့် မိမိအနေဖြင့် စကားစ၍ ဆိုရန်လည်း မဝံ့သဖြင့် အဇာတသတ်သည် သံဃာများကိုသာ လှည့်ကာလှည့်ကာ ကြည့်မိနေ၏။ ရဟန်းတပါး တလေမျှပင် ခြေလက် လှုပ်ရှားခြင်းလည်း မပြု။ ချောင်းဆိုးခြင်း နှာချေခြင်း၊ အချင်းချင်း စကား ဆိုခြင်းလည်းမရှိ။ မိမိနှင့်တကွ လှပစွာ ဘန်ဆာ ဆင်ထားအပ်သည်ဖြစ်၍ မိုးနတ်သူဇာတမျှ အလွန်လှပသော မိဖုရား မောင်းမများကိုလည်းကောင်း၊ ကချေသည်များကို လည်းကောင်း စောင့်ငဲ့၍မျှ မကြည့်ကုန်လေ၏။

မြတ်ဘုရားကိုသာ ဘည်ငြိမ်စွာ ဖူးမြော်နေကြသော သံဃာများကို မြင်ရလေသောခါ အဇာတသတ်သည်သူ၏ သားတော်ကို သတိရလာသည့် အလျောက် ဝမ်းသာကြည်နူးစွာ ဤသို့ ကျူးမိရှာသတည်း။

"ဤသံဃာတော်တို့ကား နွံနှစ်ကင်းစင်ပြီး အလွန်ကြည်လင်လှစွာသော ရေအိုင်ကြီးပမာ' တည်ငြိမ်သော ဣန္ဒြေသိက္ခာဖြင့် ငြိမ်သက်တော် မူကြပါဘိကုန်သည်။ ငါ၏ သားတော် ဥဒယဘဒ္ဒ မင်းသားသည် ဤသံဃာတော်များကဲ့သို့ တည်ငြိမ်ပါစေသတည်း"

ဘုရားသခင်သည် အဇာတသတ်မင်း ဥဒါန်းမကျူးမီကပင် တိတ်ဆိတ်စွာ ထိုင်နေသော အဇာတသတ်ကို အကဲခပ်တော်

www.dhammaransi.com



မူလေသောအခါ ငါနှင့် စကားဆိုခွင့်မရသဖြင့် သံဃာများ၏ ဣန္ဒြေကို ခဏခဏကြည့်မိနေသည်။

ဤသို့ ကြည့်ရာမှ သားကို သတိရ၍ ဥဒ္ဒါန်းကျူးမိခြင်းဖြစ်ကြောင်းကို ကောင်းစွာသိတော်မူ၏။

ဤမင်းအား ငါ စကားမဆိုခဲ့သော် သူ့အနေဖြင့် ငါ့အား စကားဆိုဝံ့ရှာမည် မဟုတ်။ စကားဆိုခွင့် ရအောင် တံခါးဖွင့်လေမှ”

ဟူ၍ အဇာတသတ်မင်းအား ဦးစွာသော စကားကို ဆိုတော်မူ၏။

“မင်းမြတ်။ အချစ်၏ ဆွဲငင်ရာသို့ သင်ပါသွားလေပြီကော။ မြင့်ရာ၌ ရှိသော မိုးရေသည် နိမ့်ရာသို့ စီးမြဲဖြစ်၏။ ထို့အတူ အသင်သည်လည်း မြင့်သော သံဃာတော်များကို အဖန်တလဲလဲ ကြည့်ရှုရာမှ သားကို သတိရလာပေသည်တကား”

မကြားစဘူး ကြားလိုက်ရသော ဗုဒ္ဓ၏ စကားတော်ကို ကြားလိုက်ရသောအခါ အဇာတသတ်မင်းသည် ဖော်ပြခြင်းငှာ မစွမ်းနိုင်လောက်အောင် ဝမ်းမြောက်သွားသည်နှင့်အမျှ အလွန်လည်း အံ့အားသင့်သွားလေသည်။

“ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်ကား အံ့ဘွယ်လိလိ ရှိဘိစွ။ ဗုဒ္ဓကို ငါ့လောက် ပြစ်မှားခဲ့သူမရှိ။ ဗုဒ္ဓ၏ ဥပါသကာကျောင်း ဒါယကာကြီး ဖြစ်သူဗိမ္ဗိသာရမင်းကိုလည်း ငါသတ်ခဲ့၏။ ဒေဝဒတ်၏ စကားကို

www.dhammaransi.com



နှာယူ၍ လေးသမားတို့ကိုလည်း ဗုဒ္ဓကို သတ်ရန် ငါ စေလွှတ်ခဲ့ပြီ။ နာဠာဂိရိဆင်ကြီးနှင့် ငါတိုက်၍ သတ်ခဲ့ပြီ။ ဂိဇ္ဈကုဋ်တောင်စောင်းမှ ကျောက်မောင်းနှင့်လည်း လှိမ့်၍သတ်ခဲ့ပြီ။ ငါ၌ရှိသော အပြစ်များကို မြွက်ကြားမည်ဆိုက ဗုဒ္ဓ၏ ခံတွင်းတော်ပင် ဆန့်နိုင်ဘွယ်မရှိ၊ ဤရွေ့ ဤမျှ အပြစ်တွေ ပလပျစ်နှင့် ပျစ်ခဲနေသော ငါ့အား သည်းခံနိုင်စွမ်း ရှိသည်မှာ အံ့ဘွယ် ကောင်းလေစွ။ သူမို့သာ ငါကဲ့သို့သော အပြစ်တုံး အပြစ်ခဲကောင်ကြီးကို လက်သင့်ခံ၍ စကားပြောပေါ်ရပလေသည်။ ဤသို့သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော ဘုရားသခင်မှ တပါး အခြားဆရာတပါးကို၊ ငါမကိုးကွယ်လိုပြီ ဆရာမရှာလိုပြီ”

အဇာတသတ်သည် ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲချီးကျူးရင်း— “ငါဗုဒ္ဓကို ကိုးကွယ်တော့အံ့”ဟု၍ ဆုံးဖြတ်လိုက်တော့၏။

ဤသို့ ဗုဒ္ဓနှင့်တွေ့ဆုံခွင့်ရသဖြင့် ဇီဝကကိုလည်း အတိုင်းမသိ ကျေးဇူးတင်နေ၏။

“ငါ့ဘဝမှာ ရှေးဦးစွာ ဗုဒ္ဓနဲ့များ တွေ့လိုက်ရရင်”

ဟု တွေးကာ ကုန်လွန်ခဲ့ပြီးသော မိမိဘဝအတွက် အားမလို အားမရ ဖြစ်နေသည်။

ထိုနောက် အဇာတသတ်သည် ဘုရားသခင်က

“မင်းမြတ်အံချစ်၏ ဆွဲငင်ရာသို့ သင်ပါသွားလေပြီကော”

ဟု ရှေးဦးစွာ မြွက်ကြားလိုက်သော စကားအတွက် ...

www.dhammaransi.com



"မှန်ပါသည်ဘုရား တပည့်တော်၏ သားကို တပည့်တော် လွန်စွာ မြတ်နိုးပါသည့်အလျောက် ဤသံဃာတော်များ ကဲ့သို့ ငြိမ်သက်ဘိ မူကား ကောင်းလေစွဟု တပည့်တော် တောင်းတမိ ပါသည်ဘုရား" ဟု လျှောက်သေ၏။

အဇာတသတ်သည် ဗုဒ္ဓထံတော်သို့ ရောက်စတွင် ရှိုးတိုးရှံ့ တံ့၊ ကိုယ့်လိပ်ပြာ ကိုယ်လန့်ပြီး....

"ငါ့ကို ဘုရားသခင်က လက်ခံပြီး စကားပြောပါ့မလား" ဟူသော အတွေးဖြင့် ရှုံ့နေ၏။ ဗုဒ္ဓ၏နှုတ်ဖျားမှ စကား တခွန်း ထွက်လာသော အခါ၌ကား....

"ထ၍က ချင်လောက်အောင်" အကြီးအကျယ်ဝမ်းမြောက် သွားလေသည်။ ပြောရဲဆိုရဲလည်း ရှိလာသည်။

ထို့ကြောင့် အဇာတသတ်သည် ဂါရဝအဉ္စလီ လက်အုပ်ချီ လျက် ပန်ကြား လေတော့သည်။

"အရှင်ဘုရား ခွင့်ပြုတော်မူမည် ဆိုပါက တပည့်တော် ပြဿနာမေးလျှောက်လို ပါသည်။ အရှင်ဘုရားမှာ ဝန်မလေး လျှင် အဖြေပေးတော်မူပါ ဘုရား"

ဟူ၍ဝံ့ရဲစွာ ပန်ကြားလေတော့၏။ ဘုရားသခင် ကလည်း ခွင့်ပြုတော်မူ၏။

"မေးနိုင်၏မင်းမြတ်။ သင်မေးလိုရာကိုမေးလော့"

ဟုဆိုလျှင် ဘုရားသခင်၏ အသံတော်နှင့်တကွ ပြောပုံဆိုပုံ အမူအရာအားလုံး ဒေဝဒတ်နှင့်ကွာခြားပုံ များကိုလည်း သတိ ပြုလာသည်။

www.dhammaransi.com



သာယာလှစွာသောအသံတော်ဖြင့် "မေးနိုင်၏၊ မေးလော့" ခွင့်ပြုလိုက်သောအခါ ဝမ်းမြောက် ဝမ်းသာ ဤပြဿနာကို မေးလျှောက်လေသတည်း။

"အရှင်ဘုရား....

လောက၌ အတတ်များစွာတို့ ရှိပါကုန်၏။ ဆင်အတတ်၊ မြင်းအတတ်၊ လေးမျှားအတတ် စသည်တို့ဖြစ်ပါသည်။ အတတ်တခုခုကို တတ်မြောက် ထားပါမူ ထိုအတတ်ကလူကိုပြန်၍ အကျိုးပြုပါသည်။

ဥပမာ....လက်သမား အတတ်ကို တတ်ထားသူသည် ထိုအတတ်ဖြင့် အသက်မွေးနိုင်ပါသည်။ သားကျွေးမှု၊ မယားကျွေးမှုကအစ လှူမှုကိစ္စအဝဝကို ပြည့်ဖြိုးစေပါသည်။

နတ်ရွာရောက်ကြောင်း ကောင်းမှုကုသိုလ်များကို သည်းပြုနိုင်ပါသည်။ ဤသည်တို့ကား တတ်ထားအပ်သော ပညာရပ်မှဒိဋ္ဌခံစားရသော မျက်မှောက်အကျိုးဖြစ်ပါသည်။

လောကီပညာရပ်တို့သည် ဤသို့လျှင်တတ်သူတို့အား မျက်မှောက်အကျိုးကို ဖြစ်စေပါသည်။

အရှင်ဘုရား။ ရဟန်း ဟူ၍ ပြုနေကြပါ၏။ ထိုရဟန်း အဖြစ်သည် လောကီ အတတ်တို့ကဲ့သို့ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြနိုင်စွမ်းရှိပါသလော"

 www.dhammaransi.com

ဗုဒ္ဓသည်အဇာတသတ်၏ မေးလျှောက်ချက်ကို ရုတ်တရက် မဖြေဘဲ စဉ်းစားတော်မူ၏။ "မင်း၊အမတ်၊ သူဌေး၊သူကြွယ် စသောတိတ္ထိတို့၏ တပည့်သာဝက များစွာတို့ ငါ့ထံလာကုန်၏။ ထိုသူတို့ကို ကဏှပက္ခ သုက္ကပက္ခ၊ ကုသိုလ်၊ အကုသိုလ်၊ အဖြူအမဲ ခွဲခြား၍ ငါဟောအပ်ငြား သော်သည်း....

"ငါတို့ မင်းကြီးသည်တကူးတက ရှင်ကြီးဂေါတမထံ လာ၏။ ရှင်ကြီးဂေါတမကား မင်းကြီးရောက်သည့် အချိန်မှ စ၍ သမဏကောလာဟလကို ကြေးကြော်ပြီး မိမိ၏ သမဏ ကုန် ပစ္စည်းတွင်ကျယ်မှုကိုသာ အားထုတ်သည်။ ဝါဒဖြန့်သည် ဟူ၍ ကဲ့ရဲ့ကုန်၏။

တရားတော်ကို ဂရုစိုက်၍ မနာလေကုန်။ တရားစကားကို မင်းက ဟောကြားဘိ မူကား ကဲ့ရဲ့ဝံ့ကြမည် မဟုတ်ကုန်။ မင်း၏ အလိုသို့လိုက်၍ မင်း၏အကြိုက်ကို ဆောင်ကုန်၏။ ဤကား လောကဓမ္မတာ ဖြစ်ပေ၏။

ငါသည် လူအပေါင်း တို့အား တရားရည် ဝစေရန် မင်းအားသာတာဝန်ပေးအံ့။ ဤသို့စဉ်းစားတော်မူပြီးမှ အဇာတသတ်အား ဗုဒ္ဓကဤသို့မေးတော်မူ၏။

"မင်းမြတ်။ သင်သည် ယခု ငါ့ထံ တင်ပြသော
ပြဿနာရပ် များကို အခြားသမဏ ဗြာဟ္မဏ တို့အား
မေးမြန်းကြည့်ဘူးသလော။ မေးမြန်းဘူးကြောင်း သင်
မှတ်မိသလော"

ဟုမေးတော်မူ၏။

www.dhammaransi.com


"တပည့်တော်မေးမြန်းကြည့်ခဲ့ဘူးပါသည်"

ဟုအဇာတသတ်က ဖြေသောအခါ....

"သင့်မှာ ဝန်မလေးဘိမ့်ကား–သူတို့ ဖြေကြပုံကိုငါ့အား ပြောပြစမ်းပါဦး"ဟုဗုဒ္ဓကဆို၏၊ အဇာတသတ်ကလျှောက်၏။

"အရှင်ဘုရား။ အရှင်ဘုရား၏ မျက်မှောက်မှာ ဖြစ်စေ၊ အရှင်ဘုရား ကဲ့သို့သော ပုဂ္ဂိုလ်တို့၏မျက်မှောက်မှာ ဖြစ်စေ ပြောပြရန် တပည့်တော် ဝန်မလေးပါဘုရား"ဟူ၍ လျှောက်သော်....

"သို့ဖြစ်လျှင် လျှောက်ဘိလော့"ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းပရိသတ်တို့သည်၎င်း၊ လူပရိသတ်တို့သည် ၎င်း အဇာတသတ်မင်းဆီသို့ အာရုံစိုက်လာကုန်လေ၏။ ဘယ်သူ ဘယ်သူတွေအား မင်းကြီးမေးဘူးလေသနည်း။

မင်းကြီးအား ထိုပုဂ္ဂိုလ်များက မည်သို့ ဖြေကြားလိုက်လေသနည်းဆိုသော အချက်အလက်များကို သိလိုသောဇော ဖြင့် အာရုံစောနေကြ ကုန်၏။ ထိုအခိုက် အဇာတသတ် က လျှောက်လိုက်လေပြီတည်း။

"အရှင်ဘုရား။ အခါတပါးတွင် တပည့်တော် ပူရဏကဿပထံ ချဉ်းကပ်၍ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်မျိုးကိုမေးကြည့်ပါသည်။ သူ၏ 'အကိရိယဝါဒ' ကိုသာ ဖော်လှတ်လိုက်ပါ၏။ တဖန်မက္ခလိဂေါသာလ ထံချဉ်းကပ်ပြီး ထိုပြဿနာကိုပင် တပည့်တော် တင်ပြ ပါသည်။

www.dhammaransi.com



သို့သော်လည်း အချီးအနှီးသာ ဖြစ်ခဲ့ပါသည်။ အမေး တခြား၊ အဖြေတခြား။ သူ၏ "သံသရာမှ စင်ကြယ်ရေးတရား" ကိုသာ တပည့်တော်အား ဟော လွှတ်လိုက်ပါသည်။

အဇိတကေသကမ္ဗလထံ ချဉ်းကပ်ပြန်သော်လည်းတပည့် တော်လိုချင်သောအဖြေကိုမရပါ။ သူ၏"ပြတ်စဲဝါဒ" ကိုသာတပည့်အားဟောလွှတ်လိုက်ပါသည်။ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး(သာမညဖလ)ကိုဖြေနိုင် ဆိုနိုင်သူကို မတွေ့ပါ။

ထိုမှတပါး ပကုဓကစ္စာယနနှင့် နိဂဏ္ဌနာဋပုတ် တို့ ကိုလည်းတပည့်တော်မေးလျှောက်ကြည့်ခဲ့ဘူး ပါသည်။ တပည့်တော် လိုချင်သော အဖြေကိုမရပါ။ အမေး တခြား အဖြေတခြား။ ခုတ်ရာတခြား၊ ရှရာတခြား သာဖြစ်နေပါသည်။ "ယုန်တောင်ပြေး၊ ခွေးမြောက် လိုက်"သည်နှင့်သာ တူနေပါသည်။

အရှင်ဘုရားပူရဏကဿပ စသောတိတ္ထိကြီး ခြောက် ယောက်တို့၏ ဟောပြောချက်ကို တပည့်တော်မနှစ်သက် ပါ။ပယ်လည်း မပယ်ပါ။ နှလုံးစိတ်ဝမ်း မချမ်းမြေ့ သော်လည်း မချမ်းမြေ့ကြောင်းကို အငွေ့အသက်မျှ မထွက်စေဘဲ တပည့်တော်ပြန်ခဲ့ပါသည်။

အရှင်ဘုရား သဲကိုဆီညှစ်၍ မရ သကဲ့သို့ တိတ္ထိ တို့၏အယူဝါဒ၌ အနှစ်သာရကို ရှာ၍ မရသောကြောင့် အရှင်ဘုရားအား မေးလျှောက်ခြင်းဖြစ်ပါသည်။

www.dhammaransi.com


ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးကား အဘယ်နည်း။ ထိုကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးကို ပြခြင်းငှာ အရှင် ဘုရား တတ်နိုင် ပါ၏လား ဘုရား''

ဤသို့ မေးလျှောက်ပြီးသည့် အဆုံးတွင် ကြားနာရသူတို့၏ အာရုံသည် ဗုဒ္ဓဆီသို့ ရောက်ကုန် လေ၏။

## ရဟန်းဖြစ်ရခြင်းအကျိုး (၁)

ထိုအခါ ဘုရား သခင်သည် ပြုံးတော်မူ၍ ''မျက်မှောက် သိမြင်ရသော ရဟန်းဖြစ်ကျိုး''ကို သိလွယ် ထင်လွယ် မြင်လွယ် စေမည့်သောငှါ အဇာတသတ်မင်းအား ဤသို့ မြွက်ကြားတော်မူသတည်း။

''မင်းမြတ် သင်သိလိုသော မေးခွန်းကို ဖြေဆိုရန် ငါ့အား ဝန်မလေး။ ပြေလည်အောင် ငါဖြေနိုင်ပေ၏။ ဤမေးခွန်းကို မဖြေမီသင့်ကို ငါတခု မေးဦးအံ့။ သင် နှစ်သက်သလို လွတ်လပ်စွာ ဖြေနိုင်ပေ၏။ ငါမေးအပ်သော မေးခွန်းသည် သင်မေးသော မေးခွန်း အတွက် အဖြေဖြစ်ကောင်းဖြစ်နိုင်စရာ ရှိပေသည်။ လွတ်လပ်စွာ ဖြေဘိလော့''

www.dhammaransi.com



"ကောင်းပါပြီ ဘုရား။ တပည့်တော် ဖြေပါအံ့။ မေးတော်မူလိုရာကို မေးတော်မူပါဘုရား" ဟူ၍ လျှောက်၏။

တန်ဆောင်မုန်းလပြည့်နေ့ည၏ လရောင်သည် ကြည်လင်စွာ သာနေ၏။ အေးမြသော ရောင်ခြည်ဖြင့် ကမ္ဘာလောကခေတ်ကြီး ရှင်လန်းအောင် ဆွတ်ဖျန်းပေးလျက် ရှိပေ၏။ ထိုအချိန်တွင် ဗုဒ္ဓ၏ ကြည်လင်အေးမြလှစွာသော တရားရောင်ခြည်သည်လည်း အဇာတသတ်မင်း၏ နှလုံးစိတ်ဝမ်းကို ရှင်လန်းအောင် ဆွတ်ဖျန်းပေးလျက် ရှိနေသတည်း။

"နာလော့ မင်းမြတ် သင့်မှာ ထီးတော်မိုး၊ ဘိနပ်ထိုးက အစ သင့်စေခိုင်းချက် အရ၊ တာဝန် အဝဝကို ကြေပြွန်စွာ ဆောင်ရွက်ပေးနေသော "ကျွန်လိုမှာတယောက်" ရှိသည် ဆိုကြပါစို့။ တနေ့သောအခါတွင် ထိုကျွန်လိမ္မာသည် လူ့ဘောင်ကို ငြီးငွေ့သဖြင့် ရဟန်းပြု၍ ရဟန်းကျင့်ဝတ်၊ မချွတ်စေဘဲ ရဟန်းတို့ စောင့်ထိန်းအပ်သော သိက္ခာပုဒ်နှင့်အညီ ကိုယ်နှုတ်နှလုံး၊ သုံးပါးလုံးကို စောင့်ထိန်းလျက်နေ၏။

မင်းမြတ်။ တနေ့သောအခါတွင် သင်မင်းကြီးသည် ထိုရဟန်းနှင့် ကြုံတွေ့သည်ဆိုပါကော။ ထိုအခါ သင်မင်းကြီးသည် ထိုရဟန်းအား "ငါ့ကျွန်" ဟူ၍ ရှေးကကဲ့သို့ ခိုင်းလိုရာကို သင်ခိုင်းဦးမည်လော့။ အသို့ပါနည်း မင်းကြီး"။

ဟု မေးတော်မူ၏။ ထိုမေးခွန်းကို သွက်လက်စွာပင် အဇာတသတ်မင်း ဖြေ၏။

www.dhammaransi.com



"ထိုရဟန်းအား "ကျွန်"ဟူ၍ ရှေးကကဲ့သို့ မခိုင်းအပ် မခိုင်းသင့်တော့ပါဘုရား။ မခိုင်းအပ်တော့သည့်အပြင် တပည့်တော်တို့ကပင် ထိုရဟန်းအား ရှိလည်း ခိုးကုန်ရာပါသည်။ ခရီးဦးလည်း ကြိုဆိုကုန်ရာပါသည်။ နေရာထိုင်ခင်းကိုလည်း ခင်းပေးကုန်ရာပါသည်။ ကျောင်း သင်္ကန်း ဆွမ်း ဆေး၊ လေးပါးသော ပစ္စည်းတို့ဖြင့်လည်း ပင့်ဘိတ်ကုန်ရာပါသည်။ တရားနှင့် လျော်ကန်သော စောင့်ရှောက်မှု ကာကွယ်မှုကိုလည်း စီမံပေးရာပါသည် ဘုရား"

"မင်းမြတ်။ အဘယ့်ကြောင့်ပါနည်း"

"ရဟန်း ဖြစ်သောကြောင့်ပါ ဘုရား"

"မင်းမြတ်။ ယင်းသို့ ဖြစ်ဘိသော် မျက်မှောက်ထင်ထင်၊ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ရကျိုးသည် ရှိသလော၊ မရှိသလော"

"ရှိပါသည်။ ကောန်အမှန်ပင် ရဟန်းဖြစ်ရာကျိုး ရှိပါသည် ဘုရား"

"မင်းမြတ်။ ဤသည်ကား သင့်အား ငါရှေးဦးစွာ ပြအပ်သော မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ရခြင်း၏ အကျိုးပင်တည်း" ဟူ၍ မိန့်တော်မူသောအခါ အဇာတသတ်မင်းသည် ဦးခေါင်းတညိတ်ညိတ်နှင့် နှလုံးပီတိ ဂွမ်းဆီထိသကဲ့သို့ ရွှန်းရွှန်းအိ ဖြစ်လာလေ၏။ "ရဟန်းဖြစ်ရကျိုးနှင့် ပတ်သက်၍ အခြားအကြောင်းများ ရှိကလည်း

www.dhammaransi.com



ပြုတော်မူပါဦးဘုရား'' ဟူ၍ ပန်ကြားလေ၏။ ထိုအခါ ရဟန်းဖြစ်ရကျိုး၏ ဒုတိယ အချက်ကို ဤသို့ မြွက်ကြားတော်မူသတည်း။

## ရဟန်းဖြစ်ရခြင်း၏ အကျိုး (၂)

''မင်းမြတ် နာလော့။ ''လူတို့သနင်း၊ ပြည့်ရှင်မင်း'' ဆို၏။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူတို့သည် မင်းအား အခွန်ကို ထမ်းဆောင်ကြရကုန်၏။

မင်းမြတ်။ သင်သည် ပြည်ပိုင်ရှင် မင်းဖြစ်ပေ၏။ သင့်အား အခွန်ပေးဆောင်နေသူတယောက်သည် ရဟန်းပြု၍ သာသနာ့ဘောင်သို့ ရောက်သွားသည် ဆိုပါတော့။ ထိုရဟန်းအား ''ငါ့အခွန်ထမ်း''ဟူ၍ ရှေးကကဲ့သို့ သင် အခွန်ကောက်ခံမည်လော့ အသို့ပါနည်း မင်းမြတ်''။

''ထိုရဟန်းအား အခွန် မတောင်းအပ်တော့ပါ ဘုရား။ မတောင်းအပ်ရုံသာမက။ ကျောင်း သင်္ကန်း ဆွမ်း ဆေးကအစ လိုအပ်သော အကူအညီများဖြင့် စောင့်ရှောက် ပူဇော်ရပါဦးမည်ဘုရား''

''အဘယ့်ကြောင့် ပါနည်း မင်းမြတ်''

''ရဟန်းဖြစ်သောကြောင့်ပါ ဘုရား''

www.dhammaransi.com



"မင်းမြတ်။ သို့ဖြစ်ဘိသော် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ရခြင်းအကျိုးသည် ရှိသလော၊ မရှိသလော"

"ရှိပါသည်။ ကေန်ရှိကြောင်းပါ ဘုရား"

"မင်းမြတ်။ ဤသည်ကား သင့်အား ငါ ဒုတိယပြအပ်သော ရဟန်းဖြစ်ရခြင်း၏ အကျိုးဖြစ်ပေ၏"

ဟု မိန့်တော်မူလျှင် အဇာတသတ်မင်းသည် လွန်စွာနှစ်သက်သည့် အမူအရာဖြင့် လက်အုပ်ချီကာ ဦးခေါင်း တညိတ်ညိတ်နှင့် ရှိနေလေ၏။

ထိုနောက် အဇာတသတ်မင်းသည်....

"ထိုရဟန်းဖြစ်ကျိုးထက် သာ၍ နှစ်သက်ဘွယ် မြတ်နိုးဘွယ်ကောင်းသော ဖြစ်ရပ်များရှိပါသေးက ပြတော်မူပါဦးဘုရား"

ဟူ၍ ပန်ကြားလေ၏။

## "သာ၍မွန်မြတ်သော ရဟန်းဖြစ်ကျိုး"

မင်းမြတ်။ လောက၌ ဗုဒ္ဓဟူ၍ ပွင့်လာ၏။ ထိုဗုဒ္ဓသည် မိမိ၏ စင်ကြယ်မွန်မြတ်လှစွာသော အကျင့်တရားကို ဖြဟွာလူနတ် အရပ်ရပ်သော သတ္တဝါတို့အား ဟောကြား၏။ မသိလျှင်သိအောင်၊ မမြင်လျှင် မြင်အောင်၊ မထင်လျှင် ထင်အောင် ပြတော်မူ၏။ သူ၏ တရားတော်ကို သူဌေးလည်းနာ၏၊ သူဌေး

www.dhammaransi.com



သွားလည်း နာ၏။ သူကြွယ်လည်း နာ၏။ သူကြွယ့်သားလည်း နာ၏။ ထိုမှတပါးဇာတ်အသီးသီးရှိသူ၊ ဝါဒအသီးသီးရှိသူတို့လည်း နာကုန်၏။

ဗုဒ္ဓ၏ တရားတော်ကို ကြားနာရ၍ ဗုဒ္ဓ၌ နှစ်နှစ်ကာကာ ယုံကြည်မှု ရှိလာသူသည် ဆင်ခြင်တတ်လာ၏။

"လူ့ဘောင်၌ နေရသည်မှာ ကျပ်တည်း ကျဉ်းမြောင်းလှ၏။ ကိလေသာဖုံတွေ မြူမှုံတွေ တထောင်းထောင်းထနေ၏။ ရဟန်းအဖြစ်သည် လွင်ပြင်ကြီးနှင့် တူ၏။ ကျယ်ပြန့်၏။ လူ့ဘောင်၌ နေသူသည် ဤမြတ်သော အကျင့်ကို စင်စစ်ပြည့်စုံအောင် ကျင့်ရန် မလွယ်ပါတကား။ ငါရဟန်းပြုရသော် ကောင်းလေစွ"

ဤသို့ ဆင်ခြင်ပြီးလျှင် ထိုသူသည် ရဟန်းပြုပြီးသော် သီလကို စောင့်ထိန်းလျက် နေ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ အနည်းငယ်သော အပြစ်၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏။ ကောင်းသော ကာယကံ၊ ဝစီကံနှင့် ပြည့်စုံစွာ စင်ကြယ်သော အသက်မွေးခြင်း ရှိ၏။ ဣန္ဒြေစောင့်စည်း၏။ အတိုင်းအရှည်ကို သိ၏။ သတိသမ္ပဇဉ်၊ ဉာဏ်အမြင်နှင့် ပြည့်စုံ၏။ ရောင့်ရဲလွယ်၏။ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်၏။

မင်းမြတ်၏။ ထိုရဟန်းသည် (၁) ရာထူးဂုဏ်သိန်၊ ဉစ္စာစည်းစိမ်စသည်ကို မက်မောခြင်း အဘိဇ္ဈာမှ ကင်း၏။ အဘိဇ္ဈာ

www.dhammaransi.com



ကင်းကင်းရှင်းရှင်း၊ သူတပါးအား ပျက်စီးစေလိုခြင်း၊ ဒေါသမှ ကင်း၏။ သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ရှေးရှုကာသာ နေ၏။ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓမှကင်း၏။

သတိလျှင်လျှင်နှင့် အလင်းရောင်ကို မျက်မှောက်ပြုလျက် နေ၏။ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တဖန်ပူပန်းခြင်း ကုက္ကုစ္စမှကင်း၏။ ငြိမ်သက်သောစိတ် မပျံ့လွင့်သောစိတ်ဖြင့် နေ၏။ ယုံမှားခြင်း ဝိစိကိစ္ဆာမှ ကင်း၏။ ကုသိုလ်တရားတို့၌ သို့လော သို့လော တွေးတော ယုံမှားခြင်း မရှိသည်ဖြစ်၍ နေ၏။

ဤသည်လည်း ရဟန်းဖြစ်ရကျိုး ဖြစ်ပေသည်။

မင်းမြတ်။ အဘိဇ္ဈာ ဗျာပါဒ စသော ဤတရား ငါးပါး၏ ကြီးပွားတိုးတက်မှု "တက်လမ်း"ကို ဆို့ပိတ် ဟန့်တားတတ်သောကြောင့် "နီဝရဏ"ဟု ခေါ်ပေသည်။

နီဝရဏ ကင်းသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းဖြစ်၏။ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်ခြင်း ပီတိဖြစ်၏။ နှစ်သိမ့်စိတ် ရှိသော ရဟန်း၏ကိုယ်သည် ငြိမ်း၏။ ငြိမ်းသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစား၏။ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏၊ သမာဓိရ၏။

ထိုအခါ နီဝရဏကင်းသော ထိုရဟန်း၏ တကိုယ်လုံး၌ နှစ်သိမ့်ခြင်း ပီတိတွေ စိုနေ၏။ ချမ်းသာခြင်းသုခတွေ ရွှဲလာ၏။ တကိုယ်လုံးသည် ပီတိသုခတွေ၊ ရွှဲရွှဲစိုနေ၏။ တကိုယ်လုံး၌ ပီတိသုခတွေ ပျံ့နေ၏။နှံ့နေ၏။ ပီတိသုခမှကင်းသော နေရာဟူ၍

www.dhammaransi.com



လုံးဝမရှိဖြစ်၏။ အဘယ်မျှ နှစ်သက်ဘွယ် ကောင်းသနည်း၊ အဘယ်မျှ မွန်မြတ်သနည်း။

မင်းမြတ်။ စဉ်းစားလော့။ ဤရဟန်း၏ အဖြစ်သည် ရှေးရှေးသော ရဟန်းဖြစ်ကျိုးတို့ထက် သာလွန်ပိုကဲ၍ မွန်မြတ်သော ရဟန်းဖြစ်ရကျိုး မဟုတ်ပါလော။

## ဝိပဿနာဉာဏ် (၁)

"မင်းမြတ် နာဦးလော့။ စိတ်မှုစင် ပျံ့လွင့်ခြင်းမရှိ၊ သမာဓိ ရလာသော ထိုရဟန်း၌ ဝိပဿနာ ဉာဏ်ဖြစ်လာ၏။ ဝိပဿနာဉာဏ်ဖြင့် မိမိကိုယ်ကို ဤသို့ဆင်ခြင်၏။

"ငါ၏ကိုယ်ကားရုပ်ရှိ၏။မဟာဘုတ်လေးပါးဖွဲ့စည်းထားသော အစိုင်အခဲကြီးဖြစ်၏။မိဘတို့မှ ဖွား၏။အစာဖြင့် ကြီးပွား၏။ မမြဲခြင်း သဘော ရှိ၏။ ငါ၏ ဤဝိညာဉ် သည်လည်း ဤကိုယ်၌ မှီတွယ်၏။ ဤကိုယ်၌ စပ်၏။

ဤသို့ သိလာ၏။မင်းမြတ် ဤရဟန်း အဖြစ်သည် ရှေးရှေးသော ရဟန်း ဖြစ်ကျိုးတို့ထက် သာလွန်ပိုကဲ၍ မွန်မြတ်သော ရဟန်းဖြစ်ကျိုး ပေတည်း။

## မနောမယိဒ္ဓိဉာဏ် (၂)

မင်းမြတ် နာဦးလော့။ အပြစ်ကင်းစင်၍ ပျံ့လွင့်ခြင်း မရှိ။ သမာဓိရသည်ရှိသော် ထိုရဟန်းသည် စိတ်ဖြင့်ပြီးသော ကိုယ်ကို

www.dhammaransi.com



ဖန်ဆင်းခြင်းငှာ စိတ်ကို ရှေးရှုဆောင်၏။ ညွှတ်စေ၏။ မိမိ၏ ကိုယ်မှ တပါးသော ခြေလက် အင်္ဂါကြီးငယ်စုံ ကိုယ်ပွားကို ဖန်ဆင်း၏။

မင်းမြတ် ဤအရာတွင် ဥပမာ သော်ကား လူတယောက်သည် ဓားကို ဓားအိမ်မှ ဆွဲထုတ် လိုက်သည် ဆိုကြပါစို့။ ထိုသူသည် ဓားထုတ်ပြီးသော အခါ ဤကားဓား၊ ဤကား ဓားအိမ်ဟူ၍ ဓားမှန်း ဓားအိမ်မှန်းကို ခွဲခွဲခြားခြား သိလေ၏။

ထိုအတူပင် ရဟန်းသည်သည်း စိတ်ဖြင့် ပြီးသော ကိုယ်ပွားကိုဖန်ဆင်းသောအခါ ဤကားမူလပကတိကိုယ်ဤကား ဖန်ဆင်းထားသော ကိုယ်ပွားဟူ၍ ခွဲခွဲခြားခြား သိလေ၏။

မင်းမြတ် ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုးတို့ထက် သာလွန်ပိုကဲ၍ မွန်မြတ်သော ရဟန်းဖြစ်မျိုး ပေတည်း။

## ဣဒ္ဓိဝိဓဉာဏ် (၃)

မင်းမြတ် နာဦးလော့ အပြစ် ကင်းစင်၍ ပျံ့လွင့်ခြင်းမရှိ။ သမာဓိရနေသည်ရှိသော် ထိုရဟန်းသည် "ငါတန်ခိုး ဖန်ဆင်းမည်"ဟု စိတ်ကို ရှေးရှုဆောင်၏။ ညွှတ်စေ၏။

ထိုအခါ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွား၏။ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏။ ကိုယ်ကို ထင်ရှားပြလိုက်၊ ပျောက်လိုက်၊ ကွယ်လိုက် ဖြစ်စေ

www.dhammaransi.com



၏။ မြေပြင်လျှိုးမိုးပျံ၏။ မြေ၌လည်း မြေ၌ကဲ့သို့သွား၏။ ကောင်းကင်ထဲ၌လည်း ငှက်သဖွယ် ဝဲပြ၏။ နေလတို့ကို သော်မှပင် လက်ထဲဆုပ်၍ပြ၏။

မင်းမြတ်။ ဤဣဒ္ဓိဝိဇ္ဇာဉာဏ် အရာတွင် ဥပမာသော်ကား ပန်းတိမ်အတတ်ကို ကောင်းစွာတတ်ကျွမ်းထားသော ပန်းတိမ်ဆရာသည် ရွှေကို အလိုရှိသလို ချယ်လှယ်နိုင်၏။

ပုတီး နားတောင်း လက်ကောက် စသည် ပြုလိုရာကိုပြုနိုင်၏။ ထို့အတူပင် ထိုရဟန်းသည်လည်း မိမိအလိုရှိရာကို ဖန်ဆင်းနိုင်သတည်း။

မင်းမြတ်။ ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုးတို့ထက် သာလွန် ပိုကဲ၍ မြတ်သော ရဟန်းဖြစ်ကျိုးပေတည်း။

## ဒိဗ္ဗသောတဉာဏ် (၄)

မင်းမြတ်။ နားဦးလော့။ အညစ်အကြေးကင်းစင်၍ ပျံ့လွင့်ခြင်းမရှိ၊ သမာဓိရနေသည်ရှိသော် ထိုရဟန်းသည် နတ်တို့၏ နားနှင့်တူသော ''ဒိဗ္ဗသောတဉာဏ်''ဖြင့် ငါနားစွင့်အံ့၊ စိတ်ကို ရှေးရှု ဆောင်၏။ ညွတ်စေ၏။

ထိုအခါ လူသံ နတ်သံ ဤနှစ်တန်ကို နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ပြတ်သားစွာ ကြား၏။

www.dhammaransi.com


မင်းမြတ်။ ဤဒိဗ္ဗသောတ ဉာဏ်အရာတွင် ဥပမာသော်ကား လူတယောက်သည် ခရီးသွားနေသည် ဆိုကြပါစို့။

ထိုသူသည် ခရီးသွားနေရင်းမှ ဗုံတီးသံကြားရ၏။ နှဲမှုတ်သံကြား၏။ ပုလွေမှုတ်သံကြား၏။ ဗျောတီးသံကြား၏။ ထိုသူသည် မိမိကြားရသော အသံများကို ဤကား ဗုံသံ။ ဤကား နှဲသံ။ ဤကား ပုလွေသံ။ ဤကားဗျောသံ ဟူ၍ ခွဲခွဲခြားခြားသိ၏။

ထိုအတူပင် ထိုရဟန်းသည် ဒိဗ္ဗသောတဉာဏ်ဖြင့် နားထောင်လျှင် ဤအသံကား လူသံ၊ လူတို့ပြောနေသောစကား ဟူ၍ ၎င်း။ ဤအသံကား နတ်သံ၊ နတ်တို့ ပြောဆိုနေသောစကား ဟူ၍၎င်း ဤနှစ်မျိုးသော အသံတို့ကို ခွဲခွဲခြားခြားသိလေ၏။

မင်းမြတ်။ ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုးတို့ထက် သာလွန် ပိုကဲ မွန်မြတ်သော ရဟန်းဖြစ်ကျိုးပေတည်း။

## စေတော ပရိယဉာဏ် (၅)

မင်းမြတ်။ နာဦးလော့။ အညစ်အကြေးကင်းစင်၍ ပျံ့လွင့်ခြင်းမရှိ၊ သမာဓိ ရနေသော် ထိုရဟန်းသည် "သူတပါးတို့၏ စိတ်အကြံကို ငါသိအောင် ပြုအံ့" ဟူ၍ စိတ်ကို ရှေးရှုဆောင်၏။ ညွတ်စေ၏။ ထိုအခါ သူတပါး၏ စိတ်အလိုဆန္ဒကို မိမိစိတ်ဖြင့် သိလာ၏။ ဤသူမှာ တဏှာရာဂစိတ် ဖြစ်နေသည် ဟူ၍၎င်း။ ဤသူမှာ လောဘရမ္မက်စိတ် ပြင်းထန်နေသည်

www.dhammaransi.com



ဟူ၍၎င်း။ ဤသူမှာ ကုသိုလ်ကောင်းမှုစိတ် ဖြစ်ပွားသည် ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် သူတပါး၌ ဖြစ်နေသော ဆန္ဒစိတ်ကို သိ၏။

မင်းမြတ်။ ဤ စေတောပရိယဉာဏ် အရာတွင် ဥပမာသော်ကား ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မှန်ကြည့်သည် ရှိသော် ကြည့်သူ၏ မျက်နှာတွင် မှဲ့ပါလျှင် မှဲ့ကို မြင်၏။ ပါးကွက် ရိုက်ထားလျှင် ရိုက်ထားတိုင်းသော ပါးကွက်ကို မြင်၏။ မည်သည့်အရာပင်ဖြစ်စေ မျက်နှာ၌ ရှိသမျှကို အကုန် မြင်၏။

မင်းမြတ်။ ဤအတူပင် ထိုရဟန်းသည်သူတပါး၏သန္တာန် ဖြစ်ရှိနေသောစိတ်ဆန္ဒအားလုံးကို အကုန်သိ၏။ ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုး တို့ထက် သာလွန်ပိုကဲ၍ မြတ်သော ရဟန်းဖြစ်ကျိုးပေတည်း။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၆)

မင်းမြတ်။ နာဦးလော့။ အညစ်အကြေးကင်းစင်၍ ပျံ့လွင့်ခြင်းမရှိ၊ သမာဓိ ရလတ်သော် ထိုရဟန်းသည် "ငါ ရှေးဘဝများတွင်ဘာ ဖြစ်ခဲ့သည်ကိုကြည့်အံ့" ဟူ၍စိတ်ကို ရှေးရှုဆောင်၏။ ညွတ်စေ၏။ ထိုအခါ တဘဝ၊ နှစ်ဘဝမှစ၍ ဘဝများစွာကို၎င်း။ မည်သည့်ဘဝတွင် မည်သည့် အရပ်၌ မည်သို့

www.dhammaransi.com


ဖြစ်ခဲ့သည်ဟူ၍၎င်း၊ ထိုဘဝမှ စုတေသောအခါတွင် မည်သည့်ဘဝသစ်တွင် ဖြစ်ခဲ့ပြန်သည်ဟူ၍၎င်းအကြွင်းမဲ့ သိ၏။

မင်းမြတ်။ ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်အရာတွင် ဥပမာသော်ကား-လူတယောက်သည် ရွာစဉ်လျှောက်၍ ခရီးသွားသည်ဆိုကြပါစို့။ ထိုသူသည် ဤရွာမှ ထိုရွာသို့ ငါရောက်ခဲ့သည်။ ထိုရွာမှတဖန် မည်သည့်ရွာသို့ ရောက်ခဲ့သည်။ ထိုမှအပြန် မည်သည့်ရွာသို့ဝင်ခဲ့ပြီး။ ထိုရွာမှတောက်လျှောက် အိမ်ပြန်ခဲ့သည်ဟူ၍ မိမိသွားခဲ့၊ ရောက်ခဲ့သော ခရီးစဉ်ကို အကုန်သိသကဲ့သို့၊ ဤအတူပင် ထိုရဟန်းသည် အတိတ်က ဖြစ်ခဲ့ဘူးသော ဘဝများ တို့ကို နေရပ် အမျိုးအနွယ် အမည်နာမနှင့် အကုန်သိ၏။

မင်းမြတ်။ ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုးတို့ထက်သာလွန်ပိုကဲ၍ မြတ်သော ရဟန်းဖြစ်ကျိုး ပေတည်း။

## စုတူပပါတဉာဏ်(၇)

မင်းမြတ် - နားဦးလော့။ အညစ်အကြေး ကင်းစင်၍ ပျံ့လွင့်ခြင်းမရှိ။ သမာဓိရနေသည်ရှိလတ်သော် ထိုရဟန်းသည် သတ္တဝါတို့ သေခြင်းတရားဖြစ်ပုံကို ငါသိအောင်ပြုအံ့” ဟူ၍ စိတ်ကိုရှေးရှုဆောင်၏၊ ညွတ်စေ၏။

ထိုအခါရဟန်းသည်ဒိဗ္ဗစက္ခုဉာဏ်ဖြင့်သေဆဲသတ္တဝါ၊ဖြစ်ဆဲသတ္တဝါ၊ ယုတ်သော သတ္တဝါ၊ မြတ်သောသတ္တဝါ၊ ရုပ်ချော

www.dhammaransi.com



သောသတ္တဝါ၊ အကျည်းတန်သော သတ္တဝါ တို့ကို မြင်၏။ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

မင်းမြတ်။ ဤစုတူပပါတဉာဏ်အရာ၌ ဥပမာ သော်ကား လမ်းမကြီး၏ အလယ်ခေါင်တွင် ပြာသာဒ်ကြီးတခုရှိသည် ဆိုကြပါစို့။

လူတယောက်သည် ထိုပြာသာဒ်ကြီး ပေါ်မှနေ၍ အရပ်ထက်ဝန်းကျင်ကို ကြည့်လေသော အခါ၊ သွားနေသူများကိုရင်း၊ အိမ်ထဲဝင်သူ၊ အိမ်ထဲမှ ထွက်လာသူများကိုရင်း၊ လမ်းထဲချိုးဝင်သွားသူ၊ လမ်းထဲမှ ထွက်လာသူများ ကိုရင်း အမှန်အတိုင်း မြင်၏။

မင်းမြတ်။ ဤအတူပင် ထိုရဟန်းသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲ သေလတ္တံ့၊ ဖြစ်ဆဲ ဖြစ်လတ္တံ့သော သတ္တဝါတို့ကို ရုပ်အဆင်း၊ ပုံသဏ္ဍာန်များနှင့် တကွ အကုန်မြင်၏။ မင်းမြတ် ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုးတို့ထက် သာလွန်ပိုကဲသော ရဟန်း၏ ဖြစ်ကျိုးပေတည်း။

## အာသဝက္ခယဉာဏ် (၈)

မင်းမြတ်နာဦးလော့။ အညစ်အကြေး ကင်းစင်၍ ပျံ့လွင့်ခြင်းမရှိ။ သမာဓိရနေသည် ရှိလတ်သော် ထိုရဟန်းသည် အာသဝေါကုန်ခန်း၍ အေးချမ်းရန်အလို့ငှာ စိတ်ကို ရှေးရှုရဆောင်၏။ ညွတ်စေ၏။

www.dhammaransi.com



ထိုအခါ ဆင်းရဲကို ဆင်းရဲဟူ၍ အမှန်အတိုင်း သိလာ၏။ ဆင်းရဲဖြစ်ခြင်း၏ အကြောင်းလောင်စာကို ဆင်းရဲကြောင်း ဟူ၍ ၎င်း။ ဆင်းရဲချုပ်ငြိမ်းရာကို ချုပ်ငြိမ်းရာ ဟူ၍ ၎င်း၊ ဆင်းရဲ ချုပ်ငြိမ်းရာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့် ဟူ၍၎င်း အမှန်အတိုင်း သိလာ၏။

ဤကား အာသဝ။ ဤကား အာသဝ ဖြစ် ကြောင်း။ ဤကားအာသဝ ချုပ်ငြိမ်းရာ။ ဤကား အာသဝချုပ်ငြိမ်း ကြောင်းအကျင့် ဟူ၍ အမှန်အတိုင်း သိလာ၏။

ဤသို့သိသော ထိုရဟန်း၏ အသိစိတ်သည် ကာမာသဝမှ လည်း လွတ်မြောက်၏။ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့ မှလည်း လွတ်မြောက်၏။ လွတ်မြောက်ပြီး လတ်သော် ''လွတ်မြောက် ပြီ''ဟုအသိဉာဏ်ဖြစ်ပေ၏။ ငါ့မှာ ပဋိသန္ဓေနေရမှုကုန်ပြီ။ မရှိတော့ပြီ။ မြတ်သောအကျင့်ကို ငါကျင့်သုံးပြီးပြီ။ မဂ်ကိစ္စကို ငါပြုပြီးပြီ။ မဂ်ကိစ္စအတွက် ဆောင်ရွက်ပြုလုပ်ဘွယ်ဆို၍ ငါ့မှာ ဘာမျှမရှိတော့ပြီ....ဟုသိ၏။

မင်းမြတ်။ ဤအာသဝက္ခယ ဉာဏ်အရာ၌ ဥပမာသော်ကား ညွှန့်ရွှံ့နှစ်များ ကင်းစင်၍ ကြည်လင်သော ရေအိုင်ရှိသည် ဆိုကြပါစို့။

မျက်စိအမြင် ရှိသော ယောကျ်ားသည် ထိုရေအိုင် ကမ်းစပ်၌ ရပ်လျက် ကြည့်လေသောအခါ ရေထဲတွင် သွားလာလှုပ်ရှားနေကြသော ငါး–လိပ်–မကန်း–မိချောင်း စသော

www.dhammaransi.com



ရေသတ္တဝါတို့ကိုရှင်း၊ ကျောက်ဆောင်၊ ကျောက်ခဲ၊ ရေ
ကျောက်ပန်း စသည်တို့ကိုရှင်းမြင်၏။

မင်းမြတ်။ ဤအတူပင် ထိုရဟန်းသည် ဆင်းရဲကိုရှင်း၊ ဆင်းရဲဖြစ်အောင် မီးမွေးပေးနေသော လောင်စာများကိုရှင်း၊ ဆင်းရဲ ချုပ်ငြိမ်းရာနှင့် ချုပ်ငြိမ်းကြောင်း အကျင့် စသည်တို့ကိုရှင်း အကုန်သိ၏။

မင်းမြတ်၏။ ဤသည်လည်း ရှေးရှေးသော ရဟန်းဖြစ်ကျိုးထက်သာ၍ ပိုကဲမွန်မြတ်သော ရဟန်းဖြစ်ကျိုး ပေတည်း။ မင်းကြီး။ ဤနောက်ဆုံး ဖြစ်သော မျက်မှောက် ဘဝမှာပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးထက်သာ၍ ပိုကဲမွန်မြတ်သော ရဟန်းဖြစ်ကျိုးမည်သည်ကား မရှိတော့ပြီ" ဟု ဟော တော်မူ၏။

ညစ်မျိုး ငါးဝ ကင်းစင်သည် ဖြစ်၍ ကြည်လင်သော ကောင်းကင်ပြင်ကြီးပေါ်မှ သော်တာလ၏ ရောင်ခြည်ရိပ်သည် အမွှဝန်ကျောင်းတိုက်ကြီး၏ ထိပ်ပေါ်မှ နေ၍ ဗုဒ္ဓဟောကြား နေသော "သာမညဖလ" ရဟန်းဖြစ်ကျိုးတရားတော်ကိုကြား နာနေသကဲ့သို့ ရှိနေ၏။ တရားတော် ပြီးဆုံး၍ နိဂုံးချုပ်လိုက် သောအခါ အဇာတသတ်မင်းသည် လက်အုပ်ချီလျက် ဤသို့ လျှောက်ထား လေသတည်း။

"အရှင်ဘုရား။ အရှင်ဘုရား ဟောကြားတော်မူ အပ်သော တရားတော်သည် အလွန် နှစ်သက် ဘွယ်

www.dhammaransi.com



ရှိပေသည်။ တပည့်တော်မှာ ထုတ်ဖော်၍မပြနိုင်အောင် ဝမ်းမြောက်ခြင်း ဖြစ်ရပါတော့သည်။ အရှင်ဘုရား ဥပမာအားဖြင့် တပည့်တော်ဥာဏ်မှီသမျှ လျှောက်ထားရပါသော် မှောက်ထားသော အိုးကို လှန်ဘိသည် နှင့် တူလှပါတော့သည်။ ကွေးထားအပ်သော လက်ရုံးကို ဆန့်၍ ပြသည်နှင့် တူလှပါတော့သည်။ မျက်စိလည်၍ လမ်းမှားနေသူကို လမ်းမှန်ရောက်အောင် ပြပေးသည်နှင့် တူလှ ပါတော့သည် ဘုရား။ များ စွာ သော အကြောင်းတို့ဖြင့် တရားတော်ကိုနားလည်အောင်ပြပြ သွားသည်မှာ အလွန်နှစ်သက်ဘွယ် ကောင်းလှပါသည် ဘုရား။

အရှင်ဘုရား။ တပည့်တော်သည် ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ။ ဤရတနာ သုံးပါးတို့ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ် ပါ၏။ ယနေ့မှ စ၍ တပည်တော်အား အသက်နှင့် အမျှ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။

လျှောက်ထား ပါရစေဦး အရှင်ဘုရား။ တပည့်တော်သည် မိုမက်ခဲ့သည့် အလျောက်၊ တွေဝေခဲ့သည့် အလျောက်၊ မလိမ္မာခဲ့သည့် အလျောက်၊ အပြစ်သည် တပည့်တော်ကိုလွှမ်းမိုးလျှက်နေပါ၏။တပည့်တော်သည် တရားစောင့် သော မင်း၊ တရားသဖြင့် နိုင်ငံကို အုပ်ချုပ်တော် မူသော ကျေးဇူးရှင် ခမည်း တော်

www.dhammaransi.com



> မင်းတရားကြီးကို မင်းစည်းစိမ်ကို ရယူလိုသော ရမ္မက်ဇောကြောင့် သတ်ခဲ့မိပါ၏။ တပည့်တော် မိုက်မှားကျူးလွန်ခဲ့သော အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံတော်မူပါ ဘုရား’’

ဟူ၍ ဤသို့ လျှောက်သည်ရှိသော် ဇီဝကနှင့် တကွ မင်းမောင်းမခြွေရံပရိသတ်တို့သည်ဝမ်းထဲမှကြိတ်၍သာငို ခေါ်မိကြကုန်လေ၏။

ထိုအခါ သမ္မာသမ္ဗုဒ္ဓ၊ အတုလဥသျှောင်၊ ငါးမာရ်အောင်မြင်တော်မူသော ဘုရားသခင်က အဇာတသတ် မင်းအား မြွက်ကြားတော် မူလေသည်ကား....

> ‘‘မင်းမြတ်။ သင်ပန်ကြားပေသောအတိုင်း သင်၏ အပြစ်ကို အပြစ်ဟုငါတို့ လက်ခံပေကုန်၏။ မင်းမြတ်။ အကြင် သူသည် အပြစ်ကို ‘‘အပြစ်ဟု မြင်၍’’ အကြောင်းအားလျော်စွာကုစား၏။ နောင်အခါ စောင့်စည်း၏။ ထိုသူ၏ ကုစားခြင်း၊ စောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင်တည်း’’

ဟု မိန့်တော်မူ၏။ အဇာတသတ် မင်းသည် ကောင်းကင်ဝက ဖိုးလမင်းကြီးကို ကြည့်လိုက် ပြီးနောက်။ မြတ်ဘုရားကို လက်ကုပ်ချီလျက်....

‘‘အရှင်ဘုရား။ တပည့်တော် တို့မှာ လူမှုကိစ္စ များစွာ ရှိပါကုန်၏။ သွားခွင့်ပြုပါဘုရား’’ ဟူ၍ လျှောက်လေသော်....

www.dhammaransi.com



"မင်းမြတ်။သင်၏ဆန္ဒအတိုင်းသွားနိုင်ပေ၏"ဟု မိန့်တော်မူ၏။

ထိုအခါ အဇာတသတ်မင်းလည်း ဘုရားသခင်ဟောကြားအပ်သော တရားတော်ကို အလွန် နှစ်သက်စွာ ခံယူ၍ ဝမ်းမြောက်စွာ ချီးကျူးပြီးနောက် နေရာမှထကာ ဘုရားသခင်ကို လက်အုပ်ချီလျက် နောက်ဆုတ် နောက်ဆုတ်နှင့် ဖယ်ခွာသွားလေ၏။

ဤသို့လျှင် အမှောင်ထုကြီးအောက် ကျရောက် နေခဲ့သော အဇာတသတ်မင်း၏ဘဝကား တန်ဆောင်မုန်း လပြည့်နေ့ညတွင် ထိန်ထိန်သာနေသော သီတဂူ ဖိုးလမင်းကြီးနှင့် အတူ သာနိုင်လာပြီဖြစ်သတည်း။ နွံနစ် ပတ္တမြားကြီး ဘွားကနဲပေါ်လာပြီဖြစ်သတည်း။

ဆင်မယာဥ်သ ငါးရာ ခြံရံလျက် အမွဝန်ကျောင်းတိုက်ကြီးမှ အဇာတသတ်မင်း ပြန်လည်ထွက်ခွာသွားလေသော အခါ အဇာတသတ်မင်းနှင့် ပတ်သက်၍ စကားကို ရဟန်းတို့အား ဘုရားသခင်က မြွက်ကြားတော်မူသည်မှာ....

"ရဟန်းတို့။ ဤမင်းသည် မိမိတည်ရာကို မိမိတူးဖြိုခဲ့၏။ မိမိကိုယ်ကို မိမိဖျက်ဆီးခဲ့၏။ ရဟန်းတို့ ဤမင်းသည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို မသတ်မိခဲ့ ပါမူ ထို မင်း အား ထို နေ ရာ ၌ပင် လျှင် ကိ လေ သာ

www.dhammaransi.com



မှုမေး အညစ်အကြေးကင်းသောတရားမျက်လုံး(သောတာပတ္တိမဂ်ဉာဏ်)သည်ဟုန်းကနဲ ပွင့်လင်းဖြစ်ပေါ်လေရာ၏''

ဟုမြွက်ကြားတော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။ ။

www.dhammaransi.com

# နိဂုံး

ဒေဝဒတ်နှင့် အဇာတသတ်သည် လူသတ်ဝါဒတည်းဟူသော ထမ်းပိုးတုံးကြီးကို တဖက်တချက် ပြိုင်တူရုန်းလာခဲ့ကြရာမှ ဒေဝဒတ်မှာ သူ၏ အကုသိုလ် ကံကြမ္မာ အလျောက်၊ မြေမျို၍ အဝီစိငရဲသို့ကျရောက်သွားရပုံ။ အဇာတသတ်မှာလည်း ယခုဘဝ၌ပင် သောတာပတ္တိမဂ်ဉာဏ်ကိုရ၍ ကျွတ်တမ်းဝင်နိုင်သော အလားအလာရှိသူဖြစ်ပါလျက် အဖကိုသတ်မှား၊ မိလေသော "ပိတုဃာတကကံကြီး" ထိုက်သဖြင့် ကျွတ်ပွဲကြီးနှင့် လွဲရရှာပုံများကို သာကထူ၊ သံဝေဂယူကြပြီးလျှင် ကောင်းမှုကောင်းကျင့်စရိုက်ဖြင့်၊ ကောင်းရာကိုလိုက်စားကာ ရတနာသုံးပါး အမြဲမပြတ် ဦးထိပ်ထားနိုင်ကြပါစေရန် ရည်သန်ပြုစုသော ဤကျမ်းစာကား ၁၃၃၉ ခု၊ တပေါင်းလပြည့်ကျော် (၁၄) ရက် ကြာသပတေးနေ့တွင် နိဂုံးကမ္ပတ်၊ အပြီးသတ် သတ်သတည်း။

www.dhammaransi.com

# စာပြီး သက္ကရာဇ်

(၁) ရှင်ဒေဝဒတ်၊ ဇာတသတ်။ ထုပ္ပတ်ရောင်မညှိုး။
(၂) လူပေါင်း မှားက၊ စောက် ထိုးကျ၊ လေး ဝ အပါယ်အိုး။
(၃) သတိ သမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၊ ဆင်ခြင်နိုင်အကျိုး။
(၄) ကျမ်းဂန်အရှိ၊နှုိင်းကာညှိ၊ ယုတ္တိတန်အောင်ကိုး။
(၅) ရည်ရွယ်သမူ၊ ဤစာပြု၊ ရတုကောဇာချိုး။
(၆) မြန်မာသက္ကရာဇ် တွက်ရေစစ်၊ တစ်သုံးသုံးနှင့်ကိုး။
(၇) ဆိုရှယ်လစ်ဘုံ၊ ခေတ်အကြုံ၊ နှစ်ကုန်လု နိုးနိုး။
(၈) ကြွေ သက္ကရာဇ်ဟောင်း၊ ရွက်သစ် လောင်း၊ တပေါင်းပြည့်ကျော်ဖြိုး။
(၉) သင်္ချာစွန်းထွက်၊ ဆယ့်လေးရက်၊ ကြွက်မင်းနေ့မှာကိုး။
(၁၀) ဤစာနိဂုံး၊ကမ္ပတ်ဖုံး၊ နှလုံးရွှင်ဖြိုးဖြိုး။

ဒဂုန်–ဦးစန်းငွေ

၁၃၃၉ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၁၉၇၈ ခု၊ ဧပြီလ–၆–ရက်)
ရန်ကုန်မြို့။

www.dhammaransi.com